ဟဇရသ် မောင်လာနာ မွဖ်သီ မိုဟမ္မဒ် ရှဖီး(အ်)

၏

ကုရ်အာန် သဖ်စီရ် (အူရ်ဒူ) ကျမ်းမှ

မအာရိဗွလ်ကုရ်အာန် မြန်မာဘာသာပြန်

အစောင် ၁၉

အာယသ်တော် ၂၅ : ၂၁ မှ ၂၇ : ၅၉ အထိ

ပြန်ဆို ရေးသား တည်းဖြတ်သူ

မောင်လာနာ မွဖ်သီ ကာရီ မိုဟမ္မဒ် ယူစွဖ် (အဆ်အဒီ)

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ

ပါရာ [၁၉]

စူရာဟ်ပုရ်ကာန်

အမှားအမှန် ခွဲခြားပေးသော ကျမ်း

၂၅ ႏ ၂၁ မှ ၂၅ ႏ ၂၂ အထိ

၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂

၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂

၂၅ ႏ ၂၃ မှ ၂၅ ႏ ၃၁ အထိ

၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၅

၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၇

၅။ မှားယွင်းသူ၊ သာသနာမဲ့သူများနှင့် အဆွေခင်ပွန်းဖွဲ့ခြင်းသည် 'ကေယာမသ်' နေ့၌ဝမ်းနည်း၊ ရှက်ကြောက်တရားရရှိခြင်း၏ အကြောင်းခံဖြစ်မည့်အကြောင်း ၉

၆။ ကုရ်အာန်ကျမ်းတော်မြတ်ကို ကျင့်ကြံဆောင်ရွက်ခြင်းမှ စွန့်လွှတ်ထားခြင်းသည်လည်း ကြီးလေးသော ပြစ်မှုဒုစရိုက်ဖြစ်ခြင်းအကြောင်း ၁၁

၂၅ ႏ ၃၂

၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၁

၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၂

၂၅ ႏ ၃၃ မှ ၂၅ ႏ ၃၆ အထိ

၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၄

၁၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၅

စဉ်	အကြောင်းအရာ	စာမျက်နှာ

၂၅ း ၃၇ မှ ၂၅ း ၄၄ အထိ

၁၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၇
၁၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၀
၁၃။ တရားတော်နှင့် ဆန့်ကျင်သော စိတ်ရိုင်းအလိုကို လိုက်ခြင်းသည်လည်း ရုပ်တု စဉ်းတုများကို ခဝပ်ကိုးကွယ်ခြင်း၏အမျိုးအစားတစ်ရပ်ဖြစ်ခြင်းအကြောင်း ၂၀

၂၅ း ၄၅ မှ ၂၅ း ၆၂ အထိ

၁၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၄
၁၅။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃၁
၁၆။ အလ္လာဟ်အသျှင်မြတ်၏ အဖန်ဆင်းခံများအတွင်း၌ အကြောင်းခံအရာများနှင့် ထိုအကြောင်းခံများ သက်ရောက်ခြင်းခံရသော အရာများကြား၌ စက်ဆုပ်မှုနှင့် ထိုအရာများအားလုံးသည် အသျှင်မြတ်၏ တန်ခိုးတော် အာဏာစက်၏ လက်အောက်ခံ၌ တည်ရှိနေကြခြင်းအကြောင်း ၃၁
၁၇။ ညဥ့်အချိန် အိပ်စက် အနားယူရန်၊ နေ့အချိန်၌ အလုပ်ပြုလုပ်ရန် သတ်မှတ်ပေးထားခြင်းသည်လည်း ကြီးကျယ်လှစွာသော အမြော်အမြင်တော်အပေါ် မူတည်နေခြင်းအကြောင်း ၃၄
၁၈။ ကုရ်အာန်ကျမ်းတော်မြတ်ဖြင့် စစ်ထိုးခြင်း (တစ်နည်း) ကုရ်အာန်ကျမ်းတော်မြတ်၏ ဖိတ်ခေါ်မှုကို ဖြန့်ဖြူးခြင်းသည်လည်း ကြီးမားသော 'ဂျီဟားဒ်' (စစ်ထိုးမှု) ဖြစ်ခြင်းအကြောင်း ၃၉
၁၉။ ကြယ်တာရာများနှင့် ဂြိုဟ်များသည် မိုးကောင်းကင်များအတွင်း၌ တည်ရှိနေပါ၏လော။ သို့မဟုတ် အပြင်ဘက်လောက၌ တည်ရှိနေပါ၏လော။ ခေတ်သစ်၊ ခေတ်ဟောင်း အာကာသရေးရာ ပညာရပ်၏ သီအိုရီများနှင့် ကုရ်အာန်ကျမ်းတော်မြတ်၏ မိန့်မြွက်ချက်များ ၄၅
၂၀။ အဖန်ဆင်းခံများ (စကြဝဠာ၊ အာကာသ၊ ကမ္ဘာလောက) ၏ အခြေခံဇစ်မြစ်အချက်များနှင့် ကုရ်အာန်ကျမ်းတော်မြတ် ၄၇
၂၁။ ကုရ်အာန်ကျမ်းတော်မြတ်အား အကျယ်ချဲ့ဖွင့်ဆိုရာ၌ ဒဿနိကဆိုင်ရာ သီအိုရီများ၏ ကိုက်ညီမှုရှိခြင်း၊ မရှိခြင်းတို့၏ မှန်ကန်သော မှတ်ကျောက် ၅၀

စဉ်	အကြောင်းအရာ	စာမျက်နှာ

၂၂။ စီစစ် သုတေသနပြုချက်များသည် လူသားများနှင့် လူ့ဘောင်အသိုင်းအဝိုင်းကို မည်သည့်အရာများ ချီးမြှင့်ထားပေသနည်း။ ၅၇

၂၅ း ၆၃ မှ ၂၅ း ၇၇ အထိ

၂၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၆၃
၂၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၇၀
၂၅။ အလ္လာဟ်အသျှင်မြတ်လက်ခံထားတော်မူသောကျေးကျွန်များ၏ထူးခြားဂုဏ်အင်အရည်အချင်း လက္ခဏာများ ၇၁
၂၆။ သာသနာ့ပညတ်ချက်များအဖို့ လေ့လာမှုသည်မလုံလောက်ဘဲ အတိတ်ခေတ်ပညာရှင်ကြီးများ၏ အဖွင့်နှင့်အညီ သိနားလည်ကာ ကျင့်ကြံရန် အရေးကြီးကြောင်း ၈၄

စူရာဟ် ရှုအရာအ်

လက်ာဆရာများ ကဏ္ဍ

၂၆ း ၁ မှ ၂၆ း ၉ အထိ

၂၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၉၁
၂၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၉၃

၂၆ း ၁၀ မှ ၂၆ း ၃၃ အထိ

၂၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၉၉
၃၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၀၃
၃၁။ အမိန့်နာခံမှုပြုရန်အတွက် ထောက်ပံ့ရေးအကြောင်းခံများအား ရှာဖွေခြင်းသည် အကြောင်းပြချက်ကို ရှာဖွေခြင်းမဟုတ်ကြောင်း ၁၀၃
၃၂။ ဟာရေသ်မူစာ ﷺ နှင့်စပ်လျဉ်း၍ 'သွလားလ်'ဟူသော စကားလုံးကို သုံးနှုန်းထားခြင်း၏ အလိုသဘော ၁၀၄
၃၃။ အလ္လာဟ်အသျှင်မြတ်၏ 'ဇားသ်'တော်၏ အခြေခံဇစ်မြစ်အချက်၏ အသိပညာသည် လူသားတို့အဖို့ သိနိုင်ရန် မဖြစ်တန်ကောင်းသော အရာဖြစ်ခြင်း ၁၀၅

စဉ်	အကြောင်းအရာ	စာမျက်နှာ
၃၄။	နဗီတစ်ပါး၏ အခြေအတင် ပြောဆိုမှု၏ စံနမူနာတစ်ရပ်နှင့် အခြေအတင် ပြောဆိုခြင်းအား ထိရောက်မှုရှိသော ယဉ်ကျေးမှုစနစ်များ	၁၀၅
	၂၆ း ၃၄ မှ ၂၆ း ၅၁ အထိ	
၃၅။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၁၁
၃၆။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၁၄
	၂၆ း ၅၂ မှ ၂၆ း ၆၈ အထိ	
၃၇။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၁၈
၃၈။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၂၁
	၂၆ း ၆၉ မှ ၂၆ း ၁၀၄ အထိ	
၃၉။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၂၉
၄၀။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၃၃
၄၁။	'ကေယာမသ်'နေ့ထိတိုင် လူသားများ၏ ကြားဝယ် ကောင်းမွန်စွာ တသနိုင်ရန် အတွက် ဆုမွန်ဒိုအာပြုခြင်း	၁၃၃
၄၂။	ရာထူး၊ ဌာနအား မက်မောခြင်းသည် ပြစ်တင်ထိုက်ဖွယ် ကောင်း၍ အချို့ စည်းကမ်းချက်များနှင့်ဖြစ်မှု ပိုင်ခြင်းအကြောင်း	၁၃၃
၄၃။	မုရှ်ရစ်က်များအတွက် လွတ်ငြိမ်းချမ်းသာခွင့် ရရှိရန် ဆုမွန်ဒိုအာ တောင်းခြင်း မပိုင်ကြောင်း	၁၃၆
၄၄။	မေးခွန်းတစ်ရပ်နှင့်အဖြေ	၁၃၆
၄၅။	ပစ္စည်းဥစ္စာ၊ သားသမီးနှင့်ဆွေမျိုးတော်စပ်မှုတို့သည်လည်း တမလွန်အာခေရသ်၌ အီမာန်ရှိသည်ဟူသော စည်းကမ်းချက်ကြောင့်သာ အကျိုးပြုနိုင်ကြောင်း ...	၁၃၉
	၂၆ း ၁၀၅ မှ ၂၆ း ၁၂၂ အထိ	
၄၆။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၄၄
၄၇။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၄၆
၄၈။	နာခံမှုများအပေါ် အကျိုးအခရယူခြင်း၏ အမိန့်	၁၄၆
၄၉။	မြင့်မြတ်ခြင်းနှင့် သေးသိမ်ခြင်းသည် ပြုမူဆောင်ရွက်ချက်နှင့်စာရိတ္တတို့ကြောင့်သာလျှင်ဖြစ်ပြီး ဆွေဂုဏ်မျိုးဂုဏ်နှင့် ရာထူးဂုဏ်တို့ကြောင့်မဟုတ်ကြောင်း ...	၁၄၆

စဉ်	အကြောင်းအရာ	စာမျက်နှာ

၂၆ း ၁၂၃ မှ ၂၆ း ၁၄၀ အထိ

၅၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၄၉
၅၁။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၅၂
၅၂။ အချို့ခက်ခဲသော စကားလုံးများအား ရှင်းလင်းခြင်း ၁၅၂
၅၃။ မလိုအပ်ဘဲ အဆောက်အဦး ဆောက်ခြင်းသည် ပြစ်တင်ဖွယ်ဖြစ်ခြင်းအကြောင်း ၁၅၃

၂၆ း ၁၄၁ မှ ၂၆ း ၁၅၉ အထိ

၅၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၅၆
၅၅။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၅၈
၅၆။ အကျိုးပြုသော လုပ်ငန်းများကို မကောင်းသော အလုပ်များ၌ အသုံးမပြုပါက
ငှင်းလုပ်ငန်းများသည် အလ္လာဟ်အသျှင်မြတ်၏ ချီးမြှင့်မှု ဆုလာဘ်များဖြစ်ခြင်း ၁၅၉

၂၆ း ၁၆၀ မှ ၂၆ း ၁၇၅ အထိ

၅၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၆၁
၅၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၆၃
၅၉။ မိမိဇနီးဖြင့် ဝလေ့မဟုတ်သော အသွင်ဖြင့် ဆက်ဆံခြင်းမပြုပိုင်ခြင်းအကြောင်း ၁၆၃

၂၆ း ၁၇၆ မှ ၂၆ း ၁၉၁ အထိ

၆၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၆၇
၆၁။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၆၈
၆၂။ အလ္လာဟ်အသျှင်မြတ်၏ တရားခံသည် ငှင်းအဖို့ ဝရမ်းထုတ်ရန်မလိုအပ်ဘဲ မိမိ
ခြေထောက်ဖြင့် 'အဇားဗ်'ရှိရာဆီသို့ လာရောက်ခြင်းအကြောင်း ၁၇၀

၂၆ း ၁၉၂ မှ ၂၆ း ၂၂၇ အထိ

၆၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၇၅
၆၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၈၅
၆၅။ ကုရ်အာန်ကျမ်းတော်မြတ်သည် ငှင်း၏ စကားလုံးများနှင့် အဓိပ္ပာယ်များကိုပါ
ပေါင်းစပ်ထားခြင်း၏ အမည်ဖြစ်ခြင်းအကြောင်း ၁၈၅

စဉ်	အကြောင်းအရာ	စာမျက်နှာ

၆၆။ နမာဇ်အတွင်း ကုရ်အာန်ကျမ်းတော်မြတ်၏ ဘာသာပြန်ဖတ်ရွတ်ခြင်းနှင့် အဓိပ္ပါယ်၏ (အာလင်မ်) များအားလုံးထံ၌ မပိုင်ခြင်းအကြောင်း ၁၈၇

၆၇။ ကုရ်အာန်ကျမ်းတော်မြတ်၏ အူရ်ဒူဘာသာပြန်ကျမ်းကို အူရ်ဒူ ကုရ်အာန်ဟူ၍ ပြောဆိုခြင်း မပိုင် ၁၈၈

၆၈။ ကဗ္ဗာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက် ၁၉၀

၆၉။ အစ္စလာမ်သာသနာ၌ လက်ာ၊ ကဗျာရွတ်ဆိုခြင်း၏ အဆင့် ၁၉၂

၇၀။ အလ္လာဟ်အသျှင်မြတ်နှင့် 'အာခရေသ်' နောင်တမလွန်ကို မေ့လျော့စေသော ပညာရပ်တိုင်းနှင့်ဘာသာရပ်တိုင်းသည် ရှုတ်ချဖွယ်ထိုက်ခြင်းခံရခြင်းအကြောင်း ၁၉၅

၇၁။ များစွာသော နောက်လိုက်တို့၏ လမ်းလွဲမှားမှုသည် ဦးစီးခေါင်းဆောင်၏ လမ်းလွဲမှားခြင်း၏ လက္ခဏာတစ်ရပ်ဖြစ်ခြင်းအကြောင်း ၁၉၅

စူရာဟ်နမလ်
ပုရွက်ဆိတ်ကောင်ကဏ္ဍ

၂၇း၁ မှ ၂၇း၆ အထိ

၇၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၉၈

၇၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၉၉

၂၇း၇ မှ ၂၇း၁၄ အထိ

၇၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၀၂

၇၅။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၀၄

၇၆။ လူသားတို့သည် မိမိတို့လိုအပ်ချက်များအတွက် ဓလေ့သဘာဝ အကြောင်းခံများအား ရွေးချယ်ခြင်းသည် အားကိုးအားထားခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည် မဟုတ်ခြင်းအကြောင်း ၂၀၅

၇၇။ အထူးပြုပုဒ်ဖြင့် ဓနီးသည်အကြောင်းကို အများပရိသတ်အတွင်း၌ မတင်ပြရန်၊ သို့သာမက သွယ်ဝိုက်စွာဖြင့် အသုံးချခြင်းသည် သာပို၍ကောင်းမွန်ကြောင်း... ၂၀၅

၇၈။ ဟာဇရသ်မူစာ ﷺ မီးကို တွေ့ရှိခြင်းနှင့် မီးအတွင်းမှ အသံတစ်သံကြားရခြင်း၏ သုတေသနပြုချက် ၂၀၆

စဉ်	အကြောင်းအရာ	စာမျက်နှာ
၇၉။	ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ နှင့် ဟစန်ဗဆ္ဂရီ သခင်ကြီးတို့၏ ဆင့်ပြန်ချက်နှင့် ယင်းဆင့်ပြန်ချက်အား သုတေသနပြုချက်	၂၀၉
	၂၇ း ၁၅ မှ ၂၇ း ၁၉ အထိ	
၈၀။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၁၃
၈၁။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၁၅
၈၂။	နဗီတမန်တော်များအဖို့ ပစ္စည်းအမွေဆက်ခံပိုင်ခွင့် မရှိ	၂၁၅
၈၃။	ဂုဏ်မောက်မာမှုမရှိဘဲ မိမိအဖို့ အများကိန်းသုံးပိုင်ခွင့် ရှိခြင်းအကြောင်း	၂၁၆
၈၄။	ပျံသန်းသော သတ္တဝါများနှင့် ခြေလေးချောင်း တိရစ္ဆာန်များ၌ အသိဉာဏ် ရှိခြင်းအကြောင်း	၂၁၇
	၂၇ း ၂၀ မှ ၂၇ း ၂၈ အထိ	
၈၅။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၂၁
၈၆။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၂၃
၈၇။	အာဏာပိုင်အကြီးအကဲများသည် မိမိ၏ တိုင်းသူပြည်သားများအား သူတော်စင် ရှိုက်ခ်ပီးရ်တို့သည် မိမိတို့၏ တပည့်များနှင့် မုရီးဒ်များ၏ သတင်းကို စုံစမ်းရန် အရေးကြီးခြင်းအကြောင်း	၂၂၃
၈၈။	မိမိ၏ 'နဖ်စ်' (စိတ်) အား စမ်းစစ်မှုပြုရမည့်အကြောင်း	၂၂၄
၈၉။	ငှက်သတ္တဝါများအတွင်း၌ ဘီးတောင်ပို့ငှက်အားအထူးပြုထားခြင်း၏အကြောင်း တစ်ရပ်နှင့် အရေးပါသော သံဝေဂတစ်ရပ်	၂၂၅
၉၀။	အလုပ်၊ လုပ်ငန်းခွင်၌ ပျင်းရိသော တိရစ္ဆာန်ကို သင့်တော်သော ပြစ်ဒဏ်ပေး ခြင်း ပိုင်ကြောင်း	၂၂၆
၉၁။	နဗီတမန်တော်များသည် အကွယ်လောက၌ ရှိသော အရာများကို သိသူများ မဟုတ်ကြောင်း	၂၂၇
၉၂။	နဗီတမန်တော်များသည် အကွယ်မှအရာများကို မသိရှိခြင်းအကြောင်း	၂၂၈
၉၃။	'ကျွန်ုပ်သည် အသင့်ထက် သာပို သိနားလည်သည်' ဟူ၍ အဆင့်အတန်း ငယ်သူက အဆင့်အတန်းမြင့်သူအား ပြောဆိုခြင်းပိုင်ကြောင်း	၂၂၈
၉၄။	လူသားတို့သည် 'ဂျင်န်'မများဖြင့် ထိမ်းမြားနိုင်ပါ၏လော့။	၂၂၉

၉၅။ အမျိုးသမီးတစ်ဦးသည် ဘုရင်ဖြစ်ခြင်း သို့မဟုတ် မျိုးနွယ်အုပ်စု တစ်အုပ်စု၏ အကြီးအကဲ ခေါင်းဆောင်ဖြစ်ခြင်း ပိုင်၏လော့။ ၂၃၀

၉၆။ များစွာသောအမှုကိစ္စများအတွင်း စာလွှာ၊ သဝဏ်လွှာများသည်လည်း သာသနာ၏ အထောက်အထားဖြစ်ခြင်းအကြောင်း ၂၃၂

၉၇။ မုရှ်ရစ်က်များထံ စာလွှာရေးသားကာ ပို့ပေးခြင်းပိုင်ကြောင်း ၂၃၃

၉၈။ ကာဖိရ်များ၏ ထိုင်ဗိုင်းဖြစ်နေလင့်ကစား ထိုင်ဗိုင်းတိုင်း၌ လူ့ကျင့်ဝတ် သိက္ခာအား ထောက်ရှုသင့်ကြောင်း ၂၃၃

၂၇း၂၉ မှ ၂၇း၃၇ အထိ

၉၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၃၅

၁၀၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၃၇

၁၀၁။ ဟဇရသ်စုလိုက်မာန် (عليه السلام) ၏စာသည် မည်သည့်ဘာသာစကားနှင့်ဖြစ်သနည်း။ ၂၃၈

၁၀၂။ စာရေးသားခြင်း၏ အချို့သော ယဉ်ကျေးမှုနည်းစနစ်များ ၂၃၉

၁၀၃။ ရေးသားသူသည် ဦးစွာပထမ မိမိ၏ အမည်၊ ပို့ခံရသူ၏ အမည်ကို ရေးသားရမည့်အကြောင်း ၂၃၉

၁၀၄။ စာလွှာ၏ ဖြေကြားချက်ပေးခြင်းသည်လည်း နဗီတမန်တော်များ၏ စွန္နသ်တော်ဖြစ်ကြောင်း ၂၄၀

၁၀၅။ စာလွှာများ၌ 'ဗိစ်မိလ္လာဟ်' ရေးသားခြင်းအကြောင်း ၂၄၁

၁၀၆။ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်တစ်စုံတစ်ရာ ရေးသားထားသော စာလွှာအား ကာဖိရ်သို့မဟုတ် မုရှ်ရစ်က်တစ်ဦးဦးအား ပေးခြင်းပိုင်၏လော။ ... ၂၄၂

၁၀၇။ စာလွှာကို လိုရင်းတိုရှင်း ရသပြောင်မြောက်၍ စူးရှသော အသွင်ဖြင့် ရေးသင့်ရန်အကြောင်း ၂၄၃

၁၀၈။ အရေးကြီးသော အမှုကိစ္စ၌ 'မရှ်ဝါရာ' ပြုလုပ်ခြင်း၊ စွန္နသ်ဖြစ်ခြင်းအကြောင်း၊ ထိုသို့ပြုရာ၌ အခြားသူများ၏တင်ပြသော အကြံပြုချက်မှ အကျိုးအမြတ်လည်း ရရှိသည့်အကြောင်းနှင့် လူတို့ကြား နှလုံးသားပေါင်းစည်းမှုရရှိသည့်အကြောင်း ၂၄၃

၁၀၉။ ဟဇရသ်စုလိုက်မာန် (عليه السلام) ၏ ပေးစာအပေါ် ဗိလ်ကီးစ်သခင်မ၏ တုန့်ပြန်စီမံမှု ၂၄၄

၁၁၀။ ဗိလ်ကီးစ်သခင်မ၏စေတမန်များ ဟဇရသ်စုလိုက်မာန် (عليه السلام) သခင်၏ နန်းတော်သို့ရောက်ရှိခြင်း ၂၄၅

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၁၁။	ဟာဇရသ်စုလိုက်မာန် ﷺ ၏ဘက်မှ ဗိလ်ကီးစ်သခင်မကြီး၏ လက်ဆောင်ကို ပြန်လည်ပေးအပ်လိုက်ခြင်း	၂၄၆
၁၁၂။	ကာဖိရ် တစ်ဦးတစ်ယောက်၏ လက်ဆောင်ကို လက်ခံပိုင်ခွင့် ရှိပါ၏လော။ သို့မဟုတ် လက်ခံပိုင်ခွင့်မရှိပါ၏လော။ ယင်းအချက်နှင့်စပ်လျဉ်း၍ အကျယ်ချဲ့ ဖွင့်ဆိုချက်နှင့် သုတေသနပြုချက်	၂၄၇
	၂၇ း ၃၈ မှ ၂၇ း ၄၁ အထိ	
၁၁၃။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၄၉
၁၁၄။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၅၁
၁၁၅။	ဗိလ်ကီးစ်သခင်မကြီး၊ ဟာဇရသ်စုလိုက်မာန် ﷺ ၏ ထံတော်ပါးသို့ အခစား ဝင်ရောက်ခြင်း	၂၅၁
၁၁၆။	‘မုအ်ဂျေဇာဟ်’ နှင့် ‘ကရာမသ်’ ၏ ကွဲပြားခြားနားမှု	၂၅၄
၁၁၇။	ဗိလ်ကီးစ်သခင်မကြီး၏ ရာဇပလ္လင်၏ဖြစ်အင်သည် ‘ကရာမသ်’ဖြစ်ပါ၏လော။ သို့မဟုတ် ပင်ကိုယ် ပြုမူဆောင်ရွက်ချက် ဖြစ်ပါ၏လော။	၂၅၅
	၂၇ း ၄၂ မှ ၂၇ း ၄၄ အထိ	
၁၁၈။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၅၇
၁၁၉။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၅၉
၁၂၀။	ဗိလ်ကီးစ်သခင်မသည် ဟာဇရသ်စုလိုက်မာန် ﷺ ၏‘နေကာဟ်’(ထိမ်းမြားမှု) အတွင်းသို့ ရောက်ရှိခဲ့ပါ၏လော့	၂၅၉
	၂၇ း ၄၅ မှ ၂၇ း ၅၃ အထိ	
၁၂၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၆၂
၁၂၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၆၅
	၂၇ း ၅၄ မှ ၂၇ း ၅၉ အထိ	
၁၂၃။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၆၈
၁၂၄။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၆၉

ပါရာ [၁၉]

စူရာဟ်ဖုရ်ကာန်

အမှားအမှန် ခွဲခြားပေးသော ကျမ်း

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

وَقَالَ الَّذِيْنَ لَا يَرْجُوْنَ لِقَآءَنَا لَوْلَآ اُنْزِلَ عَلَيْنَا
الْمَلٰٓئِكَةُ اَوْ نَرٰى رَبَّنَا ۭ لَقَدِ اسْتَكْبَرُوْا فِيْٓ اَنْفُسِهِمْ وَعَتَوْ عُتُوًّا كَبِيْرًا ﴿٢١﴾

၂၅ : ၂၁ ။ ။ စင်စစ် ငါအသျှင်မြတ်နှင့် တွေ့ဆုံကြရမည်ကို မမျှော်လင့် (မယုံကြည်) ကြသော သူတို့က 'အဘယ်ကြောင့် 'မလာအေ့ကာဟ်' ကောင်းကင်တမန်များသည် ကျွန်ုပ်တို့ထံ ဆင်းသက်၍ မလာကြသနည်း။ သို့တည်းမဟုတ် အဘယ်ကြောင့် ကျွန်ုပ်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ကို မဖူးမျှော်ကြရပါသနည်း' ဟု ပြောဆိုကြကုန်၏။ ဧကန်မလွဲ ၎င်းတို့သည် မိမိတို့၏ စိတ်ထဲ၌ မိမိတို့ကိုယ်ကို အထင်ကြီးခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် အကြီးအကျယ် ဆိုးသွမ်းခြင်းအားဖြင့် စည်းကမ်းကျူးလွန်ခဲ့ကြကုန်၏။

يَوْمَ يَرَوْنَ الْمَلٰٓئِكَةَ لَا بُشْرٰى يَوْمَئِذٍ لِّلْمُجْرِمِيْنَ وَ
يَقُوْلُوْنَ حِجْرًا مَّحْجُوْرًا ﴿٢٢﴾

၂၅ : ၂၂ ။ ။ အကြင်နေ့တွင် ၎င်းတို့သည် 'မလာအေ့ကာဟ်' ကောင်းကင်တမန်တို့အား တွေ့မြင်ကြရပေမည်။ ထိုနေ့တွင် ပြစ်မှုရှိသူတို့၌ မည်သည့်ဝမ်းမြောက်ခြင်းမှ မရှိသည့်အပြင် ၎င်းသူတို့သည် (ကောင်းကင်တမန်တို့နှင့်) 'ကင်းပါရစေ။ ကင်းဝေးပါစေ' ဟု ပြောဆိုကြပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

စင်စစ် ငါအသျှင်မြတ်နှင့် တွေ့ဆုံကြရမည်ကို မမျှော်လင့် (မယုံကြည်) ကြသော သူတို့ (အဘယ်ကြောင့်ဆိုသော် ထိုသူတို့သည် 'ကေယာမသ်' နေ့နှင့် ထိုအသျှင်မြတ်၏ အခစားတော်သို့ ဝင်ရောက်ကြရန်နှင့် စာရင်းအင်းစစ်ဆေးခြင်းခံရခြင်းတို့အား ငြင်းပယ်သောသူများ ဖြစ်ကြကုန်၏။) က (တမန်တော်မြတ် ﷺ ရစူလ်ဖြစ်ကြောင်းကို ငြင်းဆန်ရန်အတွက်) 'အဘယ်ကြောင့် ကောင်းကင်တမန်များသည် ကျွန်ုပ်တို့ထံ ဆင်းသက်၍ မလာကြသနည်း။ (အကယ်၍ ကောင်းကင်တမန်များသည် လာရောက်ကာ 'ဤသူသည် ရစူလ်တမန်တော်ဖြစ်သည်' ဟူ၍ ပြောဆိုကြလျှင်သော်လည်းကောင်း၊ သို့တည်းမဟုတ် အဘယ်ကြောင့် ကျွန်ုပ်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ကို မဖူးမျှော်ကြရပါသနည်း။ (ထိုအသျှင်မြတ်သည် ကျွန်ုပ်တို့အား 'ဤသည် ရစူလ်တမန်တော်ဖြစ်သည်' ဟူ၍ ပြောဆိုမည်ဆိုလျှင် ကျွန်ုပ်တို့သည် ထောက်ခံကြပေမည်)' ဟု ပြောဆိုကြကုန်၏။ (၎င်းတို့အား တုံ့ပြန်ဖြေကြားရာ၌ အလ္လာဟ်အသျှင်မြတ်သည် ဤသို့ မိန့်မြွက်တော်မူလိုက်လေသည်။) ဧကန်မလွဲ ၎င်းတို့သည် မိမိတို့၏ စိတ်တွင်း၌ မိမိတို့ကိုယ်ကို အထင်ကြီးခဲ့ကြကုန်၏။ (မိမိတို့ကိုယ်ကို မိမိတို့ 'ကောင်းကင်တမန်များသည်ပင် လာရောက်၍ ၎င်းတို့အား ပြောဆိုရန် သို့မဟုတ် အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင်သည်ပင်လျှင် ၎င်းတို့နှင့် အတူတကွ စကားပြောဆိုတော်မူရန် ထိုက်တန်သောသူများ ဖြစ်သည်' ဟူ၍ မှတ်ယူထားကြကုန်၏။)

ထို့ပြင် (အထူးသဖြင့် အလ္လာဟ်အသျှင်မြတ်အား လောကီဘဝ၌ ရှုမြင်၊ ပြောဆိုတော်မူရန် ပန်ကြားချက်၌မူ) ၎င်းတို့သည် အကြီးအကျယ် ဆိုးသွမ်းခြင်းအားဖြင့် (လူ့ကျင့်ဝတ်မှ) စည်းကမ်းကျူးလွန်ခဲ့ကြကုန်၏။ (အဘယ်ကြောင့်ဆိုသော် ကောင်းကင်တမန်တော်များနှင့် လူသားတို့၌မူ အဖန်ဆင်းခံ ဖြစ်ကြရာ၌ အချို့နေရာများတွင် တူညီကြကာ အလ္လာဟ်အသျှင်မြတ်နှင့် လူသားတို့၌မူ ဆင်တူယိုးမှားခြင်း တစ်စုံတစ်ရာမျှပင် မရှိပေ။ ဤသူတို့သည် အလ္လာဟ်အသျှင်မြတ်ကို ရှုမြင်ထိုက်သည်ကို မဆိုထားဘိဦး။ သို့သာမက ၎င်းတို့အား ကောင်းကင်တမန်တော်များသည် တစ်နေ့ ပြသမည်မှာ ၎င်းတို့ လိုလားထားသော ပုံစံမျိုးဖြင့် မဟုတ်ဘဲ ၎င်းတို့ထံ ဘေးဒုက္ခ၊ သောကနှင့် အပြစ်ဒဏ်ကို ယူဆောင်တော်မူလာလျက်) အကြင် (ကေယာမသ်) နေ့တွင် ၎င်းတို့သည် ကောင်းကင်တမန်တော်တို့အား တွေ့မြင်ကြရပေမည်။ ထိုနေ့တွင် ပြစ်မှုရှိသူ၊ ကာဖိရ်တို့၌ မည်သည့်ဝမ်းမြောက်ခြင်း (၏ နဖူးစာကံ) မျှ မရှိသည့်အပြင် (ကောင်းကင်တမန်တော်များ 'အဇားဗ်' အပြစ်ဒဏ် ယူဆောင်လာသည်ကို တွေ့မြင်ကြရသောအခါ ကြောက်လန့်၍) ၎င်းတို့သည် '(ကောင်းကင်တမန်တော်တို့နှင့်) ကင်းပါရစေ။ ကင်းဝေပါစေ' ဟု ပြောဆိုကြပေမည်။

သိမှတ်ဖွယ်ရာများနှင့် ခမ္ဘသတ်များ

وَقَالَ الَّذِيۡنَ لَا يَرۡجُوۡنَ لِقَا ئَنَا

(စင်စစ် ငါအသျှင်မြတ်နှင့်တကွ တွေ့ဆုံကြရမည်ကို မမျှော်လင့် (မယုံကြည်) ကြသော သူတို့က) ဟူသော ဝါကျတွင် (ရဂျာ်) ဟူသော စကားလုံး၏ အများသုံးအဓိပ္ပာယ်မှာ 'ချစ်ခင်နှစ်လိုဖွယ်ကောင်း

သော အရာတစ်ခုကို မျှော်လင့်ချက်ထားရှိခြင်း' ဖြစ်သည်။ တစ်ခါတစ်ရံ ဤစကားရပ်ကို 'ကြောက်ရွံ့ခြင်း' ၏ အဓိပ္ပာယ်၌လည်း အသုံးပြုတတ်ပေသည်။ ပမာဆိုရသော် အဗ်ဒုလ်အန်ဗာရီသခင်ကြီးသည် ကေသာဗုလ်အသ်သသ်ကျမ်း၌ 'ဤအာယသ်တော်တွင် ကြောက်ရွံ့ခြင်း၏ အဓိပ္ပာယ်ကို ကောက်ယူမှသာလျှင် သာပို၍ ရှင်းလင်းလှပေသည်'ဟူ၍ ရေးသားထားပေသည်။ ဆိုလိုသည့် အဓိပ္ပာယ်မှာ 'စင်စစ်ငါအသျှင်မြတ်နှင့် တွေ့ဆုံကြရမည်ကို မကြောက်ရွံ့ကြသော သူတို့က'ဟူ၍ ဖြစ်သည်။ ယင်းအာယသ်တော်က 'အသုံးမဝင်၊ အသိဉာဏ်ကင်းမဲ့သော လျှောက်ထားမေးမြန်းမှုများကို 'နောင် 'အာခေရသ်'အားလုံးဝ မယုံကြည်ကြသော' သူတို့ကသာလျှင် မေးမြန်းဝံ့ကြပေသည်။ နောင် 'အာခေရသ်'ကို ယုံကြည်ကြသောသူတို့အပေါ် 'အာခေရသ်'၏ သောက လွှမ်းမိုးနေသည့်အတွက် ဤသို့ အမေး၊ အဖြေပြုရန်ပင် သတိမရှိကြပေ။ မျက်မှောက်ခေတ်၏ ခေတ်သစ်သိပ္ပံ၏ စူးရှမှုက အစ္စလာမ်နှင့် ယင်းသာသနာ၏ ပညတ်ချက်များနှင့် စပ်လျဉ်း၍ များစွာသော သူတို့သည် ဒွိဟသံသယများနှင့် အခြေအတင် ငြင်းခုံပြောဆိုမှုများ၌ နစ်မွန်းလျက်ရှိနေသည်ကို တွေ့မြင်ကြရပေသည်။ ဤသည့်အချက်သည်လည်း (မပြောကောင်း၊ မဆိုအပ်) နှလုံးသားအတွင်း၌ နောင်တမလွန် 'အာခေရသ်' အား မှန်ကန်သော ယုံကြည်ချက်မရှိခြင်း၏ လက္ခဏာဖြစ်ပေသည်။ အကယ်၍ စစ်မှန်သော ယုံကြည်ချက်ရှိလျှင်မူ အလဟဿ အကျိုးမဲ့ မေးခွန်းအမျိုးအစားမျိုး နှလုံးသားအတွင်း၌ ပေါ်ပေါက်လာမည်မဟုတ်ပေ။

حِجْرًا مَّحْجُوْرًا (ကင်းပါရစေ၊ ကင်းဝေးပါရစေ) ဟူသော ဝါကျတွင် حجر 'ဟစ်ဂျ်ရ်'၏ လုံးချင်းကောက် အဓိပ္ပာယ်သည် 'ထိန်းသိမ်းခြင်းခံထားရသည့်နေရာ' ဟူ၍ ဖြစ်သည်။ مَحْجُوْرًا ဟူသော စကားလုံးသည် အနောက်မှ စကားလုံးကို သာပို၍ လေးနက်စွာဖြင့် မိန့်တော်မူရန် ယူဆောင်လာခြင်း ဖြစ်ပေသည်။ ဤစကားလုံးများ ကို အာရဗ်နိုင်ငံ၏ အသုံးအနှုန်းဝေါဟာရတို့၌ 'တစ်ဦးတစ်ယောက်သည် ဘေးဒုက္ခနှင့် ရင်ဆိုင်လာရကာ ထိုဒုက္ခမှ ရှောင်ရှားရန်အတွက် လူတို့အား ခိုလှုံခွင့် (ကျွန်ုပ်အား ယင်းဒုက္ခမှ ရှောင်ရှားခွင့်ပေးပါ) ဟူသော အချိန်အခါမျိုး၌ သုံးနှုန်းလေ့ရှိကြပေသည်။ သို့ဆိုလျှင် 'ကေယာမသ်'နေ့၌လည်း ကာဖိရ်တို့သည် ကောင်းကင်တမန်တော်များကို 'အဇားဗ်'အပြစ်ဒဏ်တော်၏ အကြောင်းခံအရာများ ယူဆောင်လာသည်ကို တွေ့မြင်သောအခါ လောကီ၏ ထုံးစလေ့နှင့်အညီ ဤစကားလုံးကို ပြောဆိုကြပေလိမ့်မည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးထံမှ ထိုစကားလုံး၏ အဓိပ္ပာယ်ကို ဤသို့ ဆင့်ပြန်ထားလေသည်။ حَرَامًا مُّحَرَّمًا အလိုသဘောမှာ 'ကေယာမသ်'နေ့၌ ကာဖိရ်များသည် ကောင်းကင်တမန်တော်များကို 'အဇားဗ်'အပြစ်ဒဏ်နှင့်အတူ လာရောက်သည်ကို မြင်တွေ့ချိန်ဝယ် မိမိတို့အား ချမ်းသာခွင့်ပေးရန် 'ဂျန္နသ်'သို့ သွားရောက်ရန် (လျှောက်ထားခြင်း သို့မဟုတ် သဘောဆန္ဒကို ထုတ်ဖော်ခြင်း) ကို ပြုရာ ကောင်းကင်တမန်တော်များက ၄င်းတို့အား حِجْرًا مَّحْجُوْرًا ဆိုလိုသည်မှာ 'ဂျန္နသ်'သုခဘုံသည် ကာဖိရ်များအပေါ် 'ဟရာမ်' (တားမြစ်ခြင်း ခံထားရသည့်) အရာဖြစ်သည်'ဟူ၍ တုံ့ပြန်ဖြေကြားကြပေသည်။

[မဇှ်ဟရီကျမ်း]

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَقَدِمْنَآ إِلَىٰ مَا عَمِلُوا۟ مِنْ عَمَلٍ فَجَعَلْنَٰهُ هَبَآءً مَّنثُورًا ﴿٢٣﴾

၂၅ : ၂၃ ॥ ॥ ထို့ပြင် ငါအသျှင်မြတ်သည် (ထိုနေ့တွင်) ၎င်းတို့ ပြုလုပ်ခဲ့ကြသော အပြုအမူများဘက်သို့ လှည့်တော်မူမည်။ ထို့နောက် ငါအသျှင်မြတ်သည် ယင်းအပြုအမူများကို မြူမှုန်များကဲ့သို့ ကြဲဖြန့် လွင့်ပါးစေတော်မူမည်။

أَصْحَٰبُ ٱلْجَنَّةِ يَوْمَئِذٍ خَيْرٌ مُّسْتَقَرًّا وَأَحْسَنُ مَقِيلًا ﴿٢٤﴾

၂၅ : ၂၄ ॥ ॥ 'ဂျန္နသ်'သုခဘုံကို ရထိုက်သော သူတို့မှာမူ ထိုနေ့တွင် နေရာဌာနအားဖြင့်လည်း အကောင်းဆုံး ဖြစ်၍၊ နေ့လည်အချိန် အနားယူ အပန်းဖြေသော နေရာအားဖြင့်လည်း အကောင်းဆုံးပင် ဖြစ်ကြပေလိမ့်မည်။

وَيَوْمَ تَشَقَّقُ ٱلسَّمَآءُ بِٱلْغَمَٰمِ وَنُزِّلَ ٱلْمَلَٰٓئِكَةُ تَنزِيلًا ﴿٢٥﴾

၂၅ : ၂၅ ॥ ॥ ၎င်းပြင် အကြင်နေ့တွင် မိုးကောင်းကင်သည် မိုးတိမ်နှင့်တကွ (အက်ကွဲ၍) မိုးတိမ် (ထွက်ပေါ်လာသည့်) အတွက် ပွင့်သွားပေမည်။ ထို့ပြင် 'မလာအေ့ကာဟ်' ကောင်းကင်တမန်များသည် ဆင်းသက်လာကြပေမည်။

ٱلْمُلْكُ يَوْمَئِذٍ ٱلْحَقُّ لِلرَّحْمَٰنِ ۚ وَكَانَ يَوْمًا عَلَى ٱلْكَٰفِرِينَ عَسِيرًا ﴿٢٦﴾

၂၅ : ၂၆ ॥ ॥ ထိုနေ့တွင် စိုးမိုးအုပ်ချုပ်မှု အစစ်အမှန်သည် 'ရဟ်မာန်'အနန္တကရုဏာတော်ရှင်၌သာ ရှိပေမည်။ စင်စစ် ထိုနေ့သည် ကာဖိရ်သွေဖည် ငြင်းပယ်သောသူတို့အဖို့ လွန်စွာ ပြင်းထန်ခက်ခဲသော နေ့ပင် ဖြစ်ပေလိမ့်မည်။

وَيَوْمَ يَعَضُّ ٱلظَّالِمُ عَلَىٰ يَدَيْهِ يَقُولُ يَٰلَيْتَنِى ٱتَّخَذْتُ مَعَ ٱلرَّسُولِ سَبِيلًا ﴿٢٧﴾

၂၅ : ၂၇ ॥ ॥ ထို့ပြင် အကြင်နေ့တွင် မတော်မတရားပြုမူသော သူသည် မိမိ၏ လက်နှစ်ဖက်ကို ကိုက်၍ 'သြော်- ငါသည် ရစူလ်တမန်တော်မြတ်နှင့်အတူ တရားလမ်းမှန်ကို လိုက်ခဲ့သော် ကောင်းလေစွ'ဟု ပြောဆိုပေမည်။

يَٰوَيْلَتَىٰ لَيْتَنِى لَمْ أَتَّخِذْ فُلَانًا خَلِيلًا ﴿٢٨﴾

၂၅ : ၂၈ ॥ ॥ 'သြော်- ဖြစ်မှ ဖြစ်ရလေခြင်း၊ ငါသည် မည်သူမည်ဝါကို အဆွေခင်ပွန်း မပြုခဲ့ပါလျှင် ကောင်းလေစွ' (ဟု ဆိုပေမည်။)

لَّقَدْ أَضَلَّنِى عَنِ ٱلذِّكْرِ بَعْدَ إِذْ جَآءَنِى ۗ وَكَانَ ٱلشَّيْطَٰنُ لِلْإِنسَٰنِ خَذُولًا ﴿٢٩﴾

၂၅ : ၂၉ ॥ ॥ မုချကေန် ၎င်းသည် ကျွန်ုပ်ထံသို့ အဆုံးအမတရားတော် ရောက်ရှိလာပြီး နောက်မှပင် ယင်းအဆုံးအမ တရားတော် (ကို လိုက်နာခြင်း) မှ လွဲချော်စေခဲ့သည်။ စင်စစ် ရှိုက်သွာန်သည် (အကူအညီလိုသော အချိန်၌) လူသားတို့အား စွန့်ပစ်ထားသူပင် ဖြစ်ချေသည်။

وَقَالَ الرَّسُولُ يَٰرَبِّ إِنَّ قَوْمِي اتَّخَذُوا هَٰذَا الْقُرْآنَ مَهْجُورًا ﴿٣٠﴾

၂၅ : ၃၀ ॥ ॥ ၎င်းပြင် ရစူလ်တမန်တော်မြတ်သည် 'အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ ဧကန်အမှန် ကျွန်တော်မျိုး၏ အမျိုးသားများသည် ဤကုရ်အာန်ကျမ်းတော်မြတ်ကို ဥပက္ခာပြု စွန့်ပစ်၍ ထားခဲ့ကြပါသည်'ဟု လျှောက်ထားပေမည်။

وَكَذَٰلِكَ جَعَلْنَا لِكُلِّ
نَبِيٍّ عَدُوًّا مِّنَ الْمُجْرِمِينَ ۗ وَكَفَىٰ بِرَبِّكَ هَادِيًا وَنَصِيرًا ﴿٣١﴾

၂၅ : ၃၁ ॥ ॥ (အို၊ နဗီတမန်တော်) စင်စစ် ငါအသျှင်မြတ်သည် ဤနည်းအတိုင်းပင် နဗီတမန်တော်တိုင်း၏ ရန်သူကို ပြစ်မှုရှိသူတို့အနက်မှ ပြုလုပ်တော်မူခဲ့၏။ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည်ပင် တရားလမ်းမှန်သို့ ပို့ဆောင်တော်မူသော အသျှင်မြတ်အဖြစ်လည်းကောင်း၊ ကူညီစောင်မတော်မူသော အသျှင်မြတ်အဖြစ်လည်းကောင်း လုံလောက်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် ငါအသျှင်မြတ်သည် (ထို 'ကေယာမသ်' နေ့တွင်) ၎င်း (ကာဖိရ်တို့ ကမ္ဘာလောကတွင်) ပြုလုပ်ခဲ့ကြသော (ကုသိုလ်) အပြုအမူများဘက်သို့ လှည့်တော်မူမည်။ ထို့နောက် ငါအသျှင်မြတ်သည် ယင်းအပြုအမူများကို (ပေါ်လွင်ထင်ရှားစွာ) မြူမှုန်များကဲ့သို့ ကြဲဖြန်းလွင့်ပါးစေတော် (အလဟဿ ဖြစ်စေတော်) မူမည်။ (မည်သည့်အမှုကိစ္စတစ်စုံတစ်ရာ၌မှာပင် အသုံးဝင်တော်မူမည်မဟုတ်။ ဤသို့ဖြင့် ယင်းကာဖိရ်တို့၏ ကုသိုလ်အကျိုးအပေါ် အကျိုးစဝါးဗ်တစ်စုံတစ်ရာကိုမျှ ချီးမြှင့်တော်မူမည်မဟုတ်ပေ။ သို့သာမက) 'ဂျန္နသ်'သုခဘုံကို ရထိုက်သော သူတို့မှာမူ ထိုနေ့တွင် နေရာဌာနအားဖြင့်လည်း အကောင်းဆုံးဖြစ်၍ နေ့လည်အချိန် အနားယူအပန်းဖြေသော နေရာအားဖြင့်လည်း အကောင်းဆုံးပင် ဖြစ်ကြပေလိမ့်မည်။ ('မွစ်သကရ်'နှင့် 'မကီးလ်'၏ အဓိပ္ပာယ်အလိုသဘောမှာ 'ဂျန္နသ်'ဖြစ်ပေသည်။ ဆိုလိုသည်မှာ 'ဂျန္နသ်'သည် ၎င်းတို့အဖို့ နေရာဌာနနှင့် အနားယူရန်နေရာဖြစ်ပေသည်။ ထို 'ဂျန္နသ်'ကောင်းမွန်ကြောင်းမှာ ထင်ရှားလှပေသည်။

၎င်းပြင် အကြင်နေ့တွင် မိုးကောင်းကင်သည် မိုးတိမ်နှင့်တကွ (အက်ကွဲ၍) မိုးတိမ် (ထွက်ပေါ်လာသည့်) အတွက် ပွင့်သွားပေမည်။ ထို့ပြင် (ထိုမိုးတိမ်နှင့်အတူ မိုးကောင်းကင်မှ) ကောင်းကင်တမန်တော်များသည် (မြေပထဝီပေါ်သို့) ဆင်းသက်၍ လာကြပေမည်။ (ထိုအချိန်၌ အလ္လာဟ်အသျှင်မြတ်သည် စာရင်းအင်းစစ်ဆေးမှုပြုရန်အတွက် 'နူရ်'ရောင်ခြည်တော်များကို လွှတ်တော်မူပေလိမ့်မည်။) ထိုနေ့တွင် စိုးမိုးအုပ်ချုပ်မှု အစစ်အမှန်သည် 'ရဟ်မာန်း'အနန္တကရုဏာတော်ရှင်သာ (လျှင်) ရှိပေမည်။ (စာရင်းအင်းစစ်ဆေးခြင်းနှင့် ကျိုးကြောင်းအပြစ်ဒဏ်ပေးရာ၌ မည်သူတစ်ဦးတစ်ယောက်မျှ ဝင်ရောက်စွက်ဖက်ပိုင်ခွင့်

မရှိပေ။ ပမာဆိုရသော် ကမ္ဘာလောကသား၌ အပေါ်ယံ စွက်ဖက် (ရွေးချယ်ပိုင်ခွင့်သည် အနည်းနှင့်အများ မဆိုလည်း ရှိကြပေသည်။) စင်စစ် ထိုနေသည် ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့အဖို့ လွန်စွာ ပြင်းထန် ခက်ခဲသော နေ့ပင် ဖြစ်ပေလိမ့်မည်။ (အဘယ်ကြောင့်ဆိုသော် ၄င်းတို့အား စစ်ကြောခြင်း၏ အဆုံးရလဒ်မှာ 'ဂျဟန္နမ်'သို့သာလျှင် လားရမည်ဖြစ်သည်။) ထိုပြင် အကြင်နေ့တွင် မတော်မတရားပြုသော သူ (ကာဖိရ်တို့သည် အလွန်ဝမ်းနည်းစွာဖြင့်) သည် မိမိ၏ လက်နှစ်ဖက်ကို ကိုက်၍ 'သြော်- ငါတို့သည် ရစူလ်တမန်တော်မြတ် ﷺ နှင့်အတူ (သာသနာ့) တရားလမ်းမှန်သို့ လိုက်ခဲ့သော် ကောင်းလေစွ' ဟု ပြောဆိုကြပေမည်။ 'သြော်- ဖြစ်မှဖြစ်ရလေခြင်း' (ကျွန်ုပ်၏ ကံကြမ္မာသည် ငင်ခဲ့လေသည်။) 'ကျွန်ုပ်သည် မည်သူမည်ဝါကို အဆွေခင်ပွန်း မပြုခဲ့ပါလျှင် ကောင်းလေစွ (ဟု ဆိုပေမည်။) မုချဧကန် (၄င်းသူယုတ်မာ) သည် ကျွန်ုပ်ထံသို့ အဆုံးအမတရားတော် ရောက်ရှိလာပြီးနောက်မှပင် ယင်းအဆုံးအမတရားတော် (ကို လိုက်နာခြင်းမှ) လွဲချော် (ဟန့်တား) စေတော်မူခဲ့သည်။ စင်စစ် ရှိုက်သွာန်သည် (အကူအညီလိုသော အချိန်၌) လူသားတို့အား စွန့်ပစ်ထားသူပင် ဖြစ်ချေသည်။ (သို့ရှိရာ ထိုကာဖိရ်တို့ ယင်းသို့ ဝမ်းနည်း ပူဆွေးသောက ရောက်ရှိနေချိန်၌ ထိုမိတ်ဆွေသည် မည်သို့မှ ကိုယ်ချင်းစာတရား ထားရှိလိမ့်မည် မဟုတ်။ အကူအညီပေးခြင်းဖြင့်လည်း တစ်စုံတစ်ရာမျှ ဖြစ်ပေါ်လာမည်မဟုတ်ပေ။ လောက၌သာ လှည့်ဖြားနိုင်ခြင်း ဖြစ်ပေသည်။) ၄င်းပြင် (ထိုနေ့၌) တမန်တော်မြတ် ﷺ သည် ကာဖိရ်တို့အား တိုင်တန်းသည့် သဘော မျိုးဖြင့်) အို့၊ ကျွန်တော်မျိုးအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ ဧကန်အမှန် ကျွန်တော်မျိုး၏ အမျိုးသားများသည် ကျင့်ကြံပြုမူရန် တာဝန်ရှိသော) ဤကုရ်အာန်ကျမ်းတော်မြတ်ကို ဥပက္ခာပြု စွန့်ပစ်၍ ထားခဲ့ကြပါသည်။ (ကျင့်ကြံရန်ကိုပင် မဆိုထားဘိဦး၊ ဂရုပင် မမူကြပေ။)

အလိုသဘောမှာ ကာဖိရ်များကိုယ်တိုင်သည်ပင်လျှင် မိမိတို့ လမ်းလွဲမှားကြောင်းကို ဝန်ခံကြကာ တမန်တော်မြတ် ﷺ ကလည်း သက်သေပေးလိမ့်မည်။ အလ္လာဟ်အသျှင်မြတ်သည်

وَجِئْنَا بِكَ عَلَى هَؤُلَاءِ شَهِيدًا

(ငါအသျှင်မြတ်သည် အသင်မိုဟမ္မဒ်အားလည်း ထိုသူတို့အပေါ်တွင် သက်သေတစ်ဦးအဖြစ် ခေါ်ယူ တော်မူမည်) ဟူသော အာယသ်တော်တွင်း၌ မိန့်တော်မူထားသကဲ့သို့ ဖြစ်ပေသည်။ အပြစ်ကျူးလွန်မှု၏ အထောက်အထားအတွက် ဤအချက်နှစ်ချက်စလုံး (ဆိုလိုသည်မှာ ဝန်ခံခြင်းနှင့် သက်သေထွက်ဆိုခြင်း) တစ်ပြိုင်တည်း တည်ရှိနေချိန်ဝယ် ဖြစ်မှုသည် သာပို၍ပင် လေးနက်သွားပေသည်။ ထို့ကြောင့် ပြစ်ဒဏ် လည်း ခံစားရမည်သာ ဖြစ်ပေသည်) ဟု လျှောက်ထားပေမည်။ (အို့၊ နဗီတမန်တော်) စင်စစ် ငါအသျှင် မြတ်သည် ဤနည်းအတိုင်းပင် နဗီတမန်တော်တိုင်း၏ ရန်သူကို ပြစ်မှုရှိသူတို့အနက်မှ ပြုလုပ်တော်မူ ခဲ့၏။ (ဆိုလိုသည်မှာ ဤသူတို့သည် ကုရ်အာန်ကျမ်းတော်မြတ်ကို ငြင်းဆို၍ အသင်၏ ဆန့်ကျင်ဘက် များ ဖြစ်သွားကြပေလိမ့်မည်။ ဝမ်းနည်းရလောက်အောင် သစ်ဆန်းသည့် လုပ်ရပ်မဟုတ်ပေ။) စင်စစ် (အကြင်မည်သူ့ကိုမဆို လမ်းမှန်ပြသရန်ရှိမှု) အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည်

ပင် တရားလမ်းမှန်သို့ ပို့ဆောင်တော်မူသော အသျှင်မြတ်အဖြစ်လည်းကောင်း၊ (လမ်းမှန်မှ လက်မဲ့ဖြစ်နေသောသူတို့အား ယှဉ်ပြိုင်ရာ၌ အသင့်အား) ကူညီစောင်မတော်မူရန် အသင်၏ အသျှင်မြတ်သာလျှင် လုံလောက်တော်မူပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

خَيْرٌ مُّسْتَقَرًّا وَّأَحْسَنُ مَقِيلًا

နေရာဌာနအဖြစ်လည်း အကောင်းဆုံးဖြစ်၍ နေ့လည်အချိန် အနားယူ အပန်းဖြေသော နေရာအဖြစ်လည်း အကောင်းဆုံးပင် ဖြစ်ကြပေလိမ့်မည်။ [၂၅ : ၂၄]

'မွစ်သကရ်'သည် သီးသန့်ရပ်နား နေထိုင်သော နေရာကို ခေါ်ဆိုပေသည်။ 'မကီလ်'ဟူသော စကားလုံးသည် 'ကိုင်လူလာ'ဟူသော စကားလုံးမှ ဆင်းသက်လာ၍ နေ့ခင်းနေ့လည်အချိန် အနားယူသော နေရာကို ခေါ်ဆိုပေသည်။ ဤနေရာ၌ 'မကီလ်'စကားလုံးအား သီးသန့်တင်ပြထားရခြင်းအကြောင်းမှာ ဟဒီးစ်တော်တစ်ရပ်တွင် 'ကေယာမသ်'နေ့၌ အလ္လာဟ်အသျှင်မြတ်သည် မွန်းတည့်ချိန်၌ အဖန်ဆင်းခံများ၏ စာရင်းအင်းစစ်ဆေးခြင်းမှ ပြီးဆုံးတော်မူပြီးနောက် မွန်းလွဲအိပ်စက်ချိန်၌ 'ဂျန္နသ်'သားတို့သည် 'ဂျန္နသ်'သို့ ရောက်ရှိကြ၍ 'ဂျဟန္နမ်'ငရဲဘုံသားတို့သည်လည်း 'ဂျဟန္နမ်'သို့ ရောက်ရှိကြပေလိမ့်မည်'ဟူ၍ လာရှိထားခြင်းကြောင့် ဖြစ်သည်။ *[ကုရ်သုဗီးကျမ်း]*

وَيَوْمَ تَشَقَّقُ السَّمَاءُ بِالْغَمَامِ

မိုးကောင်းကင်သည် မိုးတိမ်နှင့်တကွ အက်ကွဲ၍ မိုးတိမ်ထွက်ပေါ်လာသည့်အတွက် ပွင့်သွားပေမည်။ [၂၅ : ၂၅]

'ဗစ်လ်ဂမားမ်'ဟူသော စကားလုံး၌ ပါရှိသော 'ဗာ'သည် (အန်း) အလိုသဘောကို ဆောင်၏။ *[ကုရ်သုဗီကျမ်း]*

အာယသ်တော်၏ အဓိပ္ပာယ်မှာ မိုးကောင်းကင်သည် အက်ကွဲ၍ ထိုထဲမှ ကောင်းကင်တမန်တော်များ ပါဝင်သော ပါးလွှာသည့် တိမ်တိုက်မိုးသားတစ်ခု ဆင်းသက်လာလိမ့်မည်။ ဤမိုးတိမ်တိုက်သည် အရိပ်အသွင်ဖြင့် မိုးကောင်းကင်မှ ဆင်းသက်လာတော်မူပြီး ထိုတိမ်အတွင်း၌ အလ္လာဟ်အသျှင်မြတ်၏ ရောင်ခြည်တော်ရှိပြီး ယင်းရောင်ခြည်တော်၏ ဘေးပတ်ပတ်လည်တွင် ကောင်းကင်တမန်တော်များ ရှိကြပေလိမ့်မည်။ ဤသည် စာရင်းအင်း စတင်စစ်ဆေးရန် အချိန်ဖြစ်ပေသည်။ ထိုအချိန်၌ မိုးကောင်းကင် အက်ကွဲသွားခြင်းသည် 'ပထမစူရ်တံပိုးမှုတ်ချိန်' မိုးကောင်းကင်သည် မြေပထဝီကို ဖျက်ဆီးပစ်ရန်အတွက် အက်ကွဲကျခြင်းမျိုးမဟုတ်ဘဲ ပွင့်သွားခြင်းသဘောမျိုး ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ကုရ်အာန် ကျမ်းတော်မြတ်အတွင်း၌ တင်ပြထားသော မိုးကောင်းကင်ကွဲအက်ခြင်းသည် ဒုတိယအကြိမ်

တံပိုးမှုတ်ပြီးနောက် ဖြစ်ပေသည်။ ထိုအချိန်တွင် 'မိုးကောင်းကင်နှင့် မြေပထဝီများအားလုံးသည် ပြန်လည် ကောင်းမွန်ပြီး ဖြစ်ပေမည်။ *[ဗယာနုလ်ကုရ်အာန်]*

يَٰوَيْلَتَىٰ لَيْتَنِى لَمْ أَتَّخِذْ فُلَانًا خَلِيلًا ٢٨

'ဩော်- ဖြစ်မှုဖြစ်ရလေခြင်း။ ငါသည် မည်သူမည်ဝါကို အဆွေခင်ပွန်း မပြုခဲ့ပါလျှင် ကောင်းလေစွ' ဟု ဆိုပေမည်။ *[၂၅ : ၂၈]*

ဤအာယသ်တော်သည် သီးသန့်ဖြစ်အင်တစ်ရပ်နှင့် စပ်လျဉ်း၍ ကျရောက်ခဲ့ပေသည်။ သို့ရာတွင် အမိန့်မှာ အားလုံးနှင့် သက်ဆိုင်သည့်သဘော ရှိပေသည်။ ဖြစ်အင်မှာ ဤသို့ ဖြစ်သည်။ မက္ကာဟ်မြို့၏ မုရှ်ရစ်က် ခေါင်းဆောင်များထဲမှ ခေါင်းဆောင်တစ်ဦးဖြစ်သော အွတ်ဗာဗင်နိမုအ်ိုးသွ်၏ ဓလေ့မှာ 'ခရီး တစ်ခုခုမှ ၎င်းပြန်လာချိန်ဝယ် မြို့တွင်းရှိ ဂုဏ်သိက္ခာရှိသော လူကြီးများကို ဖိတ်ခေါ်ကျွေးမွေးလေ့ရှိပြီး တမန်တော်မြတ် ﷺ နှင့်လည်း တွေ့ဆုံပေသည်' ဟူ၍ ဖြစ်သည်။ တစ်ကြိမ်တစ်ခါ၌ ၎င်းသည် မိမိ၏ ဓလေ့နှင့်အညီ မြို့မိဖများကို ဖိတ်ခေါ်ကာ တမန်တော်မြတ် ﷺ အားလည်း ခေါ်ခိုင်းလေသည်။ ၎င်းသည် တမန်တော်မြတ် ﷺ ၏ ရှေ့တော်မှောက်ဝယ် အစားအစာကို ထားလိုက်သောအခါဝယ် တမန်တော်မြတ် ﷺ က 'အသင်သည် အလ္လာဟ်အသျှင်မြတ်တစ်ပါးတည်း ဖြစ်ကြောင်း၊ ထိုအသျှင်မြတ်နှင့် တုဖက်နှိုင်းယှဉ်ရာ မည်သည့်အရာမျှ မရှိသည့်အကြောင်းနှင့် ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ စေလွှတ် ထားတော်မူသော ရစူလ်တမန်တော်ဖြစ်ကြောင်း' ကို သက်သေမခံသရွေ့ ကာလပတ်လုံး အသင်၏ အစား အစာကို စားသုံးမည်မဟုတ်' ဟူ၍ မိန့်တော်မူလိုက်သည်။ အွတ်က်ဗားသည် 'ကလေမာဟ်' ကို ရွတ်ဖတ် လိုက်လေသည်။ တမန်တော်မြတ် ﷺ သည် စည်းကမ်းချက်နှင့်အညီ အစားအစာကို စားသုံးတော်မူလိုက် လေသည်။

အွတ်က်ဗားနှင့် အလွန်ရင်းနှီးသော အုဗိုက်ဗင်နိခလဖ်ဟူ၍ မိတ်ဆွေတစ်ဦး ရှိသည်။ ၎င်းသည် 'အွတ်က်ဗား မွတ်စ္စလင်မ်ဖြစ်သွားသည်' ဟူသော သတင်းကို ကြားကာ အလွန် မကျေမနပ် ဖြစ်သွား ပေသည်။ ထိုအခါ အွတ်က်ဗားက ကုရိုက်ရှ်မျိုးနွယ်၏ သိက္ခာကြီးမြတ်သော မိုဟမ္မဒ် ﷺ သည် ဧည့်သည် အဖြစ် ရောက်ရှိလာပြီး ၎င်းသည် တစ်စုံတစ်ရာကိုမျှ မစားမသောက်ဘဲ ကျွန်ုပ်၏အိမ်မှ ပြန်သွားပါမူ ကျွန်ုပ်အဖို့ အလွန်သေးသိမ်မှု ဖြစ်ရှိသွားပေမည်။ ထို့ကြောင့် ကျွန်ုပ်သည် ယင်းအချက်ကို ထောက်ရှု၍ ဤသို့ 'ကလေမာဟ်'တော်ကို ဖတ်လိုက်ရခြင်း၏ အကြောင်းရင်းကို ပြောပြလေသည်။ အုဗိုက်ဗင်နိခလဖ်က 'ကျွန်ုပ်သည် အသင်၏ စကားကို 'အသင် ၎င်းထံသို့ သွားရောက်ကာ မျက်နှာကို တံတွေးဖြင့် မထွေးပြသရွေ့ ကာလပတ်လုံး လက်ခံမည်မဟုတ်' ဟူ၍ ပြောဆိုသည်။ ဤသူယုတ်မာကံဆိုးသူသည် မိတ်ဆွေ၏ ပြောကြား ချက်ကို အကောင်အထည်ဖော် စော်ကားရန်အတွက် အသင့်ပြင်ကာ သွားရောက်၍ စော်ကားလိုက်သည်။ အလ္လာဟ်အသျှင်မြတ်သည် ဤကမ္ဘာလောက၌လည်း ၎င်းသူနှစ်ဦးစလုံးကို သေးသိမ်အောင် ပြုတော်မူခဲ့ ပေသည်။ 'ဗဒရ်' စစ်ပွဲတွင် နှစ်ဦးစလုံး သတ်ဖြတ်ခြင်းခံလိုက်ရသည်။ *[ဗဂ်ဝီးကျမ်း]*

နောင် 'အာခိရတ်'၌လည်း ၎င်းတို့ 'အဇာဗ်'အပြစ်ဒဏ်ခံရမည့်အကြောင်းကို ဤအာယသ်တော် အတွင်း၌ တင်ပြထားပေသည်။ နောင် 'အာခိရတ်'၏ ပြစ်ဒဏ်တော်သည် ရှေ့မှောက်သို့ ရောက်ရှိလာ သည်ကို မြင်တွေ့ချိန်ဝယ် ရက်ကြောက်ဝမ်းနည်းစွာဖြင့် မိမိတို့၏ လက်များကို ကိုက်ကာ ဖြေဆိုမည်မှာ 'သြော်- ဖြစ်မှ ဖြစ်ရလေခြင်း။ ငါသည် မည်သူမည်ဝါ (အိုဗိုက်ဗင်နဲခလဖ်) ကို အဆွေခင်ပွန်း မပြုခဲ့ပါလျှင် ကောင်းလေစွ' ဟူ၍ ဖြစ်သည်။ *[မဇ္ဇဟရီး၊ ကုရ်သုဗီးကျမ်း]*

မှားယွင်းသူ၊ သာသနာမဲ့သောသူများနှင့် အဆွေခင်ပွန်းဖွဲ့ခြင်းသည် 'ကေယာမသ်'နေ့၌ ဝမ်းနည်း၊ ရှက်ကြောက်ခြင်းတရား ရရှိခြင်း၏ အကြောင်းခံဖြစ်မည့်အကြောင်း

သဖ်စီးရ်မဇ္ဇဟရီကျမ်း၌ လာရှိထားသည်မှာ ဤအာယသ်တော်များသည် သီးသန့်အွတ်က်ဗား၏ ဖြစ်အင်နှင့် စပ်လျဉ်း၍ ကျရောက်လာနေလင့်ကစား သို့ရာတွင် အာယသ်တော်၏ စကားလုံးများသည် ခြုံငုံလွှမ်းသော သဘောကို ဆောင်သကဲ့သို့ အဓိပ္ပါယ်သည်လည်း ခြုံငုံလွှမ်းသော သဘောကို ဆောင်ပေသည်။ ဤနေရာ၌ ထိုမိတ်ဆွေ၏ အမည်၏အစား (မည်သူမည်ဝါ) ဟူသော စကားလုံးကို ထိုခြုံငုံလွှမ်းသော သဘောရှိခြင်းဘက်သို့ ညွှန်ပြရန်အတွက် ရွေးချယ်ထားခြင်းဖြစ်ကြောင်း ထင်ရပေသည်။ ထိုအာယသ် တော်များတွင် 'အကြင်မိတ်ဆွေနှစ်ဦးသည် ပြစ်မှုဒုစရိုက်တစ်ရပ်အပေါ် ပေါင်းသင်းမှုပြုကာ သာသနာ တော်နှင့် ဆန့်ကျင်သောကိစ္စရပ်များ၌ တစ်ဦးသည် အခြားတစ်ဦးအား ကူညီမှုပြုသည်ဆိုလျှင် ၎င်းတို့ အားလုံး၏ အဓိပ္ပါယ်မှာ 'ကေယာမသ်နေ့၌ ထိုသို့ လွှန်စွာ ရင်းနှီးသောသူနှင့် မိတ်ဆွေဖြစ်သွားခြင်းအပေါ် ငိုရပေလိမ့်မည်' ဟူ၍သာ ဖြစ်ကြောင်း'ကို ပြဆိုထားပေသည်။ မွတ်စ်နဒ်အဟ်မဒ်၊ သိရ်မေဇီ၊ အဗူဒါဝူးဒ် အစရှိသော သူတို့သည် အဗူစအီးဒ်ခွုဒ်ရီသခင်ကြီးထံမှ ဆင့်ပြန်ထားလေသည်။ တမန်တော်မြတ် ﷺ သည်

لاتصاحب الامؤمنا ولا ياكل مالك الاتقى

မွတ်စ္စလင်မ်မဟုတ်သောသူကို မိမိ၏ အပေါင်းအသင်းအဖြစ် မပြုလုပ်လေနှင့်။ ထို့ပြင် အသင် တို့၏ ဥစ္စာပစ္စည်းကို (မိတ်ဆွေဝတ်အရ) မွတ်သက္ကီ (အပြစ်ရှောင်သူ) တို့သာလျှင် စားသုံးရပေမည်။ ဆိုလိုသည်မှာ အပြစ်ရှောင်ကြဉ်မှုကို မပြုသောသူတို့နှင့် အဆွေခင်ပွန်း မဖွဲ့လေနှင့်။ *[မဇ္ဇဟရီကျမ်း]*

ဟူ၍ မိန့်တော်မူထားပေသည်။ ဟဇရသ်အဗူဟူရိုင်ရာဟ် ﵁ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိ ထားပေသည်။ တမန်တော်မြတ် ﷺ က

المرء على دين خليله فلينظر من يخالل

လူသားတိုင်းသည် မိမိ၏ မိတ်ဆွေ၏ ဒီးန်သာသနာနှင့် နည်းလမ်းအပေါ်၌ လျှောက်လှမ်းတတ် ပေသည်။ ထို့ကြောင့် အဆွေခင်ပွန်းမဖွဲ့မီအလျှင် 'မည်သူ့အား မိတ်ဆွေဖွဲ့နေသည်' ဟူသော အချက်ကို သေချာစွာ စဉ်းစားကြည့်ရှုရပေမည်' ဟူ၍ မိန့်တော်မူထားလေသည်။ *[ဘုိခါရီကျမ်း]*

ဟာဖရေသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးက အမိန့်ရှိသည်မှာ ကျွန်ုပ်တို့ မိတ်ဆွေဖွဲ့ရန် မည်ကဲ့သို့သော သူများ အကောင်းဆုံး ဖြစ်ပေသနည်း' ဟူ၍ တမန်တော်မြတ် ﷺ အား လျှောက်ထားမေးမြန်းကြလေရာ

من ذكركم با لله رويتة وزاد فى علمكم منطقة وذكر كم بالا خرة عمله

ထိုသူဖြစ်သည်။ ၎င်းကို တွေ့မြင်ကာ အလ္လာဟ်အသျှင်မြတ်အား သတိရ၍ ၎င်းပြောဆိုသောစကားကို ကြားနာကာ 'အသင့်အဖို့ အသိပညာတိုးပွားပြီး ၎င်း၏ ကျင့်ကြံဆောင်ရွက်ချက်ကို တွေ့မြင်ကာ 'အာခေရသ်' အား သတိရသွားပေသည်'ဟူ၍ ပြန်လည် မိန့်မြွက်တော်မူလိုက်သည်။ ယင်းဆင့်ပြန်ချက်ကို ဗဇ်ဇားဇ် သခင်ကြီးက ဆင့်ပြန်ထားလေသည်။ *[ကုရ်သုဗီးကျမ်း]*

وَقَالَ الرَّسُوْلُ يٰرَبِّ إِنَّ قَوْمِي اتَّخَذُوْا هٰذَا الْقُرْاٰنَ مَهْجُوْرًا

၎င်းပြင် တမန်တော်မြတ် ﷺ သည် 'အို၊ ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ ကေန်အမှန် ကျွန်တော်မျိုး၏ အမျိုးသားများသည် ဤကုရ်အာန်ကျမ်းတော်မြတ်ကို ဥပက္ခာပြု စွန့်ပစ်၍ ထားခဲ့ကြပါသည်'ဟု လျှောက်ထားပေမည်။ *[၂၅ : ၃၀]*

တမန်တော်မြတ် ﷺ ၏ ဤတိုင်တန်းမှုသည် အလ္လာဟ်အသျှင်မြတ်၏ အပါးတော်ဝယ် 'ကေယာမသ်' နေ့၌ ဖြစ်ပေလိမ့်မည်။ သို့တည်းမဟုတ် ဤကမ္ဘာလောက၌မှာပင် ဤတိုင်တန်းမှုကို ပြုခဲ့ပေသည်။ အဖွင့်အကျယ်ချဲ့ ပြန်ဆိုရေးသားကြသော အေမာမ်ကြီးများသည် ပုံစံနှစ်ရပ်စလုံး ဖြစ်နိုင်သည်ဟူ၍ အဆိုအမျိုးမျိုး ကွဲပြားနေကြပေသည်။ တင်ပြလျက်ရှိသော အာယသ်တော်အား ပြင်ပသဏ္ဍာန်အားဖြင့် ရှုမြင်သုံးသပ်မည်ဆိုလျှင် 'ဤတိုင်တန်းမှုအား တမန်တော်မြတ် ﷺ သည် ဤကမ္ဘာလောက၌မှာပင် ပြုခဲ့သည်'ဟူသော အကြောင်းခံ ပါဝင်နေပေသည်။ အကြင်တိုင်တန်းမှုအား ဖြေကြားရာ၌ တမန်တော်မြတ် ﷺ အား ဖြေသိမ့်မှုပေးရန်အတွက် ရှေ့အာယသ်တော်အတွင်း၌ မိန့်တော်မူထားပေသည်။

وَكَذٰلِكَ جَعَلْنَا لِكُلِّ نَبِيٍّ عَدُوًّا مِّنَ الْمُجْرِمِيْنَ

အို၊ နဗီတမန်တော်၊ စင်စစ် ငါအသျှင်မြတ်သည် ဤနည်းအတိုင်းပင် နဗီတမန်တော်တိုင်း၏ ရန်သူကို ပြစ်မှုရှိသူတို့အနက်မှ ပြုလုပ်တော်မူခဲ့၏။ *[၂၅ : ၃၁]*

ဆိုလိုသည်မှာ အကယ်၍ အသင်၏ ရန်သူတို့သည် ကုရ်အာန်ကျမ်းတော်မြတ်ကို လက်မခံပါမူ အသင်သည် ယင်းအချက်အပေါ် သည်းခံမှုတရား ထားသင့်ပေသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ် အသျှင်မြတ်၏ ဓလေ့တော်မှာ 'နဗီတိုင်း၌ အချို့ပြစ်မှုရှိသော ရန်သူများ ရှိကြပေသည်။ နဗီတမန်တော်များသည် ယင်းအချက်အပေါ် အမြဲတမ်း သည်းခံမှုတရား ထားရှိခဲ့ကြပေသည်။'

ကုရ်အာန်ကျမ်းတော်မြတ်ကို ကျင့်ကြံဆောင်ရွက်ခြင်းမှ စွန့်လွှတ်ထားခြင်းသည်လည်း ကြီးလေးသော ပြစ်မှုဒုစရိုက်ဖြစ်ခြင်းအကြောင်း

ကုရ်အာန်ကျမ်းတော်မြတ်ကို စွန့်လွှတ်၊ ဂရုမမူခြင်း၏ အလိုသဘောသည် ကုရ်အာန်ကျမ်းတော်မြတ်ကို ငြင်းပယ်ကြောင်းမှာ ထင်ရှားလှပေသည်။ အကြင်လုပ်ရပ်သည် ကာဖိရ်တို့၏ လုပ်ရပ်သာလျှင် ဖြစ်ပေသည်။ သို့ရာတွင် အချို့သော ဆင့်ပြန်ချက်များ၌ လာရှိထားသည်မှာ 'အကြင်မွတ်စ္စလင်မ်သည် ကုရ်အာန်ကျမ်းတော်မြတ်အပေါ် အီမာန်ရယူကာ အစဉ်အမြဲ ရွတ်ဖတ်ခြင်းလည်း မရှိ။ ထိုကျမ်းမြတ်အတိုင်း ကျင့်ကြံဆောက်တည်မှု မရှိသည်ဆိုလျှင် ယင်းအချက်တို့သည်လည်း အထက်ဖော်ပြပါ အမိန့်အတွင်း၌ ပါဝင်ပေသည်' ဟူ၍ ဖြစ်သည်။ ဟဇရသ်အနတ်စ် ﷺ သခင်ကြီးက ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ သည် မိန့်တော်မူထားသည်မှာ-

من تعلم القرآن ـــــ بيني وبينه ذكره الثعلبي

အကြင်သူသည် ကုရ်အာန်ကျမ်းတော်မြတ်ကို သင်ယူထားပေသည်။ သို့ရာတွင် တစ်ဖန် ထိုကျမ်းမြတ်ကို ပိတ်၍ အိမ်၌ ချိတ်ဆွဲထားကာ စွဲမြဲစွာ ရွတ်ဖတ်ခြင်းလည်း မပြု။ ကျမ်းမြတ်လာ ပညတ်ချက်များကို စဉ်းစားမှု မပြုပါက 'ကေယာမသ်'နေ့၌ ကုရ်အာန်ကျမ်းတော်မြတ်သည် ၎င်း၏ လည်ပင်း၌ ချိတ်တွယ်၊ တွယ်ဖက်ကာ လာရောက်၍ အလ္လာဟ်အသျှင်မြတ်၏ အခစားတော်၌ 'ထိုကျေးကျွန်သည် ကျွန်တော်မျိုးအား စွန့်လွှတ်ထားခဲ့ပါသည်။ ယခု အသျှင်မြတ်သည် ကျွန်တော်မျိုးနှင့် ၎င်း၏ ကြား၌ ဆုံးဖြတ်ချက် ချပေးတော်မူပါ' ဟူ၍ တိုင်ကြားလျှောက်ထားပေလိမ့်မည်ဟူ၍ ဖြစ်သည်။ *[ကုရ်သုဗီ]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَقَالَ الَّذِينَ كَفَرُوا لَوْلَا نُزِّلَ عَلَيْهِ الْقُرْآنُ جُمْلَةً وَاحِدَةً ۚ كَذَٰلِكَ لِنُثَبِّتَ بِهِ فُؤَادَكَ ۖ وَرَتَّلْنَاهُ تَرْتِيلًا ﴿٣٢﴾

၂၅ : ၃၂ ။ ။ ၎င်းပြင် ကာဖိရ်သွေးဖည်ငြင်းပယ်သော သူတို့က 'အဘယ်ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်သည် ထိုသူ (မိုဟမ္မဒ်) ၏ အပေါ်၌ တစ်ကြိမ်တည်း (အစ၊ အဆုံး) အလုံးစုံ ချပေးခြင်းကို မခံခဲ့ရပါသနည်း' ဟု ပြောဆိုကြကုန်၏။ ယင်း (သို့ အလီလီ ချပေးတော်မူခြင်း) မှာ ငါအသျှင်မြတ်သည် အသင်၏ စိတ်နှလုံးကို ကြံ့ခိုင်စေတော်မူရန်အလို့ငှာ ဖြစ်၏။ ၎င်းပြင် ငါအသျှင်မြတ်သည် ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) ကို တစ်ဖြည်းဖြည်း ဆိုင်းငံ့၍ ချပေးသနားတော်မူခဲ့၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းပြင် ကာဖိရ်သွေးဖည်ငြင်းပယ်သော သူတို့က 'အဘယ်ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်သည် ထိုသူ (မိုဟမ္မဒ်နဗီ) အပေါ်၌ တစ်ကြိမ်တည်း (အစ၊ အဆုံး) အလုံးစုံ ချပေးခြင်းကို မခံခဲ့ရသနည်း' ဟု

ပြောဆိုကြကုန်၏။ (ထိုစာဒကအား တက်ရခြင်း၏ ရည်ရွယ်ချက်မှာ 'အကယ်၍ အလ္လာဟ်အသျှင်မြတ်၏ မုဂ္ဂပါဠ်တော်ဖြစ်မူ တစ်ပြည်းပြည်း ကျရောက်လာရန် အဘယ်ကြောင့် လိုအပ်ပေမည်နည်း။ ယင်းသို့ တစ်ပြည်းပြည်း ကျရောက်လာခြင်းဖြစ်ပါမူ 'တမန်တော်မိုဟမ္မဒ် ﷺ ကိုယ်တော်တိုင်သည် စဉ်းစားကာ အနည်းငယ်စီ ပြုလုပ်နေခြင်း' ဟူသော သံသယဝင်ရောက်နေပေသည်။ အရှေ့၌ ယင်းစာဒကအား တုန့်ပြန်ဖြေကြားထားလေသည်။ ယင်း (သို့ အလီလီ ငါအသျှင်မြတ် ချပေးတော်မူရခြင်းအကြောင်းမှာ) ငါအသျှင်မြတ်သည် အသင်၏ စိတ်နှလုံးကို ကြံ့ခိုင်စေတော်မူရန် အလို့ငှာ ဖြစ်၏။ (ထို့ကြောင့်) ၄င်းပြင် (ငါအသျှင်မြတ်သည် ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) ကို တစ်ပြည်းပြည်း ဆိုင်းငံ့၍ ချပေးသနားတော်မူခဲ့၏။ သို့ရှိရာ ၂၃ နှစ်တာကာလအတွင်း၌ တစ်ပြည်းပြည်း ကျရောက်လာကာ ပြီးပြည့်စုံတော်မူသွားပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤသည် စူရာဟ်တော်၏ အစမှ စတင်ခဲ့သော ကာဖိရ်၊ မုရှ်ရစ်က်တို့၏ စာဒကများနှင့် အဖြေများသာ ဖြစ်ပေသည်။ ထိုစာဒက၏ အဖြေ၌ ကုရ်အာန်ကျမ်းတော်မြတ်ကို တစ်ပြည်းပြည်း ချပေးတော်မူခြင်း၏ အမြော်အမြင်တစ်ရပ်ကို ဤနေရာ၌ 'ထိုကဲ့သို့ တစ်ပြည်းပြည်း ချပေးသနားတော်မူခြင်း၏ အကြောင်းခံကြောင့် အသင်၏ နှလုံးသားကို ကြံ့ခိုင်စေတော်မူရန် ရည်ရွယ်ခြင်း' ဟူ၍ တင်ပြထားပေသည်။ ထိုသို့ တစ်ပြည်းပြည်း ချပေးသနားတော်မူခြင်းနှင့် စပ်လျဉ်း၍ တမန်တော်မြတ် ﷺ ၏ စိတ်နှလုံးသား ကြံ့ခိုင်စေတော်မူခြင်း၏ အကြောင်းအချက်အချို့ လာရှိပေသည်။

(၁) အလွတ်ကျက် မှတ်သားထားရန် လွယ်ကူသွားပေသည်။ ထူထဲသော ကျမ်းမြတ်ကြီး တစ်အုပ်လုံး တစ်ပြိုင်နက်တည်း ကျရောက်လာမည်ဆိုလျှင် ဤသို့ အထက်ဖော်ပြပါအတိုင်း လွယ်ကူမှု မရှိပေ။ လွယ်ကူစွာဖြင့် အလွတ်ကျက် မှတ်သားထားခြင်းဖြင့် နှလုံးသားအတွင်း၌ စိတ်သောကတစ်စုံတစ်ရာ မျှဝေဖြာနေမည်မဟုတ်ပေ။

(၂) ကာဖိရ်များသည် အသင့်အား စာဒကတစ်စုံတစ်ရာသော်လည်းကောင်း၊ သို့မဟုတ် အသင့်အား မနှစ်မြို့ဖွယ်ရာ ကိစ္စရပ်တစ်စုံတစ်ရာကို ပြုကြမည်ဆိုလျှင် ထိုအချိန် အသင့်အား ဖြေသိမ့်မှုပေးရန်အတွက် ကျမ်းတော်မြတ်၏ အာယသ်တော် ကျရောက်လာပေသည်။ အကယ်၍ ကုရ်အာန်ကျမ်းတော်မြတ်တစ်အုပ်လုံး တစ်ကြိမ်တစ်ခါတည်း ကျရောက်လာကာ တစ်ဆက်တည်းမှာပင် သီးသန့် ဖြစ်အင် တစ်ရပ်နှင့် စပ်လျဉ်း၍လည်း ဖြေသိမ့်မှုပေးခြင်းအကြောင်း ကျရောက်လာမည်ဆိုပါက မည်သို့ပင်ဖြစ်စေ ၄င်းကို ကုရ်အာန်ကျမ်းတော်မြတ်အတွင်း ရှာဖွေရန် လိုအပ်လာပေမည်။ ထို့နောက် အသိအာရုံသည်လည်း ထိုဘက်သို့ ရောက်ရှိရန်မှာလည်း ဓလေ့သဘာဝအရ အရေးမကြီးတော့ပေ။

(၃) အလ္လာဟ်အသျှင်မြတ်၏ မုက္ခပါဠ်တော် ကျရောက်လာခြင်းသည် 'အလ္လာဟ်အသျှင်မြတ် အတူရှိနေတော်မူခြင်း'၏ သစ်လွင်သော အထောက်အထား လက္ခဏာဖြစ်ပေသည်။ အကြင်အသျှင်မြတ် အတူရှိနေတော်မူခြင်း' သည် စိတ်ဓါတ်ရေးရာ ကြံ့ခိုင်ခြင်း၏ အကြီးမားဆုံးသော အခြေခံ မူတည်ချက် ဖြစ်ပေသည်။ ဤနေရာ၌ 'စိတ်ဓါတ်ကြံ့ခိုင်မှု၏ အမြော်အမြင်တစ်ရပ်ကို တစ်ဖြည်းဖြည်း ကျရောက် ရခြင်း' ၏ အမြော်အမြင်သည် အဆိုပါအချက်တစ်ချက်ပေါ်၌သာ မူတည်နေခြင်းမဟုတ်ဘဲ အခြားသော အချက်များလည်း ရှိပေသည်။ အကြင်အချက်များထဲမှ အချို့အချက်ကို စူရာဟ်ဗနီအိစ်ရာအီးလ်၏ အာယသ် တော်ဖြစ်သော

وَقُرْاٰنًا فَرَقْنٰهُ لِتَقْرَاَهٗ عَلَى النَّاسِ عَلٰى مُكْثٍ

ထို့ပြင် ငါအသျှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို အသင့်အား လူတို့ရှေ့ဝယ် ဆိုင်းကာ (တစ်နည်း) ဆိုင်းငံ့ထားသော ကြားကာလ၌ ဖတ်ကြားနိုင်ရန်အလို့ငှာ ယင်းကျမ်းတော်မြတ်ကို ပိုင်းဖြတ်၊ ခွဲခြမ်းကာ ခြားနား၍ ချပေးတော်မူခြင်း ဖြစ်ပေသည်။ *[၁၇ : ၁၀၆]*

ဟူသော အာယသ်တော်အတွင်း၌လည်း လာရှိပြီးဖြစ်သည်။ *[ဗယာနုလ်ကုရ်အာန်ကျမ်း]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَا يَاْتُوْنَكَ بِمَثَلٍ اِلَّا جِئْنٰكَ بِالْحَقِّ وَاَحْسَنَ تَفْسِيْرًا ﴿٣٣﴾

၂၅ : ၃၃ ။ ။ စင်စစ် ၎င်းတို့သည် အသင့်ထံသို့ မည်မျှပင် (တစ်စုံတစ်ရာ) အံ့ဖွယ်ထူးဆန်းသော ဥပမာပုံဆောင် ချက်ကိုပင် ယူဆောင်၍ လာကြစေကာမူ၊ ငါအသျှင်မြတ်သည် ထိုအကြောင်းနှင့် စပ်လျဉ်း၍ တိကျမှန်ကန်သည့်အပြင် ရှင်းလင်းချေပချက်အားဖြင့် ပိုမို၍ ကောင်းမွန်သော (၎င်း၏) အဖြေကို အသင့်ထံသို့ ပို့ဆောင်တော်မူခဲ့ချည်းသာ ဖြစ်၏။

اَلَّذِيْنَ يُحْشَرُوْنَ عَلٰى وُجُوْهِهِمْ اِلٰى جَهَنَّمَ ۙ اُولٰٓئِكَ شَرٌّ مَّكَانًا وَّاَضَلُّ سَبِيْلًا ﴿٣٤﴾

၂၅ : ၃၄ ။ ။ ထိုသူတို့သည်ပင် 'ဂျဟန္နမ်'ငရဲဘုံသို့ မျက်နှာမှောက်လျက် (တရွတ်တိုက်ဆွဲကာ) ပို့ဆောင်ခြင်းကို ခံကြရပေမည်။ ထိုသူတို့သည် နေရာဌာနအားဖြင့် အဆိုးဆုံးသော သူများ၊ တရားလမ်းစဉ်အားဖြင့် လွန်စွာ မှားယွင်းသော သူများသာ ဖြစ်ကြကုန်သည်။

وَلَقَدْ اٰتَيْنَا مُوْسَى الْكِتٰبَ وَجَعَلْنَا مَعَهٗٓ اَخَاهُ هٰرُوْنَ وَزِيْرًا ﴿٣٥﴾

၂၅ : ၃၅ ။ ။ ကေန်စင်စစ် ငါအသျှင်မြတ်သည် (နဗီတမန်တော်) မူစာအား (သောင်ရားသ်) ကျမ်းဂန်ကို ချီးမြှင့် ပေးသနားတော်မူခဲ့၏။ ၎င်းပြင် ယင်း (မူစာ) နှင့်အတူ ၎င်း၏ နောင်တော် ဟာရွန်အား ကူညီဖော်ကူညီဖက်အဖြစ် ပြုလုပ် ပေးတော်မူခဲ့၏။

فَقُلْنَا اذْهَبَا إِلَى الْقَوْمِ الَّذِينَ كَذَّبُوا بِآيَاتِنَا فَدَمَّرْنَاهُمْ تَدْمِيرًا ﴿٣٦﴾

၂၅ : ၃၆ ။ ။ ထို့နောက် ငါအသျှင်မြတ်သည် (၎င်းတို့နှစ်ပါးအား) 'အသင်တို့နှစ်ဦးသည် ငါအသျှင်မြတ်၏ သက်သေလက္ခဏာ (အာယသ်) တော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြကုန်သော အမျိုးသားတို့ထံ သွားကြလေကုန်'ဟု မိန့်ကြားတော်မူ၏။ [ထိုအခါ ၎င်းတမန်တော်နှစ်ပါးသည် ထိုအမျိုးသားတို့ထံ သွားရောက်၍ သာသနာပြုခဲ့သော်လည်း ၎င်းတို့သည် ယုံကြည်လက်ခံခြင်းမပြုဘဲ ငြင်းပယ်ခဲ့လေသည်။] နောက်ဆုံးတွင်မူ ငါအသျှင်မြတ်သည် ထိုအမျိုးသားတို့အား လုံးဝ ဖျက်ဆီးတော်မူခဲ့၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

စင်စစ် ၎င်းတို့သည် အသင့်ထံသို့ မည်မျှပင် (တစ်စုံတစ်ရာ) အံ့ဖွယ်ထူးဆန်းသော ဥပမာပုံဆောင်ချက်ကိုပင် ယူဆောင်၍ လာကြစေကာမူ ငါအသျှင်မြတ်သည် ထိုအကြောင်းနှင့် စပ်လျဉ်း၍ တိကျမှန်ကန်သည့်အပြင် ရှင်းလင်းချေပချက်အားဖြင့် ပိုမို၍ ကောင်းမွန်သော (၎င်း၏) အဖြေကို အသင့်ထံသို့ ပို့ဆောင်တော်မူခဲ့ချည်းသာ ဖြစ်၏။ (သို့မှသာ အသင်သည် ဆန့်ကျင်သူတို့အား အဖြေပေးနိုင်မည်ဖြစ်သည်။ ဤသည်ပြင်ပဝါဒီသဘောမျိုးဖြင့် ကြည့်ရှုမည်ဆိုလျှင် စိတ်ဓါတ်ကြံ့ခိုင်စေရန်အကြောင်း ဖြစ်သည်။ အကြင်အချက်၏ အကြောင်း ဤအလျှင် အာယသ်တော်အတွင်း၌လည်း တင်ပြထားပေသည်။ တစ်ဖြည်းဖြည်း ချပေးရာ၌ အမြော်အမြင်တစ်ရပ်မှာ 'ကာဖိရ်များသည် စောဒကတစ်စုံတစ်ရာ တက်ကာ လာကြပါမူ ထိုအချိန်၌ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ အဖြေကို ချပေးတော်မူခြင်း'ဟူ၍ အသင့်အား စိတ်ဓါတ်ကြံ့ခိုင်စေရန် ဖြစ်သည်။) ထိုသူတို့သည်ပင် 'ဂျဟန္နမ်'ငရဲဘုံသို့ မျက်နှာမှောက်လျက် (ဒရွတ်တိုက်ဆွဲကာ) ပို့ဆောင်ခြင်းကို ခံကြရပေမည်။ ထိုသူတို့သည် နေရာဌာနအားဖြင့် အဆိုးဆုံးသောသူများ၊ တရားလမ်းစဉ်အားဖြင့် လွန်စွာ မှားယွင်းသောသူများသာ ဖြစ်ကြကုန်သည်။ (ဤနေရာထိတိုင် ရစူလ်တမန်တော်များ၏ ရစူလ်ဖြစ်ခြင်းကို ငြင်းဆိုမှုအပေါ် ခြိမ်းခြောက်ချက်နှင့် ကုရ်အာန်ကျမ်းတော်မြတ်အပေါ် တက်သော စောဒကများ၏ တုန့်ပြန်ချေပချက်များ ဖြစ်ပေသည်။ ရှေ့၌ ယင်းအချက်များကို ထောက်ခံအားပေးမှု ပြုခြင်းနှင့် စပ်လျဉ်း၍ အတိတ်၏ ဖြစ်အင်များကို တင်ပြထားလေသည်။ အကြင်ဖြစ်အင်များအတွင်း၌ ရစူလ်ဖြစ်ခြင်းကို ငြင်းဆိုသောသူတို့၏ နောက်ဆုံးရလဒ်နှင့် သံဝေဂရဖွယ်အချက်များကို တင်ပြထားပေသည်။ ထိုအခြေအနေများအတွင်း၌လည်း 'အတိတ်ခေတ် နဗီတမန်တော်များကို အလ္လာဟ်အသျှင်မြတ်သည် မည်ကဲ့သို့ ကူညီခဲ့ပုံနှင့် ရန်သူများအပေါ် မည်ကဲ့သို့ လွှမ်းမိုးစေတော်မူခဲ့ပုံ၊ အသင့်အဖို့လည်း ယင်းကဲ့သို့ပင် ဖြစ်မည်'ဟူ၍လည်း တမန်တော်မြတ် ﷺ အတွက် ဖြေသိမ့်မှုပေးရန်နှင့် စိတ်ဓါတ်ကြံ့ခိုင်စေရန်အတွက် အကြောင်းတရားများ ဖြစ်သည်။ ထိုဖြစ်အင်များအတွင်းမှ ဦးစွာ ဟဇရသ်မူစာ عليه السلام ၏ ဖြစ်အင်ကို တင်ပြထားပေသည်။) ကေန်စင်စစ် ငါအသျှင်မြတ်သည် (နဗီတမန်တော်) မူစာအား (သောင်ရားသ်) ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။

၎င်းပြင် (ယင်းကျမ်းအား မချီးမြှင့်မီအလျင်) ယင်း (မူစာ) နှင့်အတူ ၎င်း၏ နောင်တော်ဟာရူန်အား ကူညီဖော်ကူညီဖက်အဖြစ် ပြုလုပ်ပေးတော်မူခဲ့၏။ ထို့နောက် ငါအသျှင်မြတ်သည် (၎င်းတို့နှစ်ပါးအား) အသင်တို့နှစ်ဦးသည် ငါအသျှင်မြတ်၏ သက်သေလက္ခဏာ (အာယသ်) တော် ('သောင်ဟီးဒ်' တစ်ပါးတည်း တည်ရှိခြင်းတရား) များကို ငြင်းပယ်ကြကုန်သော (ဖိရ်အောင်န်နှင့်) ၎င်း၏ အမျိုးသားတို့ထံ (တရားလမ်းမှန်မှု ရရှိစေရန်အတွက်) သွားကြလေကုန်' ဟု မိန့်ကြားတော်မူ၏။ (ထိုအခါ ၎င်းတမန်တော်နှစ်ပါးသည် ထိုအမျိုးသားတို့ထံ သွားရောက်၍ သာသနာပြုခဲ့သော်လည်း ၎င်းတို့သည် ယုံကြည်လက်ခံခြင်းမပြုဘဲ ငြင်းပယ်ခဲ့လေသည်။) နောက်ဆုံးတွင် ငါအသျှင်မြတ်သည် (မိမိ၏ အမျက် တော်ဖြင့်) ထိုအမျိုးသားတို့အား (မြစ်ပင်လယ်အတွင်း နစ်မြုပ်စေကာ) လုံး၀ ဖျက်ဆီးတော်မူခဲ့၏။

သိမှတ်ဖွယ်ရာများနှင့် စမ္ဗသတ်များ

اَلَّذِيْنَ كَذَّبُوْا بِاٰيٰتِنَا

(ငါအသျှင်မြတ်၏ သက်သေလက္ခဏာ အာယသ်တော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြကုန်သော) ဟူသော အာယသ်တော်အတွင်း၌ ဖိရ်အောင်န်၏ အမျိုးသားများနှင့် စပ်လျဉ်း၍ '၎င်းတို့သည် ငါအသျှင်မြတ်၏ သက်သေလက္ခဏာ (အာယသ်) တော်များကို ငြင်းပယ်ခဲ့ကြကုန်၏' ဟူ၍ မိန့်တော်မူထားပေသည်။ စေကန်အမှန် ထိုအချိန်ထိတိုင် ဟဇရသ်မူစာ ﷺ အပေါ် 'သောင်ရားသ်' ကျမ်းသည် မကျရောက်လာသေးပေ။ ထို့ကြောင့် ငြင်းပယ်ခြင်း၏ အလိုသဘောသည် 'သောင်ရားသ်' ကျမ်း၏ သက်သေလက္ခဏာတော်များကို ငြင်းပယ်ခြင်း၏ အလိုသဘောမျိုး မဖြစ်နိုင်ပေ။ သို့သာမက အလိုသဘောသည် တစ်ပါးတည်း တည်ရှိခြင်း (သောင်ဟီးဒ်) ၏ ကြံဆမှုရေးဆိုင်ရာ အထောက်အထားများ (ထိုအချက်ကို လူသားတိုင်းသည် မိမိတို့၏ ဦးနှောက်အသိဉာဏ်နှင့် လျော်ညီစွာ နားလည်သဘောပေါက်နိုင်ပေသည်။ ထိုအချက်များအား မစဉ်းစား၊ မတွေးခေါ်ခြင်းကို အာယသ်တော်များအား ငြင်းပယ်ခြင်းဟူ၍ မိန့်တော်မူထားခြင်း ဖြစ်သည်) လည်း ဖြစ်နိုင်သကဲ့သို့ သို့တည်းမဟုတ် အတိတ်ခေတ် နဗီတမန်တော်များ၏ ဆင့်ပြန်ချက်များသည် အနည်းနှင့် အများမဆို မျိုးနွယ်အုပ်စုတိုင်းအတွင်း၌ လက်ဆင့်ကမ်းအသွင်မျိုး ဖြစ်လေရာ ထိုဆင့်ပြန်ချက်များအား ငြင်းဆိုခြင်းသည် အလိုသဘောမျိုးလည်း ဖြစ်နိုင်ပေသည်။ ပမာဆိုရသော် ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌

وَلَقَدْ جَاءَكُمْ يُوْسُفُ مِنْ قبل البينات

ထို့အပြင် စေကန်မလွဲ နဗီတမန်တော်ယူစွဖ်သည် အသင်တို့ထံ ရှေးဦးစွာ သက်သေအထောက်အထားများ ယူဆောင်ခဲ့လေ၏။ *[၄၀ : ၃၄]*

ဟူ၍ မိန့်တော်မူထားပေသည်။ ထိုအာယသ်တော်အတွင်း၌ အတိတ်ခေတ်နဗီတမန်တော်များ၏ သင်ကြားမှုသည် ၎င်းတို့ထိတိုင် ဆင့်ကဲရောက်ရှိလာခြင်းကို ပြဆိုထားပေသည်။ *[ဗယားနုလ်ကုရ်အာန်]*

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَقَوْمَ نُوحٍ لَّمَّا كَذَّبُوا الرُّسُلَ أَغْرَقْنَاهُمْ وَجَعَلْنَاهُمْ لِلنَّاسِ
آيَةً ۖ وَأَعْتَدْنَا لِلظَّالِمِينَ عَذَابًا أَلِيمًا ﴿٣٧﴾

၂၅ : ၃၇ ။ ။ ထို့နည်းတူစွာ (တမန်တော်) နူးဟ်၏ အမျိုးသားတို့သည် ရစူလ်တမန်တော်များအား မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြသောအခါ ငါအသျှင်မြတ်သည် ၎င်းတို့အား (ရေတွင်) နစ်မြုပ်စေတော်မူခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့အား လူခပ်သိမ်းတို့အဖို့ (သင်ခန်းစာယူရန်) သက်သေလက္ခဏာတစ်ရပ် ပြုလုပ်တော်မူခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် မတော်မတရား ပြုလုပ်သောသူတို့အဖို့ ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်ကို အဆင်သင့် ပြုလုပ်၍ ထားရှိတော်မူပေသည်။

وَعَادًا وَثَمُودَا وَأَصْحَابَ الرَّسِّ وَقُرُونًا بَيْنَ ذَٰلِكَ كَثِيرًا ﴿٣٨﴾

၂၅ : ၃၈ ။ ။ ထို့ပြင် 'အာဒ်' အမျိုးသားတို့အားလည်းကောင်း၊ 'ဆမူဒ်' အမျိုးသားတို့အားလည်းကောင်း၊ 'ရတ်စ္စ' မြို့သားတို့အားလည်းကောင်း၊ ၎င်းတို့အကြားဝယ် မြောက်မြားစွာသော အမျိုးအနွယ်တို့အားလည်းကောင်း (ငါအသျှင်မြတ်သည် ဖျက်ဆီးတော်မူခဲ့၏။) ['အဌ္ဌဟာဗုရ်ရတ်စ္စ' သည် အတိတ်ခေတ်တွင် လူမျိုးတစ်မျိုး၊ သို့မဟုတ် တမန်တော်ရှုအိုက်ဗ်၏ အမျိုးသားများ၊ သို့မဟုတ် 'ယမာမဟ်' မြို့ရွာတစ်ခု၏ အမည်ဖြစ်ပြီး 'ဆမူဒ်' နွယ်၏ အကြွင်းအကျန်များ နေထိုင်ကြသည့် မြို့သူ မြို့သားများ၊ သို့မဟုတ် ကျင်းရှင်များ၊ တမန်တော်ဟန်ဇလဟ်၏ အမျိုးသားများ စသည်ဖြင့် ဖွင့်ဆိုကြပေသည်။]

وَكُلًّا ضَرَبْنَا لَهُ الْأَمْثَالَ ۖ وَكُلًّا تَبَّرْنَا تَتْبِيرًا ﴿٣٩﴾

၂၅ : ၃၉ ။ ။ စင်စစ် ငါအသျှင်မြတ်သည် (ထိုသို့သော အမျိုးသားတို့အနက်) အသီးသီးတို့၏ အကျိုးငှာ၊ ဥပမာပုံဆောင်ချက်များကို ခိုင်းနှိုင်းတော်မူခဲ့၏။ (သို့ပါလျက် ၎င်းတို့သည် မဟုတ်မမှန်ဟူ၍ပင် ငြင်းပယ်ခဲ့ကြ၏။) ထိုအခါ ငါအသျှင်မြတ်သည် (လူမျိုး) အသီးသီးတို့အား လုံးဝ ဖျက်ဆီးတော်မူခဲ့၏။

وَلَقَدْ أَتَوْا عَلَى الْقَرْيَةِ الَّتِي
أُمْطِرَتْ مَطَرَ السَّوْءِ ۚ أَفَلَمْ يَكُونُوا يَرَوْنَهَا ۚ بَلْ كَانُوا لَا
يَرْجُونَ نُشُورًا ﴿٤٠﴾

၂၅ : ၄၀ ။ ။ စင်စစ် ၎င်း (မက္ကာဟ်မြို့သား ကာဖိရ်) တို့သည် အလွန်ဆိုးရွားသည့် မိုးရွာသွန်းစေခြင်းကို ခံခဲ့ကြရသော မြို့ရွာသို့ ကေန်အမှန် ရောက်ရှိခဲ့ကြကုန်၏။ သို့ပါလျက် ၎င်းတို့သည် ယင်း (ပြစ်ဒဏ်၏ အမှတ်လက္ခဏာများ) ကို မမြင်ခဲ့ကြလေသလော။ ထိုသို့ အလျှဉ်းမဟုတ်။ စင်စစ်မှာမူ ၎င်းတို့သည် ရှင်ပြန်ထခြင်းကို 'ဖြစ်ရန်' လက္ခဏာရှိသည်ဟူ၍ပင် မမျှော်လင့်ကြပေ။

وَإِذَا رَأَوْكَ إِن يَتَّخِذُونَكَ إِلَّا هُزُوًا أَهَٰذَا الَّذِي بَعَثَ اللَّهُ رَسُولًا ﴿٤١﴾

၂၅ : ၄၁ ॥ ॥ ၎င်းပြင် ထိုသူတို့သည် အသင့်အား တွေ့မြင်ကြသောအခါ 'အလ္လာဟ်အသျှင်မြတ်သည် ရစူလ်တမန်တော်အဖြစ် စေလွှတ်တော်မူသော သူသည် ဤသူပင်လော' ဟု အသင့်အား ပြောင်လှောင်ကြကုန်၏။

إِن كَادَ لَيُضِلُّنَا عَنْ آلِهَتِنَا لَوْ
لَا أَن صَبَرْنَا عَلَيْهَا ۚ وَسَوْفَ يَعْلَمُونَ حِينَ يَرَوْنَ الْعَذَابَ
مَنْ أَضَلُّ سَبِيلًا ﴿٤٢﴾

၂၅ : ၄၂ ॥ ॥ 'အကယ်၍သာ ကျွန်ုပ်တို့သည် မိမိတို့၏ ကိုးကွယ်ရာဘုရားများ (အား ကြည်ညိုမြတ်နိုးရာ) ၌ စွဲမြဲကြံ့ခိုင်စွာ မရှိခဲ့ကြပါလျှင် ကေန်မလွဲ ၎င်းသည် ကျွန်ုပ်တို့အား ထိုကိုးကွယ်ရာဘုရားများမှ ဝေးအောင် ပြုခဲ့ပြီးသာ ဖြစ်ပေသည်' စင်စစ် ၎င်းတို့သည် မကြာမီ ပြစ်ဒဏ်ကို တွေ့မြင်ကြသောအခါ မည်သူသည် လမ်းလွဲသူဖြစ်ကြောင်း သိရှိသွားကြပေမည်။

أَرَأَيْتَ مَنِ اتَّخَذَ إِلَٰهَهُ هَوَاهُ أَفَأَنتَ تَكُونُ عَلَيْهِ وَكِيلًا ﴿٤٣﴾

၂၅ : ၄၃ ॥ ॥ (အို၊ နဗီတမန်တော်) မိမိ၏ စိတ်အလိုဆန္ဒကို မိမိ၏ ကိုးကွယ်ရာအဖြစ် ပြုလုပ်ခဲ့သော သူ၏ အကြောင်းကို အသင်သည် သိမြင်ခဲ့ပြီး မဟုတ်လော။ သို့ပါလျက် အသင်သည် ထိုသူ၏အပေါ်၌ အုပ်ထိန်းသူအဖြစ် ရှိစေနိုင်ပါသလော။

أَمْ تَحْسَبُ أَنَّ أَكْثَرَهُمْ يَسْمَعُونَ
أَوْ يَعْقِلُونَ ۚ إِنْ هُمْ إِلَّا كَالْأَنْعَامِ ۖ بَلْ هُمْ أَضَلُّ سَبِيلًا ﴿٤٤﴾

၂၅ : ၄၄ ॥ ॥ သို့တည်းမဟုတ် ထိုသူတို့အနက် များစွာသော သူတို့သည် ကြားကြသည်။ သို့မဟုတ် နားလည်ကြသည်ဟု အသင်ထင်မှတ်လေသလော။ ၎င်းတို့သည် ကုလားအုတ်၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များကဲ့သို့သာလျှင် ဖြစ်ကြသည်။ ထို့မျှမက (ထိုတိရစ္ဆာန်များထက်ပင်) သာလွန်လမ်းလွဲသူများ ဖြစ်ကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထိုနည်းတူစွာ (တမန်တော်) နူးဟ်၏ အမျိုးသားတို့သည် (၎င်းတို့၏ ခေတ်ကာလ၌) ရစူလ်တမန်တော်များအား မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြသောအခါ (ငါအသျှင်မြတ်သည် ၎င်းတို့အား ယင်းသို့ ငြင်းဆိုကြသည့်အတွက်ကြောင့်) ၎င်းတို့အား (ရေတွင်) နစ်မြုပ်စေတော်မူခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့ (၏ ဖြစ်အင်) အား လူ့ခပ်သိမ်းတို့အဖို့ (သံဝေဂသင်ခန်းစာယူရန်) သက်သေလက္ခဏာတစ်ရပ်

ပြုလုပ်တော်မူခဲ့၏။ (ဤသည် လောကီဘဝ၌ ခံစားရမည့် ပြစ်ဒဏ်ဖြစ်သည်။) ထို့ပြင် ငါအသျှင်မြတ်သည် (နောင်တမလွန် 'အာခေရသ်'၌ ထိုသို့) မတော်မတရားပြုလုပ်သောသူတို့အဖို့ ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်ကို အဆင်သင့်ပြုလုပ်၍ ထားရှိတော်မူပေသည်။ ထို့ပြင် 'အားဒ်'အမျိုးသားတို့အားလည်းကောင်း၊ 'စမူးဒ်'အမျိုးသားတို့အားလည်းကောင်း၊ 'ရတ်စ်'မြို့သားတို့အားလည်းကောင်း၊ ၎င်းတို့အကြား၌ မြောက်မြားစွာသော အမျိုးအနွယ်တို့အားလည်းကောင်း (ငါအသျှင်မြတ်သည် ဖျက်ဆီးတော်မူခဲ့၏။) 'ရတ်စ်'အမျိုးသားတို့ သည် အတိတ်ခေတ်တွင် လူမျိုးတစ်မျိုး သို့မဟုတ် တမန်တော်ရှုအိုက်ဗ်၏ အမျိုးသားများ၊ သို့မဟုတ် ယမာမဟ်မြို့ရွာတစ်ခု၏ အမည်ဖြစ်ပြီး စမူးဒ်မျိုးနွယ်၏ အကြွင်းအကျန်များ နေထိုင်ကြသည့် မြို့သူမြို့သားများ သို့မဟုတ် ကျင်းရှင်များ၊ တမန်တော်ဟာန်ဇွလာဟ်၏ အမျိုးသားများ စသည်ဖြင့် ဖွင့်ဆိုကြပေသည်။)

စင်စစ် ငါအသျှင်မြတ်သည် (ထိုသို့သော အမျိုးသားတို့အနက်) အသီးသီးတို့၏ (တရားလမ်းမှန်ရရန်) အကျိုးငှာ (တရားအကျိုးဆက် သက်ရောက်မှုရှိ၍ ကာရံနသော ပြောင်မြောက်လှစွာသော) ဥပမာပုံဆောင်ချက်များကို ခိုင်းနှိုင်းတော်မူခဲ့၏။ (သို့ပါလျက် ၎င်းတို့သည် မဟုတ်မမှန်ဟူ၍ပင် ငြင်းပယ်ခဲ့ကြ၏) ထိုအခါ ငါအသျှင်မြတ်သည် (လူမျိုး) အသီးသီးတို့အား လုံးဝ ဖျက်ဆီးတော်မူခဲ့၏။ စင်စစ် ၎င်း (မက္ကာဟ်မြို့သား) ကာဖိရ်တို့သည် အလွန်ဆိုးရွားသည့် မိုးရွာသွန်းစေခြင်းကို ခံခဲ့ကြရသော (လူးသ် ﷺ ၏ အမျိုးသားများနေထိုင်ရာ) မြို့ရွာသို့ ဧကန်အမှန် ရောက်ရှိခဲ့ကြကုန်၏။ သို့ပါလျက် ၎င်းတို့သည် ယင်း (ပြစ်ဒဏ်၏ အမှတ်လက္ခဏာများ) ကို မမြင်ခဲ့ကြလေသလော။ (အကြင်သေ့ဖည်မှု၏ ငြင်းဆိုမှုကြောင့် လူးသ် ﷺ ၏ မျိုးနွယ်အုပ်စုအပေါ် ပြစ်ဒဏ်သက်ရောက်ခဲ့ရာ ယင်းအချက်ကို စွန့်လွှတ်ရန် သံဝေဂတရား မရယူထားကြပေ၏လော။ သံဝေဂတရား မရယူထားခြင်း၏ အကြောင်းမှာ ထိုမြို့ရွာကို မမြင်တွေ့ခြင်းကြောင့် မဟုတ်ဘဲ) ထိုသို့ အလျဉ်းမဟုတ်။ (မူရင်းအကြောင်းမှာ) ၎င်းတို့သည် ရှင်ပြန်ထနိုင်ချေ ရှိသည့် လက္ခဏာရှိသည်ဟူ၍ပင် မထင်မှတ်ကြပေ။ (နောင်တမလွန် 'အာခေရသ်'ကို ငြင်းဆိုမှု ပြုကြသူများ ဖြစ်သည့်အတွက်ကြောင့် သေ့ဖည်ငြင်းဆိုမှုကို မုချ အပြစ်ဒဏ်သက်ရောက်ခြင်းဟူ၍ မသတ်မှတ်ထားပေ။ ထို့ကြောင့် ၎င်းတို့ ပျက်စီးသွားရခြင်း၏ အကြောင်းကို သေ့ဖည်ငြင်းဆိုမှု၏ ပြစ်ဒဏ်ဟူ၍ မမှတ်ယူကြဘဲ ရုတ်တရက် တိုက်ဆိုင်ဖြစ်ပျက်သွားသော အချက်များဟူ၍ မှတ်ယူထားကြပေသည်။ ဤသည် သံဝေဂတရား မရယူကြခြင်းကြောင့် ဖြစ်ပေသည်။)

၎င်းပြင် ထိုသူတို့သည် အသင့်အား တွေ့မြင်ကြသောအခါ အလ္လာဟ်အသျှင်မြတ်သည် ရစူလ်တမန်တော်အဖြစ် စေလွှတ်တော်မူသောသူသည် ဤသူ (တော်စဉ်) ပင်လောဟူ၍ အသင့်အား (ပြောဆို) ပြောင်လှောင်ကြကုန်၏။ (ဆိုလိုသည်မှာ ဤသို့ ဆင်းရဲသောသူသည် ရစူလ်တမန်တော် မဖြစ်သင့်ပေ။ အကယ်၍ ရစူလ်ဖြစ်ခြင်းသည် တန်ဖိုးထားရမည့်အရာဟု ဆိုလျှင်လည်း ကြွယ်ဝချမ်းသာပြီး လူကုံတံ တစ်ဦးတစ်ယောက် ဖြစ်သင့်ပေသည်။ သို့ရှိရာ ဤသူသည် ရစူလ်တမန်တော်မဟုတ်ပေ။ သို့သာမက) အကယ်၍သာ ကျွန်ုပ်တို့သည် မိမိတို့၏ ကိုးကွယ်ရာဘုရားများ (အား ကြည်ညိုမြတ်နိုးရာ၌) စွဲမြဲကြံ့ခိုင်စွာ မရှိခဲ့ကြပါလျှင် (ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် တရားလမ်းမှန်အပေါ်၌ တည်ရှိနေကြ၍ ဤသူတို့

သည် မိမိတို့အား လမ်းလွဲ လမ်းမှားခြင်းဘက်သို့ ရောက်ရန် ကြိုးစားနေပေသည်။) ကေန်မလွဲ ၎င်းသည် (မိမိ၏ အလွန်တက်ရောက်သော အာဏာစက်အစွမ်းဖြင့်) ကျွန်ုပ်တို့အား ထိုကိုးကွယ်ရာ ဘုရားများမှ ဝေးအောင် ပြုခဲ့ပြီးသာ ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား ချေပမိန့်မြွက်တော်မူသည်မှာ 'ဤသူယုတ်မာတို့သည် ယခုထိတိုင် မိမိတို့ကိုယ်ကို မိမိတို့ တရားလမ်းမှန်ရရှိသူများနှင့် ငါအသျှင်မြတ်၏ ရစူလ်တမန်တော်ကို လမ်းလွဲမှားသူဟူ၍ ပြဆိုနေပေသည်။) စင်စစ် (သေပြီးသည့်နောက်) ၎င်းတို့သည် မကြာမီ ပြစ်ဒဏ်ကို တွေ့မြင်ကြသောအခါ မည်သူသည် လမ်းလွဲသူဖြစ်ကြောင်း သိရှိသွားကြပေမည်။ (၎င်းတို့ကိုယ်တိုင် လမ်းလွဲမှားပေ၏လော။ သို့မဟုတ် (မပြောကောင်းမဆိုအပ်) အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်သည် လမ်းလွဲမှားပေ၏လော။ ထိုအာယသ်တော်အတွင်း၌ ၎င်းတို့၏ အကျိုးမဲ့စောဒကအား တုန့်ပြန်ဖြေကြားရာ၌ 'နဗီဖြစ်ခြင်းနှင့် ချမ်းသာကြွယ်ဝခြင်းကြား၌ တစ်စုံတစ်ရာ ဆက်စပ်မှု မရှိကြောင်း' ဘက်သို့ ညွှန်ပြထုတ်ဖော်ထားပေသည်။ ချမ်းသာကြွယ်ဝသူ မဖြစ်ခြင်းကြောင့် နဗီဖြစ်ခြင်းအား ငြင်းဆိုခြင်းသည် အသိဉာဏ်အလိမ္မာ ကင်းမဲ့မိုက်မှားမှုနှင့် လမ်းလွဲမှားခြင်းအပြင် အခြားတစ်စုံတစ်ရာမျှ မဟုတ်ပေ။ သို့ရာတွင် ဤကမ္ဘာလောက၌ မိမိတွေးခေါ်ချင်သလို တွေးခေါ်၍ ရပေရာ သို့ရာတွင် 'ကေယာမသ်'နေ့တွင် အခြေအနေစစ်၊ အခြေအနေမှန်များအားလုံး ပေါ်ပေါက်လာပေလိမ့်မည်။

(အို၊ နဗီတမန်တော်) မိမိ၏ စိတ်အလိုဆန္ဒကို မိမိ၏ ကိုးကွယ်ရာအဖြစ် ပြုလုပ်ခဲ့သောသူ၏ အကြောင်းကို အသင်သည် သိမြင်ခဲ့ပြီး မဟုတ်လော့။ သို့ပါလျက် အသင်သည် ထိုသူ၏အပေါ်၌ အုပ်ထိန်းသူအဖြစ် ရှိနေနိုင်ပါသလော။ သို့တည်းမဟုတ် ထိုသူတို့အနက် များးစွာသောသူတို့သည် ကြားကြသည်။ သို့မဟုတ် နားလည်ကြသည်ဟု အသင်ထင်မှတ်လေသလော။ (အလိုသဘောမှာ 'အသင်သည် ၎င်းတို့ တရားလမ်းမှန် မရရှိခြင်းကြောင့် သောကမပွားလေနှင့်။ အဘယ်ကြောင့်ဆိုသော် အသင်သည် ၎င်းတို့အပေါ် ၎င်းတို့ လိုလားသည်ဖြစ်စေ၊ မလိုလားသည်ဖြစ်စေ တရားလမ်းမှန်အပေါ် လျှောက်လှမ်းစေရန် စောင့်ကြပ်အုပ်ထိန်းသူမဟုတ်၍ ၎င်းတို့ တရားလမ်းမှန်ရရှိခြင်းကိုလည်း မျှော်လင့်ချက် မထားရှိလေနှင့်။ အဘယ်ကြောင့်ဆိုသော် ဤသူတို့သည် မှန်ကန်သော စကားကို နားမထောင်သလို စဉ်းစားတွေးခေါ်ရန် ဦးနှောက် အသိဉာဏ်လည်း မရှိပေ။) ၎င်းတို့သည် (စကားကို နားမထောင်၊ နားမလည်သော) ကုလားအုတ်၊ ကျွဲ၊ နွား တိရစ္ဆာန်များကဲ့သို့သာလျှင် ဖြစ်ကြသည်။ ထိုမျှမက (ထိုတိရစ္ဆာန်များထက်ပင်) သာလွန် လမ်းလွဲသူများ ဖြစ်ကြကုန်သည်။ (အဘယ်ကြောင့်ဆိုသော် ထိုတိရစ္ဆာန်များသည် သာသနာ့ပညတ်ချက်များနှင့်စပ်လျဉ်း၍ တာဝန်ရှိ အဖန်ဆင်းခံများ မဟုတ်ပေ။ သို့ရှိရာ ထိုတိရစ္ဆာန်များ မသိနားမလည်ခြင်းသည် ပြစ်တင်ဖွယ်ရာ မဟုတ်ပေ။ ဤသူတို့သည် တာဝန်ရှိ အဖန်ဆင်းခံ (မုကလ်လဖ်) များဖြစ်ကြရာ သို့တစေငြားလည်း မသိနားမလည်ကြပေ။ သို့ရာတွင် တစ်ဖန် အကယ်၍ ထိုတိရစ္ဆာန်များသည် ဒီးန်သာသနာ အရေးကြီးသော ကဏ္ဍရပ်များအား ယုံကြည်သူများလည်း မဟုတ်သကဲ့သို့ ငြင်းသောသူများလည်း မဟုတ်ပေ။ ဤကာဖိရ်တို့သည် ငြင်းဆိုသောသူများ ဖြစ်ပေသည်။ ဤအာယသ်တော်အတွင်း၌ ၎င်းတို့ လမ်းလွဲအောင် ပေါ်ပေါက်စေသော အရာကိုလည်း '၎င်းတို့သည် တစ်စုံတစ်ရာ သံသယနှင့် အထောက်အထား တို့ကို ဒွိဟဖြစ်နေသည် မဟုတ်ဘဲ စိတ်ရိုင်းအလိုကို လိုက်ခြင်း၏ အကြောင်းခံကြောင့်သာ ဖြစ်ခြင်း'ကို တင်ပြထားပေသည်။

သိမှတ်ဖွယ်ရာများနှင့် ခမ္ဘသတ်များ

နူးဟ် عليه السلام ၏ အမျိုးသားများနှင့် စပ်လျဉ်း၍ ၎င်းတို့သည် ရစူလ်တမန်တော်များကို ငြင်းဆိုခဲ့ကြသည်ဟူ၍ မိန့်တော်မူထားပေသည်။ စင်စစ်အမှန် ရစူလ်တစ်ပါးပါး ၎င်းတို့၏ ခေတ်ကာလ၌ မရှိသလို ငြင်းဆိုမှုကိုလည်း မပြုခဲ့ကြပေ။ သို့ရှိရာ မိန့်တော်မူလိုက်ရခြင်း၏ အခြေခံမူတည်ချက်မှာ ၎င်းတို့သည် ဟဇရတ်နူးဟ် عليه السلام ကို ငြင်းဆိုလိုက်ကြရာ ဒီန်သာသနာ၏ အခြေခံမူဝါဒပိုင်းဆိုင်ရာ ကဏ္ဍရပ်များမှာ နဗီတမန်တော်များအားလုံးကြားဝယ် ဖက်စပ်ပါဝင်နေခြင်းကြောင့် တစ်ဦးတစ်ပါးကို ငြင်းဆိုလိုက်ခြင်းသည် အားလုံးကို ငြင်းဆိုလိုက်ခြင်း၏ အဓိပ္ပါယ်အတွင်း ပါဝင်သွားပေသည်။

اَصۡحٰبَ الرَّسِّ ‘ရတ်စ်’ မြို့သူ၊ မြို့သားတို့အားလည်းကောင်း) ဟူသော အာယသ်တော်တွင် ‘ရတ်စ်’သည် အဘိဓါန်၌ ခြောက်သော တွင်းကို ခေါ်ဆိုပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်နှင့် မည်သည့် မှန်ကန်သော ဟဒီးစ်တော်တစ်ရပ်၌မှာပင်မဆို ၎င်းတို့၏ ဖြစ်အင်အကျယ်ချဲ့ကို မတင်ပြထားပေ။ အီစ်ရာအီးလ် သမိုင်းလာ ဆင့်ပြန်ချက်များမှာ အမျိုးမျိုးကွဲပြားနေပေသည်။ ‘စမူးဒ်မျိုးနွယ်ဝင်တို့၏ အကြွင်းအကျန်များ ဖြစ်ကြကာ ရေတွင်းတစ်ခုရှိရာ အရပ်ဒေသ၌ နေထိုင်ကြသောသူများ ဖြစ်ကြောင်း’ဟူသော အဆိုကို အသာပေးထားပေသည်။ *[ကာမူးစ်ကျမ်း၊ အိဗ်နေအဗ္ဗားစ်သခင်ကြီးထံမှ ဒုရ်]*

၎င်းတို့ထံ ကျရောက်လာသော ပြစ်ဒဏ်တော်၏ အခြေအနေကို ကုရ်အာန်ကျမ်းတော်မြတ်၏ မည်သည့် ‘နပ်စ်’ (လိုရင်းသဘောကို တင်ပြသည့်ဝါကျ) နှင့် မည်သည့်မှန်ကန်သော ဟဒီးစ်တော်တစ်ရပ်၌မှာပင်လည်း မတင်ပြထားပေ။ *[ဗယာ်နွလ်ကုရ်အာန်ကျမ်း]*

တရားတော်နှင့် ဆန့်ကျင်သော စိတ်ရိုင်းအလိုကို လိုက်ခြင်းသည်လည်း ရုပ်တုစဉ်းတုများကို ခဝပ်ကိုးကွယ်ခြင်း၏ အမျိုးအစားတစ်ရပ်ဖြစ်ခြင်းအကြောင်း

اَرَءَيۡتَ مَنِ اتَّخَذَ اِلٰهَهٗ هَوٰىهُ ؕ

အို၊ နဗီတမန်တော်၊ မိမိ၏ စိတ်အလိုဆန္ဒကို မိမိ၏ ကိုးကွယ်ရာအဖြစ် ပြုလုပ်ခဲ့သောသူ၏ အကြောင်းကို အသင်သည် သိမြင်ခဲ့ပြီး မဟုတ်လော့။ *[၂၅ ፡ ၄၃]*

ထိုအာယသ်တော်တွင် အစ္စလာမ်နှင့် သာသနာတော်ကို ဆန့်ကျင်ကာ စိတ်ရိုင်းအလိုကို ဆောင်သောသူနှင့် စပ်လျဉ်း၍ ‘၎င်းသည် မိမိ၏ အလိုများကို ခဝပ်ကိုးကွယ်ရာအဖြစ် ပြုထားသည်’ဟူ၍ မိန့်တော်မူထားသည်။ ဟဇရတ်အိဗ်နေအဗ္ဗားစ်သခင်ကြီးက မိန့်တော်မူထားသည်မှာ ‘သာသနာတော်နှင့် ဆန့်ကျင်သော တပ်မက်မှုများသည်လည်း ခဝပ်ခြင်းခံနေရသော ရုပ်တု၊ စဉ်းတုတစ်ရပ်ပင်တည်း’ဟူ၍ ဖြစ်သည်။ တစ်ဖန် အထောက်အထားပေးရာ၌ ဤအာယသ်တော်မြတ်ကို ရွတ်ဖတ်တော်မူလိုက်သည်။ *[ကုရ်သုဗီး]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

أَلَمْ تَرَ إِلَىٰ رَبِّكَ كَيْفَ مَدَّ الظِّلَّ وَلَوْ شَاءَ لَجَعَلَهُ سَاكِنًا ثُمَّ
جَعَلْنَا الشَّمْسَ عَلَيْهِ دَلِيلًا ﴿٤٥﴾

၂၅ : ၄၅ ။ ။ အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်က (အရာဝတ္ထု ခပ်သိမ်းတို့၏) အရိပ်ကို မည်သို့မည်ပုံ ပြန့်စေတော်မူခဲ့ကြောင်း လေ့လာဆင်ခြင် သုံးသပ်ခြင်း မပြုခဲ့လေသလော။ စင်စစ် ထိုအသျှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင်၊ ထိုအရိပ်ကို (လှုပ်ရှားနိုင်ခြင်း မရှိစေဘဲ) တည်ငြိမ်အောင် ပြုလုပ်တော်မူခဲ့မည်သာ ဖြစ်၏။ ထို့နောက် ငါအသျှင်မြတ်သည် 'နေ' ကို ထိုအရိပ်နှင့် စပ်လျဉ်း၍ သက်သေလက္ခဏာတစ်ရပ် ပြုလုပ်တော်မူခဲ့၏။

ثُمَّ قَبَضْنَاهُ إِلَيْنَا قَبْضًا يَسِيرًا ﴿٤٦﴾

၂၅ : ၄၆ ။ ။ ထို့နောက် ('နေ' တက်သည်နှင့်အမျှ) ငါအသျှင်မြတ်သည် ယင်းအရိပ်ကို မိမိ၏ထံတော်သို့ တစ်ဖြည်းဖြည်း ဆွဲယူရုပ်သိမ်းတော်မူခဲ့၏။

وَهُوَ الَّذِي جَعَلَ لَكُمُ اللَّيْلَ لِبَاسًا وَالنَّوْمَ سُبَاتًا وَجَعَلَ النَّهَارَ نُشُورًا ﴿٤٧﴾

၂၅ : ၄၇ ။ ။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင်လျှင် ညဉ့်ကို အသင်တို့အဖို့ အကာအကွယ် အဖုံးအအုပ်ဖြစ်စေတော်မူ၍ အိပ်စက်ခြင်းကို အပန်းဖြေရာ (အဖြစ်) ပြုလုပ်တော်မူခဲ့သော အသျှင်မြတ် ဖြစ်တော်မူ၏။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင် နေ့ကို ရှင်ပြန်ရန် ကာလ (အဖြစ်) ပြုလုပ်တော်မူခဲ့ပေသည်။

وَهُوَ الَّذِي أَرْسَلَ الرِّيَاحَ بُشْرًا بَيْنَ يَدَيْ
رَحْمَتِهِ ۚ وَأَنْزَلْنَا مِنَ السَّمَاءِ مَاءً طَهُورًا ﴿٤٨﴾

၂၅ : ၄၈ ။ ။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင် လေများကို မိမိ၏ ကရုဏာတော် (တည်းဟူသော မိုးမရွာမီ) ရှေ့ပြေး သတင်းကောင်းအဖြစ် စေလွှတ်တော်မူခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် မိုးကောင်းကင်မှ သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်သော (မိုး) ရေကို ချပေးသနားတော်မူခဲ့၏။

لِنُحْيِيَ بِهِ بَلْدَةً مَيْتًا وَنُسْقِيَهُ مِمَّا خَلَقْنَا أَنْعَامًا وَأَنَاسِيَّ كَثِيرًا ﴿٤٩﴾

၂၅ : ၄၉ ။ ။ (ယင်းကဲ့သို့ ချပေးသနားတော်မူခြင်းမှာ) ငါအသျှင်မြတ်သည် အသက်မရှိသော (တစ်နည်း) ခြောက်သွေ့လျက်ရှိသော မြို့ရွာကို ထို (မိုး) ရေဖြင့် ရှင်စေတော်မူရန်အလို့ငှာ (တစ်နည်း) စိုပြေစိမ်းလန်းတော်မူရန် အလို့ငှာ လည်းကောင်း၊ ဖန်ဆင်းတော်မူခဲ့သော မြောက်မြားစွာသော ကုလားအုတ်၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များနှင့် လူတို့အား ထို (မိုး) ရေကို တိုက်ကျွေးတော်မူရန် အလို့ငှာလည်းကောင်း ဖြစ်ပေသည်။

وَلَقَدْ صَرَّفْنَٰهُ بَيْنَهُمْ لِيَذَّكَّرُوا۟ فَأَبَىٰٓ أَكْثَرُ ٱلنَّاسِ إِلَّا كُفُورًا ٥٠

၂၅ : ၅၀ ။ ။ ထို့ပြင် ၎င်းတို့ တရားရရှိကြရန်အလို့ငှာ ငါအသျှင်မြတ်သည် ထို (မိုး) ရေကို ၎င်းတို့အကြားဝယ် ဝေငှ၍ ပေးကမ်းတော်မူခဲ့၏။ သို့ပါလျက် ၎င်းတို့အနက် မြောက်မြားစွာသော သူတို့မှာမူ ကျေးဇူးကန်းခြင်းမှအပ အခြားမည်သည့်ကိုမျှ လက်မခံကြပေ။

وَلَوْ شِئْنَا لَبَعَثْنَا فِى كُلِّ قَرْيَةٍ نَّذِيرًا ٥١

၂၅ : ၅၁ ။ ။ စင်စစ် အကယ်၍သာ ငါအသျှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် ရွာတိုင်းရွာတိုင်းတွင် သတိပေးနှိုးဆော်သူ (နဗီတမန်တော်) တစ်ပါးစီကို စေလွှတ်တော်မူခဲ့မည်သာ (ဖြစ်၏။)

فَلَا تُطِعِ ٱلْكَٰفِرِينَ وَجَٰهِدْهُم بِهِۦ جِهَادًا كَبِيرًا ٥٢

၂၅ : ၅၂ ။ ။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့၏ စကားကို လိုက်နာခြင်း မပြုနှင့်။ သို့သော် ဤ (ကုရ်အာန်ကျမ်းတော်မြတ်) ဖြင့် (လက်ကိုင်ပြု၍) ၎င်း (ကာဖိရ်) တို့အား ကြီးကျယ်ပြင်းထန်စွာ သက်စွန့်ကြိုးပမ်း ယှဉ်ပြိုင်ပါလေ။

وَهُوَ ٱلَّذِى مَرَجَ ٱلْبَحْرَيْنِ هَٰذَا
عَذْبٌ فُرَاتٌ وَهَٰذَا مِلْحٌ أُجَاجٌ وَجَعَلَ بَيْنَهُمَا بَرْزَخًا وَحِجْرًا مَّحْجُورًا ٥٣

၂၅ : ၅၃ ။ ။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင် ပင်လယ်နှစ်ခုကို ပေါင်းစပ်ပေးထားသော အသျှင်မြတ် ဖြစ်တော်မူပေရာ (ထိုပင်လယ်နှစ်ခုအနက်) တစ်ခု (သော ရေ) မှာ အရသာရှိ၍ ရေငတ်ပြေစေပြီး ချိုမြိန်၏။ ကျန်တစ်ခု (သော ရေ) မှာ ငံ၍ ခါး (သော အရသာရှိ) ပေသည်။ တစ်ဖန် ထိုအသျှင်မြတ်သည် ထိုပင်လယ်နှစ်ခု၏ အကြားဝယ် သေးသွယ်သည့် အဆက်တစ်ခုကို ထားရှိတော်မူခဲ့သည့်အပြင် (တစ်ခုနှင့်တစ်ခု ရောနှောမသွားစေရန် ခိုင်လုံသော) အကာအဆီးတစ်ခုဖြင့် ကာဆီး၍ ထားရှိတော်မူခဲ့၏။

وَهُوَ ٱلَّذِى خَلَقَ مِنَ ٱلْمَآءِ بَشَرًا فَجَعَلَهُۥ نَسَبًا وَ
صِهْرًا ۗ وَكَانَ رَبُّكَ قَدِيرًا ٥٤

၂၅ : ၅၄ ။ ။ တစ်ဖန် ထိုအသျှင်မြတ်သည်ပင် (ကာလလ) ရေကြည်ဖြင့် လူကို ဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ ထို့နောက် ထိုအသျှင်မြတ်သည် ထိုလူသားအား (သွေးရင်းသားရင်းဖြစ်သော) ဆွေမျိုးသားချင်းတော်စပ်သူ (မျိုးရိုးအစဉ်အဆက်) များနှင့်လည်းကောင်း၊ ထိမ်းမြားမှုဖြင့် ဆွေမျိုးတော်စပ်သော သူများ (အဖြစ်) နှင့်လည်းကောင်း၊ (တိုးပွား) ဖြစ်စေတော်မူခဲ့၏။ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

وَيَعْبُدُونَ مِن دُونِ اللَّهِ
مَا لَا يَنفَعُهُمْ وَلَا يَضُرُّهُمْ ۗ وَكَانَ الْكَافِرُ عَلَىٰ رَبِّهِ ظَهِيرًا ﴿٥٥﴾

၂၅ : ၅၅ ။ ။ သို့ရာတွင် ၎င်း (မုရှ်ရစ်က်) တို့မှာမူ အလ္လာဟ်အသျှင်မြတ်နှင့် ယှဉ်ပြိုင်၍ ၎င်းတို့အား အကျိုးဖြစ်ထွန်းစေနိုင်ကြသည်းလည်း မဟုတ်။ ထိုနည်းတူစွာ ၎င်းတို့အား အကျိုးယုတ်စေနိုင်ကြသည်လည်း မဟုတ်သော အကြင်အရာများကို ဆည်းကပ်ကိုးကွယ်ကြကုန်၏။ စင်စစ် ကာဖိရ်သွေဖည်ငြင်းပယ်သော သူသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ဘက်မှ (အမြဲဆန့်ကျင်သော) ကျောခိုင်းသူများပင် ဖြစ်ကြပေသည်။

وَمَا أَرْسَلْنَاكَ إِلَّا مُبَشِّرًا وَنَذِيرًا ﴿٥٦﴾

၂၅ : ၅၆ ။ ။ စင်စစ် (အို၊ နဗီတမန်တော်) ငါအသျှင်မြတ်သည် အသင့်အား သတင်းကောင်းပြောကြားသူနှင့် သတိပေးနှိုးဆော်သူအဖြစ်သာလျှင် စေလွှတ်တော်မူခဲ့၏။

قُلْ مَا أَسْأَلُكُمْ
عَلَيْهِ مِنْ أَجْرٍ إِلَّا مَن شَاءَ أَن يَتَّخِذَ إِلَىٰ رَبِّهِ سَبِيلًا ﴿٥٧﴾

၂၅ : ၅၇ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (ဤသို့) ပြောကြားပါလေ။ (အချင်းတို့) 'မည်သူမဆို အလိုရှိခဲ့ပါလျှင် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်သို့ သွားရာလမ်းကို ရွေးချယ်ရန်မှအပ အခြားမရှိပြီ။ ငါသည် ယင်း (အမိန့်တော်များကို ပို့ဆောင်ခြင်း) နှင့် စပ်လျဉ်း၍ အသင့်ထံသို့ မည်သည့်အဖိုးအခကိုမျှ တောင်းဆိုသည် မဟုတ်ပေ။'

وَتَوَكَّلْ عَلَى الْحَيِّ الَّذِي لَا يَمُوتُ وَسَبِّحْ بِحَمْدِهِ ۚ وَكَفَىٰ بِهِ
بِذُنُوبِ عِبَادِهِ خَبِيرًا ﴿٥٨﴾

၂၅ : ၅၈ ။ ။ ၎င်းပြင် (အို၊ နဗီတမန်တော်) အသင်သည် မည်သည့်အခါ၌မျှ သေဆုံးတော်မူမည် မဟုတ်သော အမြဲထာဝရ ရှင်တော်မူသော အလ္လာဟ်အသျှင်မြတ်အပေါ်၌သာလျှင် ယုံပုံလွှဲအပ်ပါလေ။ ၎င်းပြင် အသင်သည် ထိုအသျှင်မြတ်အား ချီးမွမ်းထောပမနာပြုခြင်းကို မြွက်ဆိုပါလေ။ စင်စစ် ထိုအသျှင်မြတ်သည်ပင် မိမိကျွန်များ၏ ပြစ်မှုတို့ကို သိရှိတော်မူသော အသျှင်မြတ်အဖြစ် လုံလောက်တော်မူ၏။

الَّذِي خَلَقَ السَّمَاوَاتِ وَالْأَرْضَ وَمَا
بَيْنَهُمَا فِي سِتَّةِ أَيَّامٍ ثُمَّ اسْتَوَىٰ عَلَى الْعَرْشِ ۚ الرَّحْمَٰنُ فَاسْأَلْ بِهِ خَبِيرًا ﴿٥٩﴾

၂၅ : ၅၉ ။ ။ အကြင်အသျှင်မြတ်သည် မိုးကောင်းကင်များနှင့် ပထဝီမြေကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်များနှင့် မြေပထဝီနှစ်ခုစလုံး၏ အကြား၌ ရှိရှိသမျှတို့သည်လည်းကောင်း ခြောက်ရက်တွင် ဖန်ဆင်းတော်မူခဲ့ပြီးနောက် 'အရ်ရှ်'

ပလ္လင်တော်ထက်ဝယ် စံမြန်းတော်မူခဲ့၏။ (ထိုအသျှင်မြတ်သည်ပင်) 'ရဟ်မာန်' အနန္တကရုဏာတော်ရှင် ဖြစ်တော်မူပေရာ ထိုအသျှင်မြတ်နှင့် ပတ်သက်၍ သိရှိသူတစ်ဦးတစ်ယောက်အား မေးမြန်းရာ၏။

وَإِذَا قِيلَ لَهُمُ اسْجُدُوا لِلرَّحْمَٰنِ قَالُوا وَمَا الرَّحْمَٰنُ أَنَسْجُدُ لِمَا تَأْمُرُنَا وَزَادَهُمْ نُفُورًا ۩ ﴿٦٠﴾

၂၅ : ၆၀ ။ ။ စင်စစ် ၄င်း (ကာဖိရ်၊ မုရှ်ရစ်က်) တို့အား 'အသင်တို့သည် 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်အား (စဂျ်ဒဟ်) ပျပ်ဝပ်ဦးချကြလေကုန်' ဟု ပြောကြားခဲ့ပါလျှင် ၄င်းတို့က 'ရဟ်မာန်ဟူသည် အဘယ်နည်း။' ကျွန်ုပ်တို့သည် အသင် ကျွန်ုပ်တို့အား အမိန့်ပေးသော အရာကို 'စဂျ်ဒဟ်' ပျပ်ဝပ်ဦးချကြရမည်လော' ဟု ပြောဆိုကြကုန်၏။ စင်စစ် (ဤသို့ ပြောဆို ဖိတ်ခေါ်မှုသည်) ၄င်းတို့၌ စက်ဆုပ်မှုကို ပိုမိုတိုးတက်စေခဲ့ပါသည်။

تَبَارَكَ الَّذِي جَعَلَ فِي السَّمَاءِ بُرُوجًا وَجَعَلَ فِيهَا سِرَاجًا وَقَمَرًا مُّنِيرًا ﴿٦١﴾

၂၅ : ၆၁ ။ ။ မိုးကောင်းကင်၌ (ရှိသည့်) ကြယ်၊ နက္ခတာရာများ၊ (ရာသီအင်သာစက် စခန်းများ) လင်းဝင်း တောက်ပသော ဆီမီး (နေ) တစ်ခုနှင့် 'လ' ကို ဖန်ဆင်းတော်မူသော အသျှင်မြတ်သည် 'ဗရိကသ်' မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံတော်မူပါ၏။

وَهُوَ الَّذِي جَعَلَ اللَّيْلَ وَالنَّهَارَ خِلْفَةً لِّمَنْ أَرَادَ أَن يَذَّكَّرَ أَوْ أَرَادَ شُكُورًا ﴿٦٢﴾

၂၅ : ၆၂ ။ ။ ၄င်းပြင် ထိုအသျှင်မြတ်သည်ပင် နားလည်လိုသော၊ သို့မဟုတ် ကျေးဇူးသိတတ်လိုသောသူ၏ အဖို့၊ ညဥ့်နှင့် နေ့ကို တစ်ခု၏ နောက်သို့ တစ်ခု၊ အလှည့်ကျ သွားလာသော အရာများ ပြုလုပ်တော်မူခဲ့သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အသင်သည် မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်က (အရှေ့မိုးကုတ်စက်ဝိုင်းမှ နေထွက်ချိန် တည့်မတ်တည်ရှိနေသော အရာဝတ္ထုခပ်သိမ်းတို့၏) အရိပ်ကို မည်သို့မည်ပုံ (ဝေးကွာလှစွာသော နေရာထိတိုင်) ပြန့်စေတော်မူခဲ့ကြောင်း လေ့လာဆင်ခြင်သုံးသပ်ခြင်း မပြုခဲ့ပေသလော။ (အဘယ်ကြောင့်ဆိုသော် နေထွက်ချိန်၌ အရာတိုင်း၏ အရိပ်သည် ရှည်လျားနေပေသည်။) စင်စစ် ထိုအသျှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် ထိုအရိပ်ကို (လှုပ်ရှားနိုင်ခြင်း မရှိစေဘဲ) တည်ငြိမ်အောင် ပြုလုပ်တော်မူခဲ့မည်သာ ဖြစ်၏။ (ဆိုလိုသည်မှာ ဤမျှခန့် ဝေးကွာစွာထိတိုင် နေရောင်ခြည်များ မရောက်ရှိစေဘဲ နေတက်လာခြင်းဖြင့်လည်း အရိပ်သည် မတိုသွားစေရန်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နေရောင်ခြည်များ ကမ္ဘာ

မြေမျက်နှာသွင်ပြင်၏ အရပ်ဒေသများအပေါ် ရောက်ရှိခြင်းသည် မလွဲမရှောင်သာသော ပုံစံမျိုးဖြင့်မဟုတ်ဘဲ အလ္လာဟ်အသျှင်မြတ်၏ အလိုသဘောဆန္ဒကြောင့်သာ ဖြစ်ပေသည်။ သို့ရာတွင် ငါအသျှင်မြတ်သည် မိမိ၏ အမြော်အမြင်တော်ဖြင့် ထိုအရိပ်ကို အခြေအနေတစ်ရပ်တည်းအပေါ်၌ မထားရှိဘဲ ၎င်းအား ဖြန့်ကျက်မှုကို ပြုကာ) ထို့နောက် ငါအသျှင်မြတ်သည် နေကို (၎င်းမိုးကုတ်စက်ဝိုင်းနှင့် နီးကပ်ခြင်းနှင့် မြင့်တက်လာခြင်းကို) ထိုအရိပ်နှင့်စပ်လျဉ်း၍ သက်သေလက္ခဏာတော်တစ်ရပ် ပြုလုပ်တော်မူခဲ့၏။ (အရိပ်တိုခြင်း၊ ရှည်ခြင်းကို ထင်ရှားစွာသော လက္ခဏာအဖြစ် ပြုလုပ်တော်မူခဲ့လေသည်။ အလိုသဘောမှာ ဤသို့တည်း။ အလင်းနှင့် အရိပ်၊ ထိုအရိပ်၏ တိုခြင်း၊ ရှည်ခြင်း၏ အဓိက အကြောင်းခံသည် အလ္လာဟ် အသျှင်မြတ်၏ အလိုသဘောတော် ဆန္ဒသာဖြစ်ပြီး နေ၊ သို့မဟုတ် အခြားသော အရာတစ်ခုခုသည် မူရင်းအစွမ်း သက်ရောက်စေသော အရာမဟုတ်ပေ။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် ကမ္ဘာလောက၌ ဖြစ်ပေါ်တည်ရှိလာမည့် အရာများအတွက် အချို့ပြင်ပအကြောင်းခံများကိုလည်း ဖန်ဆင်းပေးတော်မူပေသည်။ အကြောင်းခံများနှင့်အတူ ထိုအကြောင်းခံများကြောင့် အကျိုးတရားဖြစ်ပေါ်သွားသော အရာများကြား၌ 'အကြောင်းခံ ပြောင်းလွဲသွားခြင်းဖြင့် ကြောင်းကျိုးတရား ဖြစ်ပေါ်စေသော အရာလည်း ပြောင်းလွဲသွားခြင်း' ဟူသော ပုံသေနည်းကို ထားရှိထားပေသည်။

ထို့နောက် (ထိုပြင်ပသဏ္ဌာန်ပတ်သက်မှုကြောင့် နေတက်သည်နှင့်အမျှ) ငါအသျှင်မြတ်သည် ယင်းအရိပ်ကို မိမိ၏ ထံတော်သို့ တစ်ဖြည်းဖြည်း ဆွဲယူရုပ်သိမ်းတော်မူခဲ့၏။ (တစ်နည်းဆိုရသော် နေတက်လာသည်နှင့်အမျှ အရိပ်သည် တစ်ဖြည်းဖြည်း ပျောက်သွားပေသည်။ သို့ရှိရာ ထိုအရိပ်ပျောက်ဆုံးသွားခြင်းသည် အခြားသောသူများ တစ်စုံတစ်ရာ ဖက်စပ်ပါဝင်မှုမရှိဘဲ အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်သက်သက်ဖြင့်သာ ဖြစ်ပေသည်။ အများသူခပ်သိမ်းတို့၏ အရှုမှ ကွယ်ပျောက်သွားနေလင့်ကစား အလ္လာဟ်အသျှင်မြတ်၏ အသိတော်အတွင်း၌ ပျောက်ဆုံး၍ မနေပေ။ ထို့ကြောင့် မိမိ၏ ဘက်တော်သို့ ရုပ်သိမ်းဆွဲယူတော်မူလိုက်ခြင်း ဖြစ်သည်ဟူ၍ မိန့်တော်မူလိုက်ခြင်း ဖြစ်ပေသည်။)

၎င်းပြင် ထိုအသျှင်မြတ်သည်သာလျှင် ညဉ့်ကို အသင်တို့အဖို့ အကာအကွယ် အဖုံးအအုပ် ဖြစ်စေတော်မူ၍ အိပ်စက်ခြင်းကို အပန်းဖြေရာ (အဖြစ်) ပြုလုပ်တော်မူခဲ့သော အသျှင်မြတ် ဖြစ်တော်မူ၏။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင် နေ့ကို (အိပ်စက်ခြင်းသည် သေခြင်းနှင့် ဆင်တူယိုမှားဖြစ်၍ နေ့အချိန်သည် ပြန်လည်နိုးကြား ရှင်ထခြင်းကို ထောက်ရှု၍) ရှင်ပြန်ရန် ကာလ (အဖြစ်) ပြုလုပ်တော်မူခဲ့ပေသည်။ ၎င်းအပြင် ထိုအသျှင်မြတ်သည်ပင် လေများကို မိမိ၏ ကရုဏာတော် (တည်းဟူသော မိုးမရွာမီ) ရှေ့ပြေး (မိုးရွာမည့် မျှော်လင့်ချက်အဖြစ် နှလုံးသားအတွင်းဝယ်) သတင်းကောင်းအဖြစ် စေလွှတ်တော်မူခဲ့၏။ (ယင်းကဲ့သို့ ချပေးသနားတော်မူခြင်းမှာ) ငါအသျှင်မြတ်သည် အသက်မရှိသော (တစ်နည်း) ခြောက်သွေ့လျက်ရှိသော မြို့ရွာကို ထိုမိုး) ရေဖြင့် ရှင်စေတော်မူရန်အလို့ငှာ (တစ်နည်း) စိုပြေစိမ်းလန်းတော်မူရန် အလို့ငှာလည်းကောင်း၊ ငါအသျှင်မြတ် ဖန်ဆင်းတော်မူခဲ့သော မြောက်မြားစွာသော ကုလားအုတ်၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များနှင့် လူတို့အား ထို (မိုး) ရေကို တိုက်ကျွေးတော်မူရန် အလို့ငှာလည်းကောင်း ဖြစ်ပေသည်။

ထို့ပြင် ၎င်းတို့ တရားရရှိကြရန်အလို့ငှာ ငါအသျှင်မြတ်သည် ထို (မိုး) ရေကို (အကျိုးပြုမည့် အတိုင်းအတာခန့်) ၎င်းတို့အကြားဝယ် ဝေငှ၍ ပေးကမ်းတော်မူခဲ့၏။ သို့ပါလျက် ၎င်းတို့အနက် (စဉ်းစားဆင်ခြင်သုံးသပ်၍ ထိုအသျှင်မြတ်နှင့် စပ်လျဉ်းသော ဝတ္တရားကျေပွန်သင့်ပေရာ သို့ရာတွင်) မြောက်မြားစွာသော သူတို့မှာမူ ကျေးဇူးကန်းခြင်းမှအပ အခြားမည်သည်ကိုမျှ လက်မခံကြပေ။ (ဤသို့ ခြယ်လှယ်စီမံချက် စွဲထားပေးခြင်းများသည် အလွန် စွမ်းနိုင်တော်မူသော အသျှင်မြတ်တစ်ပါးပင် ဖြစ်ရာ ထိုအသျှင်မြတ်သည် သာလျှင် ခဝပ်ကိုးကွယ်ခြင်းကို ခံထိုက်တော်မူသော အသျှင်မြတ် ဖြစ်ပေသည်။)

ကျေးဇူးကန်းခြင်းများထဲမှ အကြီးကျယ်ဆုံးသော အချက်မှာ ကုဖွရ် (သွေဖည်ငြင်းပယ်မှု) နှင့် ရှရစ်က် (တုဖက်နှိုင်းယှဉ်ခြင်း) တို့ ဖြစ်ပေသည်။ သို့ရာတွင် အသင်သည် ၎င်းတို့၏ အထူးသဖြင့် များစွာသော ကျေးဇူးကန်းသူတို့၏ စကားများနှင့် လုပ်ရပ်များကို ကြားနာ၊ တွေ့မြင်ကာ 'ကျွန်ုပ်သည် တစ်ဦးတစ်ယောက်တည်းဖြစ်၍ ၎င်းတို့အားလုံးကို မှန်ကန်သော ပဋိညာဉ်ဘောင်အတွင်းသို့ မည်ကဲ့သို့ သွတ်သွင်းရမည်' ဟူ၍ မိမိကြိုးပမ်းဆောင်ရွက်နေသော သာသနာပြုလုပ်ငန်းနှင့် စပ်လျဉ်း၍ ဝိရိယဇွဲကို မလျော့လိုက်လေနှင့်။ သို့သာမက အသင်သည် မိမိ၏အလုပ်ကို တစ်ကိုယ်ရည်တစ်ကာယတည်း ဆက်လက်၍ လုပ်ဆောင်လျက်ရှိနေပါ။ အဘယ်ကြောင့်ဆိုသော် ငါအသျှင်မြတ်သည် အသင့်အား တစ်ကိုယ်ရည်တစ်ကာယတည်း နဗီတမန်တော်အဖြစ် ပြုပေးတော်မူလိုက်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ 'အသင်၏ နီးကပ်မှုနှင့် အကျိုးစဝါးဗ် သာပိုများပြားစေရန်' ဖြစ်သည်။) စင်စစ် အကယ်၍သာ ငါအသျှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် (အသင်မှအပ) ဤ (ခေတ်ကာလ၌) ရွာတိုင်းတွင် သတိပေးနှိုးဆော်သူ (နဗီတမန်တော်) တစ်ပါးစီကို စေလွှတ်တော်မူခဲ့မည်သာ ဖြစ်၏။ ထိုအချိန်တွင် တာဝန်အားလုံးအသင့်အပေါ် ပိသွားမည် မဟုတ်ပေ။ သို့ရာတွင် အသင့်အဖို့ အကျိုးစဝါးဗ် သာပိုများပြားစေလိုသည့် ရည်ရွယ်ချက်ကြောင့် ငါအသျှင်မြတ်သည် ဤခေတ်ကာလ၌ များပြားလှစွာသော နဗီတမန်တော်များကို စေလွှတ်တော်မမူဘဲ ဤမျှခန့် အလုပ်တာဝန် အသင့်အား အပ်နှင်းထားခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ 'နေ့အ်မသ်' (စည်းစိမ်တော်) ဖြစ်သည်။

သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်၊ ထို 'နေ့အ်မသ်' (စည်းစိမ်တော်) အား ကျေးဇူးဆပ်သောအားဖြင့်) အသင်သည် ကာဖိရ်သွေဖည်ငြင်းပယ်သောသူတို့၏ စကားကို လိုက်နာခြင်း မပြုနှင့်။ (ဆိုလိုသည်မှာ ကာဖိရ်များသည် အသင်၏ သာသနာပြုလုပ်ငန်းမရှိလျှင်သော်လည်းကောင်း၊ နိမ့်ကျသွားလျှင်သော်လည်းကောင်း ၎င်းတို့၏ လွတ်လပ်မှုကို မချုပ်ချယ်သော အချိန်၌လည်းကောင်း စသော အချက်များကြောင့် ပျော်ရွှင်နေမည် ဖြစ်သည်။) သို့သော် ဤ (ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ မှန်ကန်သော အထောက်အထားများ ရှိပေသည်။ ပမာဆိုရသော် ဤနေရာ၌ 'သောင်ဟီးဒ်' (တစ်ပါးတည်း တည်ရှိခြင်း) တရားအား မိန့်မြွက်ထားပေသည်။ ထိုကျမ်းမြတ်) ဖြင့် (လက်ကိုင်ပြု၍) ၎င်း (ကာဖိရ်တို့အား ကြီးကျယ်ပြင်းထန်စွာ သက်စွန့်ကြိုးပမ်း ယှဉ်ပြိုင်ပါလေ။ (ဆိုလိုသည်မှာ ကျယ်ပြန့်၊ ပြည့်စုံစွာ ဖိတ်ခေါ်မှုနှင့် သာသနာပြုလုပ်ငန်းကို ပြုလုပ်တော်မူပါ။ ဆိုလိုသည်မှာ အားလုံးကို အကြိမ်ကြိမ်အခါခါ ဖိတ်ခေါ်မှုကို ပြုကာ

ယခုလက်ရှိ တည်တံ့မြဲမြံစွာ တည်ရှိနေသကဲ့သို့ ဖွဲ့ကို မလျှော့လေနှင့်။ ရှေ့၌ ဆက်လက်၍ 'သောင်ဟီးဒ်' (တစ်ပါးတည်း) တည်ရှိခြင်း၏ အထောက်အထားများကို မိန့်မြွက်ထားပြန်လေသည်။) ၎င်းပြင် ထိုအသျှင်မြတ်သည်ပင် ပင်လယ်နှစ်ခုကို (ပုံပန်းသဏ္ဌာန်အရ) ပေါင်းစပ်ပေးထားတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေရာ (ထိုပင်လယ်နှစ်ခုအနက်) တစ်ခု (သော ရေ) မှာ အရသာရှိ၍ ရေငတ်ပြေစေပြီး ချိုမြိန်၏။ ကျန်တစ်ခု (သော ရေ) မှာ ငန်၍ (ခါးသော အရသာရှိ) ပေသည်။ တစ်ဖန် (ပုံစံအရ ပေါင်းစပ်မှု ဖြစ်ရှိနေသည့် ကြားကတည်းကပင် အမှန်တကယ်ပင်) ထိုအသျှင်မြတ်သည် မိမိ၏ တန်ခိုးတော်ဖြင့် အဆက်တစ်ခုကို ထားရှိတော်မူခဲ့သည့်အပြင် (အမှန်တကယ် ပေါင်းစပ်နေခြင်းမှလည်း တစ်ခုနှင့်တစ်ခု ရောနှောမသွားစေရန် ခိုင်လုံပြီး ကြည့်ရှုခံစား၍ မရသည့် ကိုယ်တိုင် ပုန်းလျှိုးနေသည့်) အကာအဆီးတစ်ခုနှင့် ကာဆီး၍ ထားရှိတော်မူခဲ့၏။ (သို့ရာတွင် ၎င်း၏ ကွဲပြားကွာခြားချက်သည် ရေနှစ်မျိုးစလုံး၏ အရသာ၌ ခံစားတွေ့မြင်နိုင်ပေသည်။ ထိုပင်လယ်နှစ်ခု တွေ့ဆုံသော နေရာ၏ အလိုသဘောမှာ ရေချိုချောင်း၊ မြစ်များ စီးကျကာ (ယင်းပင်လယ်နှစ်ခု၏ ရေမျက်နှာပြင်သည် တစ်ခုတည်းဟူ၍ မှတ်ယူထားနေလင့်ကစား) ပင်လယ်ရှိရာဆီသို့ လာရောက်ထိတွေ့လေသည်။)

သို့ရာတွင် အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်သည် ထိုပင်လယ်နှစ်ခုကြားတွင် 'ထိတွေ့သွားသော နေရာ၏ ဘေးတစ်ဘက်မှ ရေကို ရယူလိုက်မည်ဆိုလျှင် ချိုမြနေ၍ အစကနဦးဘက်နှင့် လုံးဝနီးကပ်လျက်ရှိနေသည့် အခြားသော ဘက်တစ်ဘက်ဘက်မှ ရေကို ရယူလိုက်မည်ဆိုလျှင် ငန်၍ ခါးတူးနေခြင်း' ဟူသော အကာအဆီးတစ်ခု ထားရှိပေးခြင်း' ဟူ၍ ဖြစ်သည်။ ကမ္ဘာလောက၌လည်း ရေချိုချောင်းနှင့် စမ်းရေချောင်းများသည် ပင်လယ်ရေများရှိရာဆီသို့ စုံတွေ့စီးဆင်းသော နေရာမျိုးများ၌ 'မိုင်ပေါင်းများစွာထိတိုင် ရေချိုသည် စီးဆင်းနေ၍ ရေငန်သည်လည်း သီးခြားစွာ စီးဆင်းနေကြောင်း၊ ယာဘက်မှ ရေချိုဖြစ်၍ ဝဲဘက်မှ ရေငန်ဖြစ်နေကြောင်းနှင့် အပေါ်ဘက်မှ ရေချိုနှင့် အောက်ဘက်မှ ရေငန်များသည် တစ်ကွဲတစ်ပြားစီ စီးဆင်းနေကြောင်း' ကို မြင်တွေ့နိုင်ပေသည်။ ဟဇရသ်မောင်လာနာရှဗ်ဗီးရ်အဟ်မဒ် အွတ်စ်မာနီသခင်ကြီးသည် ဤအာယသ်တော်၏ အောက်၌ ရေးသားထားပေသည်။ မောင်လာနာထာနဝီသခင်ကြီးသည် အတည်ပြုခြင်းခံရသော ဘင်္ဂါလီအာလင်မ်နှစ်ပါး၏ သက်သေပေးချက်ကို ဗယာနုလ်ကုရ်အာန်ကျမ်းတွင် ဆင့်ပြန်ပေးထားပေသည်။ ရခိုင်ပြည်နယ်မှ စစ်တကောင်းထိတိုင် စီးဆင်းလျက် ရှိနေသော မြစ်မှာ ယင်းမြစ်၏ ဘေးနှစ်ဖက်နှစ်ချက်၌ လုံးဝ သီးခြားစွာ ဖြစ်ရှိနေသော မြစ်နှစ်သွယ်ပုံစံအဖြစ်တည်ရှိနေပြီး မြစ်တစ်စင်း၏ ရေမှာ ဖြူဖွေး၍ အခြားမြစ်၏ ရေမှာလည်း မည်းနက်နေပေသည်။ မဲနေသော မြစ်အတွင်းတွင် ပင်လယ်ပမာ လှိုင်းတံပိုးများ ထကြွနေ၍ ရေဖြူမြစ်သည် လုံးဝ တည်ငြိမ်နေပေသည်။ လှေ၊ သင်္ဘောများသည် မြစ်ဖြူအတွင်းမှ မောင်းခုတ်ကြ၍ မြစ်နှစ်ခုဆုံတွေ့သည့် နေရာကြားဝယ် ရေစီးကြောင်းတစ်ခုသည် တည့်မတ်စွာ စီးဆင်းနေပေသည်။ 'မြစ်ဖြူမှ ရေသည် ချိုမြ၍ မြစ်မဲမှ ရေသည် ငန်ကြောင်း လူတို့က ပြောဆိုကြပေသည်။ ကျွန်ုပ်အား 'ဗာရေစားလ်'မှ ကျောင်းသားအချို့က 'ဗာရေစားလ်' ခရိုင်၌ မြစ်တစ်သွယ်ထဲမှ စီးဆင်းလာသော မြစ်နှစ်သွယ်ရှိကြောင်း၊ တစ်သွယ်မှ ရေသည် ခါး၊ ငန်ကြောင်း

နှင့် အခြားတစ်သွယ်မှ ထွက်သောရေသည် ချိုမြ၍ အရသာရှိကြောင်း' တင်ပြကြလေသည်။ ကျွန်ုပ်ယခုလက်ရှိ နေထိုင်သော 'ဝ၇ျရားသ်'ပြည်နယ် 'ဒါဗီးလ်စမလပ်က်'ဆိုသော နေရာမှ ပင်လယ်သည် အနီးစပ်ဆုံးအားဖြင့် ၁၀ မိုင်၊ ၁၂ မိုင်ခန့် ကွာဝေးပေမည်။ ထိုပင်လယ်နှင့် နီးသော မြစ်၊ ချောင်း၊ အင်း၊ အိုင်များ၌ စဉ်တိုက်ဆက်တိုက် ရေတက်၊ ရေကျ ရှိပေသည်။ များစွာသော ရေအတိမ်အနက်ကို ကျွမ်းကျင်သော သုတေသီတို့က 'ရေတက်ချိန်တွင် ပင်လယ်မှ မြစ်ရှိရာဆီသို့ လာရောက်သည်ဆိုလျှင် ချိုသော ရေမျက်နှာပြင်အပေါ် ရေငန်သည် အလွန်အရှိန်ပြင်းစွာဖြင့် တက်ရောက်လာပေသည်။ သို့ရာတွင် ထိုအချိန်၌လည်း ရေနှစ်ခုစလုံးသည် ရောချ၍ မသွားပေ။ ရေငန်သည် အပေါ်ယံအလွှာ၌ ရှိ၍ ရေချိုသည် အောက်အလွှာ၌ ရှိနေပေသည်။ ရေကျချိန်၌ အပေါ်ယံမှ ရေငန်သည် ကျသွားကာ ရေချိုသည် ရှိမြဲအတိုင်း ရှိနေပေသည်'ဟူ၍ တင်ပြကြသည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူ၏။)

ထိုသက်သေလက္ခဏာများကို ကြည့်ရှုကာ အာယသ်တော်၏ အလိုသဘောသည် လုံးဝ ရှင်းလင်းသွားပေသည်။ (အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်ကို ကြည့်ရှုကုန်။ မြစ်ပင်လယ်နှစ်ခုစလုံး၌ ရှိသော ရေချိုနှင့် ရေငန်သည် မည်သည့်နေရာတစ်နေရာ၌မှာပင်လျှင် ထိသွားသည့် ကြားကတည်းကပင် အဘာယ ကဲ့သို့ တစ်ခုနှစ်တစ်ခုသည် ကွဲပြားနေပေသနည်း။) တစ်ဖန် ထိုအသျှင်မြတ်သည်ပင် (ကာလလ) ရေ (ကြည်) ဖြင့် လူကို ဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ ထို့နောက် ထိုအသျှင်မြတ်သည် ထိုလူသားအား (သွေးရင်းသားရင်း) ဖြစ်သော ဆွေမျိုးသားချင်းတော်စပ်သူ (မျိုးရိုး အစဉ်အဆက်) များနှင့်လည်းကောင်း၊ ထိမ်းမြားမှုဖြင့် ဆွေမျိုးသားချင်းများ (အဖြစ်) နှင့်လည်းကောင်း (တိုးပွား) ဖြစ်စေတော်မူခဲ့၏။ (သို့ရှိရာ အဖေ၊ အဘိုး အစရှိသော သူတို့သည် သာသနာရေးဆိုင်ရာ ဆွေမျိုးသားချင်းများ တော်စပ်သောသူများ ဖြစ်ပေသည်။ အကြင်သူတို့ဖြင့် စတင် မွေးဖွားလိုက်သည်ဆိုသည်နှင့် ပတ်သက်မှုများ ပေါ်ပေါက်လာပေသည်။ တစ်ဖန် 'နေကာဟ်'ပြုလုပ်ပြီးနောက် ယောက္ခမ၊ သားမက် စသော တော်စပ်မှုများ ပေါ်ပေါက်လာပေသည်။ 'မနီသုတ်ရည်သည် မည်သည့်အဆင့်၌ ရှိပေသနည်း။ တစ်ဖန် ထိုအရာကိုပင်လျှင် မည်မျှခန့် လျင်မြန်စွာ သွေးရင်း၊ သားရင်း တော်စပ်သူအဖြစ် ပြုလုပ်ပေးလိုက်ခြင်း' သည် တန်ခိုးတော် အသျှင်မြတ်၏ သက်သေလက္ခဏာတော် မဟုတ်ပေ၏လော။ တစ်ဖန် ထိုပတ်သက်မှုများ အပေါ် စုပေါင်းညီညာ တူညီစွာဖြင့် တည်ဆောက်ကာ နေထိုင်ခြင်းသည်လည်း အလ္လာဟ်အသျှင်မြတ်၏ 'နေ့အ်မသ်'စည်းစိမ်တော်မဟုတ်ပေ၏လော။) စင်စစ် အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

(အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ 'ဇာသ်'တော်နှင့် ဂုဏ်တော်များ၌ တင်ပြထားသကဲ့သို့ ပြည့်ဝတော်မူသော အသျှင်မြတ် ဖြစ်တော်မူရာ ဤပြည့်ဝစုံလင်တော်မူသော အချက်များက 'ထိုအသျှင်မြတ်အား ခဝပ်ကိုးကွယ်တော်မူခြင်း ခံထိုက်တော်မူရန်' လိုလားနေပေသည်။ သို့ရာတွင် ၎င်း (မုရှိရစ်က်) တို့မှာ အလ္လာဟ်အသျှင်မြတ်နှင့် ယှဉ်ပြိုင်၍ ၎င်းတို့အား အကျိုးဖြစ်ထွန်းစေနိုင်ကြသည်လည်း မဟုတ်သော အကြင်အရာများကို ဆည်းကပ်ကိုးကွယ်ကြကုန်၏။ စင်စစ် ကာဖိရ် (သွေဖည်ငြင်းပယ်သောသူ) သည် မိမိအား

မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ဘက်မှ (အမြဲဆန့်ကျင်သော) ကျောခိုင်းသူများပင် ဖြစ်ကြပေသည်။ (အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်ကို စွန့်လွှတ်၍ အခြားသော အရာများအား ခဝပ်ကိုးကွယ်လျက်ရှိ၍ နေကြပေသည်။ ကာဖိရ်များ ဆန့်ကျင်နေသည်ကို အသင်သိရှိ၍ ၎င်းတို့ အီမာန်မရယူခြင်းနှင့် စပ်လျဉ်း၍ ဝမ်းနည်းမှု မဖြစ်ရှိလေနှင့်။ အဘယ်ကြောင့်ဆိုသော် စင်စစ် အို၊ နဗီတမန်တော်) ငါအသျှင်မြတ်သည် အသင့်အား (စေလွှတ်တော်မူရခြင်း၏ အကြောင်းမှာ အီမာန်ရှင်များကို 'ဂျန္နသ်' ရရန်) သတင်းကောင်းပြောကြားသူနှင့် (ကာဖိရ်များအား 'ဂျဟန္နမ်' ငရဲဘုံအား) သတိပေးနိူးဆော်သူအဖြစ်သာလျှင် စေလွှတ်တော်မူခဲ့၏။ (၎င်းတို့ အီမာန်မရယူခြင်းဖြင့် အသင်သည် မည်သို့ ဆုံးရှုံးနိုင်အံ့နည်း။ တစ်ဖန် အသင်သည် အဘယ်ကြောင့် ဝမ်းနည်းနေပေသနည်း။ ထို့ပြင် အသင်သည် ၎င်းတို့၏ ဆန့်ကျင်မှုပြုခြင်းကို သိရှိ၍ 'ဤသူတို့သည် အလ္လာဟ်အသျှင်မြတ်အား ဆန့်ကျင်သောသူများ ဖြစ်ပေရာ ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ ဖိတ်ခေါ်နေပေသည်။ ဤဖိတ်ခေါ်မှုကို ၎င်းတို့သည် မည်သည့်အချိန်၌ ကောင်းကျိုးတရားဟူ၍ မှတ်ယူကြပေမည်နည်း။ သို့သာမက ကျွန်ုပ်၏ ပင်ကိုယ်အကြံဟူ၍ မှတ်ယူကာ ဂရုပင် မမူကြလေရာ ၎င်းတို့၏ ထင်မြင်ယူဆချက်များနှင့် အဟန့်အတားတို့ ပပျောက်သွားအောင် မည်သည့်ပုံစံမျိုးဖြင့် ပြုပြင်မှုကို ပြုရပေမည်နည်း' ဟူသော သောကမျိုးလည်း မဖြစ်ရှိလေနှင့်။)

(သို့ရှိရာ အကယ်၍ အသင်သည် ၎င်းတို့၏ ဤတွေးခေါ်မျှော်မှန်းချက်များကို အကြောင်းခံအချက်များဖြင့်သော်လည်းကောင်း၊ နှုတ်လျှာဖြင့် ပြောဆိုသည်ကို ကြားကာ သိရှိလျှင်သော်လည်းကောင်း၊ အို၊ နဗီတမန်တော်) အသင်သည် (တုံ့ပြန်ဖြေကြားရာ၌ သောကကင်းမဲ့အောင် ဤသို့) ပြောကြားပါလေ။ (အချင်းတို့) မည်သူမဆို အလိုရှိခဲ့ပါလျှင် မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ထံသို့ (ရောက်ရှိ) သွားရာလမ်းကို ရွေးချယ်ရန်မှအပ အခြားမရှိပြီ (ဆိုလျှင် ထိုလမ်းကို ရွေးချယ်လိုက်ခြင်းကို ကျွန်ုပ်သည် အဖိုးအခဟူ၍ ဆိုချင်ဆိုမည်။ သို့မဟုတ် မဆိုချင်လည်း မဆိုပေ။) ငါသည် ယင်း (အမိန့်တော်များကို ပို့ဆောင်ခြင်း) နှင့် စပ်လျဉ်း၍ အသင်တို့ထံ မည်သည့် (ဥစ္စာပစ္စည်းဆိုင်ရာ သို့မဟုတ် အုပ်ချုပ်မှုရေးဆိုင်ရာ) အဖိုးအခကိုမျှ တောင်းဆိုသည်မဟုတ်ပေ။ ၎င်းပြင် (ထိုဆန့်ကျင်မှုပြုသော ကာဖိရ်များကို မေးမြန်း၍ ၎င်းတို့ဘက်မှ ဆိုးကျိုးပြုမည်ကိုလည်း မစိုးရိမ်လေနှင့်။ သို့သာမက သာသနာဖြန့်ဖြူးရေးကိစ္စ၌ အို၊ နဗီတမန်တော်) အသင်သည် မည်သည့်အခါ၌မျှ သေဆုံးတော်မူမည် မဟုတ်သော အမြဲထာဝရ ရှင်တော်မူသော အလ္လာဟ်အသျှင်မြတ်အပေါ်၌သာလျှင် ယုံပုံလွှဲအပ်ပါလေ။ ၎င်းပြင် တည်ငြိမ်းအေးချမ်းစွာဖြင့်) အသင်သည် ထိုအသျှင်မြတ်အား ချီးမွမ်းထောပနာပြုခြင်းကို မြွက်ဆိုပါလေ။ (ဆန့်ကျင်ဘက်စကားများကို ကြားနာကာ အလျင်စလို ပြစ်ဒဏ်သက်ရောက်လာစေရန် '၎င်းတို့၏ ဆိုးကျိုးပြစ်ဒဏ် အခြားသူများအပေါ် မသက်ရောက်မိစေရန်' ဟူသော တွေးခေါ်မှုမျိုးနှင့် မျှော်လင့်မှုကို မပြုလေနှင့်။ အဘယ်ကြောင့်ဆိုသော်) စင်စစ် ထို (အလ္လာဟ်) အသျှင်မြတ်သည်ပင် မိမိကျွန်များ၏ ပြစ်မှုတို့ကို သိရှိတော်မူသော အသျှင်မြတ်အဖြစ် လုံလောက်တော်မူ၏။ (ထိုအသျှင်မြတ်အနေဖြင့် သင့်လျော်သည်ဟု အချိန်အဖြစ် မှတ်ယူတော်မူသော အချိန်တွင် ပြစ်ဒဏ်ကို ခတ်တော်မူပေလိမ့်မည်။) သို့ရှိရာ ထိုဝါကျများအတွင်း၌ တမန်တော်

မြတ် ﷺ ခံစားနေရသော သောကဗျာပါဒနှင့် ကြောက်ရွံ့စိုးရိမ်ချက်တို့ကို ဝေးကွာအောင် ပြုတော်မူလိုက်ပေသည်။ ရှေ့၌ ဆက်လက်၍ 'သောင်ဟီးဒ်'တစ်ပါးတည်း တည်ရှိခြင်းအကြောင်းကို မိန့်မြွက်ထားတော်မူပြန်လေသည်။

အကြင်အသျှင်မြတ်သည် မိုးကောင်းကင်များနှင့် ပထဝီမြေကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်များနှင့် မြေပထဝီနှစ်ခုစလုံး၏ အကြား၌ ရှိသမျှတို့သည်လည်းကောင်း၊ ခြောက်ရက် (အတိုင်းအတာ) တွင် ဖန်ဆင်းတော်မူခဲ့ပြီးနောက် (မိမိစံမြန်းတော်မူခြင်း၏ ပုံစံမျိုးနှင့် လျော်ညီစွာ) 'အရရှ်'ပလ္လင်တော်ထက်ဝယ် စံမြန်းတော်မူခဲ့၏။ (အကြင်ကဲ့သို့ စံမြန်းတော်မူသည့် အကြောင်းကို စူရာဟ်အအ်ရားဖ် ရုကူအ် (၇) ၏ အစ၌ တင်ပြပြီးဖြစ်ပေသည်။ ထိုအသျှင်မြတ်သည်ပင်) 'ရဟ်မာန်း'အနန္တကရုဏာတော်ရှင် ဖြစ်တော်မူပေရာ ထိုအသျှင်မြတ်နှင့် ပတ်သက်၍ သိရှိသူတစ်ဦးတစ်ယောက်အား မေးမြန်းရာ၏။ (ထိုအသျှင်မြတ်သည် မည်ကဲ့သို့သော အသျှင် ဖြစ်တော်မူသည်ကို ကာဖိရ်နှင့် မုရှ်ရစ်က်တို့သည် မည်သို့ သိရှိနိုင်အံ့နည်း။) ထိုသို့ အလ္လာဟ်အသျှင်မြတ်အား စစ်မှန်သော 'မအ်ရေဖသ်' (အတွင်းစိတ်ဖြင့် သိရှိခြင်း) မသိရှိ ခြင်းကြောင့် ရှရစ်က် (တုဖက်နှိုင်းယှဉ်မှု) ကို ပြုနေပေသည်။ ပမာဆိုရသော် အလ္လာဟ်အသျှင်မြတ်ကလည်း

مَا قَدَرُوا اللّٰهَ حَقَّ قَدْرِهٖ

(ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်အား ရိုသေလေးစား ကိုင်းရှိုင်းရန် တာဝန်ရှိသည်နှင့် အညီ ရိုသေကိုင်းရှိုင်းကြသည် မဟုတ်ပေ) ဟူ၍ မိန့်တော်မူထားပေသည်။ စင်စစ် ၎င်း (ကာဖိရ်၊ မုရှ်ရစ်က်) တို့အား အသင်တို့သည် 'ရဟ်မာန်း'အနန္တကရုဏာတော်ရှင်အား (စဂျ်ဒဟ်) ပျပ်ဝပ်ဦးချကြလေကုန်'ဟု ပြောကြားခဲ့လျှင် ၎င်းတို့က (အကြင်အသျှင်မြတ်၏ ရှေ့၌ ကျွန်ုပ်တို့အား 'စဂျ်ဒဟ်'ပြုရန် ပြောဆိုနေသော) 'ရဟ်မာန်'ဟူသည် အဘယ်နည်း။ ကျွန်ုပ်တို့သည် အသင် ကျွန်ုပ်တို့အား အမိန့်ပေးသော အရာကို 'စဂျ်ဒဟ်'ပျပ်ဝပ်ဦးချကြရမည်လော'ဟု (အသိဉာဏ်အလိမ္မာ ကင်းမဲ့ကာ ရန်ငြိုးစွာဖြင့်) ပြောဆိုကြကုန်၏။ စင်စစ် 'ရဟ်မာန်'ဟူသော စာလုံးသည် ၎င်းတို့ကြားဝယ် ကျော်ကြားမှု နည်းလေသည်။ သို့ရာတွင် မသိရှိသည်ဟူ၍လည်း မဟုတ်ပေ။ သို့သော် အစ္စလာမ်သာသနာရေးဆိုင်ရာ လမ်းညွှန်ချက်တို့အား ဆန့်ကျင်မှုပြုခြင်း ပိုမိုများပြားလာလေရာ အသုံးအနှုန်း ဝေါဟာရများအတွင်း၌မှာပင် ဆန့်ကျင်မှုကို ပြည့်စုံစွာ ပြုကြပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ အသုံးများသော စကားလုံးများအားလည်း ဆန့်ကျင်ဘက်ပြုကာ နေကြပေသည်။) မိုးကောင်းကင်၌ (ရှိသည့်) ကြယ်၊ နက္ခတ်တာရာများ (ရာသီအင်တာစက်စခန်းများ (ယင်းကောင်းကင်၌မှာပင်) လင်းဝင်းတောက်ပသော ဆီမီး (နေ) တစ်ခု (နေမင်းကို ဆီမီးဟူ၍ မိန့်တော်မူရခြင်းအကြောင်းမှာ ထွန်းလင်းတောက်ပသည့်အတွက်ကြောင့် ဖြစ်တန်ရာသည်) နှင့် လကို ဖန်ဆင်းတော်မူသော အသျှင်မြတ်သည် 'ဗရ်ကသ်'မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံတော်မူပါ၏။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင် (ဤသို့ 'သောင်ဟီးဒ်' (တစ်ပါးတည်း တည်ရှိခြင်း) ဆိုင်ရာ အချို့သော အထောက်အထားများနှင့် စည်းစိမ်တော်အချို့ကို တင်ပြထားရခြင်းမှာ) နားလည်လိုသော (သူများသည် ထိုအရာများအတွင်း

ဝယ် မြင်တတ်ခြင်း၏ အရှုအမြင်ဖြင့် အထောက်အထားများကို ရယူကာ) သို့မဟုတ် ကျေးဇူးသိတတ်သောသူအဖို့ (စည်းစိမ်တော်များ စံစားနေရခြင်းကို ကျေးဇူးသိတတ်ရန် ဖြစ်၏။) ညဥ့်နှင့် နေ့ကို တစ်ခု၏ နောက်သို့ တစ်ခု အလှည့်ကျ သွားလာသော အရာများအဖြစ် ပြုလုပ်တော်မူခဲ့သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အလ္လာဟ်အသျှင်မြတ်၏ အဖန်ဆင်းခံများအတွင်း၌ အကြောင်းခံအရာများနှင့် ထိုအကြောင်းခံများ သက်ရောက်ခြင်းခံရသော အရာများကြား၌ ဆက်ဆုပ်မှုနှင့် ထိုအရာများအားလုံးသည် အသျှင်မြတ်၏ တန်ခိုးတော်အာဏာစက်၏ လက်အောက်ခံ၌ တည်ရှိနေကြခြင်းအကြောင်း

တင်ပြလျက်ရှိသော အစပိုင်းအာယသ်တော်များ၌ အလ္လာဟ်အသျှင်မြတ်၏ ပြည့်ဝစုံလင်လှစွာ သောတန်ခိုးတော်များနှင့် ကျေးကျွန်များအပေါ် ထားရှိထားတော်မူသော စည်းစိမ်တော်များနှင့် ကျေးဇူးတရားများကို တင်ပြထားလေသည်။ အကြင်အချက်များမှ 'အလ္လာဟ်အသျှင်မြတ်သည် တစ်ပါးတည်းတည်ရှိတော်မူသည့်အကြောင်းနှင့် ခဝပ်ကိုးကွယ်ခြင်း ခံထိုက်သော အရေးနှင့် စပ်လျဉ်း၍ ထိုအသျှင်မြတ်နှင့် အခြားမည်သည့်အရာတစ်စုံတစ်ရာမျှ ဖက်စပ်ပိုင်ခွင့် မရှိကြောင်း' ကို အတည်ပြုထားပေသည်။

اَلَمۡ تَرَ اِلٰى رَبِّكَ كَيۡفَ مَدَّ الظِّلَّۚ

အသင်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်က အရာဝတ္ထုခပ်သိမ်းတို့၏ အရိပ်ကို မည်သို့မည်ပုံ ပြန့်စေတော်မူခဲ့ကြောင်း လေ့လာဆင်ခြင်သုံးသပ်ခြင်းမပြုခဲ့လေသလော။ *[၂၅ : ၄၅]*

နေရောင်နှင့် အရိပ်သည် 'ယင်းအရာများမရှိဘဲနှင့် လူ့ဘဝ အသက်ရှင်နေထိုင်ရန်နှင့် လုပ်ငန်းဆောင်တာများ မလည်ပတ်နိုင်လောက်အောင်သော' စည်းစိမ်မျိုးများ ဖြစ်ပေသည်။ အချိန်တိုင်း၊ နေရာတိုင်း၌ နေရောင်ခြည်ချည်းသာ ရှိနေလျှင်မူ လူသားနှင့် သက်ရှိသတ္တဝါတို့အဖို့ မည်ကဲ့သို့ ဒုက္ခမျိုးနှင့် ရင်ဆိုင်ရပေမည်နည်း။ ဤအချက်သည်မူ ထင်ရှားလှပေသည်။ အရိပ်သည်လည်း ဤနည်းအတိုင်းပင် ဖြစ်ပေသည်။ အကယ်၍ နေရာတိုင်း အချိန်တိုင်း၌ အရိပ်ချည်းသာ ရှိကာ နေရောင်ခြည်မရှိလျှင်မူ လူသားတို့၏ ကျန်းမာရေးသည် ကောင်းမွန်နိုင်မည် မဟုတ်ပေ။ ထောင်ပေါင်းများစွာသော လုပ်ငန်းများ၌ အဟန့်အတား၊ နှောင့်နှေးမှုများ ဖြစ်ပေါ်တည်ရှိနေပေလိမ့်မည်။ အလ္လာဟ်အသျှင်မြတ်သည် ဤစည်းစိမ်တော်နှစ်ရပ်ကို မိမိ၏ ပြည့်ဝစုံလင်လှစွာသော တန်ခိုးတော်ဖြင့် ဖန်ဆင်းထားကာ လူသားတို့အဖို့ ထိုအရာအားတည်ငြိမ်အေးချမ်း၊ သက်တောင့်သက်သာ ရရှိစေသော အရာအဖြစ် ပြုထားတော်မူပေသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ဆင်ခြင်တုံတရားနှင့် ပြည့်စုံလှစွာသော အမြော်အမြင်တော်ဖြင့် ဤကမ္ဘာလောကကြီးအတွင်း၌ ပြုလုပ်ဖန်ဆင်းတော်မူသည့် အရာများအားလုံးကို သီးသန့်အကြောင်းခံများနှင့်အတူ

ဆက်စပ်မှု ပြုပေးထားတော်မူပေသည်။ ထိုအကြောင်းခံများ တည်ရှိမည်ဆိုလျှင် ဤအရာဝတ္ထုများသည်လည်း ဖြစ်ပေါ်လာမည်ဖြစ်ပြီး အကြောင်းခံများ မတည်ရှိပါက ယင်းအရာများသည်လည်း ဖြစ်ပေါ်တည်ရှိလာမည် မဟုတ်ပေ။

အကြောင်းခံများ အင်အားခိုင်မာစွာ၊ များပြားစွာဖြင့် တည်ရှိနေမည်ဆိုလျှင် ထိုအကြောင်းခံကြောင့် ကြောင်းကျိုးတရား သက်ရောက်ခြင်းခံရသော အရာများ၏ ဖြစ်ပေါ်မှုသည်လည်း အင်အားခိုင်မာ များပြားစွာ ဖြစ်ပေါ်သွားပေမည်။ ယင်းအကြောင်းခံများ မခိုင်မာ၍ နည်းပါးနေမည်ဆိုလျှင် ယင်းအကြောင်းခံကြောင့် ကြောင်းကျိုးတရား သက်ရောက်ခြင်း ခံရသော အရာများ၏ တည်ရှိမှုသည်လည်း မခိုင်မာဘဲ နည်းပါးစွာ တည်ရှိနေပေလိမ့်မည်။ ကောက်ပဲသီးနှံနှင့် မြက်ပင်များ ပေါက်ရောက်စေရန် အကြောင်းခံကို မြေ၊ ရေနှင့် လေကို ပြုလုပ်ထားပေသည်။ အလင်းရောင်ရရန် အကြောင်းခံကို နေမင်းကြီးနှင့် လမင်းကြီးအား ဖန်ဆင်းပေးထားပေသည်။ မိုးရွာသွန်းစေရန် အကြောင်းခံကို မိုးတိမ်တိုက်များနှင့် လေများကို ပြုလုပ်ထားပေသည်။ ထိုအကြောင်းခံများနှင့် ထိုအကြောင်းခံများအပေါ် တန်ပြန်သက်ရောက်စေသော စူးရှမှု အကျိုးများ၌ 'နှစ်ထောင်းပေါင်းများစွာကတည်းက အနည်းငယ်မျှ ခြားနားမှု မရှိသော လည့်ပတ်မှုရှိသော' ခိုင်မာတောင့်တင်းသည့် ဆက်နွယ်မှုတို့ကို တည်တံ့စေထားပေသည်။ နေမင်းနှင့် ၎င်း၏ လှုပ်ရှားမှု၊ တစ်ဖန် ထိုနေ့၏ ရွေ့လျားသွားလာမှုမှ ဖြစ်ပေါ်လာသော နေ့၊ ည နေရောင်ခြည်နှင့် အရိပ်တို့အား ကြည့်ရှုပါမူ နှစ်ရာပေါင်းများစွာကို မဆိုထားဘိဦး၊ နှစ်ထောင်ပေါင်းများစွာ၌ တစ်မိနစ်ကိုပင် မဆိုထားဘိဦး၊ တစ်စက္ကန့်မျှပင် ကွာခြားမှုမရှိကြောင်း၊ နေ၊ လေ အစရှိသော စက်ယန္တရားကြီးအတွင်း၌ အားအင်၊ အားကျမှုတို့သည်လည်း မပေါ်ပေါက်လာကြောင်း၊ ၎င်းတို့အား ပြုပြင်မွမ်းမံရန်လည်း မလိုအပ်ကြောင်း စတင်ဖန်ဆင်းခြင်းခံရပြီး တည်ရှိသောနေ့မှ စ၍ ပုံစံတစ်မျိုး၊ သွားနှုန်းတစ်မျိုးတည်းဖြင့် လှည့်ပတ်လျက်ရှိနေကြောင်းနှင့် စာရင်းအင်းတွက်ကာ နောက်နှစ်ပေါင်းတစ်ထောင်ထိတိုင် ဖြစ်ပေါ်လာမည့် အချက်များ၏ အချိန်ကိုလည်း ပြဆိုနိုင်ကြောင်း' ဟူသော ခိုင်မာကျစ်လစ်လှသည့် စီမံချက်အပေါ် လှည့်လည်သွားလာလျက် ရှိနေပေသည်။

အကြောင်းခံနှင့် ကြောင်းကျိုးတရား ပေါ်ပေါက်လာရခြင်း၏ ဤခိုင်မာသော စီမံကိန်းသည် အလ္လာဟ်အသျှင်မြတ်၏ ပြည့်စုံလှစွာသော တန်ခိုးတော်၏ အံ့ဖွယ်ကောင်းသည့် ထင်ပေါ်မှုကြီးတစ်ရပ်ပင် ဖြစ်ပေသည်။ ထိုအသျှင်မြတ်၏ ပြီးပြည့်စုံသည့် စွမ်းဆောင်နိုင်တော်မူသော တန်ခိုးတော်နှင့် ပြည့်စုံတော်မူသော ဆင်ခြင်တုံတရားနှင့် ပြီးပြည့်စုံတော်မူသည့် အမြော်အမြင်တော်တို့၏ ခိုင်မာပြတ်သားလှစွာသော အထောက်အထား ဖြစ်ပေသည်။ ထိုအသျှင်မြတ်၏ ခိုင်မာလှစွာသော စီမံကိန်းသည်ပင်လျှင် လူသားတို့အား '၎င်းတို့၏ အရူအမြင်အတွင်း၌ ဤအပေါ်ယံ အကြောင်းခံများသည်သာလျှင် တည်ရှိနေကာ ထိုအကြောင်းခံများကိုသာလျှင် အရာအားလုံးနှင့် အကျိုးသက်ရောက်မှုများ၏ ဖန်ဆင်း ပိုင်စိုးတော်မူသော အရာများ' ဟူ၍ မေ့လျော့မှုအတွင်း၌ သွတ်သွင်းထားလိုက်သည်။ အကြောင်းခံတရားအပေါ် အကျိုးတရား သက်ရောက်စေတော်မူသော မူရင်းအင်အားရှင်သည် ထိုအကြောင်းခံများကို ဖန်ဆင်းတော်မူသော အသျှင်

မြတ်ပင် ဖြစ်တော်မူသည်။ ထိုအသျှင်မြတ်သည် အကြောင်းခံများ၏ နောက်ကွယ်အကာများမှ ကြိုးကိုင်ကာ တည်ရှိနေပေသည်။ ထို့ကြောင့် နဗီတမန်တော်များနှင့် မိုးကောင်းကင်ကျ ကျမ်းဂန်များသည် လူသားတို့အား အကြိမ်ကြိမ်အခါခါ သတိပေးနှိုးဆော်ထားသည်မှာ မြင့်မားသည့် ရှုမြင်ခြင်းဖြင့် စူးစိုက်ကာ ကြည့်ရှုကြကုန်။ အကြောင်းခံများ၏ နောက်ကွယ်အတွင်း၌ မည်သူရှိနေသည်ကို ကြည့်ရှုကြကုန်။ မည်သူက ယင်းစီမံကိန်းကို ကြိုးကိုင်ကာ လှုပ်ရှားစေနေပေသနည်း။ သို့မှသာ အသင်တို့သည် အခြေခံဇစ်မြစ်အထိ တိုင် လမ်းရရှိကြမည်ဖြစ်သည်။ ထိုအခြေခံကွင်းဆက်ဖယားနှင့် စပ်လျဉ်း၍ တင်ပြလျက်ရှိနေသော အာယသ် တော်များအတွင်း၌ မိန့်မြွက်ချက်များ လာရှိနေပေသည်။

أَلَمْ تَرَ إِلَىٰ رَبِّكَ كَيْفَ مَدَّ الظِّلَّ

အသင်သည် မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်က အရာဝတ္ထုခပ်သိမ်းတို့၏ အရိပ် ကို မည်သို့မည်ပုံ ပြည့်စေတော်မူခဲ့ကြောင်း လေ့လာဆင်ခြင် သုံးသပ်ခြင်း မပြုခဲ့လေသလော။

[၂၅ : ၄၅]

ဟူသော အာယသ်တော်တွင် မေ့လျော့နေသော လူသားတို့အား ဤအောက်ဖော်ပြပါ အချက်အား သတိပေးနှိုးဆော်နေပေသည်။ အသင်သည် နေ့စဉ်နေ့တိုင်း 'နံနက်အချိန်၌ အရာတိုင်း၏ အရိပ်သည် အနောက် ဘက်အရပ်သို့ ရှည်လျား၍နေကာ တစ်ဖန် တိုတောင်းမှုသည် စတင်လာပေသည်။ မွန်းတည့်ချိန်အတိ၌ မရှိသည့်အလား ဖြစ်ပေါ်သွားလေသည်။ တစ်ဖန် မွန်းလွဲသွားပြီးနောက် ဤအရိပ်သည် တစ်ဖြည်းဖြည်း နှင့် အရှေ့ဘက်အရပ်ဆီသို့ ပြန့်ကျဲနေရာယူရန် စတင်လာပေသည်။ လူသားတိုင်းသည် ထိုနေရောင်ခြည် နှင့် အရိပ်တို့၏ အကျိုးကို နေ့စဉ် ခံစားနေကြောင်း'ကို တွေ့မြင်နေရပေသည်။ ထိုလူသား၏ မျက်ဝန်း အစုံသည် 'နေထွက်ခြင်း၊ နေမြင့်တက်လာခြင်းနှင့် တစ်ဖန် အနောက်ဘက်အရပ်ရှိရာဆီသို့ ယိမ်းထွက် သွားခြင်း စသည့် အချက်များအားလုံးသည် မုချ ဖြစ်ပေါ်လာသော အကျိုးရလဒ်များဖြစ်ကြောင်း' တို့ကို မြင်တွေ့နေရပေသည်။ သို့ရာတွင် ထိုလုံးဝိုင်းသော နေမင်းအား ဖန်ဆင်းခြင်း၊ တစ်ဖန် ထိုနေမင်းကြီးအား သီးသန့် စီမံချက်တစ်ခုအောက်၌ တည်ရှိနေရန် အလုပ်ကို မည်သူက ပြုလုပ်ထားပေသနည်း။ ဤအချက် များသည် မျက်လုံးများဖြင့် မတွေ့မြင်နိုင်သော အရာများဖြစ်သည်။ ထိုအချက်များအား တွေ့မြင်နိုင်ရန် အတွက် နှလုံးသားအမြင်ကိုသာလျှင် အသုံးပြု၍ ရရှိနိုင်ပေသည်။

တင်ပြလျက်ရှိနေသော အာယသ်တော်တွင် ဤနှလုံးသား အမြင်ကိုသာလျှင် လူသားတို့အား ပေးရန် ရည်ရွယ် မိန့်ဆိုထားပေသည်။ ဤအရိပ်များ တိုခြင်း၊ ရှည်ခြင်းသည် အသင်တို့၏ အမှုများအတွင်း၌ နေမင်းကြီးနှင့် ဆက်စပ်နေလင့်ကစား သို့ရာတွင် နေမင်းကြီးကို ထိုအစွမ်းဂုဏ်သတ္တိနှင့်အတူ မည်သူက ဖန်ဆင်းပေးထားသနည်း။ ထိုနေမင်းကြီး၏ လှုပ်ရှားမှုကို သီးသန့်စီမံချက်တစ်ခုအတွင်း၌ မည်သူတည်တံ့ ထားစေသနည်း' ဟူသည်ကို သေချာကျနစွာ ကြည့်ရှုရန် ဖြစ်သည်။ အကြင်အသျှင်မြတ်၏ ပြည့်စုံလှစွာ သော တန်ခိုးတော်ကသာလျှင် ဤအချက်များအားလုံးကို ပြုလုပ်ထားတော်မူပေသည်။ ထိုအသျှင်မြတ်သည်

သာလျှင် စင်စစ်၌ ထိုရောင်ခြည်နှင့် အရိပ်စည်းစိမ်တော်များကို ချီးမြှင့်ပေးသနားတော်မူသော အသျှင်မြတ် ဖြစ်ပေသည်။ အကယ်၍ ထိုအသျှင်မြတ်က လိုလားတော်မူသည်ဆိုလျှင် ထိုနေရောင်ခြည်နှင့် အရိပ်ကို အခြေအနေတစ်မျိုးတည်း၌သာလျှင် ထားရှိထားစေတော်မူနိုင်ပေသည်။ အကြင်နေရာ၌ နေရောင်ခြည်ရှိပါက ထိုနေရာ၌ အမြဲနေရောင်ခြည်အဖြစ်သာ ထားရှိနိုင်ပေသည်။ အကြင်နေရာ၌ အရိပ်ဖြစ်မူ အမြဲ အရိပ်ချည်းသာ တည်ရှိနိုင်ပေသည်။ သို့ရာတွင် ထိုအသျှင်မြတ်၏ အမြော်အမြင်တော်သည် လူသားတို့၏ လိုအပ်ချက်များ နှင့် အကျိုးတရားများအပေါ် ထောက်ရှု၍ ဤကဲ့သို့ မပြုလုပ်ထားပေ။

وَلَوْ شَاءَ لَجَعَلَهُ سَاكِنًا

စင်စစ် ထိုအသျှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် ထိုအရိပ်ကို လှုပ်ရှားနိုင်ခြင်းမရှိစေဘဲ တည်ငြိမ် အောင် ပြုလုပ်တော်မူခဲ့မည်သာ ဖြစ်၏။ *[၂၅ : ၄၅]*

ဟူသော အာယသ်တော်၏ အလိုသဘောမှာ ဤသည်သာလျှင် ဖြစ်၏။ လူသားတို့ကို ထိုအခြေခံ ဖစ်မြစ်အချက်အား သတိပေးရန်အတွက် အရိပ်ပြန်လည် ကျုံ့လာခြင်းနှင့် တိုတောင်းခြင်းကို တင်ပြလျက် ရှိနေသော အာယသ်တော်အတွင်း၌ ဤအောက်ဖော်ပြပါ ခေါင်းစဉ်မျိုးဖြင့် သရုပ်ဖော်မိန့်မြွက်ထားပေသည်။

قَبَضْنَاهُ إِلَيْنَا قَبْضًا يَّسِيرًا

ဆိုလိုသည်မှာ 'တစ်ဖန် ယင်းအရိပ်ကို ငါအသျှင်မြတ်သည် မိမိဘက်တော်သို့ ရုပ်သိမ်းစေတော် မူခဲ့၏' ဟူ၍ ဖြစ်သည်။ 'အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် ကိုယ်ခန္ဓာ၊ ကိုယ်ခန္ဓာရှိခြင်းနှင့် အရုပ်မျက်နှာရှိခြင်းမှ ကင်းရှင်းကြောင်း' မှာ ထင်ရှားလှပေသည်။ အသျှင်မြတ်ရှိရာဘက်သို့ အရိပ်ရောက် ရှိသွားခြင်းမှာ 'ထိုအသျှင်မြတ်၏ ပြည့်ဝစုံလင်လှစွာသော တန်ခိုးတော်ကြောင့် ဤကိစ္စရပ်များအလုံးစုံ ဖြစ်ရှိနေကြောင်း' ၏ အလိုသဘောမျိုးပင် ဖြစ်ပေသည်။

ညဉ့်အချိန် အိပ်စက်အနားယူရန်၊ နေ့အချိန်၌ အလုပ်ပြုလုပ်ရန် သတ်မှတ်ပေးထားခြင်းသည် လည်း ကြီးကျယ်လှစွာသော အမြော်အမြင်တော်အပေါ် မူတည်နေခြင်းအကြောင်း

وَهُوَ الَّذِي جَعَلَ لَكُمُ الَّيْلَ لِبَاسًا وَّالنَّوْمَ سُبَاتًا وَّجَعَلَ النَّهَارَ نُشُوْرًا

၄င်းပြင် ထိုအသျှင်မြတ်သည်ပင်လျှင် ညဉ့်ကို အသင်တို့အဖို့ အကာအကွယ် အဖုံးအအုပ် ဖြစ်စေ တော်မူ၍ အိပ်စက်ခြင်းကို အပန်းဖြေရာအဖြစ် ပြုလုပ်တော်မူခဲ့သော အသျှင်မြတ် ဖြစ်တော်မူ၏။ ၄င်းပြင် ထိုအသျှင်မြတ်သည်ပင် နေ့ကို ရှင်ပြန်ရန် ကာလအဖြစ် ပြုလုပ်တော်မူခဲ့ပေသည်။ *[၂၅ : ၄၇]*

ဤအာယသ်တော်တွင် ညဉ့်ကို 'အကာအကွယ်၊ အဖုံးအအုပ်' ဟူသော စကားလုံးဖြင့် ထုတ်ဖော် အမိန့်ရှိထားပေသည်။ အဝတ်အထည်သည် လူသား၏ ကိုယ်ခန္ဓာတစ်ခုလုံးအပေါ် အကာအကွယ်ဖြစ်သကဲ့

သို့ ညဥ့်သည်လည်း စကြဝဠာတစ်ခုလုံးအပေါ် ဖုံးအုပ်ထားစေခြင်း ခံထားရသော တန်ခိုးတော်အသျှင်မြတ်၏ အဖုံးအအုပ်၊ အကာအကွယ် ဖြစ်ပေသည်။ 'စုဗာသာနံ'ဟူသော စကားလုံးသည် 'စဗ်သူးနံ'ဟူသော စကားလုံးမှ ဆင်းသက်လာ၍ 'ဖြတ်တောက်ခြင်း' သည် ၎င်း၏ မူရင်းအဓိပ္ပာယ်ဖြစ်ပေသည်။ သို့ရှိရာ 'စုဗားသူးနံ'သည် 'အခြားအရာတစ်ခုကို ဖြတ်တောက်ပစ်သော အရာ ဖြစ်ပေသည်။

အိပ်စက်ခြင်းကို အလ္လာဟ်အသျှင်မြတ်သည် 'တစ်နေ့တာ ပင်ပန်းနွယ်နယ်၊ ခြေကုန်လက်ပမ်းကျခြင်းကို ဖြတ်တောက်ပစ်လိုက်ခြင်းဖြစ်စေသော အရာအဖြစ်' ဖန်ဆင်းထားတော်မူပေသည်။ တွေးခေါ်မျှော်မှန်းမှုတို့အလုံးစုံ ပြတ်တောက်ကာ ဦးနှောက်ကို သက်တောင့်သက်သာ ဖြစ်စေလေသည်။ ထို့ကြောင့် 'စုဗားသူးနံ'၏ ဘာသာပြန်ကို 'အပန်းဖြေရာ'ဟူ၍ မိန့်ထားခြင်းဖြစ်ပေသည်။ အာယသ်တော်၏ အဓိပ္ပာယ်မှာ ဤသို့ပင် ဖြစ်သည်။ 'ငါအသျှင်မြတ်သည် ညဥ့်ကို ဖုံးအုပ်စေသော အရာတစ်ခုအဖြစ် ဖန်ဆင်းထားတော်မူပေသည်။ တစ်ဖန် ထိုညဥ့်အတွင်း၌ လူသားနှင့် သက်ရှိသတ္တဝါအားလုံးတို့အပေါ် အိပ်စက်ခြင်းကို လွှမ်းမိုးစေကာ အကြင်အိပ်စက်ခြင်းသည် ၎င်းတို့အဖို့ သက်တောင့်သက်သာ ရရှိစေရာ အပန်းဖြေရာ၏ အကြောင်းခံအရာ ဖြစ်သွားပေသည်။'

ဤနေရာ၌ အချက်များစွာကို သေချာကျနစွာ စဉ်းစားသင့်ပေသည်။ ပထမအချက်မှာ ဤသို့ပင် ဖြစ်သည်။ အိပ်စက်ခြင်းသည် သက်တောင့်သက်သာ ဖြစ်ရုံသာမက အသက်ဇီဝိန်ကိုပင် အပန်းဖြေမှု ဖြစ်သော အရာဖြစ်ကြောင်းကိုမူ လူတိုင်း သိရှိကြပေသည်။ သို့ရာတွင် လူသားတို့၏ ဝေလေ့မှာ အလင်းအရောင်အတွင်း၌ အိပ်ပျော်ရန် ခဲယဉ်းလှပေသည်။ အိပ်ပျော်သွားသည်ဆိုလျှင်လည်း လျင်မြန်စွာ မျက်လုံးပွင့်သွားပေသည်။ အလ္လာဟ်အသျှင်မြတ်သည် အိပ်စက်ခြင်းနှင့် လိုက်ဖက်ညီသော ညဥ့်ကို မှောင်မိုက်၍ အေးမြသောအရာအဖြစ် ဖန်ဆင်းထားပေသည်။ ဤသို့ဖြင့် ညဥ့်အချိန်သည် ကိုယ်တိုင် 'နေအ်မသ်' (စည်းစိမ်တော်) တစ်ရပ်ဖြစ်ပြီး အိပ်စက်ခြင်းသည် ဒုတိယစည်းစိမ်တော်တစ်ရပ် ဖြစ်ပေသည်။ တတိယစည်းစိမ်တော်မှာ စကြဝဠာတစ်ခွင်လုံး၌ရှိသော လူသားများနှင့် တိရစ္ဆာန်များ၏ အိပ်စက်ခြင်းကို ညဥ့်အချိန်တစ်ချိန်အတွင်း၌မှာပင် မရှောင်သာသော အဖြစ်နှင့် ထားရှိထားပေသည်။ သို့တည်းမဟုတ်က အကယ်၍ လူသားတိုင်း၏ အိပ်စက်ခြင်း၏ အချိန်သည် အခြားသောသူတို့ဖြင့် ကွဲပြားနေပါမူ လူအချို့အိပ်ရန် လိုလားနေချိန်တွင် အခြားသူတို့သည် အလုပ်များအတွင်း နစ်မွန်းကာ ဆူညံမှုဖြစ်ပေါ်စေခြင်း၏ အကြောင်းခံ ဖြစ်သွားနိုင်ပေသည်။ ဤကဲ့သို့ပင် အချို့သူတို့ အိပ်စက်ရန် အလှည့် (အချိန်) ကျရောက်လာသောအချိန်၌ အလုပ်လုပ်သော၊ လှည့်လည်သွားလာသော သူတို့သည် ၎င်းတို့အိပ်စက်ခြင်း၏ အရေး၌ အဟန့်အတားအနှောင့်အယှက် ဖြစ်စေလေသည်။ ထို့ပြင် လူသားတိုင်းသည် တစ်ဦးနှင့်တစ်ဦး ဆက်နွယ်လျက်ရှိပြီး ထောင်ပေါင်းများစွာသော လိုအပ်ချက်များဖြစ်သည့် 'မိမိတို့ အချင်းချင်းကြား ရိုင်းပင်းကူညီမှုနှင့် အခြားသော လုပ်ငန်းဆောင်တာများအတွင်း၌ အလွန် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရမည်သာ ဖြစ်ပေသည်။ အသင် အလုပ်ခိုင်းလိုသောသူသည် အိပ်စက်နေသောသူဖြစ်ရာ ၎င်းနိုးထလာသော အချိန်သည် အသင့်အဖို့ အိပ်ချိန်ဖြစ်နေပြန်လေသည်။

အကယ်၍ ထိုရည်ရွယ်ချက်များအား ပြည့်ဝစွာ အကောင်အထည်ဖော်ဆောင်ရန်အတွက် ကမ္ဘာ့နိုင်ငံတကာရေးဆိုင်ရာ ဓလေ့ထုံးတစ်ရပ်ကို အသုံးချမည်ဆိုလျှင် လူအားလုံးတို့သည် မိမိတို့အိပ်စက်ရန် အချိန်ကို အချိန်တစ်ချိန်တည်းအဖြစ် သတ်မှတ်ရပေမည်။ ပထမအချက်သည်မူ ဤစီရင်ထုံးကို အကောင်အထည်ဖော်ဆောင်ရန် ကုဋေကုဋာရှိသော လူသားများအတွင်း၌ ဖြစ်ပေါ်လာရန် မလွယ်ကူလှပေ။ တစ်ဖန် ထိုစီမံချက်ကို အတည်ပြုနိုင်ရေးအတွက် ထောင်ပေါင်းများစွာသော ရုံး၊ ဌာနများ ဖွင့်လှစ်ရန် ကိန်းဆိုက်ရောက်လာပေမည်။ ထိုကဲ့သို့ ဖွင့်လှစ်လိုက်မည်ဆိုလျှင်လည်း ကမ္ဘာ့ထုံး၊ အများသုံးနည်းများဖြင့် ဆုံးဖြတ်ထားသော အရာများအတွင်း၌လည်း နေရာတိုင်းလိုလို၌ လာဘ်ပေးလာဘ်စားခြင်း၊ ထောက်ထားအားနာခြင်း စသော အဟာန့်အတားဖြစ်စေခြင်း၏ အကြောင်းခံ တည်ရှိနေခြင်းကြောင့် ထိုစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆက်လက် ကျန်ရှိနေမည်ဖြစ်သည်။

အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ပြည့်စုံတော်မူလှသော တန်ခိုးတော်ဖြင့် အိပ်စက်ခြင်းကို အချိန်တစ်ခုအတွင်း၌ စီမံတင်းကြပ်မှုအသွင်ဖြင့် 'လူသားတိုင်းနှင့် သက်ရှိသတ္တဝါတိုင်းသည် ထိုအချိန်၌ အိပ်စက်ရန်' ဟူ၍ ပြုလုပ်ဖန်ဆင်းပေးသနားထားတော်မူပေသည်။ တစ်ခါတစ်ရံ လိုအပ်ချက်တစ်စုံတစ်ရာကြောင့် နိုးလာလိုသည်ဆိုလျှင် ၎င်းအဖို့ ခက်ခဲစွာဖြင့် စီမံမှုကို ပြုရပေသည်။

فَتَبَارَكَ اللّٰهُ اَحْسَنُ الْخَالِقِيْنَ

သို့ဖြစ်ပေရာ အကောင်းဆုံး ဖန်ဆင်းတော်မူသော အလ္လာဟ်အသျှင်မြတ်သည် အဘယ်မျှ ထူးကဲမြင့်မြတ်လှပါဘိသနည်း။ [၂၃ း ၁၄]

ဤကဲ့သို့ပင် وَّجَعَلَ النَّهَارَ نُشُوْرًا (၎င်းပြင် ထိုအသျှင်မြတ်သည်ပင် နေ့ကို ရှင်ပြန်ထရန် ကာလအဖြစ် ပြုလုပ်တော်မူခဲ့သည်) ဟူသော အာယသ်တော်အတွင်း၌လည်း နေ့အချိန်ကို نُشُوْرًا (ရှင်ပြန်ရန် ကာလ) ဟူ၍ မိန့်တော်မူထားပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုရှင်ပြန်ထခြင်း၏ ဆန့်ကျင်ဘက်တွင် အိပ်စက်ခြင်းသည် သေခြင်းတရားမျိုးဖြစ်သည်။ ၎င်းနောက် ထိုရှင်ပြန်ထချိန်ကိုလည်း လူသားအားလုံးအတွက် မဖြစ်မနေပုံစံဖြင့် တစ်ပုံစံတည်း ပြုလုပ်ပေးတော်မူထားသည်။ သို့မဟုတ်ပါက ဆိုင်အချို့နှင့် စက်ရုံအချို့သည် နေ့အချိန်တွင် ပိတ်ထားပြီး ညအချိန် ဖွင့်လှစ်ကြမည်ဖြစ်သည်။ ယင်းလူများဖွင့်ချိန်တွင် အခြားလူများ ပိတ်ကြမည် ဖြစ်သည်။ သို့ဆိုလျှင် မတူညီသည့် လူနှစ်ဦးကြား လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရန်မှာ အလွန်အခက်အခဲများနှင့် ရင်ဆိုင်ရမည်သာ ဖြစ်သည်။ ညဥ့်အချိန်ကို အနားယူအိပ်စက်ရန်အတွက် သီးသန့်ဆုလာဘ်ကြီးတစ်ရပ်အဖြစ် အလ္လာဟ်အသျှင်မြတ်သည် ချီးမြှင့်ပေးသနားထားတော်မူသကဲ့သို့ မိမိတို့အချင်းချင်းကြား၌ ပူးတွဲကာ လိုလားလျက်ရှိနေသော သက်တမ်း၏ လိုအပ်ချက်များအဖို့လည်း အနီးစပ်ဆုံးပုံစံမျိုးဖြင့် ပူးတွဲအချိန်တစ်မျိုးတည်း အတွင်း၌မှာပင် သတ်မှတ်ပေးထားတော်မူပေသည်။ ဥပမာ- ဆာလောင်ခြင်းနှင့် စားသောက်ခြင်း၏ လိုအပ်ချက်သည် နံနက်၊ ညနေ တစ်ကြိမ်စီ

ဖြစ်ခြင်းသည် ပူးတွဲဖြစ်ရှိနေသော ကိစ္စရပ်တစ်ရပ် ဖြစ်ပေသည်။ သောကဖြစ်ခြင်း၏ အချုပ်သဘောတရား အတွင်း၌ အရေးကြီး လိုအပ်ချက်များအားလုံးကို အသင့်ပြုရန် တစ်ဦးချင်းစီအတွက် လွယ်ကူသွားပေသည်။ စားသောက်ရန် ဟိုတယ်များနှင့် ဆိုင်များသည် ယင်းအချိန်၌ စီမံအသင့်ပြုလုပ်ထားပြီးဖြစ်သော အစား အစာများနှင့် ပြည့်နှက်နေသည်ကို မြင်တွေ့ရပေသည်။ အိမ်တိုင်း၌ ယင်းအချိန်များကို စားသောက်မှုအတွင်း၌ မွေ့လျော်နေရန်အတွက် သတ်မှတ်ထားကြလေသည်။ ဤသို့ သတ်မှတ်ထားကြခြင်းသည် အလ္လာဟ် အသျှင်မြတ်၏ ပြည့်ဝစုံလင်လှစွာသော အမြော်အမြင်တော်ပင်လျှင် သဘာဝအရ လူသားတို့၏ ဗီဇအတွင်း သို့ ထားရှိပေးထားသော ကြီးကျယ်သည့် စည်းစိမ်တော်တစ်ရပ်ပင် ဖြစ်ပေသည်။

وَأَنْزَلْنَا مِنَ السَّمَاءِ مَاءً طَهُورًا

ထို့အပြင် ငါအသျှင်မြတ်သည် မိုးကောင်းကင်မှ သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်သော (မိုး) ရေကို ချပေးသနားတော်မူခဲ့၏။ *[၂၅ း ၄၈]*

'သွဟုရူန်'ဟူသော စကားလုံးသည် အာရဗီစာပေဘာသာစကား၌ အတိတ်တရဝုတ္တိအလင်္ကာ အတွက် အသုံးပြုသော စကားလုံးဖြစ်သည်။ 'ကိုယ်တိုင်လည်း သန့်၍ အခြားသော အရာကို သန့်အောင် ပြုပေးသောအရာ' ကို 'သွဟူးရ်'ဟု ခေါ်ဆိုပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ရေကို 'ငင်းသည် ကိုယ်တိုင်လည်း သန့်သကဲ့သို့ အခြားအမှုန်တကယ် မသန့်ဖြစ်နေသော အရာနှင့် အမိန့်အရ မသန့်ဖြစ်နေ သော အရာများကိုလည်း ဝေးကွာသန့်ရှင်းအောင် ပြုပေးနိုင်ခြင်း' ၏ သီးသန့်ဂုဏ်ထူးဝိသေသအချက်ကို ချီးမြှင့်ပေးထားပေသည်။ လူသားတို့ များစွာ အသုံးများသောရေမှာ မိုးကောင်းကင်မှ ကျရောက်လာသော ရေဖြစ်သည်။ တစ်ခါတစ်ရံ မိုးရေ၏ အသွင်ဖြင့် တည်ရှိ၍ တစ်ခါတစ်ရံ ရေခဲ၊ နှင်းခဲတို့၏ အသွင်ဖြင့် တည်ရှိနေပေသည်။ တစ်ဖန် ထိုရေသည်ပင်လျှင် တောင်ကြောများ၏ သဟဲဖြင့် တန်ခိုးတော်အသျှင် ဖန်ဆင်း ထားတော်မူသော ရေကြောလိုင်းများသဏ္ဍာန်ဖြင့် ကမ္ဘာမြေပထဝီတစ်ခုလုံးအတွင်း၌ ပြန့်နှံ့လျက် ရှိနေ ပေသည်။ အကြင်ရေကိုယ်တိုင်သည်ပင်လျှင် အချို့နေရာများတွင် စမ်းရေချောင်း၊ ရေဆူပေါက်ပုံစံမျိုး များဖြင့် စိမ့်ထွက်လာကာ မြေပေါ်ဝယ် စီးတွေနေပေသည်။ အချို့နေရာများတွင် တွင်းတူးကာ ရေကို ရယူကြပေသည်။ ဤရေများအားလုံးသည် မိမိကိုယ်တိုင်လည်း သန့်၍ အခြားသောအရာများကိုလည်း သန့်အောင် ပြုပေးနိုင်ပေသည်။ ယင်းအချက်အပေါ် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များ၏ 'နုစူးစ်' (လိုရင်းကို ဖော်ဆောင်ပေးသော ဝါကျများ) ကလည်း မိန့်တော်မူထားကာ အုမ္မသ်၏ သာသနာ့ ပညာရှင်များအားလုံးကလည်း 'သန့်ကြောင်း၊ သန့်စင်အောင် ပြုပေးနိုင်ကြောင်း' တစ်ညီတစ်ညွတ်တည်း မိန့်ဆိုထားကြပေသည်။

ဤရေသည် အတိုင်းအတာ အလွန်များပြားလာချိန်ဝယ် ရေကန်၊ ချောင်းရေ စသော အရာများ၏ အတွင်း 'ရေတွင် မသန့်၏ အရောင်၊ အနံ့၊ အရသာတို့ မပြောင်းလွဲဘဲ ရေသည် မူလအတိုင်း ရှိနေရမည် ဟူသော စည်းကမ်းချက်ဖြင့် ယင်းရေသန့်ကြောင်းကိုလည်း အားလုံး တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ချက်ချ

ပေးထားကြပေသည်။ သို့ရာတွင် နည်းသော ရေဖြစ်ကာ ယင်းရေအတွင်းသို့ မသန့်ကျရောက်သွားလျှင် အမိန့်သည် မည်ကဲ့သို့နည်း။ ထိုမွေ့သတ်နှင့် စပ်လျဉ်း၍ အေမာမ်ကြီးများ၏ကြားဝယ် အကွဲအလွဲ ရှိပေသည်။ ဤကဲ့သို့ပင် 'ရေနည်း၊ ရေများဖြစ်ခြင်းနှင့် စပ်လျဉ်း၍ ရေ၏ အတိုင်းအတာကို သတ်မှတ်ရာ၌လည်း အကွဲအလွဲ ရှိပေသည်။ မဇ္ဇဟဗ်ရီးနှင့် ကုရ်သုဗ်းသဖ်စီးရ်ကျမ်းကြီးများတွင် ဤနေရာ၌ ရေနှင့်စပ်လျဉ်းသော မွေ့သတ်များအားလုံးကို အကျယ်ချဲ့ဖွင့်ဆိုချက်နှင့်အတူ ရေးသားထားပေသည်။ ဤမွေ့သတ်များသည် အခြားသော မွေ့သတ်ကျမ်းစာအုပ်များ၌လည်း တင်ပြထားပေသည်။ ထို့ကြောင့် ဤနေရာတွင် ရေးသားရန် မလိုအပ်တော့ပေ။

وَّنُسْقِيَهٗ مِمَّا خَلَقْنَآ اَنْعَامًا وَّاَنَاسِيَّ كَثِيْرًا

ငါအသျှင်မြတ် ဖန်ဆင်းတော်မူသည့် မြောက်မြားစွာသော ကုလားအုတ်၊ ကျွဲ၊ နွား တိရစ္ဆာန်များနှင့် လူတို့အား ထိုမိုးရေကို တိုက်ကျွေးတော်မူရန်အလို့ငှာ ဖြစ်ပေသည်။ *[၂၅ : ၄၉]*

'အနာစီးယ်'ဟူသော ပုဒ်သည် 'အင်စိယူးန်'ဟူသော ပုဒ်၏ အများကိန်းဖြစ်သည်။ အချို့သော အာလင်မ်ပညာရှင်များက إِنْسَانٌ 'အင်စာနူးန်'ဟူသော ပုဒ်၏ အများကိန်းဖြစ်ကြောင်းကိုလည်း မိန့်ဆိုထားပေသည်။ အာယသ်တော်အတွင်း၌ 'မိုးကောင်းကင်မှ ရွာချပေးသော ရေဖြင့် အလ္လာဟ်အသျှင်မြတ်သည် မြေပထဝီ၊ တိရစ္ဆာန်များနှင့် များစွာသော လူသားတို့ကို တိုက်ကျွေးတော်မူရန်'ဟူသော အချက်ကို ပြဆိုထားပေသည်။ ဤနေရာ၌ 'တိရစ္ဆာန်များအားလုံးနှင့် လူသားအားလုံးတို့သည် ထိုရေများမှ အကျိုးရယူခံစားလျက်ရှိနေရာ 'များစွာသော လူများ' ဟူ၍ အထူးပြုလိုက်ခြင်းဖြင့် 'များစွာသော ကျန်ရှိသည့် လူတို့သည် ထိုရေကို ရယူခံစား အကျိုးပြုခြင်းမှ လက်မဲ့ဖြစ်လျက် ရှိနေကြောင်း' သည် မုချ ထင်မှတ်ဖွယ်ရာ ဖြစ်ကြောင်း' အချက်ကို သေချာကျနစွာ စဉ်းစားသင့်ပေသည်။ အဖြေမှာ 'ဤနေရာတွင် လာရှိထားသော များစွာသည့် သူတို့'ဟူ၍ မိန့်တော်မူလိုက်ခြင်း၏ လိုရင်းသဘောမှာ ကျေးတောရွာ၌ နေထိုင်သောသူတို့ ဖြစ်သည်။ မြို့ပြတည်နေရာ၌ရှိသော သူတို့သည် ချောင်း၊ မြောင်း၊ မြစ်ဘေးရှိ ရေတွင်းများအနီး၌ နေထိုင်ကျလေရာ မိုးရေအား စောင့်မျှော်မနေပေ'ဟူ၍ ဖြစ်သည်။

وَلَقَدْ صرفنه بَيْنَهُمْ

ငါအသျှင်မြတ်သည် ထိုမိုးရေကို ၎င်းတို့ကြားဝယ် ဝေငှ၍ ပေးကမ်းတော်မူခဲ့၏။ *[၂၅ : ၅၀]*

အာယသ်တော်၏ အလိုသဘောမှာ 'မိုးရေကို ငါအသျှင်မြတ်သည် ပြောင်းလွဲကာ လှည့်လည် ပေးသနားတော်မူပေသည်။ တစ်ခါတစ်ရံ မြို့တစ်မြို့၌၊ တစ်ခါတစ်ရံ အခြားမြို့တစ်မြို့သို့ ပေးသနားထားတော်မူပေသည်' ဟူ၍ ဖြစ်သည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးက မိန့်တော်မူသည်မှာ 'ဤနှစ်၌ မိုးများမည်။ ဤနှစ်၌ မိုးခေါင်မည်'ဟူ၍ လူတို့အတွင်းဝယ် ကျော်ကြားနေသော သတင်းမှာ ဖစ်မြစ်အမှန်တရားကို ထောက်ရှု၍ ကြည့်မည်ဆိုလျှင် မမှန်ကန်ပေ။ သို့သာမက အလ္လာဟ်အသျှင်မြတ်သည် နှစ်စဉ်နှစ်တိုင်း တစ်သမတ်တည်းသော ပုံစံမျိုးဖြင့် ချပေးသနားထားတော်မူပေသည်။ သို့ရာတွင်

အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အမိန့်တော်ဖြင့် 'မြို့တစ်မြို့အတွင်း၌ အတိုင်းအတာထက် များပြားစွာ ချပေးသနားတော်မူ၍ အခြားမြို့တစ်မြို့အတွင်း၌ ခေါင်ထားစေတော်မူပေသည်။' အချို့သော အချိန်အခါ မျိုး၌ မိုးခေါင်စေ၍ မြို့ရွာအတွင်းရှိ သူတို့ကို ပြစ်ဒဏ်သက်ရောက်စေသည့် ပုံစံမျိုးဖြင့် သတိပေးထား တော်မူပြီး အချို့အချိန်အခါမျိုး၌ ရေကြီးခြင်း၊ မိုးများခြင်းသည်လည်း 'အဇာဗ်' အပြစ်ဒဏ် ဖြစ်သွား တတ်ပေသည်။ သို့ရှိရာ ဤမိုးရေသည် အလ္လာဟ်အသျှင်မြတ် ၏ သီးသန့် ကရုဏာတော်ပင်လျှင် ဖြစ်ပေ သည်။ အကြင်သူတို့သည် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတရားကို မသိတတ်၍ ဖီဆန်မှုကို ပြုသည် ဆိုလျှင် ၎င်းတို့အား ဤမိုးရေကိုပင်လျှင် အကြောင်းပြု၍ ပြစ်ဒဏ်ကို သက်ရောက်စေတော်မူပေသည်။

ကုရ်အာန်ကျမ်းတော်မြတ်ဖြင့် စစ်ထိုးခြင်း (တစ်နည်း) ကုရ်အာန်ကျမ်းတော်မြတ်၏ ဖိတ်ခေါ်မှုကို ဖြန့်ဖြူးခြင်းသည်လည်း ကြီးမားသော 'ဂျိဟာဒ်' (စစ်ထိုးမှု) ဖြစ်ခြင်းအကြောင်း

وَجَاهِدْهُم بِهِ جِهَادًا كَبِيرًا

သို့သော် ကုရ်အာန်ကျမ်းတော်မြတ်ဖြင့် လက်ကိုင်ပြု၍ ၎င်းကာဖိရ်တို့အား ကြီးကျယ်ပြင်းထန်စွာ သက်စွန့်ကြိုးပမ်း ယှဉ်ပြိုင်ပါလေ။ *[၂၅ : ၅၂]*

ဤအာယသ်တော်သည် ပညတ်ချက်များ၊ ကာဖိရ်များနှင့် စစ်ထိုးရန် ခွင့်မရမီအလျှင် မက္ကာဟ် မြို့၌ ကျရောက်လာသော အာယသ်တော်ပင် ဖြစ်ပေသည်။ ထို့ကြောင့် ဤအာယသ်တော်အတွင်း၌ 'ဂျိဟာဒ်' ဆိုသော စကားလုံးကို ب 'ဗိဟီး' ဟူသော ပုဒ်ဖြင့် တွဲကာ ချွင်းချက်အသွင်ဖြင့် မိန့်ဆိုထားပေသည်။ 'ဗိဟီး' ဟူသော စကားလုံးအတွင်း၌ ပါရှိသော ه 'ဟီး' ဟူသော (ထို) အညွှန်းနာမ်စားသည် ကုရ်အာန် ကျမ်းတော်မြတ်၏ဘက်သို့ လှည့်ကာ ထားရှိမည်ဆိုလျှင် ကုရ်အာန်ကျမ်းတော်မြတ်ကို အကြောင်းပြု၍ အစ္စလာမ့်သာသနာအား ဆန့်ကျင်မှုပြုသောသူများအား ပြင်းထန်စွာ ဆင်နွှဲကုန်' ဟူ၍ အာယသ်တော်၏ အဓိပ္ပာယ်ကို ရရှိပေမည်။ ကုရ်အာန်ကျမ်းတော်မြတ်ကို အကြောင်းခံ၍ ထိုသို့ စစ်ဆင်နွှဲမှု ပြုရခြင်း၏ မိန့်မြွက်ချက်ရလဒ်မှာ 'ထိုကျမ်းမြတ်ပါ ပညတ်ချက်များအား ဖြန့်ဖြူးခြင်း၊ အလ္လာဟ်အသျှင်မြတ်၏ အဖန် ဆင်းခံများကို ထိုအသျှင်မြတ်၏ ဘက်တော်သို့ နှုတ်လျှာဖြင့်ဖြစ်စေ၊ ကလောင်တံဖြင့်ဖြစ်စေ၊ အခြားသော နည်းလမ်းများဖြင့်ဖြစ်စေ အာရုံစိုက်စေခြင်း၏ ကြိုးပမ်းမှုများပင် ဖြစ်သည်။ ထိုအထက်တင်ပြပါ အချက် များအားလုံးကို ဤနေရာ၌ 'ကြီးမားသော စစ်ဆင်နွှဲ' ဟူ၍ မိန့်တော်မူထားပေသည်။

وَهُوَ الَّذِي مَرَجَ الْبَحْرَيْنِ هَٰذَا عَذْبٌ فُرَاتٌ وَهَٰذَا مِلْحٌ أُجَاجٌ وَجَعَلَ بَيْنَهُمَا بَرْزَخًا وَحِجْرًا مَّحْجُورًا

၎င်းအပြင် ထိုအသျှင်မြတ်သည်ပင် ပင်လယ်နှစ်ခုကို ပေါင်းစပ်ပေးထားတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေရာ ထိုပင်လယ်နှစ်ခုအနက် တစ်ခုသောရေမှာ အရသာရှိ၍ ရေငတ်ပြေစေပြီး ချိုမြိန်၏။

ကျုန်တစ်ခုသော ရေမှာ ငန်၍ ခါးသော အရသာရှိပေသည်။ တစ်ဖန် ထိုအသျှင်မြတ်သည် ထိုပင်လယ်နှစ်ခု၏ အကြားဝယ် သေးသွယ်သည့် အဆက်တစ်ခုကို ထားရှိတော်မူခဲ့သည့်အပြင် တစ်ခုနှင့်တစ်ခု ရောနှော မသွားစေရန် ခိုင်လုံသော အကာအဆီးတစ်ခုဖြင့် ထားရှိတော်မူခဲ့၏။ *[၂၅ : ၅၃]*

مَرَجَ ဟူသော စကားလုံးသည် 'လွှတ်လပ်စွာ လွှတ်ပေးထားခြင်း'၏ အဓိပ္ပာယ်ကို ရရှိ၏။ ထို့ကြောင့် مَرَجَ 'မရဂျူးန်'ဟူသော စကားလုံးကို 'စားကျက်'၏ အဓိပ္ပာယ်ဖြင့်လည်း အသုံးပြုကြ၏။ အကြင်နေရာ၌ တိရစ္ဆာန်များသည် လွှတ်လပ်စွာ စားသုံးသွားလာကြပေသည်။ 'အဇ်ဗူးန်'၏ အဓိပ္ပာယ်မှာ ရေချိုကို ခေါ်ဆိုပေသည်။ 'ဖုရားသူးန်'ဟူသော စကားလုံး၏ အဓိပ္ပာယ်မှာ 'အရသာရှိသော အရာ' ဖြစ်ပြီး 'မစ်လ်ဟူးန်' ဟူသော စကားလုံး၏ အဓိပ္ပာယ်မှာ 'ငန်ခြင်း' ဖြစ်ပြီး 'အုဂျားဂျူန်' ဟူသော စကားလုံး၏ အဓိပ္ပာယ်မှာ 'အလွန်ခါးခြင်း'ဟူ၍ အဓိပ္ပာယ်ရရှိ၏။

အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ကျေးဇူးအသနားတော်၊ ပြီးပြည့်စုံတော်မူသော အမြော်အမြင်တော်ဖြင့် ကမ္ဘာလောက၌ မြစ်နှစ်မျိုးကို ဖန်ဆင်းပေးသနားတော်မူပေသည်။ တစ်မျိုးမှာ 'ပင်လယ်'ဟု ခေါ်ဆိုသော် ကမ်းမမြင်၊ လမ်းမဖြစ်ဖြစ်သော အကြီးဆုံးသော မြစ်ဖြစ်ပေသည်။ မြေမျက်နှာသွင်အရပ်ရပ်တို့အား ထိုမြစ်ပင်လယ်ကြီးသည် ဝိုင်းရံထားပေသည်။ ကျန်လွတ်နေသော မြေကြီးလေးပုံတစ်ပုံအတွင်း၌သာ ကမ္ဘာသူ၊ ကမ္ဘာသားတို့ နေထိုင်ကြပေသည်။ အလ္လာဟ်အသျှင်မြတ်၏ အမြော်အမြင်တော်၏ လိုလားချက်အရ ဤမြစ်ပင်လယ်ကြီးကို အလွန်ခါးတူးကာ ငန်၍ အရသာမရှိသော ရေအဖြစ် ဖန်ဆင်းပေးထားပေသည်။ လူသားတို့အဖို့ မိမိတို့သောက်သုံးရန်၊ ရေငတ်ပြေစေရန်နှင့် နေ့စဉ်နေ့တိုင်း သုံးစွဲရန် များစွာလိုအပ်သော ရေချိုကို အလ္လာဟ်အသျှင်မြတ်သည် ကမ္ဘာမြေကြီးအတွင်း၌ ပုံစံအမျိုးမျိုးဖြင့် ဖန်တီးပေးသနားထားတော်မူပေသည်။ သို့ရာတွင် ကမ်းမမြင်၊ လမ်းမမြင်ဖြစ်သော ပင်လယ်၏ ရေကို အကယ်၍ ရေချိုအဖြစ် ဖန်ဆင်းပေးထားမည်ဆိုလျှင် ရေချို၏ ဓါတ်သဘာဝအရ အလွန်လျင်မြန်စွာ ပုပ်သိုးသွားပေမည်။ အထူးသဖြင့် ကုန်းနေအဖန်ဆင်းခံသတ္တဝါများထက် များပြားသော ရေနေလူသားတို့နှင့် ရေနေသတ္တဝါတို့သည် ထိုရေအတွင်း၌မှာင် သေကြေ၊ ပုပ်သိုးသွားကြကာ မြေကြီးဖြစ်သွားပေမည်။ ကမ္ဘာမြေအတွင်း၌ ရှိသော ရေနှင့် ယင်းရေအတွင်း စီးဆင်းမျောပါလျက်ရှိနေသော အညစ်အကြေးများသည်လည်း နောက်ဆုံး၌ ပင်လယ်သို့ ရောက်ရှိကာ စုဆောင်းသွားမည် ဖြစ်သည်။ အကယ်၍ ဤပင်လယ်ရေကို ရေချိုအဖြစ် ဖန်ဆင်းထားမည်ဆိုပါက နှစ်ရက် လေးရက်အတွင်း၌မှာပင် ပုပ်သိုးသွားပေမည်။ ဤပင်လယ်ရေ ပုပ်သိုးသွားမည်ဆိုလျှင် ဤပုပ်သိုးသော အနံ့အသက်ကြောင့် ကမ္ဘာသူ၊ ကမ္ဘာသားတို့အဖို့ ကမ္ဘာမြေပထဝီပေါ်၌ နေထိုင်ရန် ခက်ခဲသွားပေလိမ့်မည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်၏ အမြော်အမြင်တော်သည် ထိုပင်လယ်ရေကို 'ကမ္ဘာအဝှမ်း၌ရှိသော အညစ်အကြေးများ ပင်လယ်အတွင်းသို့ ရောက်ရှိကာ မြေကြီးဖြစ်သွားစေရန်နှင့် ထိုရေအတွင်း၌ နေထိုင်သော သတ္တဝါများသည်လည်း သေဆုံးသွားမည်ဆိုပါကလည်း ပုပ်သိုးမှု မဖြစ်ရှိစေရန်' ဤမျှခန့် ခါးတူး၍ ငန်စွာ ဖန်ဆင်းထားခြင်း ဖြစ်ပေသည်။

တင်ပြလျက်ရှိနေသော အာယသ်တော်အတွင်း၌ လူသားတို့၏ လိုအပ်ချက်ကို ထောက်ရှု၍ မြစ်နှစ်သွယ် ဖန်ဆင်းပေးတော်မူထားခြင်း၏ အသနားတော်၊ ကျေးဇူးတော်တစ်ရပ်ကို ပြဆိုထားပေသည်။ ဒုတိယတစ်ရပ်ကို ဤသို့ ပြဆိုပေးထားပေသည်။ ရေချိုမြစ်ချောင်းအင်အိုင်များမှ ရေဖြင့် ပေါင်းစည်းသွားခြင်းကို ပြီးပြည့်စုံတော်မူသော တန်ခိုးတော်အသျှင်မြတ်က 'ထိုရေနှစ်ရပ်စလုံးသည် မိုင်ပေါင်းများစွာထိတိုင် 'တစ်ဘက်မှ ရေချို၊ တစ်ဘက်မှ ရေငန် တစ်မျိုးနှင့်တစ်မျိုး မထိတွေ့ဘဲ အတူတကွ စီးဆင်းနေကြောင်း' ကို ဖန်ဆင်းပြသပေးထားပေသည်။ ကေန်အမှန် ယင်းမြစ်နှစ်သွယ်ကြား၌ အကာအဆီး တစ်စုံတစ်ရာမျှ မရှိပေ။

وَهُوَ الَّذِىْ خَلَقَ مِنَ الْمَآءِ بَشَرًا فَجَعَلَهٗ نَسَبًا وَّصِهْرًا

တစ်ဖန် ထိုအသျှင်မြတ်သည်ပင် ကာလလရေကြည်ဖြင့် လူကို ဖန်ဆင်းတော်မူသော အသျှင်မြတ်ဖြစ်တော်မူ၏။ ထို့နောက် ထိုအသျှင်မြတ်သည် ထိုလူသားအား သွေးရင်း၊ သားရင်းဖြစ်သော ဆွေမျိုးသားချင်းတော်စပ်သူ မျိုးရိုးအစဉ်များနှင့်လည်းကောင်း၊ ထိမ်းမြားမှုဖြင့် ဆွေမျိုးတော်စပ်သော သူများအဖြစ်နှင့်လည်းကောင်း တိုးပွားဖြစ်စေတော်မူခဲ့၏။ *[၂၅ : ၅၄]*

'နစဗ္ဗုန်' ဟူသော စကားလုံးသည် မိဘနှစ်ပါး၏ ဘက်မှ တော်စပ်သော ဆွေမျိုးသားချင်းများကို ခေါ်ဆိုပေသည်။ صهر ဆိုသည်မှာ 'ယောက္ခမ၊ ယောက္ခထီး' ဟူသော ဇနီးဘက်မှ တော်စပ်သောသူများဟူ၍ ခေါ်ဆိုပေသည်။ ဤပတ်သက်ဆက်နွယ်မှုနှင့် နီးစပ်မှုများသည် 'လူသားတို့ ပျော်ရွှင်သော သက်တမ်းအဖြစ် မုချ ပြုနိုင်ရန်' အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ချီးမြှင့်ထားသော 'နေ့အ်မသ်' (စည်းစိမ်တော်) များပင် ဖြစ်ပေသည်။ တစ်ဦးတစ်ယောက်တည်း နေထိုင်သူသည် မည်သည့်အလုပ်ကိုမျှ ပြုနိုင်မည်မဟုတ်ပေ။

قُلْ مَآ اَسْـَٔلُكُمْ عَلَيْهِ مِنْ اَجْرٍ اِلَّا مَنْ شَآءَ اَنْ يَّتَّخِذَ اِلٰى رَبِّهٖ سَبِيْلًا

အို၊ နဗီတမန်တော်၊ အသင်သည် ဤသို့ ပြောကြားပါလေ။ အချင်းတို့ မည်သူမဆို အလိုရှိခဲ့ပါလျှင် မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ထံတော်သို့ သွားရာလမ်းကို ရွေးချယ်ရန်မှအပ အခြားမရှိပြီ။ ငါသည် ယင်းအမိန့်တော်များကို ပို့ဆောင်ခြင်းနှင့် စပ်လျဉ်း၍ အသင့်ထံသို့ မည်သည့်အဖိုးအခကိုမျှ တောင်းဆိုသည်မဟုတ်ပေ။ *[၂၅ : ၅၇]*

(တစ်နည်း) အသင်တို့အား အီမာန်ဘက်သို့ ဖိတ်ခေါ်မှု၊ အလ္လာဟ်အသျှင်မြတ်၏ ပညတ်ချက်များအား ပို့ဆောင်မှုနှင့် အသင်တို့အဖို့ နှစ်ဘဝအောင်မြင်ရေးအတွက် ကြိုးပမ်းမှုကို ပြုပေးရာ၌ ကျွန်ုပ်တို့အဖို့ လောကီအကျိုး တစ်စုံတစ်ရာမျှ မရှိပေ။ ကျွန်ုပ်သည် မိမိ၏ ကြိုးပမ်းမှုနှင့် စပ်လျဉ်း၍ အသင်တို့ထံမှ အဖိုးအခတစ်စုံတစ်ရာကိုမျှ တောင်းခံမည်မဟုတ်။ အလ္လာဟ်အသျှင်မြတ်၏ လမ်းစဉ်ကို ရွေးချယ်လိုသူမှအပ ကျွန်ုပ်အဖို့ အကျိုးတစ်စုံတစ်ရာမျှ မရှိပေ။ တစ်ဦးတစ်ယောက်သည် လမ်းမှန်ပေါ်သို့ ရောက်ရှိ

သွားရာ အကျိုးသည် ၎င်းအဖို့သာဖြစ်ကြောင်း ထင်ရှားလေရာ တမန်တော်မြတ် ﷺ သည် မိမိအကျိုးဟူ၍ မိန့်တော်မူခြင်းသည် နဗီတမန်တော်တစ်ပါးဖြစ်ခြင်း၏ ကရုဏာတရားတော်ဘက်သို့ ('အသင်တို့အကျိုးကို မိမိအကျိုးဟူ၍သာ မှတ်ယူထားခြင်းဖြစ်သည်'ဟူသော အချက်ကို) ရည်ညွှန်းဖော်ထုတ်နေခြင်း ဖြစ်ပေသည်။ 'အိမ်မင်းရင့်ရော်ကာ ပိန်လှီသော အဖိုးအိုတစ်ဦးသည် မိမိ၏ သားသမီးများအား 'အသင်တို့ စားကြ၊ သောက်ကြ၍ ပျော်ရွှင်ကြကုန်။ အသင်တို့ စားသောက်ခြင်းနှင့် ပျော်ရွှင်ခြင်းသည် ကျွန်ုပ်၏ စားသောက်ပျော်ရွှင်ခြင်းပင် ဖြစ်သည်'ဟူ၍ ပြောဆိုလိုက်ခြင်း'၏ ပမာကဲ့သို့ပင် ဖြစ်ပေသည်။ ထိုအကျိုးကို မိမိအကျိုးဟူ၍ တမန်တော်မြတ် ﷺ မိန့်တော်မူခြင်းသည် မိမိအဖို့လည်း ရရှိမည်ဖြစ်ခြင်း' တို့ကြောင့်လည်း ဖြစ်နိုင်ပေသည်။ ပမာဆိုရသော် စစ်မှန်သော ဟဒီးစ်တော်များအတွင်း၌ ဤသို့ လာရှိထားပေသည်။

'အကြင်သူသည် အခြားတစ်ဦးတစ်ယောက်ကို မွန်မြတ်သောလုပ်ငန်းရပ်များအား လမ်းညွှန်ပြသလေသည်။ ထိုပြသခြင်းခံရသူသည် ပြောဆိုသူ၏ ပြောဆိုချက်နှင့်အညီ လိုက်နာဆောင်ရွက်တည်မှုကို ပြုသည်ဆိုလျှင် ပြုလုပ်သူသည် ပြုလုပ်ချက်နှင့်အညီ 'စဝါးဗ်'အပြည့်အဝ ရရှိ၍ လမ်းညွှန်ပြသသူသည်လည်း ထိုမျှခန့် အကျိုးစဝါးဗ်ကို ရရှိပေသည်။' *[မဇ္ဟရီ]*

فَسْئَلْ بِهٖ خَبِيْرًا

ထိုအသျှင်မြတ်နှင့် ပတ်သက်၍ သိရှိသူတစ်ဦးတစ်ယောက်အား မေးမြန်းရာ၏။ *[၂၅ : ၅၉]*

(တစ်နည်း) မိုးကောင်းကင်များနှင့် မြေပထဝီများကို ဖန်ဆင်းတော်မူခြင်း၊ တစ်ဖန် မိမိ၏ ဂုဏ်ရှိန်၊ ဂုဏ်ဝါတော်နှင့်အညီ 'အရ်ရှ်'တော်၌ စံမြန်းခြင်း စသော အလုပ်ကိစ္စများအားလုံးသည် 'ရဟ်မာန်'ဟု အနန္တကရုဏာတော်အသျှင်၊ အလ္လာဟ်အသျှင်မြတ်၏ ပြုမူဆောင်ရွက်ချက်များသာ ဖြစ်ပေသည်။ ထိုအချက်များအား ထောက်ခံမှုပြုရန်၊ သုတေသနပြုရန် လိုလားလျှင်မူ သိရှိသူတစ်ဦးတစ်ယောက်အား မေးမြန်းကုန်။ 'သိရှိသူ'ဟူသော စကားလုံး၏ အလိုသဘောသည် အလ္လာဟ်အသျှင်မြတ် (သို့မဟုတ်) ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام ဖြစ်ပေသည်။ သို့တည်းမဟုတ် 'အတိတ်ခေတ် ကောင်းကင်ကျမ်းများ ရှိသော အာလင်မ်သာသနာ့ပညာရှင်တို့လည်း' ဖြစ်တန်ကောင်းရာသည်။ အကြင်သူတို့သည် မိမိတို့ခေတ်ရှိ သက်ဆိုင်ရာ နဗီတမန်တော်များ၏ အကြောင်းခံဖြင့် ထိုအမှုကိစ္စတို့၏ သတင်းကို သိရှိထားပြီး ဖြစ်ပေသည်။ *[မဇ္ဟရီကျမ်း]*

قَالُوْا وَ مَا الرَّحْمٰنُ

၎င်းတို့က 'ရဟ်မာန်ဟူသည် မည်သည့်အရာနည်း'ဟူ၍ ပြောဆိုကြကုန်၏။ *[၂၅ : ၆၀]*

'ရဟ်မာန်'ဟူသော စကားလုံးသည် အာရဗီစကားလုံး ဖြစ်ပေသည်။ ထိုစကားလုံး၏ အဓိပ္ပာယ်ကို အာရဗ်နိုင်ငံသားတို့အားလုံး သိရှိကြပေသည်။ သို့ရာတွင် ယင်းစကားလုံးကို အလ္လာဟ်အသျှင်မြတ်အဖို့ မပြောဆိုကြပေ။ ထို့ကြောင့် ဤနေရာ၌ 'ရဟ်မာန်'ဟူသည် မည်သူ၊ မည်သည့်အရာနည်းဟူ၍ မေးမြန်းကြခြင်း ဖြစ်သည်။

تَبٰرَكَ الَّذِيْ جَعَلَ فِي السَّمَآءِ بُرُوْجًا وَّجَعَلَ فِيْهَا سِرٰجًا وَّقَمَرًا مُّنِيْرًا ﴿٦١﴾

وَهُوَ الَّذِيْ جَعَلَ الَّيْلَ وَالنَّهَارَ خِلْفَةً لِّمَنْ اَرَادَ اَنْ يَّذَّكَّرَ اَوْ اَرَادَ شُكُوْرًا ﴿٦٢﴾

မိုးကောင်းကင်၌ (ရှိသည့်) ကြယ်၊ နက္ခတာရာများ၊ (ရာသီအင်သာစက် စခန်းများ) လင်းဝင်းတောက်ပသော ဆီမီး (နေ) တစ်ခုနှင့် 'လ' ကို ဖန်ဆင်းတော်မူသော အသျှင်မြတ်သည် 'ဗရ်ကသ်' မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံတော်မူပါ၏။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင် နားလည်လိုသော၊ သို့မဟုတ် ကျေးဇူးသိတတ်လိုသောသူ၏ အဖို့၊ ညဉ့်နှင့် နေ့ကို တစ်ခု၏ နောက်သို့ တစ်ခု၊ အလျှည့်ကျ သွားလာသော အရာများ ပြုလုပ်တော်မူခဲ့သည်။ *[၂၅ : ၆၁ - ၆၂]*

ထိုအာယသ်တော်များအား တင်ပြရခြင်း၏ ရည်ရွယ်ချက်မှာ အောက်ဖော်ပြပါအချက်များကို ပြသရန်အတွက် ဖြစ်ပေသည်။ ငါအသျှင်မြတ်သည် မိုးကောင်းကင်၌ ကြယ်တာရာကြီးများ၊ နေ၊ လနှင့် ထိုနေ၊ လတို့ကို အကြောင်းခံ၍ နေ့နှင့် ည ပြောင်းလွဲမှု၊ ၎င်းတို့၏ အလင်းရောင်နှင့် မှောင်မိုက်မှုနှင့် မိုးမြေ၏ အဖန်ဆင်းခံများအားလုံးကို 'စဉ်းစားတွေးခေါ်သော သူတို့အဖို့ ထိုအရာများအတွင်း၌ အလ္လာဟ်အသျှင်မြတ်၏ ပြည့်ဝစုံလင်လှစွာသော တန်ခိုးတော်နှင့် တစ်ပါးတည်း တည်ရှိခြင်း၏ အထောက်အထားများကို စီမံထားကြောင်းနှင့် ကျေးဇူးတရား သိတတ်သူတို့အဖို့ ကျေးဇူးတင်ရန် အခွင့်အရေးများ ထားရှိထားခြင်းတို့ကြောင့် ဖန်ဆင်းတော်မူထားခြင်း ဖြစ်ပေသည်။ အကြင်သူ၏ အချိန်သည် ဤလောကီသက်တမ်း၌ ထိုအချက်နှစ်ချက်စလုံးမှ လက်မဲ့ဖြစ်ကာ ဖြတ်သန်းမည်ဆိုပါက ထိုသူ၏ အချိန်သည် အကျိုးမဲ့ ကုန်ဆုံးသွားပေမည်။ ၎င်း၏ မူရင်းပစ္စည်းအရင်းသည်လည်း ပပျောက်သွားပေမည်။ (အို၊ အလ္လာဟ်အသျှင်မြတ်၊ ကျွန်တော်မျိုးတို့အား အသျှင်မြတ်အား တသသူများနှင့် ကျေးဇူးတရား သိတတ်သူများအဖြစ် ပြုလုပ်ပေးသနားတော်မူပါ။) အိဗ်နေအာရဗီသခင်ကြီးက မိန့်တော်မူသည်မှာ 'ကျွန်ုပ်သည် ရှဟီဒ်ဒေအပ်က်ဗရ်သခင်ကြီးထံမှ အောက်ဖော်ပြပါအတိုင်း ကြားခဲ့ရပေသည်။' ထိုလူသားသည် လွန်စွာ ဆုံးရှုံးမှုအတွင်း၌ နစ်မွန်းခဲ့ရပေသည်။ အကြင်သူ၏ သက်တမ်းသည် နှစ်ပေါင်း (၆၀) ရှိသည်ဆိုပါစို့။ ထိုသက်တမ်းထဲမှ တစ်ဝက် နှစ်ပေါင်း (၃၀) သည် ညဉ့်အချိန် အိပ်စက်ခြင်းအတွင်း၌ ကုန်ဆုံးခဲ့သည်။ သက်တမ်း၏ ခြောက်ပုံတစ်ပုံ (၁၀) နှစ်သည် နေ့အချိန် အနားယူရန်အတွက် ကုန်လွန်ခဲ့သည်ဆိုလျှင် နှစ်ပေါင်း (၆၀) ထဲမှ အနှစ် (၂၀) သာလျှင် အလုပ်အတွင်း၌ တည်ရှိနေမည် ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် ဤနေရာ၌ ကြီးမားသော ကြယ်တာရာများ၊ ဂြိုဟ်များနှင့် ကောင်းကင်ရေးဆိုင်ရာ အချက်များကို တင်ပြပြီးနောက် ဤအောက်ဖော်ပြပါ အချက်ကို တင်ပြထားပေသည်။

ကုရ်အာန်ကျမ်းတော်မြတ်သည် ဤအရာများ၏ အကြောင်းကို ထပ်ဖန်တလဲလဲ မိန့်တော်မူနေခြင်း၏ အကြောင်းမှာ 'အသင်တို့သည် ထိုအရာများအား ဖန်ဆင်းခြင်း ခံရမှု၊ ၎င်းတို့၏ လှည့်ပတ်လှုပ်ရှားမှု၊ ထိုလှည့်ပတ် လှုပ်ရှားမှုတို့မှ ဖြစ်ပေါ်လာသော အကျိုးဆက်တရားများအား ဆင်ခြင်စဉ်းစား၍ ထိုအရာများအား ဖန်ဆင်းတော်မူသော အသျှင်မြတ်နှင့် လှည့်ပတ်စေတော်မူသော အသျှင်မြတ်ကို သိရှိရန်နှင့်

ကျေးဇူးသိတတ်သူများအဖြစ်နှင့် ထိုအသျှင်မြတ်အား သတိရတသစေရန်'ဟူသော အကြောင်းတို့ကြောင့် ဖြစ်ပေသည်။ 'အာကာသရေးဆိုင်ရာ ကောင်းကင်အဖွဲ့အစည်းကြီး၏ အခြေခံဇစ်မြစ်နှင့် အခြေအနေပုံပန်းသဏ္ဌာန်တို့သည် မည်သို့နည်း'ဟူသော ဓမ္မသတ်ကိစ္စရပ်သည် ကျန်ရှိနေပေသည်။ ဤအရာများသည် မိုးကောင်းကင်များ၏ အာကာသအဖွဲ့အစည်းအတွင်း၌ ဝင်ဆန့်ကာ ပါဝင်နေပါ၏လော့။ သို့မဟုတ် အာကာသ၏အပြင် ကောင်းကင်လေဟာပြင်နယ်အတွင်း၌ ပါဝင်နေပါ၏လော့။ လူသားတို့၏ နေထိုင်ရေး သို့မဟုတ် နောက်ဆုံး ပြန်လှည့်သွားရောက်ရမည့် ဌာနနှင့် စပ်လျဉ်းသည့် ပညတ်ချက်ဆိုင်ရာ ကိစ္စရပ်တစ်ခုခုသည် ထိုအချက်များနှင့် ပတ်သက်နေခြင်း မရှိပေ။ ထိုအရာများ၏ အခြေခံဇစ်မြစ်အချက်များအား သိရှိရန် လူသားတို့အဖို့ မလွယ်ကူလှပေ။ မိမိတို့၏ သက်တမ်းအချိန်များကို ထိုအချက်များအား ရှာဖွေစူးစမ်းရာတွင် အသုံးချကြသော သူတို့ကလည်း မိမိတို့၏ စူးစမ်းမှုအပေါ် ယတိပြတ်နှင့် နောက်ဆုံး ဆုံးဖြတ်ချက် မချနိုင်ကြောင်းကို ဝန်ခံပြောဆိုကြပါသည်။ အကယ်၍ ဆုံးဖြတ်ချက်ချပေးလိုက်မည်ဆိုပါကလည်း ထိုဆုံးဖြတ်ချက်များကို အခြားသော အမြော်အမြင်ပညာရှင်ကြီးများက ဆန့်ကျင်ဘက် သုတေသနပြုချက်တို့ဖြင့် ချေဖျက်လိုက်လေသည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်ကို အကျယ်ချဲ့ဖွင့်ဆိုရာ၌ ထို့ထက်ပို၍ အခြေတင်ဆွေးနွေးခြင်းသည် ကုရ်အာန်ကျမ်းတော်မြတ်ရေးဆိုင်ရာ အရေးကြီးသော ဖြန့်ဖြူးဝေငှမှု တစ်စုံတစ်ရာ မဖြစ်ရှိနိုင်ပေ။

သို့ရာတွင် ဤမျက်မှောက်ခေတ်ရှိ ကျွမ်းကျင်အဆင့်ရှိသော သိပ္ပံပညာရှင်များသည် ဂြိုဟ်တုများ ပစ်လွှတ်ခြင်း၊ လကမ္ဘာထိတိုင် ရောက်ရှိခြင်းနှင့် ထိုလကမ္ဘာ၌ ရှိသော မြေကြီး၊ ကျောက်၊ လှိုဏ်ဂူများနှင့် တောင်များ၏ ဓါတ်ပုံများကို ရိုက်ယူပေးမှုပြုပေးခြင်းတို့သည် မုချဧကန် အံ့ဖွယ်အချက်များကို အဆုံးသတ်ပြုပေးကြခြင်းပင် ဖြစ်သည်။ သို့သော် ဝမ်းနည်းရသည့်အချက်မှာ ကုရ်အာန်ကျမ်းတော်မြတ်သည် ထိုအရာများမှ လူသားတို့အား အကြင်အခြေခံဇစ်မြစ်အချက်ကို သိစေရန် လိုလားနေပေသည်။ ဤသူတို့သည် မိမိတို့၏ သုတေသနပြုခြင်း၏ ကြွားဝါဂုဏ်မောက်မှု၌ မေ့လျော့နေကာ ထို့ထက်ပင် သာပို၍ ဝေးကွာသွားကြပေသည်။ အချို့သူတို့သည် ယင်းအချက်များကို ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဆန့်ကျင်သည်ဟု မှတ်ယူကာ မြင်တွေ့နေရသော အရာများကိုပင် ငြင်းဆိုလိုက်ကြပေသည်။ အချို့သူတို့သည် ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ 'သအ်ဝီးလ်'များကို ပြုလုပ်ကြပေသည်။ ထို့ကြောင့် 'လိုအပ်သည့် အတိုင်းအတာခန့် အကျယ်ချဲ့၍ ထိုဓမ္မသတ်ကိစ္စရပ်ကို ရှင်းလင်းပေးရန်' အရေးကြီးသည်ဟူ၍ မှတ်ယူမိလေသည်။ စူရာဟ်ဟဂျ်ရ်၏ အာယသ်တော်ဖြစ်သော

وَلَقَدْ جَعَلْنَا فِي السَّمَآءِ بُرُوجًا

ဟူသော အာယသ်တော်အောက်၌ 'စူရာဟ်ဖုရ်ကာန်' ၌ ယင်းအချက်များအား ရှင်းလင်းပေးပါမည်' ဟူ၍ ကတိပြုထားပေသည်။ ထိုရှင်းလင်းချက်မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည်သာလျှင် ရေးသားနိုင်စွမ်း ပေးသနားတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

ကြယ်တာရာများနှင့် ဂြိုဟ်များသည် မိုးကောင်းကင်များအတွင်း၌ တည်ရှိနေပါ၏လော၊ သို့မဟုတ် အပြင်ဘက်လောက၌ တည်ရှိနေပါ၏လော၊ ခေတ်သစ်၊ ခေတ်ဟောင်း အာကာသရေးရာ ပညာရပ်၏ သီအိုရီများနှင့် ကုရ်အာန်ကျမ်းတော်မြတ်၏ မိန့်မြွက်ချက်များ

جَعَلَ فِى السَّمَآءِ بُرُوْجًا

မိုးကောင်းကင်၌ရှိသည့် ကြယ်၊ နက္ခတ်တာရာများ၊ ရာသီအင်တာစက်စခန်းများ လင်းဝင်းတောက်ပသော။ *[၂၅ : ၆၁]*

ဟူသော အာယသ်တော်၏ စကားလုံးများမှာ 'ဤဂြိုဟ်များသည် မိုးကောင်းကင်များအတွင်း၌ ရှိကြောင်း' ထင်ရှားလှပေသည်။ အဘယ်ကြောင့်ဆိုသော် အာယသ်တော်အတွင်း၌ ပါရှိသော (ဖီး) ဟူသော စာလုံးကို နေရာပြပုဒ်အတွက် အသုံးပြုထားပေသည်။ ဤကဲ့သို့ပင် စူရာဟ်နူးဟ်၌ ပါရှိထားပေသည်။

اَلَمْ تَرَوْا كَيْفَ خَلَقَ اللّٰهُ سَبْعَ سَمٰوٰتٍ طِبَاقًا وَّجَعَلَ
الْقَمَرَ فِيْهِنَّ نُوْرًا وَّجَعَلَ الشَّمْسَ سِرَاجًا

အလ္လာဟ်အသျှင်မြတ်သည် မိုးခုနစ်ထပ်ကို မည်သို့မည်ပုံ အထပ်ထပ် ဖန်ဆင်းတော်မူခဲ့သည်ကို အသင်တို့သည် လေ့လာဆင်ခြင်တွေ့မြင်ခဲ့ကြသည် မဟုတ်လော့။ ၄င်းအပြင် ထိုအသျှင်မြတ်သည် ယင်းမိုးများ၌ လကို လင်းရောင်ခြည်ဖြစ်စေတော်မူခဲ့၏။ ထို့ပြင် နေကို မီးရှူးမီးတိုင် ပြုလုပ်တော်မူခဲ့၏။ *[၇၁ : ၁၅-၁၆]*

ထိုအာယသ်တော်အတွင်း၌ ပါရှိသော فِيْهِنَّ ဟူသည့် စကားလုံး၏ အညွှန်းနာမ်စားသည် 'မိုးခုနစ်ထပ်'ဘက်သို့ လှည့်၍ နေပေသည်။ အကြင်ညွှန်ပြမှုမှ 'လသည် မိုးကောင်းကင်များအတွင်း၌ ရှိကြောင်း'ဟူသော အလိုသဘောသာလျှင် ပြင်ပသဏ္ဌာန်အားဖြင့် သိရှိနိုင်ပေသည်။ ဤနေရာ၌ အချက်နှစ်ချက်ကို သေချာကျနစွာ စဉ်းစားသင့်ပေသည်။ ပထမအချက်မှာ ဤသို့တည်း။ ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ 'စမာအုးန်'ဟူသော စကားလုံးကို ကုရ်အာန်ကျမ်းတော်မြတ်၏ ရှင်းလင်းဝင်ပြချက်နှင့်အညီ 'တံခါးများရှိကြောင်း၊ တံခါးများ၌ ကောင်းကင်တမန်တော်များ စောင့်ကြပ်လျက်ရှိနေကြောင်း၊ သီးသန့်အချိန်အခါမျိုးများ၌သာ ဖွင့်ကြောင်း၊ အရေအတွက်ကို ကုရ်အာန်ကျမ်းတော်မြတ်က (၇) ဟူ၍ ပြဆိုထားခြင်း' ဖြစ်သော ကြီးမားခန့်ညား၍ တွေးခေါ်ထင်မြင်မှုထက် သာပိုကျယ်ဝန်းသော အဖန် ဆင်းခံအတွက် အသုံးပြုထားသကဲ့သို့ မိုးကောင်းကင်ဘက်၌ရှိသော မြင့်သည့် အရာအားလုံးကိုလည်း 'စမာအုးန်' ဟူ၍ ခေါ်ဆိုလေ့ရှိကြပေသည်။ မိုးကောင်းကင်နှင့် မြေပထဝီကြား၌ရှိသော လေထု (မျက်မှောက်ခေတ်ဝေါဟာရ၌ အာကာသဟင်းလင်းပြင်ဟူ၍ ခေါ်ဆိုပေသည်။) စသော အဖန်ဆင်းခံများအားလုံးသည် ဒုတိယအဓိပ္ပာယ်ကို ထောက်ရှု၍ 'စမာအုးန်'ဟူသော စကားလုံး၏ အလိုသဘောအတွင်း၌ ပါဝင်ပေသည်။

وَاَنْزَلْنَا مِنَ السَّمَآءِ مَاءً طَهُوْرًا

ထို့ပြင် ငါအသျှင်မြတ်သည် မိုးကောင်းကင်မှ သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်သော မိုးရေကို ချပေးသနားတော်မူခဲ့၏။ [၂၅ : ၄၈]

ဤကဲ့သို့ပင် အခြားသော အာယသ်တော်များအတွင်း၌လည်း မိုးကောင်းကင်မှ မိုးရေကို ရွာချပေးကြောင်းကို တင်ပြထားပေသည်။ ထိုအာယသ်တော်များကို များစွာသော အဖွင့်ရှင်များသည် ဒုတိယအဓိပ္ပာယ်ဖြင့်သာ ကောက်ယူကြပေသည်။ အဘယ်ကြောင့်ဆိုသော် အများစု၏ အမြင်မှလည်း 'မိုးကောင်းကင်၏ မြင့်စွင့်မှုမှ ပတ်သက်မှု တစ်စုံတစ်ရာမျှ မရှိသော မိုးတိမ်များမှ မိုးရွာခြင်း' ဖြစ်ကြောင်းကို အတည်ပြုကြပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားသော အာယသ်တော်များမှလည်း မိုးတိမ်များမှ မိုးရွာသွန်းခြင်းဖြစ်ကြောင်းကို ရှင်းလင်းစွာ မိန့်မြွက်ထားပေသည်။ မိန့်တော်မူထားသည်မှာ

ءَ اَنْتُمْ اَنْزَلْتُمُوْهُ مِنَ الْمُزْنِ اَمْ نَحْنُ الْمُنْزِلُوْنَ

'ထိုရေကို အသင်တို့ကိုယ်တိုင် အဖြူရောင်မိုးတိမ် မှ ရွာသွန်းစေကြလေသလော။ သို့တည်းမဟုတ် ငါအသျှင်မြတ်ပင် ရွာသွန်းစေတော်မူသော အသျှင်မြတ် ဖြစ်တော်မူပါသလော။' [၅၆ : ၆၉]

ထိုအာယသ်တော်အတွင်း၌ ပါရှိသော مُزْنٌ 'မုဇ်နူးန်'သည် 'မုဇ်နသူးန်'၏ အများကိန်းဖြစ်ပြီး 'အဖြူ ရောင်မိုးတိမ်' ဟူ၍ အဓိပ္ပာယ်ရရှိပေသည်။ ဒုတိယအာယသ်တော်အတွင်း၌

وَاَنْزَلْنَا مِنَ الْمُعْصِرَاتِ مَاءً ثَجَّاجًا

ထို့ပြင် ငါအသျှင်မြတ်သည်သာလျှင် တိမ်များမှ ညှစ်ထုတ်ပြီး ရေပြည့်နက်လျက်ရှိသော မိုးတိမ်များမှ မိုးရေကို ပြင်းထန်၊ များပြားစွာ ရွာသွန်းစေတော်မူ၏ [၇၈ : ၁၄]

ထိုအာယသ်တော်အတွင်း၌ ပါရှိသော مُعْصَرَاتٌ ဟူသော စကားလုံး၏ အဓိပ္ပာယ်သည် 'ရေဖြင့် ပြည့် နက်နေသော မိုးတိမ်'ဟူ၍ အဓိပ္ပာယ်ရ၏။ ကုရ်အာန်ကျမ်းတော်မြတ်၏ ထိုရှင်းလင်းချက်များနှင့် အများ တွေ့မြင်လျက်ရှိနေသော အချက်များကို အခြေခံ၍ 'မိုးကောင်းကင်မှ မိုးရွာ' ကြောင်း ပါရှိသော အာယသ် တော်များနှင့် စပ်လျဉ်း၍လည်း များစွာသော အဖွင့်ရှင်များသည် 'စမာအူးန်'ဟူသော စကားလုံးကို 'အာကာသ မိုးကောင်းကင်ဟင်းလင်းပြင်'ဟူသော ဒုတိယအဓိပ္ပာယ်ကိုသာ ရယူထားပေသည်။

အချုပ်မှာ ကုရ်အာန်ကျမ်းတော်မြတ်နှင့် အဘိဓါန်၏ ရှင်းလင်းချက်နှင့်အညီ 'စမာအူးန်'ဟူသော စကားလုံးသည် 'အာကာသဟင်းလင်းပြင်'အတွက်လည်း ခေါ်ဆိုနိုင်သကဲ့သို့ 'မိုးကောင်းကင်အာကာသ အဖွဲ့အစည်း'ဟူ၍လည်း ခေါ်ဆိုနိုင်ပေသည်။ သို့ရှိရာ ဤကဲ့သို့သော ပုံစံများ၌ ကြယ်တာရာများနှင့် ဂြိုဟ်များအတွက် 'မိုးကောင်းကင်အတွင်း'ဟူသော စကားလုံးကို အသုံးပြုထားသော အာယသ်တော်များ၌ အလိုသဘောနှစ်ရပ်စလုံး ဖြစ်နိုင်ပေသည်။ ဤကြယ်တာရာများနှင့် ဂြိုဟ်များသည် အာကာသအဖွဲ့အစည်း

အတွင်း၌ ရှိနိုင်သကဲ့သို့ အာကာသ ဟင်းလင်းပြင်အတွင်း မိုးကောင်းကင်အောက်၌လည်း ဖြစ်နိုင်ပေသည်။ အခြေအနေနှစ်မျိုးစလုံး ဖြစ်နိုင်ပါလျက်နှင့် မှုသေဖြစ်ရမည့် အချက်တစ်ချက်ချက်ကို ကုရ်အာန်ကျမ်းတော်မြတ်၏ ဘက်သို့ ဆက်နွယ်ကာ 'ကုရ်အာန်ကျမ်းတော်မြတ်သည် ကြယ်တာရာများနှင့် ဂြိုဟ်များကို မိုးကောင်းကင်အတွင်း သတ်မှတ်ပေးထားပေ၏လော။ သို့မဟုတ် ကောင်းကင်၏ အပြင်ဘက် အာကာသ ဟင်းလင်းပြင်အတွင်း၌ တည်ရှိပေ၏လော' ဟူ၍ ပြောဆို၍ မရနိုင်ပေ။ သို့သာမက ကုရ်အာန်ကျမ်းတော်မြတ်၏ စကားလုံးများအား ထောက်ရှု၍ ပုံစံနှစ်မျိုးစလုံး ဖြစ်နိုင်ပေသည်။ စကြဝဠာကမ္ဘာကြီးအား သုတေသနပြုမှုများ၊ အတွေ့အကြုံများနှင့် မျက်မြင်သက်သေသာဓကများဖြင့် မည်သည့်အချက်တစ်ချက်ကိုပင် မဆို အတည်ပြုပေးလိုက်မည်ဆိုပါကလည်း ကုရ်အာန်ကျမ်းတော်မြတ်၏ မည်သည့်ရှင်းလင်းလှစွာသော အချက်တစ်ချက်ချက်သည် ထိုတင်ပြပါအချက်နှင့် ဆန့်ကျင်ဘက်ဖြစ်ရှိနေမည်မဟုတ်ပေ။

အပန်ဆင်းခံများ (စကြဝဠာ၊ အာကာသ၊ ကမ္ဘာလောက) ၏ အခြေခံဇစ်မြစ်အချက်များနှင့် ကုရ်အာန်ကျမ်းတော်မြတ်

ဤနေရာ၌ အခြေခံမူဝါဒဆိုင်ရာ ဥပဒေတစ်ရပ်ကို သဘောပေါက်နားလည်ထားစေရန် အရေးကြီးပေသည်။ ယင်းအချက်မှာ ကုရ်အာန်ကျမ်းတော်မြတ်သည် 'ကမ္ဘာရေးရာဆိုင်ရာ သို့မဟုတ် မိုးကောင်းကင်များနှင့် ကြယ်တာရာများ၏ အခြေအနေ၊ လှုပ်ရှားမှုတို့ကို တင်ပြထားသော ဒဿနိကဆိုင်ရာ၊ အာကာသဆိုင်ရာ ဇလဗေဒပညာရပ်တို့နှင့် စပ်လျဉ်းသော' ကျမ်းစာအုပ်မျိုး မဟုတ်ပေ။ သို့တစေကြားလည်း ထိုကျမ်းမြတ်သည် မိုးကောင်းကင်၊ မြေပထဝီနှင့် ထိုအရာနှစ်ခုကြားရှိ အရာများကို 'စဉ်းစားတွေးခေါ်ခြင်းဘက်သို့ ဖိတ်ခေါ်ရန်' အကြိမ်ကြိမ်အခါခါ တင်ပြထားပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ ထိုအာယသ်တော်များအားလုံးတို့အား စဉ်းစားတွေးခေါ်ခြင်းဖြင့် 'ကုရ်အာန်ကျမ်းတော်မြတ်သည် စကြဝဠာကမ္ဘာရေးဆိုင်ရာ အခြေခံဇစ်မြစ်အချက်များနှင့် စပ်လျဉ်း၍ လူသားတို့အား 'ငှင်းတို့၏ အခြေခံ ယုံကြည်ချက်များနှင့် ယူဆချက်တို့ကို ပြုပြင်ပေးရန်အတွက်သော်လည်းကောင်း၊ သို့မဟုတ် ၎င်းတို့အဖို့ နှစ်ဘဝနှစ်ဌာနစလုံး၌ အကျိုးပြုပေးမည့်အချက်များနှင့် စပ်လျဉ်းသော အချက်များကိုသော်လည်းကောင်း' ပြသရန် လိုလားနေကြောင်းကို ရှင်းလင်းစွာ အတည်ပြုပေးနိုင်ပေသည်။ ဥပမာ- ကုရ်အာန်ကျမ်းတော်မြတ်သည် မိုးကောင်းကင်၊ မြေပထဝီ၊ ကြယ်တာရာများ၊ ဂြိုဟ်များ၊ ၎င်းအရာများ၏ လှုပ်ရှားသွားလာမှုများနှင့် ထိုလှည့်ပတ်သွားလာမှုတို့မှ ပေါ်ပေါက်လာသော လက္ခဏာအကျိုးဆက်တရားအကြောင်းကို အကြိမ်ကြိမ်အခါခါ တင်ပြနေခြင်း၏ ရည်ရွယ်ချက်တစ်ရပ်မှာ ဤသို့ ဖြစ်သည်။ လူသားတို့သည် ထိုအရာများ၏ အံ့ဖွယ်ကောင်းသော ဖန်ဆင်းခြင်းခံထားရမှုနှင့် သဘာဝလွန်အကျိုးဆက်တရားများကို တွေ့မြင်ကာ 'ဤအရာများသည် ကိုယ်တိုင်အလိုအလျောက် ပေါ်ပေါက်လာသည်မဟုတ်ကြောင်း၊ ထိုအရာများအား ဖန်ဆင်းတော်မူသော အသျှင်မြတ်သည် အမြော်အမြင်တော်အရှိဆုံး ဖြစ်တော်မူကြောင်း အားလုံးသော သူတို့ထက် အကြွင်းမဲ့ သိရှိတော်

မူသော အသျှင်မြတ် ဖြစ်တော်မူကြောင်း၊ အားလုံးသောသူတို့ထက် စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူကြောင်း' တို့ကို ယုံကြည်ရန်ဖြစ်ပေသည်။

ထိုယုံကြည်ချက်ရရှိရန်အတွက် 'မိုးကောင်းကင်များ၊ ဟင်းလင်းပြင် အဖန်ဆင်းခံများ၊ ကြယ်တာရာများနှင့် ဂြိုဟ်များ၏ အခြေခံဒြပ်ဝတ္ထုပစ္စည်း၏ ဇစ်မြစ်နှင့် ၎င်းတို့၏ မူရင်းအခြေအနေ၊ ၎င်းတို့၏ ပြည့်ဝသော စီမံချက်၏ အဖြစ်အပျက် အခြေအနေအလုံးစုံတို့ကို' သိရှိရန် လုံးဝမလိုအပ်ပေ။ သို့သာမက ထိုယုံကြည်ချက်ရရှိရန်အတွက် လူတိုင်း တွေ့မြင်ကာ သဘောပေါက်နိုင်သော 'နေ၊ လနှင့် အခြားသော ကြယ်တာရာများ၏ တစ်ခါတစ်ရံ ထွက်ပေါ်လာခြင်း၊ တစ်ခါတစ်ရံ ကွယ်ပျောက်သွားခြင်း၊ လဆန်း၊ လဆုတ်ဖြစ်ခြင်း၊ နေ့၊ ည ပြောင်းလဲမှုကြောင့် ရာသီဥတုများ ကွဲပြားနေခြင်း၊ အရပ်ဒေသအမျိုးမျိုး၌ နေ့တာ၊ ညတာတိုခြင်း၊ ရှည်ခြင်းတို့၏ လွန်ခဲ့သော နှစ်ပေါင်းထောင်ပေါင်းများစွာကတည်းက တစ်ခါတစ်ရံမျှပင် မိနစ်၊ တစ်စက္ကန့်မျှပင် ခြားနားမှုမရှိသော အံ့ဖွယ်ကောင်းသည့် စီမံချက်' ကို သိရုံမျှပင် လုံလောက်ပေသည်။ ထိုအထက်တင်ပြပါအချက်များမှ ဤအမြော်အမြင်နှင့် ပြည့်စုံသော စီမံချက်များသည် မိမိတို့ကိုယ်တိုင် မိမိတို့ အလိုအလျောက် ဖြစ်ပေါ်နေသည်မဟုတ်ဘဲ တစ်စုံတစ်ဦးသည် ထိုအရာများကို ပြုလုပ်လှည့်လည်တည်ရှိစေတော်မူထားကြောင်း' ကို ဦးနှောက်အသိဉာဏ်နှင့် နှလုံးအမြင် အနည်းငယ်ရှိသူ လူသားပင် ယုံကြည်ရန်အပေါ် အကြပ်ကိုင်ထား ကိန်းဆိုက်ရောက်နေပေသည်။

ဤမျှခန့် အတိုင်းအတာ သိနားလည်ရန်အတွက်လည်း လူသားတို့သည် ဒဿနိကဆိုင်ရာ စီစစ်သုတေသနပြုမှုဆိုင်ရာ တစ်စုံတစ်ရာနှင့် အနုကြည့်မှန်ပြောင်းကိရိယာ အစရှိသော အရာများကိုလည်း မလိုအပ်သကဲ့သို့ ကုရ်အာန်ကျမ်းတော်မြတ်သည်လည်း ထိုအချက်များ၏ ဘက်သို့ ဖိတ်ခေါ်မနေပေ။ မြင်တွေ့နေကျ အချက်များနှင့် အတွေ့အကြုံအရ ရရှိနိုင်သော အတိုင်းအတာအထိသာ ထိုအရာများနှင့် စပ်လျဉ်း၍ စဉ်းစားတွေးခေါ်ရန်အဆင့်အထိကိုသာ ကုရ်အာန်ကျမ်းတော်မြတ်သည် ဖိတ်ခေါ်ထားပေသည်။ ဤအတွက်ကြောင့်သာလျှင် တမန်တော်မြတ် ﷺ နှင့် ဆွဟာဗာကြီးများသည် အနုကြည့်ရေးရာဆိုင်ရာ ကိရိယာမှန်ပြောင်းများကို ပြုလုပ်ခြင်း၊ သို့မဟုတ် အသင့် တီထွင်ခြင်းနှင့် ဝေဟင်ရေးရာဆိုင်ရာ အာကာသအဖွဲ့အစည်း၏ တည်ရှိမှုတို့ကို စီစစ်သုတေသနပြုတော်မူရန် လုံးဝ ဂရုမမူခဲ့ကြပေ။ အကယ်၍ ထို 'ကြီးကျယ်သော အဖန်ဆင်းခံများအား ဖန်ဆင်းပေးထားခြင်းနှင့် စပ်လျဉ်းသော 'အာယသ်တော်များ၏ အလိုသဘောသည် 'ထိုအရာများ၏ အခြေခံဇစ်မြစ် အချက်များ၊ ဖြစ်ပေါ်တည်ရှိနေပုံများနှင့် ၎င်းတို့၏ လှုပ်ရှားမှုများ၏ ဒဿနိကကျသော အချက်များ'အား စဉ်းစားတွေးခေါ်ရန်ဖြစ်မူ 'တမန်တော်မြတ် ﷺ သည် ထိုအချက်များအား သုတေသနပြုခြင်းအား အလေးမမူ၊ ဂရုမမူဘဲနေခြင်း' သည် မဖြစ်နိုင်ပေ။ အထူးသဖြင့် ထိုပညာရပ်များ၏ ကျော်ကြားကျယ်ပြန့်၊ သင်ပေးသင်ယူမှု၏ ဆင့်ကဲဖြစ်ပေါ်မှုသည် ကမ္ဘာလောက၌ ထိုအချိန်တွင်လည်း ရှိခဲ့ပေသည်။ အီဂျစ်နိုင်ငံ၊ ဆီရီးယားနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် တရုတ်ပြည် အစရှိသော တိုင်းပြည်နိုင်ငံများ၌ ထိုပညာရပ်ကို သိနားလည်သူများနှင့် ထိုကိစ္စရပ်အချက်အလက်တို့အား ပြုမူဆောင်ရွက်နေကြသော သူတို့သည် ရှိကြပေသည်။ ဟဇရသ်မစီးဟ် ﷺ မပွင့်မီ နှစ်ပေါင်း (၅၀၀) အလျင်ကတည်းက

ပိုက်သာဂိုးရပ်သီအိုရမ်နှင့် ၎င်း၏နောက် နှစ်အနည်းငယ်အကြာတွင် ဗသ္ဗလေမူးစ်၏ သီအိုရမ်သည် ကမ္ဘာလောက၌ ကျော်ကြားပျံ့နှံ့ခဲ့ပြီး ဖြစ်ပေသည်။ ထိုခေတ်ကာလ၏ အခြေအနေများနှင့် ကိုက်ညီစွာ အာကာသကောင်းကင်ရေးဆိုင်ရာ အနုကြည့်မှန်ပြောင်း အစရှိသော အရာများကို တီထွင်ပြီးလည်း ဖြစ်ပေသည်။ သို့ရာတွင် ဤအာယသ်တော်များ ချပေးခြင်းခံရသော အကြင်မွန်မြတ်သော ပုဂ္ဂိုလ်နှင့် ၎င်းထံမှ တိုက်ရိုက်ကြားနာနေကြသော ဆွဟာဗာကြီးများသည် ထိုအာယသ်တော်များကို ဖတ်ကြလေသည်။

၎င်းတို့သည် မည်သည့်အခါမျှ ထိုစီစစ်သုတေသနပြုခြင်းဘက်သို့ အာရုံပင် မထားရှိကြပေ။ ယခုအထက်တင်ပြပါ ရှင်းလင်းချက်များမှ ထိုအဖန်ဆင်းခံများရေးဆိုင်ရာ အာယသ်တော်များအား စဉ်းစားတွေးခေါ်ရန် အခြေခံမှုသည် 'မျက်မှောက်ခေတ်ရှိ အချို့သော ခေတ်သစ်သိပ္ပံရေးရာတို့အား နှစ်သက်သော ပညာရှင်များသည် အရှေ့ဥရောပတိုက်နှင့် ၎င်းတို့၏ သုတေသနပြုချက်တို့အား အထင်ကြီးတပ်မက်ကာ 'ဝေဟင်ခရီးစဉ်၊ လကမ္ဘာ၊ သတ္တမကောင်းကင်ထပ်ရှိ ကြယ်နှင့် 'ဇိုဟ်ရာကြယ်'တို့အပေါ် ခြေလှမ်းသစ်တိုးကာ စူးစမ်းရန် ကြိုးစားမှုပြုနေခြင်းကို ကုရ်အာန်ကျမ်းတော်မြတ်၏ လိုလားချက်ကို ဖြည့်ဆည်းပေးနေသည်'ဟူသော အမြင်မျိုးဖြင့် ရွေးချယ်ထားခြင်း လုံးဝမဟုတ်ပေ။

သို့ရှိရာ မှန်ကန်သော အချက်မှာ ကုရ်အာန်ကျမ်းတော်မြတ်သည် ခေတ်သစ်၊ ခေတ်ဟောင်း ဒဿနိကဆိုင်ရာ၊ သိပ္ပံရေးရာဆိုင်ရာ သုတေသနပြုခြင်းတို့ဘက်သို့လည်းကောင်း၊ ထိုအချက်များအား အခြေအတင်ဆွေးနွေးရန်အတွက်ဘက်သို့လည်းကောင်း ဖိတ်ခေါ်မှုမပြုထားသကဲ့သို့ ထိုအချက်များအားလည်း ငြင်းဆိုမှုကို မပြုထားပေ။ စကြဝဠာများနှင့် အဖန်ဆင်းခံများနှင့် ပတ်သက်သော ဘာသာရပ်ဆိုင်ရာ အားလုံးနှင့် စပ်လျဉ်းသော ကုရ်အာန်ကျမ်းတော်မြတ်၏ အမြော်အမြင်နှင့် ပြည့်စုံသော အခြေခံမူဝါဒဆိုင်ရာ ကဏ္ဍရပ်မှာ 'ဤသို့သာ ဖြစ်သည်။ ထိုကျမ်းတော်မြတ်သည် ဘာသာရပ်တိုင်းဆိုင်ရာ အရာတို့အား 'လူသားတို့အဖို့ နှစ်လောကလုံး၌ လိုအပ်သော အရာနှင့် စပ်လျဉ်း၍ ထိုလိုအပ်သည့် အတိုင်းအတာခန့်အထိသာ တင်ပြမိန့်မြွက်ထားခြင်း၊ အကြင်အချက် အကြောင်းအရာအား ရယူခြင်းအပေါ် ခန့်မှန်းခြေအားဖြင့် ၎င်းအဖို့ စိတ်တည်ငြိမ်မှုလည်း ရရှိနိုင်ခြင်း'တို့ ဖြစ်ပေသည်။

အသုံးချရန် ဝေးစွာသော ဒဿနိကဆိုင်ရာ အခြေအတင် ဆွေးနွေးချက်များမှသော်လည်းကောင်း၊ အများပြည်သူတို့ မစွမ်းနိုင်သော စီစစ်သုတေသနပြုချက်များမှသော်လည်းကောင်း၊ အကြင်သုတေသနပြုချက်များကို စီစစ်ရယူပြီးနောက်၌လည်း 'ထိုအချက်သည်သာလျှင် မှန်ကန်သည်'ဟူ၍ အတတ်မပြောဆိုနိုင်ရုံသာမက မှင်သက်မိမှုနှင့် ဒွိဟသံသယများကိုသာ သာပိုစေသော' အခြေအတင် ဆွေးနွေးမှုများအတွင်းသို့ လူသားတို့အား စိတ်ရှုပ်ထွေးမှုများ ပေါ်ပေါက်သွားစေရန် မသွတ်သွင်းထားပေ။ အဘယ်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်၏ အရှုဒ္ဓ လူသားတို့၏ အဓိက ရည်ရွယ်ချက်ပန်းတိုင်များအားလုံးနှင့် အဖန်ဆင်းခံများအားလုံးတို့ထက် ရှေ့သို့ တိုးကာ မိမိတို့အား ဖန်ဆင်းတော်မူသော အသျှင်မြတ်၏ သဘောတူမှု လမ်းစဉ်အပေါ် လျှောက်လှမ်းကာ 'ဂျန္နသ်'၏ ထာဝရစည်းစိမ်များနှင့် သက်တောင့်သက်သာ ရရှိမှုကို ခံစားရန်ဖြစ်သည်။ စကြဝဠာများ၏ အခြေခံ ဓစ်မြစ်အချက်များအား အခြေအတင် ဆွေးနွေးရန်အတွက်

အရေးမကြီးသကဲ့သို့ ထိုအချက်များအပေါ် ပြည့်ဝစွာ ကျော်လွှားစိစစ်မှုပြုရန်လည်း လူသားတို့ထံ၌ စွမ်းအား မရှိပေ။ ခေတ်တိုင်း၌ရှိသော ပါမောက္ခများနှင့် အာကာသရေးရာဆိုင်ရာ သိပ္ပံပညာရှင်ကြီးများ၏ သီအိုရီ ကောက်ချက်ချမှုများ၌ ပြင်းထန်စွာ အယူအဆများ ကွဲပြားနေခြင်းနှင့် နေ့စဉ်နေ့တိုင်း အတွေးသစ်၊ အမြင်သစ်များ ရှာဖွေတွေ့ရှိလျက် ရှိနေခြင်းတို့သည် 'မည်သည့်သီအိုရီတစ်ရပ်နှင့် စိစစ်သုတေသနပြုမှုတစ်ရပ်ကိုမျှ အတတ်ဖြစ်မည်။ နောက်ဆုံး ဆုံးဖြတ်ချက်ဖြစ်သည်' ဟူ၍ ပြောဆိုမရသော ရှင်းလင်းသည့် အထောက်အထားဖြစ်ပေသည်။ လူသားတို့လိုအပ်သည်နှင့် စပ်လျဉ်းသော ဘာသာရပ်ဆိုင်ရာ အတတ်ပညာများအားလုံး၊ မိုးကောင်းကင်များ၊ မိုးနှင့် မြေ ကြားရှိ နေရာများ၊ မိုးတိမ်တိုက်နှင့် မိုး၊ အာကာသဟင်းလင်းပြင်၊ မြေဆီလွှာအထပ်များ၊ တစ်ဖန် မြေပထဝီပေါ်တွင် ပေါ်ပေါက်တည်ရှိနေသော အဖန်ဆင်းခံများ၊ သက်မဲ့ အဖန်ဆင်းခံများ (တောင်)၊ ပျိုးပင်ပေါက်ပင်၊ သစ်ပင်များ၊ တိရစ္ဆာန်များအားလည်းကောင်း၊ ကမ္ဘာ့ လူ့လောက၊ လူ့ကျင့်ဝတ်ရေးရာဆိုင်ရာ အသိပညာ၊ အတတ်ပညာရပ်များ၊ ရောင်းဝယ်ဖောက်ကားမှု၊ လယ်ယာကိုင်းကျွန်းပြုလုပ်မှုနှင့် လက်မှုအတတ်ပညာ စသော အချက်များအားလည်းကောင်း ထိုအထက်ပါ အရာအားလုံးနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်သည် ထိုအရာ၊ အချက်များ၏ 'ရှုးဟ်' ဝိညာဉ်နှင့် မြင်နေကျ၊ တွေ့နေကျ အစိတ်အပိုင်းတို့ကိုသာလျှင် 'လူသားတို့အား လောကီ သို့မဟုတ် လောကုတ္တရာ၌ လိုအပ်ချက်နှင့် ပတ်သက်နေသော' အတိုင်းအတာခန့်ကိုသာ တင်ပြမိန့်မြွက်ထားပေသည်။ အတွေးခေါ်၊ မြင့်မားဝေးကွာလှစွာသော စိစစ်သုတေသနပြုစေခြင်း၏ ပိုက်ကွန်အတွင်း၌ လူသားတို့အား မနစ်မွန်းထား စေပေ။ သို့သာမက အချို့အချို့သော နေရာမျိုး၌ သီးသန့်ဓမ္မသတ်တစ်ခုဘက်သို့ အရိပ်အမြွက်သဘောမျိုး ဖြင့်သော်လည်းကောင်း၊ သို့မဟုတ် တိုက်ရိုက်သဘောမျိုးဖြင့်သော်လည်းကောင်း တင်ပြပေးထားမှုကို တွေ့မြင်နိုင်ပေသည်။

ကုရ်အာန်ကျမ်းတော်မြတ်အား အကျယ်ချဲ့ဖွင့်ဆိုရာ၌ ဒဿနိကဆိုင်ရာ သီအိုရီများ၏ ကိုက်ညီမှုရှိခြင်း၊ မရှိခြင်းတို့၏ မှန်ကန်သော မှတ်ကျောက်

ကုရ်အာန်ကျမ်းတော်မြတ်မှ အမှန်တကယ် ယုံကြည်ရန် အတည်ပြုထားသော ဓမ္မသတ်များနှင့် စပ်လျဉ်း၍ အကယ်၍ ခေတ်သစ်၊ ခေတ်ဟောင်း၏ သီအိုရီတစ်ရပ်ရပ်သည် ကျမ်းတော်မြတ်၏ တိုက်ရိုက် အလိုသဘောဖြင့် ဆန့်ကျင်နေကာ ယင်းသို့ ဆန့်ကျင်နေသည့်အတွက်ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်လာ အာယသ်တော်များ၏ အလိုသဘောကို ရှည်လျားစွာ ဆွဲဆန့်ကောက်ယူခြင်းနှင့် သွယ်ဝိုက်ကွေ့ကာ အလို သဘောကို ကောက်ယူခြင်း မပိုင်။ ထိုသီအိုရီကိုပင် မှားယွင်းသည်ဟု သတ်မှတ်ရပေမည်။ ကုရ်အာန်ကျမ်း တော်မြတ်အတွင်း ရှင်းလင်းစွာ ရည်ညွှန်းဖော်ထုတ်ထားခြင်း မရှိသော ဓမ္မသတ်များနှင့် စပ်လျဉ်း၍ ကျမ်းမြတ်၏ စကားလုံးများသည် အလိုသဘောနှစ်မျိုးကို ကောက်ယူနိုင်ချိန်ဝယ် အကယ်၍ မျက်မြင် တွေ့နေကျပြစ်မှုနှင့် အတွေ့အကြုံမှ သီအိုရီတစ်ရပ်ကို အသာပေးနိုင်စွမ်းရှိမှု ကျမ်းမြတ်၏ အာယသ်တော်

ကိုလည်း ထိုအဓိပ္ပာယ်အဖြစ် ကောက်ယူခြင်းတစ်စုံတစ်ရာအကြောင်း မဟုတ်ပေ'ဟူကြောင်းကို ခေတ်သစ်၊ ခေတ်ဟောင်းရှိ မှန်ကန်သော အာလင်မ်သာသနာ့ပညာရှင်ကြီးများသည် တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ချက်ချထားကြပေသည်။ ဥပမာ-

جَعَلَ فِى السَّمَآءِ بروجا

ဟူသော အာယသ်တော်အတွင်း၌ ကုရ်အာန်ကျမ်းတော်မြတ်သည် 'ကြယ်တာရာများသည် မိုးကောင်းကင်များအတွင်း တည်ရှိနေ၏လော။ သို့မဟုတ် အာကာသဟင်းလင်းပြင်၏ လေဟာနယ်အတွင်း၌ တည်ရှိနေ၏လော'ဟူ၍ ရှင်းလင်းသော ဆုံးဖြတ်ချက်ကို မပေးထားပေ။

ယနေ့မျက်မှောက်ခေတ်၏ ဟင်းလင်းပြင်ရေးရာ စူးစမ်းရှာဖွေမှုတို့သည် 'ထိုကြယ်တာရာများထိတိုင် ရောက်ရှိနိုင်ကြောင်း အတည်ပြုလိုက်လေရာ ယင်းအတည်ပြုချက်သည် 'ကြယ်တာရာများသည် မိုးကောင်းကင်များအတွင်း၌ တွယ်ကပ်နေခြင်း မဟုတ်'ဟူသော ပိုက်သာဂိုးရပ်စ်သီအိုရီကို အသာပေးလိုက်ခြင်း ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ရှင်းလင်းလှစွာသော ဟဒီးစ်တော်များ၏ ရှင်းလင်းဖော်ပြခြင်း၏ ရှုထောင့်မှ မိုးကောင်းကင်သည် 'ဝိုင်းရံခြင်း ခံထားရသော တံတိုင်းကြီးဖြစ်ကြောင်း၊ အကြင်အရာအတွင်း၌ တံခါးများရှိကြောင်း၊ တံခါးများ၌ ကောင်းကင်တမန်များ စောင့်ကြပ်လျက်ရှိနေကြောင်း၊ ထိုတံခါးများမှ လူတိုင်း ဝင်ရောက်၍ မရနိုင်ကြောင်း'ဟူ၍ ဖြစ်သည်။ ထိုမြင်တွေ့မှုနှင့် အတွေ့အကြုံတို့အား အခြေခံမူတည်၍ တင်ပြလျက်ရှိနေသော အာယသ်တော်၏ အလိုသဘောကို 'ကြယ်တာရာများကို အာကာဝေယံ ကောင်းကင်များအတွင်း၌ ဖန်ဆင်းထားတော်မူခြင်း ဖြစ်ကြောင်း' ဟူ၍ သတ်မှတ်ရရှိပေသည်။ ဤသည် သွယ်ဝိုက်သောနည်းဖြင့် ယူဆခြင်းမျိုးမဟုတ်ဘဲ အလိုသဘော နှစ်ရပ်ထဲမှ တစ်ရပ်ကို အတည်ပြုရွေးချယ်လိုက်ခြင်း ဖြစ်ပေသည်။ သို့ရာတွင် အချို့သော ဟင်းလင်းပြင်ရေးရာ ခေတ်သစ်သုတေသနရှင်များ ပြောဆိုသကဲ့သို့ 'အကယ်၍ အစကတည်းကပင် မိုးကောင်းကင်များ၏ တည်ရှိနေမှု' ကို ငြင်းဆို၍သော်လည်းကောင်း၊ ယင်းအချက်များကို ကုရ်အာန်ကျမ်းတော်မြတ်၏ ရှုထောင့်ဖြင့် ရှုမြင်သုံးသပ်မည်ဆိုလျှင် မှားယွင်းသည်ဟူ၍သာ သတ်မှတ်ရပေမည်။ အဘယ်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်၏ များစွာသော အာယသ်တော်များအတွင်း၌ 'မိုးကောင်းကင်များ၌ တံခါးများရှိကြောင်း၊ တံခါးများ၌ ကောင်းကင်တမန်များ စောင့်ကြပ်လျက်ရှိနေကြောင်း၊ မိုးကောင်းကင်များအတွင်း၌ ဝင်လိုသူတိုင်း ဝင်ရောက်၍ မရနိုင်ကြောင်း'ဟူ၍ ရှင်းလင်းစွာဖြင့် လာရှိထားပေသည်။ ထိုကြွေးကြော်မှုတို့ကြောင့် ယင်းအာယသ်တော်များ၏ ကြားဝယ် သွယ်ဝိုက်သော နည်းဖြင့် ကောက်ချက်ချ ယူဆခြင်းပြု၍ မရနိုင်။ ထိုကြွေးကြော်ချက်ကို မှားယွင်းသည်ဟူ၍သာ သတ်မှတ်ရပေမည်။

ဤကဲ့သို့ပင် ကုရ်အာန်ကျမ်းတော်မြတ်၏

كُلٌّ فِي فَلَكٍ يَّسْبَحُوْنَ

စင်စစ် အသီးသီးတို့သည် ဂြိုဟ်၊ နက္ခတ်တာရာ သွားရာလမ်းတစ်ခုစီ၌ ကူးခတ်၍ နေကြကုန်သည်။
[၃၆ : ၄၀]

ဟူသော အာယသ်တော်မှ 'ကြယ်တာရာများ၊ လှည့်လတ်လှုပ်ရှားနေကြောင်း' ကို အတည်ပြုထားပေသည်။ သို့ရှိရာ ထိုကိစ္စရပ်နှင့် စပ်လျဉ်း၍ 'ဗဿ္ဂလေမူးစ်'၏ သီအိုရီကို မှားယွင်းကြောင်း သတ်မှတ်ရပေမည်။ 'အကြင်သူ၏ ရှုထောင့်၌ 'ကြယ်တာရာများသည် အာကာသဟင်းလင်းပြင် အဖွဲ့အစည်းအတွင်း၌ တွယ်ကပ်လျက်ရှိနေပေသည်။ ထိုကြယ်တာရာတို့သည် ကိုယ်တိုင် လှည့်လည်လှုပ်ရှားမှု မရှိကြကာ မိုးကောင်းကင်၏ လှုပ်ရှားမှု၏ နောက်လိုက်အဖြစ် လှုပ်ရှားမှုဖြစ်ရှိကြောင်း' ဟူ၍ ဖြစ်သည်။

အထက်ပါရှင်းလင်းချက်များမှ အောက်ဖော်ပြပါအချက်များကို သိရှိရပေသည်။ အတိတ်ခေတ်အဖွင့်ရှင်များထဲမှ 'အာကာသရေးရာနှင့် စပ်လျဉ်း၍ 'ဗဿ္ဂလေမူစီ' သီအိုရမ်ကို ယုံကြည်သော' အချို့သောသူတို့သည် ကုရ်အာန်ကျမ်းတော်မြတ်၏ ထိုအာယသ်တော်များ၌ သွယ်ဝိုက်သောနည်းဖြင့် အလိုသဘောကိုကောက်ယူကြလေသည်။ အကြင်ကဲ့သို့ ကောက်ယူ၊ ယူဆလိုက်ခြင်းဖြင့် 'ဗဿ္ဂလေမူစီ' သီအိုရမ်နှင့်ဆန့်ကျင်သော အခြားသော အချက်များဖြစ်ကြောင်းဟူ၍ မှတ်ယူသွားကြလေသည်။ ဤကဲ့သို့ပင် ယနေ့မျက်မှောက်ခေတ်ရှိ အချို့ကျမ်းပြုစုသူတို့သည် အကြင်အာယသ်တော်များကို အာကာသဝေဟင်ရေးရာခေတ်သစ်စူးစမ်းခြင်းတို့၏ သီအိုရမ်များနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်ဟူ၍ မှတ်ယူကြလေသည်။ ထိုအာယသ်တော်၏ အလိုသဘောများကို သွယ်ဝိုက်ယူဆကြကာ ခေတ်သစ်သီအိုရီများနှင့် ကိုက်ညီစွာ ပြုရန် သောကထားနေပေသည်။ ဤအချက်နှစ်ချက်စလုံးသည် မမှန်ကန်ပေ။ အတိတ်ခေတ် အာလင်မ်သူတော်စင်ကြီးတို့၏ လမ်းစဉ်နှင့် ဆန့်ကျင်ဘက်ဖြစ်ရှိနေကာ ချေဖျက်ထိုက်သော အရာများဖြစ်ပေသည်။ သို့သာမက 'ဤအချိန်ထိတိုင် အာကာသရေးဆိုင်ရာ ခေတ်သစ်ပညာရှင်တို့သည် စီစစ်သုတေသနပြုမှု အသစ်များကိုတင်ပြကြလေသည်။ ထိုတင်ပြချက်များအတွင်း၌ မိုးကောင်းကင်များ တည်ရှိနေခြင်းကို ငြင်းဆိုနေခြင်းမှအပ မည်သူတစ်ဦးတစ်ယောက်မျှ ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်တို့အား ဆန့်ကျင်မှုကို မပြုကြပေ' ဟူသော ဖြစ်အင်သာ ဖြစ်နေပေသည်။ အချို့သူတို့သည် မိမိတို့၏ နည်းပါးသော အသိဖြင့် ထိုအတွေးသစ်၊ အမြင်သစ် စူးစမ်းရှာဖွေတွေ့ရှိချက်များကို ကုရ်အာန်ကျမ်းတော်မြတ် သို့မဟုတ် ဟဒီးစ်တော်များနှင့် ဆန့်ကျင်နေသည်ဟူ၍ သဘောပေါက် မှတ်ယူကာ သွယ်ဝိုက်သောနည်းဖြင့် အလိုသဘောကောက်ယူသော အရာများ၏ နောက်သို့ လိုက်နေပေသည်။

မျက်မှောက်ခေတ်ရှိ အကြီးကျယ်ဆုံးသော ကုရ်အာန်ကျမ်းတော်မြတ် အဖွင့်ကို ရေးသားသော ဗဂ်ဒါးဒ်မြို့သား စိုက်ယဒ်မဟ်မူးဒ် အာလူစီးသခင်၏ သဖ်စီးရ်ကျမ်းဖြစ်သော ရူဟုလ်မအာနီကျမ်းကို အတိတ်ခေတ်အာလင်မ်များ ရေးသားခဲ့ကြသော သဖ်စီးရ်ကျမ်းများအတွင်း၌ အကောင်းဆုံးသော အနှစ်သာရကျမ်း၊ ကမ္ဘာ့ အရှေ့၊ အနောက်၊ တောင်၊ မြောက် စသည့် အရပ်ဒေသများ၌ လက်ခံခြင်းနှင့် အတည်ပြုခြင်းခံရသော သဖ်စီးရ်ကျမ်းတစ်စောင် ဖြစ်ပေသည်။ ကျမ်းရှင်သည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်ရေးရာဆိုင်ရာ ပညာရပ်တို့အား ကျွမ်းကျင်သော ပညာရှင်တစ်ပါးဖြစ်သကဲ့သို့ ဒဿနိကဆိုင်ရာနှင့် ခေတ်သစ်၊ ခေတ်ဟောင်း အာကာရေးဆိုင်ရာ ပညာရပ်တို့အားလည်း အလွန်ကျွမ်းကျင်သော ပညာရှင်ကြီးတစ်ပါးလည်း ဖြစ်ပေသည်။ ၄င်းသည် မိမိအကျယ်ချဲ့ဖွင့်ဆိုသော ကျမ်းအတွင်း၌ ဒဿနိကဆိုင်ရာ စီစစ်

သုတေသနပြုခြင်းတို့နှင့် စပ်လျဉ်း၍ အထက်၌ တင်ပြခဲ့သော အခြေခံစည်းမျဉ်းဥပဒေသကိုသာလျှင် တင်ပြထားပေသည်။ ၎င်း၏ မြေးတော်စပ်သော အလ္လာမဟ်စိုက်ယဒ်မဟ်မူးဒ်ရှုက်ရီးသည် ထိုဓမ္မသတ်များနှင့် စပ်လျဉ်း၍

ماد ل عليه القرآن ممايعضد الهيئة الجديدة القويمة البرهان

ဟူ၍ သီးသန့်စာအုပ်တစ်အုပ်ကို ရေးသားခဲ့ပေသည်။ အကြင်စာအုပ်အတွင်း၌ အာကာသရေးရာဆိုင်ရာ ခေတ်သစ်သီအိုရီတို့အား အသာပေးမှုတို့ကို ကုရ်အာန်ကျမ်းတော်မြတ်၏ မီးမောင်းထိုးပြမှု အောက်၌ ရေးသားခဲ့လေသည်။ သို့ရာတွင် အခြားသော ခေတ်သစ်သိပ္ပံအမြင်ကို နှစ်မြို့သော အာလင်မ်များကဲ့သို့ ကုရ်အာန်ကျမ်းတော်မြတ်လာ အာယသ်တော်များအတွင်း၌ 'သွယ်ဝိုက်သော အလိုသဘောကောက်ခြင်း' နည်းမျိုးစုံကို သင့်သည်ဟူ၍ မမှတ်ယူထားပေ။ ၎င်း၏ 'ခေတ်သစ်အရှုအမြင်ကို အသာပေးထားသော' အချို့ဝါကျများကို ဤနေရာ၌ တင်ပြပေးခြင်းသည် လုံလောက်မည်။ ၎င်းက မိန့်ဆိုသည်မှာ 'ကျွန်ုပ်သည် ခေတ်သစ်ရေးရာဆိုင်ရာ များစွာသော အခြေခံဥပဒေသများကို တွေ့မြင်ခဲ့လေသည်။ ထိုအရာများသည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များ၏ 'နစူးစ်' (လိုရင်းသဘောကို တင်ပြရန် ယူဆောင်လာသော ဝါကျများ) တို့နှင့် ဆန့်ကျင်နေခြင်းမရှိပေ။ ထိုသို့ ဖြစ်ရှိနေသည့် ကြားကတည်းကပင် အကယ်၍ ထိုခေတ်သစ်စူးစမ်းရှာဖွေတွေ့ရှိမှုသည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်၏ 'နစ်စ်' (လိုရင်းသဘောကို တင်ပြသော ဝါကျများ) နှင့် ဆန့်ကျင်ဘက်ဖြစ်နေမှု ကျွန်ုပ်သည် ထိုဆန့်ကျင်ဘက် ဖြစ်နေသော အရာ၏ ဘက်သို့ ဂရုမမူမည်မဟုတ်ပေ။ ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်၏ 'နစူစ်' (လိုရင်းသဘောကို တင်ပြသော ဝါကျများ) ၌ ထိုအချက်များကြောင့် သွယ်ဝိုက်သောနည်းဖြင့် လိုရင်းသဘောကို ယူကြမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ဤကဲ့သို့သော သွယ်ဝိုက်သောနည်းဖြင့် အလိုသဘော ကောက်ယူခြင်းမျိုးကို အတိတ်ခေတ် သူတော်စင်ကြီးများ၏ လမ်းစဉ်၌ လက်ခံခြင်းခံထားရသည် မဟုတ်ပေ။ သို့သာမက ကျွန်ုပ်တို့သည် ထိုအချိန်၌ 'အကြင်သီအိုရီသည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်မြတ်တို့နှင့် ဆန့်ကျင်ဘက်ဖြစ်နေပေသည်။ ထိုသီအိုရီအတွင်း၌မှာပင် ချွင်းချက်တစ်စုံတစ်ရာ ရှိပေသည်။ အဘယ်ကြောင့်ဆိုသော် ဖြောင့်မတ်ငြိမ်းချမ်းသော ဦးနှောက်အသိဉာဏ်နှင့် မှန်ကန်သော ဆင့်ပြန်မှုအတွင်း၌ မည်သည့်အခါမျှ အကွဲအလွဲမရှိပေ။ သို့သာမက ဤအရာများသည် မိမိတို့အချင်းချင်း ကြား၌ အချက်တစ်ချက်သည် အခြားတစ်ချက်ချက်အား ထောက်ခံမှုပြုနေပေသည်' ဟူ၍သာ ပြောဆိုပေမည်။

တင်ပြချက်မှာ အာကာသရေးရာ၏ ရာသီအင်တာစက်စခန်းများ၊ ကြယ်တာရာများ၊ ဂြိုဟ်များ၏ လှုပ်ရှားသွားလာမှုများနှင့် ဝေဟင်ရေးရာတို့နှင့် စပ်လျဉ်းသော အခြေအတင်ဆွေးနွေးချက်နှင့် သုတေသနပြုမှုတို့သည် ဘာသာရပ်အသစ်မဟုတ်ပေ။ လွန်ခဲ့သော နှစ်ထောင်ပေါင်းများစွာ အလျှင်ကတည်းက ထိုဓမ္မသတ်များအပေါ် သုတေသနပြုခြင်း၏ ကွင်းဆက်ဖယားသည် တည်ရှိလာခဲ့ပေသည်။ အီဂျစ်နိုင်ငံ၊ ဆီးရီးယားနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံ အစရှိသော တိုင်းပြည်နိုင်ငံများ၌ ထိုပညာရပ်များ၏ တည်ရှိ

ကျော်ကြားမှုသည် အတိတ်ခေတ်ကာလကတည်းက စဉ်ဆက်မပြတ် တည်ရှိလာခဲ့ပေသည်။ ဟဇရေသ် မစီးဟ် ﷺ မပွင့်ပေါ်မီ နှစ်ပေါင်း (၅၀၀) အလျှင်ကတည်းက ထိုပညာရပ်အား ကျွမ်းကျင်သော အတတ် ပညာရှင်အဖြစ် ပိုက်သာဂိုးရပ်သည် ရှိခဲ့ဖူးသည်။ အကြင်သူသည် အသွာလီယာ၏ 'ကရိုသိုနာ'ကျောင်း၌ စည်းစနစ်ကျနစွာ ထိုပညာရပ်အား သင်ကြားပို့ချခဲ့ဘူးသည်။ ၎င်း၏နောက် ဟဇရေသ်မစီးဟ် ﷺ မပွင့် ပေါ်မီ နှစ်ပေါင်း ခန့်မှန်းခြေ အနီးစပ်ဆုံးအားဖြင့် (၁၄၀) အလျှင်က ထိုပညာရပ်အား ဒုတိယ ရှာဖွေစူးစမ်းသူ ရောမနိုင်ငံသား ဗသ္သလေမူးစ်သည် ပေါ်ပေါက်လာပေသည်။ ထိုခေတ်၌မှာပင် အခြားသော ပါမောက္ခတစ်ဦး ဖြစ်သူ 'ဟီးရ်ခူးစ်'သည် ကျော်ကြားလာပြန်လေသည်။ အကြင်သူသည် ဒီဂရီများ တိုင်းထွာသော ကိရိယာ များကို တီထွင်ခဲ့လေသည်။

ပိုက်သာဂိုးရပ်နှင့် ဗသ္သလေမူးစ်တို့၏ သီအိုရီများသည် ကောင်းကင်၏ အဖွဲ့အစည်း တည်ရှိပုံနှင့် စပ်လျဉ်း၍ တစ်ဦးနှင့် တစ်ဦး လုံးဝဆန့်ကျင်နေပေသည်။ ဗသ္သလေမူးစ်အဖို့ မိမိခေတ်ကာလ၏ အာဏာပိုင် အစိုးရနှင့် ပြည်သူလူထုတို့၏ အကူအညီကို ရရှိပေသည်။ ၎င်း၏ သီအိုရီသည် ဤမျှခန့် ပြန့်နှံ့ သွားခဲ့ လေသည်မှာ ပိုက်သာဂိုးရပ်၏ သီအိုရီသည် ပျောက်ဆုံးလုနီးပါးခန့် ဖြစ်ရှိခဲ့လေသည်။ ယူနန်ပြည်နယ် ဆိုင်ရာ ဒဿနိကပညာရပ်အား အာရဗီစာပေဘာသာအတွင်းသို့ ရောက်ရှိလာကာ ပညာရှင်များထံ၌ များသော အားဖြင့် ဤသီအိုရီကိုသာလျှင် သိရှိကြပေသည်။ များစွာသော အဖွင့်ရှင်များသည် ကုရ်အာန်ကျမ်းတော် မြတ်၏ အာယသ်တော်များကို အကျယ်ချဲ့ဖွင့်ဆိုရာ၌ ဤသီအိုရီကိုသာလျှင် ရှေ့၌ ထားကာ ပြောဆိုသမှုကို ပြုကြပေသည်။ ဟီဂျ်ရီ (၁၁၀၀) ခုနှစ်နှင့် ခရစ်သက္ကရာဇ် (၁၅၀၀) ခုနှစ်တို့၌ အရှေ့ဥရောပတိုက်သား တို့၏ တိုးတက်မှုသည် စတင်လာပေသည်။ ဥရောပတိုက်သား သုတေသီတို့သည် ထိုအချက်များအား ရှာဖွေစူးစမ်းမှုပြုရန် စတင်လာကြပေသည်။ အကြင်သူများထဲမှ ဦးစွာပထမ ကိုပရန့်က်၊ တစ်ဖန် ဂျာမဏီ နိုင်ငံသား မီးန်ကီလရ်နှင့် အသွာလီယာ၌ ဂလီလီယို အစရှိသော သူများ ပေါ်လာပေသည်။ ၎င်းတို့သည် အစမှ အဆုံးအထိတိုင် ထိုအခြေအတင် ဆွေးနွေးချက်များကို ပြန်လည်စီစစ်မှုကို ပြုကြပြန်လေသည်။ ဤသူများအားလုံးသည် 'ကောင်းကင်ရေးဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံနှင့် စပ်လျဉ်း၍ 'ဗသ္သလေမူးစ်'၏ သီအိုရီသည် မှားယွင်း၍ ပိုက်သာဂိုးရပ်၏ သီအိုရမ်သည် မှန်ကန်ကြောင်း' ကို တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ချက်ပေးကြလေသည်။ ခရစ်သက္ကရာဇ် (၁၈၀၀) ခုနှစ်နှင့် ဟီဂျ်ရီ (၁၃၀၀) ခုနှစ်၌ အစ်ဟားက် နယူတန်သည် ကျော်ကြားလာပြန်လေသည်။ ၎င်း၏ သုတေသနပြုချက်များနှင့် တီထွင်မှုများသည် အထက်၌ တင်ပြပြီးဖြစ်သော ပညာရှင်ကြီးများအဖို့ သာပို၍ အလေးသာမှုအင်အားကို ရရှိပေသည်။ ၎င်း၏ သုတေသန ပြုချက်မှာ လေးလံသော အရာတစ်ခုကို လေထဲသို့ ပစ်လိုက်မှု မြေကြီးပေါ်သို့ ပြန်လည်ကျရောက်လာခြင်း ၏ အကြောင်းခံသည် ('ကမ္ဘာမြေကြီး၏ အလယ်၌ ဗဟိုဌာနအဖြစ် နေရာတစ်ခုရှိသည်။ လေးလံသော နေရာတိုင်းသည် သဘာဝအရ မိမိဌာနချုပ်ဘက်သို့သာ လှည့်ပြန်လေ့ရှိကြောင်း' ဟူသော ဗသ္သလေမူးစ်၏ သီအိုရီကြောင့်) မဟုတ်ဘဲ ကြယ်တာရာများနှင့် ဂြိုဟ်များအားလုံးတို့၌ ဆွဲငင်အားရှိခြင်း၏ အခြေခံ ဓါတ်သဘာဝတစ်ရပ် ရှိကြပေသည်။ ကမ္ဘာမြေပထဝီသည်လည်း ဂြိုဟ်တစ်ခုဖြစ်သည့်အတွက်ကြောင့်

၎င်း၌လည်း ဆွဲငင်ဓါတ်ရှိပေသည်။ ၎င်းဆွဲအားရှိသည့် အတိုင်းအတာခန့် လေးလံသော အရာတိုင်းသည် မြေကြီးရှိရာဆီသို့ ရောက်ရှိပြုတ်ကျလာပေသည်။ သို့ရာတွင် အကယ်၍ အရာတစ်ခုသည် ထိုဆွဲအား၏ အပြင်သို့ ရောက်ရှိနေသည်ဆိုလျှင် ထိုအရာသည် အောက်သို့ ပြုတ်မကျလာပေ။

မျက်မှောက်ခေတ်ရှိ ကျွမ်းကျင်သော ရုရှားသား၊ အမေရိကန်သားတို့သည် အစ္စလာမ့်ဘာသာဝင် ပါမောက္ခဟောင်း အဗူရိုက်ဟားန်ဗေရိုနီး၏ သုတေသနပြုချက်များ၏ အကူအညီဖြင့် ဒုံးပျံ အစရှိသော အရာများကို တီထွင်ကာ လက်တွေ့အကောင်အထည်ဖော်မှုနှင့် ရှုမြင်သုံးသပ်မှုများကို ပြုကြပေသည်။ ဒုံးပျံသည် မိမိ၏ ပြင်းထန်သော စွမ်းအားနှင့် လျင်မြန်စွာ သွားသော သွားနှုန်းတို့၏ အကြောင်းခံဖြင့် ကမ္ဘာမြေကြီး၏ဆွဲအားကို တွန်းလှန်ကာ ဆွဲအား၏ အပြင်ဘက်ဘောင်သို့ ရောက်ရှိသွားချိန်ဝယ် ဤအရာ သည် အောက်ဘက်သို့ ပြန်မဆင်းလာတော့ပေ။ သို့သာမက ဂြိုဟ် တုပမာ အသွင်ယူ၍ မိမိ၏ လမ်းကြောင်း အပေါ်၌သာ လှည့်ပတ်လျက်ရှိနေပေတော့သည်။ တစ်ဖန် ထိုဂြိုဟ်တု (ဒုံးပျံ) များအား စမ်းသပ်ရင်း ကျွမ်းကျင်သူတို့သည် ဂြိုဟ်များထိတိုင် ရောက်ရှိအောင် တီထွင်ကြံဆမှုများကို စတင်ပြုရင်း နောက်ဆုံး လကမ္ဘာထိတိုင် ရောက်ရှိသွားကြပေသည်။ ယင်းအချက်အား ထောက်ခံမှုကို ထိုခေတ်ရှိ လိုလားသူ၊ ဆန့်ကျင်သူ အစရှိသော ကျွမ်းကျင်သူတို့က ပြုခဲ့ကြပေသည်။ ယခုအချိန်အထိတိုင် လကမ္ဘာပေါ်သို့ အကြိမ်ကြိမ်အခါခါ သွားရောက်ကြခြင်း၊ ထိုလကမ္ဘာရှိ ကျောက်ခဲ၊ မြေကြီး အစရှိသော အရာများကို ယူဆောင်လာ၍ မှတ်တမ်းတင်ဓါတ်ပုံများ ရိုက်ယူပေးခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက် ရှိနေပေသည်။ ဟင်းလင်းပြင်အား စူးစမ်းမှုနှင့် တိုင်းတွာမှုတို့ကို ဆက်လက် ရှာဖွေကြိုးပမ်းလျက်ရှိနေ ကြပေသည်။

၎င်းတို့ထဲမှ အာကာသဟင်းလင်းပြင်အား လေ့လာစူးစမ်းရှာဖွေသူ အမေရိကန်သား ဂျာန်ဂလီးင်န် သည် အောင်မြင်စွာနှင့်အတူ အာကာသဟင်းလင်းပြင်ကို ခရီးနှင်၍ ပြန်လည်ရောက်ရှိလာခဲ့ပေသည်။ ၎င်း၏ အောင်မြင်မှုအပေါ် ၎င်းအား လိုလားသူ၊ ဆန့်ကျင်သူအားလုံးတို့သည် အားကိုးမှုကို ပြုကြပေသည်။ ၎င်း၏ တင်ပြချက်ကို အမေရိကန်နိုင်ငံ၏ လစဉ်ထုတ်စာစဉ်၌လည်းကောင်း၊ ၎င်းအား အူရ်ဒူဘာသာ စကားဖြင့် ပြန်ကာ အမေရိကန်နိုင်ငံထုတ် အူရ်ဒူလစဉ် စာစောင်ဖြစ်သော 'စိယရေဗင်းန်'၌ အကျယ်ချဲ့ ထုတ်ဝေရေးသားဖြန့်ချီခဲ့ပေသည်။ ဤနေရာ၌ ထိုစာစောင်မှ အရေးကြီးသော ကောက်နုတ်ချက်များကို ထိုအထက်တင်ပြပါ အူရ်ဒူစာစောင်မှတစ်ဆင့် ရေးသားဖော်ပြလိုက်ပါသည်။ အကြင်ကဲ့သို့ ဖော်ပြလိုက် ခြင်းဖြင့် ကျွန်ုပ် ယခု အခြေအတင် ဆွေးနွေးလျက်ရှိနေသော ဓမ္မသတ်အပေါ် လုံလောက်စွာ သိနားလည် သွားပေမည်။

'ဂျာန်ဝလီးန်'သည် မိမိ၏ ရှည်လျားလှစွာသော တင်ပြချက်၌ အာကာသဟင်းလင်းပြင်၏ အံ့ဖွယ် အချက်များကို တင်ပြရင်း ရေးသားထားသည်မှာ 'အာကာသဟင်းလင်းပြင်ရှိ အရာများအားလုံးကို အခြေခံ ဌာနချုပ်တည်ရာ နေရာဖြင့် ဆက်စပ်ပေးလျက် ရှိသော အာကာသရှိ ရောမစွမ်းအင်ကြီးသာလျှင် အလွှာဟ် အသျှင်မြတ်ရှိကြောင်းကို ညွှန်ပြလျက်ရှိနေသော တစ်ခုတည်းသော စွမ်းအင်ကြီးဖြစ်ပေသည်။'

ရှေ့၌ ဆက်လက်ရေးသားထားသည်မှာ 'အစပထမမှ အာကာသပဟင်းလင်းပြင်၌ ရှာဖွေစူးစမ်းမှုကို ပြုလုပ်နေသည့် ကြားကတည်းကပင် ထိုစွမ်းအားကြီးကို တွေ့မြင်ကာ ကျွန်ုပ်တို့၏ ကြိုးပမ်းမှုများသည် အနိမ့်ဆုံးအဆင့်ထိတိုင် ရောက်ရှိနေပေသည်။ သိပ္ပံရေးရာဆိုင်ရာ အသုံးအနှုန်းဝေါဟာရများနှင့် တိုင်းတွာမှုပြုခြင်း (ကိရိယာများဖြင့်) အာကာသပဟင်းလင်းပြင်အား တိုင်းတွာရန်သည် မဖြစ်နိုင်သော အရာဖြစ်ပေသည်။

ရှေ့၌ ဆက်လက်၍ လေယာဉ်အင်ဂျင်စက်၏ စွမ်းအင်အကြောင်းကို တင်ပြရင်း ရေးသားထားသည်မှာ သို့ရာတွင် ခံစားသိမြင်၍ မရရှိနိုင်သော အမှန်တကယ် တည်ရှိနေသော စွမ်းအားမရှိဘဲနှင့် ထိုအရာအား အသုံးပြုခြင်းသည်လည်း အတိုင်းအတာတစ်ခုအတွင်းနှင့် အခိပ္ပာယ်မဲ့ဖြစ်ကာ ကျန်ရစ်နေပေသည်။ အဘယ်ကြောင့်ဆိုသော် လေယာဉ်ကို မိမိ၏ သွားလိုရာပန်းတိုင်အထိ ပြည့်ဝစွာ ရောက်ရှိရေးအတွက် ဦးတည်လိုသောဘက်သို့ နှင်ရန် လိုအပ်ပေသည်။ ဤအချက်အား အကောင်အထည်ဖော်ရန် သံလိုက်အိမ်မြှောင်ဆွဲအား၊ စွမ်းအင်ကို လှုပ်ရှားမှုဖြစ်စေသော စွမ်းအင်ကြီးသည် ကျွန်ုပ်တို့၏ အာရုံ (၅) ပါးအား ရှင်းလင်းလှစွာသော စိမ်ခေါ်မှုတစ်ရပ်ပင် ဖြစ်ပေသည်။ ထိုစွမ်းအင်ကို ကျွန်ုပ်သည် ရှုမြင်၊ ကြားနာ၊ ထိတွေ့၊ မြည်းစမ်း ရှူရှိုက်၍ မရပေ။ ကေန်အမှန် ရလဒ်တရားများ ဖြစ်ပေါ်တည်ရှိလာခြင်းသည် 'ဤနေရာ၌ ဖုံးကွယ်လျက်ရှိနေသော ဇရာမစွမ်းအင်ကြီးတစ်ရပ် မုချ တည်ရှိနေကြောင်း' ၏ ရှင်းလင်းလှစွာသော ညွှန်ကြားပြသလျက်ရှိသည့် အထောက်အထားတစ်ရပ် ဖြစ်ပေသည်။

ရှေ့၌ ဆက်လက်၍ ခရီးလှည့်လည်ကြည့်ရှုခြင်း၏ အချုပ်သဘောတရားမျိုးဖြင့် ရေးသားထားသည်မှာ 'အီစာအီဘာသာ၏ အခြေခံမူဝါဒဆိုင်ရာ လမ်းညွှန်ချက်များနှင့် သီအိုရီများ၏ အခြေခံဇစ်မြစ်သည်လည်း လုံးဝ ဤအတိုင်း အချို့သာလျှင် ဖြစ်ပေသည်။ အကယ်၍ ကျွန်ုပ်တို့သည် 'မိမိတို့၏ အာရုံများဖြင့် ထိုအသျှင်မြတ်အား မြင်တွေ့ရရှိနိုင်ခြင်းမှ စွမ်းနိုင်ခြင်းမရှိသည့် ကြားကတည်းကပင်' ထိုစွမ်းဆောင်နိုင်သော လမ်းညွှန်ရှင်အား မိမိတို့အား ညွှန်ပြပေးမည့်သူအဖြစ် ပြုလုပ်လိုက်မည်ဆိုလျှင် ထိုစွမ်းဆောင်နိုင်သော လမ်းညွှန်ရှင်ဘက်မှ ပေးသနားတော်မူမည် ဖြစ်သော အကျိုးဆက်တရား၊ စူးရှမှုတို့ကို မိမိတို့နှင့် မိမိတို့ ညီနောင် မိတ်ဆွေများ၏ ဘဝသက်တမ်းများအတွင်းဝယ် ရှင်းလင်းပြတ်သားစွာဖြင့် မြင်တွေ့ရပေလိမ့်မည်။ ဤအတွက်ကြောင့်သာလျှင် ကျွန်ုပ်တို့ သိရှိကြပေသည်။ 'ဤစကြဝဠာကြီး၌ စွမ်းအားရှင် လမ်းညွှန်ပြသည့်သူ ရှိကြောင်း' ကို သိရှိခြင်း၏ အချက်အား မူတည်၍ ပြောဆိုခြင်း ဖြစ်ပေသည်။'

ဤအထက်တင်ပြပါ အချက်များသည် အာကာသ၏ ခရီးသည်များနှင့် ဂြိုဟ်နက္ခတ်များအား သက်စွန့်ကြိုးပမ်း စူးစမ်းမှုပြုသောသူတို့၏ ရှာဖွေမှု၏ ရလဒ်အချက်များ ဖြစ်ပေသည်။ အကြင်အချက်များကို အသင်သည် အမေရိကန်နိုင်ငံသား အာကာသပဟင်းလင်းပြင် အဖွဲ့အစည်းအား ရှာဖွေစူးစမ်းသူ၏ တင်ပြချက်၌ ဖတ်ခဲ့ရပေသည်။ ထိုကြိုးပမ်းစူးစမ်းမှုအလုံးစုံ၏ ရလဒ်သည် စကြဝဠာများ၏ အတွင်းလျှို့ဝှက်ချက်နှင့် ၎င်းတို့၏ ဇစ်မြစ်များထိတိုင် ရောက်ရှိရန်ကိုပင် မဆိုထားဘိဦး။ စာရင်းအင်း၊ အတိုင်းအတာမဲ့ ဂြိုဟ်၊ နက္ခတ်များ၏ လှည့်ပတ်သွားလာမှုများကို တွေ့မြင်ကာ သာပို၍ ငေးမောသွားရပေသည်။ သိပ္ပံ

လက်နက်ပစ္စည်း ကိရိယာများဖြင့် ထိုအာကာသ ရာသီအင်တာစက်စခန်းများ၌ ရှိသော အရာများကို တိုင်းထွာရန် မဖြစ်နိုင်သည်က တစ်ကြောင်း၊ ထိုအရာများ ဖြစ်ပေါ်တည်ရှိနေခြင်းဘက်မှ ကြည့်ရှုနိုင်းယှဉ်မည်ဆိုလျှင် မိမိတို့၏ ကြီးပမ်းမှုအလုံးစုံသည် သေးသိမ်မှု ဖြစ်နေကြောင်းက တစ်ကြောင်း စသော အချက်တို့ကိုသာ ဝန်ခံရပေမည်။ သို့ရှိရာ ရလဒ်အဖြစ် သိရှိရသော အချက်မှာ ဤသို့ပင် ဖြစ်သည်။ ဤစကြာဝဠာကြီး၏ စက်ယန္တရားများ၏ စီမံမှု၊ စီမံကိန်းများအားလုံး၊ ကြယ်တာရာများနှင့် ဂြိုဟ်များ အားလုံးတို့သည် မိမိတို့ကိုယ်တိုင် အလိုအလျောက် ပေါ်ပေါက်လာသည်မဟုတ်ပေ။ သို့သာမက အလွန်ကြီးကျယ်လှစွာသော မခံစား မတွေ့မြင်နိုင်သော စွမ်းအားရှင်၏ နာခံမှုအောက်၌ လှုပ်ရှားသွားလာလျက် ရှိနေပေသည်။ ဤသည် 'နဗီတမန်တော်များသည် ပထမကြိုးပမ်းမှု၏ ခြေလှမ်းသစ်၌မှာပင် အများသူငှာ ခပ်သိမ်းတို့ကို ပြသခဲ့သော' အချက်သည်သာလျှင် ဖြစ်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ များစွာသော အာယသ်တော်များအတွင်း၌လည်း ထိုအချက်ကိုသာလျှင် ယုံကြည်မှု အနည်ထိုင်စေရန်အတွက် မိုး၊ မြေ၊ ကြယ်တာရာများနှင့် ဂြိုဟ်များ အစရှိသော အရာများ၏ အခြေအနေများကို စဉ်းစားမှုပြုရန် လမ်းညွှန်ထားပေသည်။

အသင်သည် 'ကမ္ဘာမြေပထဝီပေါ်၌ ထိုင်ကာ အာကာသဟင်းလင်းပြင်ရေးရာဆိုင်ရာ အချက်များ၊ ကြယ်တာရာများနှင့် ဂြိုဟ်များအား စီစစ်သုတေသနပြုမှုများနှင့် ဖွဲ့စည်းတည်ဆောက်ပုံ အနေအထားတို့အား ဒဿနိကဆိုင်ရာ အသွင်မျိုးဖြင့် အခြေအတင် ငြင်းခုံပြောဆိုနေသော သူတို့သည် ထိုအရာများ၏ အခြေခံ ဇစ်မြစ်များထိတိုင် မရောက်ရှိဘဲ နောက်ဆုံး မိမိတို့ မစွမ်းနိုင်ကြောင်းကို ဝန်ခံသောသူများ' ကို တွေ့မြင်နိုင်သကဲ့သို့ 'ဤကမ္ဘာမြေပထဝီမှ မိုင်းပေါင်း သိန်းပေါင်းများစွာ ဝေးသော အထက်ကောင်းကင်ဘုံ၌ ခရီးဆန့်နေသော သူများ၊ လကမ္ဘာ၏ ကျောက်ခဲ၊ မြေကြီးနှင့် ထိုလကမ္ဘာရှိ အရာများကို မှတ်တမ်းတင် ဓါတ်ပုံရိုက်ကူးလာသူတို့သည်လည်း ဇစ်မြစ်အချက် သိရှိရန် စူးစမ်းလျက်ရှိနေသော ကွင်းပြင်အတွင်း၌ ရှေ့သို့ တစ်စုံတစ်ရာ တိုးတက်မှု မရရှိနိုင်ကြောင်း' ကိုလည်း တွေ့မြင်နိုင်ပေသည်။

စီစစ်သုတေသနပြုချက်များသည် လူသားများနှင့် လူ့ဘောင်အသိုင်းအဝိုင်းကို မည်သည့်အရာများ ချီးမြှင့်ထားပေသနည်း။

လူသားတို့၏ ကြိုးပမ်းဆောင်ရွက်မှု၊ တိုးတက်မှုဖြစ်ရန် သောက၊ ၎င်းတို့၏ အံ့ဖွယ်ကောင်းသော ဆောင်ရွက်ချက်နှင့် တွေဝေမိန်းမောသွားလောက်အောင်သော အမှုကိစ္စများကို ပြုပြင် ထွန်းလင်း တောက်ပြောင်အောင် ပြုနိုင်ခြင်း၏ အတိုင်းအတာသည် သူ့နေရာနှင့်သူ မှန်ကန်ကာ အများသူတို့၏ အရှုအမြင်ကို ထောက်ရှုပြောဆိုမည်ဆိုပါက ချီးမွမ်းထိုက်ဖွယ် ကောင်းပေသည်။ သို့ရာတွင် အကယ်၍ လူသားတို့နှင့် လူ့ဘောင် အသိုင်းအဝိုင်းအား တစ်စုံတစ်ရာ သာပို အကျိုးပြုမှု မပြုသော 'နေရာမဲ့၊ အချိန်မဲ့ မျက်လှည့်ပြခြင်း၊ ပွဲခံခြင်း' အချက်တို့အား သေချာကျနစွာ စဉ်းစားကြည့်ရှုမည်ဆိုလျှင် ထိုအလုပ်များ

သည် အမြော်အမြင်နှင့် အသိဉာဏ်ရှိသောသူတို့၏ အလုပ်မဟုတ်ပေ။ ဤအချက်ကိုလည်း ထပ်မံကြည့်ရှုသင်ပေသည်။ ဤသို့ နှစ်ပေါင်း (၅၀) ကြိုးပမ်းမှုနှင့် များစွာသော လူသားတို့၏ ဘေးဒုက္ခကို ကယ်တင်နိုင်လောက်သော ကုဋေပေါင်းများစွာသောငွေကြေးများကို မီးတင်ရှို့ကာ လကမ္ဘာပေါ်သို့ ရောက်ရှိ၍ ထိုအရပ်ဒေသမှ ရှိသော မြေကြီးနှင့် ကျောက်ခဲတို့ကို ယူဆောင်လာပေးခြင်းသည် လူသားတို့နှင့် လူ့ဘောင်အသိုင်းအဝိုင်းအား မည်သို့ အကျိုးကို သက်ရောက်စေပါသနည်း။ 'များစွာသော လူသားတို့သည် အစာရေစာ ငတ်၍ သေဆုံးလျက် ရှိနေကြကာ ၄င်းတို့အဖို့ အဝတ်အစားနှင့် အရက်ကို လုံအောင် ဖုံးရန်ပင် အသင့်မရှိကြလေရာ ၄င်းပညာရှင်တို့၏ ကြိုးပမ်းအားထုတ်မှုသည် ထိုသူဆင်းရဲတို့၏ ငတ်ပြတ်မှု ဒုက္ခတို့၏ ဖြေရှင်းပေးမှု တစ်စုံတစ်ရာကို ထုတ်ပြနိုင်ပါ၏လော။ သို့မဟုတ် ၄င်းသူဆင်းရဲတို့၏ ရောဂါများနှင့် ဘေးဒုက္ခတို့ကို ဝေးကွာအောင် ပြု၍ ကျန်းမာခြင်းနှင့် သက်တောင့်သက်သာ ရရှိစေခြင်း၏ စီမံမှုတစ်စုံတစ်ရာကို ပြုပေးထားပါ၏လော။ သို့မဟုတ် လူသားတို့နှင့် လူ့ဘောင်အသိုင်းအဝိုင်းတို့အဖို့ နှလုံးသားတည်ငြိမ်အေးချမ်းမှုနှင့် သက်တောင့်သက်သာ ရရှိစေခြင်း၏ ပစ္စည်းအကြောင်းခံ တစ်စုံတစ်ရာကို စီမံပေးနိုင်ပါ၏လော'ဟူ၍ မေးမြန်းလာမည်ဆိုလျှင် မည်သူတစ်ဦးတစ်ယောက်၌မဆို 'မရနိုင်၊ မဟုတ်'ဟူသော အဖြေမှအပ အခြားမည်သည့်အဖြေမှ ရှိမည်မဟုတ်ပေ။

ဤအတွက်ကြောင့်သာလျှင် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဇွန္နသ်ဟဒီးစ်တော်များသည် လူသားတို့ကို ဤကဲ့သို့ အကျိုးမဲ့သော နှစ်မွှန်းမှုများ၌ နှစ်မွှန်းနေခြင်းမှ ရှောင်ရှားစေထားပေသည်။ စကြဝဠာကြီးအတွင်း ဖြစ်ပေါ်တည်ရှိနေသော အရာများဘက်သို့ စဉ်းစားတွေးတောရန် ဖိတ်ခေါ်ခြင်းကိုလည်း ရှုထောင့်နှစ်ရပ်ပုံစံဖြင့်သာ ပြဆိုထားပေသည်။ အဓိကရည်ရွယ်ချက်ဖြစ်သော ပထမရှုထောင့်မှာ ထိုအံ့ဖွယ်ကောင်းသော နိမိတ်လက္ခဏာများကို ကြည့်ရှုကာ 'အလ္လာဟ်အသျှင်မြတ်ဟူ၍ အမည်ပေးထားသော စီမံကိန်း၊ စီမံချက်အလုံးစုံကို ချမှတ်ပေးထားတော်မူသော မူရင်းကြောင်းကျိုးတရား သက်ရောက်စေတော်မူသော၊ ခံစားသိမြင်နိုင်၍ မရသော အသျှင်' အား ယုံကြည်ရန်ပင် ဖြစ်ပေသည်။ ဒုတိယရှုထောင့်မှာ ထိုကမ္ဘာမြေပထဝီရေးဆိုင်ရာ၊ အာကာသကောင်းကင်ရေးဆိုင်ရာ အဖန်ဆင်းခံများ၌ အလ္လာဟ်အသျှင်မြတ်သည် လူသားတို့အဖို့ လိုအပ်သည့် အရာတိုင်းအား အပ်နှံချီးမြှင့်ပေးသနားထားတော်မူပေသည်။ လူသားတို့၏ အလုပ်မှာ မိမိတို့၏ ဦးနှောက်၊ အသိဉာဏ်နှင့် ကြိုးပမ်းမှုတို့ကို အသုံးပြုကာ ထိုအရာများကို ကမ္ဘာမြေကြီး၏ ဘဏ်တိုက်များထဲမှ ထုတ်ယူအသုံးပြုခြင်း၏ နည်းလမ်းကို ရယူရန်ဖြစ်ပေသည်။ ပထမရှုထောင့်သည် အဓိက ရည်ရွယ်ချက်ဖြစ်သည်။

ဒုတိယရှုထောင့်သည် လိုအပ်ချက်ကို ဝေးကွာဖြည့်ဆည်းရန်အတွက် ဖြစ်သည်။ ထို့ကြောင့် လိုအပ်ချက်ထက် သာပို၍ ထိုအရာများအတွင်း၌ နှစ်မွှန်းနေခြင်းသည် နှစ်မြို့ဖွယ်ကောင်းသော အချက်မဟုတ်ပေ။ စကြဝဠာကြီးအတွင်း ဖြစ်ပေါ်တည်ရှိနေသော အရာများအတွင်းဝယ် စဉ်းစားတွေးခေါ်ခြင်း၏ ရှုထောင့်နှစ်ရပ်စလုံးသည် လူသားတို့အဖို့ လွယ်လည်း လွယ်ကူကာ အဆုံး (နိဂုံးချုပ်) လည်း ကောင်းပေမည်။ ထိုရှုထောင့်နှစ်ရပ်စလုံး၏ အချုပ်ရလဒ်သဘောတရားများအတွင်း၌ ခေတ်သစ်၊ ခေတ်ဟောင်း ပါမောက္ခ

များထံတွင် အကွဲအလွဲ တစ်စုံတစ်ရာမျှ မရှိပေ။ ၎င်းတို့၏ အကွဲအလွဲဖြစ်မှုများအားလုံးသည် ကောင်းကင်များ၊ ဂြိုဟ်များ၏ အခြေအနေဖွဲ့စည်းပုံနှင့် အခြေခံဓါတ်မြစ်တို့နှင့် ပတ်သက်နေပေသည်။ အကြောင်းအချက်များကို ကုရ်အာန်ကျမ်းတော်မြတ်သည် မလိုအပ်၊ မရေယူထိုက်သော အချက်များအဖြစ် သတ်မှတ်ကာ လျစ်လျူရှုခိုင်းထားပေသည်။ အီဂျစ်နိုင်ငံ၏ မွဖ်သီတစ်ပါးဖြစ်သော အလ္လာမာဟ်နဂျီးသ်သည် မိမိရေးသားထားသော စာအုပ်တစ်အုပ်ဖြစ်သည့် 'သောင်ဖီးကုရ်ရဟ်မာန်း' အတွင်း၌ အာကာသဟင်းလင်းပြင်ရေးရာ အသိပညာကို (၃) ပိုင်းခွဲကာ တင်ပြထားပေသည်။ ပထမအပိုင်းမှာ 'ဝစ္စ်ဖီး' ဖြစ်၍ အကြောင်းအပိုင်း၌ ကောင်းကင်စုအဖွဲ့အစည်းတို့၏ လှုပ်ရှားမှု၊ အရေအတွက်တို့နှင့် စပ်လျဉ်း၍ တင်ပြထားပေသည်။ ဒုတိယအပိုင်းမှာ 'အမလီး' ဖြစ်ပြီး ထိုကောင်းကင်၏ အရေအတွက်များကို သိရှိရန်အတွက် ခေတ်သစ်၊ ခေတ်ဟောင်း ကိရိယာများနှင့် စပ်လျဉ်း၍ တင်ပြထားပေသည်။ တတိယအပိုင်းမှာ 'သွာဗ်အီး' ဖြစ်ပြီး မိုးကောင်းကင်များနှင့် ဂြိုဟ်များ၏ ပုံပန်းသဏ္ဌာန်၊ အခြေခံဓါတ်မြစ်တို့နှင့် စပ်လျဉ်း၍ တင်ပြထားပေသည်။ ပထမအပိုင်းနှစ်ပိုင်းနှင့် စပ်လျဉ်း၍ ခေတ်သစ်၊ ခေတ်ဟောင်း ကျွမ်းကျင်သော ပညာရှင်များထံ၌ ကွဲလွဲမှုသည် မရှိသလောက် ဖြစ်ပေသည်။ ပစ္စည်းကိရိယာများကို တီထွင်ပြုလုပ်ရာ၌ များစွာ အကွဲအလွဲ တည်ရှိနေလင့်ကစား အကျိုးရလဒ်များကို ကြည့်ရှုမည်ဆိုပါက များစွာသော အမှုကိစ္စများတွင် အားလုံးတစ်ညီတစ်ညွတ်တည်း ရှိကြပေသည်။ ၎င်းတို့၏ ပြင်းထန်စွာ အကွဲအလွဲဖြစ်မှုသည် တတိယအမျိုးအစားအတွင်း၌ ဖြစ်ပေသည်။

သေချာကျနစွာ စဉ်းစားကြည့်မည်ဆိုလျှင်လည်း လူသားတို့၏ လိုအပ်ချက်သည် ပထမအမျိုးအစားနှစ်ရပ်နှင့်သာ ပတ်သက်နေပေသည်။ တတိယအမျိုးအစားကို အသုံးချရန်လည်း ဝေးကွာ၍ ခက်ခဲပေသည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်၊ ဟဒီးစ်တော်နှင့် နဗီတမန်တော်များ၏ ညွှန်ကြားမှုသည် လူသားတို့ကို ယင်းတတိယအမျိုးအစားအား အခြေအတင် ဆွေးနွေးမှုပြုပေးမှုကို မရှုပ်ထွေးစေပေ။ အတိတ်ခေတ်၏ သူတော်စင်များသည် ဤသို့ ဆုံးမမှုကို ပြုပေးထားပေသည်။

သူတော်စင်ကြီးများသည် အတွင်းမျက်စိများဖြင့် ထိုအရာများကို တွေ့မြင်ပေသည်။ ၎င်းတို့၏ နောက်ဆုံး ဆုံးဖြတ်ချက်သည်လည်း ရှိက်ခ်စအဒ်ဒီး ပြောဆိုသကဲ့သို့ပင် ဖြစ်သည်။

ဟာဖိဇ်ရှီရာဇီးသည် မိမိ၏ စာအုပ်၌ ရေးသားတင်ပြထားသည်မှာ 'ထိုအထက်တင်ပြပါ အချက်များအားလုံး၏ ရလဒ်မှာ ဤသို့တည်း။ ကောင်းကင်အာကာသ၏ အဖန်ဆင်းခံများနှင့် ကမ္ဘာမြေပထဝီ၏ အဖန်ဆင်းခံများအတွင်း၌ဝယ် ထိုအရာများအား ဖန်ဆင်းတော်မူသော အသျှင်ရှိကြောင်း၊ ယင်းအသျှင်မြတ်သည်လည်း တစ်ပါးတည်းတည်ရှိကြောင်းနှင့် ထိုအသျှင်မြတ်၏ အနိူင်းခံမဲ့၊ အကြွင်းမဲ့ အသိပညာတော်နှင့် စွမ်းဆောင်နိုင်ခြင်းအပေါ် အင်တိုက်အားကိုက် ပြုဆိုနိုင်ခြင်းသည် ကုရ်အာန်၏ အဓိကရည်ရွယ်ချက်ဖြစ်ခြင်း' ၏ ရှုထောင့်မျိုးဖြင့် စဉ်းစားခိုင်းထားပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အချို့နေရာများ၌လည်း ယင်းအချက်ဘက်သို့ ဖိတ်ခေါ်ထားပေသည်။ 'ထိုအရာများကြောင့် လူသားတို့၏ ရှင်သန်ရပ်တည်ရေးဆိုင်ရာ ဓမ္မသတ်များ ပတ်သက်နေခြင်း' ၏ ရှုထောင့်ဖြင့် ကြည့်ရှုမည်ဆိုလျှင်လည်း 'လိုအပ်သည့်အတိုင်း

အတာခန့်ထိ ပြုနိုင်ကြောင်းသည် ကုရ်အာန်ကျမ်းတော်မြတ်၏ တင်ပြချက် ဖြစ်ပေသည်။' ကုရ်အာန်ကျမ်းတော်မြတ်သည် ယင်းအချက်ဘက်သို့လည်း ဖိတ်ခေါ်ထားပေသည်။ 'ရှင်သန်ရပ်တည်ခြင်းနှင့် ဝမ်းစာရှာဖွေရန် လိုအပ်ချက်များကို အဓိကရည်ရွယ်ချက်အဖြစ် သတ်မှတ်ကာ ထိုအရာများအတွင်း၌ နစ်မွန်း၍ မနေစေရန်၊ သို့သာမက လက်ရှိသက်တမ်းမှ မူရင်း 'အာခေရသ်'၏ သက်တမ်းဘက်သို့ ခရီးတစ်ခု၏ အသွင်ဖြင့်သာ ထားရှိ၍ ခရီးနှင့် ထိုက်တန်သလောက်သာ နစ်မွန်းရမည်' ဟူ၍သာ ခြားနားချက် ရှိပေသည်။

တတိယရှုထောင့်မှာ လူ့ဘောင်အသိုင်းအဝိုင်းဆိုင်ရာတို့ထက် ပိုလွန်ကဲနေသော အချက် ဖြစ်ပေသည်။ ထိုအချက်အား ရယူရန်လည်း ခက်ခဲပေသည်။ ထိုအချက်အား ရယူရာ၌ တန်ဖိုးရှိသော အချိန်ကို သုံးစွဲခြင်းမှ ရှောင်ရှားရန် ညွှန်ပြထားပေသည်။ ဤနေရာမှ 'မျက်မှောက်ခေတ်၏ ခေတ်သစ်သိပ္ပံ၏ တိုးတက်မှုများနှင့် သုတေသနပြုချက်များကို 'အချို့ခေတ်သစ်သိပ္ပံပညာကို နှစ်သက်သော အာလင်မ်သာသနာ့ပညာရှင်များ ရေးသားထားသကဲ့သို့' ကုရ်အာန်ကျမ်းတော်မြတ်၏ အဓိကအခြေခံမူတည်ချက်ဟူ၍ မှတ်ယူထားခြင်းသည် မှားယွင်းကာ ကုရ်အာန်ကျမ်းတော်မြတ်ကို 'အချို့ခေတ်ဟောင်းကိုသာလျှင် အရိုးစွဲနေသော အာလင်မ်ပညာရှင်များ ပြောဆိုသကဲ့သို့' ဆန့်ကျင်ဘက်ဖြစ်နေသည်ဟူ၍ ပြောဆိုခြင်းသည်လည်း မမှန်ကန်ပေ။ လကမ္ဘာပေါ်သို့ ရောက်ရှိခြင်း၊ နေထိုင်ခြင်း၊ ထိုအရပ်ဒေသမှရှိသော တွင်း အစရှိသော နေရာများမှ အကျိုးခံစားခြင်း စသော အရာများအားလုံးသည် ထိုအချက်များအတွင်း၌ ပါဝင်နေပေသည်။ ထိုအရာများထဲမှ တစ်စုံတစ်ရာကို မျက်မြင်အရ၊ အတွေ့အကြုံအရ အတည်ပြုလိုက်မည်ဆိုလျှင် ထိုအချက်အား ငြင်းရန် အကြောင်းတစ်စုံတစ်ရာ မရှိပေ။ အတည်ပြု၍ မရသရွေ့ ကာလပတ်လုံး အလျှင်စလို ထိုအချက်များအား အာရုံအရ တွေးတောမှုကို ပြုခြင်းနှင့် ထိုအရာများအတွင်း၌ မိမိ၏ တန်ဖိုးရှိသော သက်တမ်းကို အသုံးပြုခြင်းသည်လည်း တစ်စုံတစ်ရာ အသိဉာဏ်ရှိခြင်း၏ လုပ်ရပ်အချက်မဟုတ်ပေ။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေ၏။)

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَعِبَادُ الرَّحْمَٰنِ الَّذِينَ يَمْشُونَ عَلَى الْأَرْضِ
هَوْنًا وَإِذَا خَاطَبَهُمُ الْجَاهِلُونَ قَالُوا سَلَامًا ﴿٦٣﴾

၂၅ : ၆၃ ။ ။ စင်စစ် 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်၏ ကျွန် (အစစ်အမှန်) တို့သည် အကြင်သူတို့ပင် ဖြစ်ကြကုန်၏။ ထိုသူတို့သည် ပထဝီမြေပေါ်ဝယ် မာန်မာနမရှိဘဲ၊ မိမိကိုယ်ကို နှိမ့်ချ၍ အိန္ဒြေသိက္ခာနှင့် ဖြည်းညင်းစွာ လမ်းလျှောက်ကြကုန်၏။ ထို့ပြင် အသိပညာ ကင်းမဲ့ကြသော သူများသည် ၎င်းသူတို့နှင့် စကားပြောဆို နှုတ်ဆက်ကြသောအခါ၊ ၎င်းတို့သည် 'အသင်တို့အပေါ်သို့ အေးချမ်းသာယာခြင်း ကျရောက်ပါစေ' ဟု ပြောဆိုကြကုန်၏။

وَالَّذِينَ يَبِيتُونَ لِرَبِّهِمْ سُجَّدًا وَقِيَامًا ٦٤

၂၅ : ၆၄ ။ ။ ၎င်းပြင် အကြင်သူများပင် (ဖြစ်ကြ၏။) ထိုသူတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ရှေ့တော်မှောက်ဝယ် 'စဂျ်ဒဟ်' ပျပ်ဝပ်ဦးချခြင်းအားဖြင့်လည်းကောင်း၊ မတ်တတ်ရပ်ခြင်းအားဖြင့်လည်းကောင်း ညဉ့်ကို ကုန်လွန်စေကြကုန်၏။

وَالَّذِينَ يَقُولُونَ رَبَّنَا اصْرِفْ عَنَّا
عَذَابَ جَهَنَّمَ ۖ إِنَّ عَذَابَهَا كَانَ غَرَامًا ٦٥

၂၅ : ၆၅ ။ ။ ၎င်းပြင် ၎င်းအကြင်သူများပင် (ဖြစ်ကြ၏။) ထိုသူတို့သည် (ဤသို့) လျှောက်ထား ဆုပန်ကြကုန်၏။ 'အို၊ ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် 'ဂျဟန္နမ်' ငရဲဘုံ၏ အပြစ်ဒဏ်ကို ကျွန်တော်မျိုးတို့မှ ဝေးအောင် ဖယ်ရှားပေးတော်မူပါ။ စင်စစ်မလွဲ ယင်း (ဂျဟန္နမ်) ငရဲဘုံ၏ ပြစ်ဒဏ်သည် ပျက်စီးမှုပင်၊ ပြင်းထန်လှသော ဒုက္ခပင်၊ အဆက်မပြတ် သက်ရောက်မည်ဖြစ်သော ပြစ်ဒဏ်ပင် ဖြစ်ပါသည်။

إِنَّهَا سَاءَتْ مُسْتَقَرًّا وَمُقَامًا ٦٦

၂၅ : ၆၆ ။ ။ စင်စစ်စစ် ယင်း 'ဂျဟန္နမ်' ငရဲဘုံသည် စခန်းချရာ နေရာအဖြစ်လည်းကောင်း၊ နေထိုင်ရာ နေရာ အဖြစ်လည်းကောင်း အလွန်ညံ့ဖျင်း ဆိုးရွားလှပါသည်။

وَالَّذِينَ إِذَا أَنفَقُوا لَمْ يُسْرِفُوا وَلَمْ يَقْتُرُوا وَكَانَ بَيْنَ ذَٰلِكَ قَوَامًا ٦٧

၂၅ : ၆၇ ။ ။ ၎င်းပြင် အကြင်သူများပင် (ဖြစ်၏။) ထိုသူတို့သည် သုံးစွဲကြသောအခါ အချည်းနှီး ဖြုန်းတီးကြသည် လည်း မဟုတ်ပေ။ စေးနဲကြသည်လည်း မဟုတ်ပေ။ စင်စစ် (၎င်းတို့၏ သုံးစွဲမှုသည်) ယင်း (အချည်းနှီးဖြုန်းတီးမှုနှင့် စေးနဲမှု) ၏ အကြားတွင် မယုတ်မလွန် အလယ်အလတ် (သုံးစွဲမှု) သာလျှင် ဖြစ်ပေသည်။

وَالَّذِينَ لَا يَدْعُونَ
مَعَ اللَّهِ إِلَٰهًا آخَرَ وَلَا يَقْتُلُونَ النَّفْسَ الَّتِي حَرَّمَ اللَّهُ إِلَّا
بِالْحَقِّ وَلَا يَزْنُونَ ۚ وَمَن يَفْعَلْ ذَٰلِكَ يَلْقَ أَثَامًا ٦٨

၂၅ : ၆၈ ။ ။ ၎င်းပြင် အကြင်သူများပင် (ဖြစ်ကြ၏။) ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်နှင့် (တွဲဖက်၍) အခြား ကိုးကွယ်ရာ တစ်စုံတစ်ရာကိုမျှ ဟစ်ခေါ်တသ (ကိုးကွယ်ဆည်းကပ်) ကြသည် မဟုတ်ပေ။ ၎င်းပြင် ထိုသူများသည် အလ္လာဟ်အသျှင်မြတ်က 'ဟရာမ်' ဟူ၍ တားမြစ်ထားတော်မူသည့် အသက်ဇီဝိန်ကိုလည်း တရားသဖြင့်မှအပ သတ်ဖြတ်ခြင်း

မပြုကြပေ။ ထို့ပြင် ၎င်းတို့သည် 'ဇေနာ' ကာမဂုဏ်ကိုလည်း ကျူးလွန်ကြသည်မဟုတ်ပေ။ စင်စစ် မည်သူမဆို ဤပြစ်မှုတို့ကို ကျူးလွန်ပါမူ ထိုသူသည် (အလွန်ကြီးလေးသော) ပြစ်ဒဏ်နှင့် တွေ့ကြုံရမည်သာ ဖြစ်၏။

يُضٰعَفْ لَهُ الْعَذَابُ يَوْمَ الْقِيٰمَةِ وَيَخْلُدْ فِيْهِ مُهَانًا ﴿٦٩﴾

၂၅ : ၆၉ ။ ။ 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့တွင် ထိုသူ၌ ပြစ်ဒဏ်သည် နှစ်ဆတိုး၍ (သက်ရောက်စေခြင်း) ခံရမည့် အပြင်၊ ထိုသူသည် အမြဲထာဝရ ယင်းပြစ်ဒဏ်၌ပင် ဂုဏ်သရေယုတ်ညံ့စွာ ခံစားနေရမည်သာ (ဖြစ်၏။)

اِلَّا مَنْ تَابَ وَاٰمَنَ وَعَمِلَ عَمَلًا صَالِحًا فَاُولٰٓئِكَ يُبَدِّلُ اللّٰهُ سَيِّاٰتِهِمْ
حَسَنٰتٍ وَكَانَ اللّٰهُ غَفُوْرًا رَّحِيْمًا ﴿٧٠﴾

၂၅ : ၇၀ ။ ။ သို့ရာတွင် အကြင်သူသည် (ကုဖွ်ရ်၊ ရှရစ်ကိမှ) ဝန်ချတောင်းပန်ပြီး အီမာန်သက်ဝင် ယုံကြည်ခဲ့၍ ကောင်းမြတ်သော အကျင့်သီလကို ကျင့်မူ ဆောက်တည်ခဲ့ပါလျှင် အလ္လာဟ်အသျှင်မြတ်သည် ထိုကဲ့သို့သော သူတို့အား ၎င်းတို့၏ မကောင်းမှုများကို ကောင်းမှုများနှင့် လဲလှယ်၍ ပေးသနားတော်မူပေမည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

وَمَنْ تَابَ وَعَمِلَ صَالِحًا فَاِنَّهٗ يَتُوْبُ اِلَى اللّٰهِ مَتَابًا ﴿٧١﴾

၂၅ : ၇၁ ။ ။ အမှန်စင်စစ် မည်သူမဆို (အပြစ်မှ) ဝန်ချတောင်းပန်၍ ကောင်းမြတ်သော အကျင့်သီလကို ကျင့်မူ ဆောက်တည်ခဲ့ပါမူ၊ ဧကန်မလွဲ ထိုသူသည် မှန်ကန်သောနည်းဖြင့် အလ္လာဟ်အသျှင်မြတ်ဘက်သို့ ပြန်လှည့်သူများပင် ဖြစ်ပေသည်။

وَالَّذِيْنَ لَا يَشْهَدُوْنَ الزُّوْرَ ۙ وَاِذَا مَرُّوْا بِاللَّغْوِ مَرُّوْا كِرَامًا ﴿٧٢﴾

၂၅ : ၇၂ ။ ။ ၎င်းပြင် ('ရဟ်မာန်' အနန္တကရုဏာတော်ရှင်၏ ကျွန်များသည်) အကြင်သူများပင် ဖြစ်ကြ၏။ ထိုသူတို့သည် မုသားသက်သေခံကြသည်လည်း မဟုတ်ပေ။ ထို့ပြင် ၎င်းတို့သည် အချည်းနှီးသော အမှုကိစ္စ၏အပါးမှ ဖြတ်သန်းသွားလာကြသောအခါ (မျက်နှာအောက်သို့ စိုက်၍) အိန္ဒြေရှိသူများပီပီ ဖြတ်သန်းသွားလာကြကုန်၏။

وَالَّذِيْنَ اِذَا ذُكِّرُوْا بِاٰيٰتِ رَبِّهِمْ لَمْ يَخِرُّوْا عَلَيْهَا صُمًّا وَّعُمْيَانًا ﴿٧٣﴾

၂၅ : ၇၃ ။ ။ ထို့ပြင် အကြင်သူများပင် ဖြစ်၏။ ထိုသူတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အာယသ်တော်များဖြင့် အဆုံးအမတရားပေးခြင်းကို ခံကြရသောအခါ၊ ထိုသူတို့သည် ယင်းအာယသ်တော်များ၌ (မုရှ်ရစ်ကိများကဲ့သို့) နားပင်းသူများအဖြစ်လည်းကောင်း၊ မျက်စိကန်းသူများအဖြစ်လည်းကောင်း ကျလာကြသည်မဟုတ်ပေ။

وَالَّذِينَ يَقُولُونَ رَبَّنَا هَبْ لَنَا
مِنْ أَزْوَاجِنَا وَذُرِّيَّاتِنَا قُرَّةَ أَعْيُنٍ وَاجْعَلْنَا لِلْمُتَّقِينَ إِمَامًا ﴿٧٤﴾

၂၅ : ၇၄ ။ ။ ထို့ပြင် အကြင်သူများပင် ဖြစ်၏။ ထိုသူတို့သည် 'အို, ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အား မိမိတို့၏ ဇနီး၊ သား၊ မြေးတို့ထံမှ မျက်စိအေးမြ ကြည်လင်မှုကို ပေးသနားတော်မူပါ။ ထို့ပြင် အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အား 'မွတ်သကီ' သူတော်ကောင်းများ၏ ရှေ့ဆောင်ရှေ့ရပ် (တစ်နည်း) စံနမူနာ ပြုလုပ်တော်မူပါ' ဟု လျှောက်ထားအသနားခံကြကုန်၏။

أُولَٰئِكَ يُجْزَوْنَ الْغُرْفَةَ بِمَا صَبَرُوا وَيُلَقَّوْنَ فِيهَا تَحِيَّةً وَسَلَامًا ﴿٧٥﴾

၂၅ : ၇၅ ။ ။ ဤ (ဝိသေသ ဂုဏ်ထူးနှင့် ပြည့်စုံကြကုန်သော) 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်၏ ကျွန်) သူတို့သည် အကြင်သူများပင် ဖြစ်၏။ ၎င်းတို့သည် မိမိတို့၏ တည်တံ့ကြံ့ခိုင်စွာ ရှိခဲ့ကြသည့်အတွက်ကြောင့် ('ဂျန္နသ်' သုခဘုံ၏) မြင့်မြတ်သော အဆောင်များကိုပင် အစားပေးချီးမြှင့်ခြင်း ခံကြရပေမည်။ ထို့ပြင် ၎င်းသူတို့သည် ယင်းအဆောင်များ၌) 'မလာအေကာဟ်' ကောင်းကင်တမန်များ၏) နှစ်ထောင်းအားရ ရွှင်လန်းစွာ 'စလာမ်' မေတ္တာပို့သ၍ နှုတ်ခွန်းဆက်သခြင်း အားဖြင့် (တွေ့ကြုံစေ၍) ခရီးဦးကြိုဆိုခြင်းကို ခံကြရပေမည်။

خَالِدِينَ فِيهَا ۚ حَسُنَتْ مُسْتَقَرًّا وَمُقَامًا ﴿٧٦﴾

၂၅ : ၇၆ ။ ။ (၎င်းတို့သည်) ယင်း ('ဂျန္နသ်' သုခဘုံ) ၏ မြင့်မြတ်သော အဆောင်များ၌ပင် အမြဲထာဝစဉ် နေထိုင်ကြပေမည်။ ထို ('ဂျန္နသ်' သုခဘုံ၏) အဆောင်များသည် အလွန်မြင့်မြတ်ပျော်ရွှင် မွေ့လျော်ဖွယ်ရာ စခန်းချရာ နေရာနှင့် နေထိုင်ရာ နေရာထိုင်ခင်းပင် ဖြစ်ပေသည်။

قُلْ مَا يَعْبَأُ بِكُمْ رَبِّي لَوْلَا دُعَاؤُكُمْ ۖ فَقَدْ كَذَّبْتُمْ فَسَوْفَ يَكُونُ لِزَامًا ﴿٧٧﴾

၂၅ : ၇၇ ။ ။ အို, နဗီတမန်တော်၊ အသင်သည် ပြောကြားပါလေ။ (အချင်းတို့) 'အကယ်၍ အသင်တို့သည် ဆုတောင်း တမ်းတခြင်း မရှိခဲ့ကြပါလျှင် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အသင်တို့အား လုံးဝ ဂရုစိုက်တော်မူမည် မဟုတ်ပေ။ ယခုသော် စကန်မလွဲ အသင်တို့သည် (အမှန်) တရားတော်ကို မဟုတ်မမှန်ဟူ၍ စွပ်စွဲပြောဆို ငြင်းပယ်ခဲ့ကြပြီး ဖြစ်ရာ မကြာမီ ယင်းစွပ်စွဲပြောဆို ငြင်းပယ်မှုကြောင့် (အသင်တို့အပေါ်၌) မလွဲမသွေ ပြစ်ဒဏ်ခတ်ခြင်း ခံရပေလိမ့်မည်'

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

စင်စစ် 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်၏ (သီးသန့်) ကျွန် (အစစ်အမှန်) တို့သည် အကြင်သူတို့ပင် ဖြစ်ကြကုန်၏။ ထိုသူတို့သည် မြေပထဝီပေါ်ဝယ် မာန်မာနမရှိဘဲ မိမိကိုယ်ကို နှိမ့်ချ၍ အိန္ဒြေ

သိက္ခာနှင့် ဖြည်းညင်းစွာ လမ်းလျှောက်ကြကုန်၏။ (အလိုသဘောမှာ ၎င်းတို့၏ ဗီဇအတွင်းတွင် အမူကိစ္စများအားလုံး၌ ရို့ကျိုးမှု ရှိကြပေသည်။ ထိုရိုကျိုးမှု၏ အကျိုးဆက်တရားသည် လမ်းလျှောက်ရာတွင် ပေါ်လွင်လာပေသည်။ လျှောက်လှမ်းခြင်း၏ ပုံပန်းသဏ္ဌာန်ကို သီးသန့်တင်ပြရန် အဓိကရည်ရွယ်ချက် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် မာန်မာနထောင်လွှားစွာနှင့်အတူ ဖြည်းညင်းစွာ လျှောက်လှမ်းခြင်းသည်လည်း ချီးမွမ်းထိုက်ဖွယ် မဟုတ်ပေ။ ဤရိုကျိုးမှုသည်မူ ၎င်းသည် မိမိ၏ ပြုမူဆောင်ရွက်ချက် လှုပ်ရှားမှုတိုင်း၌ ရှိသော သီးသန့်ဟန်အကျင့်ပင် ဖြစ်ပေသည်။) ထို့ပြင် (အခြားသောသူများဖြင့် ဆက်ဆံသောအခါ ၎င်းတို့၏ ဆက်ဆံမှုပုံစံမှာ ဤသို့ပင် ဖြစ်သည်။) အသိပညာကင်းမဲ့သောသူများသည် ၎င်းသူတို့နှင့် (အသိပညာကင်းမဲ့သော) စကား (တို့ကို ပြောကာ) နှုတ်ဆက်ကြသောအခါ ၎င်းတို့သည် 'အသင်တို့အပေါ်သို့ အေးချမ်းသာယာခြင်း ကျရောက်ပါစေ' ဟု ပြောဆိုကြကုန်၏။

(အလိုသဘောမှာ မိမိပင်ကိုယ်စိတ်အတွက် စကားကလဲ့စားနှင့် လုပ်ရပ်ကလဲ့စားကို မပြုလုပ်ကြပေ။ အကြင်ဒေါသထွက်မှုသည်လည်း ယဉ်ကျေးသိမ်မွေ့စေရန်၊ ပြုပြင်မှုပြုရန်နှင့် တရားတော်အရ အုပ်ချုပ်မှုပြုရန်သော်လည်းကောင်း၊ သို့မဟုတ် အလ္လာဟ်အသျှင်မြတ်၏ 'ကလေမာဟ်'တော် မြင့်မားစေရန်အတွက်သော်လည်းကောင်း ဖြစ်ပေသည်။ ထိုအချက်တို့အား ငြင်းဆိုထားခြင်း၏ ရည်ရွယ်ချက်မျိုး မဟုတ်ပေ။ ၎င်းအပြင် အကြင်သူများ (သည် အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်၍ မိမိတို့၏ အကျင့်အမူကို ဤသို့ ထားရှိကြပေသည်။) ထိုသူတို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ရှေ့တော်မှောက်ဝယ် 'စဂျ်ဒဟ်' ပျပ်ဝပ်ဦးချခြင်းအားဖြင့်လည်းကောင်း၊ မတ်တတ်ရပ်ခြင်းအားဖြင့်လည်းကောင်း၊ နမာဇ် ဝတ်ပြုခြင်း) ညဥ့်ကို ကုန်လွန်စေကြကုန်၏။ ၎င်းပြင် အကြင်သူများပင် ဖြစ်ကြ၏။) ထိုသူတို့သည် (အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်သော ဝတ္တရားများနှင့် အဖန်ဆင်းခံများနှင့် ပတ်သက်သော ဝတ္တရားများကို ကျေပွန်ထမ်းဆောင်နေသည့် ကြားကတည်းကပင် အလ္လာဟ်အသျှင်မြတ်အား ဤမျှခန့် ကြောက်ရွံ့ကြလေသည်မှာ ဤသို့) လျှောက်ထားဆုပန်ကြကုန်၏။ 'အို၊ ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် 'ဂျဟန္နမ်' ငရဲဘုံ၏ အပြစ်ဒဏ်ကို ကျွန်တော်မျိုးတို့မှ ဝေးအောင် ဖယ်ရှားပေးတော်မူပါ။ စင်စစ်မလွဲ ယင်း (ဂျဟန္နမ်) ငရဲဘုံ၏ ပြစ်ဒဏ်သည် ပျက်စီးမှုပင် ဖြစ်သည်။ ပြင်းထန်လှသော ဒုက္ခပင် ဖြစ်သည်။ အဆက်မပြတ် သက်ရောက်မည်ဖြစ်သော ပြစ်ဒဏ်ပင် ဖြစ်ပါသည်။ စင်စစ် ယင်း 'ဂျဟန္နမ်' ငရဲဘုံသည် စခန်းချရာနေရာအဖြစ်လည်းကောင်း၊ နေထိုင်ရာနေရာအဖြစ်လည်းကောင်း အလွန်ညံ့ဖျင်း ဆိုးရွားလှပေသည်။ (ဤသည်မှ ၎င်းတို့၏ ခန္ဓာကိုယ်ရေးရာ၏ နာခံမှုပင် ဖြစ်သည်။)

၎င်းပြင် (ဥစ္စာပစ္စည်းအရ ၎င်းတို့နာခံခြင်း၏ နည်းလမ်းမှာ) အကြင်သူများပင် (ဖြစ်၏။) ထိုသူတို့သည် သုံးစွဲကြသောအခါ အချည်းအနှီး ဖြုန်းတီးကြသည်လည်း မဟုတ်ပေ။ (ပြစ်မှုဖြစ်စေသော ကိစ္စရပ်များ၌ သုံးစွဲခြင်းဖြစ်သည်။) စေးနဲကြသည်လည်း မဟုတ်ပေ။ (လိုအပ်ကာ အရေးကြီးသော နာခံမှုများ၌လည်း သုံးစွဲမှုကို တွန့်တိုလျော့နည်းမှုကို မပြုကြပေ။ သုံးဖြုန်းမှု၌ နာခံမှုထက် သာပို၍ ပြုပိုင်ခွင့်

ရှိသော အမှုကိစ္စများ မလိုအပ်ဘဲနှင့်သော်လည်းကောင်း၊ အရေးမကြီးသော နာခံမှုများ၌ သုံးစွဲခြင်း' တို့သည်လည်း ပါဝင်ပေသည်။ အကြင်သုံးစွဲမှုတို့၏ နောက်ဆုံး အကြောင်းဆက်တရား၌ သည်းမခံမှု၊ လောဘနှင့် 'နီယသ်' မမှန်ကန်မှုတို့သည် ဖြစ်ပေါ်လာပေမည်။ အဘယ်ကြောင့်ဆိုသော် အမှုကိစ္စများ သည် ပြစ်မှုဒုစရိုက် ဖြစ်ခြင်းပင် ဖြစ်သည်။ အကြင်အချက်သည် ပြစ်မှုဒုစရိုက်ဖြစ်စေသော အကြောင်းခံ ဖြစ်ပါက ထိုအကြောင်းခံကိစ္စရပ်သည်လည်း ပြစ်မှုဒုစရိုက် ဖြစ်သွားပေသည်။ ဤအတွက်ကြောင့် ထိုသုံးစွဲ မှုသည်လည်း ပြစ်မှုဖြစ်စေသော ကိစ္စရပ်၌မှာပင် သုံးစွဲမှုပြုလိုက်ခြင်း၏ နောက်ဆုံးကိန်းဆိုက်ရောက် သွားပေသည်။ ဤကဲ့သို့ပင် အရေးကြီးသော နာခံမှုကိစ္စရပ်များ၌ လုံးဝသုံးစွဲမှု မပြုပေးခြင်း၏ ကဲ့ရဲ့ဖွယ် အချက်သည် لَمْ يَقْتُرُوا ဟူသော အာယသ်တော်၏ အလိုသဘော သက်ရောက်နေပေသည်။ အဘယ် ကြောင့်ဆိုသော် လှူဒါန်းသုံးစွဲပေးမှု၌ နည်းပါးစွာ ပြုခြင်းသည် မပိုင်လေရာ လှူဒါန်းသုံးစွဲပေးမှုကို မပြုပေးခြင်းသည် သာပို၍ပင် မပိုင်ပေ။ သို့ရှိရာ 'လှူဒါန်းသုံးစွဲမှု ပြုပေးရာ၌ လျော့နည်းစွာ ပြုခြင်းကိုမှ တားမြစ်၊ အငြင်းဝင်ထားသည်' ဟူ၍ သံသယမဖြစ်ရှိလေနှင့်။

သို့ရာတွင် မလှူဒါန်း၊ မသုံးစွဲခြင်းသည်လည်း လုံးဝ အငြင်းဝင် တားမြစ်ထားသော အချက်လည်း မဟုတ်ပေ။ အချုပ်မှာ ထိုသူသည် လှူဒါန်းသုံးစွဲမှုပြုရာ၌ အတိုင်းထက် လွန်ခြင်း၊ အတိုင်းထက်လျော့ခြင်း၊ နှစ်ချက်စလုံးတို့မှ ကင်းရှင်းနေပေသည်။) စင်စစ် (၎င်းတို့၏ သုံးစွဲမှုသည်) ယင်း (အချည်းအနှီး ဖြုန်းတီး မှုနှင့် စေးနှဲမှု) ၏ အကြားတွင် မယုတ်မလွန် အလယ်အလတ် (သုံးစွဲမှု) သာလျှင် ဖြစ်ပေသည်။ (ဤအထက် တင်ပြပါ အချက်များသည် နာခံမှုကို ကျေပွန်သော အခြေအနေများနှင့် စပ်လျဉ်းသော အချက်များဖြစ် ပေသည်။) ၎င်းပြင် အကြင်သူများပင် (ဖြစ်ကြ၏။) ထိုသူတို့သည် (ပြစ်မှုဒုစရိုက်တို့ကို ရှောင်ကြဉ်ရာ၌ ဤသို့ အသွင်ဟန်ကို ထားရှိကြပေသည်။) အလ္လာဟ်အသျှင်မြတ်နှင့် (တွဲဖက်၍) အခြားကိုးကွယ်ရာ တစ်စုံတစ်ရာကိုမျှ ဟာစ်ခေါ်တသ (ကိုးကွယ်ဆည်းကပ်) ကြသည် မဟုတ်ပေ။ (အကြင်အချက်ပြစ်မှုသည် ယုံကြည်ချက်ပိုင်းဆိုင်ရာနှင့် ပတ်သက်နေပေသည်။) ၎င်းပြင် ထိုသူများသည် အလ္လာဟ်အသျှင်မြတ်က 'ဟရာမ်'ဟူ၍ တားမြစ်ထားတော်မူသည့် အသက်ဇီဝိန်ကိုလည်း (သာသနာရေးရာဆိုင်ရာ အကြောင်းခံ ဖြစ်ပေါ်လာသည့် သတ်ဖြတ်ရန် 'ဝါဂျိဗ်'ဖြစ်ခြင်း၊ သို့မဟုတ် သတ်ပိုင်ခွင့်ရှိခြင်းတို့သည် အခြားအကြောင်း ဖြစ်သည်။) တရားသဖြင့်မှအပ (သာသနာတော်ရေးရာ ရှုထောင့်အရ) သတ်ဖြတ်ခြင်း မပြုကြပေ။ ထို့ပြင် ၎င်းတို့သည် 'ဇေနာ' ကာမဂုဏ်ကိုလည်း ကျူးလွန်ကြသည် မဟုတ်ပေ။ (ဤသို့ 'ဇေနာ'ပြုလုပ်ခြင်း နှင့် သတ်ဖြတ်ခြင်းသည် ပြုမူဆောင်ရွက်ခြင်းဆိုင်ရာတို့နှင့် စပ်လျဉ်းသော ပြစ်မှုဒုစရိုက်များ ဖြစ်ပေသည်) စင်စစ် မည်သူမဆို ဤပြစ်မှုတို့ကို ကျူးလွန်ပါမူ (ပမာဆိုရသော် မက္ကာဟ်မြို့ရှိ မုရှ်ရစ်ကများကဲ့သို့ ရှရီးက် ပြုလုပ်ပေသည်။ သို့မဟုတ် ရှရီးက်နှင့်အတူ မတရားသဖြင့် သတ်ဖြတ်မှုကိုလည်း ပြုပေသည်။ သို့မဟုတ် 'ဇေနာ'အမှုကိုလည်း ပြုလုပ်လေသည်။) ထိုသူသည် (အလွန်ကြီးလေးသော) ပြစ်ဒဏ်နှင့် တွေ့ကြုံရမည်သာ ဖြစ်၏။ 'ကေယာမသ်'ရှင်ပြန်ထရမည့်နေ့တွင် ထိုသူ့၌ ပြစ်ဒဏ်သည် နှစ်ဆတိုး၍

(သက်ရောက်စေခြင်း) ခံရမည့်အပြင် (ပမာဆိုရသော် ကာဖိရ်များနှင့် စပ်လျဉ်း၍ အခြားသော အာယသ်တော်တစ်ရပ်အတွင်း၌

زِدْنَاهُمْ عَذَابًا فَوْقَ الْعَذَابِ

(ငါအသျှင်မြတ်သည် ထိုသူတို့အား ပြစ်ဒဏ်တစ်မျိုးအပေါ်၌ ပြစ်ဒဏ်တစ်မျိုးကို ထပ်တိုးစေတော်မူသည်) ဟူ၍ မိန့်တော်မူထားပေသည်။

ထိုသူတို့သည် (ယင်းပြစ်ဒဏ်တော်အတွင်း၌) အမြဲထာဝရ ဂုဏ်သရေ (သေးသိမ်) ယုတ်ညံ့ကာ ခံစားနေရမည်သာ (ဖြစ်၏။ ခန္ဓာကိုယ်ရေးရာ ပြစ်ဒဏ်နှင့်အတူ သေးသိမ်ခြင်းဟူသော နာမ်ပိုင်းဆိုင်ရာ 'အဇားဗ်'ကိုလည်း ပေးတော်မူမည် ဖြစ်ပေသည်။ ဆတိုးပြင်းထန်လှစွာသော ပြစ်ဒဏ်နှင့်အတူ အတိုင်းအတာများပြားမှု 'ထာဝစဉ်' ဟူ၍လည်း ပေးမည်ဖြစ်ကြောင်း မိန့်တော်မူထားပေသည်။

وَمَنْ يَّفْعَلْ ذٰلِكَ

ဟူသော အာယသ်တော်၏ အလိုသဘောမှာ ကာဖိရ်များနှင့် မုရှ်ရစ်က်များ ဖြစ်ပေသည်။ ယင်းသို့ယူဆလိုက်ရခြင်း၏ အကြောင်းခံမှာ يُضٰعَفْ နှစ်ဆတိုး၍၊ وَيَخْلُدْ (ထာဝစဉ်)၊ مُهَانًا (ယုတ်ညံ့စွာ) နှင့် اٰمَنَ (အီမာန်သက်ဝင် ယုံကြည်ခဲ့ကြ၍) တို့ကြောင့် ဖြစ်ပေသည်။ မည်သည့်ဒုစရိုက်မှု ကျူးလွန်သော မုအ်မင်န်များအဖို့ 'အဇားဗ်' အပြစ်ဒဏ်သည် များပြားခြင်းနှင့် ထာဝရမဟုတ်ပေ။ သို့သာမက ၎င်းတို့အား ပေးသော အပြစ်ဒဏ်သည် ၎င်းတို့အား သန့်ရှင်းစင်ကြယ်စေရန်အတွက် ဖြစ်ပေသည်။ သေးသိမ်စေရန်အတွက် မဟုတ်ပေ။ ၎င်း မုအ်မင်န်တို့အဖို့လည်း အီမာန်အသစ် ပြန်လည်ရယူရန် မဟုတ်ပေ။ 'သောင်ဗာဟ်'သည် သာလျှင် လုံလောက်ပေသည်။ အကြင်အချက်၏ အကြောင်း ရှေ့၌ وَمَنْ تَابَ وَعَمِلَ တွင် လာရှိထားပေသည်။ ထို့အပြင် အထက်တင်ပြပါ အကြောင်းခံများအပြင် ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်းအတွင်း၌ အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးထံမှလည်း ယင်းအာယသ်တော် ကျရောက်လာခြင်းသည်လည်း မုရှ်ရစ်က်တို့နှင့် စပ်လျဉ်း၍ ကျရောက်လာကြောင်းကို ဆင့်ပြန်ထားပေသည်။) သို့ရာတွင် အကြင်သူသည် (ကုဖွ်ရ်၊ ရှရစ်က်နှင့် ပြစ်မှုဒုစရိုက်တို့မှ) ဝန်ချတောင်းပန် ပြီး ('သောင်ဗာဟ်'လက်ခံခြင်း ခံရခြင်း၏ စည်းကမ်းချက်မှာ) အီမာန်သက်ဝင် ယုံကြည် (မှုကိုလည်း ပြုခဲ့၍) ကောင်းမြတ်သော အကျင့်သီလကို ကျင့်မူဆောက်တည်ခဲ့ပါလျှင် (အရေးကြီးသော နာခံမှုများကို ဆောင်ရွက်ခြင်း) ကို ပြုခဲ့ပါလျှင် ၎င်းသည် 'ဂျဟန္နမ်'၌ ထာဝစဉ် ခံစားရမည်ကို မဆိုထားဘိဦး။ 'ဂျဟန္နမ်'ဖြင့် အနည်းငယ်ထိတွေ့ခြင်းကို ခံရမည် မဟုတ်ပေ။ သို့သာမက) အလ္လာဟ်အသျှင်မြတ်သည် ထိုကဲ့သို့သော သူတို့အား ၎င်းတို့၏ (အတိတ်ခေတ်) မကောင်းမှုများကို (ချေဖျက်၍ ထိုနေရာ၌ နောင်အနာဂတ်ကာလတွင် ပြုကျင့်မည်ဖြစ်သော) ကောင်းမှုများနှင့် လဲလှယ်၍ ပေးသနားတော်မူပေမည်။

(ဆိုလိုသည်မှာ အတိတ်ခေတ်၏ ကုဖွ်ရ်နှင့် ပြစ်မှုဒုစရိုက်တို့သည် ကုဖွ်ရ်၏ ခေတ်ကာလ၏ နောက် အစ္စလာမ်၏ 'ဗရ်ကသ်'တော်ဖြင့် ချမ်းသာပလပ်ခွင့်ပေးခြင်း ခံရပေသည်။ နောင်လာမည့်ကာလ၌ ကောင်းမြတ်သော အကျင့်သီလများ ပြုကျင့်မည်ဖြစ်သောကြောင့် ကုသိုလ်များအဖြစ် ရေးမှတ်ခြင်း ခံရ မည်ဖြစ်ကာ ကုသိုလ်အကျိုးစဝါးဖ်လည်း ရရှိပေလိမ့်မည်။) ထို့ကြောင့် 'ဂျဟန္နမ်'ဖြင့် ၎င်းသည် တစ်စုံ တစ်ရာမျှ ပတ်သက်လိမ့်မည်မဟုတ်။ သို့ရှိရာ إِلَّا (ဟူသော စကားလုံးသည် 'အစ်သစ်နာမွန်ကာသွေအ်' (၎င်းမှာ إِلَّا ၏ နောက်မှ ဝါကျသည် ရှေ့၌လာသော ဝါကျနှင့် ပြတ်တောက်နေခြင်း ဖြစ်သည်။)

مَنْ تَابَ ဟူသော ဝါကျ၏ သတင်းသည် فَأُولَٰئِكَ နှင့် အစချီသော ဝါကျဖြစ်သည်။ အလို သဘောမှာ 'မကောင်းမှုများကို ကောင်းမှုများဖြင့် ပြောင်းလဲပေးလိုက်ခြင်း' ဖြစ်သည်။ အကြင်အချက် သည် အီမာန်၊ 'သောင်ဗာဟ်'နှင့် ကောင်းမြတ်သော အကျင့်သီလတို့ကို ပေါင်းစည်းမှသာ ရရှိလာမည် ဖြစ်သော အကျိုးဆက်တရား ဖြစ်ပေသည်။ 'ဂျဟန္နမ်'အပယ်ငရဲမီးမှ လွတ်ငြိမ်းခွင့် ရရှိခြင်းသည်လည်း ယင်းအချက်များမှ မုချပေါ်ပေါက်လာသော အကျိုးဆက် တရား ဖြစ်ပေသည်။ 'ဂျဟန္နမ်'သို့ မဝင်ရောက် ရခြင်း ဖြစ်သည်ဆိုပါက ထာဝစဉ် နေထိုင်ရမည်ဟူသည်မှာ မည်သို့ ဖြစ်နိုင်အံ့နည်း။' ယင်း၏ အဖြေမှာ ထင်ရှားနေသည်။ သို့မဟုတ် အစ်သစ်နာမွတ်သ်သစ္စင်လ် (إِلَّا ၏ နောက်နှင့် ရှေ့သည် ပတ်သက်မှုရှိခြင်း) နှင့် ထာဝစဉ် မဟုတ်ခြင်းတို့အတွက် အီမာန်၊ 'သောင်ဗာဟ်'နှင့် ကောင်းမြတ်သော အကျင့်သီလတို့ စုစုပေါင်းသည် စည်းကမ်းချက်အဖြစ် မသတ်မှတ်ထားပါကလည်း စုစုပေါင်း ယင်းအချက် သုံးချက်စလုံး နှင့်အတူ ထာဝစဉ် မနေထိုင်ရခြင်းကို ဤအာယသ်တော်အတွင်း၌ ပြဆိုထားပေသည်။ အီမာန်ရှိခြင်း အပေါ်၌သာ ထာဝစဉ်မနေထိုင်ရခြင်းကို အခြားသော (အထောက်အထားအားဖြင့်လည်း အတည်ပြု ထားပေသည်။) စင်စစ် (ဤသို့ မကောင်းမှုများကို ပယ်ဖျက်၍ ကောင်းမှုများဖြင့် အစားထိုးပေးထားရ ခြင်း အကြောင်းမှာ) အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူ သော အသျှင်၊ (ဖြစ်သော ကြောင့် မကောင်းမှုများကို ပယ်ဖျက်ပေးတော်မူပြီး) အလွန်တရာ သနားကြင်နာ ညာတာတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

(ထို့ကြောင့် ကောင်းမှုကုသိုလ်များကို တည်တံ့ထားစေတော်မူပေသည်။ ဤသည်မှ ကုဖွ်ရ် (သွေဖည် ငြင်းဆိုခြင်း) မှ အမှားဝန်ခံသူအကြောင်း ဖြစ်ပေသည်။) အမှန်စင်စစ် (ရှေ့၌ ဆက်လက်၍ ပြစ်မှုဒုစရိုက် မှ 'သောင်ဗာဟ်'အမှားဝန်ခံသော မုအ်မင်န်တို့၏ အကြောင်းကို တင်ပြထားပေသည်။ သို့မှသာ 'သောင်ဗာဟ်' ၏အကြောင်း ပြည့်ဝစုံလင်သွားမည် ဖြစ်ပေသည်။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်သည် လက်ခံတော်မူ ခြင်း ခံထားရသော ကျေးကျွန်များ၏ ကျန်ရှိနေသော ဂုဏ်အရည်အချင်းများကို တင်ပြထားပေသည်။ အကြောင်းမှာ ထိုသူတို့သည် အမြဲတစေ နာခံမှုများကို တည်တံ့မြဲမြံစွာ ကျင့်ကြံကြ၍ ပြစ်မှုဒုစရိုက်များမှ ရှောင်ကြဉ်လေ့ရှိကြပေသည်။ သို့ရာတွင် တစ်ခါတစ်ရံ ပြစ်မှုကျူးလွန်မိသွားသည်ဆိုလျှင် 'သောင်ဗာဟ်' အမှားဝန်ခံကြပေသည်။ ထို့ကြောင့် အမှားဝန်ခံသောသူတို့၏ အကြောင်းကို မိန့်မြွက်ထားတော်မူပေသည်။ ဆိုလိုသည်မှာ) မည်သူမဆို (အပြစ်မှ) ဝန်ချတောင်းပန်၍ (နောင်ကာလတွင် ပြစ်မှုဒုစရိုက်များမှ ရှောင်ရှား

ကာ နေထိုင်၍) ကောင်းမြတ်သော အကျင့်သီလကို ကျင့်မှုဆောက်တည်ခဲ့ပါမူ ကေန်မလွဲ ထိုသူသည် ('အဇားဗ်'အပြစ်ဒဏ်ပေးခြင်း ခံရခြင်းမှ လွတ်မြောက်မှု ရရှိပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ထိုသူသည်) မှန်ကန်သောနည်းဖြင့် အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ ပြန်လှည့်သူပင် ဖြစ်ပေသည်။

(ဆိုလိုသည်မှာ 'သောင်ဗာဟ်'၏ စည်းကမ်းချက်ဖြစ်သော ကြောက်ရွံ့မှုနှင့် 'အစ်ခ်လားစွ်' (စိတ်စေတနာဖြူစင်စွာ) နှင့်အတူ ဖြစ်ပေသည်။) ရှေ့၌ ဆက်လက်၍ 'ရဟ်မာန်'ကရုဏာတော်ရှင်၏ သီးသန့်ကျေးကျွန်များ၏ အကြောင်းကို တင်ပြထားပေသည်။ ဆိုလိုသည်မှာ) ၎င်းပြင် အကြင်သူများပင် ဖြစ်ကြ၏။ (၎င်းတို့၏ အရည်အချင်းမှာ) ထိုသူတို့သည် မုသားသက်သေခံကြသည်လည်း မဟုတ်ပေ။ ထို့ပြင် ၎င်းတို့သည် အချည်းနှီးသော အမှုကိစ္စ (တရားတော်နှင့် ဆန့်ကျင်သော အဓိပ္ပာယ်ရည်ရွယ်ချက်မဲ့ ကစားမှုမျိုးနှင့် ရည်ရွယ်ချက်ရှိသော ကစားမှုတို့၏ အပါးမှ ဖြတ်သန်းသွားလာကြသောအခါ မျက်နှာအောက်စိုက်၍ ဂုဏ်) အိန္ဒြေရှိသူများပီပီ ဖြတ်သန်းသွားလာကြကုန်၏။ (ဆိုလိုသည်မှာ ကိုယ်တိုင်လည်း မပါဝင်ကြဘဲ ၎င်းတို့၏ ပြစ်မှုဒုစရိုက် ပြုခြင်း၏ လက္ခဏာရပ်တို့ကြောင့် ပြစ်မှုရှိသူတို့အား အထင်သေးမှုနှင့် မိမိတို့၏ မွန်မြတ်၊ ဂုဏ်မောက်မှုတို့ကိုလည်း မဖော်ထုတ်ကြပေ။) ၎င်းပြင် အကြင်သူများပင် ဖြစ်၏။ ထိုသူတို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ အာယသ်တော်များဖြင့် အဆုံးအမတရားပေးခြင်းကို ခံကြရသောအခါ ထိုသူတို့သည် ယင်း (အဆုံးအမတရား) အာယသ်တော်များအပေါ်၌ (မုရှိရစ်ကဲ်များကဲ့သို့) နားပင်းသူများအဖြစ်လည်းကောင်း၊ မျက်စိကန်းသူများအဖြစ်လည်းကောင်း မနေကြပေ။ (အကြင်ကဲ့သို့ ကာဖိရ်များသည် ကုရ်အာန်ကျမ်းတော်မြတ်အား အချက်အသစ်တစ်ရပ်ဟူ၍ မှတ်ယူကာ ပွဲခံသည့်သဘောမျိုးပြုကြ၍ ထိုကျမ်းတော်အတွင်း၌ ဓောဒကများ ပေါ်ပေါက်စေရန်အတွက် ကျမ်းမြတ်၏ အခြေခံ ဓစ်မြစ်အချက်များနှင့် သိမှတ်ဖွယ်ရာများတို့မှ နားကန်း၊ မျက်စိကန်းသောသူများအဖြစ် မျက်ကန်းမျိုးချစ် ပမာ ပရမ်းပတာ ဝိုင်းအုံလာကြပေသည်။ ပမာဆိုရသော် ကျမ်းမြတ်၏ အခြားသော အာယသ်တော်တစ်ရပ်၌ အမိန့်ရှိထားပေသည်။

كَادُوا يَكُونُونَ عَلَيْهِ لِبَدًا ۝

၎င်းတို့သည် ထိုကျွန်မိုဟမ္မဒ်အပေါ်ဝယ် ဝိုင်းအုံကြအုံ့ဆဲဆဲ ဖြစ်ခဲ့ကြကုန်၏။ *[၇၂ း ၁၉]*

ဟူ၍ အခြားသော အဖွင့်ရေးသားမှုများ၌ တင်ပြထားလေသည်။

သို့ရှိရာ အထက်တင်ပြပါ ကျွန်များသည် ဤသို့ မပြုလုပ်သည့်အပြင် အသိဉာဏ်အပြည့်အဝဖြင့် ကျမ်းတော်မြတ်ဘက်သို့ အာရုံစိုက်မှု ပြုကြသည်။ အချုပ်သဘောတရားမှာ အီမာန်နှင့် အမိန့်ကျင့်ကြံမှု သာပို များပြားစေရန် ဖြစ်ပေသည်။ သို့ရှိရာ အာယသ်တော်၏ ရည်ရွယ်ချက်မှာ နားကန်း၊ မျက်စိကန်း ဖြစ်ခြင်းကို အငြင်းဝင်ရန် ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်ဘက်သို့ လိုလားတပ်မက်စွာ အာရုံစိုက်ပြီး ၎င်းတို့အပေါ် ကျရောက်ခြင်း၏ ငြင်းဆိုမှုကို မပြုထားပေ။ အဘယ်ကြောင့်ဆိုသော် ယင်းအချက်မှာ အဓိက လိုလားလျက်ရှိနေသော အချက်ဖြစ်သည်။ ထိုတင်ပြချက်မှ ကာဖိရ်များအဖို့လည်း ကုရ်အာန်ကျမ်းတော်မြတ်အပေါ် ကျရောက်ကြောင်း အတည်ပြုထားပေသည်။ သို့ရာတွင် ၎င်းတို့သည် နားကန်း၊

မျက်စိကန်းသောသူများ၊ အလွန် ဆန့်ကျင်ဘက်ပြုသော သူများအဖြစ် တည်ရှိနေသောကြောင့် ကဲ့ရဲ့ခြင်းကို ခံထိုက်ရပေသည်။ ထို့ပြင် အကြင်သူများပင် ဖြစ်၏။ ထိုသူတို့သည် (ကိုယ်တိုင် သာသနာအား ချစ်သောသူများ ဖြစ်သကဲ့သို့ မိမိတို့၏ အိမ်သူအိမ်သားများအဖို့လည်း ယင်းအချက်အား ကြိုးပမ်း၊ ဖိတ်ခေါ်သော သူများ ဖြစ်ပေသည်။ သို့ရှိရာ လက်တွေ့ကြိုးပမ်းမှုနှင့်အတူ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှလည်း) ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အား မိမိတို့၏ ဇနီး၊ သား၊ မြေးတို့ထံမှ မျက်စိအေးမြ ကြည်လင်မှု (သက်တောင့်သက်သာဖြစ်မှု) ကို ပေးသနားတော်မူပါ။ (၎င်းတို့အား သာသနာအား ကိုင်းရှိုင်းသောသူများအဖြစ် ပြုပေးသနားတော်မူပါ။ ၎င်းတို့အား 'သာသနာကိုင်းရှိုင်းသောသူများအဖြစ် တွေ့မြင်ကာ သက်တောင့်သက်သာဖြစ်မှုနှင့် ပျော်ရွှင်ဝမ်းမြောက်မှု' ဖြစ်စေရန် ကျွန်တော်မျိုးတို့ ကြိုးပမ်းသော သာသနာရေးရာဆိုင်ရာ ကိုင်းရှိုင်းမှု ပြုစေခြင်း၏ အရေးကိစ္စ၌လည်း အောင်မြင်မှုကို ချီးမြှင့်ပေးသနားတော်မူပါ။) ထို့အပြင် (အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အား မိမိတို့ဆွေမျိုးသားချင်းများအတွင်း၌ အကြီးအကဲအဖြစ် ထားရှိထားပေရာ ကျွန်ုပ်တို့ ဆုပန်လိုသော အချက်မှာ '၎င်းတို့အားလည်း 'မွတ်သက္ကီ' များအဖြစ် ပြုပေးသနားတော်မူပါ။) အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အား 'မွတ်သက္ကီ' သူတော်ကောင်းများ၏ ရှေ့ဆောင်ရှေ့ရပ် (တစ်နည်း) စံနမူနာ ပြုလုပ်တော်မူပါဟု လျှောက်ထားအသနားခံကြကုန်၏။ (သို့ရှိရာ အဓိကရည်ရွယ်ချက်မှာ ဦးဆောင်ဦးရွက်ကို တောင်းခံခြင်းမဟုတ်ဘဲ၊ ထိုသို့ တောင်းခံသည်ဆိုလျှင်လည်း ဆိုးရွားမှု မရှိပေ။ သို့ရာတွင် အဆင့်နေရာကို ညွှန်ပြနေသည်မဟုတ်ဘဲ၊ အဓိကရည်ရွယ်ချက်မှာ မျိုးနွယ်အုပ်စု သားချင်းများ 'မွတ်သက္ကီ' ဖြစ်စေရန် တောင်းခံခြင်း ဖြစ်ပေသည်။ 'ကျွန်ုပ်တို့ကိုသာလျှင် အကြီးအကဲအဖြစ် ခန့်အပ်တော်မူပါ' ဟူ၍ လျှောက်ထားခြင်းကို ပြုမည့်အစား 'ကျွန်ုပ်တို့ကို မွတ်သက္ကီမျိုးနွယ်အုပ်စု၏ ခေါင်းဆောင်များအဖြစ် ပြုပေးတော်မူပါ' ဟူ၍ လျှောက်ထားကြလေသည်။ ဤနေရာထိတိုင် 'ရဟ်မာန်' ကရုဏာတော်ရှင်၏ ကျေးကျွန်များ၏ အရည်အချင်းကို တင်ပြထားပေသည်။ ရှေ့၌ ၎င်းတို့အား ချီးမြှင့်မည့် အကျိုးကျေးဇူးအစားအကြောင်းကို တင်ပြထားပေသည်။)

ဤ (ဝိသေသ) ဂုဏ်ထူးနှင့် ပြည့်စုံကြကုန်သော 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်၏ (ကျွန်) သူတို့သည် အကြင်သူများပင် ဖြစ်၏။ ၎င်းတို့သည် မိမိတို့၏ (သာသနာနှင့် နာခံမှု) ၏ တည်တံ့ကြံ့ခိုင်စွာ ရှိခဲ့ကြသည့်အတွက်ကြောင့် (ဂျန္နသ်သုခဘုံ) ၏ မြင့်မြတ်သော အဆောင်များကိုပင် အစားပေးချီးမြှင့်ခြင်း ခံကြရပေမည်။ ထို့ပြင် ၎င်းသူတို့သည် ယင်း (သုခဘုံ၏) အဆောင်များ၌ (ကောင်းကင်တမန်တော်များ၏ အမြဲတည်ရှိနေစေရန်) နှစ်ထောင်းအားရစွာ စလာမ်မေတ္တာပို့သ၍ နှုတ်ခွန်းဆက်သခြင်းအားဖြင့် (တွေ့ကြုံ၍) ခရီးဦးကြိုဆိုခြင်းကို ခံကြရပေမည်။ (၎င်းတို့သည်) ယင်း (ဂျန္နသ်သုခဘုံ) ၏ မြင့်မြတ်သော အဆောင်များ၌ အလွန်မြင့်မြတ် ပျော်ရွှင် မွေ့လျော်ဖွယ်ရာ၊ စခန်းချရာနေရာနှင့် နေထိုင်ရာ နေရာထိုင်ခင်းပင် ဖြစ်ပေသည်။ ပမာဆိုရသော် 'ဂျဟန္နမ်' နှင့် စပ်လျဉ်း၍

سَآءَتْ مُسْتَقَرًّا وَّمُقَامًا

စခန်းချရာ နေရာအဖြစ်လည်းကောင်း၊ နေထိုင်ရာ နေရာအဖြစ်လည်းကောင်း အလွန်ညံ့ဖျင်း ဆိုးရွား လှပါသည်။ *[၂၅ : ၆၆]*

ဟူ၍ မိန့်တော်မူထားပေသည်။ 'အို၊ နဗီတမန်တော်၊ အသင်သည် (များသောအားဖြင့် လူတို့အား) ပြောကြားပါလေ။ အကယ်၍ အသင်တို့သည် ဆုတောင်းတမ်းတခြင်း မရှိခဲ့ကြပါလျှင် ငါ့အား မွေးမြူ ဖန်ဆင်းတော်မူသော အသျှင်မြတ်သည် အသင်တို့အား လုံး၀ ဂရုစိုက်တော်မူမည် မဟုတ်ပေ။' (အို၊ ကာဖိရ်အပေါင်းတို့၊ ထိုအချက်မှ အသင်တို့ နားလည်သင့်သော အချက်မှာ) ယခုသော် ဧကန်မလွဲ အသင် တို့သည် (အလ္လာဟ်အသျှင်မြတ်၏ ပညတ်ချက်အမှန်) တရားတော်ကို မဟုတ်မမှန်ဟူ၍ စွပ်စွဲပြောဆို ခြင်း၊ ငြင်းပယ်ခဲ့ကြပြီးဖြစ်ရာ မကြာမီ (အသင်တို့အဖို့) ယင်းစွပ်စွဲပြောဆို ငြင်းပယ်မှုကြောင့် မလွဲမသွေ ပြစ်ဒဏ်ခတ်ခြင်း ခံရပေလိမ့်မည်။ (ကမ္ဘာလောက၌မှာပင် ဖြစ်စေ၊ ပမာဆိုရသော် 'ဗဒရ်'စစ်ပွဲ၌ ကာဖိရ် များအပေါ် ဘေးဒုက္ခများ သက်ရောက်လာပေသည်။ သို့မဟုတ် 'အာခိရသ်'၌ဖြစ်စေ၊ ယင်းအချက် သည်မှု ထင်ရှားပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

စူရာဟ်ဖုရ်ကာန်၏ များစွာသော စာစဉ်များသည် တမန်တော်မြတ် ﷺ ၏ ရစူလ်၊ နဗီဖြစ်ခြင်း၏ အထောက်အထားနှင့် ကာဖိရ်များနှင့် မုရှ်ရစ်က်များ၏ဘက်မှ တက်သော စောဒကများ၏ အဖြေများ ပါ၀င်ပေသည်။ ထို့ပြင် ကာဖိရ်များ၊ မုရှ်ရစ်က်များနှင့် အဓိမ်ဗီဆန်သော သူတို့အပေါ် ကျရောက်မည့် 'အဇာဗ်'အပြစ်ဒဏ်အကြောင်းများလည်း ပါ၀င်ပေသည်။ စူရာဟ်တော်၏ နောက်ဆုံးပိုင်း၌ မိမိ၏ ထိုထူးခြား၊ လက်ခံတော်မူထားသော ကျေးကျွန်များ၏ အကြောင်း တင်ပြထားပေသည်။ အကြင်သူတို့ သည် 'ရေစာလသ်' (တမန်တော်မြတ် ﷺ) အပေါ် ပြည့်ပြည့်၀၀ အီမာန်ရယူထားသူများဖြစ်ရာ မိမိ တို့၏ ခံယူချက်ဝါဒများ၊ ကျင့်ကြံဆောင်ရွက်ချက်များ၊ အကျင့်စာရိတ္တများအားလုံးတို့သည် အလ္လာဟ်အသျှင် မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော် သဘောတူနှစ်မြို့သော အချက်များအပေါ် နောက်လိုက်သမှု ပြုကြ၍ သာသနာတော်၏ ပညတ်ချက်နှင့်အညီ နေထိုင်သောသူများ ဖြစ်ကြပေသည်။

ကုရ်အာန်ကျမ်းတော်မြတ်သည် ဤသို့ ထူးခြားဂုဏ်အင်ရှိသော ကျေးကျွန်များကို 'အေဗားဒွရ် ရဟ်မာန်' (ကရုဏာတော်ရှင်၏ ကျေးကျွန်များ) ဟူ၍ ဂုဏ်ပုဒ်ပေးထားလေရာ အကြင်ဂုဏ်ပုဒ်သည် ၎င်းတို့အဖို့ အကြီးမားဆုံးသော သိဒ္ဓိတင်ပေးမှုပင် ဖြစ်သည်။ တစ်နည်းအားဖြင့် ရှုမြင်သုံးသပ်ရမည် ဆိုလျှင် အဖန်ဆင်းခံများအားလုံးသည် ဖန်ဆင်းခြင်းခံရခြင်းနှင့် မစွမ်းနိုင်ကာ ကြပ်မတ်ကွပ်ကဲခြင်း ခံရ သော အသွင်မျိုးဖြင့် အလ္လာဟ်အသျှင်မြတ်၏ ကျွန်၊ အဖန်ဆင်းခံ ဖြစ်နေရခြင်းနှင့် ထိုအသျှင်မြတ်၏ အလိုသဘောဆန္ဒ၏ အခွံအတာခံဘ၀သို့ ရောက်ရှိနေပေသည်။ ထိုအသျှင်မြတ်၏ အလိုသဘောဆန္ဒ တစ်စုံ

တစ်ရာမျှ မပါရှိဘဲနှင့် မည်သူတစ်ဦးတစ်ယောက်မျှ မည်သည့်အရာတစ်စုံတစ်ရာကိုမျှ မပြုလုပ်နိုင်ကြချေ။ သို့ရာတွင် ဤနေရာတွင် ကောက်ယူထားသော အလိုသဘောသည် 'သာသနာရေးဆိုင်ရာ' နှင့် 'ပင်ကိုယ်ရွေးချယ်မှုရေးရာဆိုင်ရာ' အရ ခဝပ်ကိုးကွယ်ခြင်းဖြစ်သည်။ ဆိုလိုသည်မှာ မိမိတို့၏ ပင်ကိုယ်ရွေးချယ်မှုဖြင့် မိမိ၏ တည်ရှိနေခြင်း၊ မိမိ၏ တပ်မက်မှုများအလုံးစုံနှင့် အလုပ်များအားလုံးကို အလ္လာဟ်အသျှင်မြတ်နှစ်မြို့တော်မူခြင်း၏ အချက်၏ အောက်သို့ နာခံသမှု ပြုလိုက်ခြင်း ဖြစ်သည်။ ဤသို့ ဂုဏ်အင်ထူးကဲသော ကျေးကျွန်များကို အလ္လာဟ်အသျှင်မြတ်သည် မိမိကိုယ်တော်တိုင် 'မိမိ၏ ကျေးကျွန်များ' ဟူ၍ သိက္ခာမြင့်တင်ပေးမှုကို ပြုထားပေသည်။ ၎င်းတို့၏ အရည်အချင်းများကို စူရာဟ်၏ နောက်ဆုံးနေရာထိတိုင် တင်ပြထားပေသည်။ ကြားအလယ်၌ ကုဖွ်ရ် (သွေဖည်ငြင်းဆိုမှု) နှင့် ပြစ်မှုဒုစရိုက်တို့မှ 'သောင်ဗာဟ်' (အမှားဝန်ခံရမည့်အကြောင်း) နှင့် ၎င်း၏ အကျိုးဆက်တရားကို တင်ပြထားပေသည်။

ဤနေရာ၌ ထိုဂုဏ်အင်ထူးခြားသော ကျေးကျွန်များကို မိမိ၏ ကျေးကျွန်များဟူ၍ မိန့်တော်မူကာ ၎င်းတို့အား သိက္ခာဘွဲ့ကို အပ်နှင်းလိုက်လေသည်။ သို့ရာတွင် မိမိ၏ ဘက်တော်သို့ ဆက်နွယ်မှုကို ပြုရန်အတွက် ကောင်းမြတ်သော နာမတော်များနှင့် ပြည့်ဝစုံလင်သော ဂုဏ်တော်များထဲမှ ဤနေရာတွင် 'ရဟ်မာန်' ဟူသော စကားလုံးကို ရွေးချယ်ထားရခြင်းအကြောင်းမှာ 'အလ္လာဟ်အသျှင်မြတ် လက်ခံထားတော်မူသော သူတို့၏ အကျင့်ဓလေ့၊ အရည်အချင်းများသည် အလ္လာဟ်အသျှင်မြတ်၏ အလွန်တရာ ကရုဏာတော်နှင့် ပြည့်စုံတော်မူသော ဂုဏ်တော်၏ ရောင်ပြန်ဟပ် ထင်ရှားတော်မူလိုက်ခြင်း' ဘက်သို့ ရည်ညွှန်းဖော်ထုတ်ပေးတော်မူရန် နှစ်မြို့စေတော်မူထားခြင်း ဖြစ်ပေသည်။

အလ္လာဟ်အသျှင်မြတ် လက်ခံထားတော်မူသော ကျေးကျွန်များ၏ ထူးခြားဂုဏ်အင် အရည်အချင်း လက္ခဏာများ

တင်ပြလျက်ရှိနေသော အာယသ်တော်များအတွင်း၌ အလ္လာဟ်အသျှင်မြတ်၏ အထူးလက်ခံခြင်းခံထားရသော ကျေးကျွန်များ၏ အရည်အချင်း (၁၃) ရပ်ကို ပြဆိုထားပေသည်။ အကြင်အရည်အချင်းများအတွင်း၌ ခံယူချက်ပိုင်းဆိုင်ရာ ကဏ္ဍများ မှန်ကန်မှုနှင့် မိမိ၏ ပင်ကိုယ်ကျင့်ကြံဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ခန္ဓာကိုယ်ရေးရာနှင့် ပတ်သက်သည်ဖြစ်စေ၊ ပစ္စည်းဥစ္စာရေးရာနှင့် ပတ်သက်သည်ဖြစ်စေ စသော အရေးကိစ္စအားလုံး၌ အလ္လာဟ်အသျှင်မြတ်နှင့် တမန်တော်မြတ် ﷺ ၏ အမိန့်ပညတ်ချက်များနှင့် နှစ်မြို့သော အချက်များကို တစ်သွေမတိမ်း လိုက်နာမှုကို ပြုပေသည်။ အခြားသောသူတို့နှင့်အတူ ပေါင်းသင်းဆက်ဆံခြင်း၏ နည်းလမ်း၊ နေ့၊ ည စဉ်ဆက်မပြတ် ခဝပ်ကိုးကွယ်ခြင်းနှင့်အတူ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့မှု၊ ပြစ်မှုဒုစရိုက်အလုံးစုံတို့အား လေးနက်စွာ ရှောင်ရှားမှုနှင့် မိမိနှင့်အတူ မိမိ၏ သားသမီး၊ ဇနီးကြင်ရာတို့အား ပြုပြင်မှုပြုပေးရန် သောက အစရှိသော အချက်များ ပါဝင်နေပေသည်။

(၁) **အရည်အချင်း** – ကျေးကျွန်များဖြစ်ခြင်း ဖြစ်သည်။ 'အေဗာဒူးန်'သည် 'အဗ်ဒူးန်'၏ အများကိန်း ဖြစ်ပေသည်။ အဓိပ္ပာယ်မှာ 'မိမိ၏ သခင်ပိုင်သော ကျွန်' ဖြစ်သည်။ ၎င်းကျွန်၏ တည်ရှိမှု၊ ၎င်း၏ ရွေးချယ်ပိုင်ဆိုင်ခွင့်များ အားလုံးနှင့် ကျင့်ကြံဆောက်တည်ချက်များ အလုံးစုံသည် သခင်၏ အမိန့်နှင့် နှစ်မြို့ချက်အတွင်း၌သာ လှည့်လည် တည်ရှိနေပေသည်။

အလ္လာဟ်အသျှင်မြတ်၏ ကျွန်ဟူ၍ ပြောဆိုထိုက်ခြင်းခံရသူမှာ 'မိမိ၏ ခံယူချက်ပိုင်းဆိုင်ရာ မူဝါဒများနှင့် တွေးခေါ်မှုများကိုသော်လည်းကောင်း၊ မိမိ၏ သဘောဆန္ဒ တပ်မက်မှုများနှင့် လှုပ်ရှားတည်ငြိမ်မှု အလုံးစုံတို့ကိုသော်လည်းကောင်း၊ မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ အမိန့်နှင့် နှစ်မြို့မှုတို့၏ နောက်လိုက်အဖြစ် ထားရှိရပေမည်။ မည်သည့်အမိန့်ကိုမဆို လိုက်နာရန် အမြဲ အသင့်ရှိနေရမည်' ဟူသော သူတို့ ဖြစ်ပေသည်။

(၂) **အရည်အချင်း** –

يَمْشُوْنَ عَلَى الْاَرْضِ هَوْنًا

ထိုသူတို့သည် ပထဝီမြေပေါ်ဝယ် မာန်မာနမရှိဘဲ မိမိကိုယ်ကို နှိမ့်ချ၍ အိန္ဒြေနှင့် ဖြည်းညင်းစွာ လျှောက်ကုန်၏။ *[၂၅ : ၆၃]*

၎င်းအာယသ်တော်တွင် 'ဟောင်း'ဟူသော စကားလုံး၏ အလိုသဘောမှာ ဤနေရာ၌ ဟိတ်ဟန် တည်ငြိမ်စွာနှင့် ရိုကျိုးခြင်းဖြစ်သည်။ ဂုဏ်မောက်စွာဖြင့် လျှောက်လှမ်းခြင်း မဟုတ်ပေ။ ခြေလှမ်းကို ဂုဏ်မောက်ကြွားဝါသော အသွင်ဟန်မျိုးဖြင့် မလှမ်းရပေ။ အလွန် ဖြေးညင်းစွာ လျှောက်လှမ်းခြင်းမျိုးကို လည်း မဆိုလိုပေ။ အဘယ်ကြောင့်ဆိုသော် ယင်းသို့ လျှောက်လှမ်းခြင်းသည် မလိုအပ်သော အချိန်၌ဖြစ်မှု စွန္နသ်တော်နှင့် ဆန့်ကျင်သောအချက် ဖြစ်သည်။ တမန်တော်မြတ် ﷺ ၏ ကျင့်ကြံနေထိုင်မှု ရေးရာဆိုင်ရာ ဝိသေသကျမ်းမှ ဆင့်ပြန်ထားသော ဆင့်ပြန်ချက်မှ သိရှိရသည်မှာ 'တမန်တော်မြတ် ﷺ ၏ လျှောက်လှမ်း မှုသည် အလွန် ဖြေးညင်းစွာဖြင့် မဟုတ်ဘဲ အနည်းငယ် လျင်မြန်စွာ လျှောက်တော်မူခြင်း ဖြစ်ကြောင်း'ဟူ၍ ဖြစ်သည်။ ဟဒီးစ်တော်၌

كانماالارض تَطوٰى لَهٗ

(မြေပထဝီသည် တမန်တော်မြတ် ﷺ အဖို့ ကျုံ့ဝင်သွားသကဲ့သို့ လျှောက်လှမ်းတော်မူပေသည်) ဟူ၍ လာရှိထားပေသည်။ (အိဗ်နေကစီးရ်) တို့ကြောင့် အတိတ်ခေတ်ရှိ ပညာရှင်အကြီးအကဲတို့သည် 'လုပ်ကြံဟန်ဆောင်ကာ လူမမာများကဲ့သို့ ဖြေးညင်းစွာ လျှောက်ခြင်း'ကို မာန်မာန၏ လက္ခဏာဖြစ်ခြင်း နှင့် တီထွင်ဖန်တီးမှု ပြုခြင်းတို့ကြောင့် 'မက္ကရူးဟ်'ဖြစ်သည်ဟူ၍ သတ်မှတ်ထားကြပေသည်။ ဟဇရသ်ဖာရူကေ့အအ်ဇွားမ် သခင်ကြီးသည် လူပျိုတစ်ဦး ဖြေးညင်းစွာ လျှောက်လှမ်းနေသည်ကို တွေ့မြင်သောအခါ 'အသင် နေမကောင်း ဖြစ်နေပါ၏လော'ဟူ၍ မေးမြန်းရာ ၎င်းက 'မဟုတ်ကြောင်း'

ပြန်လည်လျှောက်ထားလိုက်လေသည်။ သို့ဆိုလျှင် သခင်ကြီးသည် ကြိမ်လုံးကို မြှောက်ရွယ်ကာ 'အင်အားရှိစွာနှင့်အတူ လျှောက်ကုန်' ဟူ၍ မိန့်တော်မူလိုက်လေသည်။ *[အိဗ်နေကဆီးရ်ကျမ်း]*

ဟဇရတ်ဟစန်းဗစ္စ်ရီသခင်ကြီးသည်

يَمْشُوْنَ عَلَى الْاَرْضِ هَوْنًا

(ထိုသူတို့သည် ပထဝီမြေပေါ်ဝယ် မာန်မာနမရှိဘဲ မိမိကိုယ်ကို နှိမ့်ချ၍ ဖြေးညင်းစွာ လျှောက်ကြကုန်၏) ဟူသော အာယသ်တော်အား အကျယ်ချဲ့ဖွင့်ဆိုရင်း 'စိတ်စေတနာဖြူစင်သော မုအ်မင်န်များ၏ မျက်လုံး၊ နား၊ လက်၊ ခြေထောက်အစရှိသော ကိုယ်ခန္ဓာ၏ အစိတ်အပိုင်းများအားလုံးသည် အလ္လာဟ် အသျှင်မြတ်၏ ရှေ့တော်မှောက်၌ ချည့်နဲ့မစွမ်းနိုင်သော အခြေအနေမျိုးဖြင့် တည်ရှိနေပေသည်။ မသိသော သူတို့သည် ၎င်းတို့ကို တွေ့မြင်ကာ 'ချွင်းချက်ရှိကာ မစွမ်းနိုင်သောသူများ' ဟူ၍ မှတ်ယူထားကြပေသည်။ စေန်အမှန် ၎င်းတို့သည် ရောဂါသည်များနှင့် မစွမ်းမသန်သူများ မဟုတ်ကြပေ။ သို့သာမက ၎င်းတို့သည် အားအင်တောင့်တင်း နိုင်မာကာ ကျန်းမာရေး ကောင်းမွန်သောသူများ ဖြစ်ကြပေသည်။ သို့ရာတွင် ၎င်းတို့အပေါ်၌ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့မှုသည် 'အခြားသူများ မသိနားမလည်နိုင်လောက်အောင်' လွှမ်းမိုးနေပေသည်။ ၎င်းတို့အား တမလွန်၏ သောကသည် လောကီရေးရာ လုပ်ငန်းဆောင်တာများအား တားမြစ်ထားပေသည်။ အကြင်သူသည် အလ္လာဟ်အသျှင်မြတ်အပေါ် အားကိုးအားထားမှု မပြုပါက ၎င်း၏ သောကအလုံးစုံသည် လောကီရေးရာ၏ လုပ်ငန်းများအတွင်း၌သာ တည်ရှိနေပေသည်။ သို့ရှိရာ ထိုသူသည် အမြဲတစေ ဝမ်းနည်းမှုအပေါ် ဝမ်းနည်းမှု ဆင့်၍နေရမည်သာ ဖြစ်ပေသည်။ (အကြောင်းမှာ လောကီအရာကို အားလုံး ရရှိမည်မဟုတ်ကာ နောင်တမလွန် 'အာခေရသ်'၌လည်း ၎င်းသည် ဝေစုဝေပုံ ရရှိမည် မဟုတ်ပေ။) ထို့ပြင် အကြင်သူသည် အလ္လာဟ်အသျှင်မြတ် ချီးမြှင့်ထားသော စားသောက်ဖွယ်ရာများကိုသာ စည်းစိမ်တော်ဟု ထင်မှတ်ထားကာ မွန်ရည်သော စာရိတ္တများဘက်သို့ အာရုံ မရောက်ရှိပါက ၎င်း၏ 'အီလ်မ်' (အသိပညာ) သည် အလွန်နည်းပါးလေသည်။ ထို့ပြင် 'အဇားဗ်' အပြစ်ဒဏ်သည်လည်း ၎င်းအဖို့ အသင့်ပြင်ထားပြီး ဖြစ်သည်' ဟူ၍ မိန့်တော်မူထားပေသည်။ *[အိဗ်နေကဆီးရ်ကျမ်း]*

(၃) **အရည်အချင်း -**

وَّاِذَا خَاطَبَهُمُ الْجٰهِلُوْنَ قَالُوْا سَلٰمًا

ထို့ပြင် အသိကင်းမဲ့ သော သူတို့သည် ၎င်းတို့ဖြင့် နှုတ်ဆက်ကြသောအခါ ၎င်းတို့သည် 'စလာမ်'ဟု ပြောဆိုကြကုန်၏။ *[၂၅ : ၆၃]*

ဆိုလိုသည်မှာ 'အသိပညာကင်းမဲ့သောသူတို့သည် ၎င်းတို့အား စကားပြောဆိုလာချိန်ဝယ်' ၎င်းတို့သည် 'စလာမ်' ဟူ၍သာ ပြောဆိုလေသည်။ ဤနေရာ၌ جَاهِلُوْنَ ၏ ဘာသာပြန်ကို 'အသိပညာ

ကင်းမဲ့သူများ' ဟူ၍ ဖွင့်ဆိုကာ အလိုသဘောသည် 'ထိုစကားလုံးမှ ပညာမဲ့သောသူဟူ၍ မဟုတ်ပေ။ သို့သာမက ထိုသူသည် အမှန်တကယ် အာလင်မ်ပညာရှင်ဖြစ်နေလင့်ကစား အသိဉာဏ်အလိမ္မာ ကင်းမဲ့သော အလုပ်နှင့် ယင်းကဲ့သို့သော စကားရပ်များကို ပြောဆိုပေသည်' ဟူသော အချက်ဘက်သို့ ရှင်းလင်းဖော်ထုတ်ထားပေသည်။ 'စလာမ်' ဟူသော စကားလုံး၏ အလိုသဘောသည် ဤနေရာ၌ အများနားလည်သဘောပေါက်သည့် 'စလာမ်' ဟူသော စကားလုံး၏ အဓိပ္ပာယ်မျိုး မဟုတ်ပေ။ သို့သာမက 'ငြိမ်းချမ်းရေးစကား' ကို ဆိုခြင်းဖြစ်သည်။ ကုရ်သုဗီးသခင်ကြီးသည် နဟားစ်သခင်ကြီးထံမှ ဆင့်ပြန်ထားသည်မှာ 'ဤနေရာ၌ 'စလာမ်' ဟူသော စကားလုံးသည် 'သပ်စ်လီမ်း' ဟူသော စကားလုံးမှ ခွဲထွက်လာခြင်းမဟုတ်ဘဲ 'သစလ်လုမ္မုန်' ဟူသော စကားလုံးမှ ခွဲထွက်လာခြင်း ဖြစ်ပေသည်။ အကြင်စကားလုံး၏ အဓိပ္ပာယ်မှာ ငြိမ်းချမ်းစွာ နေထိုင်ခြင်းဖြစ်သည်။ အာယသ်တော်၏ အလိုသဘောမှာ ထိုသူများသည် အသိဉာဏ်ကင်းမဲ့သူများအား အဖြေပေးရာတွင် ငြိမ်းချမ်းသော စကားကို ပြောဆိုကြသည်။ အကြင်စကားရပ်ကြောင့် တစ်ဘက်သူအား ဒုက္ခမရောက်ရှိစေဘဲ ဤသူသည်လည်း ပြစ်မှုဒုစရိုက်ကျူးလွန်သောသူ မဖြစ်တော့ပေ။ ဟဇရသ်မုဂျာဟစ်ဒ်နှင့် မကာသစ်လ် စသော အဖွင့်ရှင်ကြီးများထံမှလည်း ဤဖွင့်ဆိုချက်သည်သာလျှင် ဆင့်ပြန်ချက်အဖြစ် လာရှိထားပေသည်။ *[မဇ္ဇဟရီကျမ်း]*

အချုပ်သဘောတရားမှာ ဤသို့ပင် ဖြစ်သည်။ အသိဉာဏ်ပညာ၊ အလိမ္မာကင်းမဲ့သော သူတို့အား ဤသူမွန်တို့သည် ကလဲ့စားကို မရယူရုံသာမက ခွင့်လွှတ်မှုကို ပြုကြပေသည်။

(၄) **အရည်အချင်း –**

وَالَّذِيْنَ يَبِيْتُوْنَ لِرَبِّهِمْ سُجَّدًا وَّقِيَامًا ﴿٦٤﴾

ထိုသူတို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ရှေ့တော်မှောက်ဝယ် 'စဂျ်ဒဟ်' ဦးချခြင်းအားဖြင့်လည်းကောင်း၊ မတ်တတ်ရပ်ခြင်းအားဖြင့်လည်းကောင်း ညဥ့်ကို ကုန်လွန်စေကြကုန်၏။

[၂၅ : ၆၄]

ခဝပ်ကိုးကွယ်မှု၌ ညဥ့်အချိန် နိုးကြားခြင်းအကြောင်းကို အထူးပြု၍ တင်ပြထားရခြင်း၏ အကြောင်းမှာ 'ဤအချိန်သည် အနားယူအိပ်စက်ရန် အချိန်ဖြစ်သည်။ ထိုအချိန်၌ နမာဇ်နှင့် ခဝပ်ကိုးကွယ်မှုကို ပြုရန်အတွက် ရပ်ခြင်းသည် အထူးဒုက္ခတစ်ရပ်လည်းဖြစ်ကာ ပြစား၊ ကြွားဝါခြင်း၏ စိုးရိမ်ချက်သည်လည်း မရှိခြင်း' တို့ကြောင့် ဖြစ်ပေသည်။ တင်ပြချက်၏ လိုရင်းသဘောမှာ ၎င်းတို့၏ နေ့အချိန်နှင့် ညအချိန်သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်နာခံမှုအတွင်း၌သာ ရှိနေပေသည်။ နေ့အချိန်၌ သင်ပေးသင်ယူ ဖြန့်ချီမှုနှင့် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရန် စသော အလုပ်များအတွင်း၌ ကုန်လွန်စေ၍ ညအချိန်၌ အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်ဝယ် ခဝပ်ကိုးကွယ်ရင်း ကုန်လွန်စေခဲ့သည်။ 'သဟဂျ်ဂျုဒ်' နမာဇ်နှင့် စပ်လျဉ်း၍ ဟဒီးစ်တော်၌ လွန်စွာ ထူးသော အကျိုးများ ရရှိမည်ဖြစ်ကြောင်း လာရှိထားပေသည်။ သီရ်မိဇီကျမ်းရှင်သည် ဟဇရသ်အဗူအိုမာမားဟ်၏ထံမှ တမန်တော်

မြတ် ﷺ ၏ ဤမိန့်မြွက်ချက်ကို ဆင့်ပြန်ထားပေသည်။ 'ညဥ့်အချိန် နမာဇ်ဝတ်ပြုခြင်း (သဟ်ဂျုဒ်) ကို စွဲမြဲစွာ ဆောက်တည်ကြကုန်။ အဘယ်ကြောင့်ဆိုသော် ယင်းနမာဇ်သည် အသင်တို့အလျင်၌ ရှိခဲ့ကြသော သူတော်စင်ကြီးများ၏ ဓလေ့ဖြစ်သည်။ ထို့အပြင် ယင်းနမာဇ်သည် အသင်တို့အား အလ္လာဟ်အသျှင်မြတ်နှင့် နီးကပ်စေသောအရာဖြစ်ပြီး မှားယွင်းချွတ်ချော်မှုတို့ကိုလည်း ချေဖျက်ကာ ပြစ်မှုဒုစရိုက်တို့အားလည်း တားမြစ်ထားသော အရာဖြစ်သည်။ *[မဇ္ဇဟရီးကျမ်း]*

ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးက အကြင်သူသည် အေရှာဟ်နမာဇ်ပြီးနောက် နှစ်ရကအဒ် သို့မဟုတ် ထို့ထက်ပိုစွာ ဖတ်လိုက်မည်ဆိုလျှင်လည်း ထိုသူသည် အထက်ဖော်ပြပါ အမိန့်အတွင်း၌လည်း ပါဝင်သွားပေမည်။ ဟဇရတ်အွတ်စ်မာန်းဂနီ ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။ တမန်တော်မြတ် ﷺ က 'အကြင်သူသည် အေရှာဟ်နမာဇ်ကို 'ဂျမာအသ်'နှင့်အတူ ဝတ်ပြုမည်ဆိုပါက ညဥ့်တစ်ဝက် ခဝပ်ကိုးကွယ်မှုပြုခြင်း၏ အမိန့်အတွင်း၌ ပါဝင်သွား၍ 'ဖွဂျရ်နမာဇ်'ကိုပါ 'ဂျမာအသ်'ဖြင့် စုပေါင်းကာ ဝတ်ပြုမည်ဆိုပါက ကျန်ညဥ့်တစ်ဝက်အချိန် ခဝပ်ကိုးကွယ်ခြင်းကို ပြုသောသူအဖြစ် မှတ်ယူရလိမ့်မည်'ဟူ၍ မိန့်တော်မူထားပေသည်။ *[အဟ်မဒ်ကျမ်း၊ မွတ်စွလင်မ်ကျမ်း၊ မဇ္ဇဟရီကျမ်း]*

⑦ အရည်အချင်း -

وَالَّذِيْنَ يَقُوْلُوْنَ رَبَّنَا اصْرِفْ عَنَّا عَذَابَ جَهَنَّمَ

အို၊ ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် 'ဂျဟန္နမ်' ငရဲဘုံ၏ ပြစ်ဒဏ်ကို ကျွန်တော်မျိုးတို့မှ ဝေးအောင် ဖယ်ရှားပေးတော်မူပါ။ *[၂၅ ꞉ ၆၅]*

ဆိုလိုသည်မှာ ဤအလ္လာဟ်အသျှင်မြတ် လက်ခံထားတော်မူသော ကျေးကျွန်များသည် နေ့နှင့်ညမဆို ခဝပ်နာခံမှုများအတွင်း၌ နစ်မွန်းနေသည့် ကြားကတည်းကပင် ကြောက်ရွံ့မှုကင်းကာ မနေကြသည့်အပြင် အချိန်တိုင်း အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့မှုနှင့် နောင်အာခေရတ်၏ သောကများကို ပွားလျက်ရှိနေပေသည်။ အကြင်အချက်အတွက် လက်တွေ့အကောင်အထည်ဖော် ကြိုးပမ်းမှုကိုလည်း ပြုနေကြပေသည်။ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ ဆုမွန်ဒိုအာကိုလည်း တောင်းဆိုနေကြပေသည်။

⑧ အရည်အချင်း -

وَالَّذِيْنَ اِذَآ اَنْفَقُوْا

ထိုသူတို့သည် သုံးစွဲကြသောအခါ အချည်းအနှီး ဖြုန်းတီးကြသည်လည်း မဟုတ်ပေ။ စေးနဲကြသည်လည်း မဟုတ်ပေ။ စင်စစ် ၎င်းတို့၏ သုံးစွဲမှုသည် ယင်းနှစ်ရပ်လုံး၏ အကြားတွင် မယုတ်မလွန် အလယ်အလတ် သုံးစွဲမှုသာလျှင် ဖြစ်ပေသည်။ *[၂၅ ꞉ ၆၇]*

ဤအာယသ်တော်အတွင်း၌ 'အစ်ရားဖ်'နှင့် ၎င်း၏ ဆန့်ကျင်ဘက် 'အစ်က်သားရ်'ဟူသော စကားလုံးကို အသုံးပြုထားပေသည်။

'အစ်ရားဖ်'၏ အဓိပ္ပာယ်မှာ 'အတိုင်းထက်အလွန် ဖြစ်ခြင်း' ဖြစ်ပေသည်။ သာသနာတော်၏ အသုံးအနှုန်း ဝေါဟာရ၌ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ ၊ ကသာဒါးဟ်နှင့် အိဗ်နေဂျူရိုက်ဂ်ျသခင်ကြီးတို့ ထံတွင် 'အလ္လာဟ်အသျှင်မြတ်၏ အမိန့်ကို ဖီဆန်မှုပြုရာ၌ ပြားစေ့တစ်စေ့ပင် ဖြစ်နေလင့်ကစား သုံးစွဲ လိုက်ခြင်း' သည် 'အစ်ရားဖ်' ဖြစ်သည်။ အချို့သော အာလင်မ်သာသနာ့ပညာရှင်များက ဤသို့ မိန့်ဆို ထားပေသည်။ ပြုပိုင်ခွင့်ရှိသော အမှုကိစ္စများအတွင်း၌ အတိုင်းထက်အလွန် သုံးစွဲလေရာ 'သဗ်ဇီးရ်'ဟု ခေါ်ဆိုသော အပိုအချည်းအနှီး သုံးစွဲခြင်း၏ အတိုင်းအတာဘောင်အတွင်းသို့ ရောက်ရှိသွားသည်ဆိုလျှင် ထိုကဲ့သို့ သုံးစွဲခြင်းသည်လည်း 'အစ်ရားဖ်'၏ အမိန့်အတွင်း၌ ပါဝင်သွားပေသည်။ အဘယ်ကြောင့်ဆို သော် ထိုအပို သုံးစွဲခြင်းသည် ကုရ်အာန်ကျမ်းတော်မြတ်၏ 'နပ်စ်' (လိုရင်းသဘောကို တင်ပြရန် ယူ ဆောင်လာသော ဝါကျ) ဖြင့် 'ဟရာမ်'နှင့် ပြစ်မှုဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည်

إِنَّ الْمُبَذِّرِينَ كَانُوا إِخْوَانَ الشَّيَاطِينِ

ကေန်မလွဲ ဥစ္စာပစ္စည်း အလဟဿဖြုန်းတီးသူတို့သည် ရှိုက်သွာန်၏ ညီသားအစ်ကိုများပင် ဖြစ်ကြ ကုန်၏။ *[၁၇ : ၂၇]*

ဟူ၍ မိန့်တော်မူထားပေသည်။ ထိုအချက်ကို ထောက်ရှု၍ ယင်းဖွင့်ဆိုချက်၏ ရလဒ်သည်လည်း ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ စသော သခင်ကြီးများ တင်ပြထားသော အဖွင့်သဘောကဲ့သို့ပင် ဖြစ်သွား ပေသည်။ ဆိုလိုသည်မှာ ပြစ်မှုဒုစရိုက် 'ဂိုနာဟ်'ဖြစ်စေသော အမှုကိစ္စအတွင်း၌ သုံးစွဲမှုပြုခြင်းသည် လည်း 'အစ်ရားဖ်' ဖြစ်ပေသည်။ *[မဇ္ဇဟရီးကျမ်း]*

'အစ်က်သာရ်'၏ အဓိပ္ပာယ်သည် သုံးစွဲရာ၌ စေးနဲတွန့်တိုခြင်းဖြစ်သည်။ သာသနာတော်၏ အသုံး အနှုန်း ဝေါဟာရ၌ ၎င်းစကားလုံး၏ အဓိပ္ပာယ်မှာ ဤသို့ပင် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်နှင့် တမန် တော်မြတ် ﷺ က သုံးစွဲမှုပြုရန် အမိန့်ပေးထားသော နေရာများ၌ သုံးစွဲမှုပြုရန် စေးနဲတွန့်တိုခြင်း (လုံးဝ သုံးစွဲမှုမပြုခြင်းသည် သာပို၍ပင် ယင်းအမိန့်အတွင်း၌ ပါဝင်သွားပေမည်။) ဤဖွင့်ဆိုချက်သည်လည်း ဟဇရသ်အိဗ်နေအဗ္ဗားစ်၊ ကသာဒါး စသော သခင်ကြီးတို့ထံမှလည်း ဆင့်ပြန်ချက် လာရှိထားပေသည်။ *[မဇ္ဇဟရီးကျမ်း]*

အလိုသဘောမှာ 'အလ္လာဟ်အသျှင်မြတ် လက်ခံထားတော်မူသော ကျေးကျွန်များ၏ အရည်အချင်း မှာ ဥစ္စာပစ္စည်း လျှုဒါန်းသုံးစွဲခြင်း၏ ပုံစံမှာ 'အချည်းအနှီး သုံးစွဲခြင်းနှင့် စေးနဲတွန့်တိုခြင်းအကြား၊ အလယ်အလတ်ပုံစံ သုံးစွဲခြင်းပင် ဖြစ်သည်' ဟူ၍ ဖြစ်သည်။

တမန်တော်မြတ် ﷺ ၏ မိန့်မြွက်ချက်တစ်ရပ်ဖြစ်သော

مِنْ فِقْهِ الرَّجُلِ قَصْدُهُ فِي مَعِيشَتِهِ

ဆိုလိုသည်မှာ 'လူသား၏ အသိဉာဏ်ရှိသော လက္ခဏာမှာ 'သုံးစွဲရာ၌ အလယ်အလတ် သုံးစွဲမှုကို ပြုခြင်း' ပင် ဖြစ်သည်။ (အချည်းအနှီး အလဟဿသုံးစွဲမှုကို မပြုသလို စေးနဲတွန့်တိုခြင်းကိုလည်း မပြုပေ။) *[အဗူရ်ဒရ်ဒါးအ်သခင်ကြီးထံ အေမာမ်အဟ်မဒ်၊ အိဗ်နေကဆီးရ်]*

အခြားသော ဟဒီးစ်တော်တစ်ရပ်တွင် ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်နမတ်စ်အူးဒ် ﷺ သခင်ကြီးထံမှ တမန်တော်မြတ် ﷺ ၏ မိန့်မြွက်ချက်သည် ဤသို့ ဆင့်ပြန်မှုဖြင့် လာရှိထားပေသည်။ ၄င်းမှာ-

مَاعَالَ من اقتصد

အကြင်သူသည် အလယ်အလတ်ပုံစံမျိုးဖြင့် သုံးစွဲမှုကို ပြုပါက မည်သည့်အခါမှ ဆင်းရဲမွဲတေကာ၊ လိုလားတောင့်တသော အဖြစ်သို့ ရောက်ရှိမည်မဟုတ်ပေ။ *[အေမာမ်အဟ်မဒ်၊ အိဗ်နေကဆီးရ်]*

⑦ **အရည်အချင်း** -

وَالَّذِيْنَ لَا يَدْعُوْنَ مَعَ اللّٰهِ اِلٰهًا اٰخَرَ

ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်နှင့် တွဲဖက်၍ အခြားကိုးကွယ်ရာတစ်စုံတစ်ရာကိုမျှ ဟစ်ခေါ်တသကြသည်မဟုတ်ပေ။ *[၂၅ : ၆၈]*

အစကနဦး အရည်အချင်း (၆) ရပ်၌ နာခံခြင်း၏ အခြေခံ စည်းမျဉ်းများကို ပြဆိုထားပေသည်။ ယခုပြစ်မှုဒုစရိုက်နှင့် စပ်လျဉ်းသော အရေးကြီးသည့် ဥပဒေသများကို တင်ပြရန် အကြောင်းဖြစ်ပေသည်။ အကြင်အချက်များထဲမှ ပထမဦးဆုံးသော အချက်သည် ယုံကြည်ချက်ပိုင်းဆိုင်ရာကဏ္ဍနှင့် ပတ်သက်နေပေသည်။ 'ဤသူတို့သည် အလ္လာဟ်အသျှင်မြတ်နှင့်အတူ အခြားမည်သည့်အရာ တစ်စုံတစ်ရာကိုမျှ ဖက်စပ်ကိုးကွယ်မှုကို မပြုကြပေ။' အကြင်တင်ပြပါအချက်မှ 'ရှရိုးက်'ဖက်စပ်ကိုးကွယ်ခြင်းသည် အကြီးမားဆုံးသော 'ဂိုနာဟ်'ပြစ်မှုဒုစရိုက်ဖြစ်ကြောင်းကို သိရှိရပေသည်။

⑧/⑨ **အရည်အချင်း**

وَلَا يَقْتُلُوْنَ النَّفْسَ الَّتِيْ

၄င်းပြင် ထိုသူများသည် အလ္လာဟ်အသျှင်မြတ်က 'ဟရာမ်' ဟူ၍ တားမြစ်ထားတော်မူသည့် အသက်ဇီဝိန်ကိုလည်း တရားသဖြင့်မှအပ သတ်ဖြတ်ခြင်း မပြုကြပေ။ ထို့ပြင် ၄င်းတို့သည် 'ဇေနာ' ကာမဂုဏ်ကိုလည်း ကျူးလွန်ကြသည်မဟုတ်ပေ။ *[၂၅ : ၆၈]*

ဤသည် ကာယကံမြောက် ကျူးလွန်သော ပြစ်မှုဒုစရိုက်များထဲမှ အကြီးမားဆုံး အပြင်းထန်ဆုံးသော ပြစ်မှုဒုစရိုက်များအကြောင်း ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ် လက်ခံထားသော ကျေးကျွန်များသည် ၄င်းအမှုကိစ္စများ၏ အနီးအနားသို့ပင် မကပ်ကြပေ။ အခြားသူတစ်ဦးတစ်ယောက်ကို မတရားသဖြင့်

လည်း မသတ်ဖြတ်၍ ကာမေသုမိစ္ဆာစာရကံကိုလည်း မကျူးလွန်ကြပေ။ ဤကာယကံနှင့် မနောကံတို့ဖြင့် ပြုကျင့်သော 'ဂိုနာဟ်'ပြစ်မှုဒုစရိုက် (၃) ရပ်ကို တင်ပြပြီးနောက် အာယသ်တော်အတွင်း၌

وَمَنْ يَّفْعَلْ ذٰلِكَ يَلْقَ اَثَامًا

စင်စစ် မည်သူ ဤပြစ်မှုတို့ကို ကျူးလွန်ပါမူ ထိုသူသည် အလွန်ကြီးလေးသော ပြစ်ဒဏ်နှင့် တွေ့ကြုံရမည်သာ ဖြစ်၏။ *[၂၅ : ၆၈]*

ဆိုလိုသည်မှာ 'အကြင်သူသည် ထိုတင်ပြပါပြစ်မှု (၃) ရပ်ကို ကျူးလွန်ပါက ပြစ်ဒဏ်ပေးခြင်းကို ခံရပေမည်'ဟူ၍ ဖြစ်သည်။ အဗူအိုဗိုက်ဒါးဟ်သခင်ကြီးသည် ဤနေရာ၌ 'အဆာမူန်'ဟူသော စကားလုံးကို 'ဒုစရိုက်၏ ပြစ်ဒဏ်'ဟူ၍ ရေးသားမိန့်မြွက်ထားပေသည်။ အချို့သော အဖွင့်ရှင်များက 'အစာမွန်းသည် 'ဂျဟန္နမ်'၌ ရှိသော ပြင်းထန်သော ပြစ်ဒဏ်များနှင့် ပြည့်နှက်နေသည့် ချိုင့်ဝှမ်းတွင်းတစ်ခု ဖြစ်ကြောင်း' ကိုလည်း မိန့်ဆိုထားကြသည်။ အချို့ဟဒီးစ်တော်၏ ဆင့်ပြန့်ချက်များကိုလည်း ယင်းအချက်အား သက်သေသာဓကပြရန်အတွက် ရေးသားထားပေသည်။ *[မဇ္ဇဟရီကျမ်း]*

ရှေ့၌ အထက်တင်ပြပါ ပြစ်မှုများကို ကျူးလွန်ကြသော သူတို့အား ပေးမည့် ပြစ်ဒဏ်အကြောင်းကို တင်ပြထားပေသည်။ အာယသ်တော်များ၏ စာသွားစာလာများအရ 'ဤပြစ်ဒဏ်သည် ရှိရ်းက်၊ ကုဖွ်ရ်နှင့် သတ်ဖြတ်မှု၊ ကာမေသုမိစ္ဆာကံကို ကျူးလွန်ကြသော ကာဖိရ်များအဖို့ သီးသန့်ဖြစ်ကြောင်း' သတ်မှတ်ရပေသည်။ အဘယ်ကြောင့်ဆိုသော် ပထမအချက်မှာ-

يُضٰعَفْ لَهُ الْعَذَابُ

(ထိုသူ့၌ ပြစ်ဒဏ်သည် နှစ်ဆတိုး၍ သက်ရောက်စေခြင်း ခံရမည့်အပြင်) ဟူသော အာယသ်တော်၏ စကားလုံးများသည် ပြစ်မှုဒုစရိုက်ကို ကျူးလွန်ကြသော မွတ်စ္စလင်မ်များအဖို့ မဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းမွတ်စ္စလင်မ်များအဖို့ ပြစ်မှုဒုစရိုက်တစ်ခုအပေါ် ပြစ်ဒဏ်တစ်ရပ်ပေးမည့် ကတိကိုသာ ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များ၌ 'နပ်စ်'(အဓိကလိုရင်းသဘောကို တင်ပြရန် ယူဆောင်လာသောဝါကျ) အဖြစ် တင်ပြထားပေသည်။ ပြစ်ဒဏ်ခတ်ရာတွင် ဆတိုး (တစ်နည်း) အခြေအနေနှင့် အရေအတွက်နှင့် သာပို၍ ပေးမည်ဆိုခြင်းသည် မုအ်မင်န်များအဖို့ မဟုတ်ပေ။ ဤအချက်သည် ကာဖိရ်များအဖို့သာလျှင် သတ်မှတ်ထားသော အထူးအချက် ဖြစ်ပေသည်။ ထိုသို့ဖြစ်ရခြင်းမှာ ကုဖွ်ရ် (သွေဖည်ငြင်းဆိုခြင်း) အတွက် အပြစ်ဒဏ်တစ်ရပ် သတ်မှတ်ထားရာ ယင်းကုဖွ်ရ် ပြစ်မှုနှင့်အတူ 'ဂိုနာဟ်'ပြစ်မှု ဒုစရိုက်တို့ကို ပြုကျင့်လိုက်မည်ဆိုလျှင် ပေးမည့်ပြစ်ဒဏ်သည် နှစ်ထပ်ကွမ်းဖြစ်သွားပေမည်။ ထိုသို့ ပြစ်ဒဏ်ခတ်ခြင်းနှင့် စပ်လျဉ်း၍ ဒုတိယအချက်အနေဖြင့် - وَيَخْلُدْ فِيْهٖ مُهَانًا

ထိုသူသည် အမြဲတစေ ယင်းပြစ်ဒဏ်၌ပင် ဂုဏ်သရေယုတ်ညံ့စွာ ခံစားနေရမည်သာ ဖြစ်၏။ *[၂၅ : ၆၉]*

မည်သည့်မှတ်မင်နိတစ်ဦးမဆို အမြဲတစေ ပြစ်ဒဏ်ခတ်ခြင်း ခံရလိမ့်မည်မဟုတ်ပေ။ အဘယ်မျှခန့်ကြီးလေးသော ပြစ်မှုကို ကျူးလွန်သောသူဖြစ်စေ၊ မိမိ၏ ပြစ်ဒဏ်ကို ခံစားပြီးနောက် 'ဂျဟန္နမ်'မှ ထုတ်ပယ်ခြင်းကို ခံရပေမည်။ အချုပ်သဘောတရားမှာ 'အကြင်သူတို့သည် 'ကုဖ္ဖရ်' (သွေဖည်ငြင်းဆိုမှု)၊ ရှရစ်က် (တုဖက်နှိုင်းယှဉ်ခြင်း) နှင့်အတူ သတ်ဖြတ်မှုနှင့် ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်ပါက ၎င်းအဖို့ ပြစ်ဒဏ်သည် ဆတိုးအဖြစ်နှင့် ပြင်းထန်စွာ ထာဝစဉ် ထိုပြစ်ဒဏ်အတွင်း၌ ခံစားနေရမည်ဖြစ်ပေသည်။ ရှေ့၌ 'ဤနေရာတွင် တင်ပြထားပြီးသော ပြစ်ဒဏ်ကို ခံစားရမည့် တရားခံကြီးသည် အကယ်၍ မိမိ၏ အမှားကို ဝန်ခံ၍ ကောင်းမြတ်သော အကျင့်သီလများကို စောင့်ထိန်းပါမူ အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ မကောင်းမှုများကို ကုသိုလ်များဖြင့် ပြောင်းလဲပေးတော်မူမည်ဖြစ်ကြောင်း' ကို တင်ပြထားပေသည်။ အလိုသဘောမှာ 'ထိုသို့ အမှားဝန်ခံ (သောင်ဗာဟ်) ပြုပြီးနောက် ၎င်း၏ မှတ်တမ်းရာဇဝင်၌ ကောင်းမှုချည်းသာ ကျန်ရှိနေပေမည်'ဟူ၍ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကုဖ္ဖရ် (သွေဖည်ငြင်းပယ်မှု) နှင့် ရှရစ်က် (တုဖက်နှိုင်းယှဉ်ခြင်း) တို့မှ 'သောင်ဗာဟ်' (အမှားဝန်ခံမှု) ကို ပြုလိုက်မည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်၏ ကတိတော်မှာ 'ကုဖ္ဖရ်'နှင့် ရှရစ်က်ပြုခြင်း၏ လောက၌ မည်မျှခန့်ပင် ရှိသော အကုသိုလ်ဒုစရိုက်တို့သည် အစ္စလာမ်နှင့် အီမာန်ကို လက်ခံလိုက်ခြင်းဖြင့် ၎င်းအတိတ်ခေတ်ကာလက ပြုကျင့်ခဲ့သော ပြစ်မှုများအားလုံးသည် ချမ်းသာပလပ်ခွင့်ပေးခြင်း ခံရပေမည်။ အကြောင်းမှာ အတိတ်ခေတ်ကာလက ၎င်း၏ ကုသိုလ်၊ အကုသိုလ်၏ စာရင်းမှတ်တမ်းတွင် မကောင်းမှုတို့ဖြင့်သာ ပြည့်နှက်နေသော်ငြားလည်း ယခု အီမာန်ကို လက်ခံလိုက်ခြင်းဖြင့် ထိုမကောင်းမှုများအားလုံးသည် ပလပ်ခွင့်ပေးခြင်း ခံရပေမည်။ ရှေ့၌ ထိုမကောင်းမှု ဒုစရိုက်များ၏ နေရာ၌ အီမာန်နှင့် ကောင်းမှုကုသိုလ်တို့သည် နေရာယူလိုက်သည်' ဟူ၍ ဖြစ်သည်။ မကောင်းမှုကုသိုလ် ဒုစရိုက်များကို ကောင်းမှုဖြင့် ပြောင်းလဲပေးခြင်း၏ ဖွင့်ဆိုချက်သည် ဟဇရတ်အိဗ်နေအဗ္ဗားစ်၊ ဟဇရတ်ဟစန်ဗစ္စရီး၊ မုဂျာဟစ်ဒ် အစရှိသော အေမာမ်ကြီးများထံမှလည်း ဆင့်ဆိုချက်များ လာရှိထားပေသည်။ *[မဇ္ဇဟရီး]*

အိဗ်နေကစီးရ်သခင်ကြီးသည် ယင်းအချက်၏ ဖွင့်ဆိုချက်တစ်ရပ်ကို ဤသို့လည်း တင်ပြထားလေသည်။ ၎င်းသည် ကုဖ္ဖရ် (သွေဖည်ငြင်းဆိုသော) ဘဝနှင့် မသိမိုက်မဲသော ခေတ်ကာလ၌ အဘယ်မျှခန့်သော ပြစ်မှုဒုစရိုက်များကို ပြုကျင့်ခဲ့သည်ဖြစ်စေ၊ အီမာန်ရယူပြီးနောက် ထိုပြစ်မှုဒုစရိုက်များ၏ အစားကောင်းမှုကုသိုလ်များကို ရေးမှတ်တော်မူပေလိမ့်မည်။ ထိုသို့ ရေးမှတ်ရခြင်း၏ အကြောင်းမှာ အီမာန်ရယူပြီးနောက် တစ်ခါတစ်ရံ ၎င်းတို့သည် အတိတ်ခေတ်ကာလက ပြုကျင့်ခဲ့သော ပြစ်မှုဒုစရိုက်များကို သတိရပြန်ကာ ရှက်ကြောက်မှုတရားကို ခံစားရပြန်ကာ 'သောင်ဗာဟ်'အသစ်ကို ပြန်ပြုပေသည်။ ၎င်း၏ ထိုလုပ်ရပ်ကြောင့် ယင်းပြစ်မှုဒုစရိုက်များသည် ကောင်းမှုများဖြင့် အစားထိုးပေးခြင်းကို ခံစားရပေသည်။ ထိုအချက်အပေါ် အထောက်အထားဖြင့် အချို့ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များကို တင်ပြထားပေသည်။

وَمَنْ تَابَ وَعَمِلَ صَالِحًا فَإِنَّهُ يَتُوبُ إِلَى اللَّهِ مَتَابًا

အမှန်စင်စစ် မည်သူမဆို အပြစ်မှ ဝန်ချတောင်းပန်၍ ကောင်းမြတ်သော အကျင့်သီလကို ကျင့်မှုဆောက်တည်ခဲ့ပါမူ ကေန်မလွဲ ထိုသူသည် မှန်ကန်သောနည်းဖြင့် အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ ပြန်လှည့်သူပင် ဖြစ်ပေသည်။ *[၂၅ : ၇၁]*

ပြင်ပသဖ္ဖာန်အားဖြင့် ကြည့်ရှုမည်ဆိုလျှင် ဤအထက်ပါအကြောင်းအရာသည် လွန်ခဲ့သော အာယသ်တော်၏ အကြောင်းအရာကို ထပ်မံ တင်ပြထားသကဲ့သို့ ဖြစ်ပေသည်။ လွန်ခဲ့သော အာယသ်တော်မှာ

إِلَّا مَنْ تَابَ وَآمَنَ وَعَمِلَ عَمَلًا صَالِحًا

(သို့ရာတွင် အကြင်သူသည် ဝန်ချတောင်းပန်ပြီး အီမာန်သက်ဝင် ယုံကြည်ခဲ့၍ ကောင်းမြတ်သော အကျင့်သီလကို ကျင့်မှုဆောက်တည်ခဲ့ပါလျှင်။) *[၂၅ : ၇၀]*

ဟူ၍ ဖြစ်ပေသည်။ ကုရ်သုဗီသခင်ကြီးသည် ကဖ်ဖားလ်သခင်ကြီးထံမှ အောက်ဖော်ပြပါအချက်ကို ဆင့်ပြန်ထားပေသည်။ 'ဤ 'သောင်ဗာဟ်' သည် ပထမ 'သောင်ဗာဟ်'ဖြင့် ကွဲပြားကာ တစ်ခြားစီ ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ပထမအမှုကိစ္စသည် သတ်ဖြတ်မှုနှင့် ကာမဂုဏ်ကျူးလွန်သော ကာဖိရ်၊ မုရှ်ရစ်က်တို့နှင့် စပ်လျဉ်းနေပေသည်။ တစ်ဖန် အီမာန်ကို ရယူကြလေရာ ၎င်းတို့၏ ဒုစရိုက်များသည် ကောင်းမှုများဖြင့် အစားထိုးပေးခြင်းကို ခံရပေသည်။ ဤနေရာ၌ အပြစ်ရှိသော မွတ်စ္စလင်မ်များ၏ 'သောင်ဗာဟ်'အကြောင်းကို တင်ပြထားပေသည်။ ထို့ကြောင့် ပထမ 'သောင်ဗာဟ်'နှင့်အတူ အီမာန်ယူရန်အကြောင်း ပါရှိသည်။ အကြင်တင်ပြချက်မှ 'ဤ 'သောင်ဗာဟ်'သည် အစကတည်းက မွတ်စ္စလင်မ်ဖြစ်ပြီး မေ့လျော့ပေါ့ဆစွာဖြင့် သတ်ဖြတ်မှုနှင့် ကာမဂုဏ်ကို ကျူးလွန်သောသူတို့နှင့် စပ်လျဉ်း၍ ကျရောက်လာသော အာယသ်တော်ဖြစ်ကြောင်း၊ ဤသူများသည် အကယ်၍ 'သောင်ဗာဟ်'ပြုပြီးနောက် နူတ်လျှာဖြင့်သာ ပြုသော 'သောင်ဗာဟ်'သည် မလုံလောက်ကြောင်း၊ သို့သာမက နောက်နောင်တွင် မိမိကျင့်ကြံဆောင်ရွက်ချက်များကို ကောင်းမွန်၊ မှန်ကန်သော အချက်များအဖြစ် ပြုကျင့်မှသာ ၎င်းတို့၏ 'သောင်ဗာဟ်' သည် မှန်ကန်တည်တံ့နေသည်'ဟူ၍ မှတ်ယူရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် 'သောင်ဗာဟ်'၏ စည်းကမ်းချက်သဘောမျိုးဖြင့် 'သောင်ဗာဟ်'၏ အစပထမအခြေအနေကို တင်ပြပြီးနောက် ၎င်း၏ အကျိုးအစား၌ တစ်ဖန် 'မှန်ကန်စွာဖြင့် ပြန်လှည့်သူ' ဟူ၍ တင်ပြခြင်းသည် မှန်ကန်မည်ဖြစ်ကြောင်း၊ အကြောင်းမှာ စည်းကမ်းချက်အဖြစ် တင်ပြထားသော 'သောင်ဗာဟ်'သည် နူတ်လျှာ၏ 'သောင်ဗာဟ်'သာလျှင် ဖြစ်ကြောင်း၊ အကျိုးအစား၌ တင်ပြထားသော 'သောင်ဗာဟ်'သည် ကောင်းမြတ်သော အကျင့်သီလတို့ကို စောင့်ထိန်းမှသာလျှင် ယင်း 'သောင်ဗာဟ်'တရား၏ အကျိုးတရား အဆုံးသတ်သွားမည် ဖြစ်ကြောင်း' တို့ကို သိရှိရပေသည်။ အလိုသဘောမှာ အကြင်သူသည် 'သောင်ဗာဟ်'တော့ ပြုမူလိုက်လေသည်။ တစ်ဖန် မိမိ၏ ကျင့်ကြံဆောင်ရွက်ချက်ဖြင့် ထို 'သောင်ဗာဟ်'တရားအပေါ် တည်တံ့နေမှုကို ပြသလိုက်မှ ထိုသူ

သည် မှန်ကန်စွာဖြင့် အလ္လာဟ်အသျှင်မြတ် ဘက်တော်သို့ လှည့်ပြန်သောသူဟူ၍ မှတ်ယူရပေလိမ့်မည်။ ယခု တင်ပြပြီးဖြစ်သူနှင့် ဆန့်ကျင်ဘက် လူတစ်ဦးအကြောင်း တင်ပြရမည်ဆိုလျှင် 'အကြင်သူသည် အတိတ်ခေတ်ကာလက ပြုကျင့်ခဲ့သော ပြစ်မှုများမှ 'သောင်ဗာဟ်'ကိုမူ ပြုထားပေသည်။ သို့ရာတွင် နောက်နောင်တွင် ကျင့်ကြံဆောင်ရွက်မှုတို့ကို ပြုကျင့်ရာ၌ 'သောင်ဗာဟ်'အပေါ် ရပ်တည်နေခြင်း၏ အထောက်အထားတစ်စုံတစ်ရာကိုမျှ မပြသပါမူ ထိုသူသည် 'သောင်ဗာဟ်'မပြုခဲ့သောသူသာလျှင် ဖြစ်ပေသည်။'

အာယသ်တော်၏ အကြောင်းအရာပါ တင်ပြချက်အချုပ်မှာ 'အကြင်မွတ်စ္စလင်မ်တစ်ဦးသည် မေ့လျော့စွာဖြင့် ပြစ်မှုဒုစရိုက်အတွင်း၌ နစ်မွန်းခဲ့သည်။ တစ်ဖန် 'သောင်ဗာဟ်'ပြုခဲ့သည်။ ထို 'သောင်ဗာဟ်'၏ နောက် မိမိ ကျင့်ကြံဆောင်ရွက်ချက်ကို 'သောင်ဗာဟ်'တရားအပေါ် မြဲမြံစွာ ရပ်တည်နေကြောင်း'ဟူသော ပုံစံမျိုးဖြင့် ပြုပြင်နေထိုင်သည်ဆိုလျှင် ဤ 'သောင်ဗာဟ်'သည်လည်း အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ လက်ခံခြင်း ခံထားရသော 'သောင်ဗာဟ်'ဖြစ်သည်။ ထို့ပြင် ပြင်ပသဏ္ဌာန်အားဖြင့် ကြည့်ရှုမည်ဆိုလျှင် ထို 'သောင်ဗာဟ်' ၏ အကျိုးသည် 'ၑင်း၏ မကောင်းမှုများကို ကောင်းမှုများဖြင့် အစားထိုးပေးလိုက်ခြင်း ခံရခြင်း' ဟူသော ပထမအာယသ်တော်အတွင်း၌ တင်ပြထားသော အကျိုးကဲ့သို့ပင် ဖြစ်ပေသည်။

အလ္လာဟ်အသျှင်မြတ်၏ အထူးလက်ခံထားတော်မူခြင်း ခံထားရသော ကျေးကျွန်များ၏ သီးသန့်အရည်အချင်းများ၏ အကြောင်းကို အပေါ်မှ တင်ပြလျက်ရှိနေပေသည်။ ကြား၌ ပြစ်မှုဒုစရိုက် ကျူးလွန်ပြီးနောက် 'သောင်ဗာဟ်'ပြုရမည့် အကြောင်းကို တင်ပြထားပေသည်။ ထို့နောက် ကျန်ရှိသော အရည်အချင်းများကို ဆက်လက် တင်ပြနေပေသည်။

(၁၀) **အရည်အချင်း** -

وَالَّذِيْنَ لَا يَشْهَدُوْنَ الزُّوْرَ

ၑင်းပြင် ကရုဏာတော်ရှင်၏ ကျွန်များသည် အကြင်သူများပင် ဖြစ်ကြ၏။ ထိုသူတို့သည် မုသားသက်သေခံကြသည်လည်း မဟုတ်ပေ။ *[၂၅ း ၇၂]*

ဆိုလိုသည်မှာ ဤသူတို့သည် လိမ်လည်ကာ မှားယွင်းမှုကို လုပ်ကိုင်ဆောင်ရွက်နေသော အသိုင်းအဝိုင်းများအတွင်း၌ မပါဝင်ကြပေ။ မှားယွင်းမှုနှင့် အလိမ်လည်ဆုံး ဖြစ်ရှိမှုမှာ ရှရစ်က် (တုဖက်နိုင်းယှဉ်မှု) နှင့် ကုဖွရ် (သွေဖည်ငြင်းဆိုမှု) ပင် ဖြစ်သည်။ ထိုအဆင့်၏နောက် ယေဘုယျအားဖြင့် ဖြစ်ရှိနေသော လိမ်လည်မှုနှင့် ပြစ်မှုဒုစရိုက်ဖြစ်ရှိစေသော အလုပ်များပင် ဖြစ်သည်။ အာယသ်တော်၏ အလိုသဘောမှာ ဤသို့ပင် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ် လက်ခံထားတော်မူသော ကျေးကျွန်များသည် ဤကဲ့သို့သော နေရာထိုင်ဝိုင်းများရှိရာဆီသို့ သွားရောက်ခြင်းမှ ရှောင်ရှားကြလေသည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးသည် ထိုအချက်၏ အလိုသဘောမှာ 'မုရှ်ရစ်က်တို့၏ အီးဒ်ပွဲတော်'များဖြစ်ကြောင်း မိန့်ဆိုထားသည်။

ဟဇရသ်မုဂျာဟိဒ်နှင့် မိုဟမ္မဒ်ဗင်န်ဟနဖီယာသခင်များက ယင်းအချက်၏ အလိုသဘောမှာ 'သီဆို၊ တီးမှုတ်သော နေရာများဖြစ်သည်' ဟူ၍ ဆိုသည်။ ဇိုဟ်ရီးနှင့် အေမာမ်မာလစ်က်သခင်ကြီးတို့က 'အရက်သောက်ခြင်းနှင့် တိုက်ခြင်းတို့၏ နေရာများဖြစ်ကြောင်း' ဟူ၍ မိန့်ဆိုထားကြပေသည်။ */ အိဗ်နေကစီးရ်ကျမ်း /*

ကေန်ဆိုလျှင် ယင်းအဆိုများ၌ ကွဲပြားမှု တစ်စုံတစ်ရာ မရှိပေ။ ဤအထက် တင်ပြပါ ထိုင်ဝိုင်းများအားလုံးသည် 'မဂျ်လေ့စေ့ဇူးရ်' (လိမ်လည်ကောက်ကျစ်သော ထိုင်ဝိုင်း) ဖြစ်ခြင်း၏ အခြေခံမှုတည်ချက်ပင် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ မွန်မြတ်သော ကျေးကျွန်များအဖို့ ဤကဲ့သို့သော ထိုင်ဝိုင်းများမှ ရှောင်ရှားရန်သင့်သည်။ အဘယ်ကြောင့်ဆိုသော် အလဟဿ မှားယွင်းသော အရာများအား တပ်မက်မှု ဆန္ဒသဘောအရ ကြည့်ရှုခြင်းသည်လည်း မိမိကိုယ်တိုင် ပါဝင်နေခြင်း၏ အမိန့်တွင် ပါဝင်သည်။ */ မဇ္ဇဟရီ /*

အချို့သော အဖွင့်ရှင်များသည် لَا يَشْهَدُونَ الزُّورَ (ထိုသူတို့သည် မုသားသက်သေခံကြသည်လည်း မဟုတ်ပေ) ဟူသော အာယသ်တော်တွင် يَشْهَدُونَ (သက်သေခံကြသည်) ဟူသော စကားလုံးကို 'သက်သေ' ဟူ၍ ကောက်ယူထားကြပေသည်။ အာယသ်တော်၏ အဓိပ္ပာယ်ကို 'ဤသူတို့သည် မုသားသက်သေ မထွက်ကြပေ' ဟူ၍ သတ်မှတ်အတည်ပြုထားကြပေသည်။ မတရား၊ မုသားသက်သေ ထွက်ဆိုခြင်းသည် ပြစ်မှုဒုစရိုက်ကြီးနှင့် အလွန်ကြီးလေးသော ပြစ်ဒဏ်ခံရမည့်အကြောင်း ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များတွင် ထင်ရှားကျော်ကြားစွာဖြင့် သိမြင်နိုင်ပေသည်။ ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်း၌ ဟဇရသ်အနတ်စ် ﷺ သခင်ကြီးယံမှ ဆင်ပြန်ချက် လာရှိထားပေသည်။ တမန်တော်မြတ် ﷺ သည် 'မတရား မုသား သက်သေထွက်ဆိုခြင်း' ကို အကြီးတကာ့ အကြီးမားဆုံးသော ပြစ်မှုဒုစရိုက်ဖြစ်ကြောင်း' ကို မိန့်တော်မူထားပေသည်။

ဟဇရသ်ဖာရူကေ့အအ်ဇွားမ် ﷺ သခင်ကြီးက မိန့်တော်မူထားပေသည်။ အကြင်သူတစ်ဦးနှင့် စပ်လျဉ်း၍ ၎င်းသည် မတရားမုသား သက်ထွက်ဆိုကြောင်းပြ၍ ရသည်ဆိုလျှင် ၎င်းအား ကြိမ်ဒဏ်အချက် (၄၀) ရိုက်ရမည်ဖြစ်ပြီး မျက်နှာကို အိုးမဲသုတ်ကာ ဈေး၌ လှည့်လည်ခေါ်ဆောင်ရမည်ဖြစ်ကာ သေးသိမ်သိက္ခာကျအောင် ပြုရပေမည်။ တစ်ဖန် ကာလကြာမြင့်သည့်အထိ အချုပ်ထောင်၌ ထားရှိရပေမည်။

[အိဗ်နေအဗီရှိုင်ဗား၊ အဗ်ဒုရ်ရပ်က်ဇားက်၊ မဇ္ဇဟရီး]

(၁၁) **အရည်အချင်း -**

وَإِذَا مَرُّوا بِاللَّغْوِ مَرُّوا كِرَامًا ﴿٧٢﴾

ထို့ပြင် ၎င်းတို့သည် အချည်းအနှီးသော အမှုကိစ္စ၏ အပါးမှ ဖြတ်သန်းသွားကြသောအခါ အိန္ဒြေရှိသူများပီပီ ဖြတ်သန်းသွားလာကြကုန်၏။ *[၂၅ : ၇၂]*

ဆိုလိုသည်မှာ အကယ်၍ အကျိုးမဲ့ အလဟဿဖြစ်ရာ ထိုင်ဝိုင်းများရှိရာဆီမှ ၎င်းတို့သည် ရုတ်တရက် အမှတ်မထင်ဘဲ ဖြတ်သန်းသွားရသည်ဆိုလျှင် ကာအိန္ဒြေရှိစွာ အရှုကို အောက်စိုက်၍ တည်ငြိမ်

စွာဖြင့် ဖြတ်သန်းသွားကြပေသည်။ အလိုသဘောမှာ 'ဤကဲ့သို့သော ထိုင်ဝိုင်းများ ရှိရာဆီသို့ ဤသူတို့သည် မိမိတို့၏ သဘောဆန္ဒအလျောက် ပါဝင်ခြင်း မရှိကြသကဲ့သို့ အကယ်၍ တစ်ခါတစ်ရံ တိုက်ဆိုင်သည့် သဘောမျိုးဖြင့် ဤကဲ့သို့သော ထိုင်ဝိုင်းရှိရာ အပါးမှ ဖြတ်သန်းသွားရသည်ဆိုလျှင် ထိုပြစ်မှုဒုစရိုက်၊ 'ဂိုနာဟ်'ဖြစ်သော ထိုင်ဝိုင်းဖြစ်ရာမှ မွန်မြတ်စွာဖြင့် ဖြတ်သန်းသွားကြလေ့ ရှိပေသည်'ဟူ၍ ဖြစ်သည်။ ဆိုလိုသည်မှာ ၄င်းတို့၏ ထိုလုပ်ရပ်ကို ဆိုးရွားကာ ရွံရှာထိုက်ဖွယ်ကောင်းသော အချက်ဟူ၍ သိမြင်ကာ ပြစ်မှုအတွင်း၌ နစ်မွန်းနေသော သူတို့ကိုလည်း အထင်သေး၊ သေးသိမ်မှုကို မပြုကာ မိမိတို့ကိုယ်တိုင်ကိုလည်း ၄င်းတို့ထက် သာပိုမွန်မြတ်သည်ဟူ၍ မှတ်ယူကာ ဂုဏ်မောက်မှုကိုလည်း မပြုကြပေ။ ဟဇရသ် အဗ်ဒုလ္လားဟ်ဗင်နိမတ်စ်အူးဒ် ﷺ သခင်ကြီးသည် တစ်နေ့ ရုတ်တရက် အကျိုးမဲ့ အလဟဿဖြစ်သော ထိုင်ဝိုင်းတစ်ခုအနားမှ ကျော်ဖြတ်သွားလေရာ ယင်းနေရာ၌ ရပ်တန့်မှုမပြုဘဲ ဆက်လက် လျှောက်လှမ်းသွားလေသည်။ တမန်တော်မြတ် ﷺ သည် ဤအချင်းအရာကို သိမြင်ပါမူ 'အိဗ်နေမတ်စ်အူးဒ် သခင်ကြီးသည် မွန်မြတ်သောသူဖြစ်ခဲ့ပြီ' ဟူ၍ မိန့်တော်မူကာ ဤအာယသ်တော်ကို ရွတ်ဖတ်တော်မူလေသည်။ အကြင်အာယသ်တော်အတွင်း၌ 'အကျိုးမဲ့၊ အလဟဿ ထိုင်ဝိုင်းအပါးမှ ကာအိန္ဒြေကြီးမြင့်သော သူတို့ကဲ့သို့ လျှောက်လှမ်းသွားရန် အမိန့်' ပါရှိလေသည်။ *[အိဗ်နေကာစီးရ်ကျမ်း]*

(၁၂) **အရည်အချင်း** –

وَالَّذِيْنَ اِذَا ذُكِّرُوْا بِاٰيٰتِ رَبِّهِمْ لَمْ يَخِرُّوْا عَلَيْهَا صُمًّا وَّعُمْيَانًا ﴿٧٣﴾

၄င်းပြင် အကြင်သူများပင် ဖြစ်၏။ ထိုသူတို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ အာယသ်တော်များဖြင့် ဆုံးမတရားပေးခြင်းကို ခံကြရသောအခါ ထိုသူတို့သည် ယင်းအာယသ်တော်များအပေါ်၌ နားပင်းသူများအဖြစ်လည်းကောင်း၊ မျက်ကန်းများအဖြစ်လည်းကောင်း ကျလာသည်မဟုတ်။

[၂၅ ‌: ၇၃]

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ် လက်ခံထားတော်မူသော ကျေးကျွန်များ အထူးဂုဏ်အင်အချက်မှာ ဤသို့ပင် ဖြစ်သည်။ ၄င်းတို့အား အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များနှင့် နောင်တမလွန် 'အာခေရသ်'အား သတိပေးလိုက်သည်ဆိုလျှင် ၄င်းတို့သည် ထိုအာယသ်တော်များဘက်သို့ နားကန်း၊ မျက်ကန်းများပမာ ဂရုမူခြင်းမျိုးမရှိဘဲ၊ ကြား၊ မြင်သောသူများကဲ့သို့ ယင်းအာယသ်တော်များအား စဉ်းစားမှုကို ပြုပြီး လက်တွေ့ဆောင်ရွက်မှုကို ပြုကြပေသည်။ မကြား၊ မမြင်သော သူများပမာ မေ့လျော့၊ ဂရုမမူသော သူများကဲ့သို့ မပြုမူကြပေ။ ဤအာယသ်တော်တွင် အချက်နှစ်ချက်ကို တင်ပြထားပေသည်။ အချက်တစ်ချက်မှာ အာယသ်တော်များအပေါ် ကျင့်ကြံခြင်းဖြစ်ပေသည်။ တစ်နည်း လေးနက်စွာဖြင့် အထူးဂရုမူ အာရုံစိုက်ခြင်း ဖြစ်သည်။ ဤအချက်သည်မူ ချီးမွမ်းထိုက်ဖွယ်ကောင်းပြီး အဓိကကျသော အချက်ဖြစ်ကာ အလွန်ကြီးမားသော ကုသိုလ်ကောင်းမှုတစ်ရပ်ဖြစ်သည်။ ဒုတိယအချက်မှာ မျက်ကန်း၊ နားကန်း

များပမာ ကျင့်ကြံခြင်း ဖြစ်သည်။ ယင်းသို့ ဖြစ်ရခြင်းမှာ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များ အား အာရုံကိုမျှ ထားရှိပေသည်။ သို့ရာတွင် လက်တွေ့ အကောင်အထည်ဖော်ဆောင်ရမည့် အခန်းကဏ္ဍ၌ ၄င်းတို့သည် မကြားနား၊ မမြင်သောသူများပမာ ဖြစ်ရှိနေခြင်းတို့ ဖြစ်သည်။ သို့မဟုတ် ကုရ်အာန်ကျမ်း တော်မြတ်၏ အာယသ်တော်များအပေါ် ကျင့်ကြံဆောက်တည်မှုကိုမျှ ပြုကြပေသည်။ သို့ရာတွင် ထိုဆောက် တည်ချက်များကို မှန်ကန်သော စည်းမျဉ်းဥပဒေသနှင့် ဆွဟာဗာကြီးများနှင့် သာဗေ့အီးန်သခင်ကြီးများ ၏ ဖွင့်ဆိုချက်နှင့် ဆန့်ကျင်ကာ မိမိတို့၏ အကြံစည်အကြံဥာဏ်နှင့် ကြားဘူးနားဝ အချက်များ၏ နောက်လိုက် သမှုကို ပြု၍ မှားယွင်းစွာဖြင့် ဆောင်ရွက်ကြပေသည်။ ဤသည်လည်း မျက်ကန်း၊ နားကန်းသူများကဲ့သို့ ကျင့်ကြံခြင်း၏ အမျိုးအစားတစ်ရပ်အတွင်း၌ ပါဝင်ပေသည်။

သာသနာ့ပညတ်ချက်များအဖို့ လေ့လာမှုသည် မလုံလောက်ဘဲ အတိတ်ခေတ် ပညာရှင်ကြီး များ၏ အဖွင့်နှင့်အညီ သိနားလည်ကာ ကျင့်ကြံရန် အရေးကြီးကြောင်း

တင်ပြလျက်ရှိနေသော အာယသ်တော်များအတွင်း၌ 'အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များ အတွင်းတွင် အာရုံပြုမှု မပြုဘဲ နားကန်း၊ မျက်ကန်းများပမာ ပြုမှုခြင်း' တို့ကို လွန်စွာ ပြစ်တင်ကဲ့ရဲ့မှု ပြုထားသကဲ့သို့ 'အာရုံစိုက်မှုနှင့် ကျင့်ကြံမှုကိုမျှ ပြုသော်လည်း မသိနားမလည်ကာ နလုံးအမြင်မရှိဘဲ မိမိအကြံဖြင့် ပြုချင်သကဲ့သို့ ပြုနေခြင်းအချက်အားလည်း ပြစ်တင်ရှုတ်ချထားပေသည်။ အိဗ်နေကစီးရ် သခင်ကြီးသည် အိဗ်နေအောင်သခင်ကြီးထံမှ ဆင့်ပြန်ထားပေသည်။ ၄င်းသည် ရှအ်ဗီးသခင်ကြီးအား 'အကယ်၍ ကျွန်ုပ်သည် နေရာထိုင်ဝိုင်းတစ်ခုရှိရာဆီသို့ ရောက်ရှိသွားရာ ထိုနေရာ၌ လူတို့သည် ပျပ်ပျပ်ဝပ် ဦးချ 'စဂျ်ဒဟ်' ပြုနေသည်ကို တွေ့မြင်ကာ မည်ကဲ့သို့သော 'စဂျ်ဒဟ်' ပြုမှုကို ပြုနေကြောင်း ကျွန်ုပ်သည် မသိရပါမူ ၄င်းတို့နှင့်အတူ မိမိသည် 'စဂျ်ဒဟ်' ၌ ပါဝင်နိုင်ပါ၏လော' ဟူ၍ မေးမြန်းရာ ထိုအခါ ဟဇရသ်ရှအ်ဗီက 'ပြုပိုင်ခွင့် မရှိပေ။ မုအ်မင်န်တို့အဖို့ မိမိတို့ မသိနားမလည်သော အလုပ်အား ဝင်ရောက် လုပ်ကိုင်ခြင်းသည် မပိုင်ပေ။ သို့သာမက သိနားလည်ပြီးမှသာလျှင် လုပ်ကိုင်ဆောင်ရွက်ရန် ၄င်းတို့အဖို့ အရေးကြီးသော အချက်ဖြစ်သည်။ အသင်သည် ၄င်းတို့ ပြုလုပ်လျက်ရှိနေသော အာယသ်တော်၏ 'စဂျ်ဒဟ်' ကို မကြားနာရသည်ဆိုလျှင် ၄င်းတို့ 'စဂျဒဟ်' ပြုနေခြင်း၏ အခြေခံဇစ်မြစ်အချက်ကိုလည်း မသိရှိရာ ရောက်ပေသည်။ သို့ဆိုလျှင် ဤကဲ့သို့ဖြင့် ၄င်းတို့နှင့်အတူ 'စဂျ်ဒဟ်' ၌ ပါဝင်ခြင်းသည် မပိုင်ပေ' ဟူ၍ ပြန်လည် ဖြေကြားလိုက်လေသည်။

ဤခေတ်ကာလ၌ 'သူပျို်များနှင့် ခေတ်သစ်ပညာရပ်ကို လိုက်စားသော လူတန်းစားများအတွင်း ၌ ကုရ်အာန်ကျမ်းတော်မြတ်ကို ရွတ်ဖတ်ခြင်းနှင့် သဘောပေါက်နားလည်စေရန် ဘက်သို့ အာရုံအနည်း နှင့်အများမဆို စူးစိုက်လာလျက်ရှိကြသည်။ ထိုသို့ အာရုံးစူးစိုက်လာကြပြီး တစ်ဆက်တည်းမှာပင် ၄င်းတို့ ကိုယ်တိုင်သည်ပင်လျှင် ကုရ်အာန်ကျမ်းတော်မြတ်၏ ဘာသာပြန်ကျမ်း၊ သို့မဟုတ် အကျယ်ချဲ့ ဖွင့်ဆို

ထားသော ကျမ်းတစ်ကျမ်းကျမ်းကို ကြည့်ရှုကာ ကုရ်အာန်ကျမ်းတော်မြတ်ကို ကိုယ်တိုင် သဘောပေါက်နားလည်ရန် ကြိုးစားလျက် ရှိနေကြပေသည်။ သို့ရာတွင် ဤကြိုးပမ်းမှုမှာ ဥပဒေသနှင့် လုံးဝကင်းမဲ့သော အချက်ဖြစ်ပေသည်။ အဘယ်ကြောင့် ဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်ကို မှန်ကန်စွာ သဘောပေါက်နားလည်သွားရမည့်အစား မှားယွင်းမှု၏ သားကောင်များအဖြစ် ဖြစ်သွားကြပေသည်။ ဥပဒေဘောင်နှင့်ကိုက်ညီသည့်အချက်မှာ 'ကမ္ဘာလောက၌ ရှိသော သာမန် မည်သည့်ပညာရပ်တစ်ရပ်မဆို ဆရာတစ်ပါးပါးဖြင့် မလေ့လာ မသင်ယူသရွေ့ ကာလပတ်လုံး စာအုပ်ကိုသာ လေ့လာမှုပြုခြင်းဖြင့် မည်သူတစ်ဦးတစ်ယောက်အဖို့ တိုးတက်မှုကို ရရှိနိုင်မည် မဟုတ်ပေ'ဟူ၍ ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်နှင့် ၄င်းကျမ်းတော်မြတ်၏ ပညာရပ်များကိုသာလျှင် 'ဘာသာပြန်ကိုသာ ကြည့်ရှုပြီး မိမိလိုရာ အလိုသဘောကို အဘယ်ကြောင့် ကောက်ယူ သတ်မှတ်နေကြသည်ကို မသိရှိရပေ။ ဤသို့ တတ်ကျွမ်းနားလည်သော ဆရာတစ်ပါး၏ လမ်းညွှန်မှု မပါဝင်သော ဥပဒေဘောင်မဲ့ လေ့လာမှုကို ပြုခြင်းသည်လည်း 'အလ္လာဟ်အသျှင်မြတ်၏ အာယသ်တော်များ အပေါ် မျက်ကန်း၊ နားကန်းများဖြစ်ခြင်း၏ အလိုသဘောအတွင်း၌ ပါဝင်သွားပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့အားလုံးအား ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်အပေါ်သို့ လျှောက်လှမ်းနိုင်သည့် စွမ်းအား ချီးမြှင့်ပေးသနားတော်မူပါစေ။

(၁၃) အရည်အချင်း -

وَالَّذِيْنَ يَقُوْلُوْنَ رَبَّنَا هَبْ لَنَا مِنْ اَزْوَاجِنَا وَذُرِّيّٰتِنَا قُرَّةَ اَعْيُنٍ وَّاجْعَلْنَا لِلْمُتَّقِيْنَ اِمَامًا ۝

ထို့ပြင် အကြင်သူများပင် ဖြစ်၏။ ထိုသူတို့သည် 'အို၊ ကျွန်ုပ်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်ုပ်တော်မျိုးတို့အား မိမိတို့၏ ဇနီး၊ သား၊ မြေးတို့ထံမှ မျက်စိအေးမြကြည်လင်မှုကို ပေးသနားတော်မူပါ။ ထို့ပြင် အသျှင်မြတ်သည် ကျွန်ုပ်တော်မျိုးတို့အား သူတော်ကောင်းများ၏ ရှေ့ဆောင်ရှေ့ရပ် (တစ်နည်း) စံနမူနာပြုလုပ်တော်မူပါ'ဟု လျှောက်ထား အသနားခံကြကုန်၏။

[၂၅ ၊ ၇၄]

ထိုအာယသ်တော်အတွင်း၌ မိမိ၏ သားသမီးများနှင့် ဇနီးသည်များအဖို့ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ '၄င်းတို့ကို မိမိတို့အဖို့ မျက်ဝန်းအစုံကို အေးမြကြည်လင်သော သူများအဖို့ ပြုပေးတော်မူပါ'ဟူ၍ ဒိုအာတောင်းဆိုခြင်းအကြောင်း ပါဝင်ပေသည်။ မျက်ဝန်းအစုံကို အေးမြကြည်လင်စေသော သူများအဖြစ် ပြုပေးတော်မူရန်ဟူသော အလိုသဘောသည် ဟဇရသ်ဟစန်း (ဗဇ္ဈီး) သခင်ကြီး၏ အကျယ်ချဲ့ဖွင့်ဆိုချက်နှင့်အညီ '၄င်းတို့အား အလ္လာဟ်အသျှင်မြတ်၏ နာခံမှုအတွင်း၌ နစ်မွန်းနေသည်ကို တွေ့မြင်ခြင်းသည်ပင်လျှင် လူတစ်ဦးတစ်ယောက်အဖို့ မျက်ဝန်းအစုံကိုမူ ရင်းအေးမြစေသောအချက်ဖြစ်သည်'ဟူ၍ ဖြစ်၏။ ထို့ပြင် အကယ်၍ သားသမီး၊ ဇနီးကြင်ယာတို့၏ အပေါ်ယံ ကျန်းမာရေး၊ သက်တောင့်သက်သာဖြစ်မှုနှင့် သာယာစပြောသော အခြေအနေတို့ကိုလည်း ယင်းအချက်အတွင်း ပါဝင်စေမည်ဆိုလျှင်လည်း ဗိုင်ပေသည်။

ဤနေရာ၌ ထိုတောင်းဆုဒိုအာမှ 'အလ္လာဟ်အသျှင်မြတ် လက်ခံထားတော်မူသော ကျေးကျွန်များသည် မိမိ၏ 'နဖ်စ်' (စိတ်ရိုင်း) ကို ပြုပြင်ခြင်းနှင့် ကောင်းမြတ်သော အကျင့်သီလများအား ဆောင်ရွက်နိုင်ခြင်းအပေါ် ရောင့်ရဲတင်းတိမ်မှု မရှိရုံသာမက မိမိတို့၏ သားသမီးများနှင့် ဇနီးကြင်ယာများကိုပါ စာရိတ္တများနှင့် ကျင့်ကြံမှုများကို ပြုပြင်ရန် သောကထားလျက် ရှိနေခြင်း' ၏ ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားပေသည်။ ယင်းအချက်ကို အကောင်အထည်ဖော်ဆောင်ရန်အတွက် ကြိုးပမ်းလျက်လည်း ရှိနေပေသည်။ ထိုအချက်များအနက် အချက်တစ်ချက်မှာ ၎င်းတို့ ပြုပြင်မှုရရှိရန်အတွက် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ ဒိုအာတောင်းခံလျက် ရှိနေပေသည်။ အာယသ်တော်၏ ရှေ့ဝါကျ၌ရှိသော တောင်းဆုဒိုအာ၏ ဤအစိတ်အပိုင်းကဏ္ဍသည်လည်း ပါဝင်နေပေသည်။

وَّاجْعَلْنَا لِلْمُتَّقِيْنَ اِمَامًا ﴿٧٤﴾

တစ်နည်းဆိုရသော် 'ကျွန်ုပ်တို့အား 'မွတ်သကီ' ခေါင်းဆောင်အဖြစ် ပြုပေးသနားတော်မူပါ။

[၂၅ : ၇၄]

ထိုအာယသ်တော်၏ အစိတ်အပိုင်းအတွင်း၌ ပြင်ပသဏ္ဌာန်အားဖြင့် ရှုမြင်သုံးသပ်မည်ဆိုလျှင် မိမိ၏ ရာထူး၊ အဆင့်အတန်းနှင့် အကြီးအကဲဖြစ်ရှိခြင်းကို ရယူရန် တောင်းဆိုသော် ဒိုအာဖြစ်ပေသည်။ အကြင်အချက်သည် ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားသော 'နုစူးစွ်' (လိုရင်းသဘောကို ယူဆောင်လာသော ဝါကျများ) ၏ ရှုထောင့်မှ တားမြစ်ထားပေသည်။ ပမာဆိုရသော် ကုရ်အာန်ကျမ်းတော်မြတ်တွင်

تِلْكَ الدَّارُ الْاٰخِرَةُ نَجْعَلُهَا لِلَّذِيْنَ لَا
يُرِيْدُوْنَ عُلُوًّا فِى الْاَرْضِ وَلَا فَسَادًا ۗ وَالْعَاقِبَةُ لِلْمُتَّقِيْنَ ﴿٨٣﴾

ဤသည် တမလွန်ဘဝ၏ ဘုံဗိမာန်ပင် ဖြစ်၏။ ငါအသျှင်မြတ်သည်ပင် ၎င်းဘုံဗိမာန်ကို အကြင်သူတို့အဖို့ သတ်မှတ်ပေးသနားတော်မူ၏။ ထိုသူတို့သည် တိုင်းပြည်တွင် မောက်မာပလွှားမှုကိုလည်း အလိုရှိကြသည်မဟုတ်ပေ။ စင်စစ် (ကောင်းမြတ်သော) အကျိုးဆက်သည် ပြစ်မှုဒုစရိုက်များမှ ရှောင်ကြဉ်ကြကုန်သော သူတို့အဖို့သာ ဖြစ်ပေသည်။ *[၂၈ : ၈၃]*

ဟူ၍ မိန့်တော်မူထားပေသည်။ ထို့ကြောင့် အချို့သော အာလင်မ်သာသနာ့ပညာရှင်များသည် ယင်းအာယသ်တော်အား အကျယ်ချဲ့ဖွင့်ဆိုရာ၌ 'လူတိုင်းသည် မိမိတို့၏ အိမ်သူအိမ်သားများနှင့် စပ်လျဉ်း၍ အသျှင်မြတ် ဖန်ဆင်းပေးသနားထားတော်မူခြင်း၏ သဘောသဘာဝအရ ခေါင်းဆောင်အကြီးအကဲသာလျှင် ဖြစ်ပေသည်။ ထို့ကြောင့် ယင်းဒိုအာ၏ အချုပ်သဘောရလဒ်မှာ ကျွန်ုပ်တို့၏ သားသမီး ဇနီးကြင်ယာများကို 'မွတ်သကီ' (သူတော်ကောင်း) များအဖြစ် ပြုပေးသနားတော်မူပါ။ သို့ဆိုလျှင် ဇီဇသဘာဝအားဖြင့် ဤသူသည် 'မွတ်သကီ' တို့၏ ခေါင်းဆောင်ဖြစ်သွားပေလိမ့်မည်' ဟူ၍ မိန့်ဆိုထားကြ

ပေသည်။ တင်ပြပါမိန့်ဆိုချက် အနှစ်သာရမှာ 'ဤနေရာ၌ မိမိအကြီးအကဲဖြစ်ရန်အတွက် တောင်းဆိုထားသည် မဟုတ်ဘဲ သို့သာမက သားသမီး၊ ဇနီးများအဖို့ သူတော်ကောင်းများဖြစ်ရန် ဒိုအာတောင်းဆိုထားခြင်း'ဟူ၍ ဖြစ်ပေသည်။ ဟဇရတ်အိဗ်ရာဟီမ်းနခ်အီးသခင်ကြီးက မိန့်ဆိုသည်မှာ ဤနေရာ၌ မိမိအဖို့ တစ်စုံတစ်ရာ ဦးစီးခေါင်းဆောင်ပြုမှုကို တောင်းဆိုရန် အဓိကအချက်မဟုတ်ပေ။ သို့သာမက ယင်းတောင်းဆုဒိုအာ၏ အဓိကအချက်မှာ ဤသို့ပင် ဖြစ်သည်။ ကျွန်ုပ်တို့အား 'ဒီးန်'သာသနာရေးရာနှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ ကျင့်ကြံဆောက်တည်မှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း ကျွန်ုပ်တို့၏ လမ်းစဉ်ကို နောက်လိုက်သမှုပြုရန် ဖြစ်သည်။ ကျွန်ုပ်တို့၏ အသိပညာနှင့် ဆောင်ရွက်မှုတို့ဖြင့် ၎င်းတို့အား အကျိုးပြုသောသူများအဖြစ်' ပြုပေးသနားတော်မူပါ။ သို့မှသာ ယင်းစဝါးဗ်များသည် ကျွန်ုပ်တို့အဖို့လည်း ရရှိမည် ဖြစ်ပေသည်။ ဟဇရတ်မပ်က်ဟူးလ် (ရာမီး) သခင်ကြီးက မိန့်ဆိုသည်မှာ တောင်းဆုဒိုအာ၏ အဓိကရည်ရွယ်ချက်မှာ မိမိအဖို့ 'ကမ္ဘာလောက၌ ရှိသော သူတော်ကောင်းများသည်ပင်လျှင် ကျွန်ုပ်တို့၏ ကျင့်ကြံမှုဖြင့် အကျိုးသက်ရောက်စေသော'ဟူ၍ အမြင့်မားဆုံးသော 'သဏ္ဍဝါ' (ရှောင်ကြဉ်ခြင်း) အဆင့်ကို မိမိအဖို့ ရရှိစေရန် ဖြစ်သည်။ ကုရ်သုဗီးသခင်ကြီးသည် ဤအဆိုနှစ်ရပ်စလုံးကို ဆင့်ပြန်ပြီးနောက် ယင်းအဆိုနှစ်ရပ်စလုံး၏ ရလဒ်မှာ တစ်ခုတည်းသာ ဖြစ်ပေသည်။ ဒီးန်သာသနာနှင့် နောင်တမလွန်'အာခေရသ်'၏ အကျိုးအတွက် ဦးဆောင်ဦးရွက်မှုကို တောင်းဆိုခြင်းသည် ပြစ်တင်ထိုက်ဖွယ် အချက်မဟုတ်ပေ။ သို့သာမက ပိုင်ပင် ပိုင်ပေသည်။ ထို့ပြင်

لَا يُرِيْدُوْنَ عُلُوًّا

ထိုသူတို့သည် တိုင်းပြည်တွင် မောက်မာပလွှားမှုကိုလည်း အလိုရှိကြသည် မဟုတ်ပေ။

[၂၈ : ၈၃]

ဟူသော အာယသ်တော်အတွင်း၌ ပါရှိသော ဦးဆောင်ဦးရွက်ပြုမှုကို ပြုလိုရန် မက်ထားမှုကို ပြစ်တင်ရှုတ်ချထားခြင်းသည် လောကီရေးရာ ဂုဏ်သိက္ခာနှင့် သက်ဆိုင်ပေသည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိဆုံး ဖြစ်တော်မူ၏။) ဤနေရာထိတိုင် ကရုဏာတော်ရှင်၏ ကျေးကျွန်များဟူသော ပြည့်ဝသည့် မုအ်မင်န်များ၏ အရေးကြီးသော အရည်အချင်းများအကြောင်းသည် ပြည့်စုံသွားပေသည်။ ရှေ့၌ ၎င်းတို့၏ အကျိုးနှင့် 'အာခေရသ်' တမလွန်၌ ရရှိမည်ဖြစ်သော အဆင့်များအကြောင်း ဖြစ်ပေသည်။

أُولَٰٓئِكَ يُجْزَوْنَ الْغُرْفَةَ

ဤသူတို့သည် 'ဂျန္နသ်'သုခဘုံ၏ မြင့်မြတ်သော အဆောင်များကိုပင် အစားပေး ချီးမြှင့်ခြင်း ခံကြရပေမည်။

[၂၅ : ၇၅]

'ဂုရ်ဖသုန်း'၏ လုံးချင်းကောက် အဘိဓါန်အဓိပ္ပာယ်မှာ အပေါ်ထပ်အဆောင်၊ လသာဆောင်ဟူ၍ ရရှိ၏။ 'ဂျန္နသ်'၌ အလ္လာဟ်အသျှင်မြတ်နှင့် သီးသန့် နီးကပ်သောသူများအဖို့ အများစု 'ဂျန္နသ်'သားများ

သည် ကမ္ဘာမြေရှိ သူတို့သည် ကြယ်တာရာများကို တွေ့မြင်နေရသကဲ့သို့ မြင့်မြတ်သော အဆောင်များ တည်ရှိနေလိမ့်မည်။ *[ဘုခါရီ၊ မုတ်စ္စလင်မ်၊ မဇ္ဇဟရီး]*

မွစ်နဒ်အဟ်မဒ်၊ ဗိုက်ဟကီ၊ သိရ်မေဇီနှင့် ဟာကင်မ်ကျမ်း၌ ဟဇရသ်အဗူမာလစ်ကဲအရှ်အရီ သခင်ကြီးထံမှ ဆင့်ပြန်ချက်လာရှိထားပေသည်။ တမန်တော်မြတ် ﷺ သည် ဤသို့ မိန့်တော်မူထားပေ သည်။ 'ဂျန္နသ်'၌ ဤသို့ မြင့်မြတ်သော အဆောင်များ ရှိပေသည်။ အကြင်အဆောင်များ၏ အတွင်းပိုင်း များကို အပြင်မှသော်လည်းကောင်း၊ အပြင်ပိုင်းကို အတွင်းမှသော်လည်းကောင်း တွေ့မြင်ရပေသည်။ အို၊ ကိုယ်တော်၊ ဤအဆောင်များသည် မည်ကဲ့သို့သော သူများအဖို့ ဖြစ်ပေသနည်း' ဟူ၍ ဆွဟာဗာကြီး များက လျှောက်ထားကြရာ ကိုယ်တော်မြတ် ﷺ က 'အကြင်သူသည် မိမိ၏ အပြောအဆိုကို နူးညံ့မွန်ရည် စွာ ထားရှိ၍ မွတ်စ္စလင်မ်တိုင်းအား စလာမ်ပေးနှုတ်ခွန်းဆက်ကာ အစားအစာများ ကျွေးမွေးမှုကိုလည်း ပြုလေသည်။ အခြားသူများ အိပ်စက်အနားယူနေချိန်၌ 'သဟဂ်ျဂျုဒ်'နမာဇ်ကို ဝတ်ပြုသော သူတို့အဖို့သာ ဖြစ်ကြောင်း ပြန်လည် မိန့်ကြားတော်မူပေသည်။ *[မဇ္ဇဟရီကျမ်း]*

وَيُلَقَّوْنَ فِيهَا تَحِيَّةً وَسَلَامًا

ထို့ပြင် ၎င်းတို့သည် ယင်းအဆောင်များ၌ ကောင်းကင်တမန်တော်များ၏ နှစ်ထောင်းအားရ ရွှင်လန်း စွာ စလာမ်မေတ္တာပို့သ၍ နှုတ်ခွန်းဆက်သခြင်းအားဖြင့် တွေ့ကြုံစေ၍ ခရီးဦးကြိုဆိုခြင်းကို ခံကြရပေသည်။ *[၂၅ : ၇၅]*

ဆိုလိုသည်မှာ 'ဂျန္နသ်'၏ အခြားသော 'နေ့အ်မသ်' စည်းစိမ်တော်များနှင့်အတူ 'ကောင်းကင် တမန်တော်များမှ ကောင်းချီးသြဘာပေး၍ စလာမ်ပေးခြင်း ခံရမည်'ဟူသော ဂုဏ်သိက္ခာချီးမြှင့်မှုမျိုးကို ခံကြရပေမည်။ ဤနေရာထိတိုင် စိတ်စေတနာဖြူစင်သော မုအ်မင်န်များ၏ သီးသန့်အကျင့်အမူ လုပ်ရပ်များ နှင့် ၎င်းတို့၏ 'စဝါးဗ်'အကြောင်းကို တင်ပြထားပေသည်။ နောက်ဆုံးအာယသ်တော်အတွင်း၌ ကာဖိရ် နှင့် မုရှ်ရစ်ကဲများကို ပြစ်ဒဏ်ဖြင့် ခြိမ်းခြောက်ကာ စူရာဟ်ကို အဆုံးသတ်ထားပေသည်။

قُلْ مَا يَعْبَؤُا بِكُمْ رَبِّي لَوْلَا دُعَاؤُكُمْ

အို၊ နဗီတမန်တော်၊ အသင်သည် ပြောကြားပါလေ။ အချင်းတို့ အကယ်၍ အသင်တို့သည် ဆုတောင်း တမ်းတခြင်း မရှိခဲ့ကြပါလျှင်၊ ငါ့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် အသင်တို့အား လုံးဝ ဂရုစိုက်တော်မူမည်မဟုတ်ပေ။ *[၂၅ : ၇၇]*

ထိုအာယသ်တော်အား အကျယ်ချဲ့ဖွင့်ဆိုရာ၌ အဆိုအမျိုးမျိုး ကွဲပြားနေပေသည်။ သာဝို ရှင်းလင်း လွယ်ကူသော အချက်ကို စကားပြေအကျဉ်းချုပ်၌ ရေးသားတင်ပြထားပြီးဖြစ်ပေသည်။ 'အကယ်၍ အသင် တို့ဘက်မှ အလ္လာဟ်အသျှင်မြတ်အား ဟစ်ခေါ်တမ်းတခြင်းနှင့် ခဝပ်ကိုးကွယ်ခြင်း' မရှိခဲ့ပါလျှင် အလ္လာဟ်

အသျှင်မြတ်၏ ထံတော်ပါး၌ အသင်တို့၏ ဂုဏ်သိက္ခာနှင့် အဆင့်အတန်းတစ်စုံတစ်ရာမျှ ရှိမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် လူသားတို့အား အဓိက ဖန်ဆင်းရခြင်း၏ ရည်ရွယ်ချက်သည် အလ္လာဟ်အသျှင်မြတ်အား ခဝပ်ကိုးကွယ်ရန် ဖြစ်ပေသည်။

وَمَا خَلَقْتُ الْجِنَّ وَالْاِنْسَ اِلَّا لِيَعْبُدُوْنَ

စင်စစ် ငါအသျှင်မြတ်အား ခဝပ်ကိုးကွယ် ဆည်းကပ်ရန်အတွက်သာလျှင် 'ဂျင်န်' နှင့် လူသားကို ဖန်ဆင်းတော်မူခဲ့၏။ *[၅၁ ፡ ၅၆]*

ဤအထက်ဖော်ပြပါ တင်ပြချက်သည် အများလက်ခံသော ပုံသေနည်းတစ်ရပ် ဖြစ်ပေသည်။ ခဝပ်ကိုးကွယ်မှု တစ်စုံတစ်ရာမျှ မရှိဘဲ လူသားသည် အဆင့်အတန်း၊ တန်ဖိုး တစ်စုံတစ်ရာမျှ ရှိမည်မဟုတ်ပေ။ ထို့နောက် ရစူလ်တမန်တော်များ ရစူလ်ဖြစ်ခြင်းနှင့် အလ္လာဟ်အသျှင်မြတ်အား ခဝပ်ကိုးကွယ်ရန် ငြင်းဆိုကြကုန်သော ကာဖိရ်မုရှ်ရစ်က်များကို မိန့်ဆိုထားပေသည်။

فَقَدْ كَذَّبْتُمْ

ယခုသော် ဧကန်မလွဲ အသင်တို့သည် အမှန်တရားတော်ကို မဟုတ်မမှန်ဟူ၍ စွပ်စွဲပြောဆို ငြင်းပယ်ခဲ့ကြပြီးဖြစ်ရာ။ *[၂၅ ፡ ၇၇]*

ဆိုလိုသည်မှာ အသင်တို့သည် အရာအားလုံးကို ငြင်းဆိုကြပြီးဖြစ်ရာ ယခု အသင်တို့၏ ဂုဏ် အဆင့်အတန်းသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ တစ်စုံတစ်ရာမျှ မရှိပေ။

فَسَوْفَ يَكُوْنُ لِزَامًا

မကြာမီ ယင်းစွပ်စွဲပြောဆိုမှုကြောင့် အသင်တို့အပေါ်၌ မလွဲမသွေ ပြစ်ဒဏ်ခတ်ခြင်း ခံရပေလိမ့်မည်။ *[၂၅ ፡ ၇၇]*

ဆိုလိုသည်မှာ ယခု ဤငြင်းဆိုမှုတို့သည် အသင်တို့၏ လည်ဆွဲအသွင် ဖြစ်သွားခဲ့ချေပြီ။ ထို့ပြင် 'ဂျဟန္နမ်'၏ ထာဝစဉ်ပြစ်ဒဏ်အတွင်း၌ နစ်မွန်းချန်ထားရစ်စေခြင်း၏ အတိုင်းအတာခန့်ထိတိုင် ယင်းငြင်းဆိုမှုတို့သည် တွယ်ကပ်ငြိစွန်းနေပေသည်။ ('ဂျဟန္နမ်'တို့၏ အခြေအနေမျိုးကဲ့သို့ ဖြစ်ရှိခြင်းမှ ကင်းလွတ်ရန် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ ခိုလှုံခွင့် တောင်းခံပါ၏။)

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်ရှုအရာအ်

လင်္ကာဆရာများ ကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

طٰسٓمّٓ ①

၂၆ : ၁ ။ ။ သွာ၊ စီန်….၊ မီးမ်…..။

تِلْكَ اٰيٰتُ الْكِتٰبِ الْمُبِيْنِ ②

၂၆ : ၂ ။ ။ ဤသည် ထင်ရှားလှစွာသော ကျမ်းဂန်၏ အာယသ်တော်များပင် ဖြစ်၏။

لَعَلَّكَ بَاخِعٌ نَّفْسَكَ اَلَّا يَكُوْنُوْا مُؤْمِنِيْنَ ③

၂၆ : ၃ ။ ။ (အို၊ နဗီတမန်တော်) ၎င်း (မက္ကာဟ်မြို့သား) တို့သည် မုအ်မင်နသက်ဝင် ယုံကြည်ခြင်းမရှိကြသော ကြောင့် အသင်သည် မိမိကိုယ်ကို မိမိ သတ်သေချင်လုမတတ် ဖြစ်နေဘိ၏။ (တမန်တော်မြတ်သည် ကာဖိရ်များ အစ္စလာမ် အတွင်းသို့ ရောက်ရှိလာရေးကို အလွန်တရာမျှ လိုလားတော်မူ၏။)

اِنْ نَّشَاْ نُنَزِّلْ عَلَيْهِمْ مِّنَ السَّمَآءِ اٰيَةً فَظَلَّتْ اَعْنَاقُهُمْ لَهَا خٰضِعِيْنَ ④

၂၆ : ၄ ။ ။ အကယ်၍သာ ငါအသျှင်မြတ်သည် အလိုရှိတော်မူပါလျှင်၊ မိုးကောင်းကင်မှ သက်သေလက္ခဏာတော် တစ်ပါးကို ၎င်းတို့အပေါ်သို့ ချပေးတော်မူမည်။ ထိုအခါ ၎င်းတို့၏ လည်တိုင်များသည် ယင်းသက်သေလက္ခဏာ၏ ရှေ့မှောက်ဝယ် ကိုင်းညွတ်ရိုကျိုးလာကြပေမည်။

وَمَا يَاْتِيْهِمْ مِّنْ ذِكْرٍ مِّنَ الرَّحْمٰنِ مُحْدَثٍ اِلَّا كَانُوْا عَنْهُ مُعْرِضِيْنَ ⑤

၂၆ : ၅ ။ ။ စင်စစ် 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်၏ ထံတော်မှ မည်သည့်သစ်လွင်သော အဆုံးအမတရားတော် (တစ်စုံတစ်ရာ) သည် ၎င်းတို့ထံသို့ ရောက်ရှိလာပါလျှင် ၎င်းတို့သည် ယင်းအဆုံးအမ တရားတော်ဘက်မှ မျက်နှာလွှဲ၍ နေလေ့ ရှိခဲ့ကြသည်သာ ဖြစ်၏။

فَقَدْ كَذَّبُوا فَسَيَأْتِيهِمْ أَنْبَٰٓؤُا مَا كَانُوا بِهِۦ يَسْتَهْزِءُونَ ⑥

၂၆ : ၆ ။ ။ ယခုသော် ၎င်းတို့သည် (ထိုအဆုံးအမ တရားတော်ကို) မဟုတ်မမှန်ဟူ၍ပင် စွပ်စွဲငြင်းပယ်ခဲ့ကြပေရာ ၎င်းတို့ ပြက်ရယ်သမှု ပြုလျက် ရှိခဲ့ကြသော အရာ၏ အဖြစ်မှန်သည် မကြာမီပင် ၎င်းတို့ထံ ရောက်ရှိလာပေမည်။

أَوَلَمْ يَرَوْا إِلَى الْأَرْضِ كَمْ أَنْبَتْنَا فِيهَا مِنْ كُلِّ زَوْجٍ كَرِيمٍ ⑦

၂၆ : ၇ ။ ။ ၎င်းတို့သည် ပထဝီမြေကြီးကို မမြင့်ခဲ့ကြလေသလော။ ငါအသျှင်မြတ်သည် ယင်းပထဝီမြေ၌ တင့်တယ်ကောင်းမြတ်လှစွာသော (သစ်ဥ၊ သစ်ပွင့်၊ သစ်သီး အစရှိသော) အမျိုးစုံတို့ကို အဘယ်မျှလောက် များပြားစွာ ပေါက်ရောက်စေတော်မူခဲ့ပါသနည်း။

إِنَّ فِي ذَٰلِكَ لَآيَةً ۖ وَمَا كَانَ أَكْثَرُهُمْ مُؤْمِنِينَ ⑧

၂၆ : ၈ ။ ။ ဧကန်စင်စစ် ဤသည်၌ ကြီးကျယ်လှစွာသော သက်သေလက္ခဏာတစ်ရပ်သည် အမှန်ပင် ရှိပေသည်။ သို့ရာတွင် ၎င်းတို့အနက် မြောက်မြားစွာသော သူတို့သည် မုအ်မင်န်သက်ဝင် ယုံကြည်ကြမည့်သူများ မဟုတ်ကြပေ။

وَإِنَّ رَبَّكَ لَهُوَ الْعَزِيزُ الرَّحِيمُ ⑨

၂၆ : ၉ ။ ။ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည်ပင် အလွန်တရာ လွှမ်းမိုးတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

'သွာစီးန်မ်မီးမ်' (ထိုစကားလုံး၏ အဓိပ္ပာယ်ကို အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံးဖြစ်တော်မူ၏။)

ဤသည် (အသင်တို့ထံသို့ ထုတ်ပြန်ချမှတ်ပေးထားတော်မူသည့်) ထင်ရှားလှစွာသော (ကုရ်အာန်) ကျမ်းတော်မြတ်၏ အာယသ်တော်များ (၏ စာစဉ်များ) ပင် ဖြစ်၏။

(ဤကျမ်းမြတ်အပေါ် အီမာန်မရယူကြသော သူတို့နှင့် စပ်လျဉ်း၍ အသင်သည် အဘယ်ကြောင့် ဤမျှခန့် ဝမ်းနည်းနေ၍ နေပေသနည်း။ အသင်နှင့် စပ်လျဉ်း၍ သိရှိရသည်မှာ အို၊ နဗီတမန်တော်) ၎င်း (မက္ကာဟ်မြို့သား) တို့သည် မုအ်မင်န်သက်ဝင်ယုံကြည်ခြင်း မရှိကြသောကြောင့် အသင်သည် (ဝမ်းနည်းရင်း) မိမိကိုယ်ကို မိမိ သတ်သေချင်လုမတတ် ဖြစ်နေဘိ၏။ (တမန်တော်မြတ် ﷺ သည် ကာဖိရ်များ အစ္စလာမ်အတွင်းသို့ ရောက်ရှိလာရေးကို အလွန်တရာမျှ လိုလားတော်မူ၏ မူရင်းအချက်မှာ ဤသို့ပင် ဖြစ်သည်။ ဤလောကသည် စမ်းစစ်ခြင်းခံရသော လောကဖြစ်သည်။ ထိုလောကအတွင်း၌ အမှန်တရားကို

အတည်ပြုပေးရာတွင် ထိုအထောက်အထားတို့ကို တင်ပြထားပေသည်။ အကြင်အထောက်အထားများ အား သိရှိပြီးနောက် အီမာန်ရယူရန်သည် ဗန္ဒာကျေးကျွန်၏ ပင်ကိုယ်ရွေးချယ်မှုအတွင်း၌ ရှိနေပေသည်။ သို့တည်းမဟုတ်ပါက) အကယ်၍သာ ငါအသျှင်မြတ်သည် (အတင်းအဓမ္မ ၎င်းတို့ကို မုအ်မင်န်များအဖြစ် ပြုရန်) အလိုရှိတော်မူပါလျှင် မိုးကောင်းကင်မှ (ဤသို့သော) သက်သေလက္ခဏာတော်တစ်ပါးကို ၎င်းတို့ အပေါ်၌ ချပေးတော်မူမည်။ (သို့ဆိုလျှင် ၎င်းတို့၏ လည်တိုင်များသည် ယင်းသက်သေလက္ခဏာ (လာ ရောက်ခြင်း) ၏ ရှေ့မှောက်ဝယ် ကိုင်းညွတ်ရှိကျိုးလာကြပေမည်။ (သို့ဆိုလျှင် အဓမ္မ အကြပ်ကိုင်ခြင်း ခံရသော အသွင်မျိုးဖြင့် မုအ်မင်န်ဖြစ်သွားပေမည်။ သို့ရှိရာ ဤကဲ့သို့ ပြုလိုက်ခြင်းအားဖြင့် စမ်းစစ်မှု သည် ကျန်ရှိနေမည် မဟုတ်ပေ။ ထို့ကြောင့် ဤသို့ မပြုထားပေ။ အမှုကိစ္စကို ရွေးချယ်မှုနှင့် အကြပ် ကိုင်ခြင်း၏ ကြား၌ ထားရှိပေသည်။)

စင်စစ် (၎င်းတို့၏ အခြေအနေမှာ ဤသို့တည်း။) 'ရဟ်မာန်'အနန္တကရုဏာတော်ရှင်၏ ထံတော်မှ မည်သည့်သစ်လွင်သော အဆုံးအမတရားတော် (တစ်စုံတစ်ရာ) သည် ၎င်းတို့ထံသို့ ရောက်ရှိလာပါလျှင် ၎င်းတို့သည် ယင်းအဆုံးအမတရားတော်ဘက်မှ မျက်နှာလွှဲ၍ နေလေ့ရှိခဲ့ကြသည်သာ ဖြစ်၏။

ယခုသော် (ထိုမျက်နှာလွှဲမှုသည် ဤမျှအတိုင်းအတာခန့်ထိ ရောက်ရှိခဲ့သည်မှာ) ၎င်းတို့သည် (ထိုမှန်ကန်သော အဆုံးအမ သာသနာ့တရားတော်ကို) မဟုတ်မမှန်ဟူ၍ပင် စွပ်စွဲငြင်းပယ်ခဲ့ကြပေရာ (အကြင်ငြင်းပယ်ခြင်းသည် ဂရုမမူခြင်း၏ နောက်ဆုံးအဆင့်ဖြစ်ပေသည် ထိုငြင်းဆိုမှု၏ ပထမအဆင့် ဖြစ်သော မျက်နှာလွှဲသည့် အဆင့်သာလျှင် မဟုတ်တော့ဘဲ၊ တစ်ဖန် ငြင်းဆိုမှုကို ပြုရုံသာမက နောက် ပြောင်သရော်မှုနှင့်အတူ) ၎င်းတို့ ပြက်ရယ်သမှုပြုလျက် ရှိခဲ့ကြသော အရာ၏ အဖြစ်မှန်သည် မကြာမီပင် ၎င်းတို့ထံ ရောက်ရှိလာပေမည်။ (ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ပြစ်ဒဏ်တော်ကို ကွယ်လွန်ခါနီးချိန် သို့မဟုတ် 'ကေယာမသ်'နေ့၌ ကွက်ကွက်ကွင်းကွင်း မြင်တွေ့သွားကြပေလိမ့်မည်။ ထိုအချိန်၌ ကုရ်အာန် ကျမ်းတော်မြတ်၊ သို့မဟုတ် ကျမ်းတော်မြတ်အတွင်း၌ ရှိသော ပြစ်ဒဏ် အစရှိသော အရာများ၏ မှန်ကန် ကြောင်းကို မြင်တွေ့သွားကြပေလိမ့်မည်။

၎င်းတို့သည် (မိမိတို့နှင့် အလွန်နီးကပ်၍ အစဉ်အမြဲ မြင်တွေ့နေရသော) ပထဝီမြေကို မြင်ခဲ့ကြ လေသလော။ ငါအသျှင်မြတ်သည် ယင်းပထဝီမြေ၌ တင့်တယ်ကောင်းမြတ်လှစွာသော (သစ်ဥ၊ သစ်ပွင့်၊ သစ်သီး အစရှိသော) အမျိုးစုံတို့ကို အဘယ်မျှလောက် များပြားစွာ ပေါက်ရောက်စေတော်မူခဲ့ပါသနည်း။

(အကြင်အရာများကဲ့သို့ အခြားဖန်ဆင်းခြင်းခံထားရသော အရာများအားလုံးသည်လည်း မိမိတို့ အား ဖန်ဆင်းပြုလုပ်တော်မူသော အသျှင်မြတ် ရှိကြောင်း၊ ယင်းသို့ တည်ရှိခြင်းသည်လည်း တစ်ပါးတည်း တည်ရှိကြောင်းနှင့် ပြည့်စုံစွာ စွမ်းနိုင်တော်မူကြောင်းကို ညွှန်ပြလျက်ရှိနေပေသည်မှာ) ဧကန်စင်စစ် ဤသည် ၌ (ပင်ကိုယ် 'ဇာသ်'တော်၊ ဂုဏ်တော်များနှင့် ပြုစွမ်းနိုင်ခြင်းသည် တစ်ပါးတည်း တည်ရှိခြင်းသည် ဦးနှောက်အသိဉာဏ်အရ စဉ်းစား၍ ရရှိနိုင်သော) ကြီးကျယ်လှစွာသော သက်သေလက္ခဏာတစ်ရပ်သည် အမှန်ပင် ရှိပေသည်။ (ခဝပ်ကိုးကွယ်ခြင်း ခံထိုက်တော်မူသော အသျှင်မြတ်ဖြစ်ရန်အတွက် 'ဇာသ်'ပင်ကိုယ်

တော်၌သော်လည်းကောင်း၊ ဂုဏ်တော်များ၌သော်လည်းကောင်း ပြီးပြည့်စုံရန်သည် စည်းကမ်းချက်ဖြစ်ပေသည်။ ထိုတင်ပြပါ ပြီးပြည့်စုံတော်မူခြင်း၏ မရှိမဖြစ် လိုအပ်သောအချက်များအတွင်း၌ 'တစ်ပါးတည်းတည်ရှိရန်' ဟူသည်လည်း ခဝပ်ကိုးကွယ်တော်မူခြင်း ခံထိုက်တော်မူသော အသျှင်ဖြစ်ခြင်း၏ အတွင်း၌ ပါဝင်ပေသည်။) သို့ရာတွင် (ထိုသို့ တည်ရှိနေသည့် ကြားကတည်းကပင်) ၎င်းတို့အနက် မြောက်မြားစွာသော သူတို့သည် မုအ်မင်န်) သက်ဝင်ယုံကြည်ကြမည့်သူများ မဟုတ်ကြပေ။ (ရှရိစ်က် တုဖက်နိုင်းယှဉ်မှုများ ပြုကြသည်။ အချုပ်ဆိုရသော် ရှရစ်က် (တုဖက်နိုင်းယှဉ်မှု ပြုခြင်း) သည် နဗီ၏ နဗီဖြစ်ကြောင်းကို ငြင်းဆိုခြင်းထက် သာပိုကျူးလွန်သော ပြစ်ချက် ဖြစ်ပေသည်။ အထက်ပါရှင်းလင်းချက်မှ '၎င်းတို့၏ မုန်းတီးမှုတရား ထားရှိခြင်းသည် ၎င်းတို့၏ ပင်ကိုယ်ဗီဇ သဘောတရားကိုပင် လုံးဝ အသိ၊ သတိ ပပျောက်အောင် ပြုထားကြောင်း' ကို သိရှိရပေသည်။ တစ်ဖန် ဤသူတို့၏ နောက်သို့ အဘယ်ကြောင့် အပင်ပန်းခံကာ ကြိုးပမ်းမှုကို ပြုနေပေသနည်း။

စင်စစ် (အကယ်၍ ၎င်းတို့သည် ရှရစ်က်ပြုခြင်း၊ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ ရှုတ်ချဖွယ် ကောင်းခြင်းနှင့် စပ်လျဉ်း၍ 'ကျွန်ုပ်တို့အပေါ် 'အဇာဗ်' အပြစ်ဒဏ်တော် အဘယ်ကြောင့် ချက်ချင်း မကျရောက်ပေသနည်း' ဟူ၍ သံသယရှိနေပါက ယင်းသို့ ချက်ချင်း မကျရောက်စေခြင်း၏ အကြောင်းရင်းမှာ) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ပြီးပြည့်စုံစွာ စွမ်းနိုင်တော်မူသော အသျှင်မြတ်ဖြစ်သည့် ကြားကတည်းကပင်) အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အသျှင်မြတ် (လည်း) ဖြစ်တော်မူပေသည်။ (ထိုအသျှင်မြတ်၏ လွှမ်းခြုံတော်မူသော ကရုဏာတော်သည် ကမ္ဘာလောက၌ ကာဖိရ်များအဖို့နှင့်လည်း ပတ်သက်နေပေသည်။ ထိုကရုဏာတော်၏ အကျိုးဆက်တရားကြောင့် ၎င်းတို့အား နှောင့်ဆိုင်းခွင့် ပေးထားခြင်း ဖြစ်ပေသည်။ သို့တည်းမဟုတ် ကုဖွရ် (သွေဖည်ငြင်းဆိုခြင်း) သည် ဧကန်မုချ ရှုတ်ချဖွယ်ကောင်းခြင်းနှင့် ပြစ်ဒဏ်တော်ကို လိုလားတောင့်တသော အရာဖြစ်ပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

لَعَلَّكَ بَاخِعٌ نَّفْسَكَ

အသင်သည် မိမိကိုယ်ကို မိမိ သတ်သေချင်လုမတတ် ဖြစ်နေဘိ၏။ *[၂၆ း ၃]*

'ဗာခိအွူန်' သည် 'ဗခ်အွန်' ဟူသော ပုဒ်မှ ဆင်းသက်လာခြင်း ဖြစ်သည်။ 'ဗဇာဟ်' ပြုရင်းပြုရင်း လည်ချောင်းအသက် သွေးကြောထိတိုင် ရောက်ရှိခြင်း' ဟူ၍ အဓိပ္ပာယ် ရရှိ၏။ ဤနေရာ၌ 'ဗာခိအွူန်' ဟူသော စကားလုံး၏ အလိုသဘောသည် 'မိမိကိုယ်ကို မိမိ ဒုက္ခတွင်းသို့ သက်ရောက်စေခြင်း' ဟူ၍ ဖြစ်သည်။

အလ္လာဟ်မာဟ်အပ်စ်ကရီးသခင်ကြီးက 'ဤနေရာ၌ လာသော စကားလုံးမျိုးနှင့် အလားတူ နေရာများ၌ သတင်းပေးဝါကျများ ဖြစ်နေလင့်ကစား သို့ရာတွင် စင်စစ် ဤနေရာ၌ အလိုသဘောသည် 'အငြင်းဝင်၊

တားမြစ်ခြင်း' ဖြစ်သည်ဟူ၍ မိန့်တော်မူထားပေသည်။ အလိုသဘောမှာ 'အို၊ နဗီတမန်တော်၊ မိမိ၏ မျိုးနွယ်အုပ်စု ကုရှ်ရှ် (သွေးဖည်ငြင်းဆိုမှု) နှင့် အစ္စလာမ်သာသနာအား ဂရုမမူခြင်းတို့ကြောင့် အသက်ထွက်လု မတတ် ပူဆွေးသောကရောက်ရှိ၍ မနေလင့်'ဟူ၍ ဖြစ်သည်။ ဤအထက်တင်ပြပါ အာယသ်တော်မှ 'ကာဖိရ်တစ်ဦးနှင့် စပ်လျဉ်း၍ ၎င်း၏ နဖူးစာကံ၌ အီမာန်ရယူရန် အကြောင်းမရှိသည်ကို သိရှိချိန်၌လည်း ၎င်းအား သာသနာပြုခြင်းမှ မရပ်ဆိုင်းသင့်ကြောင်း'ကို သိရှိရပေသည်။ ဒုတိယသိရှိရသော အချက်မှာ 'ပင်ပန်းဒုက္ခခံရာ၌လည်း အလယ်အလတ် အပိုင်းအတာသာ ရှိသင့်ကြောင်းနှင့် တရားလမ်းမှန် မရရှိသော သူအပေါ်၌သာ ပို၍ သောကဝေဖြာမှု မထားသင့်ကြောင်း' ဟူ၍လည်း ဖြစ်၏။

إِن نَّشَأْ نُنَزِّلْ عَلَيْهِم مِّنَ السَّمَاءِ آيَةً فَظَلَّتْ أَعْنَاقُهُمْ لَهَا خَاضِعِينَ ﴿٤﴾

အကယ်၍သာ ငါအသျှင်မြတ်သည် အလိုရှိတော်မူပါလျှင် မိုးကောင်းကင်မှ သက်သေလက္ခဏာ တော်တစ်ပါးကို ၎င်းတို့အပေါ် ချပေးတော်မူမည်။ ထိုအခါ ၎င်းတို့၏ လည်တိုင်များသည် ယင်းသက်သေ လက္ခဏာ၏ ရှေ့မှောက်ဝယ် ကိုင်းညွတ်ရိုကျိုးလာကြပေမည်။ *[၂၆ း ၄]*

အလ္လာဟ်မဟ်ဇမ်ခရှုရီးသခင်က အမိန့်ရှိသည်မှာ မူရင်းအာယသ်တော်သည် **فظلو لها خاضعين** ဟူ၍ ဖြစ်သည်။ ဆိုလိုသည်မှာ ကာဖိရ်များသည် ထိုကြီးကျယ်လှစွာသော သက်သေလက္ခဏာတော်ကို ကြည့်ရှုကာ နောက်လိုက်သမူပြု၍ ယိမ်းညွတ်သွားစေရန် ဖြစ်သည်။ သို့ရာတွင် ဤနေရာ၌ 'အအ်နားက်' (လည်တိုင်များ) ဟူသော စကားလုံးကို 'ရိုကျိုးမှု ပီပြင်စွာ ပေါ်ပေါက်စေရန်အတွက် သုံးနှုန်းထားတော် မူခြင်း ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ယိမ်းညွတ်ခြင်း၊ ရိုကျိုးခြင်း အစရှိသည်တို့သည် ဦးစွာ ပထမ လည်တိုင်မှသာ ဖြစ်ပေသည်။ အာယသ်တော်၏ စာစဉ်ပါအကြောင်းအရာမှာ ဤသို့ပင် ဖြစ်သည်။ ငါအသျှင်မြတ်သည် မိမိ၏ တစ်ပါးတည်း တည်ရှိခြင်းနှင့် ပြည့်ဝစုံလင်လှစွာသော စွမ်းနိုင်တော်မူကြောင်း ၏ သက်သေလက္ခဏာတော်တစ်ပါးအား ဖော်ထုတ်ပေးရန်ကို စွမ်းဆောင်နိုင်တော်မူပေသည်။ အကြင်ကဲ့သို့ ပြသလိုက်ခြင်းဖြင့် သာသနာတော်၏ ပညတ်ချက်များနှင့် အသျှင်မြတ်နှင့် စပ်လျဉ်းသော အခြေခံဓစ်မြစ် အချက်သည် ရိုးရှင်းသော ပုံစံမျိုးဖြင့် ရှေ့မှောက်သို့ ရောက်ရှိလာပေမည်။ ထို့ပြင် မည်သူတစ်ဦးတစ်ယောက် အဖို့လည်း ငြင်းဆိုရန် အကြောင်းတစ်စုံတစ်ရာမျှ ရှိမည်မဟုတ်ပေ။

သို့ရာတွင် 'ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အမြော်အမြင်တော်'၏ လိုလားချက်မှာ ဤပညတ်ချက်များနှင့် မှတ်သားဖွယ်ရာအချက်များသည် ရိုးရှင်းစွာဖြင့် မတည်ရှိဘဲ စဉ်းစားဆင်ခြင် တွေးတော ကြည့်ရှုရန် ဖြစ်သည်။ ဤသို့ စဉ်းစားဆင်ခြင် တွေးတောခြင်းသည်သာလျှင် လူသားတို့အဖို့ စမ်းစစ်မှု တစ်ရပ်ဖြစ်သည်။ ထိုစမ်းစစ်ချက်အပေါ် ကြောင်းကျိုးပြစ်ဒဏ်သည် မူတည်နေပေသည်။ ရိုးရှင်းသော အရာများအား ဝန်ခံခြင်းသည် ဇီဇသဘောသဘာဝနှင့် အရေးကြီးသော အချက်တစ်ချက်ဖြစ်သည်။ ယင်း အချက်အတွင်း၌ နာခံခြင်းနှင့် ခဝပ်ကိုးကွယ်ခြင်း၏ သီးသန့်ဂုဏ်အင်အချက်သည် မပါဝင်ပေ။ *[ကုရ်သုဗီ]*

زَوْجٍ كَرِيمٍ (ကောင်းမြတ်လှစွာသော အမျိုးစုံ) ဟူသော အာယသ်တော်တွင် 'ဇောက်ဂ်' ဟူသော စကားလုံး၏ လုံးချင်းကောက် အဓိပ္ပာယ်သည် စုံတွဲဖြစ်သည်။ ထို့ကြောင့် အမျိုးသားနှင့် အမျိုးသမီး၊ ဖိုနှင့် မကို 'ဇောက်ဂ်' ဟု ခေါ်ဆိုပေသည်။ များစွာသော အပင်များ၌လည်း ဖိုနှင့် မ ဟူ၍ ရှိပေသည်။ ထိုအပင်များကို ယင်းအထက်ဖော်ပြပါ ဆက်စပ်မှုကြောင့် 'ဇောက်ဂ်' ဟူ၍ ခေါ်ဆိုပေသည်။ တစ်ခါတစ်ရံ ယင်းစကားလုံး၏ အဓိပ္ပာယ်ကို သီးသန့် အမျိုးအစားဖြစ်ခြင်း၏ အဓိပ္ပာယ်အဖြစ်လည်း အသုံးပြုပေသည်။ ထိုအဓိပ္ပာယ်ကို ထောက်ရှု၍ သစ်ပင်အမျိုးအစားတိုင်းကို 'ဇောက်ဂ်' ဟူ၍ ခေါ်ဆိုနိုင်ပေသည်။ 'ကရီမ်း' ဟူသော စကားလုံး၏ အဓိပ္ပာယ်မှာ ကောင်း၍ နှစ်မြို့ဖွယ်ကောင်းသော အရာကို ခေါ်ဆိုပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَإِذْ نَادَىٰ رَبُّكَ مُوسَىٰٓ أَنِ ٱئْتِ ٱلْقَوْمَ ٱلظَّٰلِمِينَ ﴿١٠﴾

၂၆ : ၁၀ ။ ။ ၎င်းပြင် တစ်ရံရောအခါဝယ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် (တမန်တော်) မူစာအား 'အသင်သည် (မိမိတို့ကိုယ်ကို မိမိတို့ပင်) နှိပ်စက်ညှဉ်းပန်းသူတို့ထံ သွားပါလေ' ဟု ဟစ်ခေါ် (မိန့်ကြား) တော်မူခဲ့၏။

قَوْمَ فِرْعَوْنَ ۚ أَلَا يَتَّقُونَ ﴿١١﴾

၂၆ : ၁၁ ။ ။ (မိမိတို့ကိုယ်ကို မိမိတို့ပင် နှိပ်စက်ညှဉ်းပန်းသော သူများမှာ) ဖိရ်အောင်န်၏ အမျိုးသား (များ) ပင် (ဖြစ်၏။) ၎င်းတို့သည် (ငါအသျှင်မြတ်အား) မကြောက်ကြလေသလော။

قَالَ رَبِّ إِنِّيٓ أَخَافُ أَن يُكَذِّبُونِ ﴿١٢﴾

၂၆ : ၁၂ ။ ။ (ထိုအခါ) ၎င်း (မူစာ) သည် (ဤသို့ လျှောက်ထားခဲ့လေ၏။) 'အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ စေန်စင်စစ် ကျွန်တော်မျိုးသည် ၎င်းတို့က ကျွန်တော်မျိုးအား မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြမည်ကို စိုးရိမ်မိပါသည်။'

وَيَضِيقُ صَدْرِى وَلَا يَنطَلِقُ لِسَانِى فَأَرْسِلْ إِلَىٰ هَٰرُونَ ﴿١٣﴾

၂၆ : ၁၃ ။ ။ 'ထို့ပြင် ကျွန်တော်မျိုးသည် စိတ်ကျဉ်းကျပ်သည့်အပြင် ကျွန်တော်မျိုး၏ လျှာမှာလည်း သွက်လက်ခြင်း မရှိပါ။ သို့ဖြစ်ပါ၍ အသျှင်မြတ်သည် (ကျွန်တော်မျိုး၏ နောင်တော်) ဟာရူန်၏ထံသို့လည်း (ဝဟီ) အမိန့်တော်ကို ပို့သတော်မူပါ။'

وَلَهُمْ عَلَيَّ ذَنْبٌ فَأَخَافُ أَنْ يَقْتُلُونِ ﴿١٤﴾

၂၆ : ၁၄ ॥ ॥ 'ထို့ပြင် ၎င်းတို့ထံတွင် ကျွန်တော်မျိုး၏ အပေါ်၌ အပြစ်တစ်ခုလည်း ရှိနေပါသဖြင့်၊ ၎င်းတို့သည် ကျွန်တော်မျိုးအား သတ်ဖြတ်ကြမည်ကိုလည်း ကျွန်တော်မျိုး စိုးရိမ်မိပါသည်။'

قَالَ كَلَّا فَاذْهَبَا بِآيَاتِنَا إِنَّا مَعَكُمْ مُسْتَمِعُونَ ﴿١٥﴾

၂၆ : ၁၅ ॥ ॥ အသျှင်မြတ်သည် (ဤသို့) မိန့်ကြားတော်မူခဲ့၏။ (အို့, မူစာ၊ ၎င်းတို့သည် အသင့်အား) အလျှင်း (သတ်ဖြတ်နိုင်ကြမည်) မဟုတ်ပေ။ သို့ဖြစ်ပေရာ အသင်တို့ (ညီနောင်) နှစ်ဦးသည် ငါအသျှင်မြတ်၏ အမိန့်တော် (တန်ခိုးတော်) များနှင့်တကွ သွားကြလေကုန်။ ကေန်မလွဲ ငါအသျှင်မြတ်သည် အသင်တို့နှင့်အတူ (အသင်တို့နှစ်ဦးနှစ်ဖက် ပြောဆိုကြသည်တို့ကို) နားထောင်လျက်ပင် ရှိတော်မူပေမည်။

فَأْتِيَا فِرْعَوْنَ فَقُولَا إِنَّا رَسُولُ رَبِّ الْعَالَمِينَ ﴿١٦﴾

၂၆ : ၁၆ ॥ ॥ သို့ဖြစ်ပေရာ အသင်တို့နှစ်ဦးသည် ဖိရ်အောင်န်၏ ထံသို့ သွား၍ (ဤသို့) ပြောဆိုကြလေကုန်။ 'ကေန်စင်စစ် ငါတို့သည် စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ စေလွှတ်ခြင်းခံရသူ (ရစူလ်တမန်တော်) များပင် ဖြစ်ကြသည်။'

أَنْ أَرْسِلْ مَعَنَا بَنِي إِسْرَائِيلَ ﴿١٧﴾

၂၆ : ၁၇ ॥ ॥ 'အသင်သည် အိစ်ရာအီလီအျိုးသားတို့အား ငါတို့နှင့်အတူ သွားခွင့်ပြုပါလေ။'

قَالَ أَلَمْ نُرَبِّكَ فِينَا وَلِيدًا وَلَبِثْتَ فِينَا مِنْ عُمُرِكَ سِنِينَ ﴿١٨﴾

၂၆ : ၁၈ ॥ ॥ ၎င်း (ဖိရ်အောင်န်) က (ဤသို့) ပြောဆိုခဲ့လေသည်။ '(အို့, မူစာ) ကျွန်ုပ်တို့သည် အသင့်အား ကလေးဘဝ၌ မိမိတို့ထံ မွေးမြူစောင့်ရှောက်ခဲ့သည် မဟုတ်လော။ ၎င်းပြင် အသင်သည် မိမိ၏ သက်တမ်းမှ နှစ်ပေါင်းများစွာ ကျွန်ုပ်တို့ထံတွင် နေထိုင်ခဲ့သည် မဟုတ်လော။

وَفَعَلْتَ فَعْلَتَكَ الَّتِي فَعَلْتَ وَأَنْتَ مِنَ الْكَافِرِينَ ﴿١٩﴾

၂၆ : ၁၉ ॥ ॥ 'ထို့ပြင် အသင်သည် မိမိပြုခဲ့သော အမှုကိစ္စ (ပြစ်မှု) တစ်ခုကိုလည်း ကျူးလွန်ခဲ့သည် မဟုတ်လော။ စင်စစ် အသင်သည် ကျေးဇူးမသိတတ်သူတစ်ဦးပင် ဖြစ်ပေသည်။

قَالَ فَعَلْتُهَآ إِذًا وَأَنَا۠ مِنَ ٱلضَّآلِّينَ ٢٠

၂၆ : ၂၀ ။ ။ ၄င်း (တမန်တော်မူစာ) က (ဤသို့) ပြောဆိုဖြေကြားခဲ့၏။ 'ငါသည် လမ်းလွဲ (မသိတတ်) သူတို့အထဲ တွင် ပါဝင်ခဲ့စဉ်က (မတော်တဆ မှားယွင်းစွာ) ထိုအပြုအမူကို ပြုမိခဲ့ပေသည်။'

فَفَرَرْتُ مِنكُمْ لَمَّا خِفْتُكُمْ فَوَهَبَ لِى رَبِّى حُكْمًا وَجَعَلَنِى مِنَ ٱلْمُرْسَلِينَ ٢١

၂၆ : ၂၁ ။ ။ 'ထို့နောက် ငါသည် အသင့်အား ကြောက်ရွံ့ခဲ့သောကြောင့် အသင်တို့ထံမှ ထွက်ပြေး၍ (တိမ်းရှောင်) နေခဲ့၏။ ထို့နောက် ငါ၏ အသျှင်မြတ်သည် ငါ့အား အထူးဉာဏ်ပညာကို ချီးမြှင့်ပေးသနားတော်မူ၍ ငါ့အား ရစူလ်တမန် တော်တို့တွင် အပါအဝင် ဖြစ်စေတော်မူခဲ့ပေသည်။

وَتِلْكَ نِعْمَةٌ تَمُنُّهَا عَلَىَّ أَنْ عَبَّدتَّ بَنِىٓ إِسْرَٰٓءِيلَ ٢٢

၂၆ : ၂၂ ။ ။ 'စင်စစ် ဤသည် အကြင်ကျေးဇူးပင် (ဖြစ်၏။) အသင် (ဖိရ်အောင်န်) သည် ယင်းကျေးဇူးဖြင့် ငါ့၏အပေါ် ဂုဏ်ဖေါ်၍ အီစ်ရာအီးလ်အမျိုးသားတို့အား ကျွန်ပြုလုပ်ထားခြင်းပင် ဖြစ်ပေသည်။'

قَالَ فِرْعَوْنُ وَمَا رَبُّ ٱلْعَٰلَمِينَ ٢٣

၂၆ : ၂၃ ။ ။ (ထို့နောက်) ဖိရ်အောင်န်သည် 'စကြဝဠာခပ်သိမ်းတို့၏ အသျှင်မြတ်ဟူသည် အဘယ်နည်း' ဟု မေးမြန်း ခဲ့လေသည်။

قَالَ رَبُّ ٱلسَّمَٰوَٰتِ وَٱلْأَرْضِ وَمَا بَيْنَهُمَآ إِن كُنتُم مُّوقِنِينَ ٢٤

၂၆ : ၂၄ ။ ။ ၄င်း (တမန်တော်မူစာ) က 'အကယ်၍ အသင်တို့သည် ယုံကြည်လိုသူများ ဖြစ်ကြပါလျှင် (ထိုအသျှင် မြတ်သည်) မိုးကောင်းကင်များနှင့် ပထဝီမြေကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်နှင့် ပထဝီမြေ၏ အကြား၌ ရှိရှိသမျှတို့ ကိုလည်းကောင်း ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူသည်' ဟု ပြောဆိုဖြေကြားခဲ့၏။

قَالَ لِمَنْ حَوْلَهُۥٓ أَلَا تَسْتَمِعُونَ ٢٥

၂၆ : ၂၅ ။ ။ ယင်း (ဖိရ်အောင်န်) က မိမိ၏ အနီးအပါး၌ ရှိကြသူတို့အား '(မောင်မင်းတို့) ကြားကြပါ၏လော' ဟု ဆိုခဲ့လေသည်။

قَالَ رَبُّكُمْ وَرَبُّ آبَائِكُمُ الْأَوَّلِينَ ﴿٢٦﴾

၂၆ : ၂၆ ။ ။ ၎င်း (တမန်တော်မူစာ) က (ထိုအသျှင်မြတ်သည်) 'အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်သာမက၊ အသင်တို့၏ ရှေးလွန်လေပြီးသော ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်လည်း ဖြစ်တော်မူကြောင်း' ပြောကြားခဲ့ပြန်၏။

قَالَ إِنَّ رَسُولَكُمُ الَّذِي أُرْسِلَ إِلَيْكُمْ لَمَجْنُونٌ ﴿٢٧﴾

၂၆ : ၂၇ ။ ။ ယင်း (ဖိရ်အောင်န်) က (မိမိ၏ မှူးမတ်များအား) 'အသင်တို့ထံ စေလွှတ်ခြင်းခံခဲ့ရသော ရစူလ် တမန်တော်သည် အမှန်ပင် ရူးနှမ်းသူဖြစ်သည်' ဟု ဆိုခဲ့ပြန်၏။

قَالَ رَبُّ الْمَشْرِقِ وَالْمَغْرِبِ وَمَا بَيْنَهُمَا إِنْ كُنْتُمْ تَعْقِلُونَ ﴿٢٨﴾

၂၆ : ၂၈ ။ ။ ၎င်း (တမန်တော်မူစာ) က 'အကယ်၍ အသင်တို့သည် သိနားလည်ကြပါမူ (ထိုအသျှင်မြတ်သည်) အရှေ့ဘက်အရပ်ကိုလည်းကောင်း၊ အနောက်ဘက်အရပ်ကိုလည်းကောင်း ယင်းအရပ်နှစ်မျက်နှာ၏ အကြား၌ ရှိရှိသမျှတို့ကို လည်းကောင်း ဖန်ဆင်းတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပါသည်' ဟု ပြောကြားခဲ့ပြန်လေသည်။

قَالَ لَئِنِ اتَّخَذْتَ إِلَٰهًا غَيْرِي لَأَجْعَلَنَّكَ مِنَ الْمَسْجُونِينَ ﴿٢٩﴾

၂၆ : ၂၉ ။ ။ ယင်း (ဖိရ်အောင်န်) က (အို, မူစာ) 'အကယ်၍ အသင်သည် ကျွန်ုပ်မှလွဲ၍ အခြားသော ကိုးကွယ်ရာ တစ်ပါးပါးကို ရွေးချယ်ခဲ့ပါလျှင်၊ စေကန်မလွဲ ကျွန်ုပ်သည် အသင့်အား အကျဉ်းထောင်ချထားသည်မည်' ဟု ပြောဆိုကြုံးဝါး ခဲ့လေ၏။

قَالَ أَوَلَوْ جِئْتُكَ بِشَيْءٍ مُبِينٍ ﴿٣٠﴾

၂၆ : ၃၀ ။ ။ ၎င်း (တမန်တော်မူစာ) က (အို, ဖိရ်အောင်န်) 'ငါသည် အသင့်ထံ ထင်ရှားလှစွာသော တန်ခိုးတော် (သက်သေအထောက်အထား) တစ်စုံတစ်ရာကို ဆောင်ကြဉ်း၍ ပြသခဲ့သည်ရှိသော်လည်း (ကျွန်ုပ်အား အကျဉ်းချဦးမည်လော)' ဟု ပြောဆို (မေးမြန်း) ခဲ့လေ၏။

قَالَ فَأْتِ بِهِ إِنْ كُنْتَ مِنَ الصَّادِقِينَ ﴿٣١﴾

၂၆ : ၃၁ ။ ။ ယင်း (ဖိရ်အောင်န်) က (အို, မူစာ) 'သို့ဖြစ်လျှင် အကယ်၍ အသင်သည် အမှန်အတိုင်း ပြောဆိုသူ တစ်ဦး ဖြစ်ပါမူ၊ ထိုအရာ (တန်ခိုးတော်) ကို ပြသလော' ဟု ပြောဆိုခဲ့လေ၏။

فَأَلْقَىٰ عَصَاهُ فَإِذَا هِيَ ثُعْبَانٌ مُّبِينٌ ۝٣٢

၂၆ : ၃၂။ ။ ထိုအခါ ၄င်း (မူစာ) သည် မိမိ၏ တောင်ဝှေးကို (မြေကြီးပေါ်သို့) ပစ်ချခဲ့ရာ ၄င်း (တောင်ဝှေး) မှာ ရုတ်တရက် ထင်ရှားသော မြွေ (နဂါးကြီး) တစ်ကောင် ဖြစ်သွားခဲ့လေ၏။

وَنَزَعَ يَدَهُ فَإِذَا هِيَ بَيْضَاءُ لِلنَّٰظِرِينَ ۝٣٣

၂၆ : ၃၃။ ။ ထို့ပြင် ၄င်း (မူစာ) သည် မိမိ၏ လက်ကို (မိမိ၏ ချိုင်းကြားမှ အပြင်သို့) ဆွဲ၍၊ ထုတ်လိုက်ရာ၊ ထိုလက်မှာ ကြည့်ရှုသူတို့ရှေ့ဝယ် လွန်စွာ ထွန်းတောက်လျက် ရှိနေခဲ့၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၄င်းပြင် (ထိုအချိန်၌ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်အား ၄င်းတို့အား ပြောပြကုန်။ တစ်ရံရောအခါဝယ် အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် (တမန်တော်) မူစာ ﷺ အား 'အသင်သည် (မိမိတို့ကိုယ်ကို မိမိတို့ပင်) နှိပ်စက်ညှဉ်းပန်းသူတို့ထံ သွားပါလေ'ဟု ဟစ်ခေါ် (မိန့်ကြား) တော်မူခဲ့၏။

(ထို့ပြင် အို၊ မူစာ၊ အသင် ကြည့်ကုန်။ မိမိတို့ကိုယ်ကို မိမိတို့ပင် နှိပ်စက်ညှဉ်းပန်းသော သူများမှာ ဖိရ်အောင်န်၏ အမျိုးသားများ) ပင် (ဖြစ်၏။) ၄င်းတို့သည် (ငါအသျှင်မြတ်၏ 'အဇာဗ်'အပြစ်ဒဏ်တော်အား) မကြောက်ရွံ့ကြလေသလော။ (၄င်းတို့ထံ သွားရောက်ရန် မိန့်တော်မူခြင်း ဖြစ်သည်။)

(ထိုအခါ) ၄င်း (မူစာ) သည် (ဤသို့ လျှောက်ထားခဲ့လေ၏။) အို၊ ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ (ကျွန်တော်မျိုးသည် ယင်းတာဝန်အား ထမ်းဆောင်ရန်အတွက် အသင့်ရှိပါသည်။ သို့ရာတွင် ယင်းတာဝန်အား ပြီးပြည့်စုံစွာ အဆုံးသတ် အကောင်အထည်ဖော်နိုင်ရန်အတွက် ကူညီပေးမည့်သူ တစ်ဦးကို လိုလားပါ၏။ အဘယ်ကြောင့်ဆိုသော်) စေန်စင်စစ် ကျွန်တော်မျိုးသည် ၄င်းတို့က ကျွန်တော်မျိုးအား (မိမိဘက်မှ စကားမပြီးပြည့်စုံမီအလျင်) မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ကြမည်ကို စိုးရိမ်မိပါသည်။

ထို့ပြင် ကျွန်တော်မျိုးသည် (ဗီဇသဘောသဘာဝအရ ယင်းကဲ့သို့သော အချိန်၌) စိတ်ကျဉ်းကြပ်သည့်အပြင် ကျွန်တော်မျိုး၏ လျှာမှာလည်း (ကောင်းစွာ) သွက်လက်ခြင်း မရှိပါ။ သို့ဖြစ်ပါ၍ အသျှင်မြတ်သည် (ကျွန်တော်မျိုး၏ နောင်တော်) ဟာရူးန်တို့ထံလည်း (ဝဟီ) အမိန့်တော်ကို ပို့သတော်မူပါ။ (၄င်းအား နဗီအဖြစ် ပြုပေးသနားတော်မူပါ။ အကြောင်းမှာ အကယ်၍ ကျွန်တော်မျိုးအား ငြင်းဆန်မှုပြုပါက ၄င်းက ထောက်ခံပေးလိမ့်မည်။ သို့မှသာ နှလုံးစိတ်ဝမ်း ရွှင်လန်း၍ နှုတ်လျှာမှာ သွက်လက်နေမည်ဖြစ်သည်။ ထို့ပြင် အကယ်၍ ကျွန်တော်မျိုး၏ နှုတ်လျှာသည် အချိန်တစ်ချိန်ချိန်၌ ပိတ်ကာ ထစ်အသွားမှု

၄င်းသည် ဟောပြောမှုကို ပြုပေမည်။ ဤလျှောက်ထားချက်များနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်ရာ၌ ဟာရူးန် ﷺ အား နဗီအဖြစ် မချီးမြှင့်ဘဲနှင့်လည်း ရရှိနိုင်ပေသည်။ သို့ရာတွင် ဤနဗီအဖြစ် ချီးမြှင့်မှု ပြုပေးရာ၌ အထက်တင်ပြပါ အကြောင်းကြောင်းများ သာပို၍ လေးနက်ကာ ပြည့်စုံသွားပေမည်။)

ထို့ပြင် (လျှောက်ထားဖွယ်ထိုက်သော အချက်တစ်ချက်မှာ) ၄င်းတို့ထံတွင် ကျွန်တော်မျိုးအပေါ်၌ အပြစ်တစ်ခုလည်း ရှိနေပါသဖြင့် (ကျွန်ုပ်၏ လက်ချက်ဖြင့် ကစ်ဖ္တီတစ်ဦး သေဆုံးခဲ့ရလေသည်။ အကြောင်း ဖြစ်အင်အကြောင်း 'စူရာဟ်ကစွာစ်'၌ လာရှိပေလိမ့်မည်။ ထို့ကြောင့်) ၄င်းတို့သည် ကျွန်တော်မျိုးအား (မိမိရစူလ်ဖြစ်ခြင်း၏ သာသနာပြုကိစ္စကို မပြုမီအလျင်) သတ်ဖြတ်ကြမည်ကိုလည်း ကျွန်တော်မျိုး စိုးရိမ်မိပါသည်။ (သို့ဆိုလျှင် ကျွန်တော်မျိုးသည် သာသနာပြန့်ပွားရေးကိစ္စကို ဆောင်ရွက်နိုင်မည် မဟုတ်တော့ချေ။ ယင်းအချက်နှင့် စပ်လျဉ်း၍ ကျွန်တော်မျိုးအား အကြံဉာဏ်၊ နည်းလမ်း တစ်စုံတစ်ရာကို ချီးမြှင့်တော်မူပါ။)

အသျှင်မြတ်သည် (ဤသို့) မိန့်ကြားတော်မူခဲ့၏။ (အို, မူစာ၊ ၄င်းတို့သည် အသင့်အား) အလျဉ်း (သတ်ဖြတ်နိုင်ကြမည်) မဟုတ်ပေ။ (ငါအသျှင်မြတ်သည် ဟာဇရသ်ဟာရူးန် ﷺ အား နဗီအဖြစ် ချီးမြှင့်တော်မူလိုက်ပေပြီ။ ယခုမူ သာသနာပြုခြင်းကိစ္စရပ်၌ အဟန့်အတားဖြစ်စေသော အချက်နှစ်ရပ်စလုံး ပျောက်သွားလေပြီ။) သို့ဖြစ်ပေရာ အသင်တို့ (ညီနောင်) နှစ်ဦးသည် ငါအသျှင်မြတ်၏ အမိန့်တော် (တန်ခိုးတော်များ) နှင့်တကွ (ယခုပင်) သွားကြလေကုန်။ (ဟာရူးန် ﷺ သည်လည်း နဗီဖြစ်ခဲ့လေသည်။) စင်စစ်မလွဲ ငါအသျှင်မြတ် (၏ ကူညီတော်မူ) သည် အသင်တို့နှင့်အတူ (အသင်တို့ နှစ်ဦးနှစ်ဖက် ပြောဆိုကြသည်တို့ကို) နားထောင်လျက်ပင် ရှိတော်မူပေမည်။

သို့ဖြစ်ပေရာ အသင်တို့နှစ်ဦးသည် ဖိရ်အောင်န်ထံသို့ သွား၍ (ဤသို့) ပြောဆိုကြလေကုန်။ စင်စစ်စစ် ငါတို့သည် စကြဝဠာခပ်သိမ်းတို့ကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ထံတော်မှ စေလွှတ်ခြင်းခံရသူ (ရစူလ်တမန်တော်) များပင် ဖြစ်ကြသည်။ (တစ်ပါးတည်း တည်ရှိခြင်း၏ ဘက်သို့ ဖိတ်ခေါ်မှုနှင့်အတူ ဤပညတ်ချက်ကို နာခံကြကုန်။)

အသင်သည် အီစ်ရာအီလီအမျိုးသားတို့အား (၄င်းတို့ ပျက်စီး၊ ညှဉ်းပန်းနှိပ်စက်ခြင်း ခံနေရခြင်းမှ လွတ်မြောက်ကယ်တင်ပေးမှုကို ပြုကာ ၄င်းတို့၏ ဌာနေဖြစ်သော ဆီးရီးယားနိုင်ငံဘက်သို့) ငါတို့နှင့်အတူ သွားခွင့်ပြုပါလေ။ (ထိုဖိတ်ကြားချက်၏ အချုပ်သဘောတရားမှာ အလ္လာဟ်အသျှင်မြတ်နှင့် စပ်လျဉ်းသော ဝတ္တရားများနှင့် အဖန်ဆင်းခံများနှင့် စပ်လျဉ်းသော ဝတ္တရားများကြား၌ မတရားပြုခြင်းနှင့် အတိုင်းထက်လွန် ပြုခြင်းကို စွန့်လွှတ်ရန်ဖြစ်သည်။ သို့ရှိရာ ဤနှစ်ပါးစလုံးသည် ကြွမြန်းသွားကာ ဖိရ်အောင်န်အား အချက်အားလုံးကို တင်ပြလိုက်သည်။)

၄င်းဖိရ်အောင်န်က ဤစကားရပ်များအားလုံးကို ကြားကာ ဦးစွာပထမ မူစာ ﷺ အား (မှတ်မိသွားကာ ၄င်းဘက်သို့ လှည့်၍ ဤသို့) ပြောဆိုခဲ့လေသည်။ (အို, အသင်လော။ အို, မူစာ) ကျွန်ုပ်တို့

သည် အသင့်အား ကလေးဘဝ၌ မိမိတို့ထံ မွေးမြူစောင့်ရှောက်ခဲ့သည် မဟုတ်လော။ ၎င်းပြင် အသင်သည် ကလေးဘဝ၌ မိမိ၏ (ဤ) သက်တမ်းမှ နှစ်ပေါင်းများစွာ ကျွန်ုပ်တို့ထံတွင် နေထိုင်ခဲ့သည် မဟုတ်လော။

ထို့ပြင် အသင်သည် မိမိပြုခဲ့သော အမှုကိစ္စ (ကစ်ဗ္ဗိသွီတစ်ဦးအား သတ်ဖြတ်ခြင်း၏ ပြစ်မှု) တစ်ခုကိုလည်း ကျူးလွန်ခဲ့သည် မဟုတ်လော့။ စင်စစ် အသင်သည် ကျေးဇူးမသိတတ်သူတစ်ဦးပင် ဖြစ်ပေသည်။ (ကျွန်ုပ်၏ ထမင်းကို စား၍ ကျွန်ုပ်လူကို သတ်ခဲ့သည်။ တစ်ဖန် ကျွန်ုပ်အားလည်း မိမိ၏ နောက်လိုက်သူအဖြစ် ပြုရန် လိုလား၍ နေသည်။ ဖြစ်သင့်ဖြစ်ထိုက်သည်မှာ အသင်သည် ကျွန်ုပ်ရှေ့၌ ရိုကျိုးစွာ နေထိုင်ရန်ဖြစ်သည်။

၎င်း (တမန်တော်မူစာ) က (ဤသို့) ပြောဆိုဖြေကြားခဲ့၏။ ငါသည် လမ်းလွဲ (မသိတတ်) သူတို့အထဲတွင် ပါဝင်ခဲ့စဉ်က (မတော်တဆ မှားယွင်းစွာ) ထိုအပြုအမူကို (အမှန်တကယ်) ပြုမိခဲ့ပေသည်။ (အမှန်တကယ် သိလျက်နှင့် ကျွန်ုပ်သည် သတ်ဖြတ်ခဲ့သည် မဟုတ်ပါ။ ၎င်း၏ မတရားသော အပြုအမူမှ တားမြစ်ရန် ရည်ရွယ်ချက်ဖြင့် တားဆီးနေခိုက် အမှုမဲ့အမှတ်မဲ့ ၎င်းသေဆုံးခဲ့ခြင်း ဖြစ်သည်။

ထို့နောက် ငါသည် အသင့်အား ကြောက်ရွံ့ခဲ့သောကြောင့် အသင်တို့ထံမှ ထွက်ပြေး၍ (တိမ်းရှောင်) နေခဲ့၏။ ထို့နောက် ငါ၏အသျှင်မြတ်သည် ငါ့အား အထူးဉာဏ်ပညာကို ချီးမြှင့်ပေးသနားတော်မူ၍ ငါ့အား ရစူလ်တမန်တော်တို့တွင် အပါအဝင် ဖြစ်စေတော်မူခဲ့ပေသည်။ (ထိုအထူးဉာဏ်သည် နဗီဖြစ်ရန် မရှိမဖြစ် လိုအပ်သော အချက်များထဲမှ အချက်တစ်ချက် ဖြစ်ပေသည်။ ချေပဖြေကြားချက်၏ အချုပ်သဘောတရားမှာ ဤသို့ပင် ဖြစ်သည်။ ကျွန်ုပ်သည် ရစူလ်တမန်တော်တစ်ပါးအသွင်ဖြင့် ကြွရောက်လာခြင်း ဖြစ်သည်။ အကြင်ကဲ့သို့ လာရောက်ခြင်း၏ ပုံစံ၌ ယိမ်းညွတ်ရိုကျိုးရန် အကြောင်းတစ်စုံတစ်ရာမျှ မရှိပေ။ ရစူလ်တမန်တော်မြတ်ဖြစ်ခြင်းသည်လည်း မတော်တဆ သတ်မိခြင်းကို တားမြစ်နေသည်လည်း မဟုတ်။ အဘယ်ကြောင့်ဆိုသော် ဤမတော်တဆ မှားယွင်းစွာ သတ်မိလိုက်ခြင်းသည် နဗီဖြစ်ထိုက်ခြင်း၏ အချက်အား တားမြစ်နေသည် မဟုတ်ပေ။ ဤသည် သတ်မှု၏ စောဒကနှင့် စပ်လျဉ်းသော ဖြေကြားမှုဖြစ်သည်။

စင်စစ် (ကျွေးမွေးမှု၏ ကျေးဇူးတရားကို တင်ပြလာခြင်းနှင့် စပ်လျဉ်း၍ ဖြေကြားရန် ကျန်ရှိနေပေသည်။) ဤသည် အကြင်ကျေးဇူးပင် (ဖြစ်၏။) အသင် (ဖိရ်အောင်န်) သည် ယင်းကျေးဇူးဖြင့် ငါ၏အပေါ် ဂုဏ်ဖော်၍ အီစ်ရာအီလီအမျိုးသားတို့အား ကျွန် (အဖြစ် မတရားသမှု) ပြုလုပ်ထားခြင်းပင် ဖြစ်သည်။ (ထိုလူမျိုးတို့၏ သားယောကျ်ားကလေးများကို သတ်ဖြတ်ခဲ့သည်။ အကြင်သတ်ဖြတ်မှု၏ ကြောက်ရွံ့မှုကြောင့် ကျွန်ုပ်သည် သေတ္တာအတွင်း ထားရှိခြင်းခံရ၍ မြစ်အတွင်း မျောလာရာ အသင့်လက်ဝယ် အတွင်းသို့ ရောက်ရှိခဲ့သည်။ ထို့နောက် အသင်၏ မွေးမြူမှု၏ အောက်၌ နေထိုင်လာရကာ ယင်းသို့ နေထိုင်လာရခြင်း၏ အဓိကအကြောင်းခံသည် အသင်၏ မတရားသမှုပင် ဖြစ်သည်။ သို့ဆိုလျှင် ဤကဲ့သို့ ကျွေးမွေးပြုစုခြင်းအား အဘယ်ကဲ့သို့သော ဂုဏ်ကို ဖော်ထုတ်နေပေသနည်း။ မိမိ၏ မသင့်လျော်၊ မလျော်ကန်သော အပြုအမူများကို အမှတ်ရကာ ရှက်သင့်နေပေသည်။

(ထို့နောက်) ဖိရ်အောင်န်သည် (ထိုဖြေကြားချက်အပေါ် တုန့်ပြန်ဖြေကြားမှုပြုရန် အဖြေမရရှိဘဲ စကားလမ်းကြောင်းကို ပြောင်းကာ) စကြဝဠာ ခပ်သိမ်းတို့၏ အသျှင်မြတ် (၏ အခြေခံ ဇစ်မြစ်အချက်) ဟူသည် အဘယ်နည်း'ဟု မေးမြန်းခဲ့လေသည်။ (အသင်တို့သည်

إِنَّا رَسُولُ رَبِّ الْعَلَمِينَ

ဧကန်စင်စစ် ငါတို့သည် စကြဝဠာခပ်သိမ်းတို့ကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ထံတော်မှ စေလွှတ်ခြင်းခံရသူ ရစူလ်တမန်တော်များပင် ဖြစ်ကြသည်။ *[၂၆: ၁၆]*

ဟူသော ပြောကြားချက်အား မေးမြန်းခြင်းဖြစ်သည်။) ၎င်းမူစာ ﷺ က 'အကယ်၍ အသင်တို့သည် ယုံကြည် (မှုကို ရယူ) လိုသူများ ဖြစ်ကြပါလျှင် (ထိုအသျှင်မြတ်သည်) မိုးကောင်းကင်များနှင့် ပထဝီမြေကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်နှင့် ပထဝီမြေ၏ အကြား (၌ ရှိသော အဖန်ဆင်းခံ) များကိုသော်လည်းကောင်း ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူသည်'ဟု ပြောဆိုဖြေကြားခဲ့၏။ (သို့ရှိရာ ဤလက္ခဏာများသည် များစွာ ရှိပေသည်။ အလိုသဘောမှာ ထိုဖန်ဆင်းရှင်၏ အခြေခံဇစ်မြစ်အနက်ကို လူသားတို့ တွေးခေါ်နိုင်စွမ်း မရှိပေ။ ထို့ကြောင့် ယင်းကဲ့သို့သော မေးခွန်းများ ပေါ်ပေါက်လာပါက ဂုဏ်တော်များကို ပြ ဆို၍ ဖြေကြားရမည်သာ ဖြစ်၏။)

ယင်း (ဖိရ်အောင်န်) က မိမိ၏ အနီးအပါး၌ (ထိုင်ကာ) ရှိကြသူတို့အား (မောင်မင်းတို့) တစ်စုံတစ်ရာ) ကြားကြပါ၏လော။ (အမေးနှင့် အဖြေ တလွဲဖြစ်နေသည်) ဟု ဆိုခဲ့လေသည်

၎င်း (တမန်တော်မူစာ) က (ထိုအသျှင်မြတ်သည်) အသင်တို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်သာမက အသင်တို့၏ ရှေးလွန်လေပြီးသော ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်ဖြစ်ကြောင်း' ပြောကြားခဲ့ပြန်၏။ (ထိုဖြေကြားချက်၌ အထက်ဖော်ပြပါ အလိုသဘောအား ထပ်ဆင့် သတိပေးချက် ပါရှိထားပေသည်။ သို့ရာတွင်) ယင်း (ဖိရ်အောင်န်) က (သဘောမပေါက်ကာ မိမိ၏ မျူးမတ်များအား) အသင်တို့ထံ စေလွှတ်ခြင်းခံခဲ့ရသော ရစူလ်တမန်တော်သည် မိမိ၏ ထင်မြင်ချက်ဖြင့် ရစူလ်အဖြစ် ပြုကာ (လာရောက်နေပေသည်။) အမှန်ပင် ရူးနှမ်းသူ ဖြစ်သည်'ဟု ဆိုခဲ့ပြန်၏။

၎င်း (တမန်တော်မူစာ) က အကယ်၍ အသင်တို့သည် သိနားလည်ကြပါမူ (ထိုအသျှင်မြတ်ကို သာလျှင် ယုံကြည်လက်ခံကြလေကုန်။ ယင်းအသျှင်မြတ်သည်) အရှေ့ဘက်အရပ်ကိုသော်လည်းကောင်း၊ အနောက်ဘက်အရပ်ကိုသော်လည်းကောင်း၊ ယင်းအရပ်နှစ်မျက်နှာ၏ အကြား၌ ရှိသမျှတို့ကိုလည်းကောင်း ဖန်ဆင်းတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပါသည်'ဟု ပြောကြားခဲ့ပြန်လေသည်။

ယင်း (ဖိရ်အောင်န်) က (အကြဲအိုက်ကာ အို၊ မူစာ) အကယ်၍ အသင်သည် ကျွန်ုပ်မှလွဲ၍ အခြားသော ကိုးကွယ်ရာတစ်ပါးပါးကို ရွေးချယ်ခဲ့ပါလျှင် ဧကန်မလွဲ ကျွန်ုပ်သည် အသင့်အား အကျဉ်းထောင်ချထားမည်' ဟု ပြောဆိုကြုံးဝါးခဲ့လေ၏။

၎င်း (တမန်တော်မူစာ) က (အို၊ ဖိရ်အောင်နီ) ငါသည် အသင့်ထံ ထင်ရှားလှစွာသော တန်ခိုးတော် (သက်သေအထောက်အထား) တစ်စုံတစ်ရာကို ဆောင်ကျဉ်း၍ ပြသခဲ့သည်ရှိသော်လည်း (ကျွန်ုပ်အား အကျဉ်းချဦးမည်လော။ သို့တစေကြားလည်း အသင် လက်မခံပါ၏လော) ဟု ပြောဆို (မေးမြန်း) ခဲ့လေ၏။

ယင်း (ဖိရ်အောင်နီ) က (အို၊ မူစာ) သို့ဖြစ်လျှင် 'အကယ်၍ အသင်သည် အမှန်အတိုင်း ပြောဆိုသူတစ်ဦးဖြစ်ပါမူ ထိုအရာ (တန်ခိုးတော်) ကို ပြသလော'ဟု ပြောဆိုခဲ့လေ၏။ ထိုအခါ ၎င်း (မူစာ) သည် မိမိ၏ တောင်ဝှေးကို (မြေကြီးပေါ်သို့) ပစ်ချခဲ့လေရာ ၎င်း (တောင်ဝှေး) မှာ ရုတ်တရက် ထင်ရှားသော မြွေ (နဂါးကြီး) တစ်ကောင် ဖြစ်သွားခဲ့လေ၏။ ထို့ပြင် ၎င်း (မူစာ) သည် (ဒုတိယ 'မုအ်ဂျိဇာတ်'တော်အား ပြသရန်အတွက်) မိမိ၏လက်ကို (မိမိ၏ ချိုင်းကြားမှ အပြင်သို့) ဆွဲ၍ ထုတ်လိုက်ရာ ထိုလက်မှာ ကြည့်ရှုသူတို့ရှေ့ဝယ် လွန်စွာ ထွန်းတောက်လျက်ရှိနေခဲ့၏။ (ယင်းမြင်ကွင်းကို အသင့်ရှိနေသော သူတို့သည် မိမိတို့၏ မျက်လုံးများဖြင့် မြင်တွေ့ခဲ့၏။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

အမိန့်နာခံမှုပြုရန်အတွက် ထောက်ပံ့ရေးအကြောင်းခံများအား ရှာဖွေခြင်းသည် အကြောင်းပြချက်ကို ရှာဖွေခြင်းမဟုတ်ကြောင်း

قَالَ رَبِّ إِنِّيٓ أَخَافُ أَن يُكَذِّبُونِ وَيَضِيقُ صَدۡرِي وَلَا يَنطَلِقُ لِسَانِي فَأَرۡسِلۡ إِلَىٰ هَٰرُونَ
وَلَهُمۡ عَلَيَّ ذَنۢبٞ فَأَخَافُ أَن يَقۡتُلُونِ

(ထိုအခါ) ၎င်း (မူစာ) သည် (ဤသို့ လျှောက်ထားခဲ့လေ၏။) 'အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ စေကန်စင်စစ် ကျွန်တော်မျိုးသည် ၎င်းတို့က ကျွန်တော်မျိုးအား မဟုတ်မမှန်ဟူ၍ စွပ်စွဲ ငြင်းပယ်ကြမည်ကို စိုးရိမ်မိပါသည်။ ထို့ပြင် ကျွန်တော်မျိုးသည် စိတ်ကျဉ်းကျပ်သည့်အပြင် ကျွန်တော်မျိုး၏ လျှာမှာလည်း သွက်လက်ခြင်း မရှိပါ။ သို့ဖြစ်ပါ၍ အသျှင်မြတ်သည် (ကျွန်တော်မျိုး၏ နောင်တော်) ဟာရူးန်၏ထံသို့လည်း (ဝဟီ) အမိန့်တော်ကို ပို့သတော်မူပါ။ ထို့ပြင် ၎င်းတို့ထံတွင် ကျွန်တော်မျိုး၏အပေါ်၌ အပြစ်တစ်ခုလည်း ရှိနေပါသဖြင့်၊ ၎င်းတို့သည် ကျွန်တော်မျိုးအား သတ်ဖြတ်ကြမည်ကိုလည်း ကျွန်တော်မျိုး စိုးရိမ်မိပါသည်။' *[၂၆ : ၁၂-၁၄]*

အထက်တင်ပြပါ မင်္ဂလာရှိသော အာယသ်တော်များမှ အောက်ဖော်ပြပါ အချက်များကို အတည်ပြု၍ ရရှိပေသည်။ ပညတ်ချက်တစ်စုံတစ်ရာကို လိုက်နာခြင်းနှင့် စပ်လျဉ်း၍ ယင်းပညတ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ ထောက်ပံ့မှုကို ဖြစ်စေသော အကြောင်းခံများအား တောင်းခံသည့် အကြောင်း

ပြချက်ကို ရှာဖွေခြင်းမဟုတ်။ သို့သာမက ယင်းသို့ တောင်းခံခြင်း ပိုင်ပေသည်။ ပမာဆိုရသော် ဟဇရတ်မူစာ عليه السلام သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို ရရှိပြီးနောက် ယင်းအမိန့်တော်အား နာခံရန် လွယ်ကူမှုနှင့် အကျိုးပြုစေရန်အတွက် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် လျှောက်ထားခဲ့သည်။ ထို့ကြောင့် တင်ပြချက်မှ 'ဟဇရတ်မူစာ عليه السلام သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို မဆိုင်းမတွ၊ ဦးလည်မသုန် အဘယ်ကြောင့် လက်မခံပေသနည်း။ အဘယ်ကြောင့် ဆိုင်းငံ့နေပေသနည်း' ဟူ၍ ရလဒ်ကို ထုတ်ဖော် လိုခြင်းသည် မှားယွင်းပေသည်။ အကြောင်းမှာ ဟဇရတ်မူစာ عليه السلام ပြုလုပ်ခဲ့သော အချက်များအားလုံး သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်ကိုသာလျှင် နာခံရန်အတွက် ပြုလုပ်ခဲ့ခြင်းပင် ဖြစ်ပေသည်။

ဟဇရတ်မူစာ عليه السلام နှင့်စပ်လျဉ်း၍ 'သွလားလ်' ဟူသော စကားလုံးကို သုံးနှုန်းထားခြင်း၏ အလိုသဘော

قَالَ فَعَلْتُهَا إِذًا وَأَنَا مِنَ الضَّالِّينَ

၎င်းတမန်တော်မူစာက ဤသို့ ပြောဆိုဖြေကြားခဲ့၏။ ငါသည် လမ်းလွဲ မသိတတ်သူတို့အထဲတွင် ပါဝင်ခဲ့စဉ်က မတော်တဆ မှားယွင်းစွာ ထိုအပြုအမူကို ပြုမိခဲ့ပေသည်။ [၂၆ : ၂၀]

'အို့, မူစာ၊ အသင်သည် ကစ်ဗ်သွီတစ်ဦးကို သတ်ဖြတ်ခဲ့သည်' ဟူသော ဖိရ်အောင်န်၏ မေးခွန်းကို ဟဇရတ်မူစာ عليه السلام က တုန့်ပြန်ဖြေကြားသော အဖြေဖြစ်သည်။ 'ကျွန်ုပ်သည် မုချဧကန် သတ်ဖြတ်ခဲ့သည်။ သို့ရာတွင် အမှန်တကယ် သိလျက်နှင့် သတ်ဖြတ်ခဲ့သည်မဟုတ်ပေ။ သို့သာမက ယင်းကစ်ဗ်သွီအား ၎င်း၏ မှားယွင်းချက်အပေါ် သတိပေးရန်အတွက် လက်သီးဖြင့် ထိုးခဲ့ခြင်းဖြစ်သည်။ ယင်းထိုးချက်ကြောင့် ၎င်းသေဆုံးသွားခြင်း ဖြစ်သည်။ အချုပ်သဘောတရားမှာ အမှန်တကယ် သိလျက်နှင့် သတ်ဖြတ်ခြင်းသည် နဗီဖြစ်လာခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သော အချက်ဖြစ်သည်။ အလိုဆန္ဒမရှိဘဲနှင့် မှားယွင်းစွာ သတ်မိခြင်းသည် နဗီဖြစ်ထိုက်ခြင်းကို တားမြစ်ထားသော အချက်မဟုတ်ပေ။ ရလဒ်သဘောတရားမှာ ဤနေရာ၌ 'သွလားလ်' ဟူသော စကားလုံး၏ အလိုသဘောမှာ 'အမှုမဲ့၊ အမှတ်မဲ့ ဖြစ်သွားခြင်း' ဟူ၍ ဖြစ်သည်။ ထိုမတော်တဆဖြစ်မှု၏ အလိုသဘောမှာ ကစ်ဗ်သွီအား ဆန္ဒသဘောမပါဘဲ သတ်မိသွားခြင်း ဖြစ်ပေသည်။ ယင်းအဓိပ္ပာယ်အား ကူညီထောက်ပံ့မှုသည် ဟဇရတ်ကသာဒါဟ်နှင့် အိဗ်နေဇိုက်ဒ်၏ ဆင့်ပြန်ချက်များဖြင့်လည်း ရှိနေပေသည်။ စင်စစ် အာရဗီစာပေစကား၌ 'သွလားလ်' ၏ အဓိပ္ပာယ်များစွာ ရှိပေသည်။ နေရာတိုင်း၌ ယင်းစကားလုံး၏ အဓိပ္ပာယ်သည် 'လမ်းလွဲလမ်းမှားခြင်း' ဟူ၍ အလိုသဘောမျိုး မဟုတ်ပေ။ ဤနေရာ၌လည်း ယင်းစကားလုံး၏ အဓိပ္ပာယ်ကို 'လမ်းလွဲလမ်းမှားခြင်း' ဟူ၍ ပြန်ဆိုခြင်း မရှိပေ။

အလ္လာဟ်အသျှင်မြတ်၏ 'ဇားသ်'တော်၏ အခြေခံဇစ်မြစ်အချက်၏ အသိပညာသည် လူသားတို့အဖို့ သိနိုင်ရန် မဖြစ်တန်ကောင်းသော အရာဖြစ်ခြင်း

قَالَ فِرْعَوْنُ رَبُّ الْعٰلَمِيْنَ

ထို့နောက် ဖိရ်အောင်န်သည် 'စကြဝဠာခပ်သိမ်းတို့၏ အသျှင်မြတ်ဟူသည် အဘယ်နည်း' ဟူ၍ မေးမြန်းခဲ့လေသည်။ *[၂၆ : ၂၃]*

ဤမင်္ဂလာရှိတော်မူသော အာယသ်တော်မှ ဤအောက်ဖော်ပြပါအချက်အား အတည်ပြု၍ ရရှိပေသည်။ အလ္လာဟ်အသျှင်မြတ်၏ 'ဇားသ်'တော်၏ အခြေခံဇစ်မြစ်အချက်အား သိရှိနိုင်ရန်သည် မဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ဖိရ်အောင်န်၏ မေးမြန်းချက်သည် အလ္လာဟ်အသျှင်မြတ်၏ အခြေခံဇစ်မြစ်အချက်နှင့် စပ်လျဉ်းနေပေသည်။ ဟဇရသ်မူစာ ﷺ သည် အလ္လာဟ်အသျှင်မြတ်၏ အခြေခံဇစ်မြစ်အချက်ကို ဖြေကြားရမည့်အစား အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်တော်များကို ဖြေကြားလိုက်သည်။ အကြင်ဖြေကြားချက်မှ 'အလ္လာဟ်အသျှင်မြတ်၏ အခြေခံဇစ်မြစ်အချက်အား သိရှိရန်သည် မဖြစ်နိုင်ကြောင်းနှင့် ဤသို့ မေးမြန်းခြင်းသည် အလဟဿဖြစ်ခြင်း'၏ ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားပေသည်။ *[ရူးဟ်]*

اَنْ اَرْسِلْ مَعَنَا بَنِىْٓ اِسْرَآءِيْلَ

အသင်သည် ဗနီအိစ်ရာအီးလ်အမျိုးသားတို့အား ငါတို့နှင့်အတူ သွားခွင့်ပြုပါလေ။ *[၂၆ : ၁၇]*

ဗနီအိစ်ရာအီးလ်တို့သည် ဆီရီးယားနိုင်ငံသားများ ဖြစ်ကြပေသည်။ ထိုဒေသသို့ သွားလိုကြသော်လည်း ဖိရ်အောင်န်သည် သွားခွင့်မပြုပေ။ ဤသို့ဖြင့် လွန်ခဲ့သော နှစ်ပေါင်း (၄၀၀) ကတည်းက ၎င်းတို့သည် ဖိရ်အောင်န်၏ အချုပ်အနှောင်အောက်၌ ကျွန်ဘဝသက်တမ်းအဖြစ် နေထိုင်ခဲ့ရပေသည်။ ယင်းအချိန်၌ ၎င်းတို့၏ အရေအတွက်သည် (၆၃၀၀၀၀) ဖြစ်သည်။ ဟဇရသ်မူစာ ﷺ သည် ဖိရ်အောင်န်အား အလ္လာဟ်အသျှင်မြတ်၏ 'ဝဟီ'ဗျာဒိတ်တော်နှင့်အတူ ၎င်းမတရားသမှု ပြုနေသော ဗနီအိစ်ရာအီးလ်လူမျိုးတို့အား မိမိ၏ လုပ်ရပ်မှ ရပ်တန့်ရန်နှင့် လွတ်မြောက်မှုပေးရန်လည်း လမ်းညွှန်မှာကြားမှုကို ပြုလေသည်။

[ကုရ်သုဗီကျမ်း]

နဗီတစ်ပါး၏ အခြေအတင် ပြောဆိုမှု၏ စံနမူနာတစ်ရပ်နှင့် အခြေအတင် ပြောဆိုခြင်းအား ထိရောက်မှုရှိသော ယဉ်ကျေးမှုစနစ်များ

အတွေးအခေါ်အယူအဆ မတူညီသော လူနှစ်ဦး၊ သို့မဟုတ် အဖွဲ့နှစ်ရပ်နှင့် စပ်လျဉ်း၍ သီအိုရီခံယူချက်ပိုင်းဆိုင်ရာ ကဏ္ဍရပ်၌ အခြေအတင်ပြောဆိုခြင်းကို သာသနာတော်၏ ဝေါဟာရ၌ 'မုနာဇရာ' ဟူ၍ ခေါ်ဆိုပေသည်။ ရှေးအတိတ်ခေတ်ကတည်းက ဤအချက်သည် ရှိခဲ့သည်။ သို့ရာတွင် ယေဘုယျအားဖြင့် 'မုနာဇရာ'သည် အနိုင်၊ အရှုံးကစားနည်းတစ်ရပ်အဖြစ်သာ ကျန်ရစ်နေပေသည်။ လူတို့၏ အမြင်၌

'မုနာဇရာ'၏ ရလဒ်မှာ 'မိမိ၏ အမှားကို မိမိ သိရှိနေလင့်ကစား မိမိ၏စကား အနိုင်ရရန်ဖြစ်သည်။ ထိုစကားရပ် မှန်ကန်မှုနှင့် အားအင်ဖြည်းဆည်းရန်အတွက် အလုံးစုံသော မိမိ၏ အထောက်အထားများ နှင့် ဦးနှောက်အသိဉာဏ်ကို အသုံးပြုရပေသည်။ ဤကဲ့သို့ပင် ဆန့်ကျင်ဘက်၏ စကားရပ်အချက်အလက် တစ်စုံတစ်ရာသည် မှန်ကန်နေလင့်ကစား ထိုအဆိုကို ချေပဖြေကြားရန် အင်ကုန်၊ အားကုန် အသုံးပြုရန် ဖြစ်သည်။ အစ္စလာမ်သာသနာတော်သည်သာလျှင် ထိုအမှုကိစ္စ၌ သီးသန့်သမာသမတ်လမ်းစဉ်ကို ချမှတ် ပေးထားပေသည်။ ထိုအမှုကိစ္စ၏ အခြေခံနည်းစနစ်များနှင့် အတိုင်းအတာဘောင်များကို သတ်မှတ်ထား ပေးကာ သာသနာပြုမှုနှင့် ပြုပြင်မှု ပြုပေးခြင်းတို့၏ ကိစ္စရပ်များ၌ အကျိုးပြု ထိရောက်စေသော လက်နက် အဖြစ် ပြုပေးထားပေသည်။

တင်ပြလျက်ရှိနေသော အာယသ်တော်အတွင်း၌ ယင်းအချက်၏ စံနမူနာအချက်တစ်ရပ်ကို လေ့လာ ကြည့်ကြပါစို့။ ဟဇရတ်မူစာ ﷺ နှင့် ဟဇရတ်ဟာရူးန် ﷺ သည် ဖိရ်အောင်နှ်ကဲ့သို့သော မိမိကိုယ်ကို မိမိ အလ္လာဟ်အသျှင်မြတ်ဟူ၍ ကြွေးကြော်သော ဆိုးသွမ်းသည့် ဘုရင်၏ နန်းရင်ပြင်၌ အမှန်တရား၏ ဒေသနာတော်ကို ပို့ဆောင်ခဲ့သည်။ သို့ရှိရာ ၎င်းသည် ဆန့်ကျင်ဘက်ပြုရန် အခြေအတင် ပြောဆိုမှု၏ အစကို ဦးစွာပထမ ဟဇရတ်မူစာ ﷺ ၏ ကိုယ်ရေးကိုယ်တာနှင့် စပ်လျဉ်းသော အချက်နှစ်ချက်ဖြင့် အစပြုခဲ့သည်။ ပမာဆိုရသော် ပါးနပ်သော ဆန့်ကျင်ဘက်ပြုလုပ်သူသည် ယေဘုယျအားဖြင့် မူရင်း အဓိကအချက်အား ဖြေဆိုရန် မစွမ်းနိုင်သောဇာ တစ်ဘက်လူ၏ ပင်ကိုယ်အားနည်းချက်ကို ရှာဖွေပြောဆိုမှု ကို ပြုပေသည်။ သို့မှသာ တစ်ဘက်သူ အရှက်တရား တစ်စုံတစ်ရာ ရရှိ၍ လူတို့၏ ကြားဝယ် ၎င်း၏ ဂုဏ်သိက္ခာထိခိုက်စေရန် ဖြစ်သည်။ ဤနေရာ၌လည်း ဖိရ်အောင်နှ်သည် အချက်နှစ်ချက်ကို ပြောဆိုသည်။

ပထမအချက်မှာ အသင်သည် ကျွန်ုပ်၏ ပြုစုကျွေးမွေးမှုအောက်နှင့် ကျွန်ုပ်၏ နန်းတော်အတွင်း၌ ကြီးပြင်းလာကာ သူငယ်ဖြစ်ခဲ့သည်။ ကျွန်ုပ်သည် အသင့်အပေါ်၌ ကျေးဇူးတရားများကို ထားရှိခဲ့ပေသည်။ အသင်သည် ကျွန်ုပ်၏ ရှေ့မှောက်ဝယ် မည်သို့ ပြောဆိုနိုင်အံ့နည်း။ ဒုတိယအချက်မှာ အသင်သည် ကိစ်သွီဗီ တစ်ဦးကို အကြောင်းမဲ့ သတ်ဖြတ်ခဲ့သည်။ အကြင်သတ်ဖြတ်မှုသည် မတရားသမှုဖြစ်သည့်အပြင် ကျေးဇူး တရား မသိတတ်ခြင်းလည်း ဖြစ်ပေသည်။ အကြင်မျိုးနွယ်အုပ်စုအတွင်း၌ ကျွေးမွေးပြုစုခြင်း ခံရပြီး ကြီးပြင်းလာကာ ထိုမျိုးနွယ်အုပ်စုအတွင်း ရှိသူကို သတ်ဖြတ်ခဲ့သည်။

ယင်းတင်ပြချက်နှင့် ဆန့်ကျင်ကာ ဟဇရတ်မူစာ ﷺ ၏ ရစူလ်တစ်ပါးအသွင်ဖြင့် ဖြေကြားထား သော အဖြေကို လေ့လာကြည့်ကြပါစို့။ ပထမအချက်မှ ဖြေကြားရာ၌ မေးခွန်း၏ အစီအစဉ်ကျနမှုကို ပြောင်းပစ်လိုက်ပေသည်။ ဆိုလိုသည်မှာ ကစ်ဗ်သွီအား သတ်လိုက်ခြင်း၏ ဖြစ်အင်ကို ဖိရ်အောင်နှ်သည် နောက်မှ တင်ပြရာ နဗီသည် ထိုအချက်ကို ဦးစွာ ဖြေဆိုလိုက်သည်။ အိမ်နန်း၌ မွေးမြူပေးထားခြင်း၏ ကျေးဇူးတရားကို ဦးစွာ ဖော်ထုတ်ထားသော်လည်း နဗီသည် ယင်းအချက်ကို နောက်မှ ဖြေကြားသည်။ ထိုသို့ အစီ အစဉ်ကျနမှုကို ပြောင်းပစ်လိုက်ခြင်း၏ အမြော်အမြင်တော်ကို အောက်ဖော်ပြပါအချက်အတိုင်း သိရှိရပေသည်။

ကစ်ဗ်သို့အား သတ်ဖြတ်ခြင်း၏ ဖြစ်အင်၌ မိမိအားနည်းချက်တစ်ရပ် မုချ ပေါ်ပေါက်ခဲ့ပေသည်။ မျက်မှောက်ခေတ်ရှိ စကားရည်လုပွဲများ၏ နည်းစနစ်များသည်မူ ဤအချက်များ တင်ပြခြင်းကိုပင် ရှောင်ရှား ထွေးယှက် ခြင်းပြုကာ အခြားသော အချက်များဘက်သို့ အာရုံစိုက်မှုဖြစ်အောင် ကြိုးစားနေကြပေသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်သည် ထိုအချက်၏ အဖြေကို ဦးစွာ ပေးလိုက်သည်။ အဖြေကိုလည်း ကွင်းဆက်တစ်ဆက်တည်းမှာပင် မိမိ၏ အားနည်းချက်အား ဝန်ခံကြောင်းကိုပါ တစ်ပါတည်း ပေးလိုက်ပေသည်။ ဆန့်ကျင်ဘက် လူများက 'ငှင်းသည် မိမိအားနည်းချက်ကို မိမိ ဝန်ခံကာ အရှုံးပေးလိုက်သည်' ဟူသော ပြောဆိုလာမည့် အပြောမျိုးကို လုံး၀ ဂရုမမူပေ။

ဟဇရတ်မူစာ ﷺ သည် မိမိမှားယွင်းစွာ သတ်ဖြတ်မိကြောင်းကို ဝန်ခံရာ၌ 'ဤမှားယွင်းမှုသည် သိလျက်နှင့် မဟုတ်ကြောင်း အမှန်ကိစ္စတစ်ရပ်ကို အကောင်အထည်ဖော်ပေးရာ၌ အမှုမဲ့၊ အမှတ်မဲ့ မှားယွင်းသော အကျိုးဆက်တရားတစ်ရပ် ပေါ်ပေါက်သွားကြောင်း၊ အမှန်ရည်ရွယ်ချက်သည် ကစ်ဗ်သို့အား အီစ်ရာအီးလီကို မတရားသမှုပြုနေခြင်းမှ တားမြစ်ရန်ဖြစ်ကြောင်း၊ ထိုရည်ရွယ်ချက်ဖြင့် ငှင်းအား ထိုးလိုက်ရာ ရုတ်တရက် ငှင်းမှာ သေဆုံးသွားကြောင်း၊ ထို့ကြောင့် ဤလုပ်ရပ်သည် မှားယွင်းမှု ဖြစ်ရှိနေသည့် ကြားကတည်းကပင် မိမိ၏ မူရင်းကိစ္စ (နဗီဖြစ်ကြောင်း ကြွေးကြော်မှုနှင့် ငှင်း၏ မှန်ကန်မှုတရား) အပေါ် တစ်စုံတစ်ရာ အကျိုးသက်ရောက်မှုမရှိကြောင်း၊ ကျွန်ုပ်အဖို့ ယင်းမှားယွင်းမှုအပေါ် သတိပေးခြင်း ခံရ၍ တရားဥပဒေအရ ဖမ်းဆီးခြင်းခံရမည်ကို ကြောက်ရွံ့၍ မြို့မှ ထွက်ခွာခဲ့ကြောင်း၊ တစ်ဖန် အလ္လာဟ် အသျှင်မြတ်သည် ကရုဏာတရားတော်ကို ထားကာ ရစူလ်၊ နဗီအဖြစ် ချီးမြှင့်တော်မူလိုက်ကြောင်း' ဟူသော အခြေခံစစ်မြစ်သဘောတရားကိုလည်း ရှင်းလင်းဖော်ထုတ်ပေးလိုက်ပေသည်။

ဤသို့ ရန်သူနှင့် ထိပ်တိုက်ရင်ဆိုင်နေရသော အချိန်၌ ဟဇရတ်မူစာ ﷺ ၏ ရိုးရှင်းပြတ်သားသော အဖြေမှာ 'အသတ်ခံရသူ ကစ်ဗ်သို့ကို မုချ သတ်ဖြတ်ရမည်ဖြစ်ကြောင်း အထောက်အထားအဖြစ် အတည်ပြုကာ ငှင်းမုချ သတ်ဖြတ်ခြင်းခံထိုက်သည့် စွဲချက်များကို တင်ပြရန်ဖြစ်သည်' ဟူ၍ ဖြစ်သည်။ ချေပဖော်ထုတ် ရန် စိုးရိမ်ရသော အခြားငြင်းဆိုမည့်သူ တစ်ဦးတစ်ယောက်မျှလည်း အခင်းဖြစ်ပွားရာ နေရာ၌ မရှိပေ။ ဤနေရာ၌ ဟဇရတ်မူစာ ﷺ မှအပ အခြားတစ်ဦးတစ်ယောက်ဖြစ်မည်ဆိုပါက ဖြေဆိုချက်မှာ အသတ်ခံရသည့်သူအပေါ် စွဲချက်တင်ခြင်းမှအပ အခြားမည်သည့်အချက်မှ ရှိမည်မဟုတ်ပေ။ သို့ရာတွင် ဤနေရာ၌ အလ္လာဟ်အသျှင်မြတ်၏ ခန္တီတရားနှင့် ပြည့်စုံ၍ မြင့်မြတ်သော ရစူလ်တမန်တော်သည် အမှန်တရားချည်းသက်သက်ဖြင့်သာ ဖန်ဆင်းခြင်း ခံထားရသော ရစူလ်တမန်တော်တစ်ပါး ဖြစ်ပေသည်။ အကြင်ရစူလ်တမန်တော်သည် အမှန်တရားနှင့် အခြေခံစစ်မြစ်အချက်ကို ဖော်ထုတ်ခြင်းကိုသာလျှင် မိမိ၏ အောင်မြင်မှုဟူ၍ မှတ်ယူထားပေသည်။ ရန်သူများ ပြည့်နှက်နေသော ညီလာခံ၌ မိမိ၏ မှားယွင်းကြောင်းကို ဝန်ခံလိုက်လေသည်။ အကြင်ကဲ့သို့ ဝန်ခံလိုက်ခြင်းကြောင့် နဗီဖြစ်ခြင်းနှင့် ရစူလ်ဖြစ်ခြင်းအပေါ် သံသယရှိကောင်း ရှိတတ်ပေရာ ယင်းအချက်နှင့် စပ်လျဉ်းသော အဖြေကိုလည်း တစ်ဆက်တည်း ပေးလိုက်ခြင်းပင် ဖြစ်ပေသည်။

ထို့နောက် ဖိရ်အောင်န်၏ ပထမတင်ပြချက်ဖြစ်သော ဆိုလိုသည်မှာ နန်းတော်အတွင်း၌ ပြုစုပေးခဲ့ရခြင်း၏ ကျေးဇူးတရား ထုတ်ဖော်ခြင်း၏ အဖြေအား မိန့်တော်မူပေသည်။ သို့ဆိုလျှင် ၎င်းဖိရ်အောင်န်၏ ထိုအပေါ်ယံ ကျေးဇူးတရား၏ အခြေခံဇစ်မြစ်အချက်ဘက်သို့ အာရုံစိုက်စေပေသည်။ အနည်းငယ်စဉ်းစားကြကုန်။ ကျွန်ုပ်နှင့် ဖိရ်အောင်န်၏ နန်းသည် မည်သို့ ဟပ်စပ်နိုင်အံ့နည်း။ ကျွန်ုပ်အား အသင့်နန်းတော်အတွင်း၌ ကျွေးမွေးစောင့်ရှောက်လာရခြင်း၏ အကြောင်းခံကို သေချာဂနစွာ ဆင်ခြင်သုံးသပ်ကြည့်မည်ဆိုပါက 'အသင်သည် ဗနီအိစ်ရာအီးလ်တစ်မျိုးသားလုံးတို့အပေါ် လူ့ကျင့်ဝတ်နှင့် ဆန့်ကျင်သော ညှဉ်းပန်းမှုမျိုးကို ပြုနေပေသည်။ ၎င်းတို့၏ အပြစ်မဲ့သော သားယောကျ်ားကလေးများကို သတ်ဖြတ်ပေသည်။ ပြင်ပသဏ္ဍာန်အားဖြင့် ကြည့်ရှုမည်ဆိုလျှင် အသင်၏ ထိုညှဉ်းပန်းနှိပ်စက်မှုမှ ကယ်တင်ရန်အတွက် ကျွန်ုပ်၏ မိခင်သည် ကျွန်ုပ်အား မြစ်အတွင်းသို့ ချခဲ့သည်။ မမျှော်လင့်ဘဲ အသင်သည် ကျွန်ုပ်၏ သေတ္တာကို မြစ်မှဆယ်ယူကာ နန်းတွင်း၌ ထားရှိလိုက်ပေသည်' ဟူသော ဇစ်မြစ်အခြေခံအချက်ကို သိရှိရပေမည်။ အမှန်စင်စစ်၌ ဤသည် အလ္လာဟ်အသျှင်မြတ်၏ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော စီမံကိန်းဖြစ်သည် 'အကြင်ကလေးငယ်၏ စိုးရိမ်စိတ်မှ ရှောင်ရှားရန်အတွက် ထောင်ပေါင်းများစွာသော ကလေးငယ်များကို သတ်ဖြတ်ခဲ့သည်။ တန်ခိုးတော်အသျှင်သည် ထိုကလေးငယ်ကို အသင်၏ လက်ဝယ်အတွင်း စောင့်ရှောက်နိုင်းထားခြင်းသည် အသင်၏ မတရားမှုအပေါ် အကွယ်မှ အသျှင်မြတ် သက်ရောက်စေသော ပြစ်ဒဏ်ဖြစ်သည်။ ယခု အသင် စဉ်းစားကြည့်ပါ။ ကျွန်ုပ်အား မွေးမြူစောင့်ရှောက်ခြင်းနှင့် စပ်လျဉ်း၍ အသင်၏ ကျေးဇူးတရားသည် မည်သို့နည်း။

ထိုသို့ ရစူလ်တမန်တော်တစ်ပါး ဖြစ်သည့်အလျောက် ဖြေကြားလိုက်သည့် တုန့်ပြန်မှု၏ စူးရှမှုသည် သဘာဝနှင့် ဦးနောက်အသိဉာဏ်အရ အသင့်ရှိနေသူတို့အပေါ် သက်ရောက်သင့်ပေသည်။ ဤသူတော်စင်သည် စကားကို လုပ်ကြံပြောဆိုသောသူ မဟုတ်ပေ။ အမှန်မှအပ အခြားမည်သည့်အရာ တစ်စုံတစ်ရာကိုမျှ မပြောဆိုပေ။ ထို့နောက် 'မုအ်ဂျေဇာဟ်'တန်ခိုးတော်များကို တွေ့မြင်ရသောအခါ ဝန်မခံနေလင့်ကစား သာပို၍ပင် ထောက်ခံရပေလိမ့်မည်။ သို့ရာတွင် ရှေ့နှင့် နောက်၌ တတိယသူအဖြစ် တစ်ဦးတစ်ယောက်မျှမရှိသော ဤနဗီနှစ်ပါးကို နန်းရင်ပြင်၊ မြို့နှင့် တိုင်းပြည်ကို ပိုင်ဆိုင်သောသူတို့အပေါ် 'ဤနှစ်ဦးသည် မိမိတို့အား ဤတိုင်းပြည်နှင့် စိုးမိုးအုပ်ချုပ်မှုမှ မောင်းထုတ်နေသည်' ဟူသော အတိုင်းအတာခန့်ထိတိုင် ကြောက်ရွံ့မှုသည် လွှမ်းမိုးနေပေသည်။

ဤသည် အလ္လာဟ်အသျှင်မြတ် ချီးမြှင့်တော်မူသော ခံ့ညားမှုနှင့် အမှန်တရား၏ ဟိတ်ဟန် ဂုဏ်ရှိန်ဂုဏ်ဝါပင် ဖြစ်သည်။ နဗီတမန်တော်များ၏ အခြေအတင် ဆွေးနွေးပြောဆိုချက်များသည်လည်း မှန်ကန်ပြီး တစ်ဘက်သူကို သာသနာရေးဆိုင်ရာ ကောင်းကျိုးတို့ကို လိုလားနေသော ဖွဲ့စိတ်၊ ဖွဲ့မာန်တို့ဖြင့် ပြည့်နှက်နေပေသည်။ ၎င်းတို့သည်ပင် စိတ်နှလုံးသားများအတွင်းဝယ် နေရာယူထားကြ၍ အလွန်ဆိုးသွမ်းသောသူများကို ကျဆုံးစေပါသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

قَالَ لِلْمَلَإِ حَوْلَهُۥٓ إِنَّ هَٰذَا لَسَٰحِرٌ عَلِيمٌ ﴿٣٤﴾

၂၆ : ၃၄ ။ ။ (ထိုအခါ) ယင်း (ဖိရ်အောင်န်) က မိမိ၏ အနီးနား၌ ရှိကြကုန်သော အကြီးအကဲမှူးမတ်တို့အား ပြောကြားခဲ့သည်မှာ (အချင်းတို့) 'ကေန်မလွဲ ဤသူမှာ ပဉ္စလက် (စုန်း) အတတ်ကို (တစ်ဖက်ကမ်းခတ်) တတ်မြောက်ကျွမ်းကျင်သော ဆရာတစ်ဦးပင် ဖြစ်ပေသည်။

يُرِيدُ أَن يُخْرِجَكُم مِّنْ أَرْضِكُم بِسِحْرِهِۦ فَمَاذَا تَأْمُرُونَ ﴿٣٥﴾

၂၆ : ၃၅ ။ ။ 'ငင်းသည် မိမိ၏ ပဉ္စလက် (စုန်း) အတတ်ဖြင့် အသင်တို့အား၊ အသင်တို့၏ တိုင်းပြည်မှ နှင်ထုတ်ရန် ကြံရွယ်လျက် ရှိပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် မည်သို့ (အကြံ) ပေးလိုကြသနည်း (ဟု ပြောဆိုလေ၏။)

قَالُوٓا۟ أَرْجِهْ وَأَخَاهُ وَٱبْعَثْ فِى ٱلْمَدَآئِنِ حَٰشِرِينَ ﴿٣٦﴾

၂၆ : ၃၆ ။ ။ ငင်း (မှူးမတ် အကြီးအကဲ) တို့က လျှောက်ထား (အကြံပေး) ခဲ့ကြကုန်၏။ 'ဘုရင်မင်းမြတ်သည် (ထိုမူစာနှင့် ငင်းနောင်တော် ဟာရူန်တို့အား) အချိန်အနည်းငယ် ရွှေ့ဆိုင်းခွင့်ပေး၍ မင်းစေတို့အား အမြို့မြို့အရွာရွာသို့ စေလွှတ်တော်မူပါ။'

يَأْتُوكَ بِكُلِّ سَحَّارٍ عَلِيمٍ ﴿٣٧﴾

၂၆ : ၃၇ ။ ။ ငင်း (မင်းစေ) တို့သည် '(တစ်ဖက်ကမ်းခတ်) တတ်မြောက်ကျွမ်းကျင်ကြကုန်သော ပဉ္စလက် (စုန်း) ဆရာတို့အား (ဘုရင်မင်းမြတ်ထံသို့ ခေါ်ဆောင်၍) လာခဲ့ကြရပါမည်' ဟု လျှောက်ထားကြ၏။

فَجُمِعَ ٱلسَّحَرَةُ لِمِيقَٰتِ يَوْمٍ مَّعْلُومٍ ﴿٣٨﴾

၂၆ : ၃၈ ။ ။ ထို့နောက် ပဉ္စလက် (စုန်း) ဆရာတို့သည် သတ်မှတ်ထားသော နေ့တစ်နေ့၏ အထူးချိန်းချက်ထားသည့် အချိန်တွင် စုဝေးခဲ့ကြရလေသည်။

وَقِيلَ لِلنَّاسِ هَلْ أَنتُم مُّجْتَمِعُونَ ﴿٣٩﴾

၂၆ : ၃၉ ။ ။ ထို့ပြင် လူတို့အား ဆင့်ဆိုထားသည်မှာ 'အသင်တို့သည်လည်း စုရုံးကြရပေမည်။'

لَعَلَّنَا نَتَّبِعُ ٱلسَّحَرَةَ إِن كَانُوا۟ هُمُ ٱلْغَٰلِبِينَ ﴿٤٠﴾

၂၆ : ၄၀ ။ ။ 'သို့မှသာလျှင် အကယ်၍ ပဉ္စလက် (စုန်း) ဆရာတို့ အောင်မြင်ကြသည်ရှိသော် ကျွန်ုပ်တို့သည် ငင်းတို့၏ နောက်လိုက်များအဖြစ် လိုက်နိုင်ကြပေမည်' ဟု ပြောဆိုကြ၏။

فَلَمَّا جَآءَ السَّحَرَةُ قَالُوْا لِفِرْعَوْنَ اَئِنَّ لَنَا لَاَجْرًا اِنْ كُنَّا نَحْنُ الْغٰلِبِيْنَ ﴿٤١﴾

၂၆ : ၄၁ ။ ။ ထို့နောက် ပဉ္စလက် (စုန်း) ဆရာတို့ ရောက်ရှိလာကြသောအခါ၊ ၎င်းတို့က ဖိရ်အောင်န်အား 'အကယ်၍ ကျွန်ုပ်တို့သည် အောင်နိုင်သူများ ဖြစ်ခဲ့ကြပါလျှင်၊ ဧကန်အမှန် ကျွန်ုပ်တို့သည် (ကြီးကျယ်သော) ဆုလာဘ်ကို အမှန်ပင် ရရှိကြမည် မဟုတ်ပါလော' ဟု လျှောက်ထားခဲ့ကြကုန်၏။

قَالَ نَعَمْ وَاِنَّكُمْ اِذًا لَّمِنَ الْمُقَرَّبِيْنَ ﴿٤٢﴾

၂၆ : ၄၂ ။ ။ ယင်း (ဖိရ်အောင်န်) က 'ဟုတ်ပေသည်။ ၎င်းပြင် ထိုသို့ဖြစ်ခဲ့လျှင်၊ အသင်တို့သည် အမှန်ပင် (ငါနှင့် အတူ) လက်ပွန်းတတီး (ချစ်ကျွမ်းဝင်) နေထိုင်သူတို့တွင်လည်း အပါအဝင် ဖြစ်ကြပေမည်' ဟု ဆိုခဲ့လေသည်။

قَالَ لَهُمْ مُّوْسٰٓى اَلْقُوْا مَآ اَنْتُمْ مُّلْقُوْنَ ﴿٤٣﴾

၂၆ : ၄၃ ။ ။ (တမန်တော်) မူစာသည် ထိုပဉ္စလက် (စုန်း) ဆရာတို့အား 'အသင်တို့သည် မိမိတို့ ပစ်ချလိုကြသော အရာများကို ပစ်ချကြလေကုန်' ဟု ပြောဆိုခဲ့လေ၏။

فَاَلْقَوْا حِبَالَهُمْ وَعِصِيَّهُمْ وَقَالُوْا بِعِزَّةِ فِرْعَوْنَ اِنَّا لَنَحْنُ الْغٰلِبُوْنَ ﴿٤٤﴾

၂၆ : ၄၄ ။ ။ ထိုအခါ ထိုပဉ္စလက် (စုန်း) ဆရာတို့သည် မိမိတို့၏ ကြိုးများနှင့် တောင်ဝှေးများကို ပစ်ချခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့က ဖိရ်အောင်န် (ဘုရင်မင်းမြတ်) ၏ ဘုန်းတန်ခိုးကို တိုင်တည်၍၊ ဧကန်မလွဲ ကျွန်ုပ်တို့သည်ပင်လျှင် အောင်နိုင်သူများ အမှန်ပင် ဖြစ်ကြပေမည်' ဟု ပြောဆိုခဲ့ကြကုန်၏။

فَاَلْقٰى مُوْسٰى عَصَاهُ فَاِذَا هِيَ تَلْقَفُ مَا يَاْفِكُوْنَ ﴿٤٥﴾

၂၆ : ၄၅ ။ ။ ထို့နောက် (တမန်တော်) မူစာသည် မိမိ၏ လှင်ကန်တောင်ဝှေးကို ပစ်ချခဲ့ရာ၊ ယင်း (လှင်ကန် တောင်ဝှေး) မှာ ရုတ်တရက် မြွေ (နဂါးကြီး ဖြစ်လာပြီး) ထိုပဉ္စလက် (စုန်း) ဆရာတို့က လှည့်စားထားကြသော အရာများကို မျိုလေတော့၏။

فَاُلْقِيَ السَّحَرَةُ سٰجِدِيْنَ ﴿٤٦﴾

၂၆ : ၄၆ ။ ။ ထိုအခါ ပဉ္စလက် (စုန်း) ဆရာတို့သည် မှောက်လျက် ပျပ်ဝပ်ဦးချကြကုန်၏။

قَالُوْٓا اٰمَنَّا بِرَبِّ الْعٰلَمِيْنَ ﴿٤٧﴾

၂၆ : ၄၇ ။ ။ ၎င်း (စုန်းဆရာ) တို့က ပြောဆိုခဲ့ကြသည်မှာ 'ကျွန်ုပ်တို့သည် စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူ တော်မူသော အသျှင်မြတ်အား သက်ဝင်ယုံကြည်ကြပါပြီ။'

رَبِّ مُوسٰى وَهٰرُوْنَ ﴿٤٨﴾

၂၆ : ၄၈ ။ ။ (ထိုအသျှင်မြတ်သည် တမန်တော်) မူစာနှင့် (တမန်တော်) ဟာရူန်တို့၏ အသျှင်မြတ်လည်း ဖြစ်တော်မူပါ၏။

قَالَ اٰمَنْتُمْ لَهٗ قَبْلَ اَنْ اٰذَنَ لَكُمْ ۚ اِنَّهٗ لَكَبِيْرُكُمُ الَّذِىْ عَلَّمَكُمُ السِّحْرَ ۚ فَلَسَوْفَ تَعْلَمُوْنَ ۬ؕ لَاُقَطِّعَنَّ اَيْدِيَكُمْ وَاَرْجُلَكُمْ مِّنْ خِلَافٍ وَّلَاُوصَلِّبَنَّكُمْ اَجْمَعِيْنَ ﴿٤٩﴾

၂၆ : ၄၉ ။ ။ ယင်း (ဖိရ်အောင်န်) က 'အသင်တို့သည် ကျွန်ုပ် အသင်တို့အား ခွင့်မပြုမီပင်၊ ယင်း (မူစာ) အား ယုံကြည်ခဲ့ကြလေပြီ။ ဧကန်မလွဲ ၎င်းသည် အသင်တို့အား ပဉ္စလက် (စုန်း) အတတ်ပညာကို သင်ကြား၍ ပေးခဲ့သော အသင်တို့၏ (ဆရာကြီး) အကြီးအကဲပင် ဖြစ်၏။ သို့ဖြစ်ပေရာ ယခုပင် အသင်တို့သည် (အကြောင်း) သိရှိကြပေမည်။ ဧကန်မလွဲ ကျွန်ုပ်သည် အသင်တို့၏ လက်များနှင့် ခြေများကို (ဝဲ၊ ယာ) လွဲ၍ ဖြတ်တောက်ပစ်မည်။ ထို့ပြင် ဧကန်မလွဲ ကျွန်ုပ်သည် အသင်တို့အားလုံးကိုပင် လက်ဝါးကပ်တိုင်တင်မည်' ဟု ပြောဆိုကြုံးဝါးခဲ့၏။

قَالُوْا لَا ضَيْرَ ۖ اِنَّاۤ اِلٰى رَبِّنَا مُنْقَلِبُوْنَ ﴿٥٠﴾

၂၆ : ၅၀ ။ ။ ၎င်း (စုန်းဆရာ) တို့က ပြောဆိုခဲ့ကြကုန်၏။ '(ကျွန်ုပ်တို့၌) လုံးဝ အကျိုးယုတ်မှု ရှိလိမ့်မည်မဟုတ်။ ဧကန်စင်စစ် ကျွန်ုပ်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်သို့ ပြန်သွားကြရမည့်သူများပင် ဖြစ်ကြကုန်၏။'

اِنَّا نَطْمَعُ اَنْ يَّغْفِرَ لَنَا رَبُّنَا خَطٰيٰنَاۤ اَنْ كُنَّاۤ اَوَّلَ الْمُؤْمِنِيْنَ ﴿٥١﴾

၂၆ : ၅၁ ။ ။ 'ဧကန်စင်စစ် ကျွန်ုပ်တို့သည် (ဤနေရာရှိ လူခပ်သိမ်းတို့ထက်) ရှေးဦးစွာ မှအ်မင်န်သက်ဝင်ယုံကြည်သူများ ဖြစ်ကြပေရာ၊ ကျွန်ုပ်တို့၏ အသျှင်မြတ်သည် ကျွန်ုပ်တို့၏ ပြစ်မှုများကို ခွင့်လွှတ်ချမ်းသာပေးတော်မူမည်ကို ကျွန်ုပ်တို့ မျှော်လင့်ကြပေသည်' ဟု ဖြေကြားခဲ့ကြကုန်၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ဟဇရသ်မူစာ عَلَيْهِ السَّلَامُ ၏ ဤတန်ခိုးတော်များ ပေါ်ပေါက်လာပါမူ၊ ထိုအခါ) ယင်း (ဖိရ်အောင်န်) က မိမိ၏ အနီးအနား၌ (ထိုင်၍) ရှိကြကုန်သော အကြီးအကဲမှူးမတ်တို့အား ပြောကြားခဲ့သည်မှာ (အချင်းတို့) 'ဧကန်မလွဲ ဤသူမှာ ပဉ္စလက် (စုန်း) အတတ်ကို (တစ်ဖက်ကမ်းခတ်) တတ်မြောက်ကျွမ်းကျင်သော ဆရာတစ်ဦးပင် ဖြစ်ပေသည်။

၄င်းသည် မိမိ၏ ပဥ္စလက် (စုန်း) အတတ် (၏ အရှိန်စွမ်းအား) ဖြင့် (ကိုယ်တိုင် ခေါင်းဆောင် ဖြစ်ရန်နှင့်) အသင်တို့အား အသင်တို့၏ တိုင်းပြည်မှ နှင်ထုတ်ရန် (အဓိက) ကြံရွယ်လျက် ရှိပေသည်။ (သို့မှသာ အခြားသူများ၏ အဟန့်အတား အနှောင့်အယှက်မရှိဘဲနှင့် မိမိ၏ မျိုးနွယ်အုပ်စုကို ခေါ်ဆောင်ကာ ဦးစီးခေါင်းဆောင်မှုပြုရန် ဖြစ်သည်။) သို့ဖြစ်ပေရာ အသင်တို့သည် မည်သို့ (အကြံ) ပေးလိုကြသနည်း (ဟု ပြောဆိုလေ၏။)

၄င်း (မှူးမတ်အကြီးအကဲ) တို့က လျှောက်ထား (အကြံပေး) ခဲ့ကြသည်မှာ ဘုရင်မင်းမြတ်က (ထိုမူစာနှင့် ၄င်း၏ နောင်တော်ဟာရူနိတို့အား) အချိန်အနည်းငယ် ရွှေ့ဆိုင်းခွင့် ပေး၍ မင်းစေတို့အား (တိုင်းပြည်နယ်ရှိ) အမြို့မြို့အရွာရွာသို့ (မင်းမိန့် သဝဏ်လွှာကို ပေး၍) စေလွှတ်တော်မူပါ။ ၄င်း (မင်းစေ) တို့သည် (အမြို့မြို့အနယ်နယ်မှ တစ်ဖက်ကမ်းခတ်) တတ်မြောက်ကျွမ်းကျင်ကြကုန်သော ပဥ္စလက် (စုန်း) ဆရာတို့အား (စုရုံးကာ ဘုရင်မင်းမြတ်ထံသို့ ခေါ်ဆောင်၍) လာခဲ့ကြရပါမည်' ဟု လျှောက်ထားကြ၏။

ထို့နောက် ပဥ္စလက် (စုန်း) ဆရာတို့သည် သတ်မှတ်ထားသော နေ့တစ်နေ့၏ အထူးချိန်းချက်ထားသည့်အချိန်တွင် စုဝေးခဲ့ကြရလေသည်။ (သတ်မှတ်ထားသော နေ့၏ အလိုသဘောသည် 'ယောင်မူးဇ် ဇီးနား' (အီးဒ်နေ့) ဖြစ်သည်။ ချိန်းချက်ထားသည့် အချိန်၏ အလိုသဘောမှာ နေမြင့်တက်လာသည့်အချိန် ဖြစ်သည်။ ပမာတင်ပြရမည်ဆိုသော် 'စူရာဟ်သွာဟာ'၏အစ ရှုကူအ် (၃) တွင် တင်ပြထားသကဲ့သို့ ဖြစ်သည်။ ဆိုလိုသည်မှာ သတ်မှတ်ထားသောနေ့၏ ချိန်းချက်ထားသည့်အချိန် နီးကပ်လာချိန်ဝယ် လူအားလုံးသည် စုရုံးရောက် ရှိလာကြပေသည်။ ဖိရ်အောင်န်အားလည်း စုရုံးရောက်ရှိနေကြောင်း အသိပေးလိုက်ရာ) ထိုပြင် (ဖိရ်အောင်န်၏ဘက်မှ အများဆိုင် အထူးကြေညာချက်အသွင်မျိုးဖြင့်) လူတို့အား ဆင့်ဆိုသည်မှာ 'အသင်တို့သည်လည်း (အဘယ်အဘယ်နေရာ၌ အဘယ်အဘယ်ဖြစ်အင်ကို ကြည့်ရှုရန်) စုရုံးကြရပေမည်'

သို့မှသာလျှင် အကယ်၍ ပဥ္စလက် (စုန်း) ဆရာတို့ (ကျွန်ုပ်တို့ မျှော်လင့်ထားသည့်အတိုင်း) အောင်မြင်ကြသည်ရှိသော် ကျွန်ုပ်တို့သည် ၄င်းတို့၏နောက်လိုက်များအဖြစ် လိုက်နိုင်ကြပေမည်' ဟု ပြောဆိုကြ၏။ (ဆိုလိုသည်မှာ ဖိရ်အောင်န်တည်ရှိနေသော လမ်းစဉ်နှင့် အခြားသောသူများကိုလည်း ထိုလမ်းစဉ် အပေါ်ဝယ် တည်ရှိရန် လိုလားနေပေသည်။ အလိုသဘောမှာ 'စုရုံး၍ ကြည့်ရှုကြကုန်။ စုန်းဆရာများ အောင်မြင်မည်ဟူ၍ မျှော်လင့်ရချိန်တွင် ကျွန်ုပ်တို့၏ လမ်းစဉ်မှန်ကန်ကြောင်း အထောက်အထားအဖြစ် အတည်ပြုပြီး ဖြစ်သွားပေမည်။) ထို့နောက် ပဥ္စလက် (စုန်း) ဆရာတို့သည် (ဖိရ်အောင်န်ရှိရာဆီသို့) ရောက်ရှိလာကြသောအခါ ၄င်းတို့က ဖိရ်အောင်န်အား အကယ်၍ ကျွန်ုပ်တို့သည် (ဟဇရတ်မူစာ ﷺ အပေါ် အောင်နိုင်သူများ ဖြစ်ခဲ့ကြပါလျှင် ကေန်အမှန် ကျွန်ုပ်တို့သည် (ကြီးကျယ်သော အကျိုး) ဆုလာဘ်ကို အမှန်ပင် ရရှိကြမည် မဟုတ်ပါလော' ဟု လျှောက်ထားခဲ့ကြကုန်၏။ ယင်း (ဖိရ်အောင်န်) က '၄င်းပြင် ထိုသို့ဖြစ်ခဲ့လျှင် အသင်တို့သည် (ကြီးကျယ်လှစွာသော ဥစ္စာပစ္စည်းလည်း ရရှိပေမည်။ ထပ်ဆင့်၍ (ငါနှင့် အတူ) လက်ပွန်းတတည်း (ချစ်ကျွမ်းဝင်) နေထိုင်သူတို့တွင်လည်း အပါအဝင် ဖြစ်ကြပေမည်။ (အချုပ်မှာ ထိုသို့ ပြောဆိုပြီးနောက် သတ်မှတ်ချိန်းချက်ထားသော အချိန်အထိသို့ ရောက်ရှိခဲ့ပြီး အခြားသော တစ်ဘက်မှ

ဟာဇရတ်မူစာ عليه السلام သည် ကြွမြန်းလာကာ ယှဉ်ပြိုင်မှုကို စတင်ပေသည်။ ပဥ္စလက်ပညာရှင်တို့က ဟာဇရတ်မူစာ عليه السلام အား 'အသင်သည် မိမိ၏ တောင်ဝှေး ကို ဦးစွာ ပစ်ချမည်လော။ သို့မဟုတ် ကျွန်ုပ်တို့က ဦးစွာ ပစ်ချရမည်လော'ဟူ၍ မေးမြန်းရာ တမန်တော်) မူစာသည် ထိုပဥ္စလက် (စုန်း) ဆရာတို့အား 'အသင်တို့သည် မိမိတို့ ပစ်ချလိုကြသော အရာများကို (ကွင်းပြင်အတွင်း၌) ပစ်ချလေကုန်'ဟု ပြောဆိုခဲ့လေ၏။ ထိုအခါ ထိုပဥ္စလက် (စုန်း) ဆရာတို့သည် မိမိတို့၏ ကြိုးများနှင့် တောင်ဝှေးများကို ပစ်ချခဲ့ကြကုန်၏။ (အကြင်အရာများသည် အောက်လမ်းအတတ်၏ အစွမ်းဖြင့် မြွေများအဖြစ် မှတ်ထင်ရပေသည်။) ထို့ပြင် ၎င်းတို့က ဖိရ်အောင်န် (ဘုရင်မင်းမြတ်) ၏ ဘုန်းတန်ခိုးကို တိုင်တည်၍ 'ဧကန်မလွဲ ကျွန်ုပ်တို့သည်ပင်လျှင် အောင်နိုင်သူများ အမှန်ပင် ဖြစ်ကြပေမည်'ဟု ပြောဆိုခဲ့ကြကုန်၏။ ထို့နောက် (တမန်တော်) မူစာသည် မိမိ၏ လှင်ကန်တောင်ဝှေးကို (အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့်) ပစ်ချခဲ့ရာ ယင်း (လှင်ကန်တောင်ဝှေး) မှာ ရုတ်တရက် မြွေ (နဂါးကြီးဖြစ်လာပြီး) ထိုပဥ္စလက် (စုန်း) ဆရာတို့က လှည့်စားထားကြသော အရာများကို မျိုလေတော့၏။

ထိုအခါ ပဥ္စလက် (စုန်း) ဆရာတို့သည် (ထိုမြင်ကွင်းကို တွေ့မြင်၍ အကျိုးတရား စူးရှမှု ခံစားသွားရကာ) မှောက်လျက် ပျပ်ဝပ်ဦးချကြကုန်၏။ ၎င်း (စုန်း) ဆရာတို့က (ဟစ်အော်၍) ပြောဆိုခဲ့ကြသည်မှာ 'ကျွန်ုပ်တို့သည် စကြဝဠာခပ်သိမ်းတို့ကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်အား သက်ဝင်ယုံကြည်ကြပါပြီ။ (ထိုအသျှင်မြတ်သည် တမန်တော်) မူစာနှင့် (တမန်တော်) ဟာရူးန်တို့၏ အသျှင်မြတ်လည်း ဖြစ်တော်မူပါ၏။

ယင်းဖိရ်အောင်န်က (အလွန်ကြောက်ရွံ့သွားမိသည်။ အကြောင်းမှာ ခပ်သိမ်းသော ပြည်သူများ မွတ်စ္စလင်မ်ဖြစ်ကောင်း ဖြစ်သွားနိုင်ပေသည်။ သို့ရှိရာ အကြောင်းတစ်ရပ် တီထွင်ဖန်တီး၍ အပြစ်ဒဏ်ခတ်မည့် ပုံစံမျိုးဖြင့် ပဥ္စလက်ပညာရှင်တို့အား) အသင်တို့သည် ကျွန်ုပ် အသင်တို့အား ခွင့်မပြုမီပင် ယင်း (မူစာ) အား ယုံကြည်လက်ခံကြလေပြီ။ ဧကန်မလွဲ ၎င်းသည် အသင်တို့အား ပဥ္စလက် (စုန်း) အတတ်ပညာကို သင်ကြားပေးခဲ့သော အသင်တို့၏ (ဆရာကြီး) အကြီးအကဲပင် ဖြစ်သည်ဟု သိရှိရပေ)၏။ (အသင်တို့သည် ၎င်း၏ တပည့်များ ဖြစ်ကြ၏။ ထို့ကြောင့် 'အသင်တို့သည် ဤသို့ ပြု၍ ကျွန်ုပ်သည် ဤသို့ ပြုမည်'ဟူ၍ အချင်းချင်း ညှိနှိုင်းခဲ့ကြသည်။ ဤသို့ဖြင့် အနိုင်၊ အရှုံးသည် ပေါ်လွင်သွားပေမည်။ သို့မှသာ ကစ်ဗ်သြီတို့ထံမှ အုပ်ချုပ်မှုကို ရယူ၍ နောက်ဆုံး ကိုယ်ပိုင်အုပ်ချုပ်မှုကို ရယူကြပေမည်။ ဥပမာဆိုရသော် အလ္လာဟ်အသျှင်မြတ်သည်

إِنَّ هَٰذَا لَمَكْرٌ مَّكَرْتُمُوهُ فِي الْمَدِينَةِ لِتُخْرِجُوا مِنْهَا أَهْلَهَا

ဧကန်စင်စစ် ဤသည်မှာ မြို့တွင် နေထိုင်ကြသော သူတို့အား ထိုမြို့တော်အတွင်းမှ နှင်ထုတ်ပစ်ရန် မြို့တွင်း၌ (မူစာနှင့် လျှို့ဝှက်ပူးပေါင်း၍) ကြံစည်ခဲ့ကြကုန်သော ပရိယာယ်မာယာတစ်ရပ်ပင် ဖြစ်ပေသည်။) [၇ : ၁၂၃]

သို့ဖြစ်ပေရာ ယခုပင် အသင်တို့သည် (အကြောင်း) သိရှိကြပေမည်။ (ထိုအကြောင်းမှာ) ကေန်မလွဲ ကျွန်ုပ်သည် (အသင်တို့ သံဝေဂတရား ရရှိကြရန်အလို့ငှာ) အသင်တို့၏ လက်များနှင့် ခြေများကို (ဝဲ၊ ယာ) လွှဲ၍ ဖြတောက်ပစ်မည်။ ထို့ပြင် ကေန်မလွဲ ကျွန်ုပ်သည် အသင်တို့အားလုံးကိုပင် လက်ဝါးကပ်တိုင် တင်မည်'ဟု ပြောဆို ကြုံးဝါးခဲ့၏။

၄င်း (စုန်းဆရာ) တို့က ပြောဆိုခဲ့ကြကုန်၏။ (ကျွန်ုပ်တို့၌) လုံးဝ အကျိုးယုတ်မှု ရှိလိမ့်မည်မဟုတ်။ ကေန်စင်စစ် ကျွန်ုပ်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ထံတော်သို့ ပြန်သွားကြရမည့်သူများပင် ဖြစ်ကြကုန်၏။ (အကြင်နေရာလောက၌ အမျိုးမျိုးသော ငြိမ်းချမ်းမှုနှင့် သက်တောင့်သက်သာ ဖြစ်မှုတို့သည် ရှိနေပေသည်။ တစ်ဖန် ဤသို့ သေခြင်းမျိုးဖြင့် ဆုံးရှုံးမှုသည် မည်သို့ ရှိနိုင်အံ့နည်း။ ကေန်စင်စစ် ကျွန်ုပ်တို့သည် ဤနေရာရှိ လူခပ်သိမ်းတို့ထက်) ရှေးဦးစွာ မုအ်မင်န်သက်ဝင် ယုံကြည်သူများ ဖြစ်ကြပေရာ ကျွန်ုပ်တို့၏ အသျှင်မြတ်သည် ကျွန်ုပ်တို့၏ ပြစ်မှုများကို ခွင့်လွှတ်ချမ်းသာ ပေးတော်မူမည်ကို ကျွန်ုပ်တို့ မျှော်လင့်ကြပေသည်'ဟု ဖြေကြားခဲ့ကြကုန်၏။ (သို့ရှိရာ ဤပြောဆိုချက်အပေါ် ယခုတင်ပြမည့် အချက်အပေါ် သံသယမဖြစ်လေနှင့်။ ၄င်းတို့၏အလျင် ဟဇရသ်အာစီယာသခင်မနှင့် ဖိရ်အောင်န် ဘက်တော်သားနှင့် ဗနီအီစ်ရာအီးလ်တို့ထဲမှ မုအ်မင်န်ဖြစ်သော သူများလည်း ရှိပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

اَلْقُوْا مَآ اَنْتُمْ مُّلْقُوْنَ

အသင်တို့သည် မိမိတို့ ပစ်ချလိုသော အရာများကို ပစ်ချလေကုန်။ *[၂၆ : ၄၃]*

ဆိုလိုသည်မှာ ဟဇရသ်မူစာ ﷺ သည် ပဉ္စလက်စုန်းဆရာတို့အား 'အသင်တို့ ပြသလိုသော စုန်းအတတ်ပညာကို ပြသကုန်' ဟူ၍ မိန့်ဆိုတော်မူသည်။ ထိုမိန့်ဆိုချက်အပေါ် အပေါ်ယံချည်းသက်သက် အပေါ်၌သာ သံသယဝင်ကောင်း ဝင်နိုင်ပေသည်။ သို့ရာတွင် အနည်းငယ် စဉ်းစားတွေးခေါ်လိုက်ခြင်းဖြင့် 'ဤသည် ဟဇရသ်မူစာ ﷺ ဘက်မှ စုန်းအတတ်ပညာအား ပြနိုင်းခြင်း၏ အမိန့်မဟုတ်ပေ။ ၄င်းတို့ ပြုပြမည့် အရာများကို ပျက်စီးစေရန် ရည်ရွယ်တော်မူခြင်း ဖြစ်သည်။ ယင်းအတတ်ပညာ ပျက်စီးကြောင်းကို ပြသစေရန်ဟူသည် ထိုအတတ်ပညာကို ထုတ်ဖော်ပြသခြင်း မပြုပေးဘဲနှင့် မဖြစ်နိုင်ပေ။ ထို့ကြောင့် မူစာ ﷺ သည် ၄င်းတို့အား ထိုအတတ်ပညာရပ်အား ထုတ်ဖော်ရန် အမိန့်ပေးကြောင်း'ဟူသော အချက်သည် ရှင်းလင်းစွာဖြင့် သိရှိရပေသည်။ ပမာဆိုရသော် သာသနာမဲ့တစ်ဦးအား 'အသင် သာသနာမဲ့ခြင်းနှင့် စပ်လျဉ်းသော အထောက်အထားများကို ပြသကုန်။ သို့မှသာ ကျွန်ုပ်သည် ယင်းအချက်ကို မှားယွင်းကြောင်းကို ထောက်ပြနိုင်ပေသည်'ဟူ၍ ပြောဆိုသကဲ့သို့ ဖြစ်သည်။ '၄င်းပြောဆိုသောသူအဖို့ ကုဖွ်ရ် (သွေဖည်ငြင်းဆိုမှု) အပေါ် သဘောတူညီမှု ရှိသည်'ဟူ၍ ပြောဆို၍ မရနိုင်ကြောင်း'မှာ ထင်ရှားလှပေသည်။

بِعِزَّةِ فِرْعَوْنَ

ဖိရ်အောင်န်ဘုရင်မင်းမြတ်၏ ဘုန်းတန်ခိုးကို တိုင်တည်အံ့။ [၂၆ : ၄၄]

ဤစကားလုံးသည် ထိုစုန်းအတတ်ပညာရှင်များအဖို့ အမိုက်ခေတ်၌ ရေပန်းစားသော 'ကစမ်' ကျိန်ဆိုခြင်း၏ အဆင့်၌ ရှိပေသည်။ ဝမ်းနည်းရသည်မှာ မွတ်စလင်မ်များအကြား ယခု ဤကဲ့သို့သော 'ကစမ်'ကျိန်ဆိုခြင်းသည် ဓလေ့အဖြစ် ကျယ်ပြန့်နေပေသည်။ အကြင်ကျိန်ဆိုမှုတို့သည် အထက်ဖော်ပြပါ 'ကစမ်'ထက် သာပို၍ ဆိုးရွားလှပေသည်။ ဥပမာ- ဘုရင်း၏ 'ကစမ်'၊ အသင့်ဦးခေါင်း၏ 'ကစမ်'၊ အသင့်မှတ်ဆိတ်မွေး၏ 'ကစမ်'၊ အသင်အဖေ၏ 'ကဗရ်'၏ 'ကစမ်'ဟူ၍ စသည်တို့ ဖြစ်သည်။ ယင်းကဲ့သို့သော 'ကစမ်'ကျိန်ဆိုမျိုးများသည် သာသနာအရ လုံးဝမပိုင်ပေ။ သို့သာမက ထိုကဲ့သို့သော 'ကစမ်' ကျိန်ဆိုမှုမျိုးနှင့် စပ်လျဉ်း၍ 'အလ္လာဟ်အသျှင်မြတ်၏ နာမတော်ကို ကိုင်၍ လိမ်လည်ကာ ကျိန်ဆိုခြင်းသည် ကြီးလေးသော ပြစ်မှုဖြစ်သည်။ ထိုအထက်ဖော်ပြပါ အမည်များကို ကိုင်၍ မှန်ကန်စွာ ကျိန်ဆိုခြင်းသည် လည်း ကြီးလေးသော အပြစ်ဖြစ်ရာ၌ အထက်ဖော်ပြပါ ပြစ်မှုထက် မနည်းကြောင်း'ဟူ၍ ပြောဆိုမည် ဆိုလျှင် မမှားယွင်းပေ။ [ရူးဟ်]

قَالُوا لَا ضَيْرَ إِنَّا إِلَىٰ رَبِّنَا مُنقَلِبُونَ ۝٥٠

၎င်းစုန်းဆရာတို့က ပြောဆိုခဲ့ကြကုန်၏။ ကျွန်ုပ်တို့၌ လုံးဝ အကျိုးယုတ်မှု ရှိလိမ့်မည်မဟုတ်။ ဧကန်စင်စစ် ကျွန်ုပ်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ထံတော်သို့ ပြန်သွား ကြရမည့်သူများပင် ဖြစ်ကြကုန်၏။ [၂၆ : ၅၀]

ဆိုလိုသည်မှာ ဖိရ်အောင်န်သည် စုန်းအတတ်ပညာရှင်တို့ကို အီမာန်အား ရယူလက်ခံလိုက်သည့် အပေါ် သတ်ဖြတ်ရန်၊ ခြေ၊ လက်ဖြတ်တောက်ရန်နှင့် ကားစင်တင်ရန် ခြိမ်းခြောက်လိုက်ပေသည်။ သို့ရှိရာ ပဋ္ဌလက်စုန်းအတတ်ပညာရှင်တို့သည် 'အသင်ပြုလုပ်နိုင်သည့်အချက်ကို ပြုမူပါ။ ကျွန်ုပ်တို့အား တစ်စုံတစ်ရာ ဆုံးရှုံးအောင် ပြုနိုင်မည်မဟုတ်။ ကျွန်ုပ်တို့သည် အသတ်ခံရသည်ဆိုလျှင်လည်း မိမိတို့အား မွေးမြူတော် မူသော အသျှင်မြတ်၏ ထံတော်သို့ သွားရောက်ကြရမည် ဖြစ်ပေသည်။ အကြင်နေရာ၌ သက်တောင့်သက်သာ ချည်းသာ ဖြစ်နေပေမည်'ဟူ၍ ဂရုမမူစွာဖြင့် ဖြေကြားလိုက်သည်။

ဤနေရာ၌ စဉ်းစားတွေးခေါ်ရန်အချက်မှာ 'ဤပဋ္ဌလက်စုန်းအတတ်ပညာရှင်တို့သည် သက်တမ်း တစ်လျှောက်လုံး အောက်လမ်းအတတ်ပညာ ပြုကျင့်ခြင်း၏ ကုဖွရ် (သွေဖည်ငြင်းဆိုခြင်း) အတွင်း၌ နစ်မွန်းနေပေသည်။ ထို့ထက်ပို၍ ဖိရ်အောင်န်အား အရှင်ဖြစ်ကြောင်း လက်ခံကာ ၎င်းအား ခဝပ်ကိုးကွယ် ကြသောသူများလည်း ဖြစ်ပေသည်။ ဟဇရသ်မူစာ عليه السلام ၏ 'မုအ်ဂျေဇာဟ်'တန်ခိုးတော်ကို ကြည့်ရှုကာ မိမိမျိုးနွယ်အုပ်စုတစ်စုလုံးနှင့် ဆန့်ကျင်၍ ဖိရ်အောင်န်ကဲ့သို့သော ဆိုးသွမ်းသည့် ဘုရင်ဖြင့် ဆန့်ကျင်ကာ အီမာန်လက်ခံလိုက်ကြောင်းကို ကြေညာလိုက်ပေသည်။ ဤသည် အံ့ဖွယ်ကောင်းသော အရာဖြစ်သည်။ သို့ရာတွင် ဤနေရာ၌မူ အီမာန်ကို ကြေညာခြင်းပြုရုံသာမက 'ကေယာမသ်'နှင့် နောင်အာခရေသ်ကို

၄င်းတို့၏ ရှေ့မှောက်ဝယ် မြင်နေဘိအလား နက်ရှိုင်းအနည်ထိုင်သော အီမာန်ကို ရယူထားကြောင်းကို ထုတ်ဖော်ပြဆိုလိုက်ကြပေသည်။ နောင်တမလွန်အာခေရသ်၏ 'နေ့အ်မသ်' စည်းစိမ်တော်များကို မြင်တွေ့နေရပေသည်။ အကြင် 'နေ့အ်မသ်' များ၏ ရှေ့၌ လောကီရေးရာ၏ ဒုက္ခတိုင်းကို ဂရုမမူကာ (အသင်သည် မိမိ၏ စီရင်ပြဋ္ဌာန်းလိုသည်ကို စီရင်ပြဋ္ဌာန်းပါလေ) ဟူ၍ ပြောဆိုလေသည်။ 'ကျွန်ုပ်တို့သည် အီမာန်ကို တစ်ဖန် စွန့်လွှတ်မည့်သူများလည်း မဟုတ်ပေ' ဟူ၍ ထပ်မံပြောဆိုပြန်သည်။ ဤသည်လည်း စင်စစ်၌ ဟာဇရတ်မူစာ عليه السلام ၏ 'မုအ်ဂျေဇာဟ်' သာလျှင် ဖြစ်ပေသည်။ အကြင် 'မုအ်ဂျေဇာဟ်' သည် တောင်ဝှေးတော်နှင့် လက်ကို နှိုက်ကာ ထုတ်ပြလိုက်ခြင်း၏ 'မုအ်ဂျေဇာဟ်' ထက် မနည်းလှပေ။ ဤကဲ့သို့သော များစွာသည့် ဖြစ်အင်များသည် ကျွန်ုပ်တို့၏ တမန်တော်မိုဟမ္မဒ် ﷺ ၏ လက်တော်အတွင်းဝယ် ထင်ရှားခဲ့ပေသည်။ အဘယ်ကြောင့်ဆိုသော် တစ်မိနစ်အတွင်း၌ နှစ်ပေါင်း (၇၀) အထိ ကာဖိရ်ဘဝဖြင့် တည်ရှိနေသောသူ အတွင်းဝယ် 'မုအ်မင်န်ဖြစ်ရုံသာမက သာသနာ့အာဇာနည်သူရဲကောင်းအဖြစ် ဖြစ်ရှိကာ အလ္လာဟ် အသျှင်မြတ်၏ လမ်းတော်အတွင်း၌ 'ရှဟီးဒ်' ဖြစ်ရန် လိုလားနေသူ' ဟူသော အသွင်ထိတိုင် ပြောင်းလဲမှုများ ပေါ်ပေါက်လာပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَأَوْحَيْنَآ إِلَىٰ مُوسَىٰٓ أَنْ أَسْرِ بِعِبَادِىٓ إِنَّكُم مُّتَّبَعُونَ ﴿٥٢﴾

၂၆ : ၅၂ ॥ ॥ ထို့နောက် ငါအသျှင်မြတ်သည် (နဗီတမန်တော်) မူစာထံသို့ 'အသင်သည် ငါအသျှင်မြတ်၏ (ဤ) 'ကျွန်' များကို ညအချိန်၌ ခေါ်ဆောင်၍ သွားပါလေ။ ဧကန်အမှန် အသင်တို့သည် (မိမိတို့အား) နောက်မှ လိုက်လံခြင်းကို ခံကြရမည့်သူများပင် ဖြစ်ကြပေသည်' ဟု 'ဝဟီ' အမိန့်တော်ကို ထုတ်ပြန်တော်မူခဲ့၏။

فَأَرْسَلَ فِرْعَوْنُ فِى ٱلْمَدَآئِنِ حَـٰشِرِينَ ﴿٥٣﴾

၂၆ : ၅၃ ॥ ॥ ထို့နောက် ဖိရ်အောင်န်သည် (စစ်တပ်စုဆောင်းရန်) မင်းစေများကို အမြို့မြို့အရွာရွာသို့ စေလွှတ်ခဲ့လေသည်။

إِنَّ هَـٰٓؤُلَآءِ لَشِرْذِمَةٌ قَلِيلُونَ ﴿٥٤﴾

၂၆ : ၅၄ ॥ ॥ ဧကန်စင်စစ် ဤသူတို့သည် အနည်းငယ်မျှသော အုပ်စုကလေးပင် ဖြစ်ပေသည်။

وَإِنَّهُمْ لَنَا لَغَآئِظُونَ ﴿٥٥﴾

၂၆ : ၅၅ ॥ ॥ ထို့ပြင် ဧကန်အမှန် ၄င်းတို့သည် ကျွန်ုပ်တို့အား အလွန် အမျက်ပွားစေသူများပင် ဖြစ်ကြကုန်၏။

وَإِنَّا لَجَمِيعٌ حَٰذِرُونَ ﴿٥٦﴾

၂၆ : ၅၆ ။ ။ 'သို့ရာတွင် ကေန်စင်စစ် ကျွန်ုပ်တို့သည် အမှန်ပင် ဘေးရန်တားဆီးရန် ကြိုတင်၍ စီမံဆောင်ရွက်ထားသည့် (အသင့်ရှိသော) အုပ်စုကြီးပင် ဖြစ်သည်' (ဟု ကြေညာစေခဲ့၏။)

فَأَخْرَجْنَاهُم مِّن جَنَّاتٍ وَعُيُونٍ ﴿٥٧﴾

၂၆ : ၅၇ ။ ။ ထို့နောက် ငါအသျှင်မြတ်သည် ၎င်းသူ (ဖိရ်အောင်န်နှင့် ယင်း၏ ဗိုလ်ပါ) တို့အား ဥယျာဉ်များမှလည်းကောင်း၊ စမ်းရေချောင်းများမှလည်းကောင်း ထုတ်ပစ်တော်မူခဲ့၏။

وَكُنُوزٍ وَمَقَامٍ كَرِيمٍ ﴿٥٨﴾

၂၆ : ၅၈ ။ ။ ထိုနည်းတူစွာ (၎င်းတို့၏ ဥစ္စာပစ္စည်း) ဘဏ္ဍာတော်များနှင့် ခမ်းနားသိုက်မြိုက်လှစွာသော နေအိမ်များမှလည်း (နှင်ထုတ်တော်မူ၏။)

كَذَٰلِكَ وَأَوْرَثْنَاهَا بَنِي إِسْرَائِيلَ ﴿٥٩﴾

၂၆ : ၅၉ ။ ။ စင်စစ် ငါအသျှင်မြတ်သည် ၎င်းတို့ကို ဤနည်းအတိုင်းပင် စီရင်တော်မူ၍ ယင်းပစ္စည်းများကို အိစ်ရာအီလ်မျိုးနွယ်တို့အား ပိုင်ဆိုင်စေတော်မူခဲ့ပေသည်။

فَأَتْبَعُوهُم مُّشْرِقِينَ ﴿٦٠﴾

၂၆ : ၆၀ ။ ။ ထို့နောက် ၎င်း (ဖိရ်အောင်န်နှင့်တကွ အခြွေအရံ) တို့သည် နေထွက်ချိန်၌ အိစ်ရာအီလ်အမျိုးသားတို့၏ နောက်လိုက်၍ မီခဲ့ကြကုန်၏။

فَلَمَّا تَرَاءَى الْجَمْعَانِ قَالَ أَصْحَابُ مُوسَىٰ إِنَّا لَمُدْرَكُونَ ﴿٦١﴾

၂၆ : ၆၁ ။ ။ တစ်ဖန် အုပ်စုနှစ်စုစလုံးသည် တစ်ဖက်ကို တစ်ဖက် တွေ့မြင်ကြလေသောအခါ (နဗီတမန်တော်) မူစာ၏ အပေါင်းအပါတို့က 'ကေန်မလွဲ ကျွန်ုပ်တို့သည် အမှန်ပင် အဖမ်းခံကြရပြီ' ဟု (ထိပ်လန့်၍) ပြောဆိုခဲ့ကြကုန်၏။

قَالَ كَلَّا ۖ إِنَّ مَعِيَ رَبِّي سَيَهْدِينِ ﴿٦٢﴾

၂၆ : ၆၂ ။ ။ (ထိုအခါ ငါအသျှင်မြတ်သည် (နဗီတမန်တော်) မူစာက 'ဤသို့ အလျှဉ်း (အဖမ်းခံကြရမည်) မဟုတ်။ ကေန်မလွဲ ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ငါနှင့်အတူ ရှိနေတော်မူပေရာ ယခုပင် ထိုအသျှင်မြတ်သည် ငါ့အား (ပင်လယ်မှ ထွက်နိုင်ရန်) လမ်းညွှန်တော်မူမည်' ဟု ပြန်ကြားခဲ့လေ၏။

فَأَوْحَيْنَآ إِلَىٰ مُوسَىٰٓ أَنِ ٱضْرِب بِّعَصَاكَ ٱلْبَحْرَ ۖ
فَٱنفَلَقَ فَكَانَ كُلُّ فِرْقٍ كَٱلطَّوْدِ ٱلْعَظِيمِ ﴿٦٣﴾

၂၆ : ၆၃ ။ ။ ထိုအခါ ငါအသျှင်မြတ်သည် (နဗီတမန်တော်) မူစာ၏ထံသို့ 'အသင်သည် မိမိ၏ တောင်ဝှေးဖြင့် ပင်လယ်ကို ရိုက်ခတ်ပါလေ' ဟု အမိန့်တော် ထုတ်ပြန်တော်မူခဲ့၏။ သို့ဖြစ်ပေရာ (မူစာသည် အမိန့်တော်အတိုင်း ရိုက်ခတ်လေသောအခါ) ထိုပင်လယ်မှာ (နှစ်ခြမ်း) ကွဲ၍ သွားပြီးလျှင် (ရေ၏) အစုအပုံ အသီးသီးတို့မှာ ကြီးမားလှစွာသော တောင်ကြီးများပမာ ဖြစ်သွားခဲ့ကြလေ၏။

وَأَزْلَفْنَا ثَمَّ ٱلْـَٔاخَرِينَ ﴿٦٤﴾

၂၆ : ၆၄ ။ ။ ၎င်းပြင် ငါအသျှင်မြတ်သည် အခြားအုပ်စု (ဖြစ်သော ဖိရ်အောင်န်နှင့် ၎င်း၏ အခြွေအရံတို့) ကိုလည်း ကယ်ဆယ်တော်မူခဲ့၏။

وَأَنجَيْنَا مُوسَىٰ وَمَن مَّعَهُۥٓ أَجْمَعِينَ ﴿٦٥﴾

၂၆ : ၆၅ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် (နဗီတမန်တော်) မူစာနှင့် ၎င်း၏ အပေါင်းအပါအားလုံးတို့ကို ကယ်ဆယ်တော်မူခဲ့၏။

ثُمَّ أَغْرَقْنَا ٱلْـَٔاخَرِينَ ﴿٦٦﴾

၂၆ : ၆၆ ။ ။ ထို့နောက် ငါအသျှင်မြတ်သည် အခြားအုပ်စု (ဖြစ်သော ဖိရ်အောင်န်နှင့် ၎င်း၏ အခြွေအရံ) တို့ကို (ပင်လယ်နီတွင်) နစ်မြုပ်တော်မူခဲ့၏။

إِنَّ فِى ذَٰلِكَ لَـَٔايَةً ۖ وَمَا كَانَ أَكْثَرُهُم مُّؤْمِنِينَ ﴿٦٧﴾

၂၆ : ၆၇ ။ ။ ကေန်မလွဲ ဤသည့် (ဖြစ်ရပ်) ၌ ကြီးကျယ်လှစွာသော သင်ခန်းစာသည် ရှိပေသည်။ စင်စစ် ၎င်းတို့အနက် အများဆုံးသော သူတို့မှာမူ မုအ်မင်န်သက်ဝင်ယုံကြည်ကြမည့်သူများ မဟုတ်ခဲ့ကြချေ။

وَإِنَّ رَبَّكَ لَهُوَ ٱلْعَزِيزُ ٱلرَّحِيمُ ﴿٦٨﴾

၂၆ : ၆၈ ။ ။ စင်စစ် ကေန်မလွဲ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အလွန်တရာ လွှမ်းမိုးတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် (ဖိရ်အောင်န်သည် ထိုဖြစ်အင်မှလည်း လမ်းမှန်တရား မရရှိကာ ၎င်းသည် ဗနီအိဆ်ရာအီးလ် မျိုးနွယ်အုပ်စုကိုလည်း လွတ်လပ်မှုကို မပေးပါမူ) ငါအသျှင်မြတ်သည် (နဗီတမန်တော်) မူစာ၏ထံသို့

'အသင်သည် ငါအသျှင်မြတ်၏ (ဤ) ကျွန် (ဗနီအိစ်ရာအီးလ်) များကို ညအချိန်၌ (အီဂျစ်နိုင်ငံပြင်သို့) ခေါ်ဆောင်သွားပါလေ။ ဧကန်အမှန် အသင်တို့သည် (မိမိတို့အား ဖိရ်အောင်န်၏ဘက်မှ) နောက်မှ လိုက်လံခြင်းကို ခံကြရမည့်သူများပင် ဖြစ်ကြပေသည်'ဟု 'ဝဟီ' အမိန့်တော်ကို ထုတ်ပြန်တော်မူခဲ့၏။

(သို့ရှိရာ ထိုနဗီသည် အမိန့်တော်နှင့်အညီ ဗနီအိစ်ရာအီးလ်လူမျိုးတို့ကို ခေါ်ဆောင်ကာ ညဉ့်အချိန်၌ပင် ထွက်ခွာလာသည်။ နံနက်ခင်းအချိန်၌ ဤသတင်းပြန့်နှံ့သွားပါမူ) ဖိရ်အောင်န်သည် (နောက်ယောင်ခံလိုက်ရန် စီမံမှုကို ပြုရန်အတွက် မင်းစေများကို (စစ်တပ်စုဆောင်းရန် အနီးအနားရှိ နယ်ပယ်) အမြို့မြို့ အရွာရွာသို့ (ဤသို့ ပြောဆိုကာ) စေလွှတ်ခဲ့လေသည်။ ဧကန်စင်စစ် (ဤဗနီအိစ်ရာအီးလ်မျိုးနွယ်အုပ်စုသည် ကျွန်ုပ်ပိုင်ဆိုင်သော အင်ပါယာနှင့် နှိုင်းယှဉ်လျှင်) အနည်းငယ်မျှသော အုပ်စုကလေးပင် ဖြစ်ပေသည်။ (၎င်းတို့နှင့် ရင်ဆိုင်ရန်ကို အနည်းငယ်မျှ မစိုးရိမ်နှင့်။)

ထို့ပြင် ဧကန်အမှန် ၎င်းတို့သည် (မိမိတို့၏ ပြုမူဆောင်ရွက်ချက်ဖြင့်) ကျွန်ုပ်တို့အား အလွန်အမျက်ပွားစေသူများပင် ဖြစ်ကြကုန်၏။ (ထိုပြုမူဆောင်ရွက်ချက်မှာ ပုန်းလျှိုးခွက်လျှိုး ပါးနပ်စွာဖြင့် ထွက်ခွာသွားကြသည်။ သို့မဟုတ် ကျွန်ုပ်တို့၏ များစွာသော လက်ဝတ်တန်ဆာများကို ငှားရမ်းလိုသည်ဟူသော အကြောင်းပြချက်ဖြင့် ယူဆောင်သွားခဲ့ကြသည်။ အချုပ်ဆိုရသော် ကျွန်ုပ်တို့အား ဦးနှောက်ကင်းမဲ့သော သူများဖြစ် ပြုကာ ထွက်ခွာသွားကြသည်။ မုချဧကန် ၎င်းတို့အား နောက်ယောင်ခံလိုက်ကာ ဖမ်းဆီးသင့်ပေသည်။

သို့ရာတွင် ဧကန်စင်စစ် 'ကျွန်ုပ်တို့သည် အမှန်ပင် ဘေးရန်တားဆီးရန် ကြိုတင်၍ စီမံဆောင်ရွက်ထားသည့် (အသင့်ရှိသော) အုပ်စုကြီးပင် ဖြစ်သည်'ဟု (ကြေညာစေခဲ့၏။) ထို့နောက် (သုံး၊ လေးရက်အတွင်း၌ စစ်လက်နက်ပစ္စည်း ကိရိယာများနှင့် စစ်တပ်အား မွမ်းမံပြင်ဆင်၍ စစ်တပ်ကို ခေါ်ဆောင်ကာ ဗနီအိစ်ရာအီးလ်လူမျိုးတို့၏ နောက်သို့ 'အပြန်လမ်းမရှိတော့သည်'ကို မသိမြင်သော ပုံစံမျိုးဖြင့် လိုက်လာကြသည်။ သို့ဆိုလျှင် ထိုစီမံတွက်ချက်မှုအား ပြောရမည်ဆိုလျှင်) ငါအသျှင်မြတ်သည် ၎င်းသူ (ဖိရ်အောင်န်နှင့် ယင်း၏ ဗိုလ်ပါ) တို့အား ဥယျာဉ်များမှလည်းကောင်း၊ စမ်းချောင်းများမှလည်းကောင်း ထုတ်ပစ်တော်မူခဲ့၏။ (ငါအသျှင်မြတ်သည် ၎င်းတို့နှင့်အတူ ဤသို့ ပြုတော်မူခဲ့၏။) ထိုနည်းတူစွာ (၎င်းတို့၏ ဥစ္စာပစ္စည်း) ဘဏ္ဍာတော်များနှင့် ခမ်းနားသိုက်မြိုက်လှစွာသော နေအိမ်များမှလည်း (နှင်ထုတ်တော်မူ၏။) စင်စစ် ငါအသျှင်မြတ်သည် ၎င်းတို့ကို ဤနည်းအတိုင်းပင် စီရင်တော်မူ၍ ယင်းပစ္စည်းများကို အိစ်ရာအီးလ်မျိုးနွယ်တို့အား ပိုင်ဆိုင်စေတော်မူခဲ့ပေသည်။ (ဤသည် ရှေ့ဝါကျ၊ နောက်ဝါကျနှင့် ဆက်စပ်မှုမရှိသော အပိုဝါကျဖြစ်သည်။ ရှေ့၌ ဖြစ်အင်အား ဆက်လက် မိန့်မြွက်ထားတော်မူပေသည်။)

ထို့နောက် (တစ်နေ့) ၎င်း (ဖိရ်အောင်န်နှင့်တကွ အခြွေအရံ) တို့သည် နေထွက်ချိန်၌ အိစ်ရာအီးလ် အမျိုးသားတို့၏ နောက်သို့ လိုက်၍ မီခဲ့ကြကုန်၏။ (ဆိုလိုသည်မှာ မီလုမတတ်ဖြစ်၍နေ၏။ ထိုအချိန်၌ ဗနီအိစ်ရာအီးလ်မျိုးနွယ်အုပ်စုတို့သည် 'ကုလ်ဇုမ်'မြစ်ကို မည်သို့ ကူးဖြတ်ရန်ကို စဉ်းစားကာ အကြပ်ရိုက်နေပေသည်။)

တစ်ဖန် အုပ်စုနှစ်စုစလုံးသည် တစ်ဖက်ကိုတစ်ဖက် တွေ့မြင်ကြ (အောင် နီးကပ်) လာသောအခါ မူစာ عليه السلام ၏ အပေါင်းအပါတို့က (ကြောက်ရွံ့စွာဖြင့် 'အို၊ မူစာ) ကေန်မလွဲ ကျွန်ုပ်တို့သည် အမှန်ပင် အဖမ်းခံကြရပြီ'ဟု (ထိတ်လန့်) ပြောဆိုခဲ့ကြကုန်၏။

(ထိုအခါ နဗီတမန်တော်) မူစာက 'ဤသို့ အလျဉ်း (အဖမ်းခံကြရမည်) မဟုတ်။ ကေန်မလွဲ ငါ့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် ငါနှင့်အတူ ရှိတော်မူရာ ယခုပင် ထိုအသျှင်မြတ်သည် ငါ့အား (ပင်လယ်မှ ထွက်နိုင်ရန်) လမ်းညွှန်တော်မူမည်'ဟု ပြန်ကြားခဲ့လေ၏။ (အဘယ်ကြောင့်ဆိုသော် ဟာဇရသ်မူစာ عليه السلام ကို ထွက်ခွာခါနီးအချိန်၌မှာပင် မြစ်ပင်လယ်၌ ခြောက်သွေ့သောလမ်း ဖန်ဆင်းပေးမည်'ဟူ၍ မိန့်ဆိုတော်မူထားပေသည်။

فَاضْرِبْ لَهُمْ طَرِيقًا فِي الْبَحْرِ يَبَسًا لَّا تَخَافُ دَرَكًا وَلَا تَخْشَىٰ

ထို့နောက် အသင်သည် ၎င်းတို့အဖို့ ပင်လယ်၌ ခြောက်သွေ့သောလမ်းကို ပြုလုပ်ပါလေ။ အသင်သည် မိမိတို့အား ရန်သူများ မီလာကြမည်ကိုလည်း စိုးရိမ်ရမည်မဟုတ်။ မိမိတို့သည် ပင်လယ်၌ နစ်မြုပ်သွားကြမည်ကိုလည်း ကြောက်ရမည်မဟုတ်။ *[၂၀ : ၇၇]*

ခြောက်သွေ့ခြင်းကို ဤအချိန်၌ မိန့်တော်မမူထားနေလင့်ကစား သို့ရှိရာ မူစာ عليه السلام သည် ထိုကတိတော်အပေါ်၌ စိတ်တည်ငြိမ်မှုရှိကာ ဗနီအိစ်ရာအီးလ်လူမျိုးတို့သည် အခြေအနေကို မသိရှိရခြင်းကြောင့် စိတ်တည်ငြိမ်မှု မရှိကြပေ။)

ထိုအခါ ငါအသျှင်မြတ်သည် (နဗီတမန်တော်) မူစာ၏ထံသို့ အသင်သည် မိမိ၏ တောင်ဝှေးဖြင့် ပင်လယ်ကို ရိုက်ခတ်ပါလေ'ဟု အမိန့်ထုတ်ပြန်တော်မူခဲ့၏။ သို့ဖြစ်ပေရာ (မူစာသည် အမိန့်အတိုင်း ရိုက်ခတ်သောအခါ ၎င်း (ပင်လယ်) မှာ (နှစ်ခြမ်း) ကွဲ၍ သွားပြီးလျှင် (ရေ၏) အစုအပုံ အသီးသီးတို့မှာ (ရေသည် နေရာများစွာမှ ဟိုဘက်၊ ဒီဘက် လွဲဖယ်ကာ အလယ်၌ များစွာသောလမ်းများ ဖြစ်ပေါ်သွားပေသည်။) ကြီးမားလှစွာသော တောင်ကြီးများပမာ ဖြစ်သွားခဲ့ကြလေ၏။ (ဤသူတို့သည် မြစ်ပင်လယ်အတွင်းမှ တည်ငြိမ်အေးချမ်းစွာဖြင့် တစ်ဖက်ကမ်းသို့ ရောက်ရှိ၏။) ၎င်းပြင် ငါအသျှင်မြတ်သည် အခြားအုပ်စု (ဖြစ်သော ဖိရ်အောင်နှင့် ၎င်း၏ အခြွေအရံတို့) ကိုလည်း ထိုနေရာသို့ပင် ချဉ်းကပ်စေတော်မူခဲ့၏။ (ကြိုတင်မိန့်ခြွေပြီးသော وَاتْرُكِ الْبَحْرَ رَهْوًا (၎င်းပြင် အသင်သည် ပင်လယ်ကို ရှိရင်းအတိုင်း ငြိမ်သက်စွာ ထားရစ်ခဲ့ပါလေ) ဟူသော မိန့်ခြွေချက်နှင့်အညီ မြစ်ရေသည် ထိုအချိန်ထိတိုင် ရှိရင်းစွဲ အခြေအနေဖြင့်သာ ရှိနေပေသည်။ ထို့ကြောင့် ရှင်းလင်းဖြောင့်မတ်သော လမ်းကို တန်ဖိုးရှိသည်ဟူ၍ မှတ်ယူထားကြ၍ ရှေ့နောက်တစ်စုံတစ်ရာကို အနည်းငယ်မျှပင် မစဉ်းစားတော့ဘဲ တစ်တပ်လုံးသည် လမ်းအသွင်ရှိသော မြစ်ပင်လယ်အတွင်းသို့ ဆင်းသက်လိုက်ကြပေသည်။ လေးဘက်လေးရံလုံးမှ ရေတို့သည် ပြန်လည်စုစည်းသွားကြပြီး တစ်တပ်လုံး၏ ကိစ္စချုပ်ငြိမ်းသွားစေခဲ့ပေသည်။)

ထို့ပြင် (ဖြစ်အင်၏ ဇာတ်သိမ်းမှာ) ငါအသျှင်မြတ်သည် (နဗီတမန်တော်) မူစာနှင့် ၎င်း၏ အပေါင်းအပါအားလုံးတို့ကို (နစ်မြုပ်ခြင်းမှ) ကယ်ဆယ်တော်မူခဲ့၏။

ထို့နောက် ငါအသျှင်မြတ်သည် အခြား (ဆန့်ကျင်ဘက်) အုပ်စု (ဖြစ်သော ဖိရ်အောင်န်နှင့် ၎င်း၏ အခြွေအရံ) တို့ကို (ပင်လယ်နီတွင်) နစ်မြုပ်တော်မူခဲ့၏။ ဧကန်မလွဲ ဤသည့် (ဖြစ်ရပ်) ၌ ကြီးကျယ်လှစွာသော သင်ခန်းစာပင် ဖြစ်ပေသည်။ (ပညတ်ချက်များနှင့် ရစူလ်တမန်တော်များအား ဆန့်ကျင်မှုပြုခြင်းသည် မုချ အသျှင်မြတ်၏ ဘက်တော်မှ ပြစ်ဒဏ်သက်ရောက်စေတော်မူမည် ဖြစ်ကြောင်းကို ထိုကာဖိရ်တို့သည် အထောက်အထားအဖြစ် ရယူထိုက်ပေသည်။ ထိုသံဝေဂတရားကို သဘောပေါက်နားလည်ကာ ရှောင်ရှားရန် ဖြစ်သည်။) စင်စစ် (ထိုကဲ့သို့သော သံဝေဂတရားကို သဘောပေါက်သည့် ကြားကတည်းကပင်) ၎င်း (မက္ကာဟ်မြို့ရှိ ကာဖိရ်) တို့အနက် အများဆုံးသော သူတို့မှာမူ မုအ်မင်န်သက်ဝင် ယုံကြည်ကြမည့်သူများ မဟုတ်ခဲ့ကြချေ။

စင်စစ် ဧကန်မလွဲ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အလွန်တရာ လွှမ်းမိုးတော်မူသော အသျှင် (အကယ်၍ အသျှင်မြတ်သည် လိုလားတော်မူပါက ကမ္ဘာလောက၌မှာပင် ၎င်းတို့အား ပြစ်ဒဏ်ခတ်တော်မူနိုင်ပေသည်။ သို့ရာတွင်) အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ် (လည်း) ဖြစ်တော်မူပေသည်။ (ထို့ကြောင့် မိမိ၏ ခြုံငုံလှစွာသော ကရုဏာတော်ဖြင့် ပြစ်ဒဏ်တော်အား နှောင့်ဆိုင်းထားတော်မူပေသည်။ သို့ရှိရာ ပြစ်ဒဏ်သည် လျင်မြန်စွာ သက်ရောက်လာခြင်းမှ သောကမဲ့၍ မနေသင့်ပေ။

သိမှတ်ဖွယ်ရာများနှင့် စမ္ဗသတ်များ

واورشنهابنی اسرائیل

ဖိရ်အောင်အုပ်စုများ စွန့်လွှတ်ကျန်ရစ်ခဲ့သော ၎င်းတို့၏ ပိုင်ဆိုင်မှုများ၊ ဥယျာဉ်များနှင့် ဘဏ္ဍာတိုက်များအား ဖိရ်အောင်န်တို့ နစ်မြုပ်သေကြေပျက်စီးကြပြီးနောက် ဗနီအီစ်ရာအီလ်တို့ကို ပိုင်ရှင်အဖြစ် ပြုပေးတော်မူခဲ့သည်ဟု ဖော်ပြပါအာယသ်တော်မှ အတိအလင်း သိရှိရပေသည်။ ရာဇဝင်သမိုင်းများအရ အဆိုပါအချက်အပေါ် ဓာဒကတက်စရာ တစ်ချက် ရှိသည်မှာ ကျမ်းတော်မြတ်၏ အာယသ်တော်ပေါင်းများစွာမှ သက်သေထွက်ဆိုနေသည့် အချက်အရ သိရှိရသည်မှာ ဖိရ်အောင်န်အုပ်စုများ သေကြေပျက်စီးပြီးနောက် ဗနီအီစ်ရာအီလ်တို့သည် 'မိဆွေရ်'ဘက်သို့ ထွက်မသွားဘဲ မိမိတို့၏ ဇာတိချက်မြုပ်ဖြစ်သည့် ဆီးရီးယားနိုင်ငံဘက်သို့သာ ပြန်သွားခဲ့ကြသည်။ ထိုနိုင်ငံမှာပင် ကာဖိရ်အုပ်စုတစ်စုနှင့် 'ဂျီဟာဒ်'စစ်ထိုး၍ မိမိတို့၏ မြို့ကို အောင်မြင်စွာ သိမ်းပိုက်ရန်အတွက် အမိန့်တော် ကျရောက်ခဲ့သည်။ ယင်းအမိန့်အပေါ် လိုက်နာကျင့်သုံးခြင်းမရှိဘဲ ဗနီအီစ်ရာအီလ်များ ငြင်းဆိုခဲ့ကြသည့်အတွက် ဗနီအီစ်ရာအီလ်များ ရောက်ရှိနေထိုင်လျက်ရှိသော ကွင်းပြင်ကြီးအား တန်ခိုးတော်အရ 'အဇာဗ်'အသွင်ဖြင့် အကျဉ်းထောင်သဖွယ် ပြုလုပ်တော်မူခဲ့၏။ ၎င်းဗနီအီစ်ရာအီလ်များသည် အဆိုပါကွင်းပြင်မှ လွတ်မြောက်နိုင်ခြင်း မရှိခဲ့ကြပေ။ ထိုသို့ နေထိုင်

ရင်း နှစ်ပေါင်းလေးဆယ် ကုန်ဆုံးသွားပြီးနောက် ထိုကွင်းပြင် (သီယဟ်) တွင် ၄င်းတို့၏ နဗီနှစ်ပါးဖြစ်သည့် တမန်တော်မူစာ ﷺ နှင့် တမန်တော်ဟာရူးန် ﷺ တို့ ကွယ်လွန်ခဲ့ကြသည်။ ယင်းနောက်ပိုင်းလည်း ဗနီအိစ်ရာအီလ်များသည် အလုံးအရင်းနှင့် 'မိဆွေရ်'သို့ ဝင်ရောက်ခဲ့ကြပြီး ဖိရ်အောင်န်အုပ်စုများ ကျန်ရစ်ခဲ့သော ပိုင်ဆိုင်မှုများ၊ ဥယျာဉ်များနှင့် ဘဏ္ဍာတိုက်များကို သိမ်းပိုက်ခဲ့သည်ဆိုသော သမိုင်းအထောက်အထား တစ်စုံတစ်ရာ မတွေ့ရှိရပေ။

ရူဟုလ်မအာနီအဖွင့်ကျမ်းတွင် စူရာဟ်ရှုအ်ရာဟ်၏ အာယသ်တော်ကို ဖွင့်ဆိုရာ၌ အဖွင့်ပညာရှင် ဟာဇရသ်ကသာဒဟ် (ရဟ) ၏ အထောက်အထားဖြင့် အဖြေနှစ်ရပ်ကို ကောက်နုတ်တင်ပြထားပေသည်။

ဟာဇရသ်ဟာစန် (ရဟ) က တင်ပြထားသည်မှာ ဖော်ပြပါအာယသ်တော်တွင် ဗနီအိစ်ရာအီလ်များကို ဖိရ်အောင်န်အုပ်စုများ စွန့်လွှတ်ကျန်ရစ်ခဲ့သော ပစ္စည်းဥစ္စာများ၏ အမွေခံအဖြစ် ပြုလုပ်ခဲ့ကြောင်းကို တင်ပြထားသော်ငြားလည်း ဖိရ်အောင်န်တို့ သေကြေပျက်စီးကြပြီးနောက် ချက်ချင်း ၄င်းတို့၏ ဥစ္စာပစ္စည်းများအား ဗနီအိစ်ရာအီလ်တို့ သိမ်းပိုက်ခဲ့ကြောင်းကို မည်သည့်နေရာတွင်မှ တင်ပြထားခြင်း မရှိပေ။ 'သီယဟ်' ကွင်းပြင်၏ ဖြစ်ရပ်နှင့် နှစ်ပေါင်း လေး၊ ငါးဆယ် နောက်ပိုင်းမှ အကယ်၍ ထိုဗနီအိစ်ရာအီလ်တို့သည် 'မိဆွေရ်'သို့ ဝင်ရောက်ခဲ့သည်ဆိုလျှင်လည်း အာယသ်တော်၏ အလိုသဘောတွင် မည်သို့မှ ခြားနားမှု ရှိမည်မဟုတ်ပေ။ ယခု ကျန်ရှိသည်မှာ သမိုင်းစာပေများအရ ဗနီအိစ်ရာအီလ်များ အလုံးအရင်းနှင့် 'မိဆွေရ်' သို့ ဝင်ရောက်ခဲ့ခြင်း မရှိသည့်ကိစ္စပင် ဖြစ်သည်။ ယင်းအချက်အပေါ် စောဒကတက်ခြင်းကို လက်မခံနိုင်စရာဖြစ်ရသည့် အကြောင်းအရင်းမှာ ထိုခေတ်သမိုင်းစာပေ ရေးသားသူများမှာ ယဟူဒီနှင့် နဆ္ဆရာများဖြစ်ကြပြီး ၄င်းတို့၏ စာပေများတွင် မဟုတ်တမ်းများနှင့် ပြည့်နှက်နေသည့်အတွက် လက်ခံနိုင်စရာအကြောင်း မရှိပေ။ ထို့ကြောင့် အာယသ်တော်နှင့် ကိုက်ညီလိုက်ညီနိုင်စရာ အကြောင်း မရှိပေ။

ဟာဇရသ်ကသာဒဟ် (ရဟ) မိန့်ဆိုသည်မှာ အဆိုပါဖြစ်အင်နှင့် ပတ်သက်၍ ကျမ်းတော်မြတ်၏ အာယသ်တော်ပေါင်းများစွာသည် စူရာဟ်ပေါင်းများစွာ၌ လာရှိထားပေသည်။ ဥပမာ- စူရာဟ်အအ်ရာဖ်တွင် အာယသ်တော် (၁၂၈) မှ (၁၃၇) အထိလည်းကောင်း၊ စူရာဟ်ကဆွာဆ်တွင် အာယသ်တော် (၅) မှလည်းကောင်း၊ စူရာဟ်ဒုခါန်၏ အာယသ်တော် (၂၅) မှ (၂၈) ထိလည်းကောင်း၊ စူရာဟ်ရှုအ်ရာဟ်၏ တင်ပြလျက်ရှိသော အာယသ်တော် (၅၉) တွင်လည်းကောင်း ဖော်ပြပါအာယသ်တော်များ၏ အပေါ်ယံ အလိုသဘောအရ ဦးနှောက်မှ အသိပြုလက်ခံသည်မှာ ဖိရ်အောင်န်အုပ်စုများ 'မိဆွေရ်'တွင် ကျန်ရစ်ခဲ့သည့် ဥစ္စာပစ္စည်းများ၏ ပိုင်ရှင်အဖြစ် ဗနီအိစ်ရာအီလ်တို့အား ပြုပေးတော်မူခဲ့သည့်အတွက် ၄င်းတို့အနေနှင့် 'မိဆွေရ်'သို့ သွားရမည်မှာ အရေးပါသည့်အချက်ပင် ဖြစ်သည်။ သို့သော် အထက်ဖော်ပြပါ အာယသ်တော်များ၏ ဝါကျများမှ ဤအလိုသဘောကို အတိအလင်း ကောက်ယူနိုင်သည့် အခွင့်အရေးရှိသည်မှာ ဗနီအိစ်ရာအီလ်များကို ဖိရ်အောင်န်အုပ်စုများ ပိုင်ဆိုင်သကဲ့သို့ ဥယျာဉ်များ၊ ဥစ္စာပစ္စည်းများနှင့် ဘဏ္ဍာတိုက်များ ပိုင်ဆိုင်စေခဲ့ခြင်း ဖြစ်မည်။ ယင်းသို့ ပိုင်ဆိုင်စေရန်အတွက် 'မိဆွေရ်'မြေပေါ်၌ ဖြစ်ရန် အရေးမကြီးသည့်အပြင် ဆီးရီးယားမှာလည်း ပိုင်ဆိုင်ခွင့်ကို ရရှိနိုင်ပေသည်။

စူရာဟ်အအ်ရာဖ်၏ အာယသ်တော် التي باركنا فيها တွင် ဆီးရီးယားမြေပထဝီဖြစ်ကြောင်းကို ထင်ပေါ်စွာ သိရှိရပေသည်။ အဘယ်ကြောင့်ဆိုသော် ကျမ်းတော်မြတ်၏ အာယသ်တော်ပေါင်းများစွာတွင် باركنا ဟူသော စာလုံးသည် များသောအားဖြင့် ဆီးရီးယားမြေနှင့် ပတ်သက်၍သာ လာရှိထားပေသည်။ ဤအတွက်ကြောင့် ဟဇရသ်ကသာဒဟ် (ရဟ) ၏ အဆိုအရ ကျမ်းတော်မြတ်၏ အာယသ်တော်များကို မလိုအပ်ဘဲ သမိုင်း စာပေများနှင့် ဆန့်ကျင်ဘက်နေရာများတွင် ထည့်သွင်းအသုံးချခြင်း မပိုင်ပေ။

အချုပ်ဆိုရသော် ဖြစ်စဉ်အရ အတည်ဖြစ်သည်မှာ ဖိရ်အောင်န်အုပ်စုတို့ ပျက်စီးသေကြေကြပြီး နောက် ဗနီအိစ်ရာအီလ်တို့သည် အလုံးအရင်းနှင့် 'မိဆွေရ်'သို့ ဝင်ရောက်ခဲ့ကြခြင်းမရှိပေ။ သို့ရှိရာ ဟဇရသ် ကသာဒဟ် (ရဟ) ဖွင့်ဆိုချက်အရ ဆီးရီးယားမြေနှင့် ယင်းမြေပေါ်ရှိ ဥယျာဉ်များ ဘဏ္ဍာတိုက်များ၏ အမွေခံအဖြစ် ပြုခဲ့ကြောင်းဟူသည့် အလိုသဘောကို ကောက်ယူနိုင်ပေသည်။

قَالَ أَصْحَٰبُ مُوسَىٰٓ إِنَّا لَمُدْرَكُونَ قَالَ كَلَّآ ۖ إِنَّ مَعِىَ رَبِّى سَيَهْدِينِ

နဗီတမန်တော်မူစာ ﷺ ၏ အပေါင်းအပါတို့က ကေန်မလွဲ ကျွန်ုပ်တို့သည် အမှန်ပင် အဖမ်းခံကြ ရပြီဟု ထိတ်လန့်ပြောဆိုခဲ့ကြကုန်၏။ (ထိုအခါ နဗီတမန်တော်မူစာက ဤသို့ အလျဉ်းအဖမ်းခံကြရမည် မဟုတ်။ ကေန်မလွဲ ငါ့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် ငါနှင့်အတူ ရှိတော်မူပေရာ ယခုပင် ထိုအသျှင်မြတ်သည် ငါ့အား ပင်လယ်မှ ထွက်နိုင်ရန် လမ်းညွှန်တော်မူမည်ဟု ပြန်ကြားခဲ့လေ၏။ *[၂၆ : ၆၁-၆၂]*

ထိုအချိန်၌ ဖိရ်အောင်န်၏ စစ်တပ်သည် ၎င်းတို့၏ နောက်မှ နောက်ယောင်ခံလိုက်လာသော အချိန် ဖြစ်သည်။ ၎င်းတို့ရှေ့သို့ လုံးဝ ရောက်ရှိလာသောအခါ ဗနီအိစ်ရာအီးလ်တစ်မျိုးနွယ်လုံးသည် 'ကျွန်ုပ်တို့ အဖမ်းခံကြရပါပြီ'ဟူ၍ ထိပ်လန့်ကာ ဟစ်အော်ပေသည်။ အဖမ်းခံရမည်နှင့် စပ်လျဉ်း၍ ဒွိဟနှင့် နှောင့်ဆိုင်းမှု မည်သို့ ရှိနိုင်အံ့နည်း။ အနောက်၌ ဧရာမစစ်တပ်ကြီးသည် လိုက်လာ၍ ရှေ့၌ ပင်လယ်သည် ဟန့်တား နေပေသည်။ ဟဇရသ်မူစာ ﷺ ၏ ဘက်မှလည်း ဤအခြေအနေသည် ကွယ်ပျောက်ကာလည်း မနေပေ။ သို့ရာတွင် ၎င်းသည် တောင်အသွင်တည်တံ့ကြံ့ခိုင်ကာ အလ္လာဟ်အသျှင်မြတ်၏ ကတိတော်အပေါ် ယုံကြည် လျက် ထိုအချိန်၌လည်း အလွန်တက်ကြွကာ ဖွဲ့စိတ်၊ ဖွဲ့မာန်ဖြင့် كَلَّا (အလျဉ်းအဖမ်းခံကြရမည်မဟုတ်) ဟူ၍ မိန့်တော်မူသည်။ ယင်းသို့ အဖမ်းမခံကြရခြင်း၏ အကြောင်းကို

إِنَّ مَعِىَ رَبِّى سَيَهْدِينِ

ကေန်မလွဲ ငါ့အား မွေးမြူ ဖန်ဆင်းတော်မူသော အသျှင်သည် ငါနှင့်အတူ ရှိနေတော်မူပေရာ ယခုပင် ထိုအသျှင်မြတ်သည် ငါ့အား ပင်လယ်မှ ထွက်နိုင်ရန် လမ်းညွှန်တော်မူမည်။ *[၂၆ : ၆၂]*

ဟူသော အာယသ်တော်ဖြင့် အီမာန်အား စမ်းစစ်ခြင်းသည် ဤကဲ့သို့သော နေရာမျိုး၌ ဖြစ်ပေသည်။ ဟဇရသ်မူစာ ﷺ ၏ အပေါ် အနည်းငယ်မျှ ကြောက်ရွံ့မှုမရှိပေ။ ၎င်းသည် ပြောရမည်ဆိုသော် မိမိတို့

လွတ်မြောက်ကြောင်း ကို မြင်တွေ့နေဘိအလား ဖြစ်ပေသည်။ ဤကဲ့သို့သော ထပ်တူဖြစ်အင်သည် 'ဟိဂ်ျရသ်' (ရွှေ့ပြောင်းချိန်) ပြုချိန်၌ 'စောင်ရ်'လိုဏ်ဂူအတွင်း၀ယ် ပုန်းအောင်နေချိန် တမန်တော်မြတ် ﷺ အဖို့ လည်း တွေ့ကြုံခဲ့ရပေသည်။ ရန်သူတို့သည် တမန်တော်မြတ် ﷺ ၏ နောက်မှလိုက်ကာ လိုဏ်ဂူအဝ၌ လာရောက်ကာ ရပ်နေပေသည်။ အနည်းငယ် အောက်ငုံ၍ ကြည့်လိုက်မည်ဆိုလျှင် တမန်တော်မြတ် ﷺ အား ၎င်းတို့သည် မြင်တွေ့သွားကြပေမည်။ ထိုအချိန်တွင် ဟဇရသ်အဗူဗကရ် ؓ သည် ကြောက်ရွံ့သွားခဲ့သည့် အတွက် ဤအဖြေမျိုးကိုပင် ထပ်တူထပ်မျှ ပြေကြားပေသည်။

لَا تَحْزَنْ اِنَّ اللّٰهَ مَعَنَا

အသင်မပူပါလေနှင့်။ ကေန်မုချ အလ္လာဟ်အသျှင်မြတ်သည် ငါတို့နှင့်အတူ ရှိတော်မူသည်။ *[၉ : ၄၀]*

ထိုဖြစ်အင်နှစ်ရပ်စလုံးအတွင်း၌ စမ်းစစ်လေ့လာသင့်သော အချက်တစ်ချက်မှာ ဟဇရသ်မူစာ عليه السلام သည် မိမိ၏ မျိုးနွယ်အား ဖြေသိမ့်မှုပေးရန်အတွက် اِنَّ مَعِیَ رَبِّیْ (ငါ့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် ငါနှင့်အတူ ရှိနေတော်မူပေရာ) ဟူ၍ မိန့်တော်မူ၍ တမန်တော်မြတ် ﷺ ဖြေကြားရာတွင် مَعَنَا (ငါတို့နှင့်အတူ) ဟူ၍ မိန့်တော်မူထားပေသည်။ ဤသည် တမန်တော်မြတ် ﷺ ၏ အွမ္မသ် (နောက်လိုက်ထု) တို့၏ ဂုဏ်ထူးဝိသေသအချက်ပင် ဖြစ်သည်။ ၎င်းရစူလ်၏ နောက်လိုက်တပည့်သား များအဖို့လည်း မိမိတို့၏ ရစူလ်နှင့်အတူ အလ္လာဟ်အသျှင်မြတ် အတူတကွ ရှိနေတော်မူခြင်းအချက်အား ချီးမြှင့်ပေး ထားတော်မူပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَاتْلُ عَلَيْهِمْ نَبَاَ اِبْرٰهِيْمَ ﴿٦٩﴾

၂၆ : ၆၉ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် ၎င်း (မက္ကာဟ်မြို့သား) တို့၏ ရှေ့ဝယ် (နဗီတမန်တော်) အီဗ်ရာဟီမ်၏အကြောင်း အတ္ထုပ္ပတ္တိကို ပြန်ပြောပါလေ။

اِذْ قَالَ لِاَبِيْهِ وَقَوْمِهٖ مَا تَعْبُدُوْنَ ﴿٧٠﴾

၂၆ : ၇၀ ။ ။ တစ်ရံရောအခါဝယ် ၎င်း (နဗီတမန်တော် အီဗ်ရာဟီမ်) သည် မိမိ၏ ဖခင်အားလည်းကောင်း၊ မိမိ၏ အမျိုးသားတို့အားလည်းကောင်း၊ 'အသင်တို့သည် မည်သည့်အရာကို ကိုးကွယ်ဆည်းကပ်လျက် ရှိကြသနည်း' ဟု ပြောဆို မေးမြန်းခဲ့၏။

قَالُوا نَعْبُدُ أَصْنَامًا فَنَظَلُّ لَهَا عَاكِفِينَ ﴿٧١﴾

၂၆ : ၇၁ ။ ။ ယင်း (အမျိုးသား) တို့က ‘ကျွန်ုပ်တို့သည် ဆင်းတုများကို ကိုးကွယ်ဆည်းကပ်ကြသည့်အပြင် ၎င်း (ဆင်းတု) များ၏ အပေါ်၌ပင် အခါခပ်သိမ်း စွဲလမ်းတွယ်ကပ်လျက် ရှိကြပေသည်’ဟု ပြန်ကြားခဲ့ကြကုန်၏။

قَالَ هَلْ يَسْمَعُونَكُمْ إِذْ تَدْعُونَ ﴿٧٢﴾

၂၆ : ၇၂ ။ ။ ၎င်း (နဗီတမန်တော် အီဗ်ရာဟီမ်) က မေးမြန်းခဲ့၏။ ‘အသင်တို့ ဟစ်ခေါ် (ဆုတောင်း) ကြသော အခါ ယင်း (ဆင်းတု) များသည် (အသင်တို့၏ ဟစ်ခေါ်သံကို) ကြားကြလေသလော။’

أَوْ يَنْفَعُونَكُمْ أَوْ يَضُرُّونَ ﴿٧٣﴾

၂၆ : ၇၃ ။ ။ ‘သို့တည်းမဟုတ် ၎င်း (ဆင်းတု) တို့သည် အသင်တို့အား အကျိုးပြုကြလေသလော။ သို့တည်းမဟုတ် ၎င်း (ဆင်းတု) တို့သည် (အသင်တို့အား) အကျိုးယုတ်စေနိုင်ကြလေသလော’ဟု မေးမြန်းလေ၏။

قَالُوا بَلْ وَجَدْنَا آبَاءَنَا كَذَٰلِكَ يَفْعَلُونَ ﴿٧٤﴾

၂၆ : ၇၄ ။ ။ ၎င်း (အမျိုးသား) တို့က ‘ထိုသို့ အလျှဉ်းမဟုတ်။ စင်စစ်မှာ ကျွန်ုပ်တို့သည် မိမိတို့၏ အဘ၊ ဘိုး၊ ဘေး တို့အား ဤအတိုင်း ပြုမူကြသည်ကို တွေ့ရှိခဲ့ရပါသည်’ ဟု ဖြေကြားခဲ့ကြကုန်၏။

قَالَ أَفَرَأَيْتُمْ مَا كُنْتُمْ تَعْبُدُونَ ﴿٧٥﴾

၂၆ : ၇၅ ။ ။ ၎င်း (နဗီတမန်တော်အီဗ်ရာဟီမ်) က ‘အသင်တို့သည် မိမိတို့ ကိုးကွယ်ဆည်းကပ်လျက်ရှိကြသော အရာများ (၏ အခြေအနေ) ကို (လေ့လာသုံးသပ်) တွေ့မြင်ကြပြီလော။’

أَنْتُمْ وَآبَاؤُكُمُ الْأَقْدَمُونَ ﴿٧٦﴾

၂၆ : ၇၆ ။ ။ အသင်တို့သည်လည်းကောင်း၊ အသင်တို့၏ ရှေးဟောင်း အဘ၊ ဘိုး၊ ဘေးတို့သည်လည်းကောင်း။

فَإِنَّهُمْ عَدُوٌّ لِي إِلَّا رَبَّ الْعَالَمِينَ ﴿٧٧﴾

၂၆ : ၇၇ ။ ။ သို့ရာတွင် (၎င်းတို့အနက်) စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်မှတစ်ပါး ကျန်အားလုံးတို့သည် ကေန်မလွဲ ငါ၏ ရန်သူများပင် ဖြစ်ကြကုန်သည်။

الَّذِي خَلَقَنِي فَهُوَ يَهْدِينِ ﴿٧٨﴾

၂၆ : ၇၈ ။ ။ အကြင်အသျှင်မြတ်သည် ငါ့အား ဖန်ဆင်းတော်မူခဲ့၏။ တစ်ဖန် ထိုအသျှင်မြတ်သည်ပင်လျှင် ငါ့အား လမ်းညွှန်ပြတော်မူ၏။

وَالَّذِي هُوَ يُطْعِمُنِي وَيَسْقِينِ ﴿٧٩﴾

၂၆ : ၇၉ ။ ။ ၄င်းပြင် ထိုအသျှင်မြတ်သည်ပင် ငါ့အား (အစားအစာကို) ကျွေးမွေးတော်မူ၏။ ထို့ပြင် (ရေကို လည်း) တိုက်ကျွေးတော်မူ၏။

وَإِذَا مَرِضْتُ فَهُوَ يَشْفِينِ ﴿٨٠﴾

၂၆ : ၈၀ ။ ။ ထို့ပြင် ငါသည် နာဖျားသောအခါ ထိုအသျှင်မြတ်သည်ပင်လျှင် ငါ့အား (ဝေဒနာကို) ပျောက်ကင်းစေ တော်မူ၏။

وَالَّذِي يُمِيتُنِي ثُمَّ يُحْيِينِ ﴿٨١﴾

၂၆ : ၈၁ ။ ။ ၄င်းပြင် ထိုအသျှင်မြတ်သည်ပင် ငါ့အား (သေချိန်တွင်) သေစေတော်မူမည်။ ထို့နောက် ထိုအသျှင် မြတ်သည်ပင် ငါ့အား ('ကေယာမသ်'နေ့တွင်) တစ်ဖန် ရှင်စေတော်မူမည်။

وَالَّذِي أَطْمَعُ أَنْ يَغْفِرَ لِي خَطِيئَتِي يَوْمَ الدِّينِ ﴿٨٢﴾

၂၆ : ၈၂ ။ ။ ၄င်းပြင် ထိုအသျှင်မြတ်သည်ပင် တရားစီရင်တော်မူမည့်နေ့တွင် ငါ၏ မှားယွင်းချက်များကို ခွင့်လွှတ် တော်မူမည် ဖြစ်ကြောင်း ငါမျှော်လင့်လျက်ပင် ရှိပေသည်။

رَبِّ هَبْ لِي حُكْمًا وَأَلْحِقْنِي بِالصَّالِحِينَ ﴿٨٣﴾

၂၆ : ၈၃ ။ ။ (ထို့နောက် နဗီတမန်တော် အိဗ်ရာဟီမ်သည် ဤသို့ ဆုမွန်ဒိုအာ ပြုခဲ့၏။ 'အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးအား ဉာဏ်ပညာကို ချီးမြှင့်ပေးသနားတော်မူပါ။ ထို့ပြင် အသျှင်မြတ်သည် ကျွန်တော်မျိုးအား သူတော်စင်များနှင့်အတူ ပေါင်းဖက် ပါဝင်စေတော်မူပါ။'

وَاجْعَلْ لِي لِسَانَ صِدْقٍ فِي الْآخِرِينَ ﴿٨٤﴾

၂၆ : ၈၄ ။ ။ '၄င်းပြင် အသျှင်မြတ်သည် ကျွန်တော်မျိုးအဖို့၊ နောင်လာနောက်သားများတွင် နာမည်ကောင်းခြင်းကို ပြုလုပ်ပေးတော်မူပါ။ (တစ်နည်း) အသျှင်မြတ်သည် ကျွန်တော်မျိုးအဖို့ နောင်လာနောက်သားများတွင် ကောင်းစွာ ကျော်ကြား မှု (ကောင်းစွာ ဆင်းရဲခြင်း) ကို ပြုလုပ်၍ ပေးတော်မူပါ။'

وَاجْعَلْنِي مِنْ وَرَثَةِ جَنَّةِ النَّعِيمِ ﴿٨٥﴾

၂၆ : ၈၅ ။ ။ 'ထို့ပြင် အသျှင်မြတ်သည် ကျွန်တော်မျိုးအား ကျေးဇူးတော်များနှင့် ပြည့်စုံသော 'ဂျန္နသ်'သုခဘုံ၏ အမွေစားအမွေခံ ပြုလုပ်တော်မူပါ။'

وَاغْفِرْ لِأَبِي إِنَّهُ كَانَ مِنَ الضَّالِّينَ ﴿٨٦﴾

၂၆ : ၈၆ ။ ။ 'ထို့ပြင် အသျှင်မြတ်သည် ကျွန်တော်မျိုး၏ ဖခင်အား လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါ။ ဧကန်စင်စစ် ၎င်းမှာ လမ်းလွဲသူတို့တွင် (တစ်ဦး) အပါအဝင် ဖြစ်ပါသည်။'

وَلَا تُخْزِنِي يَوْمَ يُبْعَثُونَ ﴿٨٧﴾

၂၆ : ၈၇ ။ ။ ၎င်းပြင် အသျှင်မြတ်သည် (လူသတ္တဝါအပေါင်းတို့) ရှင်ပြန်ထကြရမည့်နေ့တွင် ကျွန်တော်မျိုးအား အရှက်တကွဲ ဖြစ်စေတော်မမူပါနှင့်။

يَوْمَ لَا يَنفَعُ مَالٌ وَلَا بَنُونَ ﴿٨٨﴾

၂၆ : ၈၈ ။ ။ အကြင်နေ့တွင် ပစ္စည်းဥစ္စာနှင့် သား (သမီး) များသည် အသုံးဝင်မည် မဟုတ်ပေ။

إِلَّا مَنْ أَتَى اللَّهَ بِقَلْبٍ سَلِيمٍ ﴿٨٩﴾

၂၆ : ၈၉ ။ ။ သို့ရာတွင် အကြင်သူသည် အလ္လာဟ်အသျှင်မြတ်ထံတော်သို့ (ရှုရစ်ကိတည်းဟူသော အညစ်အကြေးမှ) သန့်ရှင်းစင်ကြယ်သည့် စိတ်နှလုံးနှင့်တကွ ရောက်ရှိလာခဲ့သည်ရှိသော် (ထိုသူသည် လွတ်ငြိမ်းချမ်းသာခွင့် ရရှိပေမည်။)

وَأُزْلِفَتِ الْجَنَّةُ لِلْمُتَّقِينَ ﴿٩٠﴾

၂၆ : ၉၀ ။ ။ ၎င်းပြင် (ထိုနေ့တွင်) 'ဂျန္နသ်'သုခဘုံသည် ပြစ်မှုဒုစရိုက်တို့မှ ရှောင်ကြဉ်ကြကုန်သော သူတော်စင်တို့နှင့် နီးကပ်စွာ ထားရှိပြီး ဖြစ်ပေမည်။

وَبُرِّزَتِ الْجَحِيمُ لِلْغَاوِينَ ﴿٩١﴾

၂၆ : ၉၁ ။ ။ ထို့ပြင် 'ဂျဟန္နမ်'ငရဲဘုံသည် လမ်းလွဲသူရှေ့ဝယ် ထင်ရှားစေခြင်းကို ခံရပေမည်။

وَقِيلَ لَهُمْ أَيْنَ مَا كُنتُمْ تَعْبُدُونَ ﴿٩٢﴾

၂၆ : ၉၂ ။ ။ ထို့ပြင် ၎င်းတို့သည် (အလ္လာဟ်အသျှင်မြတ်အား စွန့်၍) 'အသင်တို့ ဆည်းကပ်ကိုးကွယ်လျက် ရှိခဲ့ကြသော ကိုးကွယ်ရာများသည် (ယခု) မည်သည့်နေရာ၌ ရှိကြသနည်း' ဟု မြေးဆိုမေးမြန်းခြင်းကို ခံကြရပေမည်။

مِن دُونِ اللَّهِ هَلْ يَنصُرُونَكُمْ أَوْ يَنتَصِرُونَ ﴿٩٣﴾

၂၆ : ၉၃ ။ ။ အလ္လာဟ်အသျှင်မြတ်အား စွန့်၍ (အသင်တို့ ကိုးကွယ်လျက်ရှိခဲ့ကြသော) ကိုးကွယ်ရာများသည် (ယခု) အသင်တို့အား (တစ်စုံတစ်ရာကို) ကူညီနိုင်ကြလေသလော။ သို့တည်းမဟုတ် ၎င်းတို့သည် မိမိတို့ကိုယ်ကို မိမိ ကယ်တင်နိုင်ကြလေသလော။'

فَكُبْكِبُوا فِيهَا هُمْ وَالْغَاوُونَ ٩٤

၂၆ : ၉၄ ။ ။ ထို့နောက် ယင်း (ကိုးကွယ်ရာ) တို့သည်လည်းကောင်း၊ လမ်းလွဲသူတို့သည်လည်းကောင်း 'ဂျဟန္နမ်' ငရဲဘုံ၌ မှောက်ထိုးပစ်ချခြင်းကို ခံကြရပေမည်။

وَجُنُودُ إِبْلِيسَ أَجْمَعُونَ ٩٥

၂၆ : ၉၅ ။ ။ ထို့ပြင် အီဗ်လီးစ်၏ ဗိုလ်ခြေအပေါင်းတို့သည်လည်း (အလားတူ) ခံကြရပေမည်။

قَالُوا وَهُمْ فِيهَا يَخْتَصِمُونَ ٩٦

၂၆ : ၉၆ ။ ။ ၎င်းတို့သည် ယင်း ('ဂျဟန္နမ်'ငရဲဘုံ) ၌ ငြင်းခုံလျက် ရှိကြစဉ် (မိမိတို့၏ ကိုးကွယ်ရာများကို) ပြောဆိုကြမည်မှာ-။

تَاللَّهِ إِن كُنَّا لَفِي ضَلَالٍ مُّبِينٍ ٩٧

၂၆ : ၉၇ ။ ။ 'အလ္လာဟ်အသျှင်မြတ်၏ 'ကစမ်'၊ ကေန်အမှန် ကျွန်ုပ်တို့သည် အလွန်ထင်ရှားလှစွာသော လမ်းလွဲမှု၌ပင် ရှိခဲ့ကြကုန်၏။'

إِذْ نُسَوِّيكُم بِرَبِّ الْعَالَمِينَ ٩٨

၂၆ : ၉၈ ။ ။ 'အကြင်အခါဝယ် ကျွန်ုပ်တို့သည် အသင်တို့အား စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်နှင့်အတူ ဂုဏ်ရည်တူများ ပြုလုပ်လျက် ရှိခဲ့ကြကုန်၏။'

وَمَا أَضَلَّنَا إِلَّا الْمُجْرِمُونَ ٩٩

၂၆ : ၉၉ ။ ။ 'စင်စစ် ကျွန်ုပ်တို့အား ဤ (အကြီးအကျယ်) ပြစ်မှု ကျူးလွန်သူတို့သည်သာလျှင် လမ်းလွဲစေခဲ့ကြကုန်၏'

فَمَا لَنَا مِن شَافِعِينَ ١٠٠

၂၆ : ၁၀၀ ။ ။ 'ယခု ကျွန်ုပ်တို့အဖို့ ကြားဝင် အသနားခံပေးမည့်သူဟူ၍ တစ်ဦးတစ်ယောက်မျှပင် မရှိပြီ။'

وَلَا صَدِيقٍ حَمِيمٍ ١٠١

၂၆ : ၁၀၁ ။ ။ 'ထိုနည်းတူစွာ ချစ်ကျွမ်းဝင် ရင်းနှီးသော အဆွေခင်ပွန်းဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် မရှိပြီ'

فَلَوْ أَنَّ لَنَا كَرَّةً فَنَكُونَ مِنَ الْمُؤْمِنِينَ ﴿١٠٢﴾

၂၆ : ၁၀၂ ။ ။ 'သို့ဖြစ်ပေရာ အကယ်၍သာ ကျွန်ုပ်တို့သည် (လူ့လောကသို့) တစ်ဖန် ပြန်လည်၍ သွားခွင့် ရရှိကြပါလျှင် ကောင်းလေစွ။ ထိုသို့ ပြန်သွားခွင့် ရရှိကြပါလျှင် ကျွန်ုပ်တို့သည် မုအ်မင်န်သက်ဝင် ယုံကြည်ကြမည့်သူများ ဖြစ်ကြပေမည်'

إِنَّ فِي ذَٰلِكَ لَآيَةً ۖ وَمَا كَانَ أَكْثَرُهُم مُّؤْمِنِينَ ﴿١٠٣﴾

၂၆ : ၁၀၃ ။ ။ စင်စစ်မလွဲ ဤသည့် (ဖြစ်ရပ်) ၌ အမှန်ပင် (ကြီးကျယ်လှစွာသော) သင်ခန်းစာသည် ရှိပေသည်။ စင်စစ် ၎င်း (မက္ကာဟ်မြို့သား ကာဖိရ်) တို့အနက် မြောက်မြားစွာသော သူတို့မှာမူ မုအ်မင်န်သက်ဝင် ယုံကြည်မည့်သူများ မဟုတ်ကြပေ။

وَإِنَّ رَبَّكَ لَهُوَ الْعَزِيزُ الرَّحِيمُ ﴿١٠٤﴾

၂၆ : ၁၀၄ ။ ။ အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်မှာမူ အလွန်တရာ လွှမ်းမိုးတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာ ကရုဏာပြုတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို၊ နဗီတမန်တော်) အသင်သည် ၎င်း (မက္ကာဟ်မြို့သား) တို့၏ ရှေ့ဝယ် (နဗီတမန်တော်) အီဗ်ရာဟီမ်၏ အကြောင်းအတ္တုပ္ပတ္တိကို ပြန်ပြောပါလေ။ (သို့မှသာ ၎င်းတို့သည် ရှရစ်က် (တုဖက်နှိုင်းယှဉ်ခြင်း) ၏ ရှုတ်ချပြစ်တင်ထိုက်ဖွယ်ကောင်းသော အထူးသဖြင့် ဟဇရသ်အီဗ်ရာဟီမ်ထံမှ ဆင့်ပြန်ချက်အဖြစ် လာရှိထားသော အထောက်အထားများကို သိရှိသွားစေရန် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤအာရဗ်နိုင်ငံ၌ ရှိသော မုရှ်ရစ်က်တို့သည် မိမိတို့ကိုယ်ကို မိမိ တမန်တော်အီဗ်ရာဟီမ်၏ သာသနာတော်အပေါ်၌ တည်ရှိနေကြောင်းကို ပြဆိုကြပေသည်။ ဤတွင်ပြမည့် ဖြစ်အင်သည် ထိုအချိန်၌ ဖြစ်ပေါ်ခဲ့သည်။)

တစ်ရံရောအခါဝယ် ၎င်း (တမန်တော်အီဗ်ရာဟီမ်) သည် (ရုပ်တု၊ ဆင်းတုများကို ခဝပ်ကိုးကွယ်လျက်ရှိကြကုန်သော) မိမိ၏ ဖခင်အားလည်းကောင်း၊ မိမိ၏ အမျိုးသားတို့အားလည်းကောင်း 'အသင်တို့သည် မည်သည့် (အကျိုးမဲ့၊ အလဟဿဖြစ်စေသော အရာများ) အရာကို ကိုးကွယ်ဆည်းကပ်လျက်ရှိကြသနည်း' ဟု ပြောဆိုမေးမြန်းခဲ့၏။

ယင်း (အမျိုးသား) တို့က 'ကျွန်ုပ်တို့သည် ဆင်းတုများကို ကိုးကွယ်ဆည်းကပ်ကြသည့်အပြင် ၎င်း (ဆင်းတု) များ၏ အပါး၌မှာပင် အခါခပ်သိမ်း စွဲလမ်းတွယ်ကပ်လျက်ရှိကြပေသည်' ဟု ပြန်ကြားခဲ့ကြကုန်၏။ ၎င်း (နဗီတမန်တော်အီဗ်ရာဟီမ်) က မေးမြန်းခဲ့၏။ 'အသင်တို့ (မိမိတို့၏ လိုအပ်ချက်များကို) ဟစ်ခေါ် (ဆုတောင်း) ကြသောအခါ ယင်း (ဆင်းတု) များသည် (အသင်တို့၏) ဟစ်ခေါ်သံကို ကြားကြလေသလော။

သို့တည်းမဟုတ် (အသင်တို့သည် ယင်းဆင်းတုများကို ခဝပ်ကိုးကွယ်ကြရာ) ၎င်းတို့သည် အသင်တို့အား အကျိုးပြုကြလေသလော။ သို့တည်းမဟုတ် (အသင်တို့သည် ၎င်းအရာများအား ခဝပ်ခြင်းကို စွန့်လွှတ်လိုက်မူ) ၎င်း (ဆင်းတု) တို့သည် (အသင်တို့အား) အကျိုးယုတ်စေနိုင်ကြလေသလော'ဟု မေးမြန်းလေ၏။ (ဆိုလိုသည်မှာ ခဝပ်ကိုးကွယ်ခြင်း ခံထိုက်သော အသျှင်မြတ် ဖြစ်တော်မူရန်အတွက် အသိပညာနှင့် ပြည့်ဝစုံလင်လှစွာသော စွမ်းဆောင်နိုင်မှုသည် အရေးကြီးသည်။) ၎င်း (အမျိုးသား) တို့က ထိုသို့အလျှဉ်းမဟုတ်။ (ဤဆင်းတုများသည် ကြားနိုင်ခြင်း၊ အကျိုးပြု၊ အကျိုးယုတ်စေနိုင်ခြင်း မရှိပေ။ ၎င်းတို့အား ခဝပ်ကိုးကွယ်နေရခြင်းအကြောင်းမှာ အထက်ဖော်ပြပါ အကြောင်းတို့ကြောင့် မဟုတ်ပေ။) စင်စစ်မှာ ကျွန်ုပ်တို့သည် မိမိတို့၏ အဘ၊ ဘိုး၊ ဘေးတို့အား ဤအတိုင်း ပြုမူကြသည်ကို တွေ့ရှိခဲ့ရပါသည်' ဟု ဖြေကြားခဲ့ကြကုန်၏။ ထို့ကြောင့် ကျွန်ုပ်တို့သည်လည်း ဤအတိုင်း ပြုကြပေသည်။

၎င်း (နဗီတမန်တော် အီဗ်ရာဟီမ်) က အသင်တို့သည် မိမိတို့ ကိုးကွယ်ဆည်းကပ်လျက်ရှိကြသော အရာများ (၏ အခြေအနေ) ကို (လေ့လာသုံးသပ်) တွေ့မြင်ကြပြီလော။ အသင်တို့သည်လည်းကောင်း၊ အသင်တို့၏ ရှေးဟောင်း အဘ၊ ဘိုး၊ ဘေးတို့သည်လည်းကောင်း၊ သို့ရာတွင် (၎င်းတို့အနက်) စကြဝဠာခပ်သိမ်းတို့ကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ် (အကြင်အသျှင်မြတ်သည် မိမိအား ခဝပ်ကိုးကွယ်မှုပြုသော သူတို့အဖို့ မိတ်ဆွေဖြစ်သည်။ ထိုအသျှင်မြတ်အား ခဝပ်ကိုးကွယ်မှုပြုခြင်းသည် လုံးဝ အကျိုးပြုသော အရာဖြစ်သည်) မှတစ်ပါး ကျန်အားလုံးတို့သည် စကာနမလွဲ ငါ (နှင့် အသင်တို့) ၏ ရန်သူများပင်ဖြစ်ကြကုန်သည်။ (ဆိုလိုသည်မှာ အကယ်၍ မပြောကောင်း၊ မဆိုအပ် ကျွန်ုပ် သို့မဟုတ် အသင်တို့သည် ထိုအရာများအား ခဝပ်ကိုးကွယ်မှု ပြုပါမူ ဆုံးရှုံးမှုနှင့် ရင်ဆိုင်ရခြင်းမှအပ အခြားမည်သည့် အကျိုးတစ်စုံတစ်ရာမျှ ရှိမည်မဟုတ်ပေ။)

အကြင်အသျှင်မြတ်သည် ငါ (နှင့် ဤသို့ပင် အားလုံးသော အရာများ) ကို ဖန်ဆင်းတော်မူခဲ့၏။ တစ်ဖန် ထိုအသျှင်မြတ်သည်ပင်လျှင် ငါ့အား (မိမိအဖို့ အကျိုးတရားများ သက်ရောက်စေမည့် အတိုင်းအတာထိတိုင်) လမ်းညွှန်ပြသတော်မူ၏။ (ဦးနှောက်အသိဉာဏ်ကို ချီးမြှင့်ထားတော်မူ၍ အကြင်အရာဖြင့် အကောင်း၊ အဆိုးကို ချင့်ချိန်သဘောပေါက်တော်မူပေသည်။) ၎င်းပြင် ထိုအသျှင်မြတ်သည်ပင် ငါ့အား (အစားအစာ) ကို ကျွေးမွေးတော်မူ၏။ ထို့ပြင် (ရေကိုလည်း) တိုက်ကျွေးတော်မူ၏။ ထို့ပြင် ငါသည် နာဖျားသောအခါ (ယင်းသို့ နာဖျားပြီးနောက် ပြန်လည်ကျန်းမာသွားပေသည်။) ထိုအသျှင်မြတ်သည်ပင်လျှင် ငါ့အား (ဝေဒနာကို) ပျောက်ကင်းစေတော်မူ၏။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင် ငါ့အား (သေဆုံးချိန်တွင်) သေစေတော်မူမည်။ ထို့နောက် ထိုအသျှင်မြတ်သည်ပင် ငါ့အား ('ကေယာမသ်'နေ့တွင်) တစ်ဖန်ရှင်စေတော်မူမည်။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင် တရားစီရင်တော်မူမည့်နေ့တွင် ငါ၏ မှားယွင်းချက်များကို ခွင့်လွှတ်တော်မူမည် ဖြစ်ကြောင်း ငါမျှော်လင့်လျက်ပင် ရှိပေသည်။ (ဤအလုံးစုံသော ဂုဏ်တော်များကို တင်ပြရခြင်းအကြောင်းမှာ မျိုးနွယ်အုပ်စုတို့ကို အလ္လာဟ်အသျှင်မြတ်အား ခဝပ်ကိုးကွယ်မှုပြုရန် မက်ထား

စေခြင်း ဖြစ်သည်။ တစ်ဖန် ပြည့်ဝစုံလင်လှစွာသော ဂုဏ်တော်များကို တင်ပြရင်း အာရုံစူးစိုက်မှု လွှမ်းမိုးသွားကာ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ ဆုပန်မှုကို ပြုတော့သည်။)

အို၊ ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးအား ဉာဏ်ပညာ (စုံလင်ပြည့်စုံသော သိရှိမှုနှင့် လိုက်နာမှုကြားဝယ် သာပို များစွာသော ပြည့်စုံမှု) ကို ချီးမြှင့်ပေးသနားတော်မူပါ။ (အဘယ်ကြောင့်ဆိုသော် ဉာဏ်ပညာချည်းသက်သက်မှု ဒိုအာတောင်းဆိုချိန်၌လည်း ရရှိပေသည်။) ထို့ပြင် (နီးစပ်မှု၏ အဆင့်များ၌လည်း) အသျှင်မြတ်သည် ကျွန်တော်မျိုးအား (အမြင့်မားဆုံးသော အဆင့်ဖြင့်) သူတော်စင်များနှင့်အတူ ပေါင်းဖက်ပါဝင်စေတော်မူပါ။ (အလိုသဘောမှာ ဂုဏ်ရှိန်ဂုဏ်ဝါ မြင့်မားသော နဗီတမန်တော်များအတွင်း၌ ပါဝင်စေတော်မူပါ။ ၎င်းပြင် အသျှင်မြတ်သည် ကျွန်တော်မျိုးအဖို့ နောင်လာနောက်သားများတွင် အမည်ကောင်းခြင်းကို ပြုလုပ်ပေးတော်မူပါ။ (သို့မှသာ ကျွန်ုပ်၏ လမ်းစဉ်အပေါ်၌ လျှောက်လှမ်းကြပေမည်။ အကြင်ကဲ့သို့ လျှောက်လှမ်းရာ၌ ကျွန်ုပ်အဖို့လည်း သာပို၍ အကျိုးစဝါးဗ် ရရှိပေမည်။ တစ်နည်း) အသျှင်မြတ်သည် ကျွန်တော်မျိုးအဖို့ နောင်လာနောက်သားများတွင် ကောင်းစွာ ကျော်ကြားမှု (ကောင်းစွာ သတိရခြင်း) ကို ပြုလုပ်၍ ပေးတော်မူပါ။

ထို့ပြင် အသျှင်မြတ်သည် ကျွန်တော်မျိုးအား ကျေးဇူးတော်များနှင့် ပြည့်စုံသော 'ဂျန္နသ်'သုခဘုံ အမွေစား၊ အမွေခံ ပြုလုပ်တော်မူပါ။

ထို့ပြင် အသျှင်မြတ်သည် (ကျွန်တော်မျိုး၏ ဖခင်အား အီမာန်၏ စွမ်းအားကို ချီးမြှင့်၍) လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူပါ။ ဧကန်စင်စစ် ၎င်းမှာ လမ်းလွဲသူတို့တွင် (တစ်ဦး) အပါအဝင် ဖြစ်ပါသည်။

၎င်းအပြင် အသျှင်မြတ်သည် (လူသတ္တဝါအပေါင်းတို့ ရှင်ပြန်ထကြရမည့်နေ့တွင် ကျွန်တော်မျိုးအား အရှက်တကွဲ ဖြစ်စေတော်မမူပါနှင့်။ (ရှေ့၌ ဆက်လက်၍ ထိုနေ့၏ အချို့ ကြောက်မက်ဖွယ်ကောင်းသော ဖြစ်အင် အခြေအနေများကိုလည်း တင်ပြထားပေသည်။ သို့မှသာ မျိုးနွယ်အုပ်စုသည် ကြားနာကာ ကြောက်ရွံ့သွားစေရန် ဖြစ်သည်။ ဆိုလိုသည်မှာ ထိုနေ့သည် ဤကဲ့သို့သောနေ့ ဖြစ်သည်။)

အကြင်နေ့တွင် ပစ္စည်းဥစ္စာနှင့် သား (သမီး) များသည် (လွတ်မြောက်မှု ရရှိရန်အတွက်) အသုံးဝင်မည်မဟုတ်ပေ။ သို့ရာတွင် (လွတ်မြောက်အောင်မြင်မှု ရရှိမည့်သူမှာ) အကြင်သူသည် အလ္လာဟ်အသျှင်မြတ်ထံတော်သို့ ကုဖွရ် (သွေဖည်ငြင်းဆိုမှု) နှင့် ရှရစ်က်တည်းဟူသော အညစ်အကြေးမှ) သန့်ရှင်းစင်ကြယ်သည့် စိတ်နှလုံးနှင့်တကွ ရောက်ရှိလာခဲ့သည်ရှိသော် (ထိုသူသည် လွတ်ငြိမ်းချမ်းသာခွင့် ရရှိပေမည်။)

၎င်းပြင် (ထိုနေ့တွင်) 'ဂျန္နသ်'သုခဘုံသည် ပြစ်မှုဒုစရိုက်တို့မှ ရှောင်ကြဉ်ကြကုန်သော (မုအ်မင်န်) သူတော်စင်တို့နှင့် နီးကပ်စွာ ထားရှိပြီးဖြစ်ပေမည်။ (ယင်း 'ဂျန္နသ်'သုခဘုံကို ကြည့်ရှု၍ 'ထိုသုခဘုံအတွင်းသို့ ဝင်ရောက်ရပေမည်'ဟူ၍ ပျော်ရွှင်စွာ သဘောပေါက် မှတ်ယူသွားစေရန် ဖြစ်သည်။)

ထို့ပြင် 'ဂျဟန္နမ်'ငရဲဘုံသည် လမ်းလွဲသူ (ကာဖိရ်) တို့ရှေ့ဝယ် ထင်ရှားစေခြင်းကို ခံရပေမည်။ (ထို 'ဂျဟန္နမ်'ကို ကြည့်ရှုကာ 'ကျွန်ုပ်တို့သည် ထို 'ဂျဟန္နမ်'အတွင်းသို့ ဝင်ရောက်ရပေမည်'ဟူ၍ နားလည်ကာ သောကပွားစေရန် ဖြစ်သည်။)

ထို့ပြင် (ယင်းနေ့၌) ၎င်း (လမ်းလွဲသူတို့) သည် (အလ္လာဟ်အသျှင်မြတ်အား စွန့်၍) အသင်တို့ ဆည်းကပ်ကိုးကွယ်လျက် ရှိခဲ့ကြသော ကိုးကွယ်ရာများသည် (ယခု) မည်သည့်နေရာ၌ ရှိကြသနည်း'ဟု ပြောဆို မေးမြန်းခြင်းကို ခံကြရပေမည်။ အလ္လာဟ်အသျှင်မြတ်အား စွန့်၍ (အသင်တို့ ကိုးကွယ်လျက်ရှိခဲ့ ကြကုန်သော) ကိုးကွယ်ရာများ သည် (ယခု) 'အသင်တို့အား (တစ်စုံတစ်ရာ) ကို ကူညီနိုင်ကြလေသလော။ သို့တည်းမဟုတ် ၎င်းတို့သည် မိမိတို့ကိုယ်ကို မိမိ ကယ်တင်နိုင်ကြလေသလော။

ထို့နောက် ယင်း (ကိုးကွယ်ရာ) တို့သည် ၎င်း (လမ်းလွဲသူတို့သည် ၎င်း 'ဂျဟန္နမ်'ငရဲဘုံ၌ ဖောက်ထိုးပစ်ချခြင်းကို ခံကြရပေမည်။ (သို့ရှိရာ ထိုရုပ်တုများနှင့် ရှိက်သွာန်များသည် မိမိတို့ကိုယ်ကို မိမိတို့ မကယ်တင်နိုင်သလို မိမိတို့အား ဆည်းကပ်ခဲ့ကြသော သူများကိုလည်း မကယ်တင်နိုင်ကြပေ။)

ထို့ပြင် အီဗ်လီးစ်၏ ဗိုလ်ခြေအပေါင်းတို့သည်လည်း (အလားတူ) ခံကြရပေမည်။ ၎င်းတို့သည် ယင်း (ဂျဟန္နမ် ငရဲဘုံ) ၌ ငြင်းခုံလျက် ရှိကြစဉ် (မိမိတို့၏ ကိုးကွယ်ရာများကို) ပြောဆိုကြမည်မှာ အကြင်အခါဝယ် ကျွန်ုပ်တို့သည် အသင်တို့အား (ခဝပ်ကိုးကွယ်မှု ပြုရာ၌) စကြဝဠာခပ်သိမ်းတို့ကို မွေးမြူ ဖန်ဆင်းတော်မူသော အသျှင်မြတ်နှင့်အတူ ဂုဏ်ရည်တူများ ပြုလုပ်လျက် ရှိခဲ့ကြကုန်၏။ စင်စစ် ကျွန်ုပ်တို့ အား ဤ (အကြီးအကျယ်) ပြစ်မှုကျူးလွန်သူ (လမ်းလွဲမှုကို တည်ထောင်သူ) တို့သည်သာလျှင် လမ်းလွဲ စေခဲ့ကြကုန်၏။ သို့ရှိရာ (ယခု) ကျွန်ုပ်တို့အဖို့ (လွတ်မြောက်ရာလွတ်မြောက်ကြောင်း ပြုပေးရန်) ကြားဝင် အသနားခံပေးမည့်သူဟူ၍ တစ်ဦးတစ်ယောက်မျှပင် မရှိပေ။ ထိုနည်းတူစွာ (သီးသန့်စိတ်ဖြေသိမ့်မှုကို သာ ပေးရန်) ချစ်ကျွမ်းဝင် ရင်းနှီးသော အဆွေခင်ပွန်းဟူ၍လည်း တစ်ဦးတစ်ယောက်မျှပင် မရှိပြီ။ သို့ဖြစ်ပေရာ အကယ်၍သာ ကျွန်ုပ်တို့သည် (လူ့လောကသို့) တစ်ဖန်ပြန်လည်၍ သွားခွင့်ရရှိကြပါလျှင် ကောင်းလေစွ။ ထိုသို့ သွားခွင့်ရရှိကြပါလျှင် ကျွန်ုပ်တို့သည် မုအ်မင်န်သက်ဝင် ယုံကြည်ကြမည့်သူများ ဖြစ်ကြပေမည်။ (ဤနေရာထိတိုင် ဟဇရသ်အီဗ်ရာဟီမ် عليه السلام ၏ ပြောဆိုတင်ပြမှုဖြစ်သည်။ ရှေ့၌ ဆက်လက်၍ အလ္လာဟ်အသျှင်မြတ် မိန့်တော်မူထားပေသည်။)

စကန်မလွဲ ဤသည် (ဟဇရသ်အီဗ်ရာဟီမ် عليه السلام ၏ တင်ပြမှုနှင့် 'ကေယာမသ်'နေ့၏ ဖြစ်အင်၌ (လည်း အမှန်တရားကို ရှာဖွေသောသူများနှင့် နောက်ဆုံးအချိန်ကို စိုးရိမ်သောသူတို့အဖို့လည်း) အမှန်ပင် (ကြီးကျယ်လှစွာသော) သင်ခန်းစာ ရှိပေသည်။ (အကြောင်းမှာ တင်ပြချက်၏ အကြောင်းအရာများ၌ စဉ်းစားတွေးခေါ်၍ တစ်ပါးတည်း တည်ရှိကြောင်းကို ယုံကြည်လက်ခံရန်နှင့် 'ကေယာမသ်'၏ ဖြစ်အင် များအား ကြောက်ရွံ့ရန်နှင့် အီမာန်ရယူရန်ဖြစ်သည်။) စင်စစ် (ထိုအချက်များကို သိရှိနေသည့် ကြားကတည်း ကပင်) ၎င်း (မက္ကာဟ်မြို့သား ကာဖိရ်) တို့အနက် မြောက်မြားစွာသော သူတို့မှာမူ မုအ်မင်န်သက်ဝင် ယုံကြည်ကြမည့်သူများ မဟုတ်ကြပေ။ အမှန်စင်စစ် အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ် မှာမူ အလွန်တရာ လွှမ်းမိုးတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာ ကရုဏာတော် ပြုတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ ('အဇာဗ်'အပြစ်ဒဏ် ပေးနိုင်စွမ်းရှိသော်လည်း ထိုအချိန်ကို နှောင့်ဆိုင်း ထားပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

'ကေယာမသ်'နေ့ထိတိုင် လူသားများ၏ ကြားဝယ် ကောင်းမွန်စွာ တသနိုင်ရန်အတွက် ဆုမွန်ဒိုအာ ပြုခြင်း

وَاجْعَلْ لِّيْ لِسَانَ صِدْقٍ فِي الْاٰخِرِيْنَ

၎င်းပြင် အသျှင်မြတ်သည် ကျွန်တော်မျိုးအဖို့ နောင်လာနောက်သားများတွင် အမည်ကောင်းခြင်းကို ပြုလုပ်ပေးတော်မူပါ။ *[၂၆ း ၈၄]*

ဤ 'ဇရ်ကာသ်' မင်္ဂလာရှိတော်မူသော အာယသ်တော်အတွင်း၌ ပါရှိသည့် 'လေစာနူးန်' ဟူသော စကားလုံး၏ အလိုသဘောမှာ တမ်းတခြင်း၊ မြွက်ဟခြင်းဟူ၍ ဖြစ်သည်။ 'ဗီး' ဟူသော စကားလုံးနာမ်စားသည် 'လားမ်' ဟူသော အကျိုးပြုစေခြင်းဟူသော အနက်ကို ဟောသည်။ အာယသ်တော်၏ အဓိပ္ပာယ်မှာ ဤသို့ပင် ဖြစ်သည်။ 'အို၊ အသျှင်မြတ်၊ ကျွန်တော်မျိုးအား ဤသို့ နှစ်မြို့ဖွယ်ကောင်းသော နည်းလမ်းများနှင့် ကောင်းမွန်သော လက္ခဏာများကို ချီးမြှင့်တော်မူပါ။ အကြင်နည်းလမ်းနှင့် လက္ခဏာများကို အခြားသော သူတို့သည် 'ကေယာမသ်' နေ့ထိတိုင် နောက်လိုက်သမှု ပြုရန် ဖြစ်သည်။ ထို့ပြင် ကျွန်တော်မျိုးအား ကောင်းသော အကြောင်း၊ အရည်အချင်းတို့ဖြင့် သတိရတမ်းတမှုကို ပြုရန်ဖြစ်သည်။

[အိဗ်နေ့ကစီးရ်၊ ရှုဟုလ်မအာနီး]

အလ္လာဟ်အသျှင်မြတ်သည် ဟဇရသ်အီဗ်ရာဟီမ် ﷺ ၏ ဒိုအာကို လက်ခံခဲ့သည်။ ယဟူဒီ၊ နစ္စရာနီများနှင့် မက္ကာဟ်မြို့ရှိ မုရှ်ရစ်က်များထိတိုင် တမန်တော်အီဗ်ရာဟီမ် ﷺ ၏ သာသနာတော်အား ချစ်ခင်မှုထားရှိကြပေသည်။ မိမိတို့ကိုယ်ကို မိမိ ထိုသာသနာ၏ ဘက်သို့ ဆက်နွယ်ကာ ပြောဆိုကြသည်။ ၎င်းတို့၏ နည်းလမ်းသည် ဟဇရသ်အီဗ်ရာဟီမ် ﷺ ၏ နည်းလမ်းနှင့် ဆန့်ကျင်ကာ ကုဖ္ဖရ် (သွေဖည်ငြင်းဆိုမှု) နှင့် ရှရစ်က် (တုဖက်နိုင်းယှဉ်မှု) တို့ ဖြစ်နေလင့်ကစား 'ကျွန်ုပ်တို့သည် တမန်တော်အီဗ်ရာဟီမ်၏ လမ်းစဉ်အပေါ်၌ တည်ရှိနေသည်' ဟူ၍ ကြွေးကြော်ကြပေသည်။ တမန်တော်မိုဟမ္မဒ် ﷺ ၏ အုမ္မသ် (နောက်လိုက်ထု) သည် မှုမှန်ကန်သော ပုံစံဖြင့် တမန်တော်အီဗ်ရာဟီမ် ﷺ ၏ သာသနာပေါ်၌ တည်ရှိနေခြင်းကို မိမိတို့အဖို့ ဂုဏ်ယူဖွယ်ရာအဖြစ် မှတ်ယူထားရပေမည်။

ရာထူး၊ ဌာနအား မက်မောခြင်းသည် ပြစ်တင်ထိုက်ဖွယ်ကောင်း၍ အချို့စည်းကမ်းချက်များနှင့် ပြစ်မှု ပိုင်ခြင်းအကြောင်း

'ဟွဗ်ဗေ့ဂျားဟ်' ဆိုသည်မှာ လူတို့မှ မိမိအား ဂုဏ်ပေးရန်နှင့် ချီးမွမ်းလာစေရန် တပ်မက်မှုထားခြင်းသည် သာသနာပညတ်ချက်အရ ရှုတ်ချဖွယ်ထိုက်သော အချက်ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်

သည် 'အာခေရသ်' တမလွန်၏ စည်းစိမ်တော်များကို နေရာနှင့် အကြီးအကဲဖြစ်လိုမှုကို စွန့်လွှတ်ခြင်း အပေါ်၌သာလျှင် မူတည်ထားပေသည်။ အလ္လာဟ်အသျှင်မြတ် မိန့်တော်မူထားသည်မှာ-

تِلْكَ الدَّارُ الْاٰخِرَةُ نَجْعَلُهَا لِلَّذِيْنَ لَا يُرِيْدُوْنَ عُلُوًّا فِى الْاَرْضِ فَلَا فَسَادًا

ဤသည် တမလွန်ဘဝ၏ ဘုံဗိမာန်ပင် ဖြစ်၏။ ငါအသျှင်မြတ်သည်ပင် ၎င်းဘုံဗိမာန်ကို အကြင်သူတို့အဖို့ သတ်မှတ်ပေးသနားထားတော်မူ၏။ ထိုသူတို့သည် တိုင်းပြည်တွင် မောက်မာပလွှားမှုကိုလည်း အလိုရှိကြသည်လည်း မဟုတ်ပေ။ *[၂၈ : ၈၃]*

ဟူ၍ ဖြစ်သည်။ ယခု တင်ပြလျက်ရှိသော အာယသ်တော်အတွင်း၌

وَاجْعَلْ لِّىْ لِسَانَ صِدْقٍ فِى الْاٰخِرِيْنَ

၎င်းပြင် အသျှင်မြတ်သည် ကျွန်တော်မျိုးအဖို့ နောင်လာနောက်သားများတွင် အမည်ကောင်းခြင်းကို ပြုလုပ်စေတော်မူပါ။ *[၂၆ : ၈၄]*

ဟူသော အာယသ်တော်တွင်လည်း ဟဇရသ်အိဗ်ရာဟီမ် ﷺ ၏ 'နောင်လာနောက်သားများတွင် ကျွန်တော်မျိုးအဖို့ အမည်ကောင်းခြင်းကို ပြုလုပ်ပေးတော်မူပါ' ဟူသော တောင်းဆိုချက်အတွင်း၌ ပြင်ပ သဏ္ဍာန်အားဖြင့် ရှုမြင်သုံးသပ်မည်ဆိုလျှင် 'နေရာအကြီးအကဲ ရာထူးတို့အား တပ်မက်ခြင်း' အတွင်း၌ ပါဝင်နေသည်ဟူ၍ သိရှိရပေသည်။ သို့ရာတွင် အာယသ်တော်၏ စကားလုံးများကို သေချာကျနစွာ စမ်းစစ်ကြည့်ရှုမည်ဆိုလျှင် 'ထိုတောင်းဆုဒိုအာ၏ အဓိကရည်ရွယ်ချက်သည် နေရာ၊ ရာထူး တပ်မက်ခြင်းမဟုတ်ဘဲ 'အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ 'ဤကဲ့သို့သော ကုသိုလ်များကို ပြုနိုင်စွမ်း ပေးသနားတော်မူပါ။ အကြင်ကုသိုလ်ကောင်းမှုများသည် ကျွန်ုပ်၏ နောင် 'အာခေရသ်'၌ အကျိုးဖြစ်ထွန်းစေမည့် အရာများ ဖြစ်သွားပေမည်။ ထိုကောင်းမှုတို့ကို ရှုမြင်ကာ အခြားသော သူတို့သည်လည်း ကောင်းမြတ်သော အကျင့်သီလများကို ပြုကျင့်ရန် တပ်မက်မှုများ ပေါ်ပေါက်လာ၍ ကျွန်ုပ်၏ နောက်၌လည်း လူတို့သည် ကောင်းမြတ်သော အကျင့်သီလများကို ဆောက်ထိန်းရာတွင် ကျွန်ုပ်၏ နောက်လိုက်သမူ ပြုနေရန် ဖြစ်**သည်**' ဟူသော ဒိုအာဖြစ်သည်။ တောင်းဆိုဒိုအာ၏ အချုပ်သဘောတရားမှာ ဟွစ်ဗ်ေဂျားဟ်ဟူ၍ ခေါ်ဆိုရအောင် တပ်မက်မှု အကျိုး တစ်စုံတစ်ရာရရှိရန် ရည်ရွယ်ချက်မျိုး မဟုတ်ပေ။ ကုရ်အာန်ကျမ်းတော်မြတ်နှင့် **ဟ**ဒီးစ်တော်များ၌ ရာထူး၊ အကြီးအကဲဖြစ်ခြင်းကို တောင်းဆိုသမူပြုခြင်းကို တားမြစ်၊ ရှုတ်ချထားပေသည်။ ထိုတားမြစ်ရှုတ်ချထားခြင်း၏ အလိုသဘောမှာ လောကီရေးရာ တပ်မက်မှုနှင့် အကျိုးကို ရယူရန်ဖြစ်ခြင်း**တို့** ဖြစ်သည်။

အေမာမ်သိရ်မေဇီသခင်ကြီးနှင့် နစာအီးသခင်ကြီးသည် ဟဇရသ်ကာအဗ်ဗင်န်မာလစ်**က်**သခင်ကြီး၏ ဆင့်ပြန်ချက်အား တင်ပြထားပေသည်။ တမန်တော်မြတ် ﷺ သည် ဤသို့ မိန့်ဆိုတော်မူထားပေသည်။ ဆာလောင်နေသော ဝံပုလွေနှစ်ကောင်ကို ဆိတ်အုပ်အတွင်းရှိရာဆီသို့ လွှတ်ပေးလိုက်မူ ထိုဝံပုလွေသည် ဆိတ်အုပ်ကို 'ပစ္စည်းဥစ္စာအား တပ်မက်မှုနှင့် မိမိ၏ သိက္ခာနှင့် ရာထူးကို တပ်မက်သော အကျင့်နှစ်ရပ်

ရှိသည့် လူသားအနေနှင့် သာသနာကို နစ်နာဆုံးရှုံးရန်' ပြုလုပ်သလောက် ဆုံးရှုံးနစ်နာအောင် ပြုလုပ်မည် မဟုတ်ပေ။ *[အဗူဒာအ်ဒ်ခွသ်ရီးထံမှ သွဗ်ရာနီ၊ အဗူဟုရိုင်ရာဟ်ထံမှ ဗစ်ဇားဇ်]*

ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးထံမှ အေမာမ်ဒိုင်လမီသခင်ကြီးသည် ဆင့်ကဲဆင့်ပြန်မှု ပျော့သော စနဒ်နှင့်အတူ ဤအောက်ဖော်ပြပါ ဆင့်ပြန်ချက်ကို ဆင့်ပြန်ထားပေသည်။ အကြီးအကဲဖြစ်လိုမှု၊ ရာထူးကို နှစ်မြို့မှုနှင့် ချီးမွမ်းမှုကို လိုလားခြင်းသည် လူသားတို့ကို နားကန်း၊ မျက်စိကန်းအဖြစ် ပြုထားပေသည်။

ဤအထက်တင်ပြပါ ဆင့်ပြန်ချက်အားလုံး၏ အလိုသဘောသည် 'လောကီရေးရာ ရည်ရွယ်ချက်များအတွက် တောင်းတနေပြီး အကြင်တောင့်တတပ်မက်မှုကြောင့် သာသနာရေးရာ၌ ဆုံးရှုံး နစ်နာစေခြင်းများ ဖြစ်ရှိမည်။ သို့မဟုတ် ပြစ်မှုဒုစရိုက်တစ်ရပ်ကို ကျူးလွန်မိသည့် အကြီးအကဲဖြစ်လိုမှုနှင့် ချီးမွမ်းမှုကို လိုလားတောင့်တသည့် ပုံစံမျိုးကို လိုဆိုခြင်းဖြစ်သည်။ ဤအထက်တင်ပြပါ ပုံစံမျိုးမဟုတ်သော နေရာ၊ အကြီးအကဲ လိုလားမှုမျိုးမဟုတ်ပါမူ ရှုတ်ချဖွယ်ကောင်းသော အချက်မဟုတ်ပေ။ ဟဒီးစ်တော်အတွင်း၌ တမန်တော်မြတ် ﷺ ကိုယ်တော်တိုင် တောင်းဆိုသော ဒိုအာကို ဆင့်ပြန်ထားပေသည်။

اَللّٰهُمَّ اجْعَلْنِىْ فِىْ عَيْنِىْ صَغِيْرًا وَّفِىْ اَعْيُنِ النَّاسِ كَبِيْرًا

အို၊ အလ္လာဟ်အသျှင်မြတ်၊ ကျွန်တော်မျိုးအား မိမိ၏အရှု၌မူ သေးသိမ်၊ သေးငယ်သောသူအဖြစ် ပြုလုပ်ပေးသနားတော်မူ၍ လူတို့၏ အရှုအမြင်၌ အကြီးအကဲအဖြစ် ပြုပေးတော်မူပါ။

ဤဒိုအာ၌လည်း လူတို့၏ အရှုအမြင်၌ အကြီးအကဲအဖြစ် ပြုပေးတော်မူရန် တောင်းဆိုခြင်း၏ ရည်ရွယ်ချက်မှာ 'လူတို့သည် ကောင်းမြတ်သော အကျင့်သီလများကို ဆောက်တိမ်းရာ၌ ကျွန်တော်မျိုး၏ နောက်လိုက်သမူအဖြစ် ပြုရန်ဖြစ်သည်' ဟူ၍ ဖြစ်သည်။ ထို့ကြောင့် အေမာမ်မာလစ်က်သခင်ကြီးက မိန့်တော်မူထားသည်မှာ 'အကြင်သူသည် အမှန်တကယ် မွန်မြတ်၊ ကောင်းမွန်သောသူ ဖြစ်မည်ဆိုလျှင် လူတို့၏ ရှေ့ မှောက်ဝယ် မွန်မြတ်သူဖြစ်ရန်အတွက် ပြစားမှုမပြုရပေ။ ထိုသို့ မွန်မြတ်သောသူ ဖြစ်သွားသည့်အတွက် လူတို့ဘက်မှ ချီးမွမ်းမှုကို နှစ်မြို့ခြင်းသည် ရှုတ်ချဖွယ်ထိုက်သော အချက်မဟုတ်ပေ။

အိဗ်နေအာရဗီးသခင်ကြီးသည် တင်ပြလျက်ရှိနေသော အာယသ်တော်မှ အောက်ဖော်ပြပါအချက်ကို အတည်ပြု မိန့်မြွက်တော်မူပေသည်။ အကြင်မွန်မြတ်သော ပြုမူဆောင်ရွက်ချက်ကြောင့် လူတို့၏ အကြားဝယ် ချီးမွမ်းမှုဖြစ်ရှိနေသည်ဆိုပါက မွန်မြတ်သော ကျင့်စဉ်ဆောင်ရွက်ချက်အား လိုလားတပ်မက်ခြင်း ပြုပိုင်ပေသည်။ အေမာမ်ဂဇာလီသခင်ကြီး မိန့်တော်မူထားပေသည်။ ကမ္ဘာလောက၌ သိက္ခာ၊ ရာထူးအား နှစ်မြို့ခြင်းသည် စည်းကမ်းချက် (၃) ရပ်နှင့် ပိုင်ပေသည်။ ပထမစည်းကမ်းချက်မှာ ထိုသိက္ခာရာထူးအား တပ်မက်မှုသည် မိမိကိုယ်ကို မိမိ အကြီးအကဲဖြစ်လိုခြင်းနှင့် ယင်းအချက်နှင့် ဆန့်ကျင်ကာ အခြားသူတို့ကို သေးငယ်၊ သေးသိမ်ခြင်းအဖြစ် မသတ်မှတ်ထားရပေ။ သို့သာမက 'အာခေရသ်' နောင်တမလွန်အကျိုးအဖို့ 'လူတို့သည် ကျွန်ုပ်အား ယုံကြည်ကာ မွန်မြတ်သော ကျင့်စဉ်ကျင့်ရပ်များ၌ ကျွန်ုပ်၏

နောက်လိုက်သမှုပြုရမည်။ ဒုတိယအချက်မှာ လိမ်ညာသည့် ချီးမွမ်းမှုမျိုးပြုရန်’ ဟူသော ရည်ရွယ်ချက်ကိုလည်း မထားရပေ။ အကြင်အရည်အချင်းသည် မိမိထံ၌ မရှိဘဲ ထိုမရှိသော အရည်အချင်းမျိုးဖြင့် လူတို့သည် မိမိအား ချီးမွမ်းမှုပြုရန် တပ်မက်လိုလားနေပေသည်။ တတိယအချက်မှာ ထိုတပ်မက်မှုကို ရယူရန်အတွက် ပြစ်မှုတစ်စုံတစ်ရာ သို့မဟုတ် ဒီးန်သာသနာ၏ အမှုကိစ္စများ၌ ဆုံးရှုံးနစ်နာစေနိုင်သော အချက်ကို မရွေးချယ်လိုက်မိစေရန် ဖြစ်သည်။

မုရှ်ရစ်က်များအတွက် လွတ်ငြိမ်းချမ်းသာခွင့်ရရှိရန် ဆုမွန်ဒိုအာတောင်းခြင်း မပိုင်ကြောင်း

وَاغْفِرْ لِأَبِيٓ إِنَّهُۥ كَانَ مِنَ الضَّآلِّينَ

ထို့ပြင် အသျှင်မြတ်သည် ကျွန်တော်မျိုး၏ ဖခင်အား လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူပါ။ ကေန်စင်စစ် ၄င်းမှာ လမ်းလွဲသူတို့တွင် တစ်ဦးအပါအဝင် ဖြစ်ပါသည်။ *[၂၆ : ၈၆]*

مَا كَانَ لِلنَّبِيِّ وَالَّذِينَ آمَنُوٓا أَن يَسْتَغْفِرُوا لِلْمُشْرِكِينَ وَ

لَوْ كَانُوٓا أُولِي قُرْبَىٰ مِنۢ بَعْدِ مَا تَبَيَّنَ لَهُمْ أَنَّهُمْ أَصْحَابُ الْجَحِيمِ ﴿١١٣﴾

ကုရ်အာန်ကျမ်းတော်မြတ်က ယခုတင်ပြပါအာယသ်တော်၏ နောက် ကုဖွရ် (သွေဖည်ငြင်းဆိုမှု) အပေါ်၌ မုချ သေဆုံးသွားသော အကြင်မည်သူ တစ်ဦးတစ်ယောက်အဖို့မဆို လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံ၊ တောင်းဆိုခြင်းသည် ‘ဟရာမ်’မပြုပိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ‘ဗရ်ကသ်’ရှိတော်မူလှသော အာယသ်တော်မြတ်၏ ဘာသာပြန်အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

နဗီတမန်တော်များဖြစ်စေ၊ မုအ်မင်န်သက်ဝင် ယုံကြည်သူများဖြစ်စေ ထိုမုရှ်ရစ်က်တို့အဖို့ ၄င်းတို့သည် မိမိတို့နှင့် ဆွေမျိုးနီးစပ်သူများ ဖြစ်ကြသော်လည်း ၄င်းမုရှ်ရစ်က်တို့သည် ငရဲသားများဖြစ်ကြောင်း မိမိတို့ထံ၌ ထင်ရှားခဲ့ပြီးသည့်နောက် အလ္လာဟ်အသျှင်မြတ်ထံတော်တွင် လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားတောင်းပန်ပေးပိုင်ခွင့် မရှိချေ။ *[၉ : ၁၁၃]*

မေးခွန်းတစ်ရပ်နှင့်အဖြေ

ယခု ဤနေရာ၌ ပေါ်ပေါက်လာသော မေးခွန်းတစ်ရပ်မှာ ‘ထိုတားမြစ်ချက် လာရှိပြီးနောက် ဟဇရတ်အီဗ်ရာဟီမ် عليه السلام သည် မိမိ၏ မုရှ်ရစ်က်ဖခင်အတွက် အဘယ်ကြောင့် ချမ်းသာခွင့်ဆုကို ပန်ခဲ့ပေသနည်း။ ယင်းမေးခွန်း၏ အဖြေကို အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင်သည် ကုရ်အာန်ကျမ်းတော်မြတ် အတွင်း၌ ပေးထားပေသည်။

وَمَا كَانَ اسْتِغْفَارُ إِبْرٰهِيمَ لِأَبِيهِ
إِلَّا عَن مَّوْعِدَةٍ وَعَدَهَا إِيَّاهُ ۚ فَلَمَّا تَبَيَّنَ لَهُ أَنَّهُ عَدُوٌّ
لِّلَّهِ تَبَرَّأَ مِنْهُ ۚ إِنَّ إِبْرٰهِيمَ لَأَوَّاهٌ حَلِيمٌ ﴿١١٤﴾

စင်စစ် နဗီတမန်တော်အီဗ်ရာဟီမ်သည် မိမိ၏ ဖခင်အဖို့ လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားခဲ့ခြင်းမှာ ထိုနဗီတမန်တော်အီဗ်ရာဟီမ်သည် ၎င်းဖခင်အား ပေးထားခဲ့သော ကတိဝန်ခံချက်ကြောင့်သာလျှင် ဖြစ်ပေသည်။ သို့ရာတွင် နဗီတမန်တော်အီဗ်ရာဟီမ်အဖို့ ၎င်း၏ဖခင်သည် အလ္လာဟ်အသျှင်မြတ်၏ ရန်သူဖြစ်ကြောင်း ထင်ရှားခဲ့သောအခါ ထိုနဗီတမန်တော်အီဗ်ရာဟီမ်သည် ၎င်းဖခင်နှင့် မည်သို့မျှ မသက်ဆိုင်၊ မပတ်သက်ဟူ၍ ငြင်းဆိုခဲ့လေသည်။ အမှန်စင်စစ် နဗီတမန်တော်အီဗ်ရာဟီမ်သည် လွန်စွာ စိတ်နှလုံးနူးညံ့သူ၊ လွန်စွာ သည်းခံခြင်းတရား ထားရှိသူဖြစ်ခဲ့ပေသည်။ *[၉ : ၁၁၄]*

ဖြေကြားချက်၏ အချုပ်သဘောတရားမှာ ဟဇရသ်အီဗ်ရာဟီမ် عليه السلام သည် မိမိ၏ ဖခင်အတွက် မိမိသက်ရှိထင်ရှားရှိနေစဉ်ကာလမှာပင် ချမ်းသာဆုပန်ပေးခြင်းကို ‘အလ္လာဟ်အသျှင်မြတ်သည် ၎င်းအား အီမာန်၏ စွမ်းအားကို ချီးမြှင့်ပြီး အကြင်အီမာန်၏နောက် လွတ်ငြိမ်းချမ်းသာခွင့် ရရှိခြင်းသည် မုချဖြစ်တန်ကောင်းရာ၏’ ဟူသော ရည်ရွယ်ချက်မျိုးဖြင့် တောင်းခံခဲ့ပေသည်။ သို့တည်းမဟုတ် ဟဇရသ်အီဗ်ရာဟီမ် عليه السلام သည် ‘ကျွန်တော်မျိုး၏ ဖခင်သည် အီမာန်ရယူထားကြောင်းကို ထုတ်ဖော်ကြွေးကြော်မှု မပြုထားနေလင့်ကစား တိတ်တဆိတ်၊ ပုန်းလျှိုးကွယ်လျှိုးဖြင့် လက်ခံထားပေသည်’ ဟူ၍ တွေးခေါ်မှတ်ယူထားပေသည်။ သို့ရာတွင် ဟဇရသ်အီဗ်ရာဟီမ် عليه السلام သည် မိမိ၏ ဖခင်သည် ကုဖ်ရ် (သွေဖည်ငြင်းဆိုမှု) အပေါ် သေဆုံးသွားကြောင်း သိရှိရသောအခါ မိမိဘက်မှ ၎င်းနှင့် လုံးဝ ပတ်သက်မှုမရှိကြောင်းကို ထုတ်ဖော်မှု ပြုပေသည်။

အကျိုးထူး ။ ။ ဟဇရသ်အီဗ်ရာဟီမ် عليه السلام သည် မိမိ၏ ဖခင် ကုဖ်ရ် (သွေဖည်ငြင်းဆိုမှု) နှင့် ရှရစ်က် (တုဖက်နိုင်းယှဉ်မှု) ပြုခြင်းကို ‘ဖခင်၏ သက်တမ်းရှင်နေစဉ်ကာလမှာပင် သိရှိခဲ့ပါ၏လော့။ သို့မဟုတ် သေဆုံးပြီးနောက် သိရှိခဲ့ပါ၏လော့။ သို့မဟုတ် ‘ကေယာမသ်’ နေ့၌ သိရှိမည်၏လော့’ ဟူသော အချက်အား သုတေသန စီစစ်မှုပြုရန် ဖြစ်သည်။ ယင်းအချက်၏ အကျယ်ချဲ့ ဖွင့်ဆိုမှုကို စူရာဟ်သောင်ဗာဟ်၌ တင်ပြထားပေသည်။

يَوْمَ لَا يَنفَعُ مَالٌ وَلَا بَنُونَ ﴿٨٨﴾ إِلَّا مَنْ أَتَى اللَّهَ بِقَلْبٍ سَلِيمٍ ﴿٨٩﴾

အကြင်နေ့တွင် ပစ္စည်းဥစ္စာနှင့် သားသမီးများသည် အသုံးဝင်မည်မဟုတ်ပေ။ သို့ရာတွင် အကြင်သူသည် အလ္လာဟ်အသျှင်မြတ်ထံတော်သို့ ရှရစ်က်တည်းဟူသော အညစ်အကြေးမှ သန့်ရှင်းစင်ကြယ်သည့် စိတ်နှလုံးသားနှင့်တကွ ရောက်ရှိလာခဲ့သည်ရှိသော် ထိုသူသည် လွတ်ငြိမ်းချမ်းသာခွင့် ရရှိပေမည်။
[၂၆ : ၈၈-၈၉]

ထိုအာယသ်တော်အား အကျယ်ချဲ့ဖွင့်ဆိုရာ၌ အချို့သော ပညာရှင်များသည် 'အစ်လ်လား'ဟူသော 'အစ်သစ်နာ'ကို ၎င်း၏ ရှေ့ဝါကျနှင့် လုံးဝ ပတ်သက်မှုမရှိသော 'အစ်သစ်နာမုန်ကသွေ့အ်'ဟူ၍ သတ်မှတ်ထားပေသည်။ ယင်းသို့ သတ်မှတ်ကာ ဤသို့ ဘာသာပြန်ဆိုမှုကို ပြုကြပေသည်။ 'အကြင်နေ့တွင် ပစ္စည်းဥစ္စာနှင့် သားသမီးများသည် အသုံးဝင်မည်မဟုတ်။ သို့ရာတွင် အသုံးဝင်မည့် အရာမှာ ၎င်း၏ 'ကုဖ်ရ်' (သွေဖည်ငြင်းဆိုမှု) နှင့် 'ရှရစ်က်' (တုဖက်နှိုင်းယှဉ်မှု) ကင်းမဲ့သော စိတ်နှလုံးပင် ဖြစ်သည်။ ထိုဝါကျ၏ ဥပမာကို ဤသို့ မှတ်ယူကုန်။ ပမာဆိုရသော် တစ်ဦးတစ်ယောက်သည် ဇိုက်ဒ်နှင့် စပ်လျဉ်း၍ အခြားသောသူ တစ်ဦးတစ်ယောက်အား 'ဇိုက်ဒ်ထံ၌ ဥစ္စာပစ္စည်းနှင့် သားသမီးများ ရှိပါ၏လော'ဟူ၍ မေးမြန်းရာ ဖြေကြားသူသည် '၎င်း၏ ဥစ္စာပစ္စည်းနှင့် သားသမီးများသည်မှု ၎င်း၏ သန့်ရှင်းစင်ကြယ်သည့် စိတ်နှလုံးသားပင် ဖြစ်ပေသည်'ဟူ၍ ဆိုလိုက်သည်။ အကြင်ဖြေကြားချက်၏ အလိုသဘောမှာ ပစ္စည်းဥစ္စာနှင့် သားသမီးသည်မှု တစ်စုံတစ်ရာမျှ မဟုတ်။ သို့ရာတွင် ယင်းအရာများ၏ အစား၌ ၎င်းထံတွင် သန့်ရှင်းစင်ကြယ်သော နှလုံးသည် ရှိနေပေသည်။ အာယသ်တော်၏ အကြောင်းအရာပါ အချုပ်သဘောတရားသည် ဤအထက်တင်ပြပါ ဖွင့်ဆိုချက်အပေါ် 'ပစ္စည်းဥစ္စာ သို့မဟုတ် သားသမီးများသည်မှု ထိုနေ့၌ တစ်စုံတစ်ရာ အသုံးဝင်မည် မဟုတ်။ သန့်ရှင်းစင်ကြယ်သော နှလုံးသား'ဟူ၍ အဓိပ္ပာယ်ဖော်ဆောင်နိုင်သော အီမာန်နှင့် ကောင်းမြတ်သော အကျင့်သီလတို့သာလျှင် အသုံးဝင်ပေလိမ့်မည်' ဟူ၍ ဖြစ်သည်။

များစွာသော အဖွင့်ရှင်များထံ၌ ထင်ရှားသော ဖွင့်ဆိုချက်မှာ ဤအာယသ်တော်အတွင်းပါ ရှိသည့် 'အစ်သစ်နာ'သည် 'အစ်သစ်နာမုသ်သစ္စင်လ်'ဖြစ်သည်။ အာယသ်တော်၏ အဓိပ္ပာယ်မှာ ဤသို့ပင် ဖြစ်သည်။ 'သန့်ရှင်းစင်ကြယ်သော နှလုံးသားပိုင်ရှင်မှအပ ပစ္စည်းဥစ္စာနှင့် သားသမီးသည် 'ကေယာမသ်'နေ့၌ မည်သူတစ်ဦးတစ်ယောက်အဖို့ အသုံးဝင်လိမ့်မည်မဟုတ်'ဟု ဖြစ်သည်။ အာယသ်တော်၏ ရလဒ်မှာ 'ဤအရာများသည် 'ကေယာမသ်'နေ့၌လည်း အကျိုးပြုနိုင်ပေသည်။ သို့ရာတွင် မုအ်မင်နံတို့အဖို့သာ အကျိုးပြုပေးနိုင်ပြီး ကာဖိရ်များအဖို့ အကျိုးပြုပေးမည်မဟုတ်။

ဤနေရာ၌ စမ်းစစ်ကြည့်ရှုသင့်သော အချက်တစ်ချက်မှာ ဤနေရာတွင် ကုရ်အာန်ကျမ်းတော်မြတ်၏ (၂၆း၈၈) ၌ (သားများ) ဟူ၍ မိန့်တော်မူထားပေသည်။ အဓိပ္ပာယ်မှာ 'သားယောကျ်ားကလေးများ' ဖြစ်သည်။ ယေဘုယျအားဖြင့် သားနှင့် သမီးများအားလုံးကို ခြုံငုံ၍ မသုံးနှုန်းရခြင်းအကြောင်းမှာ 'ခက်ခဲမှု ဒုက္ခနှင့် ရင်ဆိုင်ရသောအချိန်၌ အသုံးဝင်ရန် မျှော်လင့်ချက်သည် ကမ္ဘာလောက၌လည်း သားယောကျ်ားကလေးများသာလျှင် ဖြစ်နိုင်သည်။ ဒုက္ခရောက်ရှိနေချိန် သမီးမိန်းကလေးများထံမှ အကူအညီကို ရယူရန်သည် ဤကမ္ဘာလောက၌လည်း ရှားရှားပါးပါးပင် ဖြစ်သည်။ ထို့ကြောင့် 'ကေယာမသ်'နေ့၌ 'ကမ္ဘာလောကတွင် အသုံးဝင်ရန် မျှော်လင့်ချက်ရှိသော ယောကျ်ားကလေးများအား အထူးပြုကာ အသုံးမဝင်ကြောင်းကို တင်ပြထားခြင်းဖြစ်သည်။

ဒုတိယအချက်မှာ 'ကလ်ဗေ့စလီးမ်' ၏ လုံးချင်းကောက် အဓိပ္ပာယ်မှာ မှန်ကန်ကောင်းမွန်သော စိတ်နှလုံးသား ဖြစ်ပေသည်။ အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးသည် ထိုစကားလုံး၏ လိုရင်းသဘောအဓိပ္ပာယ်

ကို 'တစ်ပါးတည်း တည်ရှိခြင်းကို သက်သေပေး၍ 'ရှရစ်က်' (တုဖက်နှိုင်းယှဉ်ခြင်း) ကင်းမဲ့သော နှလုံးသား' ဟူ၍ ဖြစ်ကြောင်းကို မိန့်တော်မူပေသည်။ ဤစာစဉ် ဖွင့်ဆိုချက်ကိုသာလျှင် ဟဇရတ်မုဂျာဟိဒ်၊ ဟစန်နှင့် စအီးဒ်အိဗ်နေမုစိုက်ယစ်ဗ်တို့ထံမှ ခေါင်းစီးအမျိုးမျိုးဖြင့် ဆင့်ပြန်ချက် လာရှိထားပေသည်။ ဟဇရတ်စအီးဒ်အိဗ်နေမုစိုက်ယိဗ်သခင်ကြီးသည် 'ကောင်းမွန်မှန်ကန်သော နှလုံးသားပိုင်ရှင်သည် မုအ်မင်န်တို့အဖို့သာလျှင် ဖြစ်နိုင်ပေသည်။ ကာဖိရ်တို့၏ နှလုံးသားသည် မကျန်းမာဘဲ ဖြစ်နေပေသည်။ ပမာတင်ပြရမည်ဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ အလ္လာဟ်အသျှင်မြတ် မိန့်မြွက်ထားတော်မူသည်မှာ-

فِي قُلُوبِهِم مَّرَضٌ

ထိုမွတ်စလင်မ်အသွင်ဆောင်သော သူများ၏ စိတ်နှလုံးသားများ၌ မနာလိုဝန်တိုမှုနှင့် သံသယဟူသော ရောဂါဝေဒနာ စွဲကပ်လျက်ရှိ၏။ *[၂း၁၀]*

ပစ္စည်းဥစ္စာ၊ သားသမီးနှင့် ဆွေမျိုးတော်စပ်မှုတို့သည်လည်း တမလွန် 'အာခိရတ်' ၌ အီမာန်ရှိသည်ဟူသော စည်းကမ်းချက်ကြောင့်သာ အကျိုးပြုနိုင်ကြောင်း

တင်ပြလျက်ရှိနေသော အာယသ်တော်၏ ကျော်ကြားသော ဖွင့်ဆိုချက်နှင့်အတူ 'လူသား၏ ပစ္စည်းဥစ္စာသည် 'ကေယာမသ်' နေ့၌လည်း ၎င်း၏ မွတ်စလင်မ်ဖြစ်မှသာ အသုံးဝင်မည်ဖြစ်ကြောင်း' ကို သိရှိရပေသည်။ ယခု တင်ပြချက်၏ ပုံစံမှာ ဤသို့တည်း။ အကြင်သူသည် ကမ္ဘာလောက၌ မိမိ၏ ပစ္စည်းဥစ္စာကို အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်နှင့် မှန်မြတ်ကောင်းမွန်သော အလုပ်များ၌ သုံးစွဲမှုကို ပြုပေသည်။ သို့မဟုတ် စဉ်ဆက်မပြတ် အကျိုးစဝါးဗ်ရရှိနေမည် ဖြစ်သော လှူဒါန်းမှုကို ချန်ထားရစ်ခဲ့ပေသည်။ အကယ်၍ ၎င်း၏ ထွက်သက်သည် အီမာန်အပေါ်၌ဖြစ်မူ စုရုံးရမည့်နေ့၌ မုအ်မင်န်တို့၏ စာရင်းတွင် ၎င်းသည် ပါဝင်နေပေလိမ့်မည်။ သို့ဆိုလျှင် ဤကမ္ဘာလောက၌ လှူဒါန်းမှုပြုထားခဲ့သော ပစ္စည်းနှင့် 'ဆွဒ်ကာဟ်' ၏ စဉ်ဆက်မပြတ် ရရှိနေမည်ဖြစ်သော အကျိုးစဝါးဗ်သည် ၎င်းအဖို့ စုရုံးရမည့်နေ့ ကွင်းပြင်နှင့် စာရင်းစစ်ဆေးရာ 'မီဇာန်' ချိန်ခွင်၌လည်း အသုံးဝင်ပေလိမ့်မည်။

ထို့ပြင်တဝ အကယ်၍ ဤသူသည် မွတ်စလင်မ်မဟုတ်ပေ။ သို့မဟုတ် (အလ္လာဟ်အသျှင်မြတ် ပြုလုပ်တော်မမူပါစေနှင့်။) မကွယ်လွန်မီအလျှင် အီမာန်ထွက်သွားပါက ယခု ကမ္ဘာလောက၌ ၎င်းပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုများသည် အကျိုးပြုလိမ့်မည်မဟုတ်။ သားသမီးများသည်လည်း ဤသို့သာလျှင် ဖြစ်ပေသည်။ အကြောင်းမှာ အကယ်၍ ဤသူသည် မွတ်စလင်မ်ဖြစ်ခဲ့သည်ဆိုပါက နောင် 'အာခိရတ်' ၌လည်း ၎င်း၏ထံသို့ သားသမီးများဘက်မှ အကျိုးများ ရောက်ရှိနိုင်ပေသည်။ ရောက်ရှိပုံမှာ ၎င်းသေဆုံးပြီးနောက် သားသမီးများသည် ၎င်းအဖို့ လွတ်ငြိမ်းချမ်းသာခွင့် ရရှိရန် ဆုမွန်ဒိုအာကိုလည်းကောင်း၊ အကျိုးစဝါးဗ် ပို့ဆောင်ပေးခြင်းကိုသော်လည်းကောင်း ပြုပေးပေမည်။ ထို့ပြင် ဤနည်းဖြင့်လည်း ရောက်ရှိ

နိုင်ပေသည်။ ၄င်းသည် သားသမီးများကို မွန်မြတ်သူများဖြစ်အောင် ကြိုးပမ်းခဲ့သည်။ ထို့ကြောင့် ၄င်းသား သမီးများ၏ မွန်မြတ်သော ကျင့်စဉ်၏ အကျိုးစဝါးဖ်သည် ၄င်းအဖို့ အလိုအလျောက် ရရှိနေကာ ၄င်း၏ ကျင့်စဉ်မှတ်တမ်း၌လည်း ရရှိနေမည်သာ ဖြစ်သည်။ ဤသို့ဖြင့်လည်း ရောက်ရှိနိုင်ပေသည်။ သားသမီး များသည် စုရုံးရမည့် ကွင်းပြင်၌လည်း ကြားဝင်အသနားခံပေးကာ ခွင့်လွှတ်ခိုင်းမှုကို ပြုပေမည်။ ပမာ ဆိုရသော် အချို့သော ဆင့်ပြန်ချက်များအတွင်း၌ ဤသို့ ကြားဝင်အသနားခံပေးခြင်းနှင့် လက်ခံခြင်း ခံရကြောင်းတို့သည် အထောက်အထားဖြင့် အတည်ပြုထားပေသည်။ အထူးသဖြင့် အရွယ်မရောက်သေး သော ကလေးငယ်များ၏ ကြားဝင်အသနားခံပေးမှုပင်ဖြစ်သည်။

ဤနည်းနှင်နှင် သားသမီးများအဖို့လည်း မိဘများ၏ ဘက်မှလည်း နောင်တမလွန် 'အာခေရသ်' တွင် အီမာန်ရှိခြင်းဟူသော စည်းကမ်းချက်ဖြင့် (အကယ်၍ ဤသားသမီးများသည် မွတ်စလင်မ်ဖြစ်မည် ဆိုပါက) ဤအောက်ဖော်ပြပါ အကျိုးများ ရောက်ရှိပေလိမ့်မည်။ သို့ရာတွင် ထိုသားသမီးတို့၏ ကောင်း မြတ်သော အကျင့်သီလတို့သည် မိဘတို့၏ အဆင့်အတန်းထိတိုင် မရောက်ရှိပါက အလ္လာဟ်အသျှင်မြတ် သည် ၄င်းတို့၏ ဖခင်၊ ဘိုးဘွားတို့ကို ထောက်ရှုကာ ယင်းသားသမီးများကိုလည်း မိဘများ ရှိရာ မြင့်မားသော အဆင့်အတန်းရှိရာဆီသို့ ပို့ဆောင်ပေးလိမ့်မည်။ ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ပင် ထိုအချက်အား ဤသို့ အတိအလင်း တင်ပြထားသည်။

وَالْحَقْنَا بِهِمْ ذُرِّيَّتَهُمْ

ငါအသျှင်မြတ်သည် ၄င်းတို့၏ သား၊ မြေးတို့အား 'ဂျန္နသ်'သုခဘုံ၌ ၄င်းတို့နှင့် အတူတကွ ပူးပေါင်း၍ ထားတော်မူပေမည်။ *[၅၂ : ၂၁]*

ဤအာယသ်တော်၏ အစပိုင်းတွင် တင်ပြပါ ကျော်ကြားသော ဖွင့်ဆိုချက်မှ အောက်ဖော်ပြပါ အချက်ကို သိရှိရပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်တို့တွင် အချို့သောနေရာများ၌ 'ကေယာမသ်' နေ့တွင် ဆွေမျိုးတော်စပ်မှုသည် တစ်စုံတစ်ရာ အကျိုးပြုမည် မဟုတ်ကြောင်း၏ အလိုသဘော မှာ မုအ်မင်န်မဟုတ်သော သူတို့သည် အသုံးဝင်လိမ့်မည်မဟုတ်ဟူ၍ ဖြစ်သည်။ ယုတ်စွအဆုံး နဗီတမန် တော်များ၏ သားသမီးနှင့် ဇနီးများသည်ပင် အကယ်၍ ၄င်းတို့သည် မုအ်မင်န်များမဟုတ်ပါက ၄င်းနဗီများ ထံမှ ထိုသားသမီးနှင့် ဇနီးများထံသို့ အကျိုးကျေးဇူး တစ်စုံတစ်ရာ ရောက်ရှိလိမ့်မည်မဟုတ်။ ပမာဆိုရ သော် ဟဇရသ်နူးဟ် عليه السلام ၏ သား၊ ဟဇရသ်လူးသ် عليه السلام ၏ ဇနီးနှင့် ဟဇရသ် အိဗ်ရာဟီမ် عليه السلام ၏ ဖခင် စသော သူတို့၏ အမှုကိစ္စများပင် ဖြစ်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များအတွင်း ဤသို့ လာရှိထားပေ၏။

فَإِذَا نُفِخَ فِي الصُّورِ فَلَا أَنسَابَ بَيْنَهُمْ

ထို့နောက် တံပိုးမှုတ်လိုက်သောအခါ ထိုနေ့၌ ၄င်းတို့အချင်းချင်းတွင် မည်သည့်ဆွေမျိုးတော်စပ်မှု မျှလည်း အလျဉ်းရှိလိမ့်မည်မဟုတ်။ *[၂၃ : ၁၀၁]*

يَوْمَ يَفِرُّ الْمَرْءُ مِنْ اَخِيهِ وَاُمِّهٖ وَ اَبِيهِ

အကြင်နေ့တွင် လူသည် ထွက်ပြေးတိမ်းရှောင်ပေလိမ့်မည်။ မိမိညီအစ်ကိုတို့ထံမှလည်းကောင်း၊ မိမိ၏ အမိထံမှလည်းကောင်း၊ မိမိ၏ အဘထံမှလည်းကောင်း။ *[၈၀ : ၃၄-၃၅]*

لَا يَجْزِى وَالِدٌ عَنْ وَّلَدِهٖ

ထို့ပြင် အသင်တို့သည် မည်သည့်ဖခင်တစ်ဦးတစ်ယောက်မျှပင် မိမိ၏ သားအဖို့ အသုံးမဝင်သည့် အပြင် မည်သည့်သားတစ်ဦးတစ်ယောက်မျှသည်လည်း မိမိ၏ ဖခင်အဖို့ လုံးဝ အသုံးဝင်မည် မဟုတ်သောနေ့ကို စိုးရိမ်ကြလေကုန်။ *[၃၁ : ၃၃]*

အာယသ်တော်များအားလုံး၏ အလိုသဘောသည် အထက်ဖော်ပြပါ အလိုသဘောသည်သာလျှင် ဖြစ်နိုင်ပေသည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူ၏။)

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

كَذَّبَتْ قَوْمُ نُوحٍ الْمُرْسَلِينَ ۝١٠٥

၂၆ : ၁၀၅ ။ ။ နူးဟ်၏ အမျိုးသားတို့သည် ရစူလ်တမန်တော်များအား မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။

إِذْ قَالَ لَهُمْ أَخُوهُمْ نُوحٌ أَلَا تَتَّقُونَ ۝١٠٦

၂၆ : ၁၀၆ ။ ။ အကြင်အခါဝယ် ၎င်းတို့အား ၎င်းတို့၏ နောင်တော်နူးဟ်က (ဤသို့) ပြောကြားခဲ့၏။ (အချင်းတို့) 'အသင်တို့သည် (အလ္လာဟ်အသျှင်မြတ်အား) မကြောက်ရွံ့ကြလေသလော။'

إِنِّي لَكُمْ رَسُولٌ أَمِينٌ ۝١٠٧

၂၆ : ၁၀၇ ။ ။ 'ကေန်အမှန် ငါသည် အသင်တို့အဖို့ ယုံကြည်စိတ်ချအပ်သော ရစူလ်တမန်တော်တစ်ပါးပင် ဖြစ်ချေသည်'

فَاتَّقُوا اللَّهَ وَأَطِيعُونِ ۝١٠٨

၂၆ : ၁၀၈ ။ ။ 'သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ၎င်းပြင် အသင်တို့သည် ငါ၏ အမိန့်ကို လိုက်နာကြလေကုန်။'

وَمَآ أَسْـَٔلُكُمْ عَلَيْهِ مِنْ أَجْرٍ ۖ إِنْ أَجْرِىَ إِلَّا عَلَىٰ رَبِّ ٱلْعَٰلَمِينَ ﴿١٠٩﴾

၂၆ : ၁၀၉ ॥ ॥ 'စင်စစ် ငါသည် ဤအမိန့်တော်ကို ပို့ဆောင်ခြင်း (တာဝန်) နှင့် စပ်လျဉ်း၍ အသင်တို့ထံမှ မည်သည့် အကျိုး (အဖိုးအခ) တစ်စုံတစ်ရာကိုမျှ တောင်းဆိုသည်မဟုတ်ပေ။ (စင်စစ်) ငါ့အား အကျိုး (အဖိုးအခ) ပေးရန် တာဝန်မှာ စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ တာဝန်သာလျှင် ဖြစ်ပေသည်။'

فَٱتَّقُوا۟ ٱللَّهَ وَأَطِيعُونِ ﴿١١٠﴾

၂၆ : ၁၁၀ ॥ ॥ 'သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ထို့ပြင် အသင်တို့သည် ငါ၏ အမိန့်ကို လိုက်နာကြလေကုန်။'

قَالُوٓا۟ أَنُؤْمِنُ لَكَ وَٱتَّبَعَكَ ٱلْأَرْذَلُونَ ﴿١١١﴾

၂၆ : ၁၁၁ ॥ ॥ ၎င်း (အမျိုးသား) တို့က 'ကျွန်ုပ်တို့သည် အသင့်အား ယုံကြည်ကြရမည်လော။ အမှန်စင်စစ် ဂုဏ်သရေ သေးသိမ်သော သူတို့သည်သာလျှင် အသင်၏ နောက်လိုက်များ ဖြစ်ကြသည်' ဟု ပြောဆိုခဲ့ကြကုန်၏။

قَالَ وَمَا عِلْمِى بِمَا كَانُوا۟ يَعْمَلُونَ ﴿١١٢﴾

၂၆ : ၁၁၂ ॥ ॥ ယင်း (နူးဟ်) က (ဤသို့) ပြန်ကြားခဲ့၏။ (အချင်းတို့) 'ငါသည် ၎င်းတို့၏ အလုပ်အကိုင်နှင့် စပ်လျဉ်း၍ မည်သည်ကို သိရှိရန် လိုပါသနည်း။'

إِنْ حِسَابُهُمْ إِلَّا عَلَىٰ رَبِّى ۖ لَوْ تَشْعُرُونَ ﴿١١٣﴾

၂၆ : ၁၁၃ ॥ ॥ '၎င်းတို့အား စစ်ဆေးရန် တာဝန်မှာ ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အပေါ်၌သာ ရှိကြောင်း၊ အသင်တို့ နားလည်ကြပါလျှင် ကောင်းလေစွ။'

وَمَآ أَنَا۠ بِطَارِدِ ٱلْمُؤْمِنِينَ ﴿١١٤﴾

၂၆ : ၁၁၄ ॥ ॥ 'စင်စစ် ငါသည် မုအ်မင်န်သက်ဝင်ယုံကြည်သူတို့အား (မိမိ၏အပါးမှ) နှင်ထုတ်မည့်သူ မဟုတ်ပြီ။'

إِنْ أَنَا۠ إِلَّا نَذِيرٌ مُّبِينٌ ﴿١١٥﴾

၂၆ : ၁၁၅ ॥ ॥ 'ငါသည် ရှင်းလင်းထင်ရှားစွာ သတိပေးနှိုးဆော်သူ တစ်ဦးမျှပင် ဖြစ်၏။'

قَالُوا لَئِن لَّمْ تَنتَهِ يَا نُوحُ لَتَكُونَنَّ مِنَ الْمَرْجُومِينَ ﴿١١٦﴾

၂၆ : ၁၁၆ ။ ။ ၎င်း (အမျိုးသား) တို့က 'အို့, နူးဟ်၊ အကယ်၍ အသင်သည် (မိမိ၏ အဆုံးအမတရားတော် ပေးခြင်းကို) မရပ်တန့်လျှင်၊ ဧကန်မလွဲ အသင်သည် ခဲဖြင့် ပစ်ပေါက် (၍ သတ်ဖြတ်) ခြင်းကို ခံရသူတို့တွင် အပါအဝင် ဖြစ်ပေမည်။'

قَالَ رَبِّ إِنَّ قَوْمِي كَذَّبُونِ ﴿١١٧﴾

၂၆ : ၁၁၇ ။ ။ ၎င်း (နူးဟ်) က (အလ္လာဟ်အသျှင်မြတ်ထံတော်၌ ဤသို့) လျှောက်ထားပန်ကြားခဲ့လေ၏။ 'အို့, ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ ဧကန်အမှန် ကျွန်တော်မျိုး၏ အမျိုးသားတို့သည် ကျွန်တော်မျိုးအား မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြလေပြီ။'

فَافْتَحْ بَيْنِي وَبَيْنَهُمْ فَتْحًا وَنَجِّنِي وَمَن مَّعِيَ مِنَ الْمُؤْمِنِينَ ﴿١١٨﴾

၂၆ : ၁၁၈ ။ ။ 'သို့ဖြစ်ပါ၍ အသျှင်မြတ်သည် ကျွန်တော်မျိုးနှင့် ၎င်းတို့၏ အကြား၌ ထင်ရှားစွာသော အဆုံးအဖြတ်ကို စီရင်ဆုံးဖြတ်ပေးတော်မူပါ။ ထို့ပြင် အသျှင်မြတ်သည် ကျွန်တော်မျိုးအားလည်းကောင်း၊ ကျွန်တော်မျိုးနှင့်အတူ ရှိကြကုန်သော မုအ်မင်န်သက်ဝင် ယုံကြည်သူတို့အားလည်းကောင်း ကယ်တင်တော်မူပါ။'

فَأَنجَيْنَاهُ وَمَن مَّعَهُ فِي الْفُلْكِ الْمَشْحُونِ ﴿١١٩﴾

၂၆ : ၁၁၉ ။ ။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ၎င်း (တမန်တော်နူးဟ်) အားလည်းကောင်း၊ ယင်း (နူးဟ်) နှင့်အတူ ဝန်အပြည့်တင်ထားသော သင်္ဘော၌ ပါလာကြကုန်သော မုအ်မင်န်သက်ဝင်ယုံကြည်သူတို့အားလည်းကောင်း ကယ်တင်တော်မူခဲ့လေသည်။

ثُمَّ أَغْرَقْنَا بَعْدُ الْبَاقِينَ ﴿١٢٠﴾

၂၆ : ၁၂၀ ။ ။ ထို့နောက်တစ်ဖန် ငါအသျှင်မြတ်သည် ကျန်ရှိသူတို့အား နစ်မြုပ်တော်မူခဲ့၏။

إِنَّ فِي ذَٰلِكَ لَآيَةً ۖ وَمَا كَانَ أَكْثَرُهُم مُّؤْمِنِينَ ﴿١٢١﴾

၂၆ : ၁၂၁ ။ ။ ဧကန်မလွဲ ဤသည့် (ဖြစ်ရပ်) ၌ (ကြီးကျယ်လှစွာသော) သင်ခန်းစာ ရှိ၏။ စင်စစ် ၎င်း (မက္ကာဟ်မြို့သား ကာဖိရ်) တို့အနက် မြောက်မြားစွာသော သူတို့မှာမူ မုအ်မင်န်သက်ဝင် ယုံကြည်ကြမည့်သူများ မဟုတ်ကြပေ။

وَإِنَّ رَبَّكَ لَهُوَ الْعَزِيزُ الرَّحِيمُ ﴿١٢٢﴾

၂၆ : ၁၂၂ ။ ။ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အလွန်တရာ လွှမ်းမိုးတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

နူးဟ် ﷺ အမျိုးသားတို့သည် ရစူလ်တမန်တော်များအား မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။ (အဘယ်ကြောင့်ဆိုသော် နဗီတစ်ပါးအား စွပ်စွဲငြင်းဆိုလိုက်ခြင်းဖြင့် မုချ အားလုံးသော နဗီတမန်တော်များအား စွပ်စွဲငြင်းဆိုရာ ရောက်ပေသည်။)

အကြင်အခါဝယ် ၄င်းတို့အား ၄င်းတို့၏ နောင်တော်နူးဟ် ﷺ က (ဤသို့) ပြောကြားခဲ့၏။ (အချင်းတို့) အသင်တို့သည် (အလ္လာဟ်အသျှင်မြတ်အား) မကြောက်ရွံ့ကြလေသလော။

ဧကန်အမှန် ငါသည် အသင်တို့အဖို့ ယုံကြည်စိတ်ချအပ်သော ရစူလ်တမန်တော်တစ်ပါးပင် ဖြစ်ချေသည်။ (အလ္လာဟ်အသျှင်မြတ်၏ တရားဒေသနာကို ထပ်တူထပ်မျှ လိုတိုး၊ ပိုလျှော့ မပြုဘဲနှင့် ပို့ချပေးပေသည်။)

သို့ဖြစ်ပေရာ (ယင်းအချက်က လိုလားသည်မှာ) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ၄င်းပြင် အသင်တို့သည် ငါ၏ အမိန့်ကို လိုက်နာကြလေကုန်။ စင်စစ် (လည်း) ငါသည် ဤအမိန့်တော်ကို ပို့ဆောင်ခြင်း (တာဝန်) နှင့် စပ်လျဉ်း၍ အသင်တို့ထံမှ မည်သည့် (လောကီ) အကျိုး (အဖိုးအခ) တစ်စုံတစ်ရာကိုမျှ တောင်းဆိုသည်မဟုတ်ပေ။ (စင်စစ်) ငါ့အား အကျိုး (အဖိုးအခ) ပေးရန် တာဝန်မှာ စကြဝဠာခပ်သိမ်းတို့ကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ တာဝန်သာလျှင် ဖြစ်ပေသည်။ သို့ဖြစ်ပေရာ (ကျွန်ုပ်၏ ထိုတပ်မက်မှု ဆန္ဒ ကင်းမဲ့ခြင်း၏ လိုလားချက်မှာ ဤသို့ပင် ဖြစ်၏။) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ထို့ပြင် အသင်တို့သည် ငါ၏ အမိန့်ကို လိုက်နာကြလေကုန်။

၄င်း (အမျိုးသား) တို့က 'ကျွန်ုပ်တို့သည် အသင့်အား ယုံကြည်ကြရမည်လော။ အမှန်စင်စစ် ဂုဏ်သရေ သေးသိမ်သော သူတို့သည်သာလျှင် အသင်၏ နောက်လိုက်များဖြစ်ကြသည်' ဟု ပြောဆိုခဲ့ကြကုန်၏။ (အကြင်သူနှင့် ပူးပေါင်းခြင်းကို မွန်မြတ်သော သူတို့သည် ရှက်ရွံ့ကြပေသည်။ ထို့ပြင် များစွာသော ကံ၊ ဉာဏ်၊ ဝီရိယနည်းသော သူတို့၏ ရည်ရွယ်ချက်သည်လည်း တစ်ဦးတစ်ယောက်ဖြင့် ပူးပေါင်းလိုက်ခြင်းဖြင့် ပစ္စည်းဥစ္စာနှင့် ရာထူး၊ အာဏာ အနည်းနှင့်အများမဆို ရရှိရန် ဖြစ်သည်။ ၄င်းတို့ အီမာန်ယူကြောင်းကို ကြွေးကြော်ခြင်းသည်လည်း အတည်ပြုထိုက်ဖွယ် မဟုတ်ပေ။)

ယင်း (နူးဟ်) က (ဤသို့) ပြန်ကြားခဲ့၏။ (အချင်းတို့) ငါသည် ၄င်းတို့၏ (လုပ်ငန်း) အလုပ်အကိုင်နှင့်စပ်လျဉ်း၍ မည်သည်ကို သိရှိရန် လိုပါသနည်း။ (ဂုဏ်သရေမြင့်သူဖြစ်စေ၊ နိမ့်သူဖြစ်စေ၊ ဒီးန်သာသနာ၌ ထိုကွဲပြားမှုသည် မည်သို့ စူးရှ သက်ရောက်ပေမည်နည်း။ '၄င်းတို့၏ အီမာန်သည် နှလုံးသားအတွင်းမှ မဟုတ်ကြောင်း' ဖြစ်တန်ကောင်းရာသို့ ယင်းအချက်အပေါ်) ၄င်းတို့အား စစ်ဆေးရန် တာဝန်မှာ ငါ့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်အပေါ်၌သာ ရှိကြောင်း၊ အသင်တို့ နားလည်ကြပါလျှင် ကောင်းလေစွ။

စင်စစ် (ဂုဏ်သရေ သေးသိမ်သောသူတို့အား မိမိတို့ အိမာန်ရယူကြောင်းကို မိမိတို့အဖို့ အဟန့်အတားဖြစ်နေခြင်း၏ အချက်အဖြစ် သတ်မှတ်ကာ 'ၚင်းတို့ကို မိမိတို့၏ ထံမှ ဝေးကွာအောင် ပြုရန်' ဟူ၍ သွယ်ဝိုက်သောနည်းဖြင့် တင်ပြချက်သည် ထွက်ပေါ်လာပေသည်။ သို့ဆိုလျှင်) ငါသည် (အသင်တို့ အိမာန်ရယူကြသည်ဖြစ်စေ၊ မရယူကြသည်ဖြစ်စေ ကျွန်ုပ်အား တစ်စုံတစ်ရာ ဆိုးကျိုးပြုနိုင်မည် မဟုတ်ပေ။) မုအ်မင်န်သက်ဝင်ယုံကြည်သူတို့အား (မိမိအပါးမှ) နှင်ထုတ်မည့်သူ မဟုတ်ပြီ။ (အဘယ်ကြောင့်ဆိုသော်) ငါသည် ရှင်းလင်းထင်ရှားစွာ သတိပေးနှိုးဆော်သူတစ်ဦးပင် ဖြစ်၏။ (သာသနာဖြန့်ဖြူးခြင်းကိစ္စရပ်ကို ဆောင်ရွက်လိုက်ခြင်းဖြင့် ကျွန်ုပ်၏ 'ဖွရ်ဇ်' တာဝန်သည် ပြည့်ဝစွာ ကျေပွန်သွားပေသည်။ ရှေ့၌ ကျွန်ုပ်၏ ကောင်းကျိုးနှင့် ဆိုးကျိုးကို အသင်တို့ ကြည့်ရှုကြကုန်။)

ၚင်း (အမျိုးသား) တို့က 'အို၊ နူးဟ်၊ အကယ်၍ အသင်တို့သည် (မိမိ၏ အဆုံးအမတရားပေးခြင်းကို ပြောဆို၊ ကြားနာစေခြင်းမှ) မရပ်တန့်ခဲ့ပါလျှင် ဧကန်မလွဲ အသင်သည် ခဲဖြင့် ပစ်ပေါက် (၍ သတ်ဖြတ်) ခြင်းကို ခံရသူတို့တွင် အပါအဝင်ဖြစ်ပေမည်။ (အချုပ်ဆိုရသော် နှစ်ပေါင်းများစွာ ဤသို့ ပုံစံမျိုးဖြင့် ဖြတ်သန်းကုန်လွန်လာကြရာဝယ် ထိုအချိန်၌) ၚင်း (နူးဟ်) က (အလ္လာဟ်အသျှင်မြတ်ထံတော်သို့ ဤသို့) လျှောက်ထားပန်ကြားခဲ့လေ၏။ အို၊ ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ ဧကန်အမှန် ကျွန်တော်မျိုး၏ အမျိုးသားတို့သည် ကျွန်တော်မျိုးအား (အစဉ်မပြတ်) မဟုတ်မမှန် ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြလေပြီ။

သို့ဖြစ်ပါ၍ အသျှင်မြတ်သည် ကျွန်တော်မျိုးနှင့် ၚင်းတို့၏ အကြား၌ (လက်တွေ့) ထင်ရှားသော အဆုံးအဖြတ်ကို စီရင်ဆုံးဖြတ်ပေးတော်မူပါ။ ထို့ပြင် အသျှင်မြတ်သည် ကျွန်တော်မျိုးအားလည်းကောင်း၊ ကျွန်တော်မျိုးနှင့်အတူ ရှိကြကုန်သော မုအ်မင်န်သက်ဝင် ယုံကြည်သူတို့အားလည်းကောင်း (ပျက်စီးခြင်းမှ) ကယ်တင်တော်မူပါ။

သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် (ၚင်း၏ ဒိုအာကို လက်ခံတော်မူလိုက်ပေသည်။ ထို့နောက်) ၚင်း (တမန်တော်နူးဟ်) အားလည်းကောင်း၊ ယင်း (နူးဟ်) နှင့် အတူတကွ ဝန်အပြည့် တင်ထားသော သင်္ဘော၌ (စီးနင်းစေကာ) ပါလာကြကုန်သော မုအ်မင်န်သက်ဝင် ယုံကြည်သူတို့အားလည်းကောင်း (ထို ပျက်စီးခြင်းမှ) ကယ်တင်တော်မူခဲ့လေသည်။ ထို့နောက်တစ်ဖန် ငါအသျှင်မြတ်သည် ကျန်ရှိသူတို့အား နှစ်မြုပ်တော်မူခဲ့၏။ ဧကန်မလွဲ ဤသည့် (ဖြစ်ရပ်) ၌ (ကြီးကျယ်လှစွာသော) သင်ခန်းစာသည် ရှိ၏။ စင်စစ် (ယင်းဖြစ်အင်အား သိရှိနေသည့် ကြားကတည်းကပင်) ၚင်း (မက္ကာဟ်မြို့သား ကာဖိရ်) တို့အနက် မြောက်မြားစွာသော သူတို့မှာမူ မုအ်မင်န်သက်ဝင်ယုံကြည်ကြမည့်သူများ မဟုတ်ကြပေ။

စင်စစ် အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် အလွန်တရာ လွှမ်းမိုးတော်မူသော အသျှင်၊ (ၚင်းနောက်) အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (အကြောင်းမှာ ပြစ်ဒဏ်ပေးနိုင်စွမ်းရှိသည့် ကြားကတည်းကပင် ၚင်းတို့အား နှောင့်ဆိုင်းမှု ပေးထားပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

နာခံမှုများအပေါ် အကျိုးအခရယူခြင်း၏ အမိန့်

وَمَآ أَسۡـَٔلُكُمۡ عَلَيۡهِ مِنۡ أَجۡرٍۖ إِنۡ أَجۡرِيَ إِلَّا عَلَىٰ رَبِّ ٱلۡعَٰلَمِينَ ۝١٠٩

စင်စစ် ငါသည် ဤအမိန့်တော်ကို ပို့ဆောင်ခြင်းတာဝန်နှင့် စပ်လျဉ်း၍ အသင်တို့ထံမှ မည်သည့် အကျိုးအခ၊ အဖိုးအခတစ်စုံတစ်ရာကိုမျှ တောင်းဆိုမည်မဟုတ်ပေ။ *[၂၆ : ၁၀၉]*

ဤအာယသ်တော်မှ 'သင်ကြားပေးခြင်းနှင့် ဖြန့်ဖြူးခြင်းအပေါ် အကျိုးအခရယူခြင်း မပိုင်ပေ' ဟူသော အကြောင်းကို သိရှိရပေသည်။ ထို့ကြောင့် အတိတ်ခေတ် ပညာရှင်တို့သည် အကျိုးအခရယူခြင်းကို 'ဟရာမ်' ဟူ၍ မိန့်ဆိုထားပေသည်။ သို့ရာတွင် နောင်းပိုင်းခေတ်ပညာရှင်တို့သည် ယင်းအချက်ကို မတတ်သာသော အခြေအနေဖြင့် ပိုင်သည်ဟူ၍ သတ်မှတ်ပေးထားပေသည်။ ယင်းအချက်၏ အကျယ်ချဲ့ ရှင်းလင်းချက်ကို အာယသ်တော် (၂း၄၁) لَا تَشۡتَرُواْ بِـَٔايَٰتِي ثَمَنٗا قَلِيلٗا ၌ တင်ပြထားပေသည်။

အကျိုးထူး ။ ။ ဤနေရာ၌ فَٱتَّقُواْ ٱللَّهَ وَأَطِيعُونِ ۝١١٠ ဟူသော အာယသ်တော် (၂၆ : ၁၀၈၊ ၁၁၀) ကို နှစ်ကြိမ် တင်ပြရ ခြင်းအကြောင်းမှာ လေးနက်စေရန်အတွက်သော်လည်းကောင်း၊ တမန်တော်၏ အမိန့်ကို နာခံရန်နှင့် အလ္လာဟ် အသျှင်မြတ်အား ကြောက်ရွံ့ရန်အတွက် ရစူလ်၏ သစ္စာရှိခြင်း၊ သို့မဟုတ် ဖြန့်ဖြူးမှုနှင့် သင်ကြားမှုအပေါ် အကျိုးအခ မရယူခြင်းတို့သည်သာလျှင် လုံလောက်ပေသည်။ သို့ရာတွင် အကြင်ရစူလ်၌ ဤအထက်တင်ပြပါ အရည်အချင်းများအားလုံး ပြည့်စုံနေသည်ဆိုပါက ၎င်း၏ အမိန့်ကို နာခံရန်နှင့် ၎င်း၏ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ရန်သည် ပို၍ပင် အရေးကြီးကြောင်း' ကို ပြသရန်အတွက်ပင် ဖြစ်ပေသည်။

မြင့်မြတ်ခြင်းနှင့် သေးသိမ်ခြင်းသည် ပြုမူဆောင်ရွက်ချက်နှင့် စာရိတ္တတို့ကြောင့်သာလျှင်ဖြစ်ပြီး ဆွေဂုဏ်၊ မျိုးဂုဏ်နှင့် ရာထူးဂုဏ်တို့ကြောင့် မဟုတ်ကြောင်း

قَالُوٓاْ أَنُؤۡمِنُ لَكَ وَٱتَّبَعَكَ ٱلۡأَرۡذَلُونَ ۝١١١ قَالَ وَمَا عِلۡمِي بِمَا كَانُواْ يَعۡمَلُونَ ۝١١٢

၎င်းအမျိုးသားတို့က 'ကျွန်ုပ်တို့သည် အသင့်အား ယုံကြည်ကြရမည်လော။ အမှန်စင်စစ် ဂုဏ်သရေ သေးသိမ်သော သူတို့သည်သာလျှင် အသင်၏ နောက်လိုက်များဖြစ်ကြသည်' ဟု ပြောဆိုခဲ့ကြကုန်၏။ ယင်းနူးဟ်က ဤသို့ ပြန်ကြားခဲ့၏။ အချင်းတို့၊ ငါသည် ၎င်းတို့၏ အလုပ်အကိုင်နှင့် စပ်လျဉ်း၍ မည်သည်ကို သိရှိရန်လိုပါသနည်း။ *[၂၆ : ၁၁၁-၁၁၂]*

ထိုအာယသ်တော်အတွင်း၌ ဦးစွာပထမ မုရှ်ရစ်က်တို့ဘက်မှ 'ငင်းတို့သည် နူးဟ် ﷺ ၏ အမျိုးသားများကဲ့သို့ အီမာန်ရယူခြင်းမှ ငြင်းဆိုခြင်း' အဆိုကို တင်ပြထားပေသည်။ ငြင်းဆိုခြင်း၏ အကြောင်းမှာ 'အသင့်အား ယုံကြည်လက်ခံကြသော သူတို့အားလုံးသည် ဂုဏ်သရေသေးသိမ်သောသူများ ဖြစ်ကြသည်။ ကျွန်ုပ်တို့သည် ဂုဏ်သရေကြီးကျယ်သူများဖြစ်ရာ မည်သို့ စပ်အပ်နိုင်အံ့နည်း' ဟူ၍ တင်ပြကြသည်။ ဟဇရသ် နူးဟ် ﷺ သည် တုန့်ပြန်ဖြေကြားရာ၌ 'ကျွန်ုပ်သည် ငင်းတို့၏ ဆောင်ရွက်ချက်များ၏ အခြေအနေကို မသိရှိရပေ' ဟူ၍ မိန့်လေသည်။ ထိုတုန့်ပြန်ဖြေကြားရာ၌ 'အသင်တို့သည် ဆွေဂုဏ်၊ မျိုးဂုဏ် မြင့်မြတ်မှု သို့မဟုတ် ဓနအင်အား ပေါများမှုကိုလည်းကောင်း၊ သို့မဟုတ် ရာထူး အဆင့်အတန်းတို့ကိုလည်းကောင်း မှန်မြတ်ခြင်း၏ အခြေခံမဏ္ဍိုင်ဟူ၍ မှတ်ယူသဘောပေါက်ထားကြသည်။ ဤသည် မှားယွင်းသော အချက်ဖြစ်သည်။ သို့သာမက သိက္ခာရှိခြင်း၊ မဲ့ခြင်း သို့မဟုတ် မှန်မြတ်ခြင်း၊ သေးသိမ်ခြင်းတို့၏ အခြေခံမူတည်ချက်သည် စင်စစ်၌ ပြုမူဆောင်ရွက်ချက် ကျင့်ကြံမှုများနှင့် စာရိတ္တများအပေါ်၌ မူတည်နေပေသည်။ အသင်တို့သည် အကြင်သူများအပေါ် 'ဤသူများအားလုံးသည် ဂုဏ်သရေသေးသိမ်သောသူများ ဖြစ်သည်' ဟူ၍ အမိန့်ချမှတ်ထားပေရာ ဤသည် အသင်တို့၏ မသိမိုက်မဲမှုသာ ဖြစ်သည်။ သို့ရှိရာ ကျွန်ုပ်သည် လူတိုင်း၏ ပြုမူဆောင်ရွက်ချက်များနှင့် စာရိတ္တတို့၏ ဖစ်မြစ်အချက်အား မသိရှိပေ။ ထို့ကြောင့် ကျွန်ုပ်သည် 'အမှန်တကယ် မည်သူ ဂုဏ်သရေ သေးသိမ်သူ၊ မည်သူ ဂုဏ်သရေမြင့်မြတ်သူ' ဟူသော အချက်ကို တစ်စုံတစ်ရာ ဆုံးဖြတ်ချက် မချမှတ်နိုင်ပေ။ *[ကုရ်သုဗီး]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

كَذَّبَتْ عَادٌ ٱلْمُرْسَلِينَ ﴿١٢٣﴾

၂၆ : ၁၂၃ ။ ။ 'အာဒ်' အမျိုးသားတို့သည်လည်း ရစူလ်တမန်တော်တို့အား မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။

إِذْ قَالَ لَهُمْ أَخُوهُمْ هُودٌ أَلَا تَتَّقُونَ ﴿١٢٤﴾

၂၆ : ၁၂၄ ။ ။ အကြင်အခါ၀ယ် ငင်းတို့အား ငင်းတို့၏ နောင်တော်ဟူဒ်က (အချင်းတို့) အသင်တို့သည် (အလ္လာဟ်အသျှင်မြတ်အား) မကြောက်ရွံ့ကြလေသလော' ဟု ပြောကြားခဲ့၏။

إِنِّي لَكُمْ رَسُولٌ أَمِينٌ ﴿١٢٥﴾

၂၆ : ၁၂၅ ။ ။ 'ဧကန်အမှန် ငါသည် အသင်တို့အဖို့ ယုံကြည်စိတ်ချအပ်သော ရစူလ်တမန်တော်တစ်ပါးပင် ဖြစ်ပေသည်'

فَٱتَّقُوا۟ ٱللَّهَ وَأَطِيعُونِ ﴿١٢٦﴾

၂၆ : ၁၂၆ ။ ။ 'သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ငင်းပြင် အသင်တို့သည် ငါ၏ အမိန့်ကို လိုက်နာကြလေကုန်။'

وَمَآ أَسْـَٔلُكُمْ عَلَيْهِ مِنْ أَجْرٍ ۖ إِنْ أَجْرِىَ إِلَّا عَلَىٰ رَبِّ ٱلْعَٰلَمِينَ ﴿١٢٧﴾

၂၆ : ၁၂၇ ။ ။ 'စင်စစ် ငါသည် အသင်တို့ထံ ဤအမိန့်တော် ပို့ဆောင်ခြင်းနှင့် စပ်လျဉ်း၍ မည်သည့်အကျိုး တစ်စုံတစ်ရာကိုမျှ တောင်းဆိုသည်မဟုတ်ပေ။ ငါ့အား အကျိုး (အဖိုးအခ) ပေးရန် တာဝန်မှာ စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ တာဝန်သာ ဖြစ်၏။'

أَتَبْنُونَ بِكُلِّ رِيعٍ ءَايَةً تَعْبَثُونَ ﴿١٢٨﴾

၂၆ : ၁၂၈ ။ ။ 'အသင်တို့သည် ကုန်းမြင့်တိုင်း၌ အချည်းနှီး အထိမ်းအမှတ်တစ်ခုကို တည်ဆောက်ကြလေသလော။'

وَتَتَّخِذُونَ مَصَانِعَ لَعَلَّكُمْ تَخْلُدُونَ ﴿١٢٩﴾

၂၆ : ၁၂၉ ။ ။ 'ထို့ပြင် အသင်တို့သည် မိမိတို့ အမြဲထာဝရ နေထိုင်ကြရမည့်ကဲ့သို့ပင် ကြီးကျယ်ခမ်းနားသော တိုက်ဂေဟာများကို ပြုလုပ်တည်ဆောက်ကြလေသလော။

وَإِذَا بَطَشْتُم بَطَشْتُمْ جَبَّارِينَ ﴿١٣٠﴾

၂၆ : ၁၃၀ ။ ။ 'ထို့ပြင် အသင်တို့သည် (တစ်ဦးတစ်ယောက်အား) ဖမ်းဆီးအရေးယူကြသောအခါ၊ ရက်စက်ကြမ်းကြုတ်သူများအဖြစ် ဖမ်းဆီးအရေးယူကြလေသလော။'

فَٱتَّقُوا۟ ٱللَّهَ وَأَطِيعُونِ ﴿١٣١﴾

၂၆ : ၁၃၁ ။ ။ 'သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ထို့ပြင် အသင်တို့သည် ငါ၏ အမိန့်ကို လိုက်နာကြလေကုန်။'

وَٱتَّقُوا۟ ٱلَّذِىٓ أَمَدَّكُم بِمَا تَعْلَمُونَ ﴿١٣٢﴾

၂၆ : ၁၃၂ ။ ။ 'ငှင်းပြင် အသင်တို့သည် မိမိတို့အား မိမိတို့ သိရှိကြကုန်သော (စည်းစိမ်ဥစ္စာ) အရာများဖြင့် ကူညီစောင်မတော်မူသော အကြင်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။'

أَمَدَّكُم بِأَنْعَٰمٍ وَبَنِينَ ﴿١٣٣﴾

၂၆ : ၁၃၃ ။ ။ 'ထိုအသျှင်မြတ်သည် အသင်တို့အား ခြေလေးချောင်းတိရစ္ဆာန် (ဖြစ်သော ကုလားအုတ်၊ ကျွဲ၊ နွား) များဖြင့်လည်းကောင်း၊ သားသမီးရတနာများဖြင့်လည်းကောင်း (ကူညီစောင်မတော်မူခဲ့၏။)'

وَجَنَّٰتٍ وَعُيُونٍ ﴿١٣٤﴾

၂၆ : ၁၃၄ ။ ။ 'ထို့ပြင် ဥယျာဉ်များဖြင့်လည်းကောင်း၊ စမ်းချောင်းများဖြင့်လည်းကောင်း (ကူညီစောင်မတော်မူခဲ့၏)'

إِنِّيٓ أَخَافُ عَلَيۡكُمۡ عَذَابَ يَوۡمٍ عَظِيمٖ ١٣٥

၂၆ : ၁၃၅ ॥ ॥ 'ဧကန်စင်စစ် ငါသည် အသင်တို့နှင့် ပတ်သက်၍ ကြီးကျယ်လှစွာသော ('ကေယာမသ်' ရှင်ပြန်ထရမည့်) နေ့၏ ပြစ်ဒဏ်ကို စိုးရိမ်မိပေသည်။'

قَالُواْ سَوَآءٌ عَلَيۡنَآ أَوَعَظۡتَ أَمۡ لَمۡ تَكُن مِّنَ ٱلۡوَٰعِظِينَ ١٣٦

၂၆ : ၁၃၆ ॥ ॥ ၎င်း (အာဒမ်၏) အမျိုးသားတို့က ပြောဆိုကြသည်မှာ (အို၊ ဟူဒ်) 'အသင်သည် ဆုံးမသည်ဖြစ်စေ၊ ဆုံးမခြင်းမပြုသည်ဖြစ်စေ ကျွန်ုပ်တို့အဖို့ အကြောင်းမထူးပေ။'

إِنۡ هَٰذَآ إِلَّا خُلُقُ ٱلۡأَوَّلِينَ ١٣٧

၂၆ : ၁၃၇ ॥ ॥ 'ဤသည် ရှေးလူဟောင်းတို့၏ ဓလေ့ထုံးစံမျှသာ ဖြစ်ပေ၏။'

وَمَا نَحۡنُ بِمُعَذَّبِينَ ١٣٨

၂၆ : ၁၃၈ ॥ ॥ 'စင်စစ် ကျွန်ုပ်တို့သည် အပြစ်ဒဏ်ပေးခြင်းကို ခံကြရမည့်သူများ မဟုတ်ကြပေ'ဟု ပြောဆိုခဲ့ကြ၏။

فَكَذَّبُوهُ فَأَهۡلَكۡنَٰهُمۡۚ إِنَّ فِي ذَٰلِكَ لَأٓيَةٗۖ وَمَا كَانَ أَكۡثَرُهُم مُّؤۡمِنِينَ ١٣٩

၂၆ : ၁၃၉ ॥ ॥ နောက်ဆုံးတွင် ၎င်း (အမျိုးသား) တို့သည် ယင်း (နဗီတမန်တော်) ဟူးဒ်အား မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြပေရာ၊ ငါအသျှင်မြတ်သည် ၎င်း (အမျိုးသား) တို့အား (ပြင်းထန်လှစွာသော လေပြင်းမုန်တိုင်းဖြင့်) ဖျက်ဆီးကွပ်မျက်တော်မူခဲ့၏။ ဧကန်မလွဲ ဤသည့် (ဖြစ်ရပ်) ၌လည်း (ကြီးကျယ်လှစွာသော) သင်ခန်းစာသည် ရှိပေသည်။ သို့ရာတွင် ၎င်း (မက္ကာဟ်မြို့သားကာဖိရ်) တို့အနက် မြောက်မြားစွာသော သူတို့မှာမူ မုအ်မင်နိသက်ဝင် ယုံကြည်ကြမည့်သူများ မဟုတ်ကြချေ။

وَإِنَّ رَبَّكَ لَهُوَ ٱلۡعَزِيزُ ٱلرَّحِيمُ ١٤٠

၂၆ : ၁၄၀ ॥ ॥ အမှန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အလွန်တရာ လွှမ်းမိုးတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

'အားဒ်'အမျိုးသားတို့သည်လည်း ရစူလ်တမန်တော်တို့အား မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။ အကြင်အခါဝယ် ၎င်းတို့အား ၎င်းတို့၏ (ဆွေမျိုးသားချင်းဖြစ်သော) နောင်တော်ဟူးဒ် عليه السلام က (အချင်းတို့) အသင်တို့သည် (အလ္လာဟ်အသျှင်မြတ်အား) မကြောက်ရွံ့ကြလေသလော'ဟု ပြောကြားခဲ့၏။

ကေန်အမှန် ငါသည် အသင်တို့အဖို့ ယုံကြည်စိတ်ချအပ်သော ရစူလ်တမန်တော်တစ်ပါးပင် ဖြစ်ပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ၎င်းပြင် အသင်တို့သည် ငါ၏ အမိန့်ကို လိုက်နာကြလေကုန်။

စင်စစ် ငါသည် အသင်တို့ထံ ဤ (သာသနာရေးရာ ဖြန့်ဖြူးမှု) အမိန့်တော် ပို့ဆောင်ခြင်းနှင့် စပ်လျဉ်း၍ မည်သည့်အကျိုးတစ်စုံတစ်ရာကိုမျှ တောင်းဆိုသည်မဟုတ်ပေ။ ငါ့အား (အကျိုး) အဖိုးအခ ပေးရန် တာဝန်မှာ စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ တာဝန်သာ ဖြစ်၏။

အသင်တို့သည် ('ရှုရစ်က်တုဖက်နိုင်းယှဉ်ခြင်း' ကို ပြုသည့်အပြင် ဂုဏ်မောက်ကြွားဝါ၊ ဂုဏ်ပြိုင်မှု ပြုရာ၌ ဤမျှ အတိုင်းအတာခန့် နစ်မွန်းနေသည်မှာ) ကုန်းမြင့်တိုင်း၌ (သတိရအောက်မေ့ဖွယ်ရာ) အချည်းနှီး (မလိုအပ်သော) အထိမ်းအမှတ် (အဆောက်အဦး) တစ်ခုကို တည်ဆောက်ကြလေသည်။ (သို့မှသာ ကောင်းစွာ မြင့်မားမှုကို တွေ့မြင်ရန် ဖြစ်သည်။)

ထို့ပြင် (ယင်းအဆောက်အဦးများအပြင် နေထိုင်ရန် အိမ်သည် လိုအပ်သော အဆင့်၌ ရှိပေသည်။ ထိုကိစ္စရပ်၌လည်း ဤသို့ အတိုင်းထက်အလွန် ပြုထားကြပေသည်။) အသင်တို့သည် မိမိတို့ အမြဲထာဝရ နေထိုင်ကြရမည့်ကဲ့သို့ပင် ကြီးကျယ်ခမ်းနားသော တိုက်တာဂေဟာများကို ပြုလုပ် တည်ဆောက်ကြလေ သလော။ (ကေန်အမှန် ထို့ထက်ငယ်သော အိမ်၌လည်း သက်တောင့်သက်သာသည် ရရှိနိုင်ပေသည်။ အိမ်ကျယ်ဝန်းမှု၊ မြင့်မားသော တိုက်တာအဆောက်အဦးနှင့် ဤသို့ သတိရ အောက်မေ့တသဖွယ် ကောင်း သော အထိမ်းအမှတ် အဆောက်အဦးများအား ဆောက်လုပ်ခြင်းသည် ကမ္ဘာလောကတွင် ထာဝစဉ် နေထိုင် ရမည့်အချိန်၌ ဖြစ်သည်။ သို့ဆိုလျှင် ကျယ်ဝန်းသော အိမ်ကို ဆောက်ထားကြကုန်။ သို့မှသာ နောင်လာ မည့် မျိုးဆက်သစ်၌ ကျပ်တည်းကျဉ်းမြောင်းမှု မဖြစ်ရှိစေရန် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ် တို့သည် နေထိုင်မည်ဖြစ်ပြီး ၎င်းတို့လည်း နေထိုင်ကြပေလိမ့်မည်။ မြင့်မားစွာ ဆောက်လုပ်ကြကုန်။ သို့မှသာ အောက်ဘက်၌ နေရာမကျန်ရှိကာ ထိုအပေါ်ဘက်၌ နေထိုင်ရန် ဖြစ်သည်။ ခိုင်ခံ့စွာ ဆောက်ကြ ကုန်။ သို့မှသာ ကျွန်ုပ်တို့၏ ရှည်လျားသော သက်တမ်းအဖို့ လုံလောက်စေရန် ဖြစ်သည်။ အထိမ်းအမှတ် အဆောက်အဦးများကိုလည်း ဆောက်လုပ်ကြကုန်။ သို့မှသာ ကျွန်ုပ်တို့ အသက်ရှင်နေခြင်းဖြင့် ကျွန်ုပ်တို့၏ အကြောင်းသည်လည်း ရှင်သန်နေပေလိမ့်မည်ဟူ၍ တွေးထင်ထားကြပေသည်။ ယခုမူ အားလုံးသည် အကျိုးမဲ့ အချည်းနှီးသာ ဖြစ်ပေသည်။ ကြီးမားသော အောက်မေ့ဖွယ် အဆောက်အဦးများကို တည်ဆောက် ခဲ့ကြသည်။ တည်ဆောက်သော သူတို့၏ အမည်မှ မကျန်အောင်ပင် သေခြင်းတရားသည် အချို့သူတို့ ကိုသာ လျင်မြန်စွာ၊ အချို့ကို နှောင့်ဆိုင်းစွာဖြင့် စသည့်ပုံစံဖြင့် အားလုံးသောသူတို့၏ အမည်ကို ဖယ်ရှား သုတ်သင်လိုက်ပေသည်။)

ထို့ပြင် (ထိုသို့ ဂုဏ်မောက်ခြင်း၏ အကြောင်းခံကြောင့် ဗီဇစိတ်ဓါတ်၌ ကြမ်းကြုတ်မှုနှင့် ကရုဏာ ကင်းမဲ့မှုသည် ဤမျှခန့်အတိုင်းအတာအထိ ရောက်ရှိနေပေသည်။ တစ်ဦးတစ်ယောက်အား ဖမ်းဆီးအရေး ယူကြလေသလော။ (ထိုစာရိတ္တဆိုးတို့ကို တင်ပြရခြင်းအကြောင်းမှာ ထိုစာရိတ္တဆိုးများသည် များသော အားဖြင့် အီမာန်နှင့် နာခံခြင်း၏ လမ်းစဉ်၌ အဟန့်အတားဖြစ်နေပေသည်။)

သို့ဖြစ်ပေရာ ('ရှရှစ်ကဲ' (တုဖက်နှိုင်းယှဉ်ခြင်း) နှင့် အတိတ်ခေတ်ကာလ၏ စာရိတ္တဆိုးများသည် အလ္လာဟ်အသျှင်မြတ် မနှစ်မြို့ခြင်းနှင့် 'အအေးဗ်' အပြစ်ဒဏ်၏ အကြောင်းခံ ဖြစ်ပေသည်။ ထို့ကြောင့်) အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ထို့ပြင် အသင်တို့သည် (ကျွန်ုပ်သည် ရှစူလ်တစ်ပါး ဖြစ်သည့်အလျောက်) ငါ၏ အမိန့်ကို လိုက်နာကြလေကုန်။

၄င်းပြင် (အကြင်အသျှင်မြတ်အား ကြောက်ရွံ့ရန် ကျွန်ုပ်ပြောဆိုထားသည်။ ထိုအသျှင်မြတ်သည်) အသင်တို့သည် မိမိတို့အား မိမိ သိရှိကြကုန်သော (စည်းစိမ်ဥစ္စာ) အရာများဖြင့် ကူညီစောင်မတော်မူသော အကြင်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။

ထိုအသျှင်မြတ်သည် အသင်တို့အား ခြေလေးချောင်းတိရစ္ဆာန် (ဖြစ်သော ကုလားအုတ်၊ ကျွဲ၊ နွား) များဖြင့်လည်းကောင်း၊ သားသမီးရတနာများဖြင့်လည်းကောင်း ကူညီစောင်မတော်မူခဲ့၏။ ထိုသို့ ကူညီစောင်မတော်မူသောအသျှင်မြတ်အား အသင်တို့ သိရှိပါ၏လော။) ထို့ပြင် ဥယျာဉ်များဖြင့်လည်းကောင်း၊ စမ်းချောင်းများဖြင့်လည်းကောင်း ကူညီစောင်မတော်မူခဲ့၏။ ထိုသို့ ကူညီစောင်မတော်မူသော အသျှင်မြတ်အား အသင်တို့ သိရှိပါ၏လော။ သို့ဆိုလျှင် ထိုသို့ ချီးမြှင့်တော်မူသော အသျှင်မြတ်နှင့် စပ်လျဉ်း၍ လိုလားချက်မှာ ထိုအသျှင်မြတ်၏ ပညတ်ချက်များကို လုံးဝ ဆန့်ကျင်မှုမပြုရန် ဖြစ်သည်။

ကေန်စင်စစ် ငါသည် အသင်တို့နှင့် ပတ်သက်၍ (အကယ်၍ အသင်တို့သည် ယင်းလုပ်ရပ်မှ ရပ်ဆိုင်းမှုကို မပြုပါက) ကြီးကျယ်လှစွာသော ('ကေယာမသ်' ရှင်ပြန်ထရမည့်) နေ့၏ ပြစ်ဒဏ်ကို စိုးရိမ်မိပေသည်။ (ဤသည် ခြိမ်းခြောက်ခြင်း၏ အကြောင်းဖြစ်သည်။ أَمَدَّكُم بِأَنْعَامٍ ဟူသော အာယသ်တော်အတွင်း၌ တိုက်တွန်းနှိုးဆော်ခြင်း ပါဝင်ပေသည်။)

၄င်း (အားဒ်၏) အမျိုးသားတို့က ပြောဆိုကြသည်မှာ (အို၊ ဟူးဒ်) အသင်သည် ဆုံးမသည် ဖြစ်စေ၊ ဆုံးမခြင်းကို မပြုသည်ဖြစ်စေ ကျွန်ုပ်တို့အဖို့ အကြောင်းမထူးပေ။ (ဆိုလိုသည်မှာ ကျွန်ုပ်တို့ သည် အခြေအနေနှစ်ရပ်စလုံး၌ မိမိတို့၏ လုပ်ရပ်မှ ရပ်တန့်နေမည် မဟုတ်ပေ။ အသင် ပြောဆိုနေသော စကားရပ်များသည်) ဤသည် ရှေးလူဟောင်းတို့၏ (သာမန်) ဓလေ့ထုံးစံမျှသာ ဖြစ်ပေ၏။ (ခေတ်တိုင်း၌ လူတို့သည် နဗီဖြစ်ကြောင်းကို ကြွေးကြော်ကာ လူတို့အား ဤသို့ပင် ပြောဆို ကြားနာစေပေသည်။)

စင်စစ် (အသင်သည် ကျွန်ုပ်တို့အား ပြစ်ဒဏ်နှင့် စပ်လျဉ်း၍ ခြိမ်းခြောက်ပေသည်။) 'ကျွန်ုပ်တို့ သည် အပြစ်ဒဏ်ပေးခြင်းကို ခံကြရမည့်သူများ မဟုတ်ကြပေ' ဟု ပြောဆိုခဲ့ကြ၏။

နောက်ဆုံးတွင် ၄င်း(အမျိုးသား) တို့သည် ယင်း (နဗီတမန်တော်) ဟူးဒ်အား မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြ၏။ ငါအသျှင်မြတ်သည် ၄င်း (အမျိုးသား) တို့အား (ပြင်းထန်လှစွာသော လေပြင်း မုန်တိုင်းဖြင့်) ဖျက်ဆီးကွပ်မျက်တော်မူခဲ့၏။ ဤသည် (ဖြစ်အင်) ၌လည်း (ကြီးကျယ်လှစွာသော) သင်ခန်းစာ ရှိပေသည်။ (ပညတ်ချက်များအား ဆန့်ကျင်သောသူတို့၏ ရလဒ်သည် မည်ကဲ့သို့နည်း) သို့ရာတွင် (ထိုအချက်များကို သိရှိနေသည့် ကြားကတည်းကပင်) ၄င်း (မက္ကာဟ်မြို့သား ကာဖိရ်) တို့အနက် မြောက်မြားစွာသော သူတို့မှာမူ (မုအ်မင်န်) သက်ဝင်ယုံကြည်ကြမည့်သူများ မဟုတ်ကြချေ။

အမှန်စင်စစ် အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် အလွန်တရာ လွှမ်းမိုးတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (ပြစ်ဒဏ်ချတော်မူနိုင်ရန်လည်း စွမ်းရာ ကရုဏာတော်ဖြင့် နှောင့်ဆိုင်းခွင့်ကို ပေးသနားတော်မူပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အချို့ခက်ခဲသော စကားလုံးများအား ရှင်းလင်းခြင်း

أَتَبْنُونَ بِكُلِّ رِيعٍ آيَةً تَعْبَثُونَ ﴿١٢٨﴾ وَتَتَّخِذُونَ مَصَانِعَ لَعَلَّكُمْ تَخْلُدُونَ ﴿١٢٩﴾

အသင်တို့သည် ကုန်းမြင့်တိုင်း၌ အချည်းနှီး အထိမ်းအမှတ်တစ်ခုကို တည်ဆောက်ကြလေသလော။ ထို့ပြင် အသင်တို့သည် မိမိတို့ အမြဲထာဝရ နေထိုင်ကြရမည်ကဲ့သို့ပင် ကြီးကျယ်ခမ်းနားသော တိုက်တာဂေဟာများကို ပြုလုပ်တည်ဆောက်ကြလေသလော။ [၂၆ : ၁၂၈-၁၂၉]

الرِّيعُ (အရ်ရီးအု) အိဗ်နေ့ဂျရီးရ်သခင်ကြီးသည် ဟဇရသ်မူဂျာဟိဒ်သခင်ကြီးထံမှ တောင်နှစ်လုံးကြားရှိ လမ်းကို 'ရီးအူးန်' ဟု ခေါ်ဆိုကြောင်းကို ဆင့်ပြန်ထားပေသည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးနှင့် နှောင်းပိုင်းခေတ်ရှိ အာလင်မ်ကြီးများ အများစုထံမှ 'ရီးအူးန်'သည် ကုန်းမြေမြင့်ပိုင်းဒေသကို ခေါ်ဆိုကြောင်း ဆင့်ဆိုချက် လာရှိထားပေသည်။ ထိုဆင့်ဆိုချက်မှ ကြီးထွားဖွံ့ဖြိုးသော သစ်ပင်များကို رِيعُ النَّبَاتِ ဟူ၍ ဆင့်ကဲထွက်ပေါ်ကာ ခေါ်ဆိုကြပေသည်။

آيَةً (အထိမ်းအမှတ်) ဟူသော ယင်းစကားလုံး၏ မူရင်းအဓိပ္ပာယ်မှာ နိမိတ်လက္ခဏာဖြစ်သည်။ ဤနေရာ၌ မြင့်မားသော တိုက်တာအဆောက်အဦးဟူ၍ အဓိပ္ပာယ်ရရှိ၏။

تَعْبَثُونَ (အချည်းနှီး) ဟူသော ဤစကားလုံးသည် عَبَثٌ ဟူသော စကားလုံးမှ ထွက်ပေါ်လာပေသည်။ 'အဗဆူးန်'ဟူသော စကားလုံးသည် အခြေခံဇစ်မြစ်အရသော်လည်းကောင်း၊ အမိန့်အရသော်လည်းကောင်း တစ်စုံတစ်ရာ အကျိုးမရှိခြင်းကို ခေါ်ဆိုပေသည်။ ဤနေရာ၌ 'ၾင်းတို့သည် အကျိုးမဲ့မြင့်မားသော အဆောက်အဦးများကို တည်ဆောက်လေ့ ရှိသည်။ အကြင်အဆောက်အဦးများသည် ၄င်းတို့အဖို့ တစ်စုံတစ်ရာ လိုအပ်မှုမရှိဘဲ ဂုဏ်မောက် ကြွားဝါစေသော အသွင်မျိုးဖြင့် တည်ဆောက်ထားကြပေသည်' ဟူ၍ အဓိပ္ပာယ်ရရှိ၏။

مَصَانِعَ ဟူသော စကားလုံးသည် مَصْنَعٌ ဟူသော စကားလုံး၏ အများကိန်းဖြစ်သည်။ ဟဇရသ်ကသာဒဟ်သခင်ကြီးသည် 'ရေတွင်းဟောက်ဓိ'ဖြစ်ကြောင်းကို အလိုသဘော ကောက်ယူကားကာ

သို့ရာတွင် မုဂျာဟိဒ်သခင်ကြီးသည် 'ခိုင်ခန့်သော တိုက်တာ၊ အဆောက်အဦးဖြစ်ကြောင်း' ကို အလိုသဘော ကောက်ယူထားပေသည်။

تَخْلُدُوْنَ (မိမိတို့ အမြဲထာဝစဉ် နေထိုင်ကြရမည်ကဲ့သို့ပင်) အေမာမ်ဘိုခါရီသခင်ကြီးသည် မိမိ၏ စွဟီးဟ်ဘိုခါရီကျမ်း၌ 'ဤအာယသ်တော်အတွင်း၌ ပါရှိသော لَعَلَّ (လအလ်လ) သည် 'သရှ်ဗီးဟ်' (နိုင်းနှိုင်းဖွဲ့ဆိုခြင်း) ကို အသုံးပြုရန်အတွက် ဖြစ်သည်'ဟူ၍ အမိန့်ရှိထားပေသည်။ ဟဇရသ်အိဗ်နေ အဗ္ဗားစ် ﷺ သခင်ကြီးသည် ဤသို့ ဘာသာပြန်ဆိုပြထားပေသည်။ كَاَنَّكُمْ تَخْلُدُوْنَ (ဥပမာ- အသင်တို့သည် ထာဝစဉ်နေထိုင်ကြရမည်ဟု ဖြစ်သည်။) *[ရှုးဟ်]*

မလိုအပ်ဘဲ အဆောက်အဦး ဆောက်လုပ်ခြင်းသည် ပြစ်တင်ဖွယ်ဖြစ်ခြင်းအကြောင်း

ဤအာယသ်တော်မှ 'မလိုအပ်ဘဲ အိမ်နှင့် အဆောက်အဦးများ ဆောက်လုပ်ခြင်းသည် သာသနာတော်အရ ဆိုးရွားကြောင်း' အတည်ပြုထားပေသည်။ အေမာမ်သိရ်မေဇီသခင်ကြီးသည် ဟဇရသ်အနတ်စ်သခင်ကြီးထံမှ ဆင့်ပြန်ထားသော ဟဒီးစ်၏ အဓိပ္ပာယ်သည်လည်း ဤသို့သာလျှင် ဖြစ်သည်။

اَلنَّفَقَةُ كُلَهَا فِى سبيل الله الا البناء فلا خير فيه

လိုအပ်ချက်ထက် သာပို၍ ဆောက်လုပ်ထားသော အဆောက်အဦး၌ ကောင်းချီး တစ်စုံတစ်ရာမျှ ရှိမည်မဟုတ်။

ယင်းအဓိပ္ပာယ်အား ထောက်ခံမှုကို 'ဟဇရသ်အနတ်စ်စသခင်ကြီး၏ အခြားသော ဆင့်ပြန်ချက်တစ်ရပ်ဖြင့်လည်း အကူပြု၍နေပေသည်။

ان كل بناء وبال على صاحبه الا مالا يعنى الا مالابدمنه

လိုအပ်ချက်အရ တည်ဆောက်ထားသော အဆောက်အဦးမှအပ အခြားသော အဆောက်အဦးများကို တည်ဆောက်ထားသော ပိုင်ရှင်များအဖို့ ဘေးဒုက္ခဖြစ်ပေမည်။ *[အဗူဒါဝူးဒ်]*

ရှုးဟွုလ်မအာနီးကျမ်း၌ မိန့်ဆိုထားသည်မှာ 'မှန်ကန်သော သဘောဆန္ဒ ရည်ရွယ်ချက်မရှိဘဲနှင့် မြင့်မားသော အဆောက်အဦးတည်ဆောက်ခြင်းသည် တမန်တော်မြတ် ﷺ ၏ သာသနာတော်၌ ပြစ်တင်ဆိုးရွားဖွယ် ကောင်းလှပေသည်' ဟူ၍ ဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

كَذَّبَتْ ثَمُودُ الْمُرْسَلِينَ ﴿١٤١﴾

၂၆ း ၁၄၁ ။ ။ 'ဆမူဒ်'အမျိုးသားတို့သည်လည်း ရစူလ်တမန်တော်တို့အား မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။

إِذْ قَالَ لَهُمْ أَخُوهُمْ صَالِحٌ أَلَا تَتَّقُونَ ﴿١٤٢﴾

၂၆ း ၁၄၂ ။ ။ အကြင်အခါဝယ် ၎င်းတို့အား ၎င်းတို့၏ နောင်တော် (တမန်တော်) ဆွာလိဟ်က '(အချင်းတို့) အသင်တို့သည် (အလ္လာဟ်အသျှင်မြတ်အား) မကြောက်ရွံ့ကြလေသလော'ဟု ပြောဆိုခဲ့၏။

إِنِّي لَكُمْ رَسُولٌ أَمِينٌ ﴿١٤٣﴾

၂၆ း ၁၄၃ ။ ။ 'ဧကန်မလွဲ ငါသည် အသင်တို့အဖို့ ယုံကြည်စိတ်ချအပ်သော ရစူလ်တမန်တော်တစ်ပါးပင် ဖြစ်ပေ၏'

فَاتَّقُوا اللَّهَ وَأَطِيعُونِ ﴿١٤٤﴾

၂၆ း ၁၄၄ ။ ။ 'သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်ကိုသာ ကြောက်ရွံ့ကြလေကုန်။ ၎င်းပြင် အသင်တို့သည် ငါ၏ အမိန့်ကို လိုက်နာကြလေကုန်။'

وَمَا أَسْأَلُكُمْ عَلَيْهِ مِنْ أَجْرٍ إِنْ أَجْرِيَ إِلَّا عَلَىٰ رَبِّ الْعَالَمِينَ ﴿١٤٥﴾

၂၆ း ၁၄၅ ။ ။ 'စင်စစ် ငါသည် အသင်တို့ထံ ဤအမိန့်တော်ကို ပို့ဆောင်ခြင်းနှင့် စပ်လျဉ်း၍ မည်သည့်အကျိုးတစ်စုံတစ်ရာကိုမျှ တောင်းဆိုသည်မဟုတ်ပေ။ ငါ့အား အကျိုး (အဖိုးအခ) ပေးရန် တာဝန်မှာ စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ တာဝန်သာလျှင် ဖြစ်ပေသည်။'

أَتُتْرَكُونَ فِي مَا هَاهُنَا آمِنِينَ ﴿١٤٦﴾

၂၆ း ၁၄၆ ။ ။ 'အသင်တို့သည် ဤ (ပစ္စုပ္ပန်လောကီဘဝ) ၌ ရှိသော (စည်းစိမ်ဥစ္စာ) အရာများတွင် (မပျက်မပြား) ဘေးရန်ကင်းငြိမ်း (လုံခြုံ) စိတ်အေးချမ်းစွာ နေရမည်ဟု ထင်မှတ်ကြလေသလော။'

فِي جَنَّاتٍ وَعُيُونٍ ﴿١٤٧﴾

၂၆ း ၁၄၇ ။ ။ 'ဥယျာဉ်များ၌လည်းကောင်း၊ စမ်းချောင်းများ၌လည်းကောင်း။ [နေရမည်ဟု ထင်မှတ်ကြလေသလော]'

وَزُرُوعٍ وَنَخْلٍ طَلْعُهَا هَضِيمٌ ﴿١٤٨﴾

၂၆ း ၁၄၈ ။ ။ '(ထို့ပြင်) လယ်ယာများ၌လည်းကောင်း၊ စွန်ပလွံသီးအခိုင်များ ပြွတ်သိပ်လျက်ရှိသော အကြင်စွန်ပလွံခြံများ၌လည်းကောင်း။ [နေရမည်ဟု ထင်မှတ်ကြလေသလော။]'

وَتَنْحِتُونَ مِنَ الْجِبَالِ بُيُوتًا فٰرِهِينَ ﴿١٤٩﴾

၂၆ : ၁၄၉ ။ ။ 'ၚင်းပြင် အသင်တို့သည် တောင်များကို အိမ်များဖြစ်အောင် ကျွမ်းကျင်စွာ ထွင်း၍ တည်ဆောက်ကြကုန်၏။ (တစ်နည်း) ၚင်းပြင် အသင်တို့သည် မော်ကြွားလျက် တောင်များကို အိမ်များဖြစ်အောင် (ဖောက်) ထွင်းကြကုန်၏။'

فَاتَّقُوا اللّٰهَ وَأَطِيعُونِ ﴿١٥٠﴾

၂၆ : ၁၅၀ ။ ။ 'သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ၚင်းပြင် အသင်တို့သည် ငါ၏ အမိန့်ကို လိုက်နာကြလေကုန်။'

وَلَا تُطِيعُوا أَمْرَ الْمُسْرِفِينَ ﴿١٥١﴾

၂၆ : ၁၅၁ ။ ။ 'သို့ရာတွင် အသင်တို့သည် စည်းကမ်းဥပဒေ ဖောက်ဖျက်ကျူးလွန်သူတို့၏ အမိန့်ကို မလိုက်နာကြကုန်လင့်။'

الَّذِينَ يُفْسِدُونَ فِي الْأَرْضِ وَلَا يُصْلِحُونَ ﴿١٥٢﴾

၂၆ : ၁၅၂ ။ ။ 'အကြင်သူတို့သည် တိုင်းပြည်တွင် ပျက်စီးရာပျက်စီးကြောင်းကို ပြုလုပ်ကြကုန်၏။ သို့ရာတွင် ထိုသူတို့သည် (တိုင်းပြည်ကို သာယာဝပြောအောင်) ပြုပြင်ကြသည်လည်း မဟုတ်ကြပေ။'

قَالُوا إِنَّمَا أَنتَ مِنَ الْمُسَحَّرِينَ ﴿١٥٣﴾

၂၆ : ၁၅၃ ။ ။ ၚင်း (ဆမူဒ်အမျိုးသား) တို့က (အို, ဆွာလိဟ်) 'အသင်သည် ပြင်းထန်စွာ စုန်းပြုစားခြင်း ခံရသူတစ်ဦးသာလျှင် ဖြစ်၏' ဟု ပြောဆိုခဲ့ကြကုန်၏။

مَا أَنتَ إِلَّا بَشَرٌ مِّثْلُنَا فَأْتِ بِآيَةٍ إِن كُنتَ مِنَ الصّٰدِقِينَ ﴿١٥٤﴾

၂၆ : ၁၅၄ ။ ။ 'အသင်သည် ကျွန်ုပ်တို့ကဲ့သို့ပင် လူသားတစ်ဦးမှအပ အခြားမဟုတ်ပြီ။ သို့ဖြစ်ပေရာ အသင်သည် သစ္စာဝါဒီ အမှန်ပြောဆိုသူတစ်ဦး ဖြစ်ခဲ့ပါမူ သက်သေလက္ခဏာ တစ်စုံတစ်ရာကို ယူဆောင်လာခဲ့ပါလော' ဟု ပြောဆိုကြကုန်၏။

قَالَ هٰذِهِ نَاقَةٌ لَّهَا شِرْبٌ وَلَكُمْ شِرْبُ يَوْمٍ مَّعْلُومٍ ﴿١٥٥﴾

၂၆ : ၁၅၅ ။ ။ ၚင်း (ဆွာလိဟ်) က 'ဤသည် ကုလားအုတ်မတစ်ကောင်ပင် (ဖြစ်၏။) ယင်း (ကုလားအုတ်မ) ၌ ရေသောက်ရန် အလှည့်တစ်လှည့် ရှိ၍၊ ထိုနည်းတူစွာ အသင်တို့၌လည်း သတ်မှတ်ထားပြီးဖြစ်သော နေ့တစ်နေ့တွင် ရေသောက် (ယူ) ရန် အလှည့်တစ်လှည့်သည် ရှိ၏။

وَلَا تَمَسُّوهَا بِسُوٓءٍ فَيَأۡخُذَكُمۡ عَذَابُ يَوۡمٍ عَظِيمٍ ﴿١٥٦﴾

၂၆ : ၁၅၆ ။ ။ ၎င်းပြင် အသင်တို့သည် ယင်း (ကုလားအုတ်မ) ကို မကောင်းသော စေတနာနှင့် မထိပါးကြကုန်လင့်။ ထိုသို့ ထိပါးခဲ့ကြပါလျှင် ကြီးကျယ်လှစွာသော ('ကေယာမသ်' ရှင်ပြန်ထရမည့်) နေ့၏ ပြစ်ဒဏ်သည် အသင်တို့အား ဖမ်းဆီး ကွပ်မျက်မည်ဖြစ်၏။

فَعَقَرُوهَا فَأَصۡبَحُواْ نَٰدِمِينَ ﴿١٥٧﴾

၂၆ : ၁၅၇ ။ ။ သို့တစေလည်း ၎င်း (ဆမူဒ်အမျိုးသား) တို့သည် ယင်း (ကုလားအုတ်မ) ၏ ခြေများကို ဖြတ်တောက် (သတ်ဖြတ်) ခဲ့ကြကုန်၏။ ထို့နောက် ၎င်းတို့သည် နောင်တရရှိသူများ ဖြစ်သွားခဲ့ကြကုန်၏။

فَأَخَذَهُمُ ٱلۡعَذَابُۚ إِنَّ فِي ذَٰلِكَ لَأٓيَةٗۖ وَمَا كَانَ أَكۡثَرُهُم مُّؤۡمِنِينَ ﴿١٥٨﴾

၂၆ : ၁၅၈ ။ ။ သို့ဖြစ်ပေရာ ပြစ်ဒဏ်သည် ၎င်းတို့အား ဖမ်းဆီးကွပ်မျက်ခဲ့၏။ စင်စစ် ဤသည့် (ဖြစ်ရပ်) ၌လည်း (ကြီးကျယ်လှစွာသော) သင်ခန်းစာသည် ရှိပေသည်။ သို့ရာတွင် ၎င်း (မက္ကာဟ်မြို့သား ကာဖိရ်) တို့အနက် မြောက်မြားစွာသော သူတို့သည် မုအ်မင်န်သက်ဝင် ယုံကြည်ကြမည့်သူများ မဟုတ်ကြပေ။

وَإِنَّ رَبَّكَ لَهُوَ ٱلۡعَزِيزُ ٱلرَّحِيمُ ﴿١٥٩﴾

၂၆ : ၁၅၉ ။ ။ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အလွန်တရာ လွှမ်းမိုးတော်မူသော အသျှင်၊ အလွန်ရှာ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

စမူဒ်အမျိုးသားတို့သည်လည်း ရစူလ်တမန်တော်တို့အား မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။ အကြင်အခါဝယ် ၎င်းတို့အား ၎င်းတို့၏ နောင်တော် (တမန်တော်) ဆွာလိဟ်က (အချင်းတို့) 'အသင်တို့သည် (အလ္လာဟ်အသျှင်မြတ်အား) မကြောက်ရွံ့ကြလေသလော' ဟု ပြောဆိုခဲ့၏။ ကေန်မလွဲ ငါသည် အသင်တို့အဖို့ ယုံကြည်စိတ်ချအပ်သော ရစူလ်တမန်တော်တစ်ပါးပင် ဖြစ်ပေ၏။ သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်ကိုသာ ကြောက်ရွံ့ကြလေကုန်။ ၎င်းပြင် အသင်တို့သည် ငါ၏ အမိန့်ကို လိုက်နာကြလေကုန်။

စင်စစ် ငါသည် အသင်တို့ထံ ဤအမိန့်ကို ပို့ဆောင်ခြင်းနှင့် စပ်လျဉ်း၍ မည်သည့်အကျိုး တစ်စုံတစ်ရာကိုမျှ တောင်းဆိုသည်မဟုတ်ပေ။ ငါ့အား အကျိုး(အဖိုးအခ) ပေးရန် တာဝန်မှာ စကြဝဠာခပ်သိမ်းတို့ကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ တာဝန်သာလျှင် ဖြစ်ပေသည်။

(အသင်တို့သည် မိမိတို့ သာယာဝပြောသော အခြေအနေကြောင့် ဤမျှခန့် အတိုင်းအတာထိတိုင် အလ္လာဟ်အသျှင်မြတ်အား မေ့လျော့နေမှု) အသင်တို့သည် ဤ (ပစ္စုပ္ပန်လောကီဘဝ) ၌ ရှိသော (စည်းစိမ် ဥစ္စာ) အရာများတွင် မပျက်မပြား) ဘေးရန်ကင်းငြိမ်း (လုံခြုံ) စိတ်အေးချမ်းစွာ နေရမည်ဟု ထင်မှတ် နေကြလေသလော။ (ဆိုလိုသည်မှာ ဥယျာဉ်များ၌လည်းကောင်း၊ စမ်းချောင်းများ၌လည်းကောင်း (နေရ မည်ဟု ထင်မှတ်ကြလေသလော။ ထို့ပြင်) လယ်ယာများ၌လည်းကောင်း၊ စွန်ပလွံသီးအခိုင်များ ပြွတ်သိပ် လျက်ရှိသော အကြင်စွန်ပလွံခြံများ၌လည်းကောင်း (ထိုစွန်ပလွံပင်များတွင် အသီးများစွာ သီးလေသည်၊ နေရမည်ဟု ထင်မှတ်ကြလေသလော။)

၄င်းပြင် အသင်တို့သည် (ထိုမေ့လျော့မှုကြောင့်) တောင်များကို အိမ်များဖြစ်အောင် ကျွမ်းကျင်စွာ ထွင်း၍ တည်ဆောက်ကြကုန်၏။ (တစ်နည်း ဂုဏ်မောက်ကာ) ၄င်းပြင် အသင်တို့သည် မော်ကြွားလျက် တောင်များကို အိမ်များဖြစ်အောင် (ဖောက်) ထွင်းကြကုန်၏။ သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အသျှင် မြတ်အား ကြောက်ရွံ့ကြလေကုန်။ ၄င်းပြင် အသင်တို့သည် ငါ၏ အမိန့်ကို လိုက်နာကြလေကုန်။ သို့ရာတွင် အသင်တို့သည် (ခဝပ်ကိုးကွယ်မှု) ၌ စည်းကမ်းဥပဒေ ဖောက်ဖျက်ကျူးလွန်သူတို့၏ အမိန့်ကို မလိုက်နာ ကြကုန်လင့်။

အကြင်သူတို့သည် တိုင်းပြည်တွင် ပျက်စီးရာပျက်စီးကြောင်းကို ပြုလုပ်ကြကုန်၏။ သို့ရာတွင် ထိုသူတို့သည် (တိုင်းပြည်ကို သာယာဝပြောအောင် မည်သည့်အခါမျှ) ပြုပြင်ကြခြင်း၏ စကားကို ပြောဆို (ကြ) သည်လည်း မဟုတ်ပေ။ (အလိုသဘောမှာ ကာဖိရ်အကြီးအကဲ ခေါင်းဆောင်များ ဖြစ်သည်။ အကြင် သူတို့သည် လမ်းလွဲမှားမှုအပေါ် လူတို့အား တိုက်တွန်းမှုကို ပြုပေသည်။ ပျက်စီးရာပျက်စီးကြောင်း ပြုခြင်း နှင့် ပြုပြင်မှု မပြုခြင်း၏ အလိုသဘောသည် ဤသည်သာလျှင် ဖြစ်သည်။)

၄င်း (စမူးဒ်အမျိုးသား) တို့က (အို၊ ဆွာလိဟ်) အသင်သည် ပြင်းထန်စွာ စုန်းပြုစားခြင်းခံရသူ တစ်ဦးသာလျှင် ဖြစ်၏ဟု ပြောဆိုခဲ့ကြကုန်၏။ (အကြင်ကဲ့သို့ ပြုစားခြင်းခံရခြင်းကြောင့် ဦးနှောက် အသိဉာဏ်အတွင်း 'နဗီဖြစ်ကြောင်း ကြွေးကြော်လာရောက်ရသည်'အထိ ပျက်စီးမှု ဖြစ်ရှိနေပေသည်။ ကေန်စင်စစ်) အသင်သည် ကျွန်ုပ်တို့ကဲ့သို့ပင် (သာမန်) လူသားတစ်ဦးမှအပ အခြားမဟုတ်ပြီ။ (လူသား တို့သည် နဗီမဖြစ်နိုင်ပေ။) သို့ဖြစ်ပေရာ အသင်သည် (နဗီဖြစ်ခြင်းနှင့် စပ်လျဉ်း၍ ကြွေးကြော်ရာ၌) သစ္စာဝါဒီ အမှန်ပြောဆိုသူတစ်ဦး ဖြစ်ခဲ့ပါမူ သက်သေလက္ခဏာ တစ်စုံတစ်ရာကို ယူဆောင်လာခဲ့ပါ လော'ဟု ပြောဆိုကြကုန်၏။

၄င်း (ဆွာလိဟ်) က 'ဤသည် ကုလားအုတ်မတစ်ကောင်ပင် (ဖြစ်၏။ အကြင်ကုလားအုတ်မ သည် သဘာဝလွန်ပုံစံဖြင့် ပေါ်ပေါက်လာသည့်အတွက်ကြောင့် 'မုအ်ဂျိဇာဟ်' (တန်ခိုးတော်) ဖြစ်သည်။ ပမာဆိုရသော် (၇) ပါရာအခုံး၌ ကျော်လွန်ခဲ့သည်။ ထို့ပြင် ဤသည် ကျွန်ုပ် ရစူလ်ဖြစ်ကြောင်း၏ အထောက်အထားလည်း ဖြစ်သည်။ ထိုကုလားအုတ်မကိုယ်တိုင်နှင့် စပ်လျဉ်း၍လည်း ဝတ္တရားအချို့ ရှိပေသည်။ သို့ရှိရာ ထိုဝတ္တရားများထဲမှ ဝတ္တရားတစ်ရပ်မှာ) ယင်း (ကုလားအုတ်မ) ၌ ရေသောက်ရန်

အလှည့်တစ်လှည့် ရှိ၍ ထိုနည်းတူစွာ အသင်တို့၌လည်း သတ်မှတ်ထားပြီးဖြစ်သော နေ့တစ်နေ့တွင် (အသင်တို့၏ တိရစ္ဆာန်များ) ရေသောက် (ယူ) ရန် အလှည့်တစ်လှည့်သည် ရှိ၏။

၎င်းပြင် (အခြားတာဝန်တစ်ရပ်မှာ) အသင်တို့သည်ပင် ယင်း (ကုလားအုတ်မ) ကို မကောင်းသော စေတနာနှင့် (ဒုက္ခရောက်စေရန်) မထိပါးကြကုန်လင့်။ ထိုသို့ ထိပါးခဲ့ကြပါလျှင် ကြီးကျယ်လှစွာသော ('ကေယာမသ်' ရှင်ပြန်ထရမည့်နေ့) ၏ ပြစ်ဒဏ်သည် အသင်တို့အား ဖမ်းဆီးကွပ်မျက်မည် ဖြစ်၏။

သို့တစေလည်း ၎င်း (စမူဒ်အမျိုးသား) တို့သည် ရစ္စူလ်ဖြစ်ခြင်းကိုလည်း (မထောက်ခံ၊ ကုလားအုတ်မ၏ ဝတ္တရားကိုလည်း မကျေပွန်ရှုံသာမက) ယင်း (ကုလားအုတ်မ) ၏ ခြေများကို ဖြတ်တောက်၊ (သတ်ဖြတ်) ခဲ့ကြကုန်၏။ ထို့နောက် (ပြစ်ဒဏ်တော်၏ လက္ခဏာများ ပေါ်ပေါက်လာသောအခါ မိမိတို့၏ လုပ်ရပ်အပေါ်) ၎င်းတို့သည် နောင်တရရှိသူများ ဖြစ်သွားခဲ့ကြကုန်၏။ (သို့ရာတွင် ပထမအချက်မှာ ပြစ်ဒဏ်တော်ကို မြင်တွေ့ချိန် နောင်တတရားသည် အလဟဿဖြစ်သည်။ ဒုတိယအချက်မှာ စိဇနောင်တတရားချည်း သက်သက်သာ ဖြစ်သောကြောင့် မည်သည့်အရာ ဖြစ်ရှိလာပေမည်နည်း။ ရွေးချယ်ပိုင်ခွင့်ရှိသော 'သောင်ဗာဟ်'နှင့် အိမာန်မရယူသရွေ့ ကာလပတ်လုံး) သို့ဖြစ်ပေရာ (နောက်ဆုံး) ပြစ်ဒဏ်သည် ၎င်းတို့အား ဖမ်းဆီးကွပ်မျက်ခဲ့၏။ စင်စစ် ဤသည့် (ဖြစ်ရပ်) ၌လည်း (ကြီးကျယ်လှစွာသော) သင်ခန်းစာ ရှိပေသည်။ သို့ရာတွင် ထိုအချက်ကို တွေးတောဆင်ခြင်၍ ရရှိနိုင်သည့် ကြားကတည်းကပင်) ၎င်း (မက္ကာဟ်မြို့သား ကာဖိရ်) တို့အနက် မြောက်မြားစွာသော သူတို့သည် မုအ်မင်န် သက်ဝင် ယုံကြည်ကြမည့်သူများ မဟုတ်ကြပေ။

စင်စစ် အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် အလွန်တရာ လွှမ်းမိုးတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ်ဖြစ်သည့် ကြားကပင် နောင့်ဆိုင်းခွင့်ကို ပေးတော်မူထားပေသည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

وَتَنْحِتُونَ مِنَ الْجِبَالِ بُيُوتًا فٰرِهِيْنَ

၎င်းပြင် အသင်တို့သည် တောင်များကို အိမ်များဖြစ်အောင် ကျွမ်းကျင်စွာ ထွင်း၍ တည်ဆောက်ကြကုန်၏။ (တစ်နည်း) ၎င်းပြင် အသင်တို့သည် မော်ကြွားလျက် တောင်များကို အိမ်များဖြစ်အောင် (ဖောက်) ထွင်းကြကုန်၏။ *[၂၆ : ၄၉]*

ဟဇရတ်အိဗ်နေအဗ္ဗာအ်စ် ﷺ သခင်ကြီးထံမှ فارهين အား အကျယ်ချဲ့ဖွင့်ဆိုချက်ကို (မောက်မာကြွားဝါသော သူများ) ဟူ၍ ဆင့်ဆိုထားပေသည်။ သို့ရာတွင် အဗူစွာလေဟ်သခင်ကြီးက မိန့်တော်မူပေသည်။ ဤအဆိုကိုသာလျှင် အေမာမ်ရာဂိဗ်သည် အကျယ်ချဲ့ဖွင့်ဆိုထားပေသည်။

فٰرِهِيْنَ ၏ အဓိပ္ပာယ်မှာ (ကျွမ်းကျင်သူများ) ဟူ၍ ဖြစ်၏။ (အလိုသဘောမှာ ဤသို့တည်း။ အလ္လာဟ် အသျှင်မြတ်သည် အသင်တို့အပေါ် 'တောင်များကို အိမ်များအဖြစ် ပြုလုပ်ဆောင်ရွက်ရန် လွယ်ကူမှုကို ပြုထားပေးခြင်း' ဟူသော လက်မှုအတတ်ပညာ၏ စည်းစိမ်တော်ကို ချီးမြှင့်ပေးထားပေသည်။ အာယသ်တော်၏ တင်ပြချက်၏ အချုပ်ရလဒ်သဘောမှာ 'အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ချီးမြှင့်ထားတော်မူသော အရာများကို သတိရ၍ ကမ္ဘာမြေပထဝီပေါ်၌ ပျက်စီးရာပျက်စီးကြောင်းကို မပြုလေနှင့်' ဟူ၍ ဖြစ်သည်။

အကျိုးပြုသော လုပ်ငန်းများကို မကောင်းသော အလုပ်များ၌ အသုံးမပြုပါက ၎င်းလုပ်ငန်းများသည် အလ္လာဟ်အသျှင်မြတ်၏ ချီးမြှင့်မှု ဆုလာဘ်များဖြစ်ခြင်း

ဤအာယသ်တော်မှ ထောက်ခံအတည်ပြုထားသည်မှာ ကောင်းမွန်သော လုပ်ငန်းများသည် အလ္လာဟ် အသျှင်မြတ်၏ ဆုလာဘ်ချီးမြှင့်မှုများ ဖြစ်ပေသည်။ ထိုလုပ်ငန်းများမှ အကျိုးရယူခံစားခြင်း ပိုင်ပေသည်။ သို့ရာတွင် အကယ်၍ ထိုလုပ်ငန်းများမှ ပြစ်မှုဒုစရိုက်တစ်စုံတစ်ရာ သို့မဟုတ် 'ဟရာမ်' လုပ်ရပ်၊ သို့မဟုတ် မလိုအပ်ဘဲ ထိုလုပ်ရပ်များအတွင်း မုချ နစ်မွန်းနေသည့် ပုံစံမျိုး ဖြစ်ပေါ်လာမူ ထိုလုပ်ငန်းများကို ရွေးချယ်ဆောင်ရွက်ခြင်း မပိုင်တော့ပေ။ ပမာဆိုရသော် ယခု ဤအာယသ်တော်များ၏ အလျှင်၌ မလိုအပ်ဘဲ မြင့်မားသော အဆောက်အဦးများ တည်ဆောက်ခြင်းအား ရှုတ်ချထားပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

كَذَّبَتْ قَوْمُ لُوطٍ الْمُرْسَلِينَ ﴿١٦٠﴾

၂၆ : ၁၆၀ ။ ။ (တမန်တော်) လူးသ်၏ အမျိုးသားတို့သည် (လည်း) ရစူလ်တမန်တော်တို့အား မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။

إِذْ قَالَ لَهُمْ أَخُوهُمْ لُوطٌ أَلَا تَتَّقُونَ ﴿١٦١﴾

၂၆ : ၁၆၁ ။ ။ အကြင်အခါဝယ် ၎င်းတို့အား၊ ၎င်းတို့၏ နောင်တော် (တမန်တော်) လူးသ်က (အချင်းတို့) 'အသင်တို့သည် (အလ္လာဟ်အသျှင်မြတ်အား) မကြောက်ရွံ့ကြလေသလော' ဟု ပြောဆိုခဲ့၏။

إِنِّي لَكُمْ رَسُولٌ أَمِينٌ ﴿١٦٢﴾

၂၆ : ၁၆၂ ။ ။ ကေန်မလွဲ ငါသည် အသင်တို့အဖို့ ယုံကြည်စိတ်ချအပ်သော ရစူလ်တမန်တော်တစ်ပါးပင် ဖြစ်ပေသည်။

فَاتَّقُوا اللَّهَ وَأَطِيعُونِ ﴿١٦٣﴾

၂၆ : ၁၆၃ ။ ။ သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ၎င်းပြင် အသင်တို့သည် ငါ၏အမိန့်ကို လိုက်နာကြလေကုန်။

وَمَا أَسْأَلُكُمْ عَلَيْهِ مِنْ أَجْرٍ إِنْ أَجْرِيَ إِلَّا عَلَىٰ رَبِّ الْعَالَمِينَ ﴿١٦٤﴾

၂၆ : ၁၆၄ ။ ။ စင်စစ် ငါသည် အသင်တို့ထံ ဤ (အမိန့်တော် ပို့ဆောင်ခြင်း) နှင့် စပ်လျဉ်း၍ မည်သည့်အကျိုးတစ်စုံတစ်ရာကိုမျှ တောင်းဆိုသည်မဟုတ်ပေ။ ငါ့အား အကျိုး (အဖိုးအခ) ပေးရန် တာဝန်မှာ စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ တာဝန်သာ ဖြစ်၏။

أَتَأْتُونَ الذُّكْرَانَ مِنَ الْعَالَمِينَ ﴿١٦٥﴾

၂၆ : ၁၆၅ ။ ။ အသင်တို့သည် ကမ္ဘာသူကမ္ဘာသားတို့အနက် ယောကျ်ားအချင်းချင်းထံ သွားရောက် (၍ ကာမဂုဏ်ခံစား) ကြလေသလော။

وَتَذَرُونَ مَا خَلَقَ لَكُمْ رَبُّكُمْ مِنْ أَزْوَاجِكُمْ ۚ بَلْ أَنْتُمْ قَوْمٌ عَادُونَ ﴿١٦٦﴾

၂၆ : ၁၆၆ ။ ။ သို့ရာတွင် အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်က မိမိတို့အဖို့ ဖန်ဆင်းထားတော်မူသော ဇနီးမိန်းမတို့ကိုမူ စွန့်ထားကြလေသလော။ စင်စစ်မှာမူ အသင်တို့သည် စည်းကမ်းကျူးလွန် ဖောက်ဖျက်သော အမျိုးသားများပင် ဖြစ်ကြကုန်၏။

قَالُوا لَئِنْ لَمْ تَنْتَهِ يَا لُوطُ لَتَكُونَنَّ مِنَ الْمُخْرَجِينَ ﴿١٦٧﴾

၂၆ : ၁၆၇ ။ ။ ၎င်း (အမျိုးသား) တို့က 'အို၊ လူးသ်၊ အကယ်၍ အသင်သည် (မိမိ၏ အဆုံးအမ တရားတော်ဟောခြင်းမှ) မရပ်တန့်ခဲ့ပါလျှင်၊ ကေန်မလွဲ အသင်သည် (တိုင်းပြည်မှ) နှင်ထုတ်ခြင်းခံရသူတစ်ဦးပင် ဖြစ်ချေလိမ့်မည်' ဟု (ခြိမ်းခြောက်) ပြောဆိုခဲ့ကြကုန်၏။

قَالَ إِنِّي لِعَمَلِكُمْ مِنَ الْقَالِينَ ﴿١٦٨﴾

၂၆ : ၁၆၈ ။ ။ ၎င်း (လူးသ်) က (အချင်းတို့) 'ကေန်အမှန် ငါသည် အသင်တို့၏ အကျင့်အမူကို အလွန်တရာ ရွံရှာစက်ဆုပ်သူတစ်ဦးပင် ဖြစ်သည်' ဟု ပြောကြားလေ၏။

رَبِّ نَجِّنِي وَأَهْلِي مِمَّا يَعْمَلُونَ ﴿١٦٩﴾

၂၆ : ၁၆၉ ။ ။ (ထို့နောက် လူးသ်က) 'အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးအားလည်းကောင်း၊ ကျွန်တော်မျိုး၏ အိမ်သူအိမ်သားတို့အားလည်းကောင်း၊ (နောက်လိုက်ငယ်သား

တို့အားလည်းကောင်း) ထိုအမျိုးသားတို့ ကျင့်မှုလျက်ရှိကြကုန်သော (ပြစ်မှုဒုစရိုက်၏ ပြစ်ဒဏ်မှ) လွတ်ကင်းစေတော်မူပါ'
(ဟု လျှောက်ထားပန်ကြားခဲ့၏။)

فَنَجَّيْنٰهُ وَ اَهْلَهٗۤ اَجْمَعِيْنَ ﴿١٧٠﴾

၂၆ : ၁၇၀ ။ ။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ၎င်း (လူးသ်) နှင့်တကွ ၎င်း၏ အိမ်သူ၊ အိမ်သား၊ တပည့်သား အားလုံးတို့ကို ကယ်တင်တော်မူခဲ့၏။

اِلَّا عَجُوْزًا فِى الْغٰبِرِيْنَ ﴿١٧١﴾

၂၆ : ၁၇၁ ။ ။ သို့ရာတွင် နောက်၌ ကျန်ရစ်ခဲ့သူတို့တွင် အပါအဝင်ဖြစ်သော အမယ်အိုတစ်ဦးကိုမူ ကယ်တင်တော်မမူခဲ့ချေ။

ثُمَّ دَمَّرْنَا الْاٰخَرِيْنَ ﴿١٧٢﴾

၂၆ : ၁၇၂ ။ ။ ထို့နောက် ငါအသျှင်မြတ်သည် အခြား (ကျန်) သူအားလုံးတို့ကို ဖျက်ဆီးတော်မူခဲ့၏။

وَاَمْطَرْنَا عَلَيْهِمْ مَّطَرًا ۚ فَسَآءَ مَطَرُ الْمُنْذَرِيْنَ ﴿١٧٣﴾

၂၆ : ၁၇၃ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့အပေါ်၌ မိုးတစ်မျိုး (ဖြစ်သော ခဲမိုး) ကို ရွာသွန်းစေတော်မူခဲ့၏။ စင်စစ် သတိပေးခြင်း ခံခဲ့ကြရသော သူတို့ (အပေါ်၌ ရွာသွန်းစေခဲ့သည့် ထို) မိုးသည် လွန်စွာ ဆိုးရွားလှပေသည်။

اِنَّ فِىْ ذٰلِكَ لَاٰيَةً ؕ وَمَا كَانَ اَكْثَرُهُمْ مُّؤْمِنِيْنَ ﴿١٧٤﴾

၂၆ : ၁၇၄ ။ ။ ကေန်စင်စစ် ဤသည့် (ဖြစ်ရပ်) ၌ (ကြီးကျယ်လှစွာသော) သင်ခန်းစာသည် ရှိပေ၏။ သို့ရာတွင် ၎င်း (မက္ကာဟ်မြို့သား ကာဖိရ်) တို့အနက် မြောက်မြားစွာသော သူတို့မှာမူ မုအ်မင်န်သက်ဝင် ယုံကြည်ကြမည့်သူများ မဟုတ်ကြချေ။

وَاِنَّ رَبَّكَ لَهُوَ الْعَزِيْزُ الرَّحِيْمُ ﴿١٧٥﴾

၂၆ : ၁၇၅ ။ ။ ကေန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အလွန်တရာ လွှမ်းမိုးတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(တမန်တော်) လူးသ်၏ အမျိုးသားတို့သည် (လည်း) ရစူလ်တမန်တော်တို့အား မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။ အကြင်အခါဝယ် ၎င်းတို့အား ၎င်းတို့၏ နောင်တော် (တမန်တော်) လူးသ်က (အချင်းတို့) 'အသင် တို့သည် (အလ္လာဟ်အသျှင်မြတ်အား) မကြောက်ရွံ့ကြလေသလော' ဟု ပြောဆိုခဲ့၏။ ကေန်မလွဲ ငါသည် အသင်တို့အဖို့ ယုံကြည်စိတ်ချအပ်သော ရစူလ်တမန်တော်တစ်ပါးပင် ဖြစ်ပေသည်။

သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ၎င်းပြင် အသင်တို့သည် ငါ၏ အမိန့်ကို လိုက်နာကြလေကုန်။

စင်စစ် ငါသည် အသင်တို့ထံ ဤ (အမိန့်တော် ပို့ဆောင်ခြင်း) နှင့် စပ်လျဉ်း၍ မည်သည့်အကျိုးတစ်စုံတစ်ရာကိုမျှ တောင်းဆိုသည်မဟုတ်ပေ။ ငါ့အား အကျိုး (အဖိုးအခ) ပေးရန် တာဝန်မှာ စကြဝဠာခပ်သိမ်းတို့ကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ တာဝန်သာ ဖြစ်၏။

အသင်တို့သည် ကမ္ဘာသူကမ္ဘာသားတို့အနက် ယောကျ်ားအချင်းချင်းထံ သွားရောက် (၍ ကာမဂုဏ်ခံစားခြင်း၏ လုပ်ရပ်ကို ပြုလုပ်) ကြလေသလော။

သို့ရာတွင် အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်က မိမိတို့အဖို့ ဖန်ဆင်းထားတော်မူသော ဇနီးမိန်းမတို့ကိုမူ စွန့်ထားကြလေသလော။ (ဆိုလိုသည်မှာ အသင်တို့မှအပ အခြားမည်သည့်လူတန်းစားမျှ ဤလုပ်ရပ်ကို မပြုလုပ်ကြပေ။ ထိုလုပ်ရပ်ပြုခြင်း၊ မကောင်းခြင်းနှင့် စပ်လျဉ်း၍ ဒွိဟတစ်စုံတစ်ရာမျှ မရှိပေ။) စင်စစ် (မှုရင်းအချက်မှာ ဤသို့တည်း) အသင်တို့သည် (လူ့ကျင့်ဝတ်ဘောင်မှ) စည်းကမ်းကျူးလွန် ဖောက်ဖျက်သော အမျိုးသားများပင် ဖြစ်ကြကုန်၏။

၎င်း (အမျိုးသား) တို့က 'အို၊ လူးသ်၊ အကယ်၍ အသင်သည် မိမိ၏ အဆုံးအမတရားတော်ဟောခြင်းမှ) မရပ်တန့်ပါလျှင် ဧကန်မလွဲ အသင်သည် (တိုင်းပြည်) မှ နှင်ထုတ်ခြင်း ခံရသူတစ်ဦးပင် ဖြစ်ချေလိမ့်မည်'ဟု (ခြိမ်းခြောက်) ပြောဆိုခဲ့ကြကုန်၏။

၎င်း (လူးသ်) က (အချင်းတို့၊ ကျွန်ုပ်သည် အသင်တို့ ခြိမ်းခြောက်ပြောဆိုမှုကြောင့် မိမိ ဆိုဆုံးမတရား ဟောပြောခြင်းမှ ရပ်တန့်နေမည်မဟုတ်။ အဘယ်ကြောင့်ဆိုသော်) ဧကန်အမှန် ငါသည် အသင်တို့၏ အကျင့်အမူကို အလွန်တရာ ရွံရှာစက်ဆုပ်သူတစ်ဦးပင် ဖြစ်သည်'ဟု ပြောကြားလေ့ရှိ၏။

(သို့ဆိုလျှင် ပြောဆိုဆုံးမခြင်းကို မည်သို့ စွန့်လွှတ်နိုင်အံ့နည်း။ မည်သည့်နည်းနှင့်မျှ ၎င်းတို့သည် မယုံကြည်၍ 'အဇာဗ်'အပြစ်ဒဏ် ကျရောက်လာသည်ကို သိမြင်လာရပါမူ၊ ထို့နောက် လူးသ်က) အို၊ ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးအားလည်းကောင်း၊ ကျွန်တော်မျိုး၏ (သီးသန့်) အိမ်သူအိမ်သားတို့အားလည်းကောင်း၊ နောက်လိုက်ယုံသားတို့အားလည်းကောင်း၊ ထိုအမျိုးသားတို့ ကျင့်မူလျက် ရှိကြကုန်သော (ပြစ်မှုဒုစရိုက်၏ ပြစ်ဒဏ်မှ) လွတ်ကင်းစေတော်မူပါ'ဟု (လျှောက်ထားပန်ကြားခဲ့၏။)

သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ၎င်း (လူးသ်) နှင့်တကွ ၎င်း၏ အိမ်သူအိမ်သား၊ တပည့်သားအားလုံးတို့ကို ကယ်တင်တော်မူခဲ့၏။ သို့ရာတွင် နောက်၌ ကျန်ရစ်ခဲ့သူတို့တွင် အပါအဝင် ဖြစ်သော (ဟဇရသ်လူးသ် عليه السلام ၏ ဇနီးဖြစ်သူ) အမယ်အိုတစ်ဦးကိုမူ ('အဇာဗ်'ပြစ်ဒဏ်တော်အတွင်းမှ) ကယ်တင်တော်မမူခဲ့ ချေ။

ထို့နောက် ငါအသျှင်မြတ်သည် (ဟဇရသ်လူးသ် عليه السلام နှင့် ၎င်း၏ အိမ်သူအိမ်သားတို့မှအပ) အခြား (ကျန်) သူအားလုံးတို့ကို ပျက်စီးတော်မူခဲ့၏။

ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့အပေါ်၌ မိုးတစ်မျိုး (ဖြစ်သော၊ ခဲမိုး) ကို ရွာသွန်းစေတော်မူခဲ့၏။ စင်စစ် သတိပေးခြင်း ခံခဲ့ကြရသောသူတို့ (အပေါ်၌ ရွာသွန်းစေခဲ့သည့် ထိုပြစ်ဒဏ်) မိုးသည် လွန်စွာ ဆိုးရွားလှပေသည်။

ကေန်စင်စစ် ဤသည့် (ဖြစ်ရပ်) ၌ (ကြီးကျယ်လှစွာသော) သင်ခန်းစာသည် ရှိပေသည်။ သို့ရာတွင် (ထိုအချက်များကို သိမြင်ကြားနာနေသည့် ကြားကတည်းကပင်) ၎င်း (မက္ကာဟ်မြို့သား ကာဖိရ်) တို့အနက် မြောက်မြားစွာသော သူတို့မှာမူ မုအ်မင်နိသက်ဝင် ယုံကြည်ကြမည့်သူများ မဟုတ်ကြချေ။

ကေန်စင်စစ် အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် အလွန်တရာ လွှမ်းမိုးတော်မူသော အသျှင်၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ (အကြောင်းမှာ 'အဇားဗ်' ပေးနိုင်တော်မူစွမ်း ရှိပြီး၊ သို့ရာတွင် ယခုထိတိုင် မပေးပေ။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

မိမိ၏ ဇနီးဖြင့် ဖလေ့မဟုတ်သော အသွင်ဖြင့် ဆက်ဆံခြင်းမပြုပိုင်ခြင်းအကြောင်း

وَتَذَرُونَ مَا خَلَقَ لَكُمْ رَبُّكُم مِّنْ أَزْوَاجِكُم

သို့ရာတွင် အသင်တို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်က မိမိတို့အဖို့ ဖန်ဆင်းထားတော်မူသော ဇနီးမိန်းမတို့ကိုမူ စွန့်လွှတ်ထားကြလေသလော။ *[၂၆ : ၁၆၆]*

ဟူသော စကားလုံးအတွင်း၌ مِنْ أَزْوَاجِكُم ဟူသော စကားလုံးသည် သာသနာတော်၏ အသုံးအနှုန်း ဝေါဟာရ၌ 'ဗယာနိယား' (ရှင်းလင်းတင်ပြခြင်း) လည်း ဖြစ်နိုင်ပေသည်။ အကြင်ကဲ့သို့ သုံးနှုန်းခြင်း၏ ရလဒ်သဘောတရားမှာ ဤသို့တည်း။ 'အသင်တို့ တဏှာရာဂစိတ် ပြေပျောက်စေရန်အတွက် အလ္လာဟ် အသျှင်မြတ်သည် ဇနီးမိန်းမများကို ဖန်ဆင်းပေးထားပေသည်။ အသင်တို့သည် ထိုဇနီးမိန်းမများအား စွန့်လွှတ်၍ မိမိတို့၏ ဇာတ်တူအမျိုးသားများကို မိမိတို့၏ ကာမဂုဏ်ပြေဖျောက်ရန်အတွက် ပစ်မှတ်အဖြစ် ပြုလုပ်ထားပါ၏လော။ အကြင်လုပ်ရပ်သည် ညစ်ညမ်းစက်ဆုပ်ဖွယ်ကောင်းသော စိတ်ရိုင်းဖြစ်ခြင်း၏ အထောက်အထားဖြစ်သည်။ مِنْ ဟူသော စကားလုံးကို 'သဗ်အီးဇ်' (အချို့သာ ဖြစ်ခြင်း) အဖြစ်လည်း အသုံးပြုနိုင်ပေသည်။ သို့ဆိုလျှင် 'အသင်တို့၏ ဇနီးအမျိုးသမီးများအဖို့ အကြင်နေရာအား ပြုလုပ်ဖန်ဆင်းပေးထားတော်မူပေသည်။ ထိုအကြင်နေရာသည် သဘာဝနှင့် ကိုက်ညီသော အချက်အချာကျသည့် နေရာဖြစ်သည်။ ထိုနေရာကို စွန့်လွှတ်၍ လုံးဝ 'ဟရာမ်'ဖြစ်သော သဘာဝနှင့် ဆန့်ကျင်ဘက်ဖြစ်သော နေရာ၌ ပေါင်းသင်းဆက်ဆံမှုကို ပြုကြပါ၏လော' ဟူသော ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားပေသည်။

အချုပ်မှာ ဤဒုတိယဘာသာပြန် အဓိပ္ပာယ်ကို ထောက်ရှု၍ ဤအောက်ဖော်ပြပါ ဓမ္မသတ်သည်လည်း အတည်ပြုပြီးသား ဖြစ်သွားပေသည်။ မိမိဇနီးဖြင့် ဓလေ့သဘာဝနှင့် ဆန့်ကျင်သော အပြုအမူ ဆက်ဆံခြင်းမျိုးကို ပြုမူခြင်းသည်လည်း 'ဟရာမ်'ဖြစ်သည်။ ဟဒီးစ်တော်အတွင်း၌ ဤကဲ့သို့သော သူအပေါ် တမန်တော်မြတ် ﷺ သည် 'လအ်နသ်' (ကျိန်စာ) ပို့ထားတော်မူပေသည်။ (ထိုအပြုအမူမျိုးများ ပြုမိခြင်းမှ ကင်းလွတ်ရန် အလ္လာဟ်အသျှင်မြတ်ထံ တောင်းခံပါ၏။) *[ရှူးဟ်]*

إِلَّا عَجُوزًا فِي الْغٰبِرِينَ

သို့ရာတွင် နောက်၌ ကျန်ရစ်ခဲ့သူတို့တွင် အပါအဝင်ဖြစ်သော အမယ်အိုတစ်ဦးကိုမူ ကယ်တင်တော်မမူခဲ့ချေ။ 'အဂျူးဇုန်'၏ အလိုသဘောသည် လူးသ် ﷺ ၏ အမျိုးသားများ ပြုကျင့်သော လုပ်ရပ်ကို သဘောတူ ကျေနပ်ကာ ကာဖိရ်အမျိုးသမီးတစ်ဦးဖြစ်သော ဟဇရသ်လူးသ် ﷺ ၏ ဇနီးဖြစ်သည်။ ဟဇရသ်လူးသ် ﷺ ၏ ဤကာဖိရ်ဇနီးသည် အကယ်၍ အမှန်တကယ်၌ အမယ်အိုဖြစ်မူ ထိုအမျိုးသမီးအဖို့ 'အဂျူးဇုန်း'ဟူသော စကားလုံးကို အသုံးပြုခြင်းမှာ ထင်ရှားလှပေသည်။ ထို့ပြင်တဝ အကယ်၍ ဤအမျိုးသမီး၏ သက်တမ်းကို ထောက်ရှု၍ အမယ်အိုမဖြစ်ပါက ၎င်းကို 'အဂျူးဇူးန်'ဟူသော စကားလုံးဖြင့် သုံးနှုန်းထားရခြင်းအကြောင်းမှာ 'နဗီ၊ ရစူလ်၏ ဇနီးသည် 'အုမ္မသ်' (နောက်လိုက်ထု) အတွက် မိခင်၏ အရာ၌ ရှိပေသည်။ အကြင်အမျိုးသမီး၌ သားသမီးများစွာ ရှိပါက ယင်းအမျိုးသမီးကို 'အမယ်အို၊ အဘွားအို' ဟူ၍ ခေါ်တွင်ခြင်းသည် တွေးခေါ်ရန် ဝေးနေရသည့် အချက်မဟုတ်ကြောင်း'ဘက်သို့ ရည်ညွှန်း ဖော်ထုတ်ထားဟန်တူပေသည်။

وَأَمْطَرْنَا عَلَيْهِم مَّطَرًا ۖ فَسَآءَ مَطَرُ الْمُنذَرِينَ ﴿١٧٣﴾

ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့အပေါ်၌ မိုးတစ်မျိုးဖြစ်သော ခဲမိုးကို ရွာသွန်းစေတော်မူခဲ့၏။ စင်စစ် သတိပေးခြင်းကို ခံခဲ့ကြရသော သူတို့အပေါ်၌ ရွာသွန်းစေခဲ့သည်။ ထိုမိုးသည် လွန်စွာ ဆိုးရွားလှပေသည်။ *[၂၆ : ၁၇၃]*

ဤအာယသ်တော်မြတ်မှ လိင်တူခြင်း ဆက်ဆံသူအပေါ် နံရံပေါ်မှ ပစ်တွန်းချခြင်း၊ သို့မဟုတ် မြင့်သော နေရာမှ ပစ်ချစေခြင်း၏ ပြစ်ဒဏ်ကို ပေးခြင်း ပိုင်ကြောင်း' အတည်ပြု၍ ရရှိပေသည်။ ပမာဆိုရသော် ဟနဖီယာတို့၏ လမ်းစဉ်သည်လည်း ဤသို့သာလျှင် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် လူးသ် ﷺ ၏ အမျိုးသားတို့သည် ဤသို့သော နည်းဖြင့် ပျက်စီးခြင်း ခံခဲ့ရပေသည်။ ၎င်းတို့ နေထိုင်သော တိုင်းပြည်၊ ကျေးရွာနယ်ပယ်များကို အပေါ်သို့ မ,ယူကာ ဇောက်ထိုးပစ်ချစေခြင်းကို ခံခဲ့ရပေသည်။ *[ရှာမီ၊ ကေသာဖုလ်ဟုဒ္ဒူးဒ်]*

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

كَذَّبَ أَصْحَٰبُ لْـَٔيْكَةِ ٱلْمُرْسَلِينَ ﴿١٧٦﴾

၂၆ : ၁၇၆ ။ ။ (အိုက်ကဟ်) တောအုပ်၌ နေထိုင်ကြကုန်သော အမျိုးသားတို့သည် (လည်း) ရစူလ်တမန်တော်တို့အား မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။ ['အဿဟာဗုလ်အိုက်ဟ်' သည် မျိုးနွယ်ဝင်များကိုပင် ဆိုလိုသည်။ ၎င်းတို့ထံ အသျှင်မြတ်သည် တမန်တော်ရှုအိုက်ဗ်အား စေလွှတ်တော်မူခဲ့၏။]

إِذْ قَالَ لَهُمْ شُعَيْبٌ أَلَا تَتَّقُونَ ﴿١٧٧﴾

၂၆ : ၁၇၇ ။ ။ အကြင်အခါဝယ် ၎င်းတို့အား (နဗီတမန်တော်) ရှုအိုက်ဗ်က (အချင်းတို့) 'အသင်တို့သည် (အလ္လာဟ်အသျှင်မြတ်အား) မကြောက်ရွံ့ကြလေသလော' ဟု ပြောဆို (မေးမြန်း) ခဲ့၏။

إِنِّي لَكُمْ رَسُولٌ أَمِينٌ ﴿١٧٨﴾

၂၆ : ၁၇၈ ။ ။ 'ကေန်စင်စစ် ငါသည် အသင်တို့အဖို့ ယုံကြည်စိတ်ချအပ်သော ရစူလ်တမန်တော်တစ်ပါးပင် ဖြစ်၏'

فَٱتَّقُوا۟ ٱللَّهَ وَأَطِيعُونِ ﴿١٧٩﴾

၂၆ : ၁၇၉ ။ ။ 'သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်ကိုသာလျှင် ကြောက်ရွံ့ကြလေကုန်။ ၎င်းပြင် အသင်တို့သည် ငါ၏ အမိန့်ကို လိုက်နာကြလေကုန်။'

وَمَآ أَسْـَٔلُكُمْ عَلَيْهِ مِنْ أَجْرٍ ۖ إِنْ أَجْرِىَ إِلَّا عَلَىٰ رَبِّ ٱلْعَٰلَمِينَ ﴿١٨٠﴾

၂၆ : ၁၈၀ ။ ။ 'စင်စစ် ငါသည် ဤ (အမိန့်တော် ပို့ဆောင်ခြင်း) စပ်လျဉ်း၍ အသင်တို့ထံ မည်သည့်အကျိုးတစ်စုံတစ်ရာ ကိုမျှ တောင်းဆိုသည်မဟုတ်ပေ။ ငါ့အား အကျိုး (အဖိုးအခ) ပေးရန် တာဝန်မှာ စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူ တော်မူသော အသျှင်မြတ်၏ တာဝန်သာ ဖြစ်ပေသည်။'

أَوْفُوا۟ ٱلْكَيْلَ وَلَا تَكُونُوا۟ مِنَ ٱلْمُخْسِرِينَ ﴿١٨١﴾

၂၆ : ၁၈၁ ။ ။ 'အသင်တို့သည် (တောင်း၊ တင်း၊ ခွက် အစရှိသော) ပမာဏ အခြင်အတွယ်များကို အပြည့် (ခြင်တွယ်၍) ပေးကြလေကုန်။ ၎င်းပြင် အသင်တို့သည် (သူတစ်ပါးတို့အား) ဆုံးရှုံးစေအောင် ပြုလုပ်သောသူတို့တွင် အပါအဝင် မဖြစ် ကြကုန်လင့်။'

وَزِنُوا۟ بِٱلْقِسْطَاسِ ٱلْمُسْتَقِيمِ ﴿١٨٢﴾

၂၆ : ၁၈၂ ။ ။ '၎င်းပြင် အသင်တို့သည် မှန်ကန်သော (သရာဇူ) ချိန်ခွင်ဖြင့် ချိန်တွယ်ကြလေကုန်။'

وَلَا تَبْخَسُوا النَّاسَ أَشْيَاءَهُمْ وَلَا تَعْثَوْا فِي الْأَرْضِ مُفْسِدِينَ ﴿١٨٣﴾

၂၆ : ၁၈၃ ။ ။ 'ၚင်းပြင် အသင်တို့သည် လူတို့အား ၎င်းတို့၏ ဝတ္ထုပစ္စည်းများကို လျှော့၍ မပေးကြကုန်လင့်။ ထို့ပြင် အသင်တို့သည် တိုင်းပြည်တွင် ဖျက်ဆီးသူများအဖြစ် သွားလာလှုပ်ရှား သောင်းကျန်းခြင်းကို မပြုလုပ်ကြကုန်လင့်။

وَاتَّقُوا الَّذِي خَلَقَكُمْ وَالْجِبِلَّةَ الْأَوَّلِينَ ﴿١٨٤﴾

၂၆ : ၁၈၄ ။ ။ 'ထို့ပြင် အသင်တို့သည် မိမိတို့အားလည်းကောင်း၊ ရှေးဟောင်းအဖန်ဆင်းခံတို့အားလည်းကောင်း၊ (တစ်နည်း) ရှေးအဆက်အနွယ်တို့အား လည်းကောင်း ဖန်ဆင်းတော်မူသော အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်' ဟု ပြောကြားခဲ့၏။

قَالُوا إِنَّمَا أَنْتَ مِنَ الْمُسَحَّرِينَ ﴿١٨٥﴾

၂၆ : ၁၈၅ ။ ။ ၎င်း (အမျိုးသား) တို့က '(အို၊ ရှုအိုက်ဗ်) အသင်သည် ပြင်းထန်စွာ စုန်းပြုစားခြင်း ခံရသူတစ်ဦးပင် ဖြစ်ပေသည်' ဟု ပြောဆိုခဲ့ကြကုန်၏။

وَمَا أَنْتَ إِلَّا بَشَرٌ مِثْلُنَا وَإِنْ نَظُنُّكَ لَمِنَ الْكَاذِبِينَ ﴿١٨٦﴾

၂၆ : ၁၈၆ ။ ။ 'စင်စစ် အသင်သည် ကျွန်ုပ်တို့ကဲ့သို့ပင် လူသားတစ်ဦးမျှသာ၊ အခြား (ဘာမျှ) မဟုတ်ပြီ။ ၎င်းပြင် ကေန်စင်စစ် ကျွန်ုပ်တို့သည် အသင့်အား မုသာဝါဒီတို့အနက် တစ်ဦးအပါအဝင် ဖြစ်သည်ဟူ၍ ထင်မှတ်ကြကုန်၏။'

فَأَسْقِطْ عَلَيْنَا كِسَفًا مِنَ السَّمَاءِ إِنْ كُنْتَ مِنَ الصَّادِقِينَ ﴿١٨٧﴾

၂၆ : ၁၈၇ ။ ။ 'သို့ဖြစ်ပေရာ အသင်သည် သစ္စာဝါဒီတို့တွင် (တစ်ဦး) အပါအဝင်ဖြစ်ပါမူ၊ ကျွန်ုပ်တို့အပေါ်၌ မိုးကောင်းကင်၏ အစိတ်အပိုင်းတစ်ခုခု ကျလာအောင် အသင်ပြုလုပ်ပါလေ။'

قَالَ رَبِّي أَعْلَمُ بِمَا تَعْمَلُونَ ﴿١٨٨﴾

၂၆ : ၁၈၈ ။ ။ ၎င်း (ရှုအိုက်ဗ်) က 'ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အသင်တို့ ပြုမူကြသည်ကို ကောင်းစွာ သိရှိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်' ဟု ပြောကြားခဲ့၏။

فَكَذَّبُوهُ فَأَخَذَهُمْ عَذَابُ يَوْمِ الظُّلَّةِ إِنَّهُ كَانَ عَذَابَ يَوْمٍ عَظِيمٍ ﴿١٨٩﴾

၂၆ : ၁၈၉ ။ ။ ထို့ နောက် ယင်း (အမျိုးသား) တို့သည် ၎င်း (ရှုအိုက်ဗ်) အား မဟုတ်မမှန်ဟူ၍ပင် စွပ်စွဲခဲ့ကြလေရာ (နောက်ဆုံးတွင်) ၎င်းတို့အား မိုးတိမ်များ ကျလာသောနေ့၏ အပြစ်ဒဏ်သည် ဖမ်းဆီးကွပ်မျက်ခဲ့၏။ ကေန်မလွဲ ယင်းပြစ်ဒဏ်သည် ကြီးကျယ်သော ကြောက်မက်ဖွယ်ရာ ကောင်းသည့်) နေ့၏ ပြစ်ဒဏ်ပင် ဖြစ်ခဲ့၏။

إِنَّ فِي ذَٰلِكَ لَآيَةً ۖ وَمَا كَانَ أَكْثَرُهُم مُّؤْمِنِينَ ﴿١٩٠﴾

၂၆ : ၁၉၀ ။ ။ ကေန်စင်စစ် ဤသည့် (ဖြစ်ရပ်) ၌ (ကြီးကျယ်လှစွာသော) သင်ခန်းစာတစ်ရပ်သည် ရှိခဲ့၏။ သို့ရာတွင် ၎င်း (မဒ္ယာန်မြို့သား ကာဖိရ်) တို့အနက် မြောက်မြားစွာသော သူတို့မှာမူ မုအ်မင်န်သက်ဝင် ယုံကြည်ကြမည့်သူများ မဟုတ်ကြပေ။

وَإِنَّ رَبَّكَ لَهُوَ الْعَزِيزُ الرَّحِيمُ ﴿١٩١﴾

၂၆ : ၁၉၁ ။ ။ ကေန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အလွန်တရာ လွှမ်းမိုးတော်မူသော အသျှင်၊ အလွန်တရာ ကရုဏာပြုတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အိုက်ကားဟ်) တောအုပ်၌ နေထိုင်ကြကုန်သော အမျိုးသားတို့သည် (လည်း အကြင်သူတို့၏ အကြောင်း စူရာဟ်ဟိဂ်ျရ်၏ နောက်ဆုံးပိုင်း၌ တင်ပြထားပြီး ဖြစ်သည်။) ရစူလ်တမန်တော်တို့အား မဟုတ် မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။ (အစ္ဖ်ဟားဗုလ်အိုက်ကားသည် 'မဒ်ယားန်' မျိုးနွယ်ဝင်များကိုပင် ဆိုလိုသည်။ ၎င်းတို့ထံ အသျှင်မြတ်သည် တမန်တော်ရှုအိုက်ဗ် ﷺ အား စေလွှတ်တော်မူခဲ့၏။)

အကြင်အခါဝယ် ၎င်းတို့အား (နဗီတမန်တော်) ရှုအိုက်ဗ်က (အချင်းတို့) 'အသင်တို့သည် (အလ္လာဟ် အသျှင်မြတ်အား) မကြောက်ရွံ့ကြလေသလော' ဟု ပြောဆို (မေးမြန်း) ခဲ့၏။

ကေန်စင်စစ် ငါသည် အသင်တို့အဖို့ ယုံကြည်စိတ်ချအပ်သော ရစူလ်တမန်တော်တစ်ပါးပင် ဖြစ်၏။ သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်ကိုသာလျှင် ကြောက်ရွံ့ကြလေကုန်။ ၎င်းပြင် အသင်တို့သည် ငါ၏ အမိန့်ကို လိုက်နာကြလေကုန်။ စင်စစ် ငါသည် ဤ (အမိန့်တော်ပို့ဆောင်ခြင်း) နှင့် စပ်လျဉ်း၍ အသင်တို့ထံ မည်သည့်အကျိုး တစ်စုံတစ်ရာကိုမျှ တောင်းဆိုသည် မဟုတ်ပေ။ ငါ့အား အကျိုး (အဖိုးအခ) ပေးရန် တာဝန်မှာ စကြဝဠာခပ်သိမ်းတို့ကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ တာဝန်သာ ဖြစ်ပေသည်။ အသင်တို့သည် (တောင်း၊ တင်း၊ ခွက် အစရှိသော) ပမာဏအခြင်အတွယ်များကို အပြည့် (ခြင်တွယ်၍) ပေးကြလေကုန်။ ၎င်းပြင် အသင်တို့သည် (ပိုင်ဆိုင်ခွင့်ရှိသော သူတစ်ပါးတို့အား) ဆုံးရှုံး စေအောင် ပြုလုပ်သောသူတို့တွင် အပါအဝင် မဖြစ်ကြကုန်လင့်။

၎င်းပြင် (ဤသို့ပင် ချိန်တွယ်ပေးသော အရာများ၌လည်း) အသင်တို့သည် မှန်ကန်သော (သရာဇူ) ချိန်ခွင်ဖြင့် ချိန်တွယ်ကြလေကုန်။ (ဆိုလိုသည်မှာ တစ်ဖက်စောင်းနင်း မချိန်တွယ်လေနှင့်။ ထို့ပြင် အလေးများ၌ ကွဲပြားခြားနားမှု များကို မပြုထားကြနှင့်။) ၎င်းပြင် အသင်တို့သည် လူတို့အား ၎င်းတို့၏ ဝတ္ထုများကို လျှော့၍ မပေးကြကုန်လင့်။ ထို့ပြင် အသင်တို့သည် တိုင်းပြည်တွင် ဖျက်ဆီးသူများအဖြစ် သွားလာလှုပ်ရှား သောင်းကျန်းခြင်းကို မပြုလုပ်ကြကုန်လင့်။

'ထို့ပြင် အသင်တို့သည် မိမိတို့အားလည်းကောင်း၊ ရှေးသူဟောင်း အဖန်ဆင်းခံတို့အားလည်းကောင်း (တစ်နည်း) ရှေးအဆက်အနွယ်တို့အားလည်းကောင်း ဖန်ဆင်းတော်မူသော (စွမ်းဆောင်နိုင်တော်မူသည့်) အသျှင်မြတ်အား ကြောက်ရွံ့ကြလေကုန်' ဟု ပြောကြားခဲ့၏။

၎င်း (အမျိုးသား) တို့က (အို၊ ရှုအိုက်ဗ်) အသင်သည် ပြင်းထန်စွာ စုန်းပြုစားခြင်း ခံရသူတစ်ဦးပင် ဖြစ်ပေသည်။ (အကြင်ကဲ့သို့ အပြုစားခြင်း ခံရသည့်အတွက်ကြောင့် ဦးနှောက်အသိဉာဏ်သည် ပျက်သုဉ်းကာ နဗီဖြစ်ကြောင်းကို ကြွေးကြော်နေပေတော့သည်) ဟု ပြောဆိုခဲ့ကြကုန်၏။

စင်စစ် အသင်သည် ကျွန်ုပ်တို့ကဲ့သို့ပင် (သာမန်) လူသားတစ်ဦးမှအပ အခြား (မည်သည့်အရာမျှ မဟုတ်ပြီ။ ၎င်းပြင် ဧကန်စင်စစ် ကျွန်ုပ်တို့သည် အသင့်အား မုသာဝါဒီတို့အနက် တစ်ဦးအပါအဝင် ဖြစ်သည်ဟူ၍ ထင်မှတ်ကြကုန်၏။ သို့ဖြစ်ပေရာ အသင်သည် သစ္စာဝါဒီတို့တွင် (တစ်ဦး) အပါအဝင်ဖြစ်ပါမူ၊ ကျွန်ုပ်တို့အပေါ်၌ မိုးကောင်းကင်၏ အစိတ်အပိုင်းတစ်ခုခု ကျလာအောင် အသင် ပြုလုပ်ပါလေ။ (သို့မှသာ ကျွန်ုပ်တို့သည် 'အသင် အမှန်တကယ် နဗီဖြစ်သည်။ အသင့်အား စွပ်စွဲငြင်းဆိုခြင်းကြောင့် ကျွန်ုပ်တို့အား အပြစ်ဒဏ် ခတ်လိုက်ကြောင်း' ကို သိရှိရန် ဖြစ်သည်။)

၎င်း (ရှုအိုက်ဗ် عليه السلام) က '(ကျွန်ုပ်သည် 'အဇားဗ်' အပြစ်ဒဏ်ကို ယူဆောင်လာသူ သို့မဟုတ် ထိုပြစ်ဒဏ်၏ အခြေအနေကို သတ်မှတ်နိုင်သူ မည်ကဲ့သို့ ဖြစ်နိုင်အံ့နည်း။) ကျွန်ုပ်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည်ပင် ဖြစ်တော်မူပေသည်' ဟု ပြောကြားခဲ့၏။ (လုပ်ရပ်နှင့် ကိုက်ညီစွာ ပြစ်ဒဏ်နှင့် အချိန်ဆိုက်ရောက်စေတော်မူမည်။ ထိုအသျှင်မြတ်သည်သာလျှင် သိရှိတော်မူ၍ ရွေးချယ်ပိုင်ဆိုင်ခွင့်ရှိပေသည်။) ထို့နောက် ယင်း (အမျိုးသား) တို့သည် ၎င်း (ရှုအိုက်ဗ်) အား မဟုတ်မမှန်ဟူ၍ (စဉ်တိုက်ဆက်တိုက်) စွပ်စွဲခဲ့ကြပေရာ (နောက်ဆုံးတွင်) ၎င်းတို့အား မိုးတိမ်များ ကျလာသောနေ့၏ အပြစ်ဒဏ်ဖြင့် ဖမ်းဆီးကွပ်မျက်ခဲ့၏။ ဧကန်မလွဲ ယင်းပြစ်ဒဏ်သည် ကြီးကျယ်သော (ကြောက်မက်ဖွယ်ရာကောင်းသည့်) နေ့၏ ပြစ်ဒဏ်ပင် ဖြစ်ခဲ့၏။ ဧကန်စင်စစ် ဤသည့် (ဖြစ်အင်) ၌ (ကြီးကျယ်လှစွာသော) သင်ခန်းစာတစ်ရပ်သည် ရှိခဲ့၏။ သို့ရာတွင် (ထိုအချက်ကို သိရှိနေသည့် ကြားကတည်းကပင်) ၎င်း (မဒ္ဒယန်မြို့သား ကာဖိရ်တို့) အနက် မြောက်မြားစွာသော သူတို့မှာမူ မုအ်မင်န်သက်ဝင် ယုံကြည်ကြမည့်သူများ မဟုတ်ကြပေ။ ('အဇားဗ်' ပြစ်ဒဏ်ကို ချပေးတော်မူနိုင်ပေရာ သို့ရာတွင် နှောင့်ဆိုင်းခွင့်ကို ပေးထားပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وَزِنُوا بِالْقِسْطَاسِ الْمُسْتَقِيمِ ۝١٨٢

၎င်းပြင် အသင်တို့သည် မှန်ကန်သော (သရာဇူ) ချိန်ခွင်ဖြင့် ချိန်တွယ်ကြလေကုန်။ *[၂၆ : ၁၈၂]*

'ကစ္စ်သွားစ်'ဟူသော စကားလုံးကို အချို့သော အာလင်မ်သာသနာ့ပညာရှင်များသည် ရောမစကားလုံးဟူ၍ သတ်မှတ်ထားပေသည်။ အကြင်စကားလုံး၏ အဓိပ္ပာယ်မှာ 'တရားမျှတခြင်း'ဟူ၍ ရရှိ၏။ အချို့သော အာလင်မ်သာသနာ့ပညာရှင်များသည် 'ကီစ်သူးန်'ဟူသော စကားလုံးမှ ခွဲထွက်လာကြောင်း မိန့်မြွက်ထားပေသည်။ ယင်းစကားလုံး၏ အဓိပ္ပာယ်မှာလည်း 'တရားမျှတခြင်း'ဟူ၍ ဖြစ်၏။ အလိုသဘောမှာ ဤသို့တည်း။ 'သရာဇူချိန်ခွင်ကဲ့သို့ပင် အခြားချိန်တွယ်၊ ချင်တွယ်သော အကြောင်းခံပစ္စည်း ကိရိယာများကို တည့်မတ်မှန်ကန်စွာ အသုံးပြုကြကုန်။ အကြင်ကဲ့သို့ အသုံးပြုရာ၌ လျှော့နည်း၊ နည်းပါးစေခြင်း၏ စိုးရိမ်ဖွယ်အချက် မတည်ရှိစေရ။'

وَلَا تَبْخَسُوا النَّاسَ أَشْيَاءَهُمْ وَلَا تَعْثَوْا فِي الْأَرْضِ مُفْسِدِينَ ﴿١٨٣﴾

ငှင်းပြင် အသင်တို့သည် လူတို့အား ၎င်း၏ ဝတ္ထုပစ္စည်းများကို လျှော့၍ မပေးကြကုန်လင့်။

[၂၆ : ၁၈၃]

အလိုသဘောမှာ ဤသို့တည်း။ ခံဝန်ကတိနှင့်အညီ ချိန်တွယ်၊ ချင်တွယ်သော အရာ၌ဖြစ်စေ၊ သို့မဟုတ် အခြားအရာ၌ဖြစ်စေ၊ အခြားတစ်ဦးတစ်ယောက် ပိုင်ဆိုင်သော အခွင့်အရေးကို ထို့ထက် နည်းပါးအောင်ပြုခြင်း 'ဟရာမ်'ဖြစ်သည်။

အထက်ပါရှင်းလင်းချက်မှ 'အမှုထမ်း၊ အလုပ်သမားတစ်ဦးသည် မိမိ၏ တာဝန်ချိန်ကို ခိုးပေသည်။ အချိန်ကို လျှော့နည်းစွာဖြင့် ထမ်းဆောင်သည်။ ၎င်းသည်လည်း ထိုခြိမ်းခြောက်ချက်အတွင်း၌ ပါဝင်နေပေသည်' ဟူသော အချက်ကို သိရှိရပေသည်။ အေမာမ်မာလစ်ကဲသခင်ကြီးသည် မုအတ်သ္ဂဲသွာကျမ်း၌ ဆင့်ပြန်ချက်တစ်ရပ်ကို ဆင့်ပြန်ထားသည်။ ဟဇရတ်အုမရ်ဖာရူးက် ﷺ သခင်ကြီးသည် လူတစ်ဦးကို 'အဆွရ်' နမာဇ်၌ မပါဝင်သည်ကို တွေ့မြင်ပေသည်။ မည်သည့်အကြောင်းရင်းကြောင့် မပါဝင်ကြောင်းကို မေးမြန်းရာ ၎င်းက အချို့အကြောင်းပြချက် တစ်စုံတစ်ရာကို တင်ပြပေသည်။ သို့ရှိရာ ဟဇရတ်အုမရ်ဖာရူးက် သခင်ကြီးက طَفَّفْتَ (အသင်သည် ချိန်တွယ်ရာ၌ လျှော့နည်းမှုကို ပြုခဲ့သည်) ဟု မိန့်ဆိုလိုက်သည်။ သို့ဆိုလျှင် နမာဇ်သည် တစ်စုံတစ်ရာ ချိန်တွယ်သည့်အရာမဟုတ်ပေ။ ထို့ကြောင့် ဟဒီးစ်ကို ဆင့်ပြန်ကာ အေမာမ်မာလိက်သခင်ကြီးသည် وَفَاءٌ وَتَطْفِيفٌ (အမှန်တရားဖြင့် ပြုခြင်း၊ မပြုခြင်းသည် အရာတိုင်း၌ ပါဝင်သည်) ဟု မိန့်တော်မူပေသည်။ ဆိုလိုသည်မှာ ဤအမိန့်သည် ချိန်တွယ်၊ ချင်တွယ်ခြင်းနှင့်သာ အထူးပြုထားသည် မဟုတ်ဘဲ အခြားတစ်ဦးတစ်ယောက်နှင့် စပ်လျဉ်း၍ ရယူပိုင်ဆိုင်ခွင့်ရှိသော အခွင့်အရေး၌ လျှော့နည်းစေခြင်းသည် မည်သည့်ပုံစံတစ်ရပ်၌ မဆို 'သဒ္ဒ်ဖီးယ်'အတွင်း၌ ပါဝင်ပေသည်။ အကြင်အချက်အကြောင်းအရာသည် 'ဟရာမ်'ဖြစ်ကြောင်း وَيْلٌ لِّلْمُطَفِّفِينَ (၈၃:၁) ၌ တင်ပြထားပေသည်။

အလ္လာဟ်အသျှင်မြတ်၏ တရားခံသည့် ၎င်းအဖို့ ဝရမ်းထုတ်ရန် မလိုအပ်ဘဲ မိမိခြေထောက်ဖြင့် 'အဇာဗ်' ရှိရာဆီသို့ လာရောက်ခြင်းအကြောင်း

فَاَخَذَ هُمْ عَذَا بُ يَوْمِ الظُّلَّةِ

နောက်ဆုံးတွင် ၎င်းတို့အား မိုးတိမ်များ ကျလာသောနေ့၏ ပြစ်ဒဏ်သည် ဖမ်းဆီးကွပ်မျက်ခဲ့၏။

[၂၆ : ၁၈၉]

မိုးတိမ်များ ကျရောက်လာသော နေ့၏ ပြစ်ဒဏ်၏ ဤအထက်တင်ပြပါ အာယသ်တော်အတွင်း၌ လာရှိထားပေသည်။ ထိုပြစ်ဒဏ် ကျရောက်လာပုံ၏ ဖြစ်အင်မှာ ဤသို့တည်း။ အလ္လာဟ်အသျှင်မြတ်သည် ထိုအမျိုးသားတို့အပေါ် 'အိမ်အတွင်း၌လည်း မနေနိုင်သကဲ့သို့ အိမ်ပြင်ဘက်၌လည်း မနေနိုင်လောက်အောင်သော ပူပြင်းမှုကို လွှမ်းမိုးချပေးတော်မူလိုက်ပေသည်။ တစ်ဖန် ယင်းအမျိုးသားတို့ နေထိုင်ရာ နီးစပ်သော တောတစ်တော၌ ထူထပ်သော မိုးတိမ်တိုက်တစ်ခုကို စေလွှတ်ပေးလိုက်ပေသည်။ အကြင်မိုးတိမ်အောက်၌ အေးမြသောလေထု ရှိနေပေသည်။ တစ်မျိုးသားလုံးသည် ပူလောင်မှုဒဏ်ကြောင့် သောကဝေဖြာနေရာ အားလုံး ပြေးလွှားလာကာ ထိုမိုးတိမ်၏ အောက်၌ နေရာယူလိုက်ကြပေသည်။ တစ်မျိုးသားလုံး မိုးတိမ်တိုက်၏ အောက်သို့ ရောက်ရှိလာသောအခါ ထိုမိုးတိမ်သည် ၎င်းတို့အပေါ် ရေအစား မီးများကို ရွာသွန်းပေးလေသည်။ အကြင်မီးကြောင့် လောင်ကျွမ်းခဲ့ရပေသည်။ [ရှူးဟ်]

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَاِنَّهٗ لَتَنۡزِيۡلُ رَبِّ الۡعٰلَمِيۡنَ ﴿١٩٢﴾

[၂၆ : ၁၉၂] ။ ။ ၎င်းပြင် ဧကန်မလွဲ ဤ (ကုရ်အာန်ကျမ်းတော်မြတ်) သည် စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ် ချပေးတော်မူ (သည့် ကျမ်းဂန်ပင် ဖြစ်) ၏။

نَزَلَ بِهِ الرُّوۡحُ الۡاَمِيۡنُ ﴿١٩٣﴾

[၂၆ : ၁၉၃] ။ ။ 'အရ်ရူဟုလ်အမီး' (ယုံကြည်စိတ်ချအပ်သော ဝိညာဉ်တော်ဖြစ်သည့်) ကောင်းကင်တမန်တော် (ဂျိဗ်ရာအီလ်) သည် ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) ကို ယူဆောင်ချပေးခဲ့လေသည်။

عَلٰى قَلۡبِكَ لِتَكُوۡنَ مِنَ الۡمُنۡذِرِيۡنَ ﴿١٩٤﴾

[၂၆ : ၁၉၄] ။ ။ အသင်သည် သတိပေးနှိုးဆော်သူတို့တွင် အပါအဝင်ဖြစ်ရန်အလို့ငှာ၊ ယင်း (ကျမ်းတော်မြတ်) ကို အသင်၏ စိတ်နှလုံးအတွင်းသို့ ထည့်သွင်းပေးတော်မူ၏။

بِلِسَانٍ عَرَبِيٍّ مُّبِينٍ ﴿١٩٥﴾

၂၆ : ၁၉၅ ။ ။ (ဤကျမ်းတော်ကို) ရှင်းလင်းသော အာရဗီဘာသာဖြင့် ထုတ်ပြန်တော်မူ၏။

وَإِنَّهُ لَفِي زُبُرِ الْأَوَّلِينَ ﴿١٩٦﴾

၂၆ : ၁၉၆ ။ ။ ၎င်းပြင် ဧကန်အမှန် ယင်း (ကုရ်အာန်ကျမ်းတော်မြတ်၏ အကြောင်း) မှာ ရှေးလူဟောင်းတို့၏ ကျမ်းဂန်များ၌ (လည်း) ပါရှိ၏။

أَوَلَمْ يَكُن لَّهُمْ آيَةً أَن يَعْلَمَهُ عُلَمَاءُ بَنِي إِسْرَائِيلَ ﴿١٩٧﴾

၂၆ : ၁၉၇ ။ ။ အိစ်ရာအီးလ် အမျိုးသားတို့အနက်မှ ပညာရှင်များသည် ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) ကို သိရှိကြခြင်းမှာ၊ ၎င်း (ကုရိုက်ရှ်မျိုးနွယ်ဝင်) တို့အဖို့ (လုံလောက်သော) သက်သေသာဓက မဖြစ်ခဲ့လေသလော။

وَلَوْ نَزَّلْنَاهُ عَلَىٰ بَعْضِ الْأَعْجَمِينَ ﴿١٩٨﴾

၂၆ : ၁၉၈ ။ ။ စင်စစ် အကယ်၍သာ ငါအသျှင်မြတ်သည် ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) ကို အာရဗ်အမျိုးသားမဟုတ်သူ တစ်ဦးတစ်ယောက်၏ အပေါ်၌ ချပေးခဲ့တော်မူခဲ့အံ့။

فَقَرَأَهُ عَلَيْهِم مَّا كَانُوا بِهِ مُؤْمِنِينَ ﴿١٩٩﴾

၂၆ : ၁၉၉ ။ ။ ထို့နောက်တစ်ဖန် ထိုသူသည် ၎င်း (ကုရိုက်ရှ်မျိုးနွယ်ဝင်) တို့ ရှေ့ဝယ်၊ ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) ကို ဖတ်ကြားခဲ့အံ့။ သို့တစေလည်း ၎င်း (မက္ကာဟ်မြို့သား ကာဖိရ်) တို့သည် ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) ကို ယုံကြည်ကြမည့်သူများ မဟုတ်ပေ။

كَذَٰلِكَ سَلَكْنَاهُ فِي قُلُوبِ الْمُجْرِمِينَ ﴿٢٠٠﴾

၂၆ : ၂၀၀ ။ ။ ငါအသျှင်မြတ်သည် ဤနည်းအတိုင်းပင် ပြစ်မှုကျူးလွန်သူတို့၏ စိတ်တွင်းဝယ် ယင်းငြင်းပယ်မှုကို ထည့်သွင်းတော်မူခဲ့၏။

لَا يُؤْمِنُونَ بِهِ حَتَّىٰ يَرَوُا الْعَذَابَ الْأَلِيمَ ﴿٢٠١﴾

၂၆ : ၂၀၁ ။ ။ ၎င်းတို့သည် အပြင်းအထန် နာကျင်ဖွယ်ရာဖြစ်သော ပြစ်ဒဏ်ကို (မျက်ဝါးထင်ထင်) မမြင်ကြရသမျှကာလပတ်လုံး၊ ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) ကို ယုံကြည်ကြမည် မဟုတ်ပေ။

فَيَأْتِيَهُم بَغْتَةً وَهُمْ لَا يَشْعُرُونَ ﴿٢٠٢﴾

၂၆ : ၂၀၂ ။ ။ စင်စစ် ယင်းပြစ်ဒဏ်သည် ၎င်းတို့ထံသို့ ၎င်းတို့ မသိရှိကြခိုက်၊ ရုတ်တရက် ရောက်ရှိ၍ လာပေမည်။

فَيَقُولُوا هَلْ نَحْنُ مُنظَرُونَ ۝٢٠٣

၂၆ : ၂၀၃ ။ ။ ထိုအခါ ၎င်းတို့က 'ကျွန်တော်မျိုးတို့သည် ရွှေ့ဆိုင်းခွင့် ရရှိကြပါမည်လော' ဟု ပြောဆိုကြပေမည်။

أَفَبِعَذَابِنَا يَسْتَعْجِلُونَ ۝٢٠٤

၂၆ : ၂၀၄ ။ ။ သို့ပါလျက် ၎င်းတို့က ငါအသျှင်မြတ်၏ ပြစ်ဒဏ်ကို အလျင်စလို တောင်းဆိုကြလေသလော။

أَفَرَأَيْتَ إِن مَّتَّعْنَاهُمْ سِنِينَ ۝٢٠٥

၂၆ : ၂၀၅ ။ ။ အသင်သည် စဉ်းစားဆင်ခြင်ခဲ့လေသလော။ အကယ်၍ ငါအသျှင်မြတ်သည် ၎င်းတို့အား နှစ်ကာလ ကြာရှည်စွာ အကျိုးခံစားခွင့် ပေးတော်မူခဲ့ပါလျှင်။

ثُمَّ جَاءَهُم مَّا كَانُوا يُوعَدُونَ ۝٢٠٦

၂၆ : ၂၀၆ ။ ။ ထို့နောက် ၎င်းတို့ထံသို့ ချိန်းချက်ခံရသော အရာ (အပြစ်ဒဏ်) သည် ရောက်ရှိလာခဲ့လျှင်။

مَا أَغْنَىٰ عَنْهُم مَّا كَانُوا يُمَتَّعُونَ ۝٢٠٧

၂၆ : ၂၀၇ ။ ။ ထိုအခါ ၎င်းတို့အဖို့ ၎င်းတို့ အကျိုးခံစားခွင့် ရရှိခဲ့ကြသော အရာ (လောကီစည်းစိမ်) များသည် မည်သို့မျှ အသုံးဝင်မည် မဟုတ်ပေ။

وَمَا أَهْلَكْنَا مِن قَرْيَةٍ إِلَّا لَهَا مُنذِرُونَ ۝٢٠٨

၂၆ : ၂၀၈ ။ ။ စင်စစ် ငါအသျှင်မြတ်သည် မြို့ရွာတိုင်းရှိ လူမျိုးတစ်မျိုးအား သတိပေးနှိုးဆော်သူ (တမန်တော်) များကို စေလွှတ်တော်မမူဘဲ၊ ၎င်း (အမျိုးသား) တို့ကို မည်သည့်အခါမျှ ဖျက်ဆီးတော်မမူပေ။

ذِكْرَىٰ وَمَا كُنَّا ظَالِمِينَ ۝٢٠٩

၂၆ : ၂၀၉ ။ ။ (ထိုမြို့သူမြို့သားတို့အား) ဆုံးမသြဝါဒ သတိပေးနှိုးဆော်ရန်သာ ဖြစ်၏။ စင်စစ် ငါအသျှင်မြတ်သည် မတရားသဖြင့် နှိပ်စက်ညှဉ်းပန်းတော်မူသော အသျှင်မြတ် မဟုတ်ပေ။

وَمَا تَنَزَّلَتْ بِهِ الشَّيَاطِينُ ۝٢١٠

၂၆ : ၂၁၀ ။ ။ စင်စစ် ဤ (ကုရ်အာန်ကျမ်းတော်မြတ်) ကို ရှိုက်သွာန်များ ဆောင်ကြဉ်းခဲ့ကြသည် မဟုတ်ပေ။

وَمَا يَنۢبَغِي لَهُمۡ وَمَا يَسۡتَطِيعُونَ ٢١١

၂၆ : ၂၁၁ ။ ။ ၎င်းပြင် ထို (ကုရ်အာန်) ကို ယူဆောင်လာခြင်း ကိစ္စသည် ၎င်းတို့နှင့် (မည်သို့မျှ) အပ်စပ်ခြင်းလည်း မရှိပေ။ ၎င်းတို့သည် (ယူဆောင်လာရန်) တတ်စွမ်းနိုင်ကြသည်လည်း မဟုတ်ပေ။

إِنَّهُمۡ عَنِ ٱلسَّمۡعِ لَمَعۡزُولُونَ ٢١٢

၂၆ : ၂၁၂ ။ ။ စင်စစ်အမှန် ၎င်း (ရှိုက်သွာန်) များသည် (ကုရ်အာန်ကျမ်းတော်မြတ်ကို) ကြားနာခြင်းမှ အမှန်ပင် ပယ်ရှားခြင်း ခံခဲ့ကြရပြီး ဖြစ်ကုန်၏။

فَلَا تَدۡعُ مَعَ ٱللَّهِ إِلَٰهًا ءَاخَرَ فَتَكُونَ مِنَ ٱلۡمُعَذَّبِينَ ٢١٣

၂၆ : ၂၁၃ ။ ။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် အလ္လာဟ်အသျှင်မြတ်နှင့်အတူ အခြားမည်သည့် ကိုးကွယ်ရာကိုမျှပင် ဟစ်ခေါ်တသခြင်း မပြုပါလေနှင့်။ ထိုသို့ ပြုခဲ့ပါလျှင်၊ အသင်သည်လည်း ပြစ်ဒဏ်ပေးခြင်း ခံကြရသူတို့တွင် အပါအဝင် ဖြစ်သွားပေမည်။

وَأَنذِرۡ عَشِيرَتَكَ ٱلۡأَقۡرَبِينَ ٢١٤

၂၆ : ၂၁၄ ။ ။ ၎င်းပြင် အသင်သည် မိမိနှင့် နီးစပ်သော ဆွေမျိုးသားချင်းတို့ကို သတိပေး နှိုးဆော်ပါလေ။

وَٱخۡفِضۡ جَنَاحَكَ لِمَنِ ٱتَّبَعَكَ مِنَ ٱلۡمُؤۡمِنِينَ ٢١٥

၂၆ : ၂၁၅ ။ ။ ထို့ပြင် အသင်သည် မိမိ၏ နောက်သို့ လိုက်ကြသော မုအ်မင်န်သက်ဝင် ယုံကြည်သူတို့၏ ရှေ့ဝယ် (၎င်းတို့အား ကရုဏာထားရှိသောအားဖြင့်) ကျိုးနွံစွာ ဆက်ဆံပါလေ။

فَإِنۡ عَصَوۡكَ فَقُلۡ إِنِّي بَرِيٓءٞ مِّمَّا تَعۡمَلُونَ ٢١٦

၂၆ : ၂၁၆ ။ ။ သို့ရာတွင် အကယ်၍ ၎င်းတို့သည် အသင်၏ အမိန့်ကို ဖီဆန်ခဲ့ကြပါလျှင် အသင်သည် (၎င်းတို့အား) 'စင်စစ်မလွဲ ငါသည် အသင်တို့၏ အပြုအမူတို့မှ ကင်းလွတ်သည်' ဟု ပြောကြားပါလေ။

وَتَوَكَّلۡ عَلَى ٱلۡعَزِيزِ ٱلرَّحِيمِ ٢١٧

၂၆ : ၂၁၇ ။ ။ ထို့ပြင် အသင်သည် အလွန်တရာ အားအင်ပြည့်စုံတော်မူသော၊ အလွန်တရာ သနားကရုဏာပြုတော်မူသော အသျှင်မြတ်အပေါ်၌သာ ယုံပုံအားထားပါလေ။

الَّذِي يَرَاكَ حِينَ تَقُومُ ﴿٢١٨﴾

၂၆ : ၂၁၈ ။ ။ အကြင် အသျှင်မြတ်သည် အသင် ('ဆွလားသ်' ဝတ်ပြုရန်) မတ်တတ်ရပ်သောအခါ အသင့်အား မြင်တော်မူ၏။

وَتَقَلُّبَكَ فِي السَّاجِدِينَ ﴿٢١٩﴾

၂၆ : ၂၁၉ ။ ။ ထို့နည်းတူစွာ (ထိုအသျှင်မြတ်) 'ဆွလားသ်' ဝတ်ပြုသူတို့တွင် 'စဂျ်ဒဟ်' ဦးချသူတို့၌ အသင်၏ [ထိုင်ခြင်း၊ ထခြင်း] ပါဝင်လှုပ်ရှားမှုကိုလည်း (မြင်တော်မူ၏။)

إِنَّهُ هُوَ السَّمِيعُ الْعَلِيمُ ﴿٢٢٠﴾

၂၆ : ၂၂၀ ။ ။ ကေန်မလွဲ ထိုအသျှင်မြတ်သည်သာလျှင် အလွန်တရာ ကြားတော်မူသော အသျှင်၊ အလွန်တရာ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

هَلْ أُنَبِّئُكُمْ عَلَىٰ مَن تَنَزَّلُ الشَّيَاطِينُ ﴿٢٢١﴾

၂၆ : ၂၂၁ ။ ။ (အို၊ နဗီတမန်တော်၊ အသင်သည် မက္ကာဟ်မြို့သား မုရှ်ရစ်က်တို့အား ပြောကြားပါလေ။ အချင်းတို့) 'ရှိုက်သွာန်များသည် မည်သူ့အပေါ် ဆင်းသက်၍ လာကြသည်ကို ငါသည် အသင်တို့အား ပြောပြရမည်လော။'

تَنَزَّلُ عَلَىٰ كُلِّ أَفَّاكٍ أَثِيمٍ ﴿٢٢٢﴾

၂၆ : ၂၂၂ ။ ။ ၎င်း (ရှိုက်သွာန်) တို့သည် ဒုစရိုက်ကျူးလွန်သော မုသာဝါဒီတိုင်း၏အပေါ်၌ ဆင်းသက်၍ လာကြကုန်၏။

يُلْقُونَ السَّمْعَ وَأَكْثَرُهُمْ كَاذِبُونَ ﴿٢٢٣﴾

၂၆ : ၂၂၃ ။ ။ အကြင်သူတို့သည် (ထိုရှိုက်သွာန်များဘက်သို့) စိတ်ထက်သန်စွာ နားစိုက်၍ နေကြကုန်၏။ စင်စစ် ၎င်းတို့အနက် မြောက်မြားစွာသော သူတို့မှာမူ မုသာဝါဒီများပင် ဖြစ်ကြကုန်၏။

وَالشُّعَرَاءُ يَتَّبِعُهُمُ الْغَاوُونَ ﴿٢٢٤﴾

၂၆ : ၂၂၄ ။ ။ သို့ရာတွင် လင်္ကာဆရာတို့၏ နောက်သို့ကိုမူ လမ်းလွဲသူတို့သည်သာလျှင် လိုက်ကြကုန်၏။

أَلَمْ تَرَ أَنَّهُمْ فِي كُلِّ وَادٍ يَهِيمُونَ ﴿٢٢٥﴾

၂၆ : ၂၂၅ ။ ။ ၎င်း (လင်္ကာဆရာ) တို့သည် ချောင်းလျှိုရိုးအတိုင်းပင်ဦးလှည့်ရာ (အတိုင်း) တဝဲလည်လည် သွားလာလျက် ရှိကြသည်ကိုလည်းကောင်း။

وَأَنَّهُمْ يَقُولُونَ مَا لَا يَفْعَلُونَ ﴿٢٢٦﴾

၂၆ : ၂၂၆ ။ ။ ထို့ပြင် ၎င်း (လက်ာဆရာ) တို့သည် မိမိတို့ မပြုလုပ်ကြသော ကိစ္စကို (ပြုလုပ်ကြသည်ဟု) ပြောဆိုလေ့ရှိကြသည်ကိုလည်းကောင်း၊ အသင်သည် မမြင်ပါလေသလော။

إِلَّا الَّذِينَ آمَنُوا
وَعَمِلُوا الصَّالِحَاتِ وَذَكَرُوا اللَّهَ كَثِيرًا وَانتَصَرُوا مِن بَعْدِ مَا
ظُلِمُوا ۗ وَسَيَعْلَمُ الَّذِينَ ظَلَمُوا أَيَّ مُنقَلَبٍ يَنقَلِبُونَ ﴿٢٢٧﴾

၂၆ : ၂၂၇ ။ ။ သို့ရာတွင် [ထိုလက်ာဆရာများအနက်မှ ကာဖိရ်များနှင့် မတရားစော်ကားသူတို့အား တရားသဖြင့် အချက်ကျကျ ပြန်လည်ချေပတတ်ကြ၍ ကောင်းမြတ်သော လက်ာဆရာဖြစ်သည့်] အကြင်သူတို့သည် အီမာန်သက်ဝင်ယုံကြည်ခဲ့ကြပြီးနောက် ကောင်းမြတ်သော အကျင့်သီလများကိုလည်း ဆောက်တည်ခဲ့ကြကုန်၏။ ထို့ပြင် အလ္လာဟ်အသျှင်မြတ်အားလည်း များစွာ တသ သတိရခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် မိမိတို့ မတရားသဖြင့် နှိပ်စက်မှုကို ခံကြရပြီးနောက်တွင် လက်စားချေခဲ့ကြကုန်၏။ (ထိုကဲ့သို့သော လက်ာဆရာတို့မှာ အထက်ဖော်ပြသော လက်ာဆရာများတွင် အကျုံးမဝင်ကြပေ) စင်စစ် မတရားသဖြင့် နှိပ်စက်ကြကုန်သော သူတို့သည် မိမိတို့မှာ မည်သည့်နေရာသို့ ပြန်လှည့်ကြရမည်ကို မကြာမီပင် သိရှိကြပေလိမ့်မည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းပြင် ဧကန်မလွဲ ဤ (ကုရ်အာန်ကျမ်းတော်မြတ်) သည် စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ် ချပေးတော်မူ (သည့် ကျမ်းဂန်ပင် ဖြစ်) ၏။

'အလ်ရုဟုလ်အမီးန်' (ယုံကြည်စိတ်ချအပ်သော ဝိညာဉ်တော်ဖြစ်သည့်) ကောင်းကင်တမန် (ဂျိဗ်ရီးလ်) သည် ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) ကို ယူဆောင်ချပေးခဲ့လေသည်။

အသင်သည် (လည်း) သတိပေးနှိုးဆော်သူတို့တွင် အပါအဝင်ဖြစ်ရန် အလို့ငှာ ယင်း (ကျမ်းတော်မြတ်) ကို အသင်၏ စိတ်နှလုံးအတွင်းသို့ ထည့်သွင်းပေးတော်မူ၏။ (အကြင်ကဲ့သို့ အခြားသော နဗီတမန်တော်များသည်လည်း မိမိတို့၏ သက်ဆိုင်ရာ အွမ္မသ် (နောက်လိုက်ထု) များထံ အလ္လာဟ်အသျှင်မြတ်၏ အမိန့်ပညတ်ချက် တရားဒေသနာကို ချပေးခဲ့သည်။ အသင်သည်လည်း ပို့ချကုန်။

(ဤကျမ်းတော်ကို) ရှင်းလင်းသော အာရဗီဘာသာဖြင့် ထုတ်ပြန်တော်မူ၏။ ၎င်းပြင် ဧကန်အမှန် ယင်း (ကုရ်အာန်ကျမ်းတော်မြတ်၏ အကြောင်းမှာ) ရှေးလူဟောင်းတို့၏ (မိုးကောင်းကင်ကျ) ကျမ်းဂန်များ၌ (လည်း) ပါရှိ၏။ (ဤသို့ ဂုဏ်ရှိန်ဂုဏ်ဝါဖြင့် ပြည့်စုံသော နဗီတစ်ပါးဖြစ်ပေလိမ့်မည်။ ၎င်းအပေါ်

ဤကဲ့သို့သော မုကဇ္ဇပါဠိတော်များ ကျရောက်ပေလိမ့်မည်။ သို့ရှိရာ သဖ်စီရေဟာက်ကာနီးကျမ်းတွင် ဤနေရာ၏ ထောင့်စွန်းအကျယ်ချဲ့ ဖွင့်ဆိုသည့် (ဟာရီယာ) ၌ အတိတ်ခေတ် ကျမ်းဂန်များဖြစ်သော 'သောင်ရားသ်' ကျမ်းနှင့် 'အင်န်ဂျီးလ်' ကျမ်းတို့မှ အချို့သော သတင်းကောင်းများကို ဆင့်ပြန်ထားပေသည်။)

ရှေ့၌ (وَاِنَّهٗ لَفِىۡ زُبُرِ الۡاَوَّلِيۡنَ) အား အကျယ်ချဲ့ရှင်းလင်းချက်ကို မိန့်ဆိုထားပေသည်။

အိစ်ရာအီးလ်အမျိုးသားတို့အနက်မှ ပညာရှင်များသည် ယင်း (ကြိုတင်ဟောကိန်းဖြစ်သော ကုရ်အာန် ကျမ်းတော်မြတ်ကို) သိရှိကြခြင်းမှာ ၄င်း (ကုရိုက်ရှ်မျိုးနွယ်ဝင်) တို့အဖို့ (လုံလောက်သော) သက်သေသာဓက မဖြစ်ခဲ့လေသလော။ (သို့ရှိရာ ၄င်းတို့အတွင်းမှ အကြင်သူတို့သည် အစ္စလာမ်သာသနာကို လက်ခံခဲ့ကြသည်။ ၄င်းတို့သည်မှ ထင်ရှားစွာ ယင်းအချက်အား ဝန်ခံမြွက်ဟမှုကို ပြုခဲ့ကြသည်။ ပမာဆိုရသော် ပထမပါရာ၏ အစပိုင်း၌ အာယသ်တော်

اَتَاۡمُرُوۡنَ النَّاسَ بِالۡبِرِّ

(၂း၄၄) ၏ အကျယ်ချဲ့ဖွင့်ဆိုချက်၌ တင်ပြပြီး ဖြစ်ပေသည်။ ထိုဖွင့်ဟမြွက်ဟသော သူတို့၏ အရေအတွက်နှင့် များပြားမှုသည် ယင်းအချိန်၌ 'ခမ်ရေဝါဟိဒ်' ၏ အဆင့်ထိသာ ရှိသည်ဟူ၍ ဖြစ်သည်။ သို့တစေကြားလည်း အကြောင်းခံများကြောင့် နာမ်ပိုင်းဆိုင်ရာ 'သဝါသုရ်' ၏ အဆင့်သို့ ရောက်ရှိနေပေ သည်။ ဤအထောက်အထားကို တင်ပြရခြင်းသည် မရေးမဖတ်တတ်သော အာရပ်လူမျိုးတို့အတွက်ဖြစ်သည်။ သို့တည်းမဟုတ်က ကိုယ်တိုင် ရေးတတ်၊ ဖတ်တတ်သူတို့သည် မူရင်းကျမ်းစာအုပ်ကို ကြည့်ရှုနိုင်ပေသည်။ ယင်းသို့ ကြည့်ရှုခြင်းဖြင့်လည်း 'အတိတ်ခေတ်ကျမ်းဂန် များ၌ ကပြောင်းကပြန် မပြုလုပ်ထားသည်' ဟူသော အချက်သည်လည်း မှုချမဖြစ်တန်ကောင်းရာ။ အဘယ်ကြောင့်ဆိုသော် ကပြောင်းကပြန် အပြောင်း အလွဲ ပြုထားသည့် ကြားကတည်းကပင် ဤကဲ့သို့သော အကြောင်းအရာများ ကျန်ရှိနေခြင်းသည် သာပို၍ပင် အထောက်အထားဖြစ်ပေသည်။ ဤအကြောင်းအရာများသည်ပင်လျှင် ကပြောင်းကပြန် ပြုလုပ်ထားခြင်း ၏ အချုပ်သဘောတရားဖြစ်သည့်အတွက်ကြောင့် မှားယွင်းသည်ဟူ၍ ဖြစ်တန်ကောင်းရာ မိမိတို့ ဆုံးရှုံးမှု ဖြစ်ရန်အတွက် မည်သူတစ်ဦးတစ်ယောက်မျှ ပြုပြင်မှုကို ပြုကြမည်မဟုတ်။ ဤအကြောင်းအရာများသည် မှု ပြောင်းလဲမှုပြုသော သူတို့အဖို့ ဆုံးရှုံးမှုဖြစ်စေသော အရာဖြစ်ရန်မှာ ပမာတင်ပြရမည်ဆိုသော် ထင်ရှား လှပေသည်။ ဤနေရာထိတိုင်မှ

وَاِنَّهٗ لَتَنۡزِيۡلُ رَبِّ الۡعٰلَمِيۡنَ ۝١٩٢

၄င်းပြင် ဧကန်မလွဲ ဤကုရ်အာန်ကျမ်းတော်မြတ်သည် စကြဝဠာခပ်သိမ်းတို့ကို မွေးမြူဖန်ဆင်း ထားတော်မူသော အသျှင်မြတ် ချပေးတော်မူသည့် ကျမ်းဂန်ပင် ဖြစ်၏။ *[၂၆ း ၁၉၂]*

ဟူသော အာယသ်တော်တွင် သာသနာတော်၏ အထောက်အထားနှစ်ရပ်ကို တင်ပြထားပေသည်။ ဆိုလိုသည်မှာ ပထမ မိုးကောင်းကင်ကျကျမ်းဂန်များအတွင်း၌လည်း တင်ပြထားခြင်းနှင့် ဗနီအိစ်ရာအီးလ်

တို့၏ သိရှိမှုပင်ဖြစ်သည်။ အကြောင်းမှာ ထိုကဲ့သို့ တင်ပြခြင်းနှင့် သိရှိမှုအတွင်း၌လည်း ဒုတိယအထောက်အထားသည် ပထမအထောက်အထား၏ အထောက်အထားပင် ဖြစ်၏။ ရှေ့၌ ငြင်းဆိုသော သူတို့၏ ရန်ငြိုးခြင်းအား တစ်ဆက်တည်း တင်ပြရာ၌ ထိုကြွေးကြော်မှု၏ ဦးနှောက်အသိဉာဏ်ဖြင့် တွေးခေါ်စဉ်းစား၍ ရရှိနိုင်သော အထောက်အထားဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားပေသည်။ ဆိုလိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်၏ အံ့ဖွယ်တန်ခိုးတော်ဖြစ်သည်။ အလိုသဘောမှာ ဤသူတို့သည် ဤသို့ ရန်ငြိုးရန်စွယ်ထားကာ မုန်းတီးမှု ထားရှိသောသူတို့ ဖြစ်သည်။)

စင်စစ် အကယ်၍သာ (အကယ်စင်စစ်) ငါအသျှင်မြတ်သည် ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) ကို အာရဗ်အမျိုးသားမဟုတ်သူ တစ်ဦးတစ်ယောက်၏ အပေါ်၌ ချပေးတော်မူခဲ့အံ့။

ထို့နောက်တစ်ဖန် ထို (အာရဗ်အမျိုးသားမဟုတ်) သူသည် ၎င်း (ကုရိုက်ရှ်မျိုးနွယ်ဝင်) တို့၏ ရှေ့ဝယ် ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) ကို ဖတ်ကြားခဲ့အံ့။ (ထိုကျမ်းတော်မြတ်၏ အံ့ဖွယ်တန်ခိုးမှာ သာပို၍ ပေါ်လွင်လာပေမည်။ အဘယ်ကြောင့်ဆိုသော် ကျမ်းတော်မြတ် ချပေးခြင်းခံရသူသည် အာရဗီစာပေ ဘာသာစကားကို လုံးဝမစွမ်းနိုင်သူဖြစ်သည်။ သို့ရာတွင်) သို့တစေငြားလည်း ၎င်း (မက္ကာဟ်မြို့သား ကာဖိရ်) တို့သည် (ဖွတ်သဘောတရား အဆုံးစွန်ထိ ရောက်ရှိနေသည့်အတွက်ကြောင့်) ယင်း (ကုရ်အာန် ကျမ်းတော်မြတ်) ကို ယုံကြည်ကြမည့်သူများ မဟုတ်ကြပေ။

(ရှေ့၌ ဆက်လက်၍ တမန်တော်မြတ်အား ဖြေသိမ့်မှုပေးရန်အတွက် ၎င်းတို့ အီမာန်ရယူခြင်းမှ မျှော်လင့်ချက် ကင်းမဲ့ကြောင်းကို ထုတ်ဖော်ပြဆိုထားပေသည်။) ငါအသျှင်မြတ်သည် ဤနည်းအတိုင်းပင် (ဖွတ်အတင်း ပြင်းထန်စွာနှင့်အတူ) ပြစ်မှုကျူးလွန်သူတို့၏ စိတ်အတွင်းဝယ် ယင်းငြင်းပယ်မှုကို ထည့်သွင်းတော်မူခဲ့၏။ (ဆိုလိုသည်မှာ 'ကုဖွ်ရ်' (သွေဖည်ငြင်းဆိုမှု) အတွင်း၌ ဖြစ်သည်။ ထို့နောက် ထိုသွေဖည် ငြင်းဆိုမှုအပေါ် ဖွတ်အတင်း ကြိတ်မှိတ်ကာ တည်ရှိနေသည်။ ထိုပြင်းထန်ကာ ဖွတ်အတင်း တည်ရှိနေသည့်အတွက်ကြောင့်) ၎င်းတို့သည် အပြင်းအထန် နာကျင်ဖွယ်ရာဖြစ်သော ပြစ်ဒဏ်ကို (သေဆုံးခါနီး အချိန် သို့မဟုတ် 'ကဗရ်'လောက သို့မဟုတ် 'အာခေရသ်'နောင်တမလွန်၌ မျက်ဝါးထင်ထင်) မမြင်ကြရသမျှ ကာလပတ်လုံး ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) ကို ယုံကြည်ကြမည် မဟုတ်ပေ။

စင်စစ် ပြစ်ဒဏ်သည် ၎င်းတို့ထံသို့ ၎င်းတို့ (ကနဦးကတည်းက) မသိရှိကြခိုက်၊ ရုတ်တရက် ရောက်ရှိလာပေမည်။

ထိုအခါ (အသက်အန္တရာယ်နှင့် စိုးရိမ်မကင်းဖြစ်ရှိချိန်) ၎င်းတို့က (အကြင်မည်သည့်နည်းတစ်နည်းဖြင့်မဆို) 'ကျွန်တော်မျိုးတို့သည် (တစ်စုံတစ်ရာ အနည်းနှင့်အများမဆို) ရွှေ့ဆိုင်းခွင့် ရရှိကြပါမည်လော' ဟု ပြောဆိုကြပေမည်။ (သို့ရာတွင် ထိုအချိန်သည် ရွှေ့ဆိုင်းခွင့် ရရှိမည့်အချိန် မဟုတ်သကဲ့သို့ ၎င်းတို့၏ အီမာန်ကို လက်ခံမည့်အချိန်လည်း မဟုတ်ပေ။ ထို့အပြင် ၎င်းကာဖိရ်တို့သည် ဤကဲ့သို့သော ခြိမ်းခြောက်မှုနှင့် ပြစ်ဒဏ်၏ အကြောင်းအရာများကို ကြားနာရသော်ငြားလည်း မုန်းတီးရွံရှာသော အသွင်လမ်းစဉ်ဖြင့် ပြစ်ဒဏ်ကို ချပေးရန် တောင်းဆိုလေ့ရှိကြပေသည်။ ပမာဆိုရသော် ဤသို့ ပြောဆိုလေ့ ရှိပေသည်။

وَقَالُوا رَبَّنَا عَجِّلْ لَّنَا قِطَّنَا قَبْلَ يَوْمِ الْحِسَابِ ﴿١٦﴾

အို၊ ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ မိမိတို့အား မိမိတို့၏ ဝေစုဝေပုံကို အလျှင်အမြန် ပေးတော်မူပါ။ [၃၈ : ၁၆]

وَإِذْ قَالُوا اللَّهُمَّ إِنْ كَانَ هَٰذَا هُوَ الْحَقَّ مِنْ عِنْدِكَ فَأَمْطِرْ عَلَيْنَا حِجَارَةً مِّنَ السَّمَاءِ أَوِ ائْتِنَا بِعَذَابٍ أَلِيمٍ ﴿٣٢﴾

'အို၊ အသျှင်မြတ်၊ အကယ်၍သာ ဤသည် အသျှင်မြတ်ထံတော်မှ အမှန်ဖြစ်ခဲ့ပါလျှင် အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အပေါ်ဝယ် မိုးကောင်းကင်နှင့် ကျောက်ခဲများကို ရွာသွန်းစေတော်မူပါ။ သို့တည်းမဟုတ် အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အပေါ်၌ ပြင်းပြဖွယ်ရာ ပြစ်ဒဏ်ကို ချပေးတော်မူခဲ့ပါ' ဟု ပြောဆိုခဲ့ကြသည်။ [၈ : ၃၂]

စင်စစ် ကြိုးရှည်ရှည်နှင့် လှန်ထားခြင်းကို ရွှေဆိုင်းခွင့်ဟူ၍ မှတ်ယူထားကာ ပြစ်ဒဏ် မကျရောက်လာခြင်း၏ အထောက်အထားဟူ၍ သတ်မှတ်ထားကြပေသည်။ ရှေ့၌ ယင်းအချက်နှင့် စပ်လျဉ်းသော အဖြေကို အမိန့်ရှိထားပေသည်။

သို့ပါလျက် ၎င်းတို့က (ငါအသျှင်မြတ်၏ ခြိမ်းခြောက်ချက်များကို ကြားနာပါလျက်နှင့်) ငါအသျှင်မြတ်၏ ပြစ်ဒဏ်ကို အလျှင်စလို တောင်းဆိုကြလေသလော။ (အကြင်ကဲ့သို့ အလျှင်စလို တောင်းဆိုခြင်း၏ အဓိကရည်ရွယ်ချက်သည် ငြင်းဆိုခြင်းဖြစ်သည်။ ဆိုလိုသည်မှာ အထောက်အထား တည်ရှိနေသည့် ကြားကတည်းကပင် (တစ်နည်း) မှန်ကန်စစ်မှန်သော သူတော်စင်တစ်ဦး သတင်းပေးစဉ် ကြားကတည်းကပင် ငြင်းဆိုနေခြင်း ဖြစ်ပါ၏လော။ ရွှေဆိုင်းခွင့်ပေးခြင်းကို ငြင်းဆိုခြင်း၏ အခြေခံမူတည်ချက်ဟူ၍ သတ်မှတ်ပေးလိုက်ခြင်းသည် ဤသည် အလွန်မှားယွင်းသော အချက်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်) အသင်သည် စဉ်းစားဆင်ခြင်ခဲ့လေသလော။ အကယ်၍ ငါအသျှင်မြတ်သည် ၎င်းတို့အား နှစ်ကာလ (အချို့အထိ) ကြာရှည်စွာ အကျိုးခံစားခွင့် ပေးတော်မူခဲ့ပါလျှင် ထို့နောက် ၎င်းတို့ထံသို့ ချိန်းချက်ခံရသောအရာ (ပြစ်ဒဏ်) သည် ရောက်ရှိလာခဲ့လျှင် ထိုအခါ ၎င်းတို့အဖို့ ၎င်းတို့ အကျိုးခံစားခွင့် ရရှိခဲ့ကြသော အရာ (လောကီစည်းစိမ်) များသည် မည်သို့မျှ အသုံးဝင်မည်မဟုတ်ပေ။ (ဆိုလိုသည်မှာ ဤနှောင့်ဆိုင်းခွင့် ပေးထားခြင်းကြောင့် ပေးထားသော စည်းစိမ်သည် ၎င်းတို့အား သက်ရောက်စေမည့် 'အဇာဗ်' အပြစ်ဒဏ်နှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ နည်းပါးနိုင်မည် မဟုတ်ပေ။

စင်စစ် (နှောင့်ဆိုင်းခွင့်ပေးခြင်းသည် အမြော်အမြင်တော်ကြောင့် နည်းသည်ဖြစ်စေ၊ သို့မဟုတ် များသည်ဖြစ်စေ ၎င်းတို့အဖို့ချည်းသာ အထူးပြုထားခြင်းမဟုတ်ဘဲ အတိတ်ခေတ်မျိုးနွယ်ဝင်များအဖို့လည်း နှောင့်ဆိုင်းခွင့်များ ရရှိခဲ့ပေသည်။ သို့ရှိရာ) ငါအသျှင်မြတ်သည် မြို့ရွာတိုင်းရှိ (ငြင်းဆိုသော) လူမျိုးတစ်မျိုးအား သတိပေးနှိုးဆော်သူ (တမန်တော်) များကို စေလွှတ်တော်မမူဘဲ ၎င်း (အမျိုးသား) တို့ကို

မည်သည့်အခါမျှ ဖျက်ဆီးတော်မမူပေ။ (နဗီ၊ ရစူလ်၏ အမိန့်တော်ကို မနာခံပါက 'အဇာဗ်'အပြစ်ဒဏ်သည် ကျရောက်လာပေလိမ့်မည်။)

(ထိုမြို့သူ၊ မြို့သားတို့အား) ဆုံးမဩဝါဒ သတိပေးနှိုးဆော်ရန်သာ ဖြစ်၏။ စင်စစ် ငါအသျှင်မြတ်သည် (အသွင်ပုံပန်းသဏ္ဌာန်အရလည်း) မတရားသဖြင့် နှိပ်စက်ညှဉ်းပန်းတော်မူသော အသျှင်မြတ် မဟုတ်ပေ။ (အလိုသဘောမှာ နှောင့်ဆိုင်းခွင့်ပေးခြင်း၏ ရည်ရွယ်ချက်မှာ အထောက်အထားကို ပြည့်စုံစွာ ပြသခြင်းနှင့် အကြောင်းပြချက်ကို အဆုံးသတ်စေခြင်းသည် အားလုံးတို့အဖို့ ဖြစ်ပေသည်။ နဗီတမန်တော်များ ကိုယ်တော်တိုင် လာရောက်ကာ ရှင်းပြခြင်းသည်လည်း ရွှေ့ဆိုင်းခွင့်တစ်မျိုးပေးခြင်းပင် ဖြစ်သည်။ သို့တစေ ငြားလည်း ပျက်စီးစေသော ပြစ်ဒဏ်တော်သည် လာရောက်နေပေသည်။ ထိုဖြစ်အင်များမှ ရွှေ့ဆိုင်းခွင့်ပေးခြင်း၏ အမြော်အမြင်တော်ကိုလည်း သိရှိရ၍ ရွှေ့ဆိုင်းခွင့်ပေးခြင်းနှင့် ပြစ်ဒဏ်ပေးရာ၌ ဆန့်ကျင်ဘက်မဖြစ်ရှိကြောင်းကိုလည်း အတည်ပြုပြီးသား ဖြစ်သွားပေသည်။ (အသွင်ပုံပန်းသဏ္ဌာန်အရလည်း) ဟူ၍ မိန့်ဆိုတော်မူရခြင်း၏ အကြောင်းမှာ 'စင်စစ်၌မူ မည်သည့်အခြေအနေ၌မဆို မတရားသမှုကို မပြုပေ။' ရှေ့၌ တစ်ဖန် ပထမရည်ရွယ်ချက်၏ အကြောင်းအရာဖြစ်သော وَأَنَّا لَا نَدْرِي أَشَرٌّ ၏ ဘက်သို့ ပြန်လည်ရေးရှုထားပြန်သည်။ ကြား၌ ဤအကြောင်းအရာများကို ငြင်းဆိုသောသူတို့၏ အခြေအနေနှင့် ကိုက်ညီမှုရှိလှသည့်အတွက်ကြောင့် တင်ပြထားပေသည်။ တင်ပြပါ အကြောင်းအရာ၏ ရလဒ်မှာ တင်ပြလျက်ရှိနေသော အာယသ်တော်များသည် ကုရ်အာန်ကျမ်းတော်မြတ်၏ မှန်ကန်မှုတရားနှင့် စပ်လျဉ်းသော ဒွိဟသံသယများကို ဝေးကွာသွားစေရန် ဖြစ်သည်။ သို့ရှိရာ ကုရ်အာန်ကျမ်းတော်မြတ်ကို အလ္လာဟ်အသျှင်မြတ်၏ မုဂ္ဂပါဠ်တော်နှင့် ထိုအသျှင်မြတ်၏ ဘက်တော်မှ ချပေးသနားတော်မူထားကြောင်းကို သံသယဖြစ်နေရခြင်း၏ အကြောင်းမှာ အာရဗ်နိုင်ငံ၌ အစကတည်းကပင် ဗေဒင်ဆရာများ ရှိခဲ့ကြပေသည်။ ၎င်းတို့သည်လည်း အမျိုးမျိုးသော ပြောဆိုမှုများကို ပြောဆိုလေ့ရှိကြပေသည်။ (မပြောကောင်းမဆိုအပ်) တမန်တော်မြတ် ﷺ နှင့် စပ်လျဉ်း၍လည်း အချို့သော ကာဖိရ်များသည် ဤသို့ ပြောဆိုလေ့ရှိကြပေသည်။

(အိမ်နေဇိုက်ဒ်သခင်ကြီးထံမှ ဒွရ်ကျမ်း) နှင့် ဘိုခါရီကျမ်း၌ အမျိုးသမီးတစ်ဦး၏ ပြောကြားချက်ကို ဆင့်ဆိုထားပေသည်။ အကြင်ခေတ်ကာလ၌ တမန်တော်မြတ် ﷺ အပေါ် 'ဝဟီ'ကျရောက်တော်မူခြင်း၊ ဖြတ်တောက်၊ နှောင့်ဆိုင်းလျက်ရှိနေစဉ် ယင်းအမျိုးသမီးက '၎င်းအား မိမိ၏ ရှိုက်သွာန်သည် စွန့်လွှတ်သွားခဲ့ပေပြီ' ဟူ၍ ပြောဆိုပေသည်။ အဘယ်ကြောင့်ဆိုသော် ဗေဒင်ဆရာတို့သည် ရှိုက်သွာန်၏ဘက်မှ ညွှန်ကြား၊ သင်ကြားမှုများကို ရရှိလေ့ ရှိကြပေသည်။ ထိုအချက်အား တုန့်ပြန်ဖြေကြားထားခြင်း ဖြစ်ပေသည်။ ဤသည် စကြဝဠာခပ်သိမ်းကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ဘက်တော်မှ ကျရောက်တော်မူလာခြင်း ဖြစ်ပေသည်။

စင်စစ် ဤ (ကုရ်အာန်ကျမ်းတော်မြတ်) ကို (ဗေဒင်ဆရာများထံသို့ လာရောက်လေ့ရှိကြကုန်သော) ရှိုက်သွာန်များ ဆောင်ကြဉ်းခဲ့ကြသည် မဟုတ်ပေ။ (အဘယ်ကြောင့်ဆိုသော် ယင်းသို့ ယူဆောင်လာတော်

မှုသည် မဟုတ်ကြောင်းနှင့် စပ်လျဉ်း၍ ရောမအဟန့်အတားကြီးနှစ်ရပ် ရှိပေသည်။ ပထမတစ်ရပ်မှာ ထိုရှိုက်သွာန်တို့၏ ရှိုက်သွာန်ဖြစ်ခြင်း၏ အရည်အချင်းတို့ကြောင့်) ၄င်းပြင် ထို (ကုရ်အာန်) ကို ယူဆောင်လာခြင်းကိစ္စသည် ၄င်းတို့ (၏ အခြေအနေနှင့်) မည်သို့မျှ အပ်စပ်ခြင်းလည်း မရှိပေ။ (အဘယ်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းပါ မိန့်မြွက်ချက်များအားလုံးသည် လမ်းမှန်တရားချည်းကိုသာ ပြသ၍ ရှိုက်သွာန်သည် လမ်းလွဲ၊ လမ်းမှားခြင်းကိုသာ ပြသနေပေသည်။ ထို ရှိုက်သွာန်တို့၏ ထံ၀ယ် တရားလမ်းမှန်ပြသရန် အကြောင်းအရာများ မလာရှိနိုင်သကဲ့သို့ ဤသို့သော အကြောင်းအရာများကို ဖြန့်ဖြူးခြင်းဖြင့်လည်း အဖန်ဆင်းခံများကိုလမ်းလွဲအောင်ပြုခြင်း' ဖြစ်သော ၄င်းတို့၏ ရည်ရွယ်ချက်သည် ပြည့်၀နေမည် မဟုတ်ပေ။ အဟန့်အတားတစ်ရပ်သည်မူ ဤအထက်ဖော်ပြပါအတိုင်း ဖြစ်သည်။

(ဒုတိယအဟန့်အတားအချက်မှာ) ၄င်းတို့သည် ယူဆောင်လာရန် တတ်စွမ်းနိုင်ကြသည်လည်း မဟုတ်ပေ။

ကေန်အမှန် ၄င်း (ရှိုက်သွာန်) များသည် (ကောင်းကင်ကျ ဗျာဒိတ်တော် ကုရ်အာန်ကျမ်းတော် မြတ်ကို) ကြားနာခြင်းမှ အမှန်ပင် ဖယ်ရှားခြင်းခံခဲ့ကြရပြီး ဖြစ်ကုန်၏။ (သို့ရှိရာ ဗေဒင်ဆရာများနှင့် မှုန်ရှစ်က်တို့အား ၄င်းတို့၏ ဂျင်န်များသည် မိမိတို့ မအောင်မြင်၊ အထမမြောက်ကြောင်းကို ကိုယ်တိုင် ၀န်ခံကြပေသည်။ အကြင်အချက်အား ၄င်းတို့သည် အခြားသူများကိုလည်း သတင်းပေးလိုက်ပေသည်။ သို့ရှိရာ ဘိုခါရီကျမ်း၌ ဤကဲ့သို့သော ဖြစ်အင်ကို 'ဗားဗို့အစ်လားမေ့အုမရ်' အခန်း၌ တင်ပြထားပေသည်။ သို့ရှိရာ ရှိုက်သွာန်များ၏ ညွှန်ပြသင်ကြားမှု၏ မည်သည့်နည်းတစ်နည်းနည်းမျှလည်း ဖြစ်တန်ကောင်းရာ သော အခြေအနေသည် မရှိပေ။ ယင်းတုန့်ပြန်ချက်၏ အဖြေ အပြည့်အစုံနှင့် အခြားသော ဒွိဟသံသယ အချက်တစ်ချက်၏ အဖြေကို စူရာဟ်ကုန်ဆုံးခါနီး၌ လာရှိပေလိမ့်မည်။ ကြားတွင် 'အလ္လာဟ်အသျှင်မြတ် ၏ ထံတော်ပါးမှ ထုတ်ပြန်ချမှတ်ပေးတော်မူကြောင်း' ကို ဆင့်ကဲ တင်ပြပေးခြင်း၏ အသွင်မျိုးဖြင့် အကြောင်းအရာကို တင်ပြထားပေသည်။ ဆိုလိုသည်မှာ ၄င်းသည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ကျရောက်လာကြောင်း အတည်ပြုထားမှု ၄င်း၏ သင်ကြားညွှန်ကြားချက်အား ပြုမူဆောင်ရွက်ရန်သည် '၀ါဂျိဗ်'တာ၀န်ဖြစ်သည်။ ထိုညွှန်ကြားချက်များအတွင်းထဲမှ အရေးကြီး၊ အကြီးကျယ်ဆုံးသည် 'သောင်ဟီးဒ်' (တစ်ပါးတည်း တည်ရှိခြင်းတရား) ဖြစ်သည်။)

သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်၊ ငါအသျှင်မြတ်သည် ယင်းအချက် '၀ါဂျိဗ်'ဖြစ်ကြောင်းကို သီးသန့်နည်းတစ်သွယ်ဖြင့် လေးနက်စွာ ပြုထားပေမည်။ အကြောင်းမှာ ငါအသျှင်မြတ်သည် အသင့်အား ကြားနာသူအဖြစ်ပြုကာ မိန့်မြွက်တော်မူမည် ဖြစ်သည်။) အသင်သည် အလ္လာဟ်အသျှင်မြတ်နှင့်အတူ အခြား မည်သည့်ကိုးကွယ်ရာကိုမျှပင် ဟစ်ခေါ်တသခြင်း မပြုပါလေနှင့်။ ထိုသို့ ပြုခဲ့ပါလျှင် အသင်သည်လည်း ပြစ်ဒဏ်ပေးခြင်း ခံကြရသူတို့တွင် အပါအ၀င် ဖြစ်သွားပေမည်။ (ကေန်စင်စစ် တမန်တော်မြတ် ﷺ ၌ မပြောကောင်း၊ မဆိုအပ် 'ရှစ်ရ်က်'ပြုရန်နှင့် 'အဇားဗ်'ပေးခြင်း ခံရန်သည် တွေးခေါ်မျှော်မှန်း၍ပင် မရရှိ နိုင်ပေ။ သို့ရာတွင် လူတို့အား 'အလ္လာဟ်အသျှင်မြတ်မှအပ အခြားအရာများကို ခ၀ပ်ခြင်းနှင့် စပ်လျဉ်း၍

တမန်တော်မြတ် ﷺ အဖို့လည်း ပြစ်ဒဏ်ပေးခြင်းခံရရန် အမိန့်တော် ရှိထားပေရာ အခြားသူများဆိုလျှင် မည်သို့မှ ပြောစရာကိုပင် မရှိတော့ပေ။ 'ရှရစ်ကဲ'လုပ်ရပ်မှ ၎င်းတို့အား မည်သို့ မတားမြစ်ဘဲ နေရမည်နည်း။ 'ရှရစ်ကဲ'ပြုပြီး နောက် 'အဇာဗ်'အပြစ်ဒဏ်တော်မှ မည်သို့ ရှောင်ရှားရပေမည်နည်း'ဟူသော အချက်ကို ပြသရန် ဖြစ်ပေသည်။

၎င်းပြင် (ထိုအကြောင်းအရာအချက်အလက်တို့အား) အသင်သည် (ဦးစွာပထမ) မိမိနှင့် နီးစပ်သော ဆွေမျိုးသားချင်းတို့ကို သတိပေးနှိုးဆော်ပါလေ။ (သို့ရှိရာ တမန်တော်မြတ် ﷺ သည် အားလုံးကို ဟစ်အော်ခေါ်ဝေါ်ကာ ရှရစ်ကဲပြုလုပ်ခြင်းအပေါ် ခံစားရမည့် အလ္လာဟ်အသျှင်မြတ်၏ 'အဇာဗ်'အပြစ်ဒဏ်တော်အား ခြိမ်းခြောက်နှိုးဆော်မှုကို ပြုသည်။ ပမာဆိုရသော် ဟဒီးစ်တော်များအတွင်း၌ လာရှိထားပေသည်)

ထို့ပြင် (ရှေ့၌ နှိုးဆော်မှုဖြစ်သော တစ်နည်း နဗီဖြစ်ကြောင်း ကြွေးကြော်မှုကို လက်ခံသူ၊ ငြင်းဆိုသူတို့နှင့်အတူ ပြုမူရမည့် နည်းလမ်းကို ပြဆိုထားပေသည်။) အသင်သည် မိမိ၏ နောက်သို့ လိုက်ကြသော မုအ်မင်န်သက်ဝင်ယုံကြည်သူတို့၏ ရှေ့ဝယ် (၎င်းတို့အား ကရုဏာထားရှိသောအားဖြင့်) ကျိုးနွံစွာ ဆက်ဆံပါလေ။ (ဆွေမျိုးသားချင်းဖြစ်စေ၊ သူစိမ်းဖြစ်စေ ဖြစ်သည်။)

သို့ရာတွင် အကယ်၍ ၎င်းတို့သည် အသင်၏ (သတိပေးနှိုးဆော်ချက်အမိန့်) ကို ဖီဆန်ခဲ့ကြပါလျှင် (ကုဖ်ရ်တည်းဟူသော သွေဖည်ငြင်းဆိုမှုအပေါ်၌ တည်တံ့မြဲမြံစွာ နေထိုင်ကြမူ) 'အသင်သည် (၎င်းတို့အား) ကေန်မလွဲ ငါသည် အသင်တို့၏ အပြုအမူတို့မှ ကင်းလွတ်သည်'ဟု (ရှင်းလင်းစွာ) ပြောကြားပါလေ။ (ထိုအမူကိစ္စနှစ်ရပ်စလုံးဖြစ်သော اخْفِضْ နှင့် قُلْ တို့၌ ချစ်လျှင်လည်း အလ္လာဟ်အသျှင်မြတ်အတွက် ဖြစ်ခြင်းနှင့် မုန်းလျှင်လည်း အလ္လာဟ်အသျှင်မြတ်အတွက် ဖြစ်ခြင်းအကြောင်းတို့အား ပြည့်ဝစွာ ညွှန်ကြားထားပေသည်။ တစ်ခါတစ်ရံ ဆန့်ကျင်ဘက်ပြုသော သူတို့၏ဘက်မှ ဒုက္ခဆိုးရွားမှု ပြုစေခြင်း၏ စိုးရိမ်ဖွယ်အချက်ကိုလည်း မဖြစ်ရှိလေနှင့်။) ထို့ပြင် အသင်သည် အလွန်တရာ အားအင်ပြည့်စုံတော်မူသော၊ အလွန်တရာ သနားကရုဏာ ပြုတော်မူသော အသျှင်မြတ်အပေါ်၌သာ ယုံပုံအားထားပါလေ။ အကြင်အသျှင်မြတ်သည် အသင် ('ဆွလာ်သ်'ဝတ်ပြုရန်) မတ်တတ်ရပ်သောအခါ အသင့်အား မြင်တော်မူ၏။

ထိုနည်းတူစွာ (ထိုအသျှင်မြတ်သည် 'ဆွလာ်သ်'ကို အစပြုပြီးနောက်) 'ဆွလာ်သ်'ဝတ်ပြုသူတို့တွင် 'စဂ်ျဒဟ်'ဦးချသူတို့၌ အသင်၏ (ထိုင်ခြင်း၊ ထခြင်း) ပါဝင်လှုပ်ရှားမှုကိုလည်း (မြင်တော်မူ၏။)

('ဆွလာ်သ်'၏အပြင် အခြားသော အချိန်များ၌လည်း တွေ့မြင်တော်မူသော အသျှင် ဖြစ်သည်) ကေန်မလွဲ ထိုအသျှင်မြတ်သည်သာလျှင် အလွန်တရာ ကြားတော်မူသော အသျှင်၊ အလွန်တရာ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ (သို့ရှိရာ ပမာဆိုရသော် يراك (အသင့်အား မြင်တော်မူ၏။)

إِنَّهُۥ هُوَ ٱلسَّمِيعُ ٱلْعَلِيمُ ۝٢٢٠

ကေန်မလွဲ ထိုအသျှင်မြတ်သည်သာလျှင် အလွန်တရာ ကြားတော်မူသော အသျှင်၊ အလွန်တရာ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ *[၂၆ း ၂၂၀]*

ဟူသော အာယသ်တော်များ၏ စကားလုံးတော်များသည် ထိုအသျှင်မြတ်၏ အသိပညာတော် ပြီးပြည့်စုံတော်မူခြင်းဖြစ်ကြောင်းအပေါ် ညွှန်ပြလျက်ရှိနေပေသည်။ တမန်တော်မြတ် ﷺ ၏အပေါ်၌ ကရုဏာတော်ရှင်ဖြစ်ကြောင်း၊ الرَّحِيمِ (အလွန်တရာ သနားကရုဏာ ပြုတော်မူသော အသျှင်) ဟူသော အာယသ်တော်က ညွှန်ပြလျက်ရှိနေပေသည်။ အရာရာကို စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူကြောင်းကို الْعَزِيزِ (အလွန်တရာ အားအင်ပြည့်စုံတော်မူသော အသျှင်) ဟူသော အာယသ်တော်တွင်းရှိ ဂုဏ်တော်က ညွှန်ပြလျက် ရှိနေပေသည်။ သို့ဆိုလျှင် ဧကန်မုချ ထိုအသျှင်မြတ်သည် ယုံပုံအားထားထိုက်ခြင်း ခံထိုက်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ ထိုအသျှင်မြတ်သည် အသင့်အား ဧကန်မုချ အမှန်တကယ် သက်ရောက်စေမည်ဖြစ်သော ဘေးဒုက္ခမှ ကယ်တင်တော်မူပေလိမ့်မည်။ အကြင်ကဲ့သို့ အလ္လာဟ်အသျှင်မြတ်အပေါ် ယုံပုံအားထားသောသူအပေါ် ဘေးဒုက္ခဆိုက်ရောက်သည်ဆိုလျှင်လည်း ထိုဘေးဒုက္ခသည် အပေါ်ယံအားဖြင့်သာ ဖြစ်ပေသည်။ အကြင်ဘေးဒုက္ခအတွင်းအောက်ဝယ် ထောင်ပေါင်းများစွာသော အကျိုးများ ရှိနေပေသည်။ အကြင်အကျိုးများသည် တစ်ခါတစ်ရံ ကမ္ဘာလောက၌မှာပင် ပေါ်ထွန်းလာတတ်သကဲ့သို့ တစ်ခါတစ်ရံ 'အာခိရသ်' နောင်တမလွန်၌လည်း ပေါ်ထွက်လာတတ်ပေသည်။ ရှေ့၌ ပုံပြင်၊ ကဗျာ၊ လင်္ကာတို့နှင့် စပ်လျဉ်း၍ ဒွိဟဖြစ်ခြင်း၏ အဖြေကို အဆုံးသတ်ပေးထားပေသည်)

(အို၊ နဗီတမန်တော်၊ အသင်သည် မက္ကာဟ်မြို့သား မုရှ်ရစ်က်တို့အား ပြောကြားပါလေ။ အချင်းတို့) ရှိုက်သွာန်များသည် မည်သူ၏အပေါ်သို့ ဆင်းသက်၍ လာကြသည်ကို ငါသည် အသင်တို့အား ပြောပြရမည်လော။)

နားထောင်ကြကုန်။ ၎င်း (ရှိုက်သွာန်) တို့သည် (အစကတည်းက) ဒုစရိုက်ကျူးလွန်သော မုသာဝါဒီတိုင်း၏ အပေါ်၌ ဆင်းသက်၍ လာကြကုန်၏။

(အကြင်သူတို့သည် ထိုရှိုက်သွာန်များဘက်သို့) စိတ်ထက်သန်စွာ နားစိုက်၍ နေကြကုန်၏။ စင်စစ် (လူတို့အား ထိုအချက်များအား ပြောပြချိန်ဝယ်) ၎င်းတို့အနက် မြောက်မြားစွာသော သူတို့မှာမူ မုသာဝါဒီများပင် ဖြစ်ကြကုန်၏။ (သို့ရှိရာ အောက်လမ်းဆရာများကို ယခုအချိန်ထိတိုင် ထိုအခြေအနေ၌မှာပင် မြင်တွေ့နေရပေသည်။ ယင်းသို့ ဖြစ်ရခြင်းအကြောင်းမှာ အကျိုးယူသူနှင့် ပြုသူတို့ကြား၌ လျော်ကန်မှု ရှိရန်မှာ အရေးကြီးပေသည်။ သို့ဆိုလျှင် ရှိုက်သွာန်၏ တပည့်သည်လည်း မုသာဝါဒီနှင့် ဒုစရိုက်မှု ကျူးလွန်သူသာ ဖြစ်ရပေမည်။ ထို့အပြင် ရှိုက်သွာန်ဘက်သို့ နှလုံးသားဖြင့် အာရုံစူးစိုက်မှုကိုလည်း ပြုရပေမည်။ နှလုံးသွင်းမှုမရှိဘဲ အကျိုးအမြတ်ကို ရယူနိုင်မည်မဟုတ်။ များသောအားဖြင့် ရှိုက်သွာန်ဘက်မှ ပေးပို့သော သတင်းများသည် မပြည့်စုံဘဲ ရှိနေတတ်ပေသည်။ ထို့ကြောင့် ယင်းသတင်းများကို အရောင်ခြယ်မွမ်းမံရန်အတွက် မိမိဘက်မှ လုပ်ကြံ၊ ဖန်တီးမှု အချက်များကိုလည်း မှန်း၍ ယမ်းဆကာ ပြည့်စုံအောင် ပြင်ဆင်ရပေသည်။ အကြင်အချက်များသည် လင်္ကာ၊ ကဗျာများအတွက် အရေးကြီးလေ့ရှိသော အရာများဖြစ်သည်။ ဤအချက်များအားလုံး တမန်တော်မြတ် ﷺ ၌ ရှိရန် အလွန်အကျွံ ဝေးကွာကာ မဖြစ်နိုင်သော

အချက်ဖြစ်ပေသည်။ တမန်တော်မြတ် ﷺ သည် မှန်ကန်သူဟုတ်ကြောင်း၊ မဟုတ်ကြောင်းကို အားလုံး သိရှိကြပေသည်။ တမန်တော်မြတ် ﷺ သည် အပြစ်ကင်းစင်၊ ကင်းရှင်းသူဖြစ်ကြောင်းနှင့် ရိုက်သွာန်အား အမုန်းတရားထားသူဖြစ်ကြောင်း ရန်သူများပင် လက်ခံကြကြောင်းမှာ ထင်ရှားလှပေသည်။ သို့ဆိုလျှင် လက်ာ၊ ကဗျာ ပြောဆိုရန်သည် အဘယ်မှာလျှင် အခွင့်အခါ ကျန်နိုင်အံ့နည်း။)

သို့ရာတွင် (ရှေ့၌ ကဗျာဆရာဖြစ်နိုင်ခြင်းနှင့် စပ်လျဉ်း၍ တုန့်ပြန်ချေပချက်ပင် ဖြစ်သည်။ တမန် တော်မြတ် ﷺ သည် ကဗျာဆရာလည်း မဟုတ်ပေ။ ပမာဆိုရသော် ကာဖိရ်တို့သည်

بَلْ هُوَ شَاعِرٌ

ထိုမျှမက စင်စစ်မှာ ယင်းမိုဟမ္မဒ်သည် လင်္ကာဆရာတစ်ဦးပင် ဖြစ်သည်။ *[၂၁ း ၅]*

ဆိုလိုသည်မှာ 'ၚင်းပြောဆိုသော အကြောင်းအရာများသည် အမှန်တကယ်မဟုတ်သော၊ သိကုံးထား ခြင်း မရှိသော တွေးခေါ်ပြောဆိုမှုတို့သာလျှင် ဖြစ်ပေသည်'ဟူ၍ ပြောဆိုကြသည်။ သို့ဆိုလျှင် ဤဖြစ်နိုင် ဖွယ်အချက်သည် ဤအတွက်ကြောင့် မှားယွင်းပေသည်။ လင်္ကာဆရာတို့၏ နောက်သို့ကိုမူ လမ်းလွဲသူတို့ သည်သာလျှင် လိုက်ကြကုန်၏။ (လမ်း၏ အလိုသဘောသည် ကဗျာ၊ လင်္ကာရွတ်ဆိုမှုပင် ဖြစ်သည်။ ဆိုလိုသည်မှာ တွေးခေါ်မျှော်မှန်းထားသော အကြောင်းအရာများကို ကဗျာဆန်ဆန် စကားပြေအဖြစ်နှင့် လည်းကောင်း၊ သို့မဟုတ် ကဗျာအသွင်အဖြစ်နှင့်လည်းကောင်း ရွတ်ဆိုခြင်းသည် အခြေခံဖစ်မြစ်လမ်းစဉ်မှ ကင်းဝေးလျက် ရှိနေသောသူတို့၏ လမ်းစဉ်သာလျှင် ဖြစ်သည်။ ရှေ့၌ ယင်းကြွေးကြော်ချက်၏ ရှင်းလင်း ချက် လာရှိထားပေသည်။)

ၚင်း (လင်္ကာဆရာ) တို့သည် (ကဗျာဆန်ဆန် ရေးသားဖွဲ့နွဲ့မှု၌) ချောင်းလျှိုးအတိုင်းပင် (အကြောင်း အရာကို ရှာဖွေရာ၌) ဦးလှည့်ရာ (အတိုင်း) တဝဲလည်လည် သွားလာလျက်ရှိကြသည်ကိုလည်းကောင်း၊ ထို့ပြင် (ရရှိသော စာမူအကြောင်းအရာများသည် များသောအားဖြင့် ဖြစ်ရပ်မှန်နှင့် ဆန့်ကျင်ဘက်ဖြစ်နေ သည့်အတွက်ကြောင့်) ၚင်း (လင်္ကာဆရာ) တို့သည် မိမိတို့ မပြုလုပ်ကြသော ကိစ္စကို (ပြုလုပ်ကြသည် ဟု) ပြောဆိုလေ့ရှိကြသည်ကိုလည်းကောင်း အသင်သည် မမြင်ပါလေသလော။

တုန့်ပြန်ဖြေကြားချက်၏ ရလဒ်မှာ 'ကဗျာ၏ စာမူအကြောင်းအရာအတွက် တွေးခေါ်မှုသက်သက် နှင့် စိစစ်မှုမပြုထားခြင်းသည် အရေးကြီးသည်။ ကုရ်အာန်ကျမ်းတော်မြတ်ရေးရာ အကြောင်းအရာများ သည် မည်သည့်အားလုံးသော ရှုထောင့်တိုင်းမဆို စိစစ်သုတေသနပြုပြီးဖြစ်ခြင်းနှင့် ကဗျာဆန်ဆန် တွေးခေါ် ထားခြင်းတို့လည်း မဟုတ်ပေ။ ထို့ကြောင့် တမန်တော်မြတ် ﷺ အား ကဗျာဆရာဟူ၍ ပြောဆိုခြင်းသည် လင်္ကာရူး၊ ကဗျာရူးတို့မှအပ အခြားမည်သို့သောသူများ ဖြစ်နိုင်အံ့နည်း'ဟူ၍ ဖြစ်သည်။ များသောအားဖြင့် ကဗျာများ၌ ဤကဲ့သို့သော စာမူအကြောင်းအရာများသာလျှင် ပါဝင်ခြင်း၏ အဆင့်ထိတိုင် ရောက်ရှိနေခြင်း ကြောင့် အလ္လာဟ်အသျှင်မြတ်သည် တမန်တော်မြတ် ﷺ အား ကာရန်နဘောဖြင့် ကဗျာစပ်ဆိုနိုင်စွမ်းပင် မပေးထားပေ။ အထက်၌ ကဗျာ၊ လင်္ကာဆရာများအား ကဲ့ရဲ့ပြစ်တင်ဖွယ်များ တင်ပြထားသည်။ အကြင်

ကဲ့သို့ တင်ပြရာ၌ ယေဘုယျအားဖြင့် ပြင်ပသဏ္ဍာန်ဖြင့် ကြည့်မည်ဆိုလျှင် (၄င်းတို့၏ စာစဉ်ဖွဲ့နွဲ့မှု သည် အမြော်အမြင်နှင့် အမှန်တကယ်ဖြစ်ရှိမှုနှင့် လုံးဝ ကိုက်ညီမှု ဖြစ်နေလင့်ကစား) ကဗျာရွတ်ဆိုသူ အားလုံး ပါဝင်သွားပေသည်။ ထို့ကြောင့် အရှေ့၌ ယင်းအချက်အား ချွင်းချက်အဖြစ် ထားရှိရန် အကြောင်း ကို မိန့်တော်မူထားပေသည်။

သို့ရာတွင် ထိုလက်လာဆရာများအနက်မှ ကာဖိရ်များနှင့် မတရားစော်ကားသူတို့အား တရား သဖြင့် အချက်ကျကျက ပြန်လည်ချေပတတ်ကြ၍ ကောင်းမြတ်သော လင်္ကာဆရာဖြစ်သည့် (ကဗျာဆရာ များထဲမှ) အကြင်သူတို့သည် အီမာန်သက်ဝင်ယုံကြည်ခဲ့ကြပြီးနောက် ကောင်းမြတ်သော အကျင့်သီလ များကိုလည်း ဆောက်တည်ခဲ့ကြကုန်၏။ (ဆိုလိုသည်မှာ ၄င်းတို့၏ ပြောဆိုမှုနှင့် လုပ်ရပ်သည် သာသနာ တော်နှင့် ဆန့်ကျင်နေသည်မဟုတ်ပေ။ ဆိုလိုသည်မှာ ၄င်းတို့၏ ကဗျာများ၌ အကျိုးမဲ့၊ အလဟဿဖြစ် သော စာစဉ်များ မပါဝင်ပေ။) ထို့ပြင် အလ္လာဟ်အသျှင်မြတ်အားလည်း (မိမိတို့၏ ကဗျာအတွင်း၌) များစွာ သတိရခဲ့ကြကုန်၏။ (ဆိုလိုသည်မှာ သာသနာအား အထောက်အကူပြုရာ၌လည်းကောင်း၊ အိလ်မ် အသိပညာကို ဖြန့်ဖြူးရာ၌လည်းကောင်း စသော အချက်များနှင့် စပ်လျဉ်းသော ကဗျာများဖြစ်ပေသည်။ ဤအချက်များအားလုံးသည် အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်း၌ ပါဝင်ပေသည်။ ထို့ပြင် (အကယ်၍ လင်္ကာ၊ ကဗျာတစ်ရပ်၌ ပြင်ပသဏ္ဍာန်အားဖြင့် ကြည့်ရှုမည်ဆိုလျှင် ပမာအားဖြင့် အခြားတစ်ဦးတစ်ယောက် အား မကောင်းပြောဆိုခြင်း၊ သေးသိမ်၊ သိက္ခာကျစေခြင်း) ဟူသော မလျော်ကန်သည့် စာစဉ်အကြောင်းအရာ များသည် မွန်ရည်သော စာရိတ္တဖြင့် ဆန့်ကျင်ဘက်ဖြစ်နေပေသည်။) ၄င်းတို့သည် မိမိတို့ မတရားသဖြင့် နှိပ်စက်မှုကို ခံကြရပြီးနောက်တွင် လက်စားချေခဲ့ကြကုန်၏။ (ထိုကဲ့သို့သော လင်္ကာဆရာတို့မှာ အထက် ဖော်ပြပါလင်္ကာဆရာများတွင် အကျုံးမဝင်ကြပေ။ ကာဖိရ်များ သို့မဟုတ် သူယုတ်မာများသည် ဦးစွာ ၄င်းတို့အား နှုတ်အားဖြင့် ဒုက္ခပေးကြပေသည်။ ဥပမာ- ၄င်းတို့အား သိက္ခာကျဆင်းအောင် ပြုလုပ်ခဲ့ သည်။ သို့မဟုတ် မိမိအား သိက္ခာကျအောင် ပြုခြင်းထက် သာပို၍ ဒုက္ခရောက်စေခြင်း၏ အကြောင်းခံ ဖြစ်သော ဒီးန်သာသနာတော်အား စော်ကားကာ သိက္ခာကျအောင် ပြုခဲ့သည်။ သို့မဟုတ် ၄င်းတို့၏ ဥစ္စာ ပစ္စည်းကိုသော်လည်းကောင်း၊ အသက်ဇီဝိန်တို့ကိုလည်းကောင်း အန္တရာယ်ပြုခဲ့ကြသည်။ ဆိုလိုသည်မှာ ဤသူတို့သည် ချွင်းချက်အဖြစ် အထက်ဖော်ပြပါ လင်္ကာကဗျာဆရာများ၏ အမိန့်အတွင်း၌ မပါဝင်ကြပေ။ အဘယ်ကြောင့်ဆိုသော် အစားယူလိုသော သဘောမျိုးဖြင့် စပ်ဆိုထားသော ကဗျာများ၌ အချို့သည် ပိုင်ကာ အချို့သည် နာခံရန်နှင့် အကျိုးစဝါးဗ်ပင် ရရှိမည်ဖြစ်သော အမှုကိစ္စဖြစ်သည်။)

စင်စစ် (ဤနေရာအထိတိုင် ရစူလ်ဖြစ်ခြင်းနှင့် စပ်လျဉ်းသော သံသယအချက်များ၏ အဖြေများ ကို ပြည့်ဝစွာ တင်ပြထားပေသည်။ ထို့အလျှင် ရစူလ်ဖြစ်ခြင်းအကြောင်းကို အထောက်အထားများဖြင့် တင်ပြထားပြီးဖြစ်သည်။ ယခု ရှေ့၌ 'ယင်းအချက်ကို တွေ့မြင်၊ ကြားသိ' နေသည့် ကြားကတည်းကပင် နဗီဖြစ်ခြင်းကို ငြင်းဆိုသူများနှင့် တမန်တော်မြတ် ﷺ အား ဒုက္ခပေးသူတို့အား ခြိမ်းခြောက်ထားပေသည်။

ဆိုလိုသည်မှာ အလ္လာဟ်ဝတ္တရား၊ တမန်တော်မြတ် ﷺ ၏ ဝတ္တရားနှင့် လူသားအချင်းချင်းတို့ ထားရှိရမည့် ဝတ္တရားများ၌) မတရားသဖြင့် နှိပ်စက်ကြကုန်သော သူတို့သည် မိမိတို့မှာ မည်သည့် (မကောင်းသော ဒုက္ခ) နေရာသို့ ပြန်လှည့်ကြရမည်ကို မကြာမီပင် သိရှိကြပေလိမ့်မည်။ (အလိုသဘောမှာ 'ဂျဟန္နမ်' ငရဲဘုံ ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

نَزَلَ بِهِ الرُّوحُ الْأَمِينُ عَلَىٰ قَلْبِكَ لِتَكُونَ مِنَ الْمُنذِرِينَ بِلِسَانٍ عَرَبِيٍّ مُّبِينٍ وَإِنَّهُ لَفِي زُبُرِ الْأَوَّلِينَ

'အလ်ရူဟုလ်အမီးန်' (ယုံကြည်စိတ်ချအပ်သော ဝိညာဉ်တော်ဖြစ်သည့်) ကောင်းကင်တမန် (ဂျိဗ်ရီးလ်) သည် ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) ကို ယူဆောင်ချပေးခဲ့လေသည်။ အသင်သည် သတိပေး နှိုးဆော်သူတို့တွင် အပါအဝင်ဖြစ်ရန် အလို့ငှာ ယင်း (ကျမ်းတော်မြတ်) ကို အသင်၏ စိတ်နှလုံး အတွင်းသို့ ထည့်သွင်းပေးတော်မူ၏။ (ဤကျမ်းတော်ကို) ရှင်းလင်းသော အာရဗီဘာသာဖြင့် ထုတ်ပြန်တော်မူ၏။ ၎င်းပြင် ကေန်အမှန် ယင်းကုရ်အာန်ကျမ်းတော်မြတ်၏ အကြောင်းမှာ ရှေးလူဟောင်းတို့၏ ကျမ်းဂန်များ၌လည်း ပါရှိ၏။ *[၂၆ : ၁၉၃-၁၉၆]*

ကုရ်အာန်ကျမ်းတော်မြတ်သည် ၎င်း၏ စကားလုံးများနှင့် အဓိပ္ပာယ်များကိုပါ ပေါင်းစပ်ထားခြင်း၏ အမည်ဖြစ်ခြင်းအကြောင်း

တင်ပြလျက်ရှိနေသော အာယသ်တော်ဖြစ်သည့် (ရှင်းလင်းသော အာရဗီဘာသာ) မှ 'ကုရ်အာန် ကျမ်းတော်မြတ်သည် အာရဗီစာပေဘာသာစကားဖြင့် ထုတ်ပြန်ပို့ချခြင်းခံထားရသော ကျမ်းဖြစ်ကြောင်း' ကို သိရှိရပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ စာစဉ်အကြောင်းအရာတစ်ရပ်ကို မည်သည့်ဘာသာ စကားဖြင့်ပင် ဖြစ်စေ ဘာသာပြန်ဆိုထားမူ ၎င်းကို ကုရ်အာန်ကျမ်းတော်မြတ်ဟူ၍ မခေါ်ဆိုနိုင်ပေ။

وَإِنَّهُ لَفِي زُبُرِ الْأَوَّلِينَ

၎င်းပြင် ကေန်အမှန် ယင်းကုရ်အာန်ကျမ်းတော်မြတ်၏ အကြောင်းမှာ ရှေးလူဟောင်းတို့၏ ကျမ်းဂန် များ၌လည်း (ရှိ၏။) *[၂၆ : ၁၉၆]*

ဟူသော အာယသ်တော်၏ စကားလုံးများမှ ပြင်ပသဏ္ဍာန်အားဖြင့် ကြည့်ရှုမည်ဆိုလျှင် 'ကုရ်အာန် ကျမ်းတော်မြတ်၏ အဓိပ္ပာယ်သည် မည်သည့်ဘာသာစကားနှင့်ဖြစ်စေ ကုရ်အာန်ကျမ်းတော်မြတ်ပင် ဖြစ် ကြောင်း' ဟူ၍ ဆန့်ကျင်ဘက်ပုံစံမျိုးဖြင့် သိရှိနိုင်ပေသည်။ အကြောင်းမှာ إنَّهُ ၌ ပါရှိသော (ه) 'ဟူ' (အညွှန်းနာမ်စား) သည် ကုရ်အာန်ကျမ်းတော်မြတ်၏ ဘက်သို့ ညွှန်ပြနေသည်ကတစ်ကြောင်း၊ 'ဇုဗုရှုန်'

သည် 'ဇဗူးရွန်'၏ အများကိန်းဖြစ်ကာ ကျမ်းဂန်ဟူ၍ အဓိပ္ပာယ်ရရှိပြီး၊ အာယသ်တော်၏ အဓိပ္ပာယ်မှာ ကုရ်အာန်ကျမ်းတော်မြတ်သည် အတိတ်ခေတ်ကျမ်းဂန်များ၌ ပါဝင်နေသည်'ဟူ၍ အဓိပ္ပာယ်ရရှိသည်က တစ်ကြောင်း၊ အတိတ်ခေတ် ကျမ်းဂန်များဖြစ်သော 'သောင်ရားသ်'၊ 'ဇဗူးရ်'၊ 'အင်န်ဂျီးလ်'ကျမ်းတို့သည် အာရဗီစာပေဖြင့် ကျရောက်လာသည်မဟုတ်ခြင်းသည်လည်း ထင်ရှားနေသည်က တစ်ကြောင်း' တို့ကြောင့် ဖြစ်သည်။ သို့ဆိုလျှင် ကုရ်အာန်ကျမ်းတော်မြတ်၏ အဓိပ္ပာယ်များကိုသာလျှင် ထိုအတိတ်ခေတ်ကျမ်းဂန်များအတွင်း၌ ဖော်ပြထားခြင်းကို 'ကုရ်အာန်ကျမ်းတော်မြတ်သည် အတိတ်ခေတ်ကျမ်းဂန်များ၌လည်း ရှိသည်' ဟူ၍ အာယသ်တော်အတွင်း၌ မိန့်ခြွေထားပေသည်။ ရှေးပိုင်းခေတ် အာလင်မ်ပညာရှင်များ တစ်စုတစ်စည်းတည်း ယုံကြည်ချက်ထားရှိသော အခြေခံဇစ်မြစ်အချက်မှာ 'ကုရ်အာန်ကျမ်းတော်မြတ်၏ စာစဉ်အကြောင်းအရာများကိုပင် အချို့သော အချိန်အခါမျိုး၌လည်း ယေဘုယျကျစွာ ခြုံငုံသော သဘောမျိုးဖြင့် ကုရ်အာန်ကျမ်းတော်မြတ်ဟူ၍ပင် ခေါ်ဆိုထားပေသည်'ဟူ၍ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စာအုပ်တစ်အုပ်အုပ်၏ အခြေခံအဓိကရည်ရွယ်ချက်သည် ထိုစာအုပ်၏ အကြောင်းအရာများသာလျှင် ဖြစ်သည်။ အတိတ်ခေတ်ကျမ်းများ၌ ကုရ်အမာန်ကျမ်းတော်မြတ် ပါဝင်ခြင်းဟူ၍ ဆိုခြင်းသည်လည်း 'ကုရ်အာန်ကျမ်းတော်မြတ်၏ အချို့သော အကြောင်းအရာများသည် ထိုအတိတ်ခေတ်ကျမ်းဂန်များ၌ ပါဝင်နေခြင်း'ဟူသော ရှုထောင့်အသွင်ဖြင့် မိန့်ဆိုထားခြင်းဖြစ်ပေသည်။ ယင်းအချက်အား ထောက်ခံအတည်ပြုမှုသည် များစွာသော ဟဒီးစ်တော်၏ ဆင့်ပြန့်ချက်၌ လာရှိထားပေသည်။

မွစ်သဒရပ်က်ဟာကင်မ်ကျမ်း၌ ဟဇရသ်မအ်ကလ်ဗင်န်ယစားရ်၏ ဟဒီးစ်တော်၌ တမန်တော်မြတ် ﷺ က ဤသို့ မိန့်ဆိုထားပေသည်။ 'ငါကိုယ်တော်အဖို့ ဦးစွာပထမ စူရာဟ်ဗကရာ ချီးမြှင့်ခြင်းခံထားရပေသည်။ ထို့နောက် စူရာဟ်သွာဟာနှင့် (စူရာဟ်များ၏ အစ၌ 'သွာစီးန်'ဖြင့်လာသော) စူရာဟ်များဖြစ်သည့် 'သွဝါးစီးန်'နှင့် (စူရာဟ်များ၏ အစ၌ 'ဟာမီးမ်'ဖြင့်လာသော) စူရာဟ်များဖြစ်သည့် 'ဟာဝါးမီးမ်'စသော စူရာဟ်များအားလုံးသည် ဟဇရသ်မူစာ عليه السلام ၏ 'သောင်ရားသ်'ကျမ်းများထဲမှ ဖြစ်သည်။ စူရာဟ်ဖာသွေဟာသည် ငါကိုယ်တော်အဖို့ 'အရ်ရှ်'တော်၏ အောက်မှ ချီးမြှင့်ခြင်း ခံခဲ့ရပေသည်။' ထို့ပြင် သွဗ်ရာနီ၊ ဟာကင်မ်နှင့် ဗိုက်ဟကီ စသော သခင်ကြီးများသည် ဟဇရသ်အဗ်ဒွလ္လားဟ်ဗင်န်မတ်စ်အူးဒ်သခင်ကြီးထံမှ စူရာဟ်မုလ်က်သည် 'သောင်ရားသ်'ကျမ်းအတွင်း၌ တည်ရှိကြောင်းကို ဆင့်ပြန့်ထားပေသည်။ *[ဟဒီးစ်]*

စူရာဟ်အအ်လာ၌ ကုရ်အာန်ကျမ်းတော်မြတ်တွင်

إِنَّ هَٰذَا لَفِي الصُّحُفِ الْأُولَىٰ ۝ صُحُفِ إِبْرَاهِيمَ وَمُوسَىٰ

ဧကန်စင်စစ် ဤသည် ရှေးဟောင်းကျမ်းများ၌လည်း လာရှိခဲ့ပေပြီ။ နဗီတမန်တော်အိဗ်ရာဟီးမ်၏ ထံသို့ ကျရောက်ခဲ့သော ကျမ်းများ၌လည်းကောင်း၊ နဗီတမန်တော်မူစာထံသို့ ကျရောက်ခဲ့သော ကျမ်းများ၌လည်းကောင်း လာရှိခဲ့ပေပြီ။ *[၈၇ : ၁၈-၁၉]*

ဆိုလိုသည်မှာ စူရာဟ်တော်၏ ဤအကြောင်းအရာများသည် ဟဇရတ်အီဗ်ရာဟီးမ် ﷺ ၏ ကျမ်းငယ်များ၌ ပါရှိပေသည်။ သို့ရာတွင် အာယသ်တော်များနှင့် ဆင့်ပြန်ချက်များအားလုံး၏ ရလဒ်မှာ ဤသို့တည်း။ များစွာသော ကုရ်အာန်ကျမ်းတော်မြတ်၏ အကြောင်းအရာများသည် အတိတ်ခေတ်ကျမ်းဂန်များ၌ ပါရှိနေပေသည်။ ထိုအထက်တင်ပြပါအချက်မှ 'ထိုအကြောင်းအရာများကြောင့် ကုရ်အာန်ကျမ်းတော်မြတ်၏ စာမူများ ပါဝင်နေသော အတိတ်ခေတ်ကျမ်းဂန်များ၏ အစိတ်အပိုင်းများကို ကုရ်အာန်ကျမ်းတော်မြတ်ဟူ၍ အမည်ပေးရန်' မှုချမဖြစ်တန်ကောင်းရာ။ အွမ္မသ်နောက်လိုက်ထုအတွင်း၌ မည်သူတစ်ဦးတစ်ယောက်မျှ 'ကုရ်အာန်ကျမ်းတော်မြတ်၏ စာမူအကြောင်းအရာ ပါဝင်သော ကျမ်းငယ်များနှင့် ကျမ်းဂန်များကို' ကုရ်အာန်ကျမ်းတော်မြတ်ဟူ၍ ပြောဆိုသည့်သူ မရှိပေ။ သို့သာမက နောင်းပိုင်းခေတ် အာလင်မ်အများစု၏ ယုံကြည်ချက်မှာ 'ကုရ်အာန်ကျမ်းတော်မြတ်သည် 'စကားလုံးချည်းသက်သက်လည်း မဟုတ်။ အဓိပ္ပာယ်ချည်းလည်း သက်သက်မဟုတ်' ကြောင်းဖြစ်သည်။

အကယ်၍ တစ်ဦးတစ်ယောက်သည် ကုရ်အာန်ကျမ်းတော်မြတ်၏ စကားလုံးတော်များကိုသာလျှင် နေရာအမျိုးမျိုးမှ ကောက်ယူရွေးချယ်ကာ စာပိုဒ်တစ်ပိုဒ်အဖြစ် ဖန်တီးလိုက်ပေမည်။ ဥပမာ- တစ်ဦးတစ်ယောက်သည် ဤအောက်ဖော်ပြပါစာပိုဒ်ကို ပြုလုပ်လိုက်ပေမည်။

اَلْحَمْدُ لِلّٰهِ الْعَزِيْزِ الرَّحِيْمِ ○ اَلَّذِىْ لَهٗ مُلْكُ السَّمٰوٰتِ وَهُوَ رَبُّ الْعٰلَمِيْنَ ○
خَالِقُ كُلِّ شَىْءٍ وَهُوَ الْمُسْتَعَانُ ○

ဤအထက်ဖော်ပြပါ စကားလုံးတော်များအားလုံးသည် ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ လာရှိသော စကားလုံးတော်များ ဖြစ်ပေသည်။ သို့ရာတွင် ဤစာပိုဒ်တော်ကို မည်သူတစ်ဦးတစ်ယောက်မျှ ကုရ်အာန်ကျမ်းတော်မြတ်ဟူ၍ မခေါ်ဆိုပေ။ ဤကဲ့သို့ပင် 'အခြားသော စာပေဘာသာစကားဖြင့် တင်ပြထားသော ကုရ်အာန်ကျမ်းတော်မြတ်၏ အဓိပ္ပာယ်များ' ကိုလည်း မည်သူတစ်ဦးတစ်ယောက်မျှ ကုရ်အာန်ကျမ်းတော်မြတ်ဟူ၍ မခေါ်ဆိုပေ။

နမာဇ်အတွင်း ကုရ်အာန်ကျမ်းတော်မြတ်၏ ဘာသာပြန်ဖတ်ရွတ်ခြင်းနှင့် အွမ္မသ်၏ (အာလင်မ်) များအားလုံးထံ၌ မပိုင်ခြင်းအကြောင်း

ထို့ကြောင့် အွမ္မသ် (နောက်လိုက်ထု) ၏ အာလင်မ်ပညာရှင်များအားလုံးသည် 'နမာဇ်၌ 'ဖွရဇ်' ဖြစ်သော 'သေလာဝသ်'၏ နေရာ၌ ကုရ်အာန်ကျမ်းတော်မြတ်၏ စကားလုံးများ၏ ဘာသာပြန်ကို ဖာရစီဘာသာ၊ အူရ်ဒူဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် ဖတ်ခြင်း၊ ခက်ခဲကျပ်တည်းမှု၊ မရှိချိန်တွင် မလုံလောက်ပေ'ဟူ၍ တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ချက်ချထားကြပေသည်။ အချို့သော အေမာမ်များထံမှ ယင်းမွှေသတ်နှင့် စပ်လျဉ်း၍ အခွင့်အလမ်း ကျယ်ဝန်းမှုရှိကြောင်းကို မိန့်ထားပေသည်။ ၎င်းတို့အနေဖြင့်လည်း မိမိတို့၏ ယင်းအဆိုမှ ပြန်လည်ရုပ်သိမ်းထားခြင်း၏ အတည်ပြုချက်များ လာရှိထားပေသည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ အူရ်ဒူဘာသာပြန်ကျမ်းကို အူရ်ဒူကုရ်အာန်ဟူ၍ ပြောဆိုခြင်း မပိုင်၊

ဤကဲ့သို့ပင် ကုရ်အာန်ကျမ်းတော်မြတ်၏ အာရဗီစကားလုံး စာသားများမပါရှိကာ အခြားမည်သည့် စာပေဘာသာ စကားတစ်မျိုးနှင့်မဆို ဘာသာပြန်ထားသည်ဆိုလျှင် ၎င်းစာအုပ်ကို ထိုပြန်ထားသော စာပေဘာသာစကား၏ ကုရ်အာန်ဟူ၍ ပြောဆိုပိုင်ခွင့် မရှိချေ။ ပမာဆိုရသော် မျက်မှောက်ခေတ်၌ ရှိသောများစွာသော သူတို့သည် အူရ်ဒူဘာသာစကားဖြင့် ပြန်ထားသော ကုရ်အာန်ကို အူရ်ဒူကုရ်အာန် (အင်္ဂလိပ်ဘာသာဖြင့် ပြန်ထားသော ကုရ်အာန်ကို အင်္ဂလိပ်ကုရ်အာန်ဟူ၍ ပြောဆိုနေကြသည်။ ဤသို့ ခေါ်ဆိုခြင်းသည် မပိုင်လည်း မပိုင်၍ ယဉ်ကျေးမှုကင်းမဲ့ခြင်း ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်ကို အာရဗီစာသားပုဒ်စကားလုံးများ မပါရှိစေဘဲ အခြားသော စာပေဘာသာစကားဖြင့် 'ကုရ်အာန်ကျမ်းတော်မြတ်'ဟူ၍ အမည်တပ်ကာ ထုတ်ဝေဖြန့်ဖြူးခြင်းနှင့် ရောင်းချခြင်းအားလုံး မပိုင်ပေ။ ထိုဓမ္မသတ်၏ အကျယ်ချဲ့အကြောင်းအရာများကို ကျွန်ုပ် (မိုဟမ္မဒ်ရှဖီးအ်) ရေးသားထားသော စာစောင်ငယ် 'သဟ်ဇီးရုလ်အစ်ခ်ဝါးန်အန်းသင်ဂ်ယီးရိရုပ်စ်မစ်လ်ကုရ်အာန်' ၌ လေ့လာကြည့်ရှုကြကုန်။

أَفَرَءَيْتَ إِن مَّتَّعْنَٰهُمْ سِنِينَ ﴿٢٠٥﴾

အသင်သည် စဉ်းစားဆင်ခြင်ခဲ့လေသလော။ အကယ်၍ ငါအသျှင်မြတ်သည် ၎င်းတို့အား နှစ်ကာလကြာရှည်စွာ အကျိုးခံစားခွင့် ပေးတော်မူခဲ့ပါလျှင်။ *[၂၆ : ၂၀၅]*

ဤအာယသ်တော်အတွင်း၌ 'ကမ္ဘာလောကတွင် တစ်ဦးတစ်ယောက်ကို အသက်ရှည်လျားစွာ ထားရှိခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ 'နေအ်မသ်' စည်းစိမ်တော်တစ်ရပ်ဖြစ်သည်။ သို့ရာတွင် အကြင်သူတို့သည် ထိုစည်းစိမ်တော်၏ ကျေးဇူးတရားကို မသိရှိကာ အီမာန်မရယူထားပါက ၎င်းတို့၏ သက်တမ်းရှည်ကြာခြင်း၏ သက်တောင့်သက်သာ ရရှိနေခြင်းနှင့် အားလပ်ခွင့် ဖြစ်ရှိနေခြင်းသည် တစ်စုံတစ်ရာ အသုံးချမည်မဟုတ်ကြောင်း'၏ ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားပေသည်။

အေမာမ်ဇိုဟ်ရီးသခင်ကြီးသည် ဆင့်ပြန်ထားသည်။ ဟဇရသ်အုမရ် အိဗ်နေ အဗ်ဒွလ်အဇီးဇ် သခင်ကြီးသည် နေ့စဉ် နံနက်အချိန်၌ မိမိ၏ မုတ်ဆိတ်တော်ကို ဆွဲကိုင်၍ မိမိ၏ စိတ်ရိုင်အား ဤအထက်ပါ အာယသ်တော် (၂၆း၂၀၅) ကို ရွတ်ဖတ်တော်မူကာ မိန့်တော်မူပေသည်။ ထို့နောက် ငိုယိုတော်မူကာ အောက်ဖော်ပြပါ လင်္ကာများကို ရွတ်ဆိုလေသည်။

نهارك يامغرور سهوو غفلة وليلك نوم و الردى لك لازم فلا انت في الايقاظ

يقظان حازم ولا انت في النوم ناج وسالم وسعى الى ماسوف

تكرة غبه كذ الك في الدنيا تعيش البهائم

အို၊ ဖြားယောင်းသွေးဆောင်သူ၊ အသင်၏ တစ်နေ့တာလုံးသည် မေ့လျော့မှု၌လည်းကောင်း၊ တစ်ညတာလုံးသည် အိပ်စက်မှု၌လည်းကောင်း ကုန်ဆုံးခဲ့သည်။ ကေန်စင်စစ် သေခြင်းတရားသည် မုချ အသင့်

ထံသို့ ဆိုက်ရောက်လာမည့်အရာ ဖြစ်ပေသည်။ အသင်သည် နိုးကြားနေသူများအတွင်း၌ မဟုတ်။ တည်တံ့မြဲမြံကာ ရှင်သန်နေသူသည် နိုးကြားသူဖြစ်သည်။ အိပ်စက်နေသောသူများအဖို့ လွတ်မြောက်မှုရရှိရန် စိတ်အေးချမ်းမှုသည် တည်ရှိနိုင်ပေမည်မဟုတ်။ အသင်၏ ကြိုးပမ်းမှု၏ နောက်ဆုံး အကျိုးဆက်သည် များမကြာမီ မသင့်တော်၊ မလျော်ကန်သော ပုံပန်းသဏ္ဌာန်မျိုးဖြင့် ရှေ့မှောက်သို့ ရောက်ရှိလာမည် ဖြစ်သည်။ ကမ္ဘာလောက၌ ခြေလေးချောင်းတိရစ္ဆာန်များသည် ဤပုံစံမျိုးဖြင့်သာ ရှင်သန်နေထိုင်ကြပေသည်။

وَأَنذِرْ عَشِيرَتَكَ الْأَقْرَبِينَ ﴿٢١٤﴾

ငင်းပြင် အသင်သည် မိမိနှင့် နီးစပ်သော ဆွေမျိုးသားချင်းတို့ကို သတိပေးနှိုးဆော်ပါလေ။

[၂၆ : ၂၁၄]

'အရှီးရသူးန်'၏ အဓိပ္ပာယ်သည် 'မျိုးနွယ်၊ ဆွေမျိုး' ဟူ၍ ရှိ၏။ أَقْرَبِينَ 'အဝ်က်ရဗီးန်' ဟူသော ပုဒ်မှ ထပ်ဆင့်၍ ဆွေမျိုးသားချင်းများထဲမှလည်း နီးစပ်သောသူများကို ဆိုလိုခြင်းဖြစ်သည်။ ဤနေရာတွင် သေချာကျနစွာ စဉ်းစားသင့်သော အချက်မှာ တမန်တော်မြတ် ﷺ အပေါ် သာသနာတော်အား ဖြန့်ဖြူး၊ ပို့ဆောင်၊ နှိုးဆော်မှုသည် အမွှသ်ထုတစ်ရပ်လုံးအတွက် 'ဖွရ်ဓ်' တာဝန်ဖြစ်ပေသည်။ ဤနေရာ၌ နီးစပ်သော ဆွေမျိုးသားချင်းများကို အထူးပြုထားခြင်း၏ အမြော်အမြင်သည် မည်ကဲ့သို့နည်း။ သေချာကျနစွာ စမ်းစစ်ကြည့်ရှုလိုက်မည်ဆိုလျှင် ထိုအာယသ်တော်အတွင်း၌ သာသနာတော်ပြန့်ပွားရေး၏ လွယ်ကူထိရောက်စေသော သီးသန့်နည်းလမ်းတစ်ရပ်ကို ပြဆိုထားပေသည်။ အကြင်နည်းလမ်း၏ အကျိုးဆက်တရားသည် အလွန်ထိရောက်ခြင်းပင် ဖြစ်သည်။

ထိုနည်းလမ်းမှာ 'မိမိ၏ သားချင်းများအတွင်းရှိ သူတို့သည် မိမိနှင့် နီးစပ်သည့်အတွက်ကြောင့် မိမိအဖို့ တာဝန်လည်း ရှိသည်။ ကောင်းသော အလုပ်များ၌လည်း အခြားသူများထက် ဦးစားပေးရပေမည်။ အချင်းချင်း ဆက်နွယ်မှုနှင့် အတွင်းသိ ဖြစ်ခြင်းအပေါ် ၄င်းတို့အတွင်းဝယ် 'မုသားကြွေးကြော်သူ' ဟူသော အချက်သည် မဝင်ဆံ့နိုင်ပေ။ အကြင်သူ၏ မှန်ကန်မှုနှင့် စာရိတ္တမှန်ရည်မှုသည် သားချင်းများအတွင်း၌ ကျော်ကြားနေပေသည်။ ၄င်း၏ မှန်ကန်သော ဖိတ်ခေါ်မှုကို လက်ခံရန် ၄င်းတို့အဖို့လွယ်လည်း လွယ်ကူလှပေသည်။ ဆွေမျိုးသားချင်းတို့သည် ကောင်းသော လှုပ်ရှားမှုတစ်ရပ်အပေါ် ယိုင်းပင်းသူ ဖြစ်ရှိသွားလျှင်မူ ၄င်းတို့၏ ညီနောင်ဖြစ်မှုနှင့် ကူညီမှုတို့သည် ခိုင်မာသော မဏ္ဍိုင်အပေါ် တည်ဆောက်ထားသည့်အလား ဖြစ်ပေါ်သွားသည်။ ထိုဆွေမျိုးသားချင်းများသည် စည်းလုံးညီညွတ်ခြင်း၏ ရှုထောင့်ဖြင့်လည်း ၄င်းအား ယိုင်းပင်းမှုနှင့် ညီရင်းအစ်ကိုပမာ ဖြစ်နေခြင်းအပေါ် မတတ်သာဘဲ ဖြစ်ရှိနေပေသည်။ နီးစပ်သော ဆွေမျိုးသားချင်းများနှင့် မိတ်ဆွေများ၏ အသိုင်းဝိုင်းတစ်ရပ်သည် မှန်ကန်ခြင်း၏ အခြေခံအုတ်မြစ်များအပေါ် တည်ဆောက်ပြီး ဖြစ်သွားလျှင်မူ နေ့စဉ် ဖြတ်သန်းရသည့် ဘဝသက်တမ်းတွင် တစ်ဦးချင်း သာသနာ့ပညတ်ချက်များအပေါ် ကျင့်ဆောက်တည်မှုပြုရန် အလွန်လွယ်ကူသွားပေသည်။ တစ်ဖန် အင်အားစုချုပ် အသင်းတစ်ခုသဖွယ်ဖြစ်ကာ အခြားသူများထိတိုင် သာသနာပြန့်ပွားရေးကိစ္စကို ဆောင်ရွက်ရာ၌ အကူအညီကို ရရှိနိုင်ပေသည်' ဟူ၍ ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားသော အာယသ်တော်အတွင်း၌

قُوٓا۟ أَنفُسَكُمْ وَأَهْلِيكُمْ نَارًا

အသင်တို့သည် မိမိကိုယ်မိမိလည်းကောင်း၊ မိမိတို့၏ အိမ်သူအိမ်သားတို့ကိုလည်းကောင်း ငရဲမီးဘေးမှ ကင်းလွတ်စေကြလေကုန်။ [၆၆ : ၆]

ထိုအာယသ်တော်အတွင်း၌ အိမ်သူ၊ အိမ်သားတို့အား အပယ်ငရဲမီးမှ ရှောင်ရှားစေရန် တာဝန်ကို သားချင်းတစ်ဦးချင်းစီ၏အပေါ် ချမှတ်ပေးထားပေသည်။ အကြင်အချက်သည် ကျင့်ကြံ တည်ဆောက်မှုများနှင့် စာရိတ္တတို့အား ပြုပြင်မှုပြုရန် အလွယ်ကူဆုံးနှင့် ဖြောင့်မတ်သော လမ်းစဉ် ဖြစ်သည်။ ထပ်ဆင့်၍ လေ့လာကြည့်ရှုမည်ဆိုပါက လူတစ်ဦးတစ်ယောက်သည် ကောင်းမြတ်သော အကျင့်သီလနှင့် မွန်ရည်သော စာရိတ္တများကို ကျင့်ကြံရန်လည်းကောင်း၊ တစ်ဖန် ထိုအချက်အပေါ်၌ တည်တံ့မြဲမြံစွာ နေထိုင်ရန်အတွက် သော်လည်းကောင်း၊ 'ငှင်း၏ ပတ်ဝန်းကျင် အသိုင်းအဝိုင်းသည် ငှင်းအဖို့ လိုက်ဖက်ညီနေခြင်း' မဖြစ်သရွေ့ ကာလပတ်လုံး သဘာဝအရ မဖြစ်နိုင်ပေ။ တစ်အိမ်လုံး၌ အကယ်၍ တစ်ဦးတစ်ယောက်သည် နမာဇ် ကို တည်တံ့မြဲမြံစွာ ကျင့်ဆောက်တည်လိုသည်ဆိုလျှင် ထိုမြဲမြံသော နမာဇ်ဝတ်ပြုသည့် သူအဖို့လည်း မိမိ၏ ဝတ္တရားကို ထမ်းဆောင်ရာ၌ အခက်အခဲ၊ အဟန့်အတားများ ရှိတတ်ပေသည်။

ယနေ့ မျက်မှောက်ခေတ်၌ 'ဟရာမ်'အမှုကိစ္စ၊ အချက်အလက်များအား ရှောင်ရှားရန် အခက်အခဲ ဖြစ်နေပေသည်။ ထိုသို့ မရှောင်ကြဉ်နိုင်ကြသေးခြင်း၏ အကြောင်းမှာ 'အမှန်တကယ် စွန့်လွှတ်ရန် ခက်ခဲခြင်း' ကြောင့် မဟုတ်ပေ။ သို့သာမက ယင်းအချက်၏ အကြောင်းခံမှာ ဤသို့တည်း။ ပတ်ဝန်းကျင်နှင့် ဆွေမျိုးသားချင်းတစ်ခုလုံးသည် ပြစ်မှုဒုစရိုက်တစ်ရပ်အတွင်း၌ နစ်မွန်းလျက်ရှိမှု ထိုတစ်ယောက်တည်း အဖို့ ရှောင်ရှားရန် ခက်ခဲသွားပေသည်။ တမန်တော်မြတ် ﷺ အပေါ် ဤအာယသ်တော်မြတ် ကျရောက်လာပါမူ ကိုယ်တော်သည် ဆွေမျိုးသားချင်းများအားလုံးတို့ကို ခေါ်ယူ၊ စုရုံးကာ အလ္လာဟ်အသျှင်မြတ်၏ တရားဒေသနာကို ဖတ်ရွတ်ပြသည်။ ထိုအချိန်၌ လူတို့သည် အမှန်တရားကို လက်ခံရန် ငြင်းဆိုနေလင့်ကစား သို့ရာတွင် ဆွေမျိုးသားချင်းအတွင်းရှိ သူတို့သည် အစ္စလာမ်သာသနာနှင့် အီမာန်အတွင်းသို့ တစ်ဖြည်းဖြည်း ဝင်ရောက်ရန် အစပြုလာကြပေသည်။ တမန်တော်မြတ် ﷺ ၏ ဦးကြီးတော် ဟဇရသ် ဟမ်ဇားဟ် ؓ အစ္စလာမ်သာသနာကို လက်ခံလိုက်ခြင်းဖြင့် အစ္စလာမ်သာသနာသည် အလွန်ကြီးမားသော အင်အားတစ်ရပ်ကို ရရှိခဲ့သည်။

ကဗျာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

وَالشُّعَرَآءُ يَتَّبِعُهُمُ الْغَاوُنَ

သို့ရာတွင် လင်္ကာဆရာ၏ နောက်သို့ကိုမူ လမ်းလွဲသူတို့သည်သာလျှင် လိုက်ကြကုန်၏။ [၂၆ : ၂၂၄]

မူရင်းအဘိဓါန်၌ 'ရှအရ်'ကို 'စိစစ်မှုမပြုထား၍ တွေးခေါ်မှုသက်သက်ဖြင့်သာ တင်ပြထားသော စာမှုအကြောင်းအရာများ' ကို 'ကဗျာ'ဟု ခေါ်ဆိုပေသည်။ အကြင်စာမှု စာသားများအတွင်း၌ ကာရံနဘော၊ စာအသွားအလာ ညီညွတ်အချိုးကျမှုတို့သည် စည်းကမ်းချက်မဟုတ်ပေ။ မန်သွီးက်၏ ဘာသာရပ်၌လည်း ဤကဲ့သို့သော အကြောင်းအရာများကို အဒဟ်လ်လာအေရှအ်ရီယာ (နက်ရှိုင်းပြည့်စုံသော အထောက်အထားများ) နှင့် 'ကသွာယာရှအ်ရီယာ' (နက်ရှိုင်းပြည့်စုံသော ဝါကျများ) ဟု ခေါ်ဆိုပေသည်။ သာသနာ အသုံးအနှုန်းဝေါဟာရဆိုင်ရာ လင်္ကာ၊ ကဗျာများအတွင်း၌လည်း များသောအားဖြင့် တွေးခေါ်မှုတို့သာလျှင် လွှမ်းမိုးနေသည်။ ထို့ကြောင့် ကဗျာဆရာများ၏ အသုံးအနှုန်းဝေါဟာရ၌ ကာရံနဘော၊ စာသွားစာလာ ညီညွတ်သော စာပိုဒ်ကို 'ကဗျာ'ဟု ခေါ်ဆိုကြပေသည်။ အချို့သော အဖွင့်ရှင်များသည် ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များဖြစ်သည့်

شَاعِرٌ نَتَرَبَّصُ بِهٖ နှင့် بَلْ هُوَشَاعِرٌ. شَاعِرٌ مجنون

ဟူသော အာယသ်တော်များအတွင်း၌ ကဗျာ၊ လင်္ကာကို သာသနာတော်၏ အသုံးအနှုန်း ဝေါဟာရ အဖြစ် အလိုသဘော ကောက်ယူကာ မက္ကာဟ်မြို့ရှိ ကာဖိရ်များသည် တမန်တော်မြတ် ﷺ ကို 'အဖွဲ့အနွဲ့ အပြောကောင်းသူ၊ ကာရံနဘောဖြင့် ပြောဆိုတတ်သူဟူ၍ ခေါ်ဆိုကြကြောင်း' ပြောဆိုကြပေသည်။ သို့ရာတွင် အချို့သောသူများသည် 'ကာဖိရ်များ၏ အလိုသဘောသည် ဤသို့မဟုတ်။ အကြောင်းမှာ ၎င်းတို့သည် ကဗျာ၏ နည်းစနစ်၊ စပ်ပုံစပ်နည်းကို သိနားလည်သောသူများ ဖြစ်ကြသည်။ 'ကုရ်အာန် ကျမ်းတော်မြတ်သည် ကဗျာပေါင်းချုပ်စာအုပ်၊ မဟုတ်ကြောင်းကို အပြောကြွယ်သော အာရဗ်လူမျိုးတို့ကိုပင် မဆိုထားဘိဦး၊ အာရဗ်လူမျိုးမဟုတ်သော သူတို့ပင် ယင်းသို့ မပြောဆိုကြကြောင်း' မှာ ထင်ရှားပေသည်။ သို့သာမက ကာဖိရ်တို့သည် တမန်တော်မြတ် ﷺ ကို 'ရှာအိရ်'လင်္ကာကဗျာဆရာဟူ၍ ပြောဆိုခြင်းမှာ လင်္ကာကဗျာ၏ မူရင်းအဓိပ္ပာယ်ဖြစ်သော 'တွေးခေါ်မှုသက်သက်ဖြစ်ခြင်း၏ အကြောင်းအရာများကို ထောက်ရှု၍ ခေါ်ဆိုခြင်းဖြစ်သည်။ စင်စစ် ၎င်းတို့၏ အဓိကရည်ရွယ်ချက်သည် (မပြောကောင်း၊ မဆိုအပ်) တမန်တော်မြတ် ﷺ ကို 'မုသာဝါဒီ'ဟူ၍ ပြောဆိုလိုနေခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကဗျာ၏ အဓိပ္ပာယ်ကို 'မုသား' အဖြစ်ဟူ၍လည်း အသုံးပြုကြပေသည်။ 'ရှာအိရ်' (ကဗျာ၊ လင်္ကာဆရာ) ကို လူလိမ်ဟူ၍ ခေါ်ဆိုလေ့ရှိကြပေသည်။ ထို့ကြောင့် 'အစ်လ်လာအေ့ကာဇိဗာဟ်' (မှားယွင်းသော အထောက်အထားများ) ကို 'အဒစ်လ်လာ အေရှအ်ရီယား' (နက်ရှိုင်းပြည့်စုံသော အထောက်အထားများ) ဟူ၍ ခေါ်ဆိုသည်။ အချုပ်သဘောတရားမှာ ဤသို့တည်း။ စာနေစာထား နေရာကျ၍ ကာရံနဘော၊ ပြောင်မြောက်သော စာသားကို ကဗျာ၊ လင်္ကာဟူ၍ ခေါ်ဆိုသကဲ့သို့ ခန့်မှန်းတွေးခေါ်ရုံသက်သက်ဖြင့် စပ်ဆိုထားသော စာသားကိုလည်း ကဗျာဟူ၍ ခေါ်ဆိုသည်။

وَالشُّعَرَاءُ يَتَّبِعُهُمُ الْغَاوٗن

သို့ရာတွင် လင်္ကာဆရာတို့၏ နောက်သို့ကိုမူ လမ်းလွဲသူတို့သည်သာလျှင် လိုက်ကြကုန်၏။

[၂၆ : ၂၂၄]

ဤအာယသ်တော်အတွင်း၌ လက်ာ၊ ကဗျာ၏ အဓိပ္ပာယ်ကို အသုံးအနှုန်းဝေါဟာရနှင့် ကျော်ကြားသော အလိုသဘောကိုသာ ကောက်ယူထားပေသည်။ ဆိုလိုသည်မှာ အနေအထားကျနစွာနှင့် ကာရံနှင့်ပြောင်မြောက်စွာ ပြောဆိုတတ်သူကို ခေါ်ဆိုပေသည်။ ယင်းအချက်အား 'ဖသ်ဟုလ်ဗာရီ' ကျမ်း၏ ဆင့်ပြန်ချက်ကို အကူအဖြစ် အတည်ပြုထားပေသည်။ ဤအထက်ဖော်ပြပါ အာယသ်တော် ကျရောက်လာသောအခါ ဆွဟာဗာကြီးများအတွင်း၌ ကဗျာ၊ လင်္ကာအရာ၌ ကျော်ကြားသော ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်ရဝါဟား၊ ဟဇရသ်ဟာပ်စ်ဆားန်ဗင်န် စာဗိသ်နှင့် ကအဗ်ဗင်န်မာလစ်က်သခင်ကြီးတို့သည် တမန်တော်မြတ် ﷺ ၏ အခစားတော်သို့ ငိုယို၍ ဝင်ရောက်ကာ 'အို၊ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်၊ အလ္လာဟ်အသျှင်မြတ်သည် ဤအာယသ်တော်မြတ်ကို ချပေးတော်မူလိုက်ပြီ' ဟူ၍ လျှောက်ထားကြပေသည်။ တမန်တော်မြတ် ﷺ က 'အာယသ်တော်၏ အဆုံးပိုင်းကို ဖတ်ကြကုန်' ဟူ၍ မိန့်တော်မူလိုက်သည်။ 'အသင်တို့၏ လင်္ကာကဗျာများသည် အလဟာသနှင့် မှားယွင်းသော ရည်ရွယ်ချက်များအတွက် မဟုတ်။ ထို့ကြောင့် အသင်တို့သည် အာယသ်တော်၏ နောက်ဆုံးပိုင်း၌ တင်ပြထားသော ချွင်းချက်အတွင်း၌ ပါဝင်နေပေသည်' ဟူသော အလိုသဘောဖြစ်သည်။ ထို့ကြောင့် အဖွင့်ရှင်များသည် ဤသို့ မိန့်ဆိုထားကြပေသည်။ အာယသ်တော်၏ အစပိုင်းသည် 'မုရှ်ရစ်က်' လင်္ကာ၊ ကဗျာရှင်များဟူ၍ ဆိုလိုခြင်းအဖြစ် ကောက်ယူထားကြသည်။ အဘယ်ကြောင့်ဆိုသော် လမ်းလွဲမှားသူတို့သည် ဆိုးသွမ်းသော ရှိက်သွာန်နှင့် ဖီဆန်သော 'ဂျင်န်နာသ်' များ၏ လမ်းစဉ်ကို နောက်လိုက်သမှု ပြုကြကာ ဆင့်ပြန်ကြကုန်၏။ *[ဖဟ်သုလ်ဗာရီကျမ်း]*

အစ္စလာမ်သာသနာ၌ လင်္ကာ၊ ကဗျာ ရွတ်ဆိုခြင်း၏ အဆင့်

တင်ပြလျက်ရှိနေသော အာယသ်တော်များ၏ အစ၌ လင်္ကာ၊ ကဗျာနှင့် လင်္ကာကဗျာစပ်ဆိုမှုတို့အား လွန်စွာ ပြစ်တင်ရှုတ်ချထား၍ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ ရွံမုန်းခြင်းခံရကြောင်းကို သိရှိရပေသည်။ သို့ရာတွင် စူရာဟ်တော်၏ အဆုံးပိုင်း၌ အကြင်ချွင်းချက်ကို တင်ပြထားသည်။ ယင်းချွင်းချက်မှ 'လင်္ကာ၊ ကဗျာသည် လုံးဝ မကောင်းခြင်း မဟုတ်ကြောင်း၊ သို့သာမက အလ္လာဟ်အသျှင်မြတ်၏ အမိန့်ကို ဖီဆန်ကာ မနာခံမှုကို ဖြစ်စေသော သို့မဟုတ် အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်းကို တားမြစ်စေထားခြင်း၊ သို့မဟုတ် မတရား လိမ်လည်သော အသွင်ဖြင့် လူသားတစ်ဦးဦးအား ပြစ်တင်ကဲ့ရဲ့ခြင်းနှင့် သိက္ခာကျစေခြင်းတို့ ဖြစ်ပေါ်စေသော သို့မဟုတ် ရက်ဖွယ်လိလိနှင့် စက်ဆုပ်ရွံရှာဖွယ် ကောင်းသော အမှုကိစ္စတို့ကို လှုံ့ဆော်စေသော အချက်မျိုးကို ဖြစ်ပေါ်စေသော အချက်အလက်များ ပါဝင်သည့် လင်္ကာကဗျာများသည် ပြစ်တင်ဖွယ်ထိုက်ခြင်းနှင့် မနှစ်မြို့ဖွယ် ဖြစ်ခြင်းအကြောင်းတို့ကို သိရှိရပေသည်။

အကြင်လင်္ကာ၊ ကဗျာများသည် ထိုပြစ်မှုဒုစရိုက်များနှင့် မနှစ်မြို့ဖွယ်ကောင်းသော အချက်များမှ ကင်းရှင်းနေသည်ဆိုပါက ထိုလင်္ကာ၊ ကဗျာများကို အလ္လာဟ်အသျှင်မြတ်သည်

اِلَّا الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ

အကြင်သူတို့သည် အီမာန်သက်ဝင်ယုံကြည်ခဲ့ကြပြီးနောက် ကောင်းမြတ်သော အကျင့်သီလများကိုလည်း ဆောက်တည်ခဲ့ကြကုန်၏။ *[၂၆ : ၂၂၇]*

ဟူသော အာယသ်တော်၏ အကြောင်းခံဖြင့် ချွင်းချက်ပြုထားပေသည်။ အချို့သော လင်္ကာ၊ ကဗျာများမှ အမြော်အမြင်ရှိသော စာမူများနှင့် ဆိုဆုံးမတရားများ ပါဝင်နေသည့်အတွက်ကြောင့် နာခံမှုနှင့် အကျိုးစဝါးဇ်အတွင်း၌ ပါဝင်နေပေသည်။ ပမာဆိုရသော် ဘိုခါရီကျမ်း၌ ဟဇရသ်အုဗိုက်ယ်အိဗ်နေကအ်ဗ်၏ ဆင့်ပြန်ချက်၌

اِنَّ مِنَ الشِّعْرِ حِكْمَةً

(အချို့သော လင်္ကာ၊ ကဗျာများသည် အမြော်အမြင်ရှိသော လင်္ကာ၊ ကဗျာများဖြစ်သည်) ဟူ၍ လာရှိထားပေသည်။ ဟာဖိဇ်အိဗ်နေဟဂျရ်သခင်ကြီးသည် 'ဟစ်ကမသ်' (အမြော်အမြင်) ၏ လိုရင်းသဘောမှာ 'အမှန်တရားနှင့် ကိုက်ညီသော မှန်ကန်သောအချက်' ဖြစ်ကြောင်း ဖြစ်သည်'ဟူ၍ မိန့်ဆိုထားပေသည်။ အိဗ်နေဗာသ္ဗ္ဗသွားလ်သခင်ကြီးက 'အလ္လာဟ်အသျှင်မြတ်တစ်ပါးတည်း တည်ရှိကြောင်း၊ ထိုအသျှင်မြတ်အား သတိရတသမှုနှင့် အစ္စလာမ်သာသနာအား ချစ်ကျွမ်းဝင်စေသော အကြောင်းအချက်အလက်များ ပါဝင်သည့် လင်္ကာ၊ ကဗျာများသည် နှစ်မြို့ ချီးကျူးဖွယ်ထိုက်သော လင်္ကာ၊ ကဗျာများ'ဖြစ်ကြောင်း မိန့်ဆိုထားပေသည်။ တင်ပြပါဟာဒီးစ်တော်အတွင်း၌ ပါဝင်သော လင်္ကာ၊ ကဗျာများသည် ဤအထက်တင်ပြပါ ကဗျာ၊ လင်္ကာအမျိုးအစားဖြစ်ကြောင်းကိုသာ အလိုသဘော ကောက်ယူထားပေသည်။ ယင်းအချက်အား သာပို အထောက်အကူဖြစ်စေသော အချက်များသည် အောက်ဖော်ပြပါ ဆင့်ပြန်ချက်များဖြင့်လည်း ဖြစ်ရှိပေသည်။

(၁) အုမရ်ဗင်န်ရှရီးဒ်သခင်ကြီးသည် မိမိ၏ ဖခင်ထံမှ 'တမန်တော်မြတ် ﷺ သည် ကျွန်ုပ်ထံမှ အိုမိုက်ယားဟ်ဗင်န်အဗီစွာလ်သ်၏ ကာရံနှဘေ ပြောင်မြောက်သော လင်္ကာ၊ ကဗျာအပုဒ် (၁၀၀) ထိတိုင် နားထောင်တော်မူခဲ့ကြောင်းကို ဆင့်ပြန်ထားပေသည်။

(၂) မသ့်ရမ်သခင်ကြီးက 'ကျွန်ုပ်သည် ကူဖာမှ ဗဆ္ဗရာမြို့ထိတိုင် ဟဇရသ်အင်မ်ရာန်ဗင်န် ဟုစ္စိုင်းသခင်ကြီးနှင့်အတူ ခရီးနှင်ရာ လမ်းခရီးရပ်နားရာ စခန်းတိုင်း၌ ၎င်းသည် ကဗျာဖတ်ပြလေ့ရှိသည်' ဟူ၍ မိန့်တော်မူသည်။

(၃) သွာဗ်ရာနီသခင်ကြီးသည် ဆွဟာဗာနှင့် သာဗေ့အီးန်အကြီးအကဲတို့နှင့် စပ်လျဉ်း၍ '၎င်းတို့သည် ကဗျာ၊ လင်္ကာရွတ်ဆို၊ နားထောင်၊ ဖတ်ပြလေ့ရှိကြောင်း' ကို ပြောဆိုတော်မူသည်။

(၄) အေမာမ်ဘိုခါရီသခင်ကြီးသည် 'ဟဇရသ်အာအေရှာဟ် ﷺ သခင်မကြီးသည် လင်္ကာ၊ ကဗျာရွတ်ဆိုလေ့ရှိကြောင်း' ကို မိန့်တော်မူပေသည်။

(၁) အဗူယာအ်လားသခင်ကြီးသည် အိဗ်နေအုမရ်သခင်ကြီးထံမှ တမန်တော်မြတ် ﷺ တိုက်ရိုက် မိန့်သော ဟဒီးစ်တော်တစ်ရပ်ကို ဆင့်ပြန်ထားပေသည်။ လင်္ကာ၊ ကဗျာသည် စကားရပ် တစ်ခုဖြစ်သည်။ အကယ်၍ ထိုလင်္ကာ၊ ကဗျာ၏ စာမူအကြောင်းအရာသည် ကောင်း၍ အကျိုးပြုသည်ဆိုပါက ကောင်းသော လင်္ကာ၊ ကဗျာဖြစ်ပေသည်။ စာမူအကြောင်းအရာ မကောင်းက မကောင်းသော ကဗျာ၊ လင်္ကာဖြစ်ပေသည်။ *[ဖသ်ဟုလ်ဗာရီး]*

သဖ်စီရေကုရ်သုဗီကျမ်း၌ ပါရှိထားသည်မှာ မဒီနာရွှေမြို့တော်၌ ထူးကဲမှုနှင့် ပညာအရာ၌ ထင်ရှားသော ဓမ္မသတ်ပညာရှင် (၁၀) ပါးအနက်မှ တစ်ပါးဖြစ်သူ အိုဗိုက်ဒုလ်လားဟ်ဗင်န် အုသ်ဗာဟ် ဗင်န် မတ်စ်အူးဒ်သခင်ကြီးသည် လင်္ကာ၊ ကဗျာအရာ၌ ကျွမ်းကျင်သူအဖြစ် ကျော်ကြားသူ ဖြစ်ပေသည်။ ဇိုဗိုက်ရ်ဗင်န်ဗက်ကားရ်ဟူသော တရားသူကြီး၏ လင်္ကာ၊ ကဗျာများကို သီးသန့်စာအုပ်တစ်အုပ်အဖြစ် စုဆောင်းထားပေသည်။ တစ်ဖန် ကုရ်သုဗီသခင်ကြီးသည် ဆက်လက်ရေးသားထားသည်မှာ အဗူအမရ် သခင်ကြီး ကောင်းမွန်သော စာမူအကြောင်းအရာများ ပါဝင်သည့် လင်္ကာ၊ ကဗျာများကို သာသနာ့ပညာ ရှင်များနှင့် ဦးနှောက်အသိဉာဏ်ရှိသော မည်သူတစ်ဦးတစ်ယောက်မဆို 'မကောင်း' ဟူ၍ မဆိုကြကြောင်း' ဟူ၍ ပြောဆိုထားပေသည်။ အဘယ်ကြောင့်ဆိုသော် သာသနာရေးရာ၌ ဦးစီးအရာအဖြစ် ဆောင်ရွက် ခဲ့ကြသော ဆွဟာဗာအကြီးအကဲများထဲမှ မည်သူတစ်ဦးတစ်ယောက်မဆို ကိုယ်တိုင် လင်္ကာ၊ ကဗျာ မရွတ်ဆိုခဲ့ဖူးသူ၊ သို့မဟုတ် အခြားသော သူများ၏ လင်္ကာ၊ ကဗျာများကို မရွတ်ဆိုခဲ့ဖူးသူ၊ သို့မဟုတ် ကြားနာကာ မနှစ်မြို့သူ'ဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိပေ။

အကြင်ဆင့်ပြန်ချက်များအတွင်း၌ လင်္ကာ၊ ကဗျာရွတ်ဆိုခြင်း၏ ပြစ်တင်ကဲ့ရဲ့ဖွယ်အချက်ကို တင်ပြ ထားပေသည်။ ထိုလင်္ကာ၊ကဗျာများ၏ ရည်ရွယ်ချက်မှာ 'အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်း၊ ခဝပ်ကိုးကွယ်မှုပြုခြင်းနှင့် ကုရ်အာန်ကျမ်းတော်မြတ်ကို မေ့လျော့သွားလောက်အောင်သော ကဗျာ၊ လင်္ကာများ' ကို ဆိုလိုခြင်းဖြစ်သည်။ အေမာမ်ဘိုခါရီသခင်ကြီးသည် ယင်းအချက်ကို သီးသန့်ခေါင်းစဉ် တစ်ခု တပ်ဆင်ကာ တင်ပြထားပေသည်။ ထိုခေါင်းစဉ်အတွင်း၌ ဟဇရသ်အဘူဟုရိုက်ရားသခင်ကြီး၏ ဆင့်ပြန်ချက်ကို ဤသို့ တင်ပြထားပေသည်။

لَاَنْ يَّمْتَلِئَ جَوْفُ رَجُلٍ قَيْحًا يَرِيْهِ خَيْرٌ مِّنْ اَنْ يَمْتَلِئَ شِعْرًا

လူတစ်ဦးသည် မိမိ၏ ဝမ်းဗိုက်အတွင်း၌ ပြည်များကို ဖြည့်ထားခြင်းသည် ကဗျာ၊ လင်္ကာများကို ဖြည့်ထားခြင်းထက် သာ၍ကောင်းပေသည်။ အေမာမ်ဘိုခါရီသခင်ကြီးသည် 'ကျွန်ုပ်ထံ၌ ထိုဟဒီးစ်တော် ၏ လိုရင်းသဘောမှာ 'လင်္ကာ၊ ကဗျာသည် အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်း၊ ကုရ်အာန် ကျမ်းတော်မြတ်နှင့် အသိပညာရယူခြင်းအတွင်း နစ်မွန်းနေခြင်းအပေါ် လွှမ်းမိုးလာချိန်ဖြစ်သည်။ အကယ်၍ လင်္ကာ၊ ကဗျာသည် လွှမ်းမိုးခြင်းခံရသော အချိန်အခါ၌ဖြစ်မူ၊ မကောင်းသော အချက်မဟုတ်ပေ။ ဤကဲ့

သို့ပင် ရှက်ဖွယ်လိလိ စာစဉ်အကြောင်းအရာများ ပါဝင်နေသော လင်္ကာ၊ ကဗျာများ သို့မဟုတ် လူတို့အပေါ် စောင်းချိန်ကဲ့ရဲ့ပြစ်တင်မှုကို ဖြစ်စေသော လင်္ကာ၊ ကဗျာများ သို့မဟုတ် သာသနာနှင့် ဆန့်ကျင် သော အခြားသော စာစဉ်များ ပါဝင်နေသည့် လင်္ကာ၊ ကဗျာများသည် 'အွမွသ်' (နောက်လိုက်ထု) အတွင်း၌ ရှိသော အာလင်မ်သာသနာ့ပညာရှင်ကြီးများသည် တစ်ညီတစ်ညွတ်တည်း မပိုင်ကာ 'ဟရာမ်' အဖြစ် သတ်မှတ်ထားကြောင်းနှင့် ဤအထက်တင်ပြပါ အကြောင်းအရာ အချက်အလက်များသည် လင်္ကာ၊ ကဗျာ များအဖို့သာ အထူးပြုထားခြင်းမဟုတ်ဘဲ မကောင်းသော စကားများ၏ အမိန့်သည်လည်း ထိုအမိန့်အတိုင်း ပင် ဖြစ်ပေသည်' ဟူ၍ ဖြစ်ကြောင်းကို မိန့်ဆိုထားပေသည်။ *[ကုရ်သုဗီး]*

ဟဇရသ်အုမရ် ﷺ သခင်ကြီးသည် မိမိအကြီးအကဲ လူကြီးအဖြစ် ခန့်အပ်ထားသော 'အဒီဗင်န် နသ္ဇ်လား' ကို မကောင်းသော လင်္ကာ၊ ကဗျာများကို ရွတ်ဆိုခြင်းကြောင့် ရာထူးမှ ဖြုတ်ချလိုက်လေသည်။ ဟဇရသ်အုမရ်အိဗ်နေအဗ်ဒွလ်အဇီးဇ်သခင်ကြီးသည် အုမရ်ဗင်န်ရဗီအားဟ်နှင့် အဗုလ်အဟ်ဝဝ်စ်ကို ထိုအပြစ် ကြောင့်ပင် ပြည်နှင်ဒဏ်ကို ပေးလိုက်ပေသည်။ အမရ်ဗင်န်ရဗီအားဟ်သည် 'သောင်ဗာဟ်'(အမှားဝန်ခံ ခြင်း) ပြုခြင်းကြောင့် ပြန်လည်၍ လက်ခံခြင်းခံရပေသည်။ *[ကုရ်သုဗီ]*

အလ္လာဟ်အသျှင်မြတ်နှင့် 'အာခိရသ်' နောင်တမလွန်ကို မေ့လျော့စေသော ပညာရပ်တိုင်းနှင့် ဘာသာရပ်တိုင်းသည် ရှုတ်ချဖွယ်ထိုက်ခြင်း ခံရခြင်းအကြောင်း

အိဗ်နေအဗီရမ်ရာသခင်ကြီးက 'များစွာသော ကာရံနဘေပြောဆိုမှု၊ လူတို့၏ စိတ်နှလုံးသားများ ကို ခက်ထန်မာကျောစေသော ဘာသာပညာရပ်၊ အလ္လာဟ်အသျှင်မြတ်အား သတိရတာသစေခြင်းကို ဥပေက္ခာ ဖြစ်စေခြင်းကို အကြောင်းခံသော အရာ၊ ယုံကြည်ချက်ပိုင်းဆိုင်ရာ အချက်တို့အား ဒွိဟသံသယဖြစ်စေ သော အရာများနှင့် ဝိညာဉ်ပိုင်းဆိုင်ရာတို့အား ရောဂါပေါ်ပေါက်စေသော အရာများအားလုံး၏ အမိန့်သည် လည်း ရှုတ်ချဖွယ်ကောင်းသော လင်္ကာ၊ ကဗျာတို့၏ အမိန့်အတိုင်းပင် ဖြစ်ကြောင်း' မိန့်ဆိုထားပေသည်။

များစွာသော နောက်လိုက်တို့၏ လမ်းလွဲမှားမှုသည် ဦးစီးခေါင်းဆောင်၏ လမ်းလွဲမှားခြင်း၏ လက္ခဏာ တစ်ရပ်ဖြစ်ခြင်းအကြောင်း

وَالشُّعَرَآءُ يَتَّبِعُهُمُ الْغَاوٗنَ

သို့ရာတွင် လင်္ကာဆရာတို့၏ နောက်သို့ကိုမူ လမ်းလွဲသူတို့သည်သာလျှင် လိုက်ကြကုန်၏။

[၂၆ : ၂၂၄]

ဤအာယသ်တော်အတွင်း၌ 'နောက်လိုက်များ လမ်းလွဲသွားခြင်း'၏ ပြစ်ချက်ကို လက်ာဆရာများ အပေါ် စွဲချက်တင်ထားပေသည်။ ဤနေရာ၌ 'လမ်းလွဲသူများသည် နောက်လိုက်များဖြစ်ကာ ၄င်းတို့၏ လုပ်ရပ်၏ စွဲချက်ကို လက်ာဆရာများအပေါ် အဘယ်ကြောင့် တင်ထားရပေသနည်း' ဟူသော မေးခွန်း ပေါ်ပေါက်လာပေသည်။ ယင်းအကြောင်းမှာ ဤသို့တည်း။ ယေဘုယျအားဖြင့် နောက်လိုက်တို့၏ လမ်းလွဲ လမ်းမှားခြင်းသည် ဦးစီးခေါင်းဆောင်၏ လမ်းလွဲမှားခြင်း၏ နိမိတ်အမှတ်အသားပင် ဖြစ်သည်။

သို့ရာတွင် ဟဇရသ်ထာနဝီသခင်သည် 'ဤအမိန့်သည် နောက်လိုက်လမ်းလွဲမှားခြင်း၌ ဦးစီးခေါင်း ဆောင်၏ လမ်းလွဲမှားမှုသည် ပါဝင်ပတ်သက်နေချိန် ဖြစ်သည်။ ဥပမာ- ဦးစီးခေါင်းဆောင်သူသည် မုသားနှင့် အတင်းအဖျင်းအား ကိုယ်တိုင် ရှောင်၍ ရှောင်ရှားစေရန် အလေးမထားပေ။ ၄င်းတို့၏ ထိုင်ဝိုင်း များ၌ ယင်းကဲ့သို့သော အချက်များ ပေါ်ပေါက်နေပေရာ ၄င်းဦးစီးခေါင်းဆောင်တို့သည် တားမြစ်ပိတ်ပင် မှုကို မပြုကြပေ။ ထို့ကြောင့် နောက်လိုက်တို့သည် လိမ်လည်ခြင်းနှင့် အတင်းပြောဆိုခြင်း၏ အကျင့်သည် နောက်လိုက်များထံဝယ် စွဲကပ်သွားပေသည်။ သို့ဆိုလျှင် နောက်လိုက်၏ ပြစ်မှုဒုစရိုက်သည် ဦးစီး ခေါင်းဆောင်ကိုယ်တိုင်၏ ပြစ်မှုဒုစရိုက်ကျူးလွန်ခြင်း၏ လက္ခဏာအဖြစ် သတ်မှတ်ရပေလိမ့်မည်။

သို့ရာတွင် အကယ်၍ ဦးစီးခေါင်းဆောင်၏ လမ်းလွဲမှားခြင်းသည် အကြောင်းတစ်ကြောင်းဖြစ်၍ နောက်လိုက်၏ လမ်းလွဲမှားခြင်းသည် အကြောင်းတစ်ကြောင်း ဖြစ်မည်ဆိုပါက နောက်လိုက်၏ လမ်းလွဲ မှားမှုကို ဦးစီးခေါင်းဆောင်၏ လမ်းလွဲမှားခြင်း၏ လက္ခဏာအဖြစ် သတ်မှတ်၍ မရရှိပေ။ ဥပမာ- တစ်ဦးတစ်ယောက်သည် ယုံကြည်ချက်ပိုင်းဆိုင်ရာနှင့် ဓမ္မသတ်ကဏ္ဍရပ်များ၌ အာလင်မ်တစ်ပါးပါး၏ ညွှန်ကြားမှု၏ နောက်သို့ လိုက်၍ ယင်းညွှန်ကြားမှု၌ လမ်းလွဲမှားမှု တစ်စုံတစ်ရာ မရှိပေ။ ပြုမူဆောင်ရွက် ချက်နှင့် စာရိတ္တတို့၌ ယင်းအာလင်မ်၏ လမ်းစဉ်သို့ မလိုက်ဘဲ၊ ယင်းကိစ္စရပ်များတွင် ၄င်းသည် လမ်းမှား နေ၏။ သို့ဆိုလျှင် ယင်းနောက်လိုက်၏ ကျင့်ကြံဆောင်ရွက်မှု၊ စာရိတ္တလမ်းလွဲမှားခြင်းသည် ထိုအာလင်မ် ၏ လမ်းလွဲမှားခြင်းအပေါ် အထောက်အထား မဖြစ်ရှိနိုင်ပေ' ဟူ၍ မိန့်ဆိုတော်မူ၏။ အလ္လာဟ်အသျှင်မြတ် သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူ၏။

❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖

စူရာဟ်နမလ်

ပုစ္ဆက်ဆိတ်ကောင်ကဏ္ဍ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

طٰسٓ تِلۡكَ اٰيٰتُ الۡقُرۡاٰنِ وَكِتَابٍ مُّبِيۡنٍ ①

၂၇ : ၁ ။ ။ သွာ၊ စီန်….။ ဤသည်တို့သည် ထင်ရှားစွာသော ကျမ်းဂန်ကုရ်အာန်၏ အာယသ်တော်များပင် (ဖြစ်၏)

هُدًى وَّبُشۡرٰى لِلۡمُؤۡمِنِيۡنَ ②

၂၇ : ၂ ။ ။ မုအ်မင်န်သက်ဝင် ယုံကြည်သူတို့အဖို့ တရားလမ်းညွှန်ရာနှင့် ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းလည်း ဖြစ်၏။

الَّذِيۡنَ يُقِيۡمُوۡنَ الصَّلٰوةَ وَيُؤۡتُوۡنَ الزَّكٰوةَ وَ
هُمۡ بِالۡاٰخِرَةِ هُمۡ يُوۡقِنُوۡنَ ③

၂၇ : ၃ ။ ။ အကြင် (မုအ်မင်န်သက်ဝင်ယုံကြည်) သူတို့သည် 'ဆွလားသ်'ဝတ်ပြုမှုကို ဆောက်တည်ကြသည့်အပြင်၊ 'ဇကားသ်'ကိုလည်း ပေးဆောင်ကြကုန်၏။ ထို့ပြင် 'အာခိရသ်'တမလွန်ဘဝကိုလည်း ယုံကြည်လက်ခံကြကုန်၏။

اِنَّ الَّذِيۡنَ لَا يُؤۡمِنُوۡنَ بِالۡاٰخِرَةِ زَيَّنَّا لَهُمۡ اَعۡمَالَهُمۡ فَهُمۡ يَعۡمَهُوۡنَ ④

၂၇ : ၄ ။ ။ စင်စစ် 'အာခိရသ်'တမလွန်ဘဝကို မယုံကြည်သော သူတို့၏ အမြင်တွင် ငါအသျှင်မြတ်သည် ၎င်းတို့၏ ပြုမူချက်များကို လှပတင့်တယ်စေတော်မူခဲ့၏။ သို့ဖြစ်ပေရာ ၎င်းတို့သည် တဝဲလည်လည် ဖြစ်နေကြကုန်၏။

اُولٰٓئِكَ الَّذِيۡنَ لَهُمۡ سُوۡٓءُ الۡعَذَابِ وَهُمۡ فِى الۡاٰخِرَةِ هُمُ الۡاَخۡسَرُوۡنَ ⑤

၂၇ : ၅ ။ ။ ၎င်းတို့သည်ပင်လျှင် အကြင်သူများ ဖြစ်ကြကုန်၏။ ထိုသူတို့အဖို့ (ဤလောက၌လည်း) လွန်စွာ ဆိုးရွားသော ပြစ်ဒဏ်သည် ရှိသည့်အပြင်၊ 'အာခိရသ်'နောင်တမလွန်ဘဝတွင်လည်း ၎င်းတို့သည် အလွန်ဆုံးရှုံးသူများပင် ဖြစ်ကြပေမည်။

وَإِنَّكَ لَتُلَقَّى الْقُرْآنَ مِن لَّدُنْ حَكِيمٍ عَلِيمٍ ۝٦

၂၇ : ၆ ။ ။ ၄င်းပြင် (အို၊ နဗီတမန်တော်) ကေန်စင်စစ် အသင်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို အလွန်တရာ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော၊ အလွန်တရာ အသိပညာနှင့် ပြည့်စုံတော်မူသော အသျှင်မြတ်ထံတော်မှ ရရှိနေပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

သွာစီးန်။ (ထိုစကားလုံးတော်၏ အဓိပ္ပာယ်ကိုမူ အလ္လာဟ်အသျှင်မြတ်သည်သာလျှင် သိရှိတော်မူ၏။) ဤ (အာယသ်တော်များ) သည် ထင်ရှားစွာသော ကျမ်းဂန်ကုရ်အာန်၏ အာယသ်တော်များပင် ဖြစ်၏။) မုအ်မင်န်သက်ဝင် ယုံကြည်သူတို့အဖို့ (မုချ) တရားလမ်းညွှန်ရာနှင့် (ထိုလမ်းမှန်တရား ရှိခြင်း အပေါ် မွန်မြတ်သောအကျိုးအစား၏) ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းလည်း ဖြစ်၏။

အကြင်မုအ်မင်န်သက်ဝင်ယုံကြည်သူတို့သည် (လက်တွေ့သဘောအရ လမ်းမှန်တရားပေါ်၌ လျှောက်လှမ်းကြပေသည်။ သို့ရှိရာ) ခန္ဓာကိုယ်ဖြင့် ခဝပ်ကိုးကွယ်မှု ပြုရာ၌ အကြီးအကျယ်ဆုံး ခဝပ်မှု ဖြစ်သော) 'ဆွလားသ်'ဝတ်ပြုမှုကို ဆောက်တည်ကြသည့်အပြင် (ဥစ္စာပစ္စည်းဖြင့် ကျင့်ကြံသော ခဝပ် ကိုးကွယ်မှုများ၌ အကြီးအကျယ်ဆုံး ဖြစ်တော်မူသော) 'ဇကားသ်'ကိုလည်း ပေးဆောင်ကြကုန်၏။ ထို့ပြင် (ယုံကြည်ချက်ပိုင်းဆိုင်ရာ ကဏ္ဍကို ထောက်ရှု၍လည်း တရားလမ်းမှန် ရရှိပြီးသားသူများ ဖြစ်ကြကုန်၏။ သို့ရှိရာ) 'အာခိရသ်'တမလွန်ဘဝကိုလည်း ယုံကြည်လက်ခံကြကုန်၏။ (ဤအချက်များသည်မူ အီမာန် ရှင်များ၏ အရည်အချင်းလက္ခဏာများ ဖြစ်ပေသည်။

စင်စစ် 'အာခိရသ်'တမလွန်ဘဝကို မယုံကြည်သောသူတို့၏ အမြင်တွင် ငါအသျှင်မြတ်သည် ၄င်းတို့၏ (မကောင်းသော) ပြုမူချက်များကို လှပတင့်တယ်စေတော်မူခဲ့၏။ သို့ဖြစ်ပေရာ ၄င်းတို့သည် (မိမိတို့၏ မသိမိုက်မဲခြင်း၏ အစီးအနင်းအတွင်းဝယ် အမှန်တရားမှ ဝေးကွာကာ) တစ်ဝဲလည်လည် ဖြစ်နေကြကုန်၏။ သို့ရှိရာ ၄င်းတို့၏ ယုံကြည်ချက်များ မမှန်သကဲ့သို့ ဆောင်ရွက်ချက်များသည်လည်း မမှန်ကန်ပေ။ ထို့ကြောင့် ၄င်းတို့သည် ကုရ်အာန်ကျမ်းတော်မြတ်ကိုလည်း မယုံကြည်ကြပေ။ သို့ဆိုလျှင် ကုရ်အာန် ကျမ်းတော်မြတ်သည် အီမာန်ရှင်များအား သတင်းကောင်းပေးသကဲ့သို့ ငြင်းဆိုသူများကိုလည်း ခြိမ်းခြောက်မှုကို ပေးပေသည်။) ၄င်းတို့သည်ပင်လျှင် အကြင်သူများ ဖြစ်ကြကုန်၏။ ထိုသူတို့အဖို့ (ဤလောက၌ ကွယ်လွန်ခါနီးအချိန်၌လည်း) လွန်စွာ ဆိုးရွားသော ပြစ်ဒဏ်သည် ရှိသည့်အပြင် 'အာခိရသ်' နောင် တမလွန်ဘဝတွင်လည်း ၄င်းတို့သည် (မည်သည့်အခါမျှ လွတ်မြောက်အောင်မြင်မှု မရရှိနိုင်လောက်အောင်) အလွန်ဆုံးရှုံးသူများပင် ဖြစ်ကြပေမည်။

၄င်းပြင် (အို၊ နဗီတမန်တော်၊ ဤသူတို့သည် ကုရ်အာန်ကျမ်းတော်မြတ်ကို မယုံကြည့်နေလင့် ကစား၊ သို့ရာတွင်) ကေန်စင်စစ် အသင်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို အလွန်တရာ ဆင်ခြင်တုံတရား

နှင့် ပြည့်စုံတော်မူသော၊ အလွန်တရာ အသိပညာနှင့် ပြည့်စုံတော်မူသော အသျှင်မြတ်ထံတော်မှ ရရှိနေပေသည်။ (အသင်သည် ထို 'နေအ်မသ်' စည်းစိမ်တော်ရရှိခြင်း၏ လွတ်မြောက်မှု၌ ၎င်းတို့၏ ငြင်းဆိုခြင်းကို သောကပွား၍ မနေပေနှင့်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

زَيَّنَّا لَهُمْ اَعْمَالَهُمْ

စင်စစ် 'အာခေရသ်' တမလွန်ဘဝကို မယုံကြည်ကြသော သူတို့၏ အမြင်တွင် ငါအသျှင်မြတ်သည် ၎င်းတို့၏ ကောင်းသော ပြုမူချက်များကို လှပတင့်တယ်စေတော်မူခဲ့၏။ *[၂၇ း ၄]*

ထို့ကြောင့် ၎င်းတို့သည် ယင်းအချက်ကိုပင် ကောင်းသော အချက်ဟူ၍ မှတ်ယူကာ လမ်းလွဲမှားမှု၌ နစ်မွန်းခဲ့ပေသည်။ အချို့သော အဖွင့်ရှင်များသည် ထိုအာယသ်တော်မြတ်မှ اَعْمَالَهُمْ (၎င်းတို့၏ ပြုမူချက်များ) ဟူသော ဖွင့်ဆိုချက်ကို ၎င်းတို့၏ ကောင်းမြတ်သော ဆောင်ရွက်ချက်များဟူ၍ အကျယ်ချဲ့ ဖွင့်ဆိုကြပေသည်။ အာယသ်တော်၏ အလိုသဘောမှာ 'ငါအသျှင်မြတ်သည်မူ ကောင်းမြတ်သော အကျင့်သီလတို့ကို လှပတင့်တယ်စေကာ ၎င်းတို့၏ ရှေ့မှောက်ဝယ် ထားရှိထားပေသည်။ သို့ရာတွင် ယင်းသူယုတ်မာတို့သည် ထိုအရာများ၏ဘက်သို့ ဂရုပင်မမူကြပေ။ သို့သာမက 'ကုဖွရ်' (သွေဖည်ငြင်းဆိုမှု) နှင့် 'ရှရစ်က်' (တုဖက်နိုင်းယှဉ်မှု) အတွင်းတို့၌ နစ်မွန်းသွားပေသည်။ ထို့ကြောင့် လမ်းလွဲမှားမှုအတွင်း၌ တဝဲလည်လည် ဖြစ်ရှိနေပေသည်' ဟူ၍ပင် ဖြစ်သည်။ သို့ရာတွင် ပထမဖွင့်ဆိုချက်မှာ သာပို၍ ရှင်းလင်းလှပေသည်။ သာပိုရှင်းလင်းရခြင်း၏ ပထမအချက်မှာ 'လှပတင့်တယ်စေခြင်း' ဟူသော စကားလုံးကို များသောအားဖြင့် မကောင်းသော အမှုကိစ္စတို့အဖို့ သုံးခြင်းအတွက်ကြောင့် ဖြစ်ပေသည်။ ဥပမာ–

زُيِّنَ لِلنَّاسِ حُبُّ الشَّهَوٰتِ

လူသားတို့အဖို့ရာ မိန်းမများကိုလည်းကောင်း၊ သားရတနာများကိုလည်းကောင်း၊ စုဆောင်းသိုမှီထားသော ရွှေ၊ ငွေရတနာများကိုလည်းကောင်း၊ သင်ကြားလေ့ကျင့် ရွေးချယ်သတ်မှတ်ထားသော အမျိုးမှန်မျိုးကောင်းမြင်းများကိုလည်းကောင်း၊ ကုလားအုတ် အစရှိသည့် တိရစ္ဆာန်များကိုလည်းကောင်း၊ လယ်ယာဥယျာဉ်များကိုလည်းကောင်း၊ ချစ်ခင်စုံမက် နှစ်သက်မြတ်နိုး လှပတင့်တယ် ရှုချင်စဖွယ်ရှိအောင် ပြုလုပ်ထားတော်မူသည်။

زُيِّنَ لِلَّذِيْنَ كَفَرُوا الْحَيٰوةُ الدُّنْيَا

ကာဖိရ်တို့၏ အမြင်တွင် ဤမျက်မှောက်လောကီဘဝသည် လှပတင့်တယ်လျက် ရှိနေပေသည်။

[၂ း ၂၁၂]

زَيَّنَ لِكَثِيرٍ مِّنَ الْمُشْرِكِينَ

၎င်းတို့၏ တွဲဖက်ကိုးကွယ်ရာ ရှိက်သွာန်များက များစွာသော မုရှိရစ်က်တို့၏ အမြင်၌ ၎င်းတို့ကို ဖျက်ဆီးကြရန်အတွက်လည်းကောင်း၊ ၎င်းတို့အပေါ်၌ ၎င်းတို့၏ သာသနာကို ရှုပ်ထွေးစေရန်အတွက် လည်းကောင်း၊ ၎င်းတို့၏ သမီးများအား သတ်ဖြတ်ခြင်းကိုလည်းကောင်း၊ လှပတင့်တယ်အောင် ပြုလုပ်ထားကြသည်။ *[၆ : ၁၃၇]*

ကောင်းမွန်သော ကျင့်ကြံဆောက်တည်ချက်များအတွက် ထိုစကားလုံးအား အသုံးပြုခြင်းသည် အလွန်နည်းပေသည်။ ဥပမာ-

حَبَّبَ إِلَيْكُمُ الْإِيمَانَ وَزَيَّنَهُ فِي قُلُوبِكُمْ وَكَرَّهَ إِلَيْكُمُ

သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အား အီမာန်သက်ဝင် ယုံကြည်မှုကို နှစ်သက်မြတ်နိုး စေတော်မူခဲ့၏။ ထို့ပြင် ယင်းအီမာန်သက်ဝင် ယုံကြည်မှုကို အသင်တို့၏ စိတ်နှလုံးသားများတွင် မြတ်နိုး စေတော်မူခဲ့ပြီး၊ လှပတင့်တယ်စေတော်မူခဲ့၏။ *[၄၉ : ၇]*

ဒုတိယအာယသ်တော်အတွင်း၌ ပါရှိသော أَعْمَالَهُمْ (၎င်းတို့၏ ကျင့်ကြံမှုများ) ဟူသော စကားလုံးသည်လည်း ကောင်းမြတ်သော အကျင့်သီလ ကျင့်စဉ်များကို မရည်ညွှန်းဘဲ မကောင်းသော အချက်၊ ကျင့်ဝတ်များကို ညွှန်ပြနေပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

إِذْ قَالَ مُوسَىٰ لِأَهْلِهِ إِنِّي آنَسْتُ نَارًا سَآتِيكُم مِّنْهَا بِخَبَرٍ أَوْ آتِيكُم بِشِهَابٍ قَبَسٍ
لَّعَلَّكُمْ تَصْطَلُونَ ⑦

၂၇ : ၇ ။ ။ (ပြန်လည်သတိရရှိပါလေ။) တစ်ရံရောအခါဝယ် (တမန်တော်) မူစာသည် မိမိ၏ အိမ်သူအိမ်သားတို့အား 'ကေန်စင်စစ် ငါသည် မီးတစ်ခုကို မြင်တွေ့လေပြီ။ ယခုပင် ငါသည် အသင်တို့ထံ ထိုမီးရှိရာမှ သတင်းတစ်စုံတစ်ရာကို ယူခဲ့ပေမည်။ သို့တည်းမဟုတ် ငါသည် အသင်တို့ထံ မီးလှုံနိုင်ကြရန်အလို့ငှာ၊ မီးတောက်တစ်ခုကို (ထင်း သို့မဟုတ် အခြား တစ်စုံတစ်ရာဖြင့်) ညှိ၍ အသင်တို့ထံ ဆောင်ကြဉ်းခဲ့ပေမည်' ဟု ပြောကြားခဲ့လေ၏။

فَلَمَّا جَاءَهَا نُودِيَ أَن بُورِكَ مَن فِي النَّارِ وَمَنْ حَوْلَهَا وَسُبْحَانَ اللَّهِ رَبِّ الْعَالَمِينَ ⑧

၂၇ : ၈ ။ ။ ထို့နောက် ယင်း (တမန်တော်မူစာ) သည် ၎င်းမီးရှိရာသို့ ရောက်ရှိခဲ့လေသော် (ဤသို့) ခေါ်သံကို ကြားရလေ၏။ (အို၊ မူစာ) မီး၌ ရှိသူတို့သည်လည်းကောင်း၊ ထိုမီး၏ ပတ်ဝန်းကျင်၌ ရှိသူတို့သည်လည်းကောင်း 'ဗရ်ကသ်'

ကျက်သရေမင်္ဂလာကို ရရှိပါစေ။ စင်စစ် စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အသျှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါသည်။

يَٰمُوسَىٰٓ إِنَّهُۥٓ أَنَا ٱللَّهُ ٱلْعَزِيزُ ٱلْحَكِيمُ ⑨

၂၇ : ၉ ။ ။ 'အို၊ မူစာ၊ ငါသည် အလွန်တရာ လွှမ်းမိုးတော်မူသော၊ ဆင်ခြင်တုံတရားနှင့် အလွန်တရာ ပြည့်စုံတော်မူသော အလ္လာဟ်အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

وَأَلْقِ عَصَاكَ ۚ فَلَمَّا رَءَاهَا تَهْتَزُّ كَأَنَّهَا جَآنٌّ
وَلَّىٰ مُدْبِرًا وَلَمْ يُعَقِّبْ ۚ يَٰمُوسَىٰ لَا تَخَفْ إِنِّى لَا يَخَافُ لَدَىَّ ٱلْمُرْسَلُونَ ⑩

၂၇ : ၁၀ ။ ။ ၎င်းပြင် အသင်သည် မိမိ၏ လှင်ကန်တောင်ဝှေးကို (မြေကြီးပေါ်သို့) ပစ်ချပါလေ။ ထို့နောက် ၎င်း (မူစာ) သည် (ယင်းတောင်ဝှေးကို အမိန့်တော်အတိုင်း ပစ်ချခဲ့ရာ) ၎င်းတောင်ဝှေးသည် မြွေကဲ့သို့ တွန့်လိမ်လှုပ်ရှားလျက်ရှိသည်ကို တွေ့မြင်ရသောကြောင့် နောက်သို့ ပြန်မကြည့်ဘဲ ကျောခိုင်း၍ ထွက်ပြေးလေသည်။ (ထိုအခါ အလ္လာဟ်အသျှင်မြတ်က မိန့်ကြားတော်မူခဲ့၏။) 'အို၊ မူစာ၊ အသင်သည် မကြောက်ပါလေနှင့်။ ဧကန်မလွဲ ငါအသျှင်မြတ်ထံတော်တွင် ရစူလ်တမန်တော်တို့သည် ကြောက်ရွံ့လေ့ မရှိကြချေ။'

إِلَّا مَن ظَلَمَ ثُمَّ بَدَّلَ حُسْنًۢا بَعْدَ سُوٓءٍ فَإِنِّى غَفُورٌ رَّحِيمٌ ⑪

၂၇ : ၁၁ ။ ။ သို့ရာတွင် မည်သူမဆို မတရား ကျူးလွန်ခဲ့၏။ တစ်ဖန် ထိုသူသည် မကောင်းမှု၏နောက်တွင် ကောင်းမှုကို ပြောင်းလဲ၍ ပြုခဲ့ပါလျှင် ဧကန်မလွဲ ငါအသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော၊ အလွန်တရာ သနားကရုဏာ ပြုတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

وَأَدْخِلْ يَدَكَ فِى جَيْبِكَ تَخْرُجْ بَيْضَآءَ مِنْ
غَيْرِ سُوٓءٍ ۖ فِى تِسْعِ ءَايَٰتٍ إِلَىٰ فِرْعَوْنَ وَقَوْمِهِۦٓ ۚ إِنَّهُمْ كَانُوا۟ قَوْمًا فَٰسِقِينَ ⑫

၂၇ : ၁၂ ။ ။ ၎င်းပြင် အသင်သည် မိမိ၏ လက်ကို မိမိ၏ လက်ကတီး (ဂျိုင်း) ကြားသို့ သွင်းပါလေ။ (ထိုအခါ) ယင်းလက်သည် အပြစ်တစ်စုံတစ်ရာမရှိဘဲ၊ ပကတိ ထွန်းတောက်လျက် ထွက်ပေါ်၍ လာပေမည်။ (ဤသည်) ဖိရ်အောင်နှင့်တကွ ၎င်း၏ အမျိုးသားတို့နှင့် ယှဉ်ပြိုင်ရန်အလို့ငှာ တန်ခိုးတော် (လက္ခဏာ) ကိုးပါးတွင် အပါအဝင်ဖြစ်၏။ ဧကန်စင်စစ် ၎င်းတို့မှာ စည်းကမ်းဖောက်ဖျက် ကျူးလွန်ကြကုန်သော အမျိုးသားများပင် ဖြစ်ကြပေသည်။

فَلَمَّا جَآءَتۡهُمۡ ءَايَٰتُنَا مُبۡصِرَةٗ قَالُواْ هَٰذَا سِحۡرٞ مُّبِينٞ ١٣

၂၇ : ၁၃ ။ ။ သို့ရာတွင် ၎င်းတို့ထံ ငါအသျှင်မြတ်၏ ရှင်းလင်းထင်ရှားစွာသော တန်ခိုးတော်သက်သေ လက္ခဏာများ ရောက်ရှိလာခဲ့သောအခါ ၎င်းတို့က 'ဤသည် ရှင်းလင်းထင်ရှားသော ပဥ္စလက် (စုန်း) အတတ်ပညာပင် ဖြစ်သည်' ဟု ပြောဆိုခဲ့ကြကုန်၏။

وَجَحَدُواْ بِهَا وَٱسۡتَيۡقَنَتۡهَآ أَنفُسُهُمۡ ظُلۡمٗا وَعُلُوّٗاۚ
فَٱنظُرۡ كَيۡفَ كَانَ عَٰقِبَةُ ٱلۡمُفۡسِدِينَ ١٤

၂၇ : ၁၄ ။ ။ ထို့ပြင် ၎င်းတို့၏ စိတ်နှလုံးများသည် ယင်းတန်ခိုးတော် သက်သေလက္ခဏာများကို ယုံကြည်ကြသော်လည်း ထိုသူတို့မှာမူ မတရားသောအားဖြင့်လည်းကောင်း၊ မောက်မာသောအားဖြင့်လည်းကောင်း၊ ယင်းတန်ခိုးတော် သက်သေလက္ခဏာများကို ငြင်းပယ်ခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ ပျက်စီးရာပျက်စီးကြောင်းကို ပြုလုပ်ကြကုန်သော သူတို့၏ နောက်ဆုံးအကျိုးဆက်သည် မည်သို့ ဖြစ်ခဲ့သည်ကို အသင် ရှုပါလေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ပြန်လည်သတိရရှိပါလေ။) တစ်ရံရောအခါဝယ် (မဒ်ယားန်မှ လာရောက်ကာ 'သူရ်'တောင်၏ အနီးသို့ ညဥ့်၏ အေးမြသောအချိန်၌ ရောက်ရှိခဲ့သည်။ အီဂျစ်ပြည်သို့ သွားရန် လမ်းအားလည်း မေ့လျော့ချိန် တမန်တော်) မူစာသည် မိမိ၏ အိမ်သူအိမ်သားတို့အား 'စေကန်စင်စစ် ငါသည် (သူရ်တောင်၏ဘက်မှ) မီးတစ်ခုကို မြင်တွေ့လေပြီ။ ယခုပင် ငါသည် (သွားကာ) အသင်တို့ထံသို့ ထိုမီးရှိရာမှ (လမ်း၏) သတင်းတစ်စုံတစ်ရာကို ယူခဲ့ပေမည်။ သို့တည်းမဟုတ် ငါသည် (ထိုနေရာမှ) အသင်တို့ထံ မီးလှုံနိုင်ကြရန် အလို့ငှာ မီးတောက်တစ်ခုကို (ထင်း၊ သို့မဟုတ် အခြားတစ်စုံတစ်ရာဖြင့်) ညှိ၍ အသင်တို့ထံသို့ ဆောင်ကြဉ်းခဲ့ပေမည်'ဟု ပြောကြားခဲ့လေ၏။

ထို့နောက် ယင်း (တမန်တော်မူစာ) သည် ၎င်း (မီး) ရှိရာဆီသို့ ရောက်ရှိခဲ့လေသော် (အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ဤသို့) ခေါ်သံကြားရလေ၏။ (အို၊ မူစာ) မီး၌ရှိသူ (ကောင်းကင်တမန်တော်) တို့သည်လည်းကောင်း၊ ထိုမီး၏ ပတ်ဝန်းကျင်၌ရှိသူ (တမန်တော်မူစာ) သည်လည်းကောင်း 'ဗရ်ကာသ်' မင်္ဂလာကို ရရှိပါစေ။ (ဤသည် အချင်းချင်း တွေ့ဆုံနှုတ်ဆက်ချိန်၌ ခွန်းဆက်မင်္ဂလာပေးသကဲ့သို့ နှုတ်ခွန်းဆက် မင်္ဂလာဒိုအာ ဖြစ်သည်။ အကြောင်းမှာ ဟာရေသ်မူစာ ﷺ သည် ဤရောင်ခြည်တော်သည် အလ္လာဟ်အသျှင်မြတ်၏ ရောင်ခြည်တော်များထဲမှ ရောင်ခြည်တော်ဖြစ်ကြောင်းကို မသိရှိခြင်းကြောင့် ကိုယ်တိုင်မင်္ဂလာနှုတ်ခွန်းကို မဆက်သနိုင်ပေ။ သို့ရှိရာ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ၎င်းယဉ်ပါးစေရန် အဖို့ မေတ္တာပို့ ဆက်သလိုက်ခြင်းဖြစ်သည်။ ကောင်းကင်တမန်တော်များကို ယင်းဒိုအာအတွင်း၌ ပါဝင်

စေခြင်းသည် 'ယင်းကောင်းကင်တမန်တော်များအား အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ စလာမ်မေတ္တာ ပို့သခြင်းသည် သီးသန့် နီးကပ်မှုကို ရရှိခြင်း၏ လက္ခဏာရပ်ဖြစ်သကဲ့သို့ ဤနှုတ်ခွန်းဆက် စလာမ်သည် လည်း ဟဇရသ်မူစာ ﷺ အတွက် သီးသန့် နီးကပ်မှု ရရှိခြင်း၏ သတင်းကောင်း ရရှိသွားစေရန် ဖြစ် ကြောင်း' တို့ကြောင့် ဖြစ်သည်။) စင်စစ် (ဤမီးအသွင်ရှိသော ရောင်ခြည်တော်သည် အလ္လာဟ်အသျှင် မြတ်၏ ကိုယ်တော်တိုင်၏ 'ဇားသ်'တော်မဟုတ်ကြောင်းဟူသော ကိစ္စကို ပြသရန်အတွက် မိန့်တော် မူထားသည်မှာ) စကြဝဠာခပ်သိမ်းတို့ကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် (အရောင်အဆင်း၊ အရပ်မျက်နှာ၊ အတိုင်းအတာ ဘောင် အစရှိသည်တို့မှ) သန့်ရှင်းစင်ကြယ်တော်မူပါသည်။ (ဤရောင်ခြည် တော်အတွင်း၌ ယခုပင် တင်ပြလိုက်သော အချက်များ ပါဝင်နေခြင်းကြောင့် ဤရောင်ခြည်တော်သည် အလ္လာဟ်အသျှင်မြတ်၏ ပင်ကိုယ် 'ဇားသ်'တော် မဟုတ်ပေ။ အကယ်၍ ဟဇရသ်မူစာ ﷺ သည် ယင်း ဓမ္မသတ်အား မသိရှိခဲ့သည်ဆိုလျှင် ၎င်းအား သင်ကြားပေးလိုက်ခြင်း ဖြစ်သည်။ အကယ်၍ အစကတည်းက သိရှိသည်ဆိုပါက သာပို နားလည်စေရန် ဖြစ်သည်။ ထို့နောက် မိန့်တော်မူသည်မှာ) အို၊ မူစာ၊ (အကြင် ကဲ့သို့ အခြေအနေ ပုံပန်းသဏ္ဍာန် အသွင်မဲ့ ပုံစံမျိုးဖြင့် အမိန့်ရှိနေတော်မူသော အသျှင်မြတ်မှာ) အလွန်တရာ လွှမ်းမိုးတော်မူသော၊ ဆင်ခြင်တုံတရားနှင့် အလွန်တရာ ပြည့်စုံတော်မူသော ငါအလ္လာဟ်အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

၎င်းပြင် (အို၊ မူစာ) အသင်သည် မိမိ၏ လှင်ကန်တောင်ဝှေးကို (မြေကြီးပေါ်သို့) ပစ်ချပါလေ။ (သို့ရှိရာ ၎င်းသည် ပစ်ချလိုက်သောအခါ မြွေနဂါးကြီးဖြစ်ကာ လိမ့်ကာ လူး၍ နေပေသည်။) ထို့နောက် ၎င်း (မူစာ) သည် (ယင်းတောင်ဝှေးကို အမိန့်တော်အတိုင်း ပစ်ချခဲ့ရာ) ၎င်းတောင်ဝှေးသည် မြွေကဲ့သို့ တွန့်လိမ်လှုပ်ရှားလျက် ရှိသည်ကို တွေ့မြင်ရသောကြောင့် နောက်သို့ ပြန်မကြည့်ဘဲ ကျောခိုင်း၍ ထွက်ပြေး လေသည်။ (ထိုအခါ အလ္လာဟ်အသျှင်မြတ်က မိန့်ကြားတော်မူခဲ့၏။) အို၊ မူစာ၊ အသင်သည် မကြောက်ပါ လေနှင့်။ (အဘယ်ကြောင့်ဆိုသော် ငါအသျှင်မြတ်သည် အသင့်အား ရစူလ်အဖြစ် ချီးမြှင့်တော်မူလိုက်လေ ပြီ။) ကေန်မလွဲ ငါအသျှင်မြတ်ထံတော်တွင် (ရစူလ်တမန်တော်အဖြစ် သိက္ခာချီးမြှင့်ပေးချိန်၌) ရစူလ်တမန် တော်တို့သည် (မိမိတို့ကိုယ်တိုင် ရစူလ်တမန်တော်ဖြစ်ခြင်း၏ အထောက်အထား (ဝါ) 'မုအ်ဂျေဇာဟ်' တန်ခိုးတော်များကြောင့်) ကြောက်ရွံ့လေ့ မရှိကြချေ။ (အသင်သည်လည်း မကြောက်ရွံ့သင့်ပေ။)

သို့ရာတွင် မည်သူမဆို မတရား (ချွတ်ချော်တိမ်းပါးမှု) ကျူးလွန်ခဲ့၏။ (၎င်းသည် ထိုချွတ်ချော် တိမ်းပါးမှုကို သတိရ၍ ကြောက်ရွံ့နေပါက အကြောင်းမဟုတ်ပေ။ သို့ရာတွင် ယင်းအချက်နှင့် စပ်လျဉ်း၍ ဤသို့သော ဥပဒေသရှိ၏။ အကယ်၍ မတရားသမှု ပြုမိခဲ့ပါက) တစ်ဖန် ထိုသူသည် မကောင်းမှုနှင့် နောက်တွင် ကောင်းမှု 'သောင်ဗာဟ်' အမှားဝန်ခံခြင်း) ကို ပြုခဲ့ပါလျှင် ကေန်မလွဲ ငါအသျှင်မြတ်သည် (ထိုမကောင်းမှုကို ပလပ်ခွင့်ပေးသနားတော်မူပေမည်။ အဘယ်ကြောင့်ဆိုသော် ငါအသျှင်မြတ်သည်) အလွန် တရာ ခွင့်လွှတ်တော်မူသော၊ အလွန်တရာ သနားကရုဏာ ပြုတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ (ဤသည့်အချက်ကို မိန့်တော်မူရခြင်းအကြောင်းမှာ တောင်ဝှေးတော်၏ 'မုအ်ဂျေဇာဟ်'မှ စိတ်အေးချမ်းသာ

ရရှိပြီးနောက် တစ်ခါတစ်ရံ မိမိ 'ကိဗ်သို'အား သတ်ဖြတ်လိုက်ခြင်း၏ ဖြစ်အင်ကို သတိရ၍ သောက ဖြစ်နေပေသည်။ ထို့ကြောင့် ကြောက်ရွံ့မှု ဝေးကွာစေရန်အလို့ငှာ တည်ငြိမ်မှုပေးလိုက်ခြင်း ဖြစ်သည်။)

ငင်းပြင် (အို၊ မူစာ၊ ထိုတောင်ဝှေးတော်၏ 'မုအ်ဂျေဇာဟ်'အပြင် အခြားသော 'မုအ်ဂျေဇာဟ်' တော်တစ်ရပ်ကိုလည်း ထပ်မံ ချီးမြှင့်တော်မူပေမည်။ ထိုအရာမှာ ဤသို့တည်း။) အသင်သည် မိမိ၏ လက်ကို မိမိ၏ လက်ကတီး (ဂျိုင်း) ကြားသို့ သွင်း၍ (တစ်ဖန် ပြန်ထုတ်) ပါလေ။ (ထိုအခါ) ယင်း လက်သည် (ခရုသင်း အစရှိသော ရောဂါတစ်စုံတစ်ရာမရှိဘဲနှင့်) ပကတိ (လွန်စွာ) ထွန်းတောက်လျက် ထွက်ပေါ်လာပေမည်။ (ဤ 'မုအ်ဂျေဇာဟ်'တော်နှစ်ရပ်သည်) ဖိရ်အောင်နှင့်တကွ ၎င်း၏ အမျိုးသား (တို့ထံ စေလွှတ်၍ ၎င်းတို့နှင့်) ယှဉ်ပြိုင်ရန်အလို့ငှာ တန်ခိုးတော် (လက္ခဏာ) ကိုးပါးတွင် အပါအဝင် ဖြစ်၏။ (အဘယ်ကြောင့်ဆိုသော်) စင်စစ် ၎င်းတို့မှာ စည်းကမ်းဖောက်ဖျက် ကျူးလွန်ကြကုန်သော အမျိုးသားများပင် ဖြစ်ကြပေသည်။

သို့ရာတွင် ၎င်းတို့ထံ ငါအသျှင်မြတ် (၏ ဘက်တော်မှ) ချီးမြှင့်ထားသော 'ရှင်းလင်းထင်ရှားစွာ သော တန်ခိုးတော် သက်သေလက္ခဏာများ ရောက်ရှိလာခဲ့သောအခါ (ကြွေးကြော်မှု၏ အစ၌ 'မုအ်ဂျေဇာဟ်' တန်ခိုးတော်နှစ်ရပ်ကို ပြဆိုပေးခဲ့သည်။ တစ်ဖန် တစ်ချိန်ပြီးတစ်ချိန်၌ ကျန်သော အချက်များကို ဆက်လက် ပြဆိုလျက် ရှိခဲ့သည်။) ၎င်းတို့က (ယင်းသက်သေလက္ခဏာများကို တွေ့မြင်ကာ) 'ဤသည် ရှင်းလင်း ထင်ရှားသော ပဉ္စလက် (စုန်း) အတတ်ပညာပင် ဖြစ်သည်' ဟု ပြောဆိုခဲ့ကြကုန်၏။

ထို့ပြင် ၎င်းတို့၏ စိတ်နှလုံးသားများ (အတွင်းဝယ်) ယင်းတန်ခိုးတော် သက်သေလက္ခဏာများကို ယုံကြည်ကြသော်လည်း ထိုသူတို့မှာမူ (အမျက်ထွက်စေထိုက်သော အချက်မှာ) မတရားသောအားဖြင့် လည်းကောင်း၊ မောက်မာသောအားဖြင့်လည်းကောင်း ယင်းတန်ခိုးတော် သက်သေလက္ခဏာများကို (လုံးဝ) ငြင်းပယ်ခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ ပျက်စီးရာ၊ ပျက်စီးကြောင်းကို ပြုလုပ်ကြကုန်သော သူတို့၏ (ဆိုးရွားသော) နောက်ဆုံးအကျိုးဆက်သည် မည်သို့ရှိခဲ့သည်ကို အသင်ရှုပါလေ။ (ကမ္ဘာလောက၌ နစ်မြုပ် စေခြင်းကို ခံရ၍ နောင်တမလွန်၌ လောင်ကျွမ်းခြင်းကို ခံရပေမည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

إِذْ قَالَ مُوسَىٰ لِأَهْلِهِ إِنِّي آنَسْتُ نَارًا سَآتِيكُم مِّنْهَا بِخَبَرٍ أَوْ آتِيكُم بِشِهَابٍ قَبَسٍ لَّعَلَّكُمْ تَصْطَلُونَ ⑦

(ပြန်လည်သတိရရှိပါလေ။) တစ်ရံရောအခါဝယ် (တမန်တော်) မူစာသည် မိမိ၏ အိမ်သူအိမ်သားတို့ အား 'စင်စစ် ငါသည် မီးတစ်ခုကို မြင်တွေ့လေပြီ။ ယခုပင် ငါသည် အသင်တို့ထံ ထိုမီးရှိရာမှ သတင်းတစ်စုံတစ်ရာကို ယူခဲ့ပေမည်။ သို့တည်းမဟုတ် ငါသည် အသင်တို့ထံ မီးလှုံနိုင်ကြရန်အလို့ငှာ၊ မီးတောက်တစ်ခုကို (ထင်း သို့မဟုတ် အခြား တစ်စုံတစ်ရာဖြင့်) ညှိ၍ အသင်တို့ထံ ဆောင်ကြဉ်းခဲ့ပေမည်' ဟု ပြောကြားခဲ့လေ၏။

လူသားတို့သည် မိမိတို့လိုအပ်ချက်များအတွက် ဓလေ့သဘာဝ အကြောင်းခံများအား ရွေးချယ်ခြင်းသည် အားကိုးအားထားခြင်းနှင့် ဆန့်ကျင်ဘက် ဖြစ်နေသည် မဟုတ်ခြင်းအကြောင်း

ဟာဇရတ်မူစာ ﷺ သည် ဤနေရာ၌ လိုအပ်ချက်နှစ်ရပ် ပေါ်ပေါက်လာပေသည်။ ပထမတစ်ရပ်မှာ မေ့ခဲ့သော လမ်းအား မေးမြန်းရန်ဖြစ်ပြီး ဒုတိယအချက်မှာ ဆောင်းရာသီ၏ ညချမ်းဖြစ်သည့်အတွက်ကြောင့် မီးမှ အပူဓါတ်ကို ရယူရန်ဖြစ်သည်။ ထို့ကြောင့် တမန်တော်မူစာ ﷺ သည် 'သူရ်' တောင်၏ဘက်သို့ ကြွမြန်းသွားရန် ကြိုးစားပေသည်။ သို့ရာတွင် ထိုကြိုးပမ်းမှုနှင့်အတူ ထိုရည်ရွယ်ချက် အောင်မြင်စွာ အကောင်အထည်ပေါ်သွားမည်ဟူ၍ ကြွေးကြော်ယုံကြည်နေရမည့်အစား မိမိ၏ ခဝပ်ကိုးကွယ်မှု (မစွမ်းနိုင်မှု) နှင့် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှသာ မျှော်လင့်ချက်ထားသည့် စကားလုံးများကိုသာ ရွေးချယ်မိန့်ဆိုတော်မူပေသည်။ 'လိုအပ်ချက်များရရှိရန်အတွက် ကြိုးပမ်းမှုပြုခြင်းသည် 'သဝပ်က်ကုလ်' (အားကိုးအားထားမှုပြုခြင်း) နှင့် ဆန့်ကျင်ဘက် ဖြစ်ရှိနေသည် မဟုတ်ကြောင်း' ကို သိရှိရပေသည်။ သို့ရာတွင် အားကိုးအားထားပြုမှုကို မိမိ၏ ကြိုးပမ်းမှုအပေါ် ထားရှိရမည့်အစား အလ္လာဟ်အသျှင်မြတ်၏ အပေါ်၌သာ ဖြစ်သင့်ပေသည်။ မီးကို ပြသရာ၌လည်း '၎င်းနဗီ၏ ရည်ရွယ် ချက်နှစ်ရပ်စလုံး ဖြစ်သော လမ်းတွေ့ခြင်းနှင့် အပူဓါတ်ရရှိခြင်း' တို့၏ အမြော်အမြင်တော်ကြောင့် ဖြစ်တန် ကောင်းပေသည်။ *[ရူးဟ်]*

ဤနေရာ၌ ဟာဇရတ်မူစာ ﷺ သည် (စောင့်ဆိုင်း၍ နေရစ်ကြလေကုန်) နှင့် (အသင်တို့ထံ မီးလှုံနိုင်ကြရန်) ဟူသော အာယသ်တော်များတွင် အများကိန်းကို သုံးထားပေသည်။ အကယ်စင်စစ် ဤနေရာ၌ ၎င်းနှင့်အတူ ဟာဇရတ်ရှုအိုက်ဗ် ﷺ ၏ သမီးဖြစ်သော မိမိ၏ ဇနီးသည်သာလျှင် ပါဝင်ပေသည်။ ၎င်းနှစ်ဦးစလုံးအဖို့ အများကိန်းကို သုံးရခြင်းအကြောင်းမှာ ဂုဏ်ပေးခြင်းအနေကြောင့်သာ ဖြစ်သည်။ ပမာဆိုရသော် ဂုဏ်သိက္ခာကြီးမြင့်သူများအတွင်းဝယ် မည်သူတစ်ဦးတစ်ယောက်ကိုမဆို မိန့်ခြွေမည်ဆိုပါက အများကိန်းကိုသာ သုံးနှုန်းလေ့ရှိကြပေသည်။ တမန်တော်မြတ် ﷺ အနေဖြင့်လည်း မိမိ၏ ကြင်ယာတော်များနှင့် စပ်လျဉ်း၍ အများကိန်းကို သုံးကြောင်း ဆင့်ပြန့်ချက်များ၌ လာရှိထားပေသည်။

အထူးပြုပုဒ်ဖြင့် ဇနီးသည်၏ အကြောင်းကို အများပရိသတ်အတွင်း၌ မတင်ပြရန်၊ သို့သာမက သွယ်ဝိုက်စွာဖြင့် အသုံးချခြင်းသည် သာ၍ ကောင်းမွန်ကြောင်း

قَالَ مُوسَىٰ لِأَهْلِهِ

(တမန်တော်မူစာသည် မိမိ၏ အိမ်သူ၊ အိမ်သားတို့အား) ဟူ၍ မိန့်ဆိုထားသည်။ اهل ဟူသော စာလုံးသည် ခြုံငုံကျယ်ဝန်းသော သဘောရှိသည့် စကားလုံးဖြစ်သည်။ အကြင်စကားလုံးအတွင်း၌ ဇနီးသည်နှင့် အိမ်ရှိ အခြားသောသူများလည်း ပါဝင်ပေသည်။ ဤနေရာ၌ ဟာဇရတ်မူစာ ﷺ နှင့်အတူ မိမိ၏

ဇနီးသည်တစ်ဦးသာ ရှိကာ အခြားသူများ မရှိလင့်ကစား ကျယ်ဝန်းသော အနက်ကို ပေးသည့် စကားလုံးအား သုံးနှုန်းရခြင်းမှာ 'ထိုင်ဝိုင်းတစ်ခုအတွင်း၌ အကယ်၍ တစ်ဦးတစ်ယောက်သည် မိမိ၏ ဇနီးသည်အကြောင်းအား တင်ပြမှု ခြုံငုံလှစွာသော သဘောရှိသည့် စကားလုံးများအား သုံးနှုန်းခြင်းသည် သာ၍ကောင်းမွန်ပေသည်။ 'ကျွန်ုပ်၏ အိမ်သူအိမ်သားတို့သည် ဤသို့ ပြောဆိုသည်' ဟူ၍ 'မျက်မှောက်ခေတ်၌ပြောဆိုသုံးနှုန်း လေ့ရှိကြသည်' ဟူသော သဘောဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားပေသည်။

فَلَمَّا جَآءَهَا نُودِيَ أَنۢ بُورِكَ مَن فِي ٱلنَّارِ وَمَنْ حَوْلَهَا وَسُبْحَٰنَ ٱللَّهِ رَبِّ ٱلْعَٰلَمِينَ

يَٰمُوسَىٰٓ إِنَّهُۥٓ أَنَا ٱللَّهُ ٱلْعَزِيزُ ٱلْحَكِيمُ

ထို့နောက် ယင်း (တမန်တော်မူစာ) သည် ၎င်းမီးရှိရာသို့ ရောက်ရှိခဲ့လေသော် (ဤသို့) ခေါ်သံကိုကြားရလေ၏။ (အို၊ မူစာ) မီး၌ ရှိသူတို့သည်လည်းကောင်း၊ ထိုမီး၏ ပတ်ဝန်းကျင်၌ ရှိသူတို့သည်လည်းကောင်း 'ဗရ်ကသ်' ကျက်သရေမင်္ဂလာကို ရရှိပါစေ။ စင်စစ် စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အသျှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါသည်။

'အို၊ မူစာ၊ ငါသည် အလွန်တရာ လွှမ်းမိုးတော်မူသော၊ ဆင်ခြင်တုံတရားနှင့် အလွန်တရာ ပြည့်စုံတော်မူသော အလ္လာဟ်အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ *[၂၇ း ၈-၉]*

ဟဇရတ်မူစာ ﷺ မီးကို တွေ့ရှိခြင်းနှင့် မီးအတွင်းမှ အသံတစ်သံကြားရခြင်း၏ သုတေသနပြုချက်

ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ ဟဇရတ်မူစာ ﷺ ၏ ဤဖြစ်အင်သည် များသော စူရာဟ်များအတွင်း၌ ခေါင်းစဉ်အမျိုးမျိုးနှင့်အတူ လာရှိထားသည်။ စူရာဟ်နမလ်၏ ယခု တင်ပြလျက်ရှိနေသော အာယသ်တော်များအတွင်း၌ ထိုကွင်းဆက်အမှုကိစ္စနှင့် စပ်လျဉ်း၍ ဝါကျနှစ်ခုကို သေချာကျနစွာ စဉ်းစားရပေမည်။

ပထမအချက်မှာ بُورِكَ مَن فِي ٱلنَّارِ (မီး၌ရှိသူတို့သည်လည်းကောင်း။) *[၂၇ း ၈]*

إِنَّهُۥٓ أَنَا ٱللَّهُ ٱلْعَزِيزُ ٱلْحَكِيمُ

ငါသည် အလွန်တရာ လွှမ်းမိုးတော်မူသော၊ ဆင်ခြင်တုံတရားနှင့် အလွန်တရာ ပြည့်စုံ တော်မူသော အလ္လာဟ်အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ *[၂၇ း ၉]*

စူရာဟ်သွာဟာ၌လည်း ယင်းအချက်၏ အကျယ်ချဲ့သဘောကိုလည်း တင်ပြပြီးဖြစ်သည်။ ထိုဖြစ်အင်နှင့် စပ်လျဉ်း၍ ဤစကားလုံးများဖြင့် လာရှိထားပေသည်။

اِذ رانارا ـــ ـــ فاعبدنی

အထိ ဖြစ်သည်။ ထိုအာယသ် တော်များအတွင်း၌လည်း ဝါကျနှစ်ခုကို သီးသန့်အသွင်မျိုးဖြင့် စဉ်းစားတွေးခေါ်ရပေမည်။

اِنِّیٓ اَنَا رَبُّكَ

ကျွန်ုပ်မလွဲ ငါအသျှင်မြတ်သည် အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ [၂၀ : ၁၂]

اِنَّنِیٓ اَنَا اللّٰهُ

ကျွန်ုပ်အမှန် ငါအသျှင်မြတ်သည်ပင်လျှင် အလ္လာဟ်အသျှင်မြတ် ဖြစ်တော်မူသည်။ [၂၀ : ၁၄]

စူရာဟ်ကစွားစ်၌လည်း ဤဖြစ်အင်နှင့် စပ်လျဉ်း၍ ဤစကားလုံးတော်များ လာရှိထားပေသည်။

نُوْدِیَ مِنْ شَاطِیِٔ الْوَادِ الْاَیْمَنِ فِی الْبُقْعَةِ الْمُبٰرَكَةِ مِنَ الشَّجَرَةِ اَنْ یّٰمُوْسٰۤی اِنِّیْۤ اَنَا اللّٰهُ رَبُّ الْعٰلَمِیْنَ

ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသော နေရာ၌ လက်ျာဖက်ဖြစ်သော တောင်ကြားအရပ်၏ အစွန်းရှိ သစ်ပင် (တစ်ပင်) မှ (ဤသို့) အသံကြားခဲ့ရလေ၏။ 'အို၊ မူစာ၊ ကျွန်ုပ်မလွဲ ငါအသျှင်မြတ်သည် စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အသျှင်မြတ်ပင် ဖြစ်တော်မူသည်။' [၂၈ : ၃၀]

ယင်းနေရာသုံးခုစလုံး၌ တင်ပြနည်းကွဲပြားနေလင့်ကစား သို့ရာတွင် အကြောင်းအရာသည် အနီးစပ်ဆုံးအားဖြင့် တစ်မျိုးတည်းဖြစ်သည်။ ထိုအကြောင်းအရာမှာ ဤသို့တည်း။ ဟဇရသ်မူစာ (عليه السلام) အဖို့ ယင်းည တွင် အကြောင်းအမျိုးမျိုးကြောင့် မီးကို လိုအပ်နေသည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းအား 'သူရ်' တောင်၏ အပင်တစ်ပင်အပေါ်မှ မီးကို ပြပေသည်။ ထိုမီး သို့မဟုတ် အပင်မှ ဤအသံကို ကြားရသည်။

اِنِّیٓ اَنَا رَبُّكَ

ကျွန်ုပ်မလွဲ ငါအသျှင်မြတ်သည် အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ [၂၀ : ၁၂]

اِنَّهٗٓ اَنَا اللّٰهُ الْعَزِیْزُ الْحَكِیْمُ

ငါသည် အလွန်တရာ လွှမ်းမိုးတော်မူသော၊ ဆင်ခြင်တုံတရားနှင့် အလွန်တရာ ပြည့်စုံတော်မူသော အလ္လာဟ်အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ [၂၇ : ၉]

اِنَّنِیٓ اَنَا اللّٰهُ لَآ اِلٰهَ اِلَّآ اَنَا

ကျွန်ုပ်အမှန် ငါအသျှင်မြတ်သည်ပင်လျှင် အလ္လာဟ်အသျှင်မြတ် ဖြစ်တော်မူပေသည်။ ငါအသျှင်မြတ် မှတစ်ပါး အသျှင်ဟူ၍လည်း အလျဉ်းမရှိပြီ။ [၂၀ : ၁၄]

إِنِّيٓ أَنَا ٱللَّهُ رَبُّ ٱلْعَٰلَمِينَ

ဧကန်မလွဲ ငါအသျှင်မြတ်သည် စကြဝဠာခပ်သိမ်းတို့ကို မွေးမြူဖန်ဆင်းတော်မူသော အလ္လာဟ် အသျှင်မြတ်ပင် ဖြစ်တော်မူသည်။ *[၂၈ : ၃၀]*

ဤအသံသည် အကြိမ်ကြိမ်အခါခါ ကြားရခြင်းလည်း ဖြစ်နိုင်ပေရာ တစ်ခါတစ်ရံ စကားလုံးအမျိုးအစား ပုံစံတစ်မျိုးဖြင့် ကြားရကာ တစ်ခါတစ်ရံ အခြားအမျိုးအစား စကားလုံးမျိုးဖြင့်လည်း ကြားရပေသည်။ အသံကြားရပုံ၊ ကြားရနည်းနှင့် စပ်လျဉ်း၍ ဖဟ်ရေမုဟ္ဂီးသ်ကျမ်း၌ အဗူဟိုက်ယာနိသခင်ကြီးသည်လည်းကောင်း၊ ရုဟုလ်မအာနီးကျမ်း၌ အလ္လာမာအာလူးစီသခင်ကြီးတို့သည် ဤသို့ တင်ပြထားပေသည်။ ဘက်တစ်ဘက်ဘက် မူသေမဟုတ်ဘဲ အဘက်ဘက်မှ တစ်သမတ်တည်း ကြားနေရသည့် ပုံစံမျိုး ဖြစ်သည်။ ကြားနာရခြင်းသည်လည်း 'မုအ်ဂျေဇာဟ်' တန်ခိုးတော်၏ အသွင်ဖြင့် နားသာမက ကိုယ်ခန္ဓာ၏ အစိတ်အပိုင်းများဖြစ်သော လက်၊ ခြေ အစရှိသည်တို့ဖြင့်လည်း ကြားနေရပေသည်။

ဤသည် အကွယ်လောကမှ လာရှိသော အရပ်မျက်နှာ၊ အခြေအနေကင်းမဲ့သော အသံအမျိုးအစား ဖြစ်သည်။ သို့ရာတွင် ထိုအသံ၏ အစသည် ယင်းမီး သို့မဟုတ် အပင် ဖြစ်ပေသည်။ အကြင်အရာမှ မီး၏ အသွင်ဖြင့် ၄င်းအား ပြသနေခြင်း ဖြစ်သည်။ ယင်းကဲ့သို့သော နေရာမျိုးများ၌ ယေဘုယျအားဖြင့် လူသားတို့အဖို့ မှားယွင်းမှုနှင့် ရုပ်တု၊ ဆင်းတုတို့ကို ခဝ်ကိုးကွယ်ခြင်း၏ အကြောင်းခံ ဖြစ်သွားတတ်ပေသည်။ ထို့ကြောင့် စာစဉ်အကြောင်းပါ ခေါင်းစီးတိုင်း၌ တစ်ပါးတည်း တည်ရှိခြင်း၊ (သောင်ဟီးဒ်) ၏ စာစဉ်ဘက်သို့ တစ်ပါတည်း လမ်းညွှန် သတိပေးထားပေသည်။ ယခု တင်ပြလျက်ရှိနေသော အာယသ်တော်အတွင်း၌ سُبْحَانَ ٱللَّهِ (စုဗ်ဟားနလ္လားဟ်) ဟူသော စကားလုံးသည် ထိုသတိပေးချက်အတွက် ပိုတိုးကာ ထည့်သွင်းအမိန့်ရှိထားခြင်း ဖြစ်ပေသည်။ စူရာဟ်သွာဟာ၌ لَآ إِلَٰهَ إِلَّآ أَنَا နှင့် စူရာဟ်ကစွားစ်၌ أَنَا ٱللَّهُ رَبُّ ٱلْعَٰلَمِينَ (တို့သည် ထိုအကြောင်းအရာကို ပိုမိုလေးနက်စေရန်အတွက် ယူဆောင်လာခြင်း ဖြစ်သည်။ ယင်းရှင်းလင်းချက်၏ အကျယ်ချုပ်မှာ ဤသို့တည်း။ မီးအသွင်ရှိသော အရာကို ပြသရခြင်း၏ အကြောင်းမှာ ဟဇရသ်မူစာ ﷺ သည် ထိုအချိန်၌ မီးနှင့် အလင်းရောင်ကို လိုအပ်နေသောသူ ဖြစ်သည်။ သို့တည်းမဟုတ်က ထိုအသျှင်မြတ်၏ မုက္ခပါဋ္ဌတော်နှင့် 'ဇားသ်' (ပင်ကိုယ်တော်) သည် မီး သို့မဟုတ် 'သူရ်' တောင်၏ အပင်ဖြင့် တစ်စုံတစ်ရာမျှ မပတ်သက်ပေ။ မီးသည် အလ္လာဟ်အသျှင်မြတ်၏ အခြားသော အဖန်ဆင်းခံများကဲ့သို့ အဖန်ဆင်းခံတစ်မျိုးမျှသာ ဖြစ်သည်။ ထို့ကြောင့် ယခု တင်ပြလျက် ရှိနေသော အာယသ်တော်များအတွင်း၌

أَنۢ بُورِكَ مَن فِى ٱلنَّارِ وَمَنْ حَوْلَهَا

မီး၌ ရှိသူတို့သည်လည်းကောင်း၊ ထိုမီး၏ ပတ်ဝန်းကျင်၌ ရှိသူတို့သည်လည်းကောင်း 'ဗရ်ကသ်' ကျက်သရေမင်္ဂလာကို ရရှိပါစေ။ *[၂၇ : ၈]*

ဟူ၍ မိန့်တော်မူထားပေသည်။ ယင်းအချက်အား အကျယ်ချဲ့ဖွင့်ဆိုရာ၌ အဖွင့်ရှင်များ၏ အဆို အမျိုးမျိုး ရှိပေသည်။ ရုဟူလ်မအာနီကျမ်း၌လည်း ပါဝင်ပေသည်။ ဟဇရတ်အိဗ်နေအဗ္ဗားစ် عليه السلام ၊ မုဂျာဟိဒ် နှင့် အိကရိမားတို့ထံမှ ဆင့်ပြန်ချက် လာရှိထားသော အဆိုတစ်ရပ်မှာ مَنْ فِي النَّارِ (မီးအတွင်း၌ရှိသူ) ၏ အလိုသဘောသည် ဟဇရတ်မူစာ عليه السلام ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မီးသည် အမှန်စင်စစ် မီး မဟုတ်ပေ။ ဟဇရတ်မူစာ عليه السلام ရောက်ရှိနေသော ကျက်သရေမင်္ဂလာရှိသည့် အလွန်ဝေးကွာသည့် နေရာမှ ပြည့်ဝသော မီးကို မြင်တွေ့ရပေသည်။ ဤအတွက်ကြောင့် ဟဇရတ်မူစာ عليه السلام ကို မီးအတွင်း၌ရှိသည်ဟု မိန့်ဆိုလိုက်ခြင်း ဖြစ်သည်။ وَمَنْ حَوْلَهَا (ထိုမီး၏ ပတ်ဝန်းကျင်၌ ရှိသူတို့သည်လည်းကောင်း) ၏ အလိုသဘောသည် ထိုနေရာ၌ အသင့်ရှိနေသော ကောင်းကင်တမန်တော်များ ဖြစ်ပေသည်။ အချို့သော ပညာရှင်များသည် အထက်ပါဖွင့်ဆိုချက်နှင့် ပြောင်းပြန် مَنْ فِي النَّارِ (မီးအတွင်း၌ ရှိသူတို့ကို) ကောင်းကင် တမန်တော်များ ဖြစ်သည်ဟူ၍ အလိုသဘော ကောက်ယူကြ၍ وَمَنْ حَوْلَهَا (မီးဝန်းကျင်၌ ရှိသူတို့ကို) ဟဇရတ်မူစာ عليه السلام ဖြစ်ကြောင်း မိန့်ဆိုကြပေသည်။ ဗယာနုကုရ်အာန်ကျမ်း၏ ဖွင့်ဆိုချက်ကို စကားပြေ အကျဉ်းချုပ်၌ ထိုအဆိုကို တင်ပြထားပေသည်။ တင်ပြလျက်ရှိနေသော အာယသ်တော်များ၏ မှန်ကန် သော အလိုသဘောကို သဘောပေါက်နားလည်ရန်အတွက် ဤမျှခန့်သည် လုံလောက်ပေသည်။

ဟဇရတ်အိဗ်နေအဗ္ဗားစ် رضي الله عنهما နှင့် ဟစန်ဗဆွ်ရီသခင်ကြီးတို့၏ ဆင့်ပြန်ချက်နှင့် ယင်းဆင့်ပြန် ချက်အား သုတေသနပြုချက်

ဤနေရာ၌ အိဗ်နေဂျရီးရ်၊ အိဗ်နေအဘီဟာသင်မ်နှင့် အိဗ်နေမရ်ဒူယာ အစရှိသော သူတို့ထံမှ ဟဇရတ် အိဗ်နေအဗ္ဗားစ် رضي الله عنهما ၊ ဟဇရတ်ဟစန်ဗဆွ်ရီနှင့် ဟဇရတ်စအီးဒ်အိဗ်နေဂျူဗိုက်ရ်တို့ထံမှ مَنْ فِي النَّارِ (မီးအတွင်း ၌ရှိသူတို့သည်လည်းကောင်း) ဟူသော အာယသ်တော်အား အကျယ်ချဲ့ဖွင့်ဆိုရာ၌ 'ယင်းအာယသ်တော်၏ အလိုသဘောသည် အလ္လာဟ်အသျှင်မြတ်၏ 'ဇာသ်'တော်ကိုယ်တိုင် ဖြစ်သည်'ဟူသော ဆင့်ပြန်ချက်ကို ဆင့်ပြန်ထားပေသည်။ 'မီးသည် အဖန်ဆင်းခံတစ်မျိုးဖြစ်၍ ဖန်ဆင်းရှင် ခါလစ်က်သည် အဖန်ဆင်းခံ တစ်မျိုးမျိုး၏ အတွင်း၌ မဝင်ရောက်နိုင်ကြောင်း'မှာ ထင်ရှားလှပေသည်။ ထို့ကြောင့် အထက်ပါ ဆင့်ပြန် ချက်၏ 'အလ္လာဟ်အသျှင်မြတ်၏ 'ဇာသ်'ကိုယ်တော်တိုင်သည် မီးအတွင်း၌ရှိသည်'ဟူသော အလိုသဘော မျိုး မဖြစ်နိုင်ပေ။ ပမာဆိုရသော် များစွာသော ရုပ်တု၊ ဆင်းတုများကို ခဝပ်ကိုးကွယ်သော မုရှ်ရစ်က်တို့ သည် ရုပ်တု၊ ဆင်းတုများအတွင်း၌ အလ္လာဟ်အသျှင်မြတ်၏ 'ဇာသ်'ကိုယ်တော်တိုင် ဝင်ရောက်နေသည်' ဟူ၍ ပြောဆိုခြင်းသည် 'သောင်ဟီးဒ်' (တစ်ပါးတည်း တည်ရှိခြင်းတရား) နှင့် လုံးဝ ဆန့်ကျင်ဘက် ဖြစ်နေပေသည်။ သို့သာမက အလိုသဘောမှာ 'ထင်ဟပ်ပြသခြင်း' ဖြစ်ပေသည်။ ပမာဆိုရသော် မှန်အတွင်း၌ မြင်တွေ့နေရသော အရာသည် မှန်အတွင်းသို့ ဝင်ရောက်နေသည်မဟုတ်ဘဲ သီးခြားစွာ တည်ရှိနေခြင်း

ဖြစ်သည်။ 'ဤသို့ ဘုန်းကမ္ဘာရောင်ခြည်ဟု ခေါ်ဆိုသော အရာထင်ဟပ်ထွက်ပေါ်လာခြင်းသည် အလ္လာဟ် အသျှင်မြတ်၏ 'ဇားသ်'တော်တိုင်၏ ဘုန်းသမ္ဘာရောင်ခြည်မဟုတ်ကြောင်း' မှာလည်း ထင်ရှားလှပေသည်။

သို့တည်းမဟုတ် အကယ်၍ အလ္လာဟ်အသျှင်မြတ်၏ 'ဇားသ်'တော်ကိုယ်တိုင်အား ဟဇရသ်မူစာ ﷺ သည် ရှုမြင်ထားရသည်ရှိသော်

رَبِّ اَرِنِىۡ اَنۡظُرۡ اِلَيۡكَ

'အို, ကျွန်တော်မျိုး၏ အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးအား မိမိကိုယ်ကို ပြသတော်မူပါ' ဟူသော လျှောက်ထားချက်အား အလ္လာဟ်အသျှင်မြတ်သည် ပြန်လည်ဖြေကြားရာ၌ لَنۡ تَرٰنِىۡ 'အသင်သည် ဤလောကတွင် ငါအသျှင်မြတ်အား အလျဉ်းဖူးမျှော်နိုင်မည် မဟုတ်ပေ' ဟူသော မေးခွန်းကို မေးစရာနှင့် ယင်းအမေးအဖြေသည် မည်သည့်အဓိပ္ပာယ် တစ်စုံတစ်ရာမျှ မရှိတော့ပေ။ အထက်ပါ ရှင်းလင်းချက်မှ အောက်ဖော်ပြပါအချက်ကို သိရှိရပေသည်။

ဟဇရသ်အိဗ်နေအဗ္ဗားစ်သည် 'အလ္လာဟ်အသျှင်မြတ်၏ ပေါ်လွင်ထင်ရှားလာမှု' ဟု ဆိုသော ယင်းအဆို၌ ကောက်ယူထားပေသည်။ ဤဘုန်းသမ္ဘာရောင်ခြည်သည် ဤသို့ဖြင့်လည်း မ၀င်ရောက်လာနိုင်သကဲ့သို့ အလ္လာဟ်အသျှင်မြတ်၏ 'ဇားသ်'တော်၏ ဘုန်းသမ္ဘာရောင်ခြည်လည်း မဟုတ်ပေ။ သို့သာမက لَنۡ تَرٰنِىۡ (အသင်သည် ဤလောကတွင် ငါအသျှင်မြတ်အား အလျဉ်း ဖူးမျှော်နိုင်မည်မဟုတ်ပေ) ဟူသော အာယသ်တော်မှ 'ဤကမ္ဘာလောကတွင် အလ္လာဟ်အသျှင်မြတ်၏ 'ဇားသ်'တော်၏ ဘုန်းသမ္ဘာရောင်ခြည်ကို မည်သူတစ်ဦးတစ်ယောက်မျှ တွေ့မြင်နိုင်မည် မဟုတ်ကြောင်း'ကို အတည်ပြုထားပေသည်။ သို့ဆိုလျှင် ထိုထင်ဟပ်မှုနှင့် ဘုန်းသမ္ဘာရောင်ခြည်၏ အလိုသဘောသည် မည်ကဲ့သို့နည်း။ ယင်းအချက်နှင့် စပ်လျဉ်းသော အဖြေမှာ ဤသို့ပင် ဖြစ်သည်။ ဤဘုန်းသမ္ဘာရောင်ခြည်သည် သူတော်စင်များ၏ အသုံးအနှုန်းဝေါဟာရ၌ ထင်ရှားလျက်ရှိသော 'မေစာလီး' (နာမ်လောက၌ မြင်တွေ့ရခြင်း) ဖြစ်သည်။ ၎င်း၏ အခြေခံဇစ်မြစ်အချက်ကို သိနားလည်ရန်မှာ လူသားတို့အဖို့ ခဲယဉ်းလှပေသည်။ လိုအပ်သည့် အတိုင်းအတာခန့်အနီးစပ်ဆုံး သိနားလည်နိုင်ရန်အတွက် ကျွန်ုပ်သည် မိမိ၏ စာအုပ် 'အဟ်မုလ်ကုရ်အာန်' ကျမ်း၌ အာရဗီဘာသာဖြင့် စူရာဟ်ကစွားစ်တွင် အနည်းငယ် အကျယ်ချဲ့အချက်ကို ရေးသားထားပေသည်။ အာလင်မ်သာသနာ့ပညာရှင်များ ကြည့်ရှုနိုင်ကာ အများသူငှာတို့အဖို့ မလိုအပ်ပေ။

اِلَّا مَنۡ ظَلَمَ ثُمَّ بَدَّلَ حُسۡنًۢا بَعۡدَ سُوۡٓءٍ فَاِنِّىۡ غَفُوۡرٌ رَّحِيۡمٌ

သို့ရာတွင် မည်သူမဆို မတရားကျူးလွန်ခဲ့၏။ တစ်ဖန် ထိုသူသည် မကောင်းမှု၏ နောက်တွင် ကောင်းမှုကို ပြောင်းလွဲ၍ ပြုခဲ့ပါလျှင် စေကန်မလွဲ ငါအသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော၊ အလွန်တရာ သနားကရုဏာပြုတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ [၂၇ း ၁၁]

ဤအာယသ်တော်၏အလျှင် ရှေးအာယသ်တော်အတွင်း၌ ဟဇရသ်မူစာ ﷺ ၏ တောင်ဝှေးတော်၏ 'မုအ်ဂျေဇာဟ်'အကြောင်း ပါရှိထားပေသည်။ အကြင်အာယသ်တော်အတွင်း၌ 'တောင်ဝှေးတော်သည် မြွေဖြစ်သွားသောအခါ ဟဇရသ်မူစာ ﷺ ကိုယ်တော်တိုင်သည်လည်း ယင်းမြွေအား ကြောက်ရွံ့ကာ ပြေးတော့ပေသည်' ဟူသော အချက်ပါရှိထားပေသည်။ တင်ပြလျက်ရှိသော အာယသ်တော်အတွင်း၌ ဟဇရသ်မူစာ ﷺ ၏ ဒုတိယ 'မုအ်ဂျေဇာဟ်'ဖြစ်သော 'လက်၏ ထွန်းလင်းတောက်ပခြင်း' ၏ 'မုအ်ဂျေဇာဟ်' ကို တင်ပြထားပေသည်။ ကြား၌ ဤ 'အစ်သစ်နာ' (ချွင်းချက်) ကို မည်သည့်အကြောင်းကြောင့် တင်ပြထားရပေသနည်း။ ဤ 'အစ်သစ်နာ' (ချွင်းချက်) သည် 'မွန်ကသေ့အ်' (ရှေ့နှင့် နောက်ဝါကျတို့ဖြင့် ဆက်စပ်မှုမရှိသော (ချွင်းချက်) ဖြစ်ပါ၏လော။ ယင်းအချက်နှင့် စပ်လျဉ်း၍ အဖွင့်ပညာရှင်များထံတွင် အဆိုအမျိုးမျိုး ကွဲနေပေသည်။ အချို့သော အာလင်မ်ပညာရှင်များသည် 'အစ်သစ်နာမွန်ကသေ့အ်' (ရှေ့နှင့် နောက်ဝါကျတို့ဖြင့် ဆက်စပ်မှုမရှိသော ချွင်းချက်) ဖြစ်ကြောင်းကို သတ်မှတ်ထားကြပေသည်။ သို့ဆိုလျှင် အာယသ်တော်၏ အကြောင်းအရာမှာ ဤသို့ပင်ဖြစ်သည်။ ပထမအာယသ်တော်အတွင်း၌ နဗီတမန်တော်များ ကြောက်ရွံ့ထိတ်လန့်မှု မရှိကြောင်းကို တင်ပြထားပေသည်။ ဆိုလိုသည်မှာ မေ့လျော့ကာ မှားယွင်းမှုကို ပြုမိသောသူတို့သည် တစ်ဖန် 'သောင်ဗာဟ်' (အမှားဝန်ခံ) ကာ ကောင်းမြတ်သော အကျင့်သီလများကို ရွေးချယ်ဆောင်ရွက်ရပေမည်။ ဤသို့သော သူများအား အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ အမှားကို ခွင့်လွှတ်မှုပြုထားနေလင့်ကစား ထို့နောက်၌လည်း ဒုစရိုက်၏ ကျန်ရှိသော အငွေ့၊ အသက်များ ရှိတန်ကောင်းလေရာ ယင်းအချက်အား ၎င်းတို့သည် အမြဲတစေ ကြောက်ရွံ့နေပေသည်။

ထို 'အစ်သစ်နာ' (ချွင်းချက်) ကို 'မုသ်သစွင်လ်' (ရှေ့နှင့် နောက်ဝါကျတို့ဖြင့် ဆက်စပ်လျက်ရှိသော ချွင်းချက်) အဖြစ် အတည်ပြုလိုက်မည်ဆိုလျှင် အာယသ်တော်၏ အဓိပ္ပာယ်မှာ ဤသို့ပင်ဖြစ်သည်။ မှားယွင်းမှုတစ်စုံတစ်ရာ (ပြစ်မှုအသေး ပြုမိသွားခြင်း) ပြုပြီးနောက် ထိုအမှားအား 'သောင်ဗာဟ်' (ပြန်လည်ဝန်ချတောင်းပန်သောသူတို့ ဖြစ်သည်။ သို့ရှိရာ ထို 'သောင်ဗာဟ်' (အမှားဝန်ခံမှု) ကြောင့် ဤပြစ်မှုအသေးသည်လည်း ပလပ်ခွင့်ပေးခြင်း ခံရပေသည်) မှအပ အလ္လာဟ်အသျှင်မြတ်၏ နဗီ၊ ရစူလ်တမန်တော်တို့သည် မကြောက်ရွံ့ကြပေ။ သာပို၍ မှန်ကန်သောအချက်မှာ နဗီတမန်တော်များ ပြုမိခဲ့သော ချွတ်ချော်မှုတို့သည် စင်စစ်၌ ပြစ်မှုအကြီးအသေးတို့ပင် မဟုတ်ချေ။ သို့သာမက ပြစ်မှု၏ အသွင်ကို ဆောင်လျက်ရှိနေသော အခြေအနေဖြစ်သောကြောင့် စင်စစ်၌ ထိုအချက်များသည် တီထွင်ထိုးဖောက်မှု ဉာဏ်အယူအဆ မှားယွင်းသွားခြင်းသာ ဖြစ်သည်။ ထိုတင်ပြပါအာယသ်တော်၏ စာစဉ်အကြောင်းအရာမှ 'ဟဇရသ်မူစာ ﷺ ၏ အကြောင်းခံဖြင့် ကစ်ဗ်သျှီတစ်ဦး သတ်ဖြတ်ခံလိုက်ရခြင်း၏ ချွတ်ချော်မှုတစ်ရပ် ဖြစ်ခဲ့သည်။ ထိုချွတ်ချော်မှုကို အလ္လာဟ်အသျှင်မြတ်သည် ခွင့်လွှတ်ထားနေလင့်ကစား 'ဟဇရသ်မူစာ ﷺ ၏အပေါ် ကြောက်ရွံ့မှုတည်ရှိနေခြင်း၏ သက်ရောက်မှုတရားသည် ယခုအချိန်အထိတိုင် တည်ရှိနေခြင်း' အကယ်၍ ဤတိမ်းပါးချွတ်ချော်မှုမရှိမူ လက်ရှိအချိန်အတွင်း ကြောက်ရွံ့မှု မဖြစ်ရှိခြင်းဟူသော အချက်ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားဟန် တူပေသည်။ *[ကုရ်သုဗီး]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَقَدْ آتَيْنَا دَاوُودَ وَ
سُلَيْمَانَ عِلْمًا ۖ وَقَالَا الْحَمْدُ لِلَّهِ الَّذِي فَضَّلَنَا عَلَىٰ كَثِيرٍ مِّنْ عِبَادِهِ الْمُؤْمِنِينَ ﴿١٥﴾

၂၇ း ၁၅ ။ ။ ထို့ပြင် ကေန်အမှန် ငါအသျှင်မြတ်သည် (တမန်တော်) ဒါဝူဒ်နှင့် (တမန်တော်) စုလိုက်မာန်တို့အား (အထူး) အသိပညာတစ်ရပ်ကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ ထို့ပြင် (တမန်တော်ဒါဝူဒ်နှင့် စုလိုက်မာန်) တို့နှစ်ဦးသည် 'ကျွန်တော်မျိုးတို့အား မိမိ၏ မြောက်မြားစွာသော မုအ်မင်န်သက်ဝင် ယုံကြည်ကြကုန်သည့် 'ကျွန်' တို့ထက် ထွန်းမြတ်စေတော်မူခဲ့သော အလ္လာဟ်အသျှင်မြတ်သည်သာလျှင် ချီးမွမ်းထောမနာအပေါင်းတို့ကို ခံယူထိုက်တော်မူသည်' ဟု လျှောက်ထားခဲ့ကြကုန်၏။

وَوَرِثَ سُلَيْمَانُ دَاوُودَ ۖ وَقَالَ يَا أَيُّهَا النَّاسُ عُلِّمْنَا
مَنطِقَ الطَّيْرِ وَأُوتِينَا مِن كُلِّ شَيْءٍ ۖ إِنَّ هَٰذَا لَهُوَ الْفَضْلُ الْمُبِينُ ﴿١٦﴾

၂၇ း ၁၆ ။ ။ ၎င်းပြင် (တမန်တော်) စုလိုက်မာန်သည် (တမန်တော်) ဒါဝူဒ်၏ အရိုက်အရာကို ဆက်ခံခဲ့၏။ ၎င်းပြင် ယင်း (တမန်တော်စုလိုက်မာန်) သည် (ဤသို့) ပြောကြားခဲ့၏။ 'အို၊ လူအပေါင်းတို့၊ ငါတို့သည် ငှက်တိရစ္ဆာန်တို့၏ ဘာသာစကား သင်ကြားပို့ချပေးခြင်းကို ခံခဲ့ကြရလေသည်။ ထို့ပြင် ငါတို့သည် (စိုးမိုးအုပ်ချုပ်မှုနှင့် စပ်လျဉ်း၍ လိုအပ်သော) အရာခပ်သိမ်းတို့ကို ချီးမြှင့်ပေးသနားတော်မူခြင်း ခံခဲ့ကြရပေသည်။ ကေန်စင်စစ် ဤသည် (အသျှင်မြတ်၏) ထင်ရှားလှစွာသော ကျေးဇူးတော်ပင် ဖြစ်ချေသည်။'

وَحُشِرَ لِسُلَيْمَانَ جُنُودُهُ مِنَ الْجِنِّ وَالْإِنسِ وَالطَّيْرِ فَهُمْ يُوزَعُونَ ﴿١٧﴾

၂၇ း ၁၇ ။ ။ ထို့ပြင် (တမန်တော်) စုလိုက်မာန်၏အဖို့၊ ၎င်း၏ စစ်သည်ဗိုလ်ပါများကို 'ဂျင်န်'များ၊ လူသားများနှင့် ငှက်တိရစ္ဆာန်တို့အနက်မှ စုရုံးစေခြင်းကို ခံခဲ့ကြရကုန်၏။ တစ်ဖန် ၎င်း (စစ်သည်ဗိုလ်ပါ) တို့သည် (စနစ်တကျ စီတန်းချီတက်နိုင်ကြရန်အလို့ငှာ) ထားရှိခြင်းကိုပင် ခံကြရကုန်၏။

حَتَّىٰ إِذَا أَتَوْا عَلَىٰ وَادِ النَّمْلِ قَالَتْ نَمْلَةٌ يَا أَيُّهَا النَّمْلُ ادْخُلُوا
مَسَاكِنَكُمْ لَا يَحْطِمَنَّكُمْ سُلَيْمَانُ وَجُنُودُهُ وَهُمْ لَا يَشْعُرُونَ ﴿١٨﴾

၂၇ း ၁၈ ။ ။ တစ်ရံရောအခါ ၎င်း (စစ်သည်ဗိုလ်ပါ) တို့သည် (ပုရွက်ဆိတ်များရှိသော) ချောင်းလျှိုရိုးသို့ ရောက်ရှိခဲ့လေသောအခါ၊ ပုရွက်ဆိတ်တစ်ကောင်က 'အို၊ ပုရွက်ဆိတ်အပေါင်းတို့၊ စုလိုက်မာန်နှင့်တကွ ၎င်း၏ စစ်သည်ဗိုလ်ပါတို့သည် အသင်တို့အား မသိမမြင်ကြဘဲ (မတော်တဆ) ဖိကြိတ် တက်နင်း ချေမှုန်း မပြုမိကြရန်၊ အသင်တို့သည် မိမိတို့၏ တွင်းများထဲသို့ ဝင်ရောက်ကြလေကုန်' ဟု (ဟစ်အော်) ပြောကြားခဲ့လေ၏။

فَتَبَسَّمَ ضَاحِكًا مِّنْ قَوْلِهَا وَقَالَ رَبِّ أَوْزِعْنِيٓ أَنْ أَشْكُرَ نِعْمَتَكَ الَّتِيٓ أَنْعَمْتَ عَلَيَّ وَعَلَىٰ وَالِدَيَّ وَأَنْ أَعْمَلَ صَالِحًا تَرْضَاهُ وَأَدْخِلْنِي بِرَحْمَتِكَ فِي عِبَادِكَ الصَّالِحِينَ ﴿١٩﴾

၂၇ : ၁၉ ။ ။ ထို့အခါ ၄င်း (တမန်တော်စုလိုက်မာန်) သည် ယင်း (ပုရွက်ဆိတ်) ၏ စကားကြောင့် ပြုံးရယ်ခဲ့လေ၏။ (ထို့ပြင် အသျှင်မြတ်ထံတော်တွင် ဤသို့) လျှောက်ထား ပြန်ကြားခဲ့လေ၏။ 'အို့, ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အပေါ်၌လည်းကောင်း၊ ကျွန်တော်မျိုး၏ မိဘနှစ်ပါးတို့အပေါ်၌လည်းကောင်း ပြုတော်မူခဲ့သော ကျေးဇူးတော်နှင့် စပ်လျဉ်း၍ ကျွန်တော်မျိုးအား အမြဲကျေးဇူးသိစေတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးအား အသျှင်မြတ် နှစ်သက်တော်မူသော ကောင်းမြတ်သည့် အကျင့်သီလများကိုလည်း အမြဲ ကျင့်မူဆောက်တည်နိုင်စွမ်း ပေးသနားတော်မူပါ။ ထို့ပြင် အသျှင်မြတ်သည် ကျွန်တော်မျိုးအား မိမိ၏ ကရုဏာတော်ဖြင့် မိမိ၏ သူတော်ကောင်း 'ကျွန်'တို့တွင် ဝင်ရောက်ပါဝင်စေတော်မူပါ။'

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် ဧကန်အမှန် ငါအသျှင်မြတ်သည် (တမန်တော်) ဒါဝူးဒ်နှင့် (တမန်တော်) စုလိုက်မာန်တို့အား (သာသနာတော်နှင့် အုပ်ချုပ်မှုတို့ဖြင့် စပ်လျဉ်းသော အထူး) အသိပညာတစ်ရပ်ကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ ထို့ပြင် (တမန်တော်ဒါဝူးဒ်နှင့် စုလိုက်မာန်တို့) နှစ်ဦးသည် (ကျေးဇူးသိတတ်စွာဖြင့်) 'ကျွန်တော်မျိုးတို့အား မိမိ၏ မြောက်မြားစွာသော မုအ်မင်န်) သက်ဝင် ယုံကြည်ကြကုန်သည့် ကျွန်တို့ထက် ထွတ်မြတ်စေတော်မူခဲ့သော အလ္လာဟ်အသျှင်မြတ်သည်သာလျှင် ချီးမွမ်းထောပနာအပေါင်းတို့ကို ခံယူထိုက်တော်မူသည်'ဟု လျှောက်ထားခဲ့ကြကုန်၏။

၄င်းပြင် (တမန်တော်) စုလိုက်မာန်သည် (တမန်တော်) ဒါဝူးဒ် ('ဝဖားသ်'ကွယ်လွန်ပြီးနောက် ၄င်း:) ၏ အရိုက်အရာကို ဆက်ခံခဲ့၏။ (အုပ်ချုပ်မှု အစရှိသော အရာများ ရရှိခြင်းဖြစ်သည်။) ၄င်းပြင် ယင်း (တမန်တော်စုလိုက်မာန်) သည် (အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတရားကို) ဤသို့ (ထုတ်ဖော်) ပြောကြားခဲ့၏။ 'အို့, လူသားအပေါင်းတို့၊ ငါတို့သည် ငှက်တိရစ္ဆာန်တို့၏ ဘာသာစကားကို (သဘောပေါက်နားလည်ခြင်း၏ ပညာ) ကို သင်ကြားပို့ချပေးခြင်းကို ခံခဲ့ကြရလေသည်။ (အကြင်ပညာသည် အခြားသော ဘုရင်များအဖို့ မရရှိကြပေ။) ထို့ပြင် ငါတို့သည် (စိုးမိုးအုပ်ချုပ်မှုနှင့် စပ်လျဉ်း၍ လိုအပ်သော) အရာခပ်သိမ်းတို့ကို ချီးမြှင့်ပေးသနားတော်မူခြင်း ခံခဲ့ကြရပေသည်။ (ပမာဆိုရသော် ရဲမက်ဗိုလ်ပါ၊ စစ်တပ်၊ ပစ္စည်း၊ ဥစ္စာ စစ်လက်နက် ကိရိယာများ အစရှိသည်တို့ ဖြစ်သည်။) ဧကန်စင်စစ် ဤသည် (အသျှင်မြတ်၏) ထင်ရှားလှစွာသော ကျေးဇူးတော်ပင် ဖြစ်ချေသည်။

ထို့ပြင် (တမန်တော်) စုလိုက်မာန်၏အဖို့ (အုပ်ချုပ်မှုဆိုင်ရာ အဆောင်အယောင်များသည်လည်း အံ့ဖွယ်ရာ ဖြစ်သည်။) ၄င်း၏ စစ်သည်ဗိုလ်ပါများကို ဂျင်န်များ၊ လူသားများနှင့် ငှက်တိရစ္ဆာန်တို့အနက်မှ

စုရုံးစေခြင်းကို ခံခဲ့ကြရကုန်၏။ (၎င်းတို့သည် အခြားမည်သည့် ဘုရင်တစ်ပါးပါး၏ နောက်လိုက်များ မဟုတ်ကြချေ။) တစ်ဖန် ၎င်း (စစ်သည်ဗိုလ်ပါ) တို့သည် (ဤမျှခန့် များပြားသည့်အတွက်ကြောင့် စနစ်တကျ စီတန်းချီတက်နိုင်ကြရန်အလို့ငှာ) တားထားခြင်းကိုပင် ခံကြရကုန်၏။ (သို့မှသာ အနောက်ဘက်မှ ရှိသူများ ရှေ့သို့ ရောက်ရှိလာကာ ကစဉ့်ကလျား မဖြစ်စေရန် ဖြစ်သည်။) ဤအချက်သည် ဓလေ့သဘာဝ အရ- များပြားသော အရေအတွက်ရှိချိန်၌ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အရေအတွက် အနည်းငယ် ရှိသော နေရာမျိုး၌ ရှေ့၌ရှိသူသည် ဤအချိန်မျိုး၌ ကိုယ်တိုင် အလိုအလျောက် ရပ်တန့်သွားပေမည်။ အရေအတွက်များပြားစွာ ရှိချိန်၌ အရှေ့၌ ရှိသူတို့သည် အနောက်၌ ရှိသူတို့၏ အရေအတွက်ကို မသိရှိနိုင်ပေ။ ထို့ကြောင့် စနစ်တကျ စီမံမှုကို ပြုထားရပေသည်။)

(တစ်ကြိမ်တစ်ခါက မိမိ၏ စစ်တပ်နှင့်အတူ ကြွမြန်းလာလျက်ရှိရာ) ၎င်းတို့သည် (ပုရွက်ဆိတ်များရှိသော) ချောင်းလျှိုရိုးသို့ ရောက်ရှိခဲ့လေသောအခါ ပုရွက်ဆိတ်တစ်ကောင်က (အခြားပုရွက်ဆိတ်တို့အား) 'အို၊ ပုရွက်ဆိတ်အပေါင်းတို့၊ စုလိုက်မာန်နှင့်တကွ ၎င်း၏ စစ်သည်ဗိုလ်ပါတို့သည် အသင်တို့အား မသိမမြင်ကြဘဲ (မတော်တဆ) ဖိကြိတ်တက်နင်း ချေမှုန်းမပြုမိကြရန် အသင်တို့သည် မိမိတို့၏ တွင်းများထဲသို့ ဝင်ရောက်ကြလေကုန်' ဟု (ဟစ်အော်) ပြောကြားခဲ့လေ၏။

ထိုအခါ ၎င်း (တမန်တော်စုလိုက်မာန်) သည် (ထိုပြောကြားချက်ကို ကြားကာ) ယင်း (ပုရွက်ဆိတ်) ၏ စကားကြောင့် (ဤမျှခန့် ထုထည်သေးငယ်သော တိရစ္ဆာန်ငယ်နှင့် ဤမျှခန့်သော အသိ၊ သတိ၊ ဝီရိယရှိမှုအပေါ် အံ့ဩကာ) ပြုံးရယ်ခဲ့လေ၏။ (ဤအချင်းအရာကို တွေ့မြင်ကာ ကျွန်ုပ်သည် ၎င်း၏ စကားကို သဘောပေါက်နားလည်ခဲ့၏။ အကြင်သဘောပေါက်မှုသည် 'မုအ်ဂျိဇာဟ်' ဖြစ်သည့်အတွက်ကြောင့် ကြီးမားသော အသျှင်မြတ်၏ စည်းစိမ်တော်ဖြစ်သည်။ အခြားသော အသျှင်မြတ်၏ စည်းစိမ် 'နေ့အ်မသ်' တော်များကိုလည်း သတိရလာကာ အသျှင်မြတ်ထံတော်တွင် ဤသို့) လျှောက်ထားပန်ကြားခဲ့လေ၏။ 'အို၊ ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးအပေါ်၌လည်းကောင်း၊ ကျွန်တော်မျိုး၏ မိဘနှစ်ပါးအပေါ်၌လည်းကောင်း ပြုတော်မူခဲ့သော ကျေးဇူးတော် (ဝါ) အီမာန်နှင့် အိလ်မ်) အသိပညာအားလုံးနှင့် မိမိနှင့် မိမိ၏ ဖခင် ဟဇရသ်ဒါဝူးဒ် ﷺ အား နဗီအဖြစ် ချီးမြှင့်တော်မူခြင်း) နှင့် စပ်လျဉ်း၍ ကျွန်တော်မျိုးအား အမြဲကျေးဇူးသိတတ်စေတော်မူပါ။ ထို့ပြင် ကျွန်တော်မျိုးအား အသျှင်မြတ် နှစ်သက်တော်မူသော ကောင်းမြတ်သည့် အကျင့်သီလများကိုလည်း (အစဉ်) အမြဲ ကျင့်မူဆောက်တည်နိုင်စွမ်း ပေးသနားတော်မူပါ။ (ကျင့်မူဆောက်တည်ချက်များကို လက်ခံခြင်း ပြုပေးတော်မူပါ။ အဘယ်ကြောင့်ဆိုသော် အကယ်၍ စင်စစ်၌ ကျင့်ကြံချက်သည် မှန်မြတ်ကာ စည်းကမ်းချက်များနှင့် နည်းစနစ်ဘောင်များ လျော့နည်းနေပါကလည်း အဓိကအချက် မပါဝင်သောကြောင့် လက်ခံခြင်း ခံရမည်မဟုတ်။) ထို့ပြင် အသျှင်မြတ်သည် ကျွန်တော်မျိုးအား မိမိ၏ (သီးသန့်) ကရုဏာတော်ဖြင့် မိမိ၏ (အဆင့်အတန်းအမြင့်ဆုံး၌ ရောက်ရှိသော) သူတော်ကောင်း ကျွန် (နဗီ) တို့တွင် ဝင်ရောက်ပါဝင်စေတော်မူပါ။ (ဆိုလိုသည်မှာ နီးစပ်မှုအဆင့်ကို ဝေးကွာသော အဆင့်ထိသို့ ရောက်ရှိသွားအောင် ပြောင်းလွဲတော်မမူပါနှင့်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وَلَقَدْ اٰتَيْنَا دَاوٗدَ وَ سُلَيْمَانَ عِلْمًا

ထို့ပြင် ကေန်အမှန် ငါအသျှင်မြတ်သည် တမန်တော်ဒါဝူးဒ်နှင့် တမန်တော်စုလိုက်မာန်တို့အား အသိပညာတစ်ရပ်ကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ *[၂၇ : ၁၅]*

အသိပညာတစ်ရပ်၏ အလိုသဘောမှာ 'နဗီ၊ ရစူလ်ဖြစ်ခြင်းနှင့် စပ်လျဉ်းသော ပညာရပ်များ ဖြစ်ကြောင်းမှာ ထင်ရှားပေသည်။ ထိုခြုံငုံသော သဘောရှိသည့် ပညာရပ်များ၏ အတွင်းဝယ် အခြားသော ပညာ၊ ဘာသာရပ်များလည်း ပါဝင်မည်ဟုဆိုလျှင်လည်း ခက်ခဲစွာ တွေးနေရမည့် အချက်မဟုတ်ပေ။ ပမာဆိုရသော် ဟဇရတ်ဒါဝူးဒ် عليه السلام ကို သံချပ်ကာအင်္ကျီ ပြုလုပ်နည်း၏ ပညာရပ်ကို ချီးမြှင့်ခဲ့ပေသည်။ နဗီတမန်တော်များ၏ ကြားဝယ် ဟဇရတ်ဒါဝူးဒ် عليه السلام နှင့် ဟဇရတ်စုလိုက်မာန် عليه السلام တို့သည် အသွင်တစ်မျိုး ထူးနေပေသည်။ ၎င်းတို့နှစ်ဦးက နဗီ၊ ရစူလ်အဖြစ် ပြုပေးခြင်းနှင့်အတူ စိုးမိုးအုပ်ချုပ်မှုကိုပါ ချီးမြှင့် ထားပေသည်။ အုပ်ချုပ်မှုကိုလည်း လူသားတို့သာမက ဂျင်နားသ်များနှင့် တိရစ္ဆာန်များအပေါ်၌မှာလည်း စံမတူသည့် အုပ်ချုပ်မှုမျိုးဖြစ်သည်။ ထိုကြီးကျယ်လှစွာသော 'နေ့အ်မသ်'စည်းစိမ်တော်များထဲမှ 'အိလ်မ်' ၏ 'နေ့အ်မသ်' (စည်းစိမ်တော်) သည် အခြားကျန်ရှိသော 'နေ့အ်မသ်' တော်များ အားလုံးထက် သာပို မြင့်မြတ်နေခြင်း'ကြောင့် ဖြစ်ပေသည်။ *[ကုရ်သုဗီး]*

နဗီတမန်တော်များအဖို့ ပစ္စည်းအမွေဆက်ခံပိုင်ခွင့် မရှိ

وَوَرِثَ سُلَيْمَانُ دَاوٗدَ

၎င်းပြင် တမန်တော်စုလိုက်မာန်သည် တမန်တော်ဒါဝူးဒ်၏ အရိုက်အရာကို ဆက်ခံခဲ့၏။

وَرِثَ ဟူသော စကားလုံးမှ ပညာအရာနှင့် နဗီဖြစ်ခြင်း၏ အရာကို ဆိုလိုခြင်းဖြစ်ပေသည်။ ပစ္စည်းအမွေမဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ﷺ သည်

نَحْنُ مَعَاشِرُ الْاَنْبِيَاءِ لَانَرِثُ وَلَانُوْرِثُ

'နဗီတမန်တော်များသည် အမွေပေးသူ၊ ဆက်ခံသူလည်း မဟုတ်'ဟူ၍ အမိန့်ရှိထားသည်။ သိရ်မေဇီ ကျမ်းနှင့် အဗူဒါဝူးဒ်ကျမ်း၌ ဟဇရတ်အဗုရ်ဒရ်ဒါးအ် رضي الله عنه သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားသည်။

اَلْعُلَمَاءُ وَرَثَةُ الْاَنْبِيَاءِ وَاِنَّ الْاَنْبِيَاءَ لَمْ يُوَرِّثُوْادِيْنَارًا

وَّ لَادِرْهَمًا وَّ لٰكِنْ وَرَّثُو الْعِلْمَ فَمَنْ اَخَذَهٗ اَخَذَ بِحَظٍّ وَّافِرٍ

ဆိုလိုသည်မှာ (အာလင်မ်) ပညာရှင်များသည် နဗီတမန်တော်များ၏ အမွေစား၊ အမွေခံများ ဖြစ်သည်။ သို့ရာတွင် နဗီတမန်တော်များပေးသော အမွေမှာ 'အိလ်မ်' (အသိပညာ) နှင့် နဗီဖြစ်ခြင်း၏ ပညာများ ဖြစ်သည်။ ပစ္စည်းဥစ္စာ၏ အမွေမဟုတ်ပေ။

ဟဇရတ်အဗူအဗ်ဒုလ္လာဟ်၏ ဆင့်ပြန်ချက်သည် ထိုမေးသတ်ကို သာပို၍ပင် ရှင်းလင်းအောင် ပြပေးထားသည်။ ဟဇရတ်စုလိုက်မာန် عليه السلام သည် နဗီတမန်တော်ဒါဝူးဒ် عليه السلام ၏ အရိုက်အရာခံဖြစ်ရာ တမန်တော်မြတ် ﷺ သည်လည်း တမန်တော်မြတ်စုလိုက်မာန် عليه السلام ၏ အရိုက်အရာခံ ဖြစ်ပေသည်။

[ကလီနီးမှ ရှုးဟ်]

စဉ်းစားတွေးခေါ်မှုဆိုင်ရာ ကြည့်ရှုမည်ဆိုလျှင်လည်း ဤနေရာ၌ ဥစ္စာအမွေမဟုတ်နိုင်ကြောင်းကို သိရှိရသည်။ အဘယ်ကြောင့်ဆိုသော် ဟဇရတ်ဒါဝူးဒ် عليه السلام ကွယ်လွန်သေဆုံးချိန်၌ ၄င်း၏ သား (၁၉) ပါးရှိကြောင်း လာရှိထားသည်။ အကယ်၍ ဥစ္စာအမွေဟူ၍ အလိုသဘောကောက်ယူမည်ဆိုလျှင် သားတော်များအားလုံး အမွေဆက်ခံထိုက်သူများ ဖြစ်သွားပေမည်။ တစ်ဖန် အမွေဆက်ခံရာ၌ ဟဇရတ်စုလိုက်မာန် عليه السلام အား သီးသန့် အထူးပြုထားရန် အကြောင်းတစ်စုံတစ်ရာမျှ မကျန်ရှိပေ။ အထက်ပါရှင်းလင်းချက်မှ အမွေဆက်ခံခြင်း၏ အလိုသဘောသည် ညီအစ်ကိုများ ဖက်စပ်ပါဝင်ခြင်း မဟုတ်ဘဲ ဟဇရတ်စုလိုက်မာန် عليه السلام သာလျှင် အမွေဆက်ခံသူဖြစ်သောကြောင့် နဗီဖြစ်ခြင်းနှင့် ပညာအမွေသာ ဖြစ်နိုင်ကြောင်း အတည်ပြုထားပေသည်။ ထိုအမွေနှင့်အတူ အလ္လာဟ်အသျှင်မြတ်သည် ဟဇရတ်ဒါဝူးဒ် عليه السلام ၏ စိုးမိုးအုပ်ချုပ်မှုကိုလည်း ဟဇရတ်စုလိုက်မာန် عليه السلام အား ချီးမြှင့်ပေးသနားတော်မူလိုက်ပေသည်။ ထပ်ဆင့်သာပိုကာ ၄င်းအား 'ဂျင်နားသ်'များ၊ သားရဲတိရစ္ဆာန်များနှင့် ပျံသန်းသော သတ္တဝါများအပေါ်ထိတိုင် ကျယ်ပြန့်စွာ အုပ်ချုပ်စေ၍ လေကိုလည်း အစိုးရစေတော်မူထားပေသည်။ ယင်းအထောက်အထားများကို တင်ပြပြီးနောက် သွာဗ်ရစီး၏ ထိုဆင့်ပြန်ချက်မှားယွင်းကြောင်းကို သိရှိရပေသည်။ အကြင်ဆင့်ပြန်ချက်၌ ၄င်းသည် 'အဲဟ်လေ့ဗိုက်ယ်'၏ အချို့သော အောမာမ်များ၏ အကိုးအကားဖြင့် ဥစ္စာအမွေဖြစ်ကြောင်းကို အလိုသဘော ကောက်ယူထားပေသည်။

[ရှုးဟ်]

ဟဇရတ်စုလိုက်မာန် عليه السلام 'ဝဖားသ်'ကွယ်လွန်သေဆုံးသည့်အချိန်နှင့် ကျွန်ုပ်တို့၏ တမန်တော်မြတ် ﷺ မွေးဖွားချိန်တို့၏ ကြားကာလအချိန် အတိုင်းအတာသည် နှစ်ပေါင်း (၁၇၀၀) ကွာခြားပေသည်။ ယဟူဒီတို့သည် ဤကွာခြားကာလကို (၁၄၀၀) နှစ်ဟူ၍ ပြဆိုထားကြပေသည်။ ဟဇရတ်စုလိုက်မာန် عليه السلام ၏ သက်တော်သည် (၅၀) နှစ်ထက် သာလွန်ကျော်ပိုပေသည်။

[ကုရ်သုဗီး]

ဂုဏ်မောက်မာမှုမရှိဘဲ မိမိအဖို့ အများကိန်းသုံးပိုင်ခွင့် ရှိခြင်းအကြောင်း

عَلِّمْنَا مَنطِقَ الطَّيْرِ

ငါတို့သည် ငှက်တိရစ္ဆာန်တို့၏ ဘာသာစကားကို သင်ကြားပို့ချပေးခြင်းကို ခံခဲ့ကြရလေသည်။ ထို့ပြင် ငါတို့သည် အရာခပ်သိမ်းတို့ကို ချီးမြှင့်ပေးသနားတော်မူခြင်း ခံခဲ့ကြရပေသည်။ *[၂၇ : ၁၆]*

ဟဇရတ်စုလိုက်မာန် عليه السلام သည် တစ်ဦးတစ်ပါးတည်း ဖြစ်နေသည့် ကြားကတည်းကပင် မိမိ၏ အတွက်အများကိန်းကို ထီးသုံး၊ နန်းသုံး အသွင်မျိုးဖြင့် သုံးထားခြင်း ဖြစ်ပေသည်။ သို့မှသာ တိုင်းသူပြည်သားတို့အပေါ် ဂုဏ်ရှိန်၊ ဂုဏ်ဝါ ဖြစ်ပေါ်တည်ရှိနေစေရန်နှင့် ၄င်းတို့သည် အလ္လာဟ်အသျှင်မြတ်နှင့် နဗီစုလိုက်မာန်

ﷺ ၏အမိန့်ကို နာခံရာ၌ ပျင်းရိ၊ ပေါ့လျော့မှု မဖြစ်ရှိစေရန်ဖြစ်သည်။ ဤကဲ့သို့ပင် အာဏာရှင်၊ အကြီးအကဲ ခေါင်းဆောင်များအဖို့ မိမိတို့၏ လက်အောက်ငယ်သားများ တည်ရှိနေချိန်၌ မိမိတို့အဖို့ အများသုံးပုဒ်ကို အုပ်ချုပ်မှု နိုင်ငံရေးအရနှင့် အသျှင်မြတ် ချီးမြှင့်ထားသော 'နေ့အ်မသ်' (စည်းစိမ်တော်) ကို ထုတ်ဖော်လိုသည့် ဆန္ဒမျိုးဖြစ်ပြီး ဂုဏ်မောက်၊ ကြွားဝါလိုသော ဆန္ဒမျိုးများ မပါပါက အသုံးပြုပိုင်ခွင့်ရှိသည်။

ပျံသန်းသော သတ္တဝါများနှင့် ခြေလေးချောင်းတိရစ္ဆာန်များ၌ အသိဉာဏ်ရှိခြင်းအကြောင်း

အထက်ပါအာယသ်တော်ဖြစ်အင်မှ ပျံသန်းသော သတ္တဝါများ၊ ကျင်လည်ကျက်စားသော သတ္တဝါများနှင့် အခြားသော တိရစ္ဆာန်များအားလုံး၌ ရှိသင့်ရှိထိုက်သော အဆင့်အနေဖြင့် ဦးနှောက်၊ အသိဉာဏ်ရှိကြောင်းကို သိရှိရပေသည်။ သို့ရာတွင် တရားတော်၏ ပညတ်ချက်များ လိုက်နာနိုင်ရလောက်အောင်ရှိသော ဦးနှောက်၊ အသိဉာဏ်မျိုး မရှိပေ။ လူသားတို့နှင့် 'ဂျင်နားသ်'များကိုမူ 'အလ္လာဟ်အသျှင်မြတ်၏ ပညတ်ချက်တော်များကို နာခံရယူနိုင်စွမ်းနှင့် အကောင်အထည်ဖော်နိုင်စွမ်းရှိသော' ပြည့်ဝသည့် ဉာဏ်အရည်အချင်းကို ချီးမြှင့်ပေးထားပေသည်။ 'ခိုသည် ငှက်တိရစ္ဆာန်အပေါင်းတို့အတွင်း၌ အသိဉာဏ်အရှိဆုံးဖြစ်ကြောင်း' ကို အေမာမ်ရှာဖေအီသခင်ကြီးသည် အမိန့်ရှိထားပေသည်။ အိဗ်နေအသွီယားသခင်ကြီးသည် 'ပုရွက်ဆိတ်သည် ဉာဏ်အလွန်ထက်မြက်သော တိရစ္ဆာန်ဖြစ်ကြောင်း၊ ၎င်း၏ အာရုံ၊ အနံ့ခံစွမ်းအားသည် အလွန်စူးရှထက်မြက်ကြောင်း၊ မည်သည့်သေးငယ်သော အစေ့တစ်စေ့မဆို မိမိပိုင်ဆိုင်မှု အတွင်းသို့ ရောက်ရှိလာသည်ဆိုလျှင် အပင်ပေါက်မဖြစ်ပေါ်လာစေရန် နှစ်ခြမ်းခွဲလိုက်ကြောင်းနှင့် ဆောင်းရာသီကာလအဖို့ အစားအစာကို စုဆောင်းထားတတ်ကြောင်း' ကို မိန့်ဆိုထားပေသည်။ *[ကုရ်သုဗီး]*

အကျိုးထူး ။ ။ တင်ပြလျက်ရှိနေသော အာယသ်တော်အတွင်း၌ 'မန်းသွကုသ္သွိုင်းရ်' (ငှက်တိရစ္ဆာန်တို့၏ ဘာသာစကား) ကို သိနားလည်ကြောင်းကို ပျံသန်းသတ္တဝါတစ်မျိုးဖြစ်သည့် 'ဟုဒ်ဟုဒ်' ငှက်၏ ဖြစ်အင်ကို အကြောင်းပြု၍ တင်ပြထားခြင်း ဖြစ်သည်။ သို့တည်းမဟုတ်ပါက ဟဇရသ်စုလိုက်မာန် ﷺ သည် ပျံသန်းသော သတ္တဝါ၊ ကျင်လည်ကျက်စားသော သတ္တဝါနှင့် အခြားကျန်ရှိသော ပိုးမွှားတိရစ္ဆာန်များအားလုံးတို့၏ ဘာသာစကားကိုလည်း သိနားလည်ကာ သင်ပေးခြင်းခံထားရပေသည်။ ပမာဆိုရသော် တင်ပြလျက်ရှိသော အာယသ်တော်အတွင်း၌ ပုရွက်ဆိတ်၏ စကားကို သိနားလည်ကြောင်းကို တင်ပြထားပေသည်။ အေမာမ်ကုရ်သုဗီးသခင်ကြီးသည် မိမိ၏ အကျယ်ချဲ့ဖွင့်ဆိုသော ကျမ်းအတွင်း၌ ဤနေရာနှင့် စပ်လျဉ်း၍ 'တိရစ္ဆာန်များအားလုံး၏ ဘာသာဘာဝ ပြောဆိုမှုနှင့် ၎င်းတို့ မည်သည့်အချက်ကို ပြောဆိုနေကြောင်းကို ဟဇရသ်စုလိုက်မာန် ﷺ သခင်က အမိန့်ရှိသည့်အကြောင်း' တို့ကို တင်ပြထားပေသည်။ အနီးစပ်ဆုံးအားဖြင့် ငှက်တိရစ္ဆာန်တိုင်း၏ ပြောဆိုမှုသည် ဆိုဆုံးမမှုပြုသော ဝါကျတစ်ရပ်သာလျှင် ဖြစ်သည်။

وَأُوتِينَا مِن كُلِّ شَيْءٍ

ထို့ပြင် ငါတို့သည် အရာခပ်သိမ်းတို့ကို ချီးမြှင့်ပေးသနားတော်မူခြင်း ခံခဲ့ရသည်။ *[၂၇ : ၁၆]*

كُلٌّ 'ကုလ်'ဟူသော စကားလုံးသည် မူရင်းအဘိဓါန်ကို ထောက်ရှု၍ အရာမျိုးစုံကို လွှမ်းခြုံကာ ပါဝင်နေသည်။ သို့ရာတွင် များစွာသော အချိန်အခါမျိုး၌ ခြုံငုံလှစွာသော အလိုသဘောမျိုးကို မကောက်ယူဘဲ သီးသန့် ရည်ရွယ်ချက်၊ သတ်မှတ်ချက်၏ အတိုင်းအတာတစ်ရပ်အထိသာ အလိုသဘောကို ရယူထားပေသည်။ ပမာဆိုရသော် ဤနေရာ၌လည်း 'အရာခပ်သိမ်း'၏ အလိုသဘောသည် 'စိုးမိုးအုပ်ချုပ်မှုနှင့် စပ်လျဉ်း၍ လိုအပ်သော အရာများ'ကို ဆိုလိုထားခြင်း ဖြစ်ပေသည်။ သို့တည်းမဟုတ်က ၄င်းထဲတွင် 'လေယာဉ်၊ မော်တော်ကားနှင့် ရထား အစရှိသော ယာဉ်များ' မရှိကြောင်းမှာ ထင်ရှားလှပေသည်။

رَبِّ اَوْزِعْنِىٓ

အို၊ ကျွန်တော်မျိုးအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ ကျွန်တော်မျိုးအား အမြဲ ကျေးဇူးသိတတ်စေတော်မူပါ။ [၂၇ ː ၁၉]

اَوْزِعْ ဟူသော စကားလုံးသည် တားမြစ်ခြင်းဟူသော အဓိပ္ပာယ်ရရှိသော 'ဝဇ်အူးန်'ဟူသော စကားလုံးမှ ဆင်းသက်လာခြင်း ဖြစ်သည်။ အာယသ်တော်၏ အလိုသဘောမှာ ဤသို့တည်း။ 'ကျွန်တော်မျိုးအား မည်သည့်အချိန်အခါ တစ်ချိန်၌မဆို မေ့လျော့သွားခြင်းမဟုတ်။ ထာဝစဉ်အမြဲ အသျှင်မြတ်၏ ကျေးဇူးတော်များကို စောင့်သိတတ်သူအဖြစ် ပြုပေးတော်မူပါ။ အလိုသဘောမှာ 'ထာဝစဉ်၊ ထာဝရ၊ အမြဲတစေ' ဖြစ်သည်။ ၄င်းအာယသ်တော်၏အလျင် ရှေ့အာယသ် (၂၇ː၁၇) အတွင်း၌ فَهُمْ يُوزَعُونَ ဟူသော အာယသ်တော်၏ အဓိပ္ပာယ်သည်လည်း ထိုအဓိပ္ပာယ်ကိုသာလျှင် ဖော်ဆောင်လျက်ရှိနေပေသည်။ 'စစ်တပ်များပြားခြင်းကြောင့် ကစဉ့်ကလျား မဖြစ်သွားစေရန် တားမြစ်ထားခြင်း ဖြစ်သည်။'

وَاَنْ اَعْمَلَ صَالِحًا تَرْضٰهُ

ထို့ပြင် ကျွန်တော်မျိုးအား အသျှင်မြတ် နှစ်သက်တော်မူသော ကောင်းမြတ်သည့် အကျင့်သီလများကိုလည်း အမြဲကျင့်မှု ဆောက်တည်နိုင်စွမ်း ပေးသနားတော်မူပါ။ [၂၇ ː ၁၉]

ဤအာယသ်တော်အတွင်း၌ ပါရှိသော 'နှစ်သက်ခြင်း'ဟူသည် 'လက်ခံခြင်းခံရခြင်း'၏ အဓိပ္ပာယ်ကို ပေး၏။ အာယသ်တော်၏ အဓိပ္ပာယ်မှာ ဤသို့ဖြစ်သည်။ 'အို၊ အလ္လာဟ်အသျှင်မြတ်၊ ကျွန်တော်မျိုးအား အသျှင်မြတ်၏ ထံတော်ပါး၌ လက်ခံခြင်းခံရသော 'အမလ်'များ ပြုနိုင်စွမ်း ပေးသနားတော်မူပါ။'

ရဟုလ်မာအာနီကျမ်း၌ ဤအာယသ်တော်မြတ်ဖြင့် 'ကောင်းမြတ်သော 'အမလ်'များအတွက် လက်ခံခြင်းခံရရန်သည် အရေးမကြီးပေ။ သို့သာမက လက်ခံခြင်းခံရခြင်းသည် အချို့သော စည်းမျဉ်း၊ စည်းကမ်းများအပေါ်၌သာ မူတည်နေပေသည်။ ကောင်းမြတ်ကာ လက်ခံခြင်းခံရခြင်းနှင့် စပ်လျဉ်း၍ ဦးနှောက်အသိဉာဏ်အရသော်လည်းကောင်း၊ သာသနာတော်အရသော်လည်းကောင်း တစ်စုံတစ်ရာမျှ ပတ်သက်ဆက်နွယ်ခြင်း အရေးမကြီးကြောင်း' ဟူသော အချက်ကို အထောက်အထားဖြစ် ရယူထားသည်။ ထို့ကြောင့် နဗီတမန်တော်များ၏ ဓလေ့မှာ မိမိတို့ပြုကျင့်ကြသော ကောင်းမြတ်သော အကျင့်သီလများ လက်ခံတော်

မှုခြင်းခံရရန် ဒိုအာတောင်းဆိုလေ့ ရှိခဲ့ကြပေသည်။ ပမာဆိုရသော် ဟဇရေသ်အီဗ်ရာဟီးမ် عليه السلام နှင့် ဟဇရေသ် အီစ်မာအီးလ် عليه السلام တို့သည် ကအ်ဗာဟ်ကျောင်းတော်ကို ဆောက်လုပ်သောအချိန်၌ ဤသို့ ဆုပန်ခဲ့ပေသည်။

رَبَّنَا تَقَبَّلْ مِنَّا

အို၊ ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသော အသျှင်မြတ်၊ ကျွန်တော်မျိုးတို့ထံမှ ဤကောင်းမှုကို မိမိ၏ အနန္တ ကျေးဇူးတော်ဂုဏ်ဖြင့် သဘောတူ လက်ခံတော်မူပါ။ *[၂ : ၁၂၇]*

ယခု အထက်တင်ပြပါ အာယသ်တော်မှ 'ကောင်းမြတ်သော 'အမလ်'ကို ပြုကျင့်ပြီးရုံနှင့် သောကကင်းမဲ့စွာ နေရန် မသင့်။ ထိုကျင့်ကြံချက်ကို လက်ခံတော်မူရန် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် ဆုမွန်တောင်းရပေမည်' ဟူသော အချက်ကို သိရှိရပေသည်။

ကောင်းမြတ်သော 'အမလ်' (အကျင့်သီလ) နှင့် ၎င်း 'အမလ်'လက်ခံခြင်း ခံတော်မူထားရသည့် ကြားကပင် 'ဂျန္နသ်' သို့ ဝင်ရောက်ရန် အသျှင်မြတ်၏ အသနား၊ ကျေးဇူးတော်မပါဘဲနှင့် မဖြစ်နိုင်ကြောင်း

وَأَدْخِلْنِي بِرَحْمَتِكَ فِي عِبَادِكَ الصَّالِحِينَ

ထို့ပြင် အသျှင်မြတ်သည် ကျွန်တော်မျိုးအား မိမိ၏ ကရုဏာတော်ဖြင့် မိမိ၏ သူတော်ကောင်းကျွန်တို့တွင် ဝင်ရောက်ပါဝင်စေတော်မူပါ။ *[၂၇ : ၁၉]*

ကောင်းမြတ်သော အကျင့်သီလနှင့် ယင်း 'အမလ်'လက်ခံတော်မူခြင်း ခံနေရသည့် ကြားကတည်းကပင် 'ဂျန္နသ်'သို့ ဝင်ရောက်ရန်သည် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးအသနားတော်ဖြင့်သာ ဖြစ်ပေသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်မှာ 'အကြင်မည်သူတစ်ဦးတစ်ယောက်မဆို မိမိ၏ ကျင့်ကြံဆောင်ရွက်ချက်များကို အားကိုးကာ 'ဂျန္နသ်'သို့ ဝင်ရောက်ရလိမ့်မည်မဟုတ်ပေ။' 'အို၊ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်၊ ကိုယ်တော်မြတ်သည်လည်း ထိုအတိုင်းပါ၏လော' ဟူ၍ ဆွဟာဗာများက လျှောက်ထားရာ ကိုယ်တော်မြတ် ﷺ က 'ဟုတ်ပါ၏။ ငါကိုယ်တော်သည်လည်း ထိုအတိုင်းဖြစ်သည်။ သို့ရာတွင် ငါကိုယ်တော်အား ငါကိုယ်တော်၏ အသျှင်မြတ်၏ ကရုဏာတော်နှင့် ကျေးဇူးတရားတော်သည် ဝိုင်းရံထားပေသည်' ဟူ၍ ပြန်လည် မိန့်ကြားတော်မူလိုက်ပေသည်။ *[ရုဟုလ်မအာနီး]*

ဟဇရေသ်စုလိုက်မာန် عليه السلام ၏ ယင်းစကားလုံးတော်များအတွင်း၌လည်း 'ဂျန္နသ်'သို့ ဝင်ရောက်ရန်အတွက် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူး၊ အသနားတော်ကို ရှေးရှုကာ ဆုမွန်ဒိုအာပြုထားပေသည်။ ဆိုလိုသည်မှာ 'အို၊ အလ္လာဟ်အသျှင်မြတ်၊ ကျွန်တော်မျိုးအား 'ဂျန္နသ်'သုခဘုံသို့ ဝင်ထိုက်ရန် ကျေးဇူး၊ အသနားတော်ကို ချီးမြှင့်တော်မူပါ' ဟူ၍ ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَتَفَقَّدَ الطَّيْرَ فَقَالَ مَا لِيَ لَآ أَرَى الْهُدْهُدَ ۖ أَمْ كَانَ مِنَ الْغَآئِبِينَ ﴿٢٠﴾

၂၇ : ၂၀ ။ ။ ထို့ပြင် ၎င်း (တမန်တော်စုလိုက်မာန်) သည် ငှက်တိရစ္ဆာန်တို့ကို စစ်ဆေးခဲ့ရာ (ဤသို့) ပြောကြားခဲ့၏။ ငါသည် မည်သည့်အတွက်ကြောင့် ဘီးတောင်ပို့ငှက်ကို မမြင်ရပါသနည်း။ သို့တည်းမဟုတ် ၎င်း (ငှက်) သည် ပျောက်ကွယ်နေသလော။

لَأُعَذِّبَنَّهُ عَذَابًا شَدِيدًا أَوْ لَأَاذْبَحَنَّهُ أَوْ لَيَأْتِيَنِّي بِسُلْطَانٍ مُّبِينٍ ﴿٢١﴾

၂၇ : ၂၁ ။ ။ ဧကန်မလွဲ ငါသည် အမှန်ပင် ၎င်းအား ပြင်းထန်စွာ ပြစ်ဒဏ်ပေးမည်။ သို့မဟုတ် မုချဧကန် ငါသည် ၎င်းအား လှီးဖြတ်မည်။ သို့မဟုတ် ၎င်းသည် ငါ၏ထံသို့ ထင်ရှား (လုံလောက်) သော သက်သေအထောက်အထားကို ယူဆောင်လာရပေမည်။

فَمَكَثَ غَيْرَ بَعِيدٍ فَقَالَ أَحَطتُّ بِمَا لَمْ تُحِطْ بِهِ وَجِئْتُكَ مِن سَبَإٍ بِنَبَإٍ يَقِينٍ ﴿٢٢﴾

၂၇ : ၂၂ ။ ။ ထို့နောက် မကြာမီပင် ထိုဘီးတောင်ပို့ငှက်သည် လာရောက်လျှောက်ထားလေ၏။ 'ကျွန်တော်မျိုးသည် ကိုယ်တော်မသိသော အကြောင်းကို သိခဲ့ပါသည်။ ၎င်းပြင် ကျွန်တော်မျိုးသည် ကိုယ်တော်၏ထံသို့ ရှိဗာ (နိုင်ငံ) နှင့် စပ်လျဉ်း၍ မှန်ကန်သော သတင်းတစ်ခုကို ဆောင်ကြဉ်းခဲ့ပါသည်။' [ရှိဗာအစိုးရ၏ ဗဟိုဌာနသည် အာရေဗျပြည်၊ တောင်စွန်းဖြစ်သော ယမန်ပြည်၏ အရှေ့ဘက်တွင် တည်ရှိခဲ့သည်။ မြို့တော်မှာ မအာရိဗ်ဖြစ်၍ ၎င်းကို 'ရှိဗာ'မြို့ဟူ၍လည်း ခေါ်ဝေါ်ခဲ့ကြသည်။ ၎င်းရှိဗာဘုရင်မ၏ အမည်မှာ 'ဗိလ်ကီစ်' ဖြစ်သည်ဟူ၍ ဆိုသည်။]

إِنِّي وَجَدتُّ امْرَأَةً تَمْلِكُهُمْ وَأُوتِيَتْ مِن كُلِّ شَيْءٍ وَلَهَا عَرْشٌ عَظِيمٌ ﴿٢٣﴾

၂၇ : ၂၃ ။ ။ 'ဧကန်အမှန် ကျွန်တော်မျိုးသည် ယင်း (ရှိဗာနိုင်ငံ) တွင် စိုးမိုးအုပ်ချုပ်လျက်ရှိသော မိန်းမတစ်ဦးအား တွေ့ခဲ့ရပါသည်။ မိန်းမမှာ အရာခပ်သိမ်းတို့ကို ချီးမြှင့်ပေးသနားခြင်း ခံရသည့်အပြင်၊ ၎င်း၌ ကြီးကျယ်ခမ်းနားသော ရာဇပလ္လင်တစ်ခုလည်း ရှိပါသည်။

وَجَدتُّهَا وَقَوْمَهَا يَسْجُدُونَ لِلشَّمْسِ مِن دُونِ اللَّهِ وَزَيَّنَ لَهُمُ الشَّيْطَانُ أَعْمَالَهُمْ
فَصَدَّهُمْ عَنِ السَّبِيلِ فَهُمْ لَا يَهْتَدُونَ ﴿٢٤﴾

၂၇ : ၂၄ ။ ။ ကျွန်တော်မျိုးသည် ၎င်းမိန်းမနှင့် ၎င်း၏ အမျိုးသားတို့အား အလ္လာဟ်အသျှင်မြတ်အား စွန့်၍ နေကို ပျပ်ဝပ်ဦးချ ကိုးကွယ်ဆည်းကပ်) နေကြသည်ကို တွေ့ခဲ့ရပါသည်။ စင်စစ် ရှိုက်သွာန်သည် ၎င်းတို့၏ ပြုမူချက်များကို ၎င်းတို့၏ အမြင်၌ တင့်တယ်အောင် ပြုလုပ်၍ ထားပါသည်။ တစ်ဖန် ၎င်း (ရှိုက်သွာန်) သည် ၎င်းတို့အား (မှန်ကန်သော) တရားလမ်းမှ ပိတ်ပင်တားဆီး၍ ထားခဲ့ရာ၊ ၎င်းတို့သည် တရားလမ်းမှန်ကို မရရှိနိုင်ကြပါ။

أَلَّا يَسْجُدُوا لِلَّهِ الَّذِي يُخْرِجُ الْخَبْءَ
فِي السَّمَاوَاتِ وَالْأَرْضِ وَيَعْلَمُ مَا تُخْفُونَ وَمَا تُعْلِنُونَ ﴿٢٥﴾

၂၇ : ၂၅ ။ ။ ထို့ကြောင့် သူတို့သည် အကြင်အလ္လာဟ်အသျှင်မြတ်အား ပျပ်ဝပ်ဦးချ (ဆည်းကပ်ကိုးကွယ်) ကြခြင်း မရှိပါ။ ထိုအသျှင်မြတ်သည် မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ဖုံးကွယ်လျက်ရှိသည်တို့ကို ထုတ်ဖော်ပြတော်မူမည်။ ၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့ လျှို့ဝှက်ကြကုန်သော ကိစ္စများကိုလည်းကောင်း၊ အသင်တို့ ထင်ရှားစေကြကုန်သော ကိစ္စများ ကိုလည်းကောင်း (အလုံးစုံတို့ကို) သိရှိတော်မူ၏။

اللَّهُ لَا إِلَٰهَ إِلَّا هُوَ رَبُّ الْعَرْشِ الْعَظِيمِ ۩ ﴿٢٦﴾

၂၇ : ၂၆ ။ ။ အလ္လာဟ်အသျှင်မြတ်သည် (အကြင်အသျှင်မြတ်ပင် ဖြစ်၏။) ထိုအသျှင်မြတ်မှတစ်ပါး (အခြား) ခဝပ် ကိုးကွယ်ရာ အသျှင်ဟူ၍ အလျှဉ်းမရှိပြီ။ (ထိုအသျှင်မြတ်သည်) ကြီးကျယ်ခမ်းနား မြင့်မြတ်လှစွာသော 'အရ်ရှ်'ပလ္လင်တော် ကို စိုးပိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

قَالَ سَنَنظُرُ أَصَدَقْتَ أَمْ كُنتَ مِنَ الْكَاذِبِينَ ﴿٢٧﴾

၂၇ : ၂၇ ။ ။ ၎င်း (တမန်တော် စုလိုက်မာန်) က 'အသင် (ငှက်) သည် အမှန်ကို လျှောက်ထားပြောဆိုခဲ့လေသလော။ သို့တည်းမဟုတ် အသင်သည် မုသဝါဒီတို့အနက် ပါဝင်လေသလော'ဟု ယခုပင် ငါကြည့်ရှုမည်။

اذْهَب بِّكِتَابِي هَٰذَا فَأَلْقِهْ إِلَيْهِمْ ثُمَّ تَوَلَّ عَنْهُمْ فَانظُرْ مَاذَا يَرْجِعُونَ ﴿٢٨﴾

၂၇ : ၂၈ ။ ။ 'အသင် (ငှက်) သည် ငါ၏ ဤစာကို ယူဆောင်၍ သွားလော။ ထို့နောက် အသင်သည် ဤစာကို ၎င်းတို့ထံ ချ၍ ပေးပြီးလျှင် ၎င်းတို့အပါးမှ (အနည်းငယ်) ဘေးဖယ်၍ နေလော။ တစ်ဖန် အသင်သည် ၎င်းတို့ မည်သို့ အကြောင်းပြန်ကြသည်ကို ကြည့်ရှုလော'ဟု ပြောကြားလေ၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(တစ်ရံရောအခါဝယ် ဤဖြစ်အင် ဖြစ်ပေါ်ခဲ့သည်။) ထို့ပြင် ၎င်း (တမန်တော်စုလိုက်မာန် عليه السلام) သည် ငှက်တိရစ္ဆာန်တို့ကို စစ်ဆေးခဲ့ရာ (ဘီးတောင်ပို့ငှက်ကို မမြင်ရသောကြောင့် ဤသို့) ပြောကြား ခဲ့၏။ ငါသည် မည်သည့်အတွက်ကြောင့် ဘီးတောင်ပို့ငှက်ကို မမြင်ရပါသနည်း။ သို့တည်းမဟုတ် ၎င်း (ငှက်) သည် ပျောက်ကွယ်နေသလော။

(အမှန်တကယ် ပျောက်ကွယ်နေကြောင်းကို သိရှိရသောအခါ ဤသို့ မိန့်တော်မူသည်။) ကေန်မလွဲ ငါသည် အမှန်ပင် ၎င်းအား (၎င်းမရှိသည့်အတွက်ကြောင့်) ပြင်းထန်စွာ ပြစ်ဒဏ်ပေးမည်။ သို့မဟုတ် မုချကေန် ငါသည် ၎င်းအား လှီးဖြတ်မည်။ သို့မဟုတ် ၎င်းသည် ငါ့ထံသို့ (ပျောက်ကွယ်နေခြင်း၏)

ထင်ရှား (လုံလောက်) သော သက်သေ (အကြောင်းပြချက်) အထောက်အထားကို ယူဆောင်လာရပေမည်။ (သို့ဆိုလျှင် ၎င်းအား ပြစ်ဒဏ်ပေးခြင်းမှ ချမ်းသာခွင့်ပေးလိုက်ပေမည်။)

ထို့နောက် မကြာမီပင် ထိုဘီးတောင်ပို့ငှက်သည် လာရောက်လျှောက်ထားလေ၏။ ကျွန်တော်မျိုးသည် ကိုယ်တော်မသိသော အကြောင်းကို သိခဲ့ပါသည်။ ၎င်းပြင် (အကျဉ်းချုပ်အကြောင်းမှာ) ကျွန်တော်မျိုးသည် ကိုယ်တော်၏ထံသို့ 'ရှီဗား' (နိုင်ငံ) နှင့် စပ်လျဉ်း၍ မှန်ကန်သော သတင်းတစ်ခုကို ဆောင်ကြဉ်းခဲ့ပါသည်။ (ရှီဗားအစိုးရ၏ ဗဟိုဌာနသည် အာရေဗျပြည် တောင်စွန်းဖြစ်သော ယမန်ပြည်၏ အရှေ့ဘက်တွင် တည်ရှိခဲ့သည်။ မြို့တော်မှာ မအာရိဗ်ဖြစ်၍ ၎င်းကို 'ရှီဗား'မြို့ဟူ၍လည်း ခေါ်ဝေါ်ခဲ့ကြသည်။ ၎င်းရှီဗားဘုရင်မ၏ အမည်မှာ 'ဗီလ်ကီးစ်'ဖြစ်သည်ဟူ၍ ဆိုသည်။ အကျယ်ချဲ့အကြောင်းမှာ ဤသို့ပင်ဖြစ်သည်။)

ဧကန်အမှန် ကျွန်တော်မျိုးသည် ယင်း (ရှီဗားနိုင်ငံ) တွင် စိုးမိုးအုပ်ချုပ်လျက်ရှိသော မိန်းမတစ်ဦးအား တွေ့ခဲ့ရပါသည်။ ထိုမိန်းမမှာ (စိုးမိုးအုပ်ချုပ်မှုဆိုင်ရာ အရေးကြီးသော အရာများထဲမှ) အရာခပ်သိမ်းတို့ကို ချီးမြှင့်ပေးသနားခြင်းခံရသည့်အပြင် ၎င်း၌ ကြီးကျယ်ခမ်းနားသော ရာဇပလ္လင်တစ်ခုလည်း ရှိပါသည်။

(၎င်းတို့၏ ဘာသာရေးဆိုင်ရာ မူဝါဒမှာ) ကျွန်တော်မျိုးသည် ၎င်းမိန်းမနှင့် ၎င်း၏ အမျိုးသားတို့အား အလ္လာဟ်အသျှင်မြတ်အား (ခဝပ်ကိုးကွယ်ခြင်းကို) စွန့်၍ 'နေ'ကို ပျပ်ဝပ်ဦးချ (ကိုးကွယ်ဆည်းကပ်နေကြသည်ကို တွေ့ခဲ့ရပါသည်။ စင်စစ် ရှိုက်သွာန်သည် ၎င်းတို့၏ (ထိုကုဖ္ဖရ်ဖြစ်ခြင်း၏) ပြုမူချက်များကို ၎င်းတို့၏ အမြင်၌ လှပတင့်တယ်အောင် ပြုလုပ်ထားပါသည်။ (ထိုအပြုအမူဆိုးများကို တင့်တယ်အောင် ပြုလိုက်ခြင်း၏ အကြောင်းခံကြောင့်) တစ်ဖန် ၎င်း (ရှိုက်သွာန်) သည် ၎င်းတို့အား (မှန်ကန်သော) တရားလမ်းမှ ပိတ်ပင်တားဆီး၍ ထားခဲ့ရာ ၎င်းတို့သည် တရားလမ်းမှန်ကို မရရှိနိုင်ကြပါ။

ထို့ကြောင့် သူတို့သည် အကြင်အလ္လာဟ်အသျှင်မြတ်အား ပျပ်ဝပ်ဦးချ (ဆည်းကပ်၊ ကိုးကွယ်) ကြခြင်း မရှိပါ။ ထိုအသျှင်မြတ်သည် (ဤမျှခန့် စွမ်းနိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူရာ) မိုးကောင်းကင်များနှင့် ပထဝီမြေ၌ (မိုးရေနှင့် မြေထွက်အပင်များ) ဖုံးကွယ်လျက်ရှိသည်တို့ကို ထုတ်ဖော်ပြတော်မူမည်။ ၎င်းပြင် ထိုအသျှင်မြတ်သည် (ဤမျှခန့် သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်မှာ ခပ်သိမ်းကုန်သော အဖန်ဆင်းခံများ အပါအဝင်) အသင်တို့ (နှလုံးသားများအတွင်း၌) လျှို့ဝှက်ကြကုန်သော ကိစ္စများကိုလည်းကောင်း၊ (နှုတ်လျှာနှင့် ကိုယ်ခန္ဓာအစိတ်အပိုင်းတို့ဖြင့်) အသင်တို့ ထင်ရှားစေကုန်ကြသော ကိစ္စများကိုလည်းကောင်း (အလုံးစုံတို့ကို) သိရှိတော်မူ၏။

(ထို့ကြောင့်) အလ္လာဟ်အသျှင်မြတ်သည် (အကြင်အသျှင်မြတ်ပင် ဖြစ်တော်မူ၏။) ထိုအသျှင်မြတ်မှတစ်ပါး (အခြား) ခဝပ်ကိုးကွယ်ရာအသျှင်ဟူ၍လည်း အလျဉ်းမရှိပြီ။ (ထိုအသျှင်မြတ်သည်) ကြီးကျယ်ခမ်းနားမြင့်မြတ်လှစွာသော 'အရ်ရှ်'ပလ္လင်တော်ကို စိုးပိုင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

၎င်း (တမန်တော်စုလိုက်မာန်) က (ထိုငှက်၏ တင်ပြချက်ကို ကြားနာကာ) 'အသင်သည် အမှန်ကို လျှောက်ထားပြောဆိုခဲ့လေသလော။ သို့တည်းမဟုတ် အသင်သည် မုသာဝါဒီတို့အနက် ပါဝင်သေလေသလောဟု ယခုပင် ငါကြည့်ရှုမည်။'

'အသင်ငှက်သည် ငါ၏ ဤစာကို ယူဆောင်၍သွားလော့။ ထို့နောက် အသင်သည် ဤစာကို ၎င်းတို့ထံ ချ၍ ပေးပြီးလျှင် ၎င်းတို့အပါးမှ (အနည်းငယ်) ဘေးဖယ်နေလော့။ တစ်ဖန် အသင်သည် ၎င်းတို့ မည်သို့ အကြောင်းပြန်ကြသည်ကို ကြည့်ရှုလော့'ဟု ပြောကြားလေ၏။ (တစ်ဖန် အသင်သည် ထိုနေရာမှ လှည့်ပြန်၍ ပြန်လာကုန်။ ၎င်းတို့ ပြုလုပ်ကြကုန်သော ဆောင်ရွက်ချက်များကို ကြည့်ကာ အသင် မှန်ကန်ခြင်း၊ မမှန်ကန်ခြင်းကို သိရှိရပေလိမ့်မည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وَتَفَقَّدَ الطَّيْرَ

(ထို့ပြင် ၎င်းတမန်တော်စုလိုက်မာန်သည် ငှက်တိရစ္ဆာန်တို့ကို စစ်ဆေးခဲ့ရာ။) *[၂၇ : ၂၀]*

'သဖပ်က်ကုဒ်'၏ အဓိပ္ပာယ်သည် အစုအဝေးတစ်ရပ်နှင့် စပ်လျဉ်း၍ အသင့်ရှိခြင်း၊ မရှိခြင်းတို့အား စီစစ်မှုပြုခြင်းဟူ၍ ရ၏။ ထို့ကြောင့် ယင်းစကားလုံးအား 'စစ်ဆေး၊ စောင့်ကြပ်ခြင်း'ဟူ၍ ဘာသာပြန်ဆိုထားပေသည်။ ဟဇရသ်စုလိုက်မာန် ﷺ ကို အလ္လာဟ်အသျှင်မြတ်သည် လူသားများအပြင် 'ဂျင်နားသ်' များ၊ သားရဲတိရစ္ဆာန်များနှင့် ငှက်သတ္တဝါများအပေါ်မှာပင်အုပ်ချုပ်မှု ချီးမြှင့်ပေးထားပေသည်။ အုပ်ချုပ်မှုပိုင်းဆိုင်ရာ၏ အဓိကအခြေအမြစ်ဖြစ်သော အောက်လက်ငယ်သား၊ တိုင်းသူပြည်သားတို့၏ အလွှာအသီးသီးအား စစ်ဆေးကြည့်ရှုခြင်းသည် အကြီးအကဲတို့၏ အဓိကတာဝန်ဝတ္တရားများထဲမှ ဖြစ်ပေသည်။ ယင်းအချက်နှင့်အညီ ဤအာယသ်တော်အတွင်း၌ ထည့်သွင်းမိန့်မြွက်ထားခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ ဟဇရသ်စုလိုက်မာန် ﷺ သည် မိမိ၏ အုပ်ချုပ်မှုအတွင်း၌ ရှိသော ငှက်တိရစ္ဆာန်များကို 'မည်သည့်ငှက်ရှိသည်၊ မရှိသည်'ကို ကြည့်ရှုပေသည်။ တမန်တော်မြတ် ﷺ ၏ ဓလေ့မွန်သည်လည်း ဤသို့ ဖြစ်သည်။ ဆွဟာဗာများ၏ အခြေအနေကို အစဉ်မပြတ် ထောက်လှမ်းနေခြင်းအား အထူးဂရုပြုစွာဖြင့် ကြည့်ရှုတော်မူပေသည်။ အကယ်၍ တစ်ဦးတစ်ယောက်သည် နာမကျန်းဖြစ်၍ မရောက်ရှိလာပါက လူမမာအား မေးမြန်းကြည့်ရှုရန်အတွက် ကြွမြန်းသွားတော်မူလေ့ ရှိပေသည်။ ဘေးဒုက္ခတစ်စုံတစ်ရာနှင့် ရင်ဆိုင်နေရမှု ပြေလည်စေရန်အတွက် စီမံမှုကို ပြုပေးတော်မူလေ့ ရှိသည်။

အာဏာပိုင်အကြီးအကဲများသည် မိမိ၏ တိုင်းသူပြည်သားများအား၊ သူတော်စင်ရှိက်ခ်ပီးရ်တို့သည် မိမိတို့၏တပည့်များနှင့် မုရီးဒ်များ၏ သတင်းကို စုံစမ်းရန် အရေးကြီးခြင်းအကြောင်း

တင်ပြလျက်ရှိနေသော အာယသ်တော်မှ 'ဟဇရသ်စုလိုက်မာန် ﷺ သည် မိမိ၏ အုပ်ချုပ်မှုအတွင်းအောက်၌ရှိသော အတန်းစားအားလုံးအပေါ် တစ်စိုက်မတ်မတ်နှင့် ၎င်းတို့၏ အခြေအနေများကို 'ငှက်သတ္တဝါများအားလုံး၌ သေးငယ်၊ ချည့်နဲ့ကာ အခြားသော ငှက်များနှင့် နှိုင်းယှဉ်လျှင် အရေးအတွက်အား

ဖြင့်လည်း နည်းပါးသော ဘီးတောင်ပို့ငှက်ပင် ၎င်း၏ အရှုအောက်မှ ပျောက်ကွယ်၍ မရသည်ထိတိုင် သတင်းများကို ရယူလျက် ရှိကြောင်း' ကို အတည်ပြုနိုင်ပေသည်။ သို့သာမက အထူးသဖြင့် ဘီးတောင်ပို့ ငှက်ကို ရွေးကာ မေးမြန်းတော်မူရခြင်းအကြောင်းမှာ 'ထိုငှက်မှာ ငှက်တိရစ္ဆာန် အုပ်စုအတွင်း၌ အရေ အတွက်နည်းကာ အားအင်ချည့်နဲ့သည့်အတွက်ကြောင့် မိမိ၏ အုပ်ချုပ်မှုအောက်၌ရှိသော အားအင်ချည့်နဲ့ သူတို့အပေါ် သာပို အလေးထားခြင်း' ကြောင့် ဖြစ်နိုင်ပေသည်။

ဆွဟာဗာကြီးများအတွင်း၌ ဟဇရတ်အုမရ် ﷺ သခင်ကြီးသည် မိမိစိုးမိုးအုပ်ချုပ်သော ခေတ်ကာလ ၌ တိုတာမန်တော်နဗီများ၏ ဓလေ့ကို ပြည့်ဝစွာ အကောင်အထည်ဖော် ပြသခဲ့ပေသည်။ ညများ၌ မဒီနာ မြို့တော်၏ လမ်းများအတွင်းဝယ် လှည့်လည်နေပေသည်။ အကြောင်းမှာ အားလုံးသောသူတို့၏ အခြေ အနေများကို သိရှိရန် ဖြစ်ပေသည်။ ဒုက္ခရောက်ရှိနေသူများကို တွေ့မြင်သိရှိပါက အကူအညီပေးတော်မူ လေ့ ရှိပေသည်။ အကြင်သူနှင့် စပ်လျဉ်း၍ များစွာသော ဖြစ်အင်များသည် ၎င်း၏ အတ္ထုပ္ပတ္တိကျမ်း များ၌ တွေ့မြင်နိုင်ပေသည်။ ၎င်းသည် 'အကယ်၍ 'ဖုရားသ်'မြစ်၏ ကမ်းစပ်၌ ဝံပုလွေတစ်ကောင်သည် ဆိတ်တစ်ကောင်ကို ကိုက်ဖြတ်လိုက်သည်ဆိုလျှင်လည်း ယင်းအချက်နှင့် စပ်လျဉ်း၍ အုမရ်အား မေးပေ လိမ့်မည်'ဟူ၍ မိန့်တော်မူလေ့ရှိသည်။ *[ကုရ်သုဗီး]*

ဤသည် နဗီတမန်တော်များအနေနှင့် လူတို့အား သင်ကြားပို့ချခဲ့သော ဖွံ့ဖြိုးတည်ထောင်ရေးနှင့် အုပ်ချုပ်ရေးပင် ဖြစ်သည်။ ဆွဟာဗာကြီးများသည် ယင်းအချက်ကို အကောင်အထည်ဖော် လက်တွေ့ ပြသခဲ့သည်။ အကြင်ကဲ့သို့ ပြသလိုက်ခြင်း၏ အကျိုးဆက်တရား၌ အားလုံးသော မွတ်စ္စလင်မ်ဟုတ် သည့်၊ မဟုတ်သည့် ပြည်သူများသည် ငြိမ်းချမ်းသာယာစွာဖြင့် ဘဝ၏ ရှင်သန်ရပ်တည်မှုကို ပြုခဲ့ကြ သည်။ ၎င်းတို့ မရှိပြီးနောက် မိုးကောင်းကင်နှင့် မြေပထဝီသည် ဤသို့ သမာသမတ်ကျမှုနှင့် ကမ္ဘာ့ ငြိမ်းချမ်းရေး၏ မြင်ကွင်းကို မမြင်တွေ့ခဲ့ရတော့ပေ။

مَالِيَ لَا اَرَى الْهُدْ هُدَ اَمْ كَانَ مِنَ الْغَا ئِبِيْنَ

ငါသည် မည်သည့်အတွက်ကြောင့် ဘီးတောင်ပို့ငှက်ကို မမြင်ရပါသနည်း။ သို့တည်းမဟုတ် ၎င်း ငှက်သည် ပျောက်ကွယ်နေသလော။ *[၂၇ : ၂၀]*

မိမိ၏ 'နပ်ဖ်' (စိတ်) အား စမ်းစစ်မှုပြုရမည့်အကြောင်း

ဤနေရာ၌ မိန့်မြွက်ရန်မှာ 'ဘီးတောင်ပို့ငှက်သည် မည်သို့ဖြစ်ရှိနေပေသနည်း။ ၎င်းသည် ငှက်အုပ် အတွင်း၌ ပျောက်ကွယ်နေပေသည်'ဟူ၍ ဖြစ်သည်။ ခေါင်းစီးတင်ပြချက်ကို ပြောင်းလဲ၍ မိန့်တော်မူ ခြင်းမှာ 'ဘီးတောင်ပို့ငှက်နှင့် အခြားကျန်ရှိသော ငှက်တိရစ္ဆာန်အပေါင်းတို့အား အုပ်ချုပ်နိုင်ခြင်းမှာ အလ္လာဟ် အသျှင်မြတ်၏ သီးသန့်ချီးမြှင့်မှုတစ်ရပ် ဖြစ်သည်'ဟူသော အချက်ကြောင့် ဖြစ်တန်ကောင်းရာသည်။

ဘီးတောင်ပို့ငှက် ကွယ်ပျောက်နေခြင်းအပေါ် ဦးစွာပထမ မိမိ၏ စိတ်နှလုံးသားအတွင်း၀ယ် 'မိမိ၏ မှားယွင်းမှု တစ်ရပ်ရပ်ကြောင့် ဘီးတောင်ပို့ငှက် အမျိုးအစားတစ်ရပ်၏ စည်းစိမ်တော်ကို အသျှင်မြတ် ရုပ်သိမ်းတော်မူလိုက်ပြီ' ဟူသော ကြောက်ရွံ့မှု ပေါ်ပေါက်လာပေသည်။ ထို့ကြောင့် မိမိ၏ 'နဖ်စ်' (စိတ်) အား 'ဤကဲ့သို့ အဘယ်ကြောင့် ဖြစ်ပေါ်သည်ကို' မေးမြန်းလိုက်ခြင်းပင် ဖြစ်သည်။ ပမာဆိုရသော် သူတော်စင်အကြီးအကဲများ၏ လုပ်ရိုးလုပ်စဉ် ဖြစ်သည်။ ၎င်းတို့သည် 'နေ့အ်မသ်'စည်းစိမ်တော်တစ်ရပ်၌ လျော့နည်းလာလျှင်သော်လည်းကောင်း၊ သို့မဟုတ် ဘေးဒုက္ခတစ်စုံတစ်ရာနှင့် ရင်ဆိုင်လာရလျှင်သော်လည်းကောင်း၊ ထိုအချက်များ ကင်းဝေးစေရန်အတွက် ရုပ်ဝတ္ထုပစ္စည်းဖြစ်သော အပေါ်ယံအကြောင်းခံများ၏ ဘက်သို့ အာရုံမစူးစိုက်မီအလျင် မိမိတို့၏ 'နဖ်စ်'အား စမ်းစစ်မှုကို ပြုသည်။ စမ်းစစ်ပုံမှာ 'ကျွန်ုပ်တို့ထံမှ အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတရားအား သိတတ်ခြင်းနှင့် စပ်လျဉ်း၍ မည်သည့်အားနည်းချက် ဖြစ်ပေါ်ခဲ့သနည်း။ အကြင်အားနည်းချက်ကြောင့် ဤစည်းစိမ်တော်သည် ကျွန်ုပ်တို့ထံမှ ရုပ်သိမ်းခြင်းခံလိုက်ရသည်' ဟူ၍ ဖြစ်သည်။ အေမာမ်ကုရ်သုဗီးသခင်ကြီးသည် ဤနေရာ၌ အိဗ်နေအာရဗီသခင်ကြီး၏ အကိုးအကားဖြင့် ထိုသူတော်စင်ကြီးများ၏ ဤအခြေအနေကို ဆင့်ပြန်ထားပေသည်။

إِذَا فَقَدُوْا مَا لَهُمْ تَفَقَّدُوْا اعمَا لَهُمْ

ဆိုလိုသည်မှာ ယင်းသူတော်စင် အကြီးအကဲများသည် မိမိတို့၏ ရည်မှန်းချက် မအောင်မြင်ကြလျှင် 'ကျွန်ုပ်တို့ မည်သည့်အမှားကို ကျူးလွန်မိကြောင်း' ဟူ၍ မိမိတို့၏ ပြုမူဆောင်ရွက်ချက်များကို ပြန်လည် စမ်းစစ်လေ့ ရှိကြပေသည်။

ထိုသို့ ဦးစွာပထမ မိမိ၏ 'နဖ်စ်' (စိတ်) ကို စမ်းစစ်ကာ တွေးခေါ်ပြီးနောက် မိန့်တော်မူသည်။

اَمْ كَانَ مِنَ الْغَا ئِبِيْنَ

သို့တည်းမဟုတ် ၎င်းငှက်သည် ပျောက်ကွယ်နေသလော။ *[၂၇ : ၂၀]*

ဟူသော ဤအာယသ်တော်အတွင်း ပါရှိသည့် اَمْ (သို့တည်းမဟုတ်) ၏ အဓိပ္ပာယ်သည် بَلْ (သို့သာမက) ဟူ၍ ဖြစ်သည်။ *[ကုရ်သုဗီး]*

အာယသ်တော်၏ အဓိပ္ပာယ်မှာ 'ဘီးတောင်ပို့ငှက်ကို ကြည့်ရှုရာ၌ ကျွန်ုပ်၏ အရှုအမြင် မှားယွင်းခြင်း မဟုတ်။ သို့သာမက ထိုငှက်သည် အသင့်ရှိ၍ မနေပေ' ဟူ၍ ဖြစ်သည်။

ငှက်သတ္တဝါများအတွင်း၌ ဘီးတောင်ပို့ငှက်အား အထူးပြုထားခြင်း၏ အကြောင်းတစ်ရပ်နှင့် အရေးပါသော သံဝေဂတစ်ရပ်

ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်အဗ္ဗားစ်သခင်ကြီးအား 'ငှက်သတ္တဝါများအတွင်း၌ ဘီးတောင်ပို့ငှက်အား ရှာဖွေခိုင်းခြင်း၏ အကြောင်းသည် မည်သို့နည်း' ဟူ၍ မေးမြန်းလာရာ သခင်ကြီးက 'ဟဇရသ်စုလိုက်မာန်

ﷺ သည် ရေမရှိသော နေရာတစ်ခုအပေါ်သို့ ဆင်းသက်လိုက်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ဘီးတောင်ပို့ငှက်အား 'မြေကြီးအတွင်းရှိ အရာများနှင့် စီးတွေနေသော ရေကြော၊ ရေဆူပေါက်များကို မြင်တွေ့နိုင်စွမ်းရှိခြင်း' ၏ အကျိုးထူး ဝိသေသအချက်ကို ချီးမြှင့်ပေးထားပေသည်။ ဟဇရသ်စုလိုက်မာန် ﷺ ၏ အဓိကရည်ရွယ်ချက်သည် ဘီးတောင်ပို့ငှက်ထံမှ 'ဤကွင်းပြင်၌ ရေအနက်မည်မျှ အတိုင်းအတာ ခန့်အထိ ရှိပေသနည်း' ဟူသော အချက်ကို မေးမြန်းသိလိုရန် ဖြစ်သည်။ ဘီးတောင်ပို့ငှက် နေရာပြသ သတ်မှတ်ပေးပြီးသည့်နောက် ၄င်းတမန်တော်သည် 'ဂျင်နားသ်' များကို 'ထိုမြေကြီးကို တူး၍ ရေကို ထုတ်ယူကုန်' ဟူ၍ အမိန့်ပေးပေသည်။ ၄င်း 'ဂျင်နားသ်' တို့သည် ရေကို လျင်မြန်စွာ ထုတ်ယူပေးကြပေ သည်' ဟူ၍ ဖြေကြားလိုက်သည်။

ဘီးတောင်ပို့ငှက်သည် အမြင်စူးရှခြင်းနှင့် နလုံးအမြင် ထက်သန်သည့် ကြားကပင် ပိုက်ကွန် အတွင်း မိသွားတတ်ပေသည်။ ထိုအချက်နှင့် စပ်လျဉ်း၍ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးက

قف یاوقاف کیف یری الهد هد باطن الارض وهولایری الفخ حین یقع فیه

သိနားလည်သောသူများသည် ထိုဇစ်မြစ်အချက်ကို သိနားလည်ကြကုန်။ ဘီးတောင်ပို့ငှက်သည် မြေကြီးအတွင်းရှိ အရာများကို တွေ့မြင်ပေသည်။ သို့ရာတွင် မြေပြင်အပေါ်၌ ဖြန့်ကျဲထားသော ပိုက်ကွန် ညွှတ်ကွင်းကို မမြင်တွေ့သောကြောင့် ဖမ်းမိသွားပေသည်။

အလိုသဘောမှာ 'အလ္လာဟ်အသျှင်မြတ်သည် ဘေးဒုက္ခ သို့မဟုတ် သုခချမ်းသာ ကိစ္စရပ်ကို တစ်ဦး တစ်ယောက်အဖို့ သတ်မှတ်ထားသည်ဆိုလျှင် ယင်းသတ်မှတ်ချက်အတိုင်း ဖြစ်ပေါ်တည်ရှိနေပေမည်။ မည်သူ တစ်ဦးတစ်ယောက်မျှ မိမိ၏ အသိဉာဏ်ကြွယ်ဝမှု၊ ကာယအင်အားနှင့် ဓနအင်အားတို့၏ အကြောင်းခံ ဖြင့် လွတ်ကင်းအောင် မပြုနိုင်ပေ' ဟူ၍ ဖြစ်သည်။

لَاُعَذِّبَنَّهٗ عَذَابًا شَدِيْدًا اَوْلَاَاذْبَحَنَّهٗ

ဧကန်မလွဲ ငါသည် အမှန်ပင် ၄င်းအား ပြင်းထန်စွာ ပြစ်ဒဏ်ပေးမည်။ သို့မဟုတ် မုချဧကန် ငါသည် ၄င်းအား လှီးဖြတ်မည်။ *[၂၇ : ၂၁]*

ဦးစွာပထမ စဉ်းစားပြီးနောက် 'ပျက်ကွက်သူအား ပြစ်ဒဏ်ပေးခြင်း' သည် နိုင်ငံရေးဥပဒေအမိန့်ကို ဖော်ထုတ်လိုက်ခြင်း ဖြစ်သည်။

အလုပ်၊ လုပ်ငန်းခွင်၌ ပျင်းရိသော တိရစ္ဆာန်ကို သင့်တော်သော ပြစ်ဒဏ်ပေးခြင်း ပိုင်ကြောင်း

အလ္လာဟ်အသျှင်မြတ်သည် 'အခြားသော 'အွမ္မသ်' (နောက်လိုက်ထု) များအတွက် တိရစ္ဆာန်များ ကို 'ဇဗာဟ်' (လှီးဖြတ်ခြင်း) ပြုကာ ၄င်းတို့၏ အသား၊ သားရေခွံတို့ အစရှိသော အရာများဖြင့် အကျိုး အမြတ် ရယူခြင်း၊ ယခုအချိန်အထိလည်း ပြုပိုင်ခွင့်ရှိသကဲ့သို့ 'ဟဇရသ်စုလိုက်မာန် ﷺ အဖို့ တိရစ္ဆာန်

များအား ဤသို့ ပြစ်ဒဏ်ပေးပိုင်ခွင့်ကို ခွင့်ပြုထားပေသည်။ ဤကဲ့သို့ပင် အိမ်မွေးတိရစ္ဆာန်များဖြစ်သော နွားမ၊ နွားထီး၊ မြည်း၊ မြင်း၊ ကုလားအုတ် အစရှိသော တိရစ္ဆာန်များသည် မိမိတို့၏ လုပ်ငန်းခွင်၌ ပျင်းရိနေပါက ယင်းတိရစ္ဆာန်များကို လိမ္မာယဉ်ကျေးစေရန်အတွက် သင့်တော်သော ပြစ်ဒဏ်ဖြစ်သည့် လိုအပ်သော အတိုင်းအတာခန့် ရိုက်ခြင်း၊ ယခုအချိန်အထိလည်း ပိုင်ပေသည်။ အခြားသော တိရစ္ဆာန်များအား ပြစ်ဒဏ်ပေးခြင်းသည် ကျွန်ုပ်တို့၏ သာသနာတော်၌ တားမြစ်ထားပေသည်။ *[ကုရ်သုဗီး]*

اَوْ لَيَاْتِيَنِّىْ بِسُلْطَانٍ مُّبِيْنٍ

သို့မဟုတ် ၎င်းသည် ငါ့ထံသို့ ထင်ရှားလုံလောက်သော သက်သေအထောက်အထားကို ယူဆောင်လာရပေမည်။ *[၂၇ : ၂၁]*

ဆိုလိုသည်မှာ အကယ်၍ ဘီးတောင်ပို့ငှက်သည် မိမိမရှိခြင်းအား ရှင်းလင်းသော အကြောင်းပြချက် တင်ပြလာမည်ဆိုပါက ပြစ်ဒဏ်မှ ချမ်းသာခွင့် ရရှိပေမည်။ ယင်းမိန့်မြွက်ချက်အတွင်း၌ 'အုပ်ချုပ်သူတို့အဖို့ 'ပြုမူဆောင်ရွက်ချက်၌ မှားယွင်းစွာ ပြုမိသွားသောသူတို့အား ချွင်းချက်အကြောင်းပြချက်တို့ကို တင်ပြခွင့်ကို ပေးရပေမည်။ အကြောင်းပြချက် မှန်ကန်သွားသည်ဆိုလျှင် ပြစ်ဒဏ်ပေးခြင်းကို ပြန်လည်ခွင့်လွှတ်ရပေမည်'ဟူသော အချက်ကို ပြုရန်သင့်ကြောင်း' ရည်ညွှန်းဖော်ထုတ်ထားပေသည်။

اَحَطْتُّ بِمَا لَمْ تُحِطْ بِهٖ

ကျွန်တော်မျိုးသည် ကိုယ်တော်မသိသော အကြောင်းကို သိခဲ့ပါသည်။ *[၂၇ : ၂၂]*

ဆိုလိုသည်မှာ ဘီးတောင်ပို့ငှက်သည် မိမိ၏ အကြောင်းပြချက်ကို ပြကာ 'ကျွန်တော်မျိုးသည် ကိုယ်တော်မသိသောအကြောင်းကို သိခဲ့ပါသည်' ဟူ၍ ပြောဆိုပေသည်။ လိုရင်းသဘောမှာ 'ကိုယ်တော်တို့ အစက မသိသော သတင်းတစ်ရပ်ကို ကျွန်တော်မျိုး ယူဆောင်လာပေသည်'ဟူ၍ ဖြစ်သည်။

နဗီတမန်တော်များသည် အကွယ်လောက၌ ရှိသော အရာများကို သိသူများ မဟုတ်ကြောင်း

အေမာမ်ကုရ်သုဗီးသခင်ကြီးက အမိန့်ရှိသည်။ ထိုအထက်ပါ အာယသ်တော်၏ အချက်အလက်မှ နဗီတမန်တော်များသည် အကွယ်လောက၌ရှိသော အရာတိုင်းကို သိရှိနိုင်သောသူများ မဟုတ်ကြချေ' ဟူသော အချက်ကို ရှင်းလင်းစွာဖြင့် သိမြင်နိုင်ပေသည်။

وَجِئْتُكَ مِنْ سَبَاٍ بِنَبَاٍ يَّقِيْنٍ

၎င်းပြင် ကျွန်တော်မျိုးသည် ကိုယ်တော့်ထံသို့ ရှီဗားနိုင်ငံနှင့် စပ်လျဉ်း၍ မှန်ကန်သော သတင်းတစ်ခုကို ဆောင်ကြဉ်းခဲ့ပါသည်။ *[၂၇ : ၂၂]*

ရှီဗားမြို့သည် ယမာန်နိုင်ငံ၌ရှိသော ထင်ရှားကျော်ကြားသည့် မြို့တစ်မြို့ဖြစ်သည်။ မအာရိဗ် ဟူသော မြို့၏ အမည်ဖြစ်သည်။ ထိုမြို့နှင့် ယမာန်နိုင်ငံ၏ နန်းစိုက်မြို့ဖြစ်သည့် စွာန်အားမြို့၏ ကြားအကွာ အဝေးသည် သုံးရက်တာခရီး အကွာအဝေးဖြစ်သည်။

'ကျွန်ုပ်သည် အသင့်ထက် သာ၍ သိနားလည်သည်' ဟူ၍ အဆင့်အတန်းငယ်သူက အဆင့်အတန်းမြင့်သူအား ပြောဆိုခြင်း ပိုင်ကြောင်း

ဘီးတောင်ပို့ငှက်၏ တင်ပြပါစကားရပ်မှ အချို့သောသူတို့က 'တပည့်တစ်ဦးသည် မိမိ၏ ဆရာ အားလည်းကောင်း၊ အာလင်မ်မဟုတ်သူတစ်ဦးသည် အာလင်မ်ဖြစ်သူအားလည်းကောင်း၊ အမှန်တကယ် ဓမ္မသတ်ကိစ္စရပ်တစ်ခုနှင့် စပ်လျဉ်း၍ အခြားသူများထက် သာ၍ သိနားလည်ချိန် 'ကျွန်ုပ်သည် ထိုဓမ္မသတ် အချက်အား အသင့်ထက် သာ၍ သိနားလည်သည်'ဟူ၍ ပြောဆိုနိုင်ခြင်း'ဟူသော အချက်အား အထောက် အထားအဖြစ် ရယူပြဆိုထားပေသည်။

သို့ရာတွင် ရူဟုလ်မအာနီကျမ်း၌ ရေးသားပါရှိထားသည်မှာ 'ဤပြောဆိုဟန်သည် မိမိ၏ အကြီး အကဲများ၏ ရှေ့မှောက်တွင် ယဉ်ကျေးမှုနှင့် ဆန့်ကျင်သော အချက်ဖြစ်သည်။ ရှောင်ကြဉ်ရန် သင့်သည်' ဟူ၍ ဖြစ်သည်။ ဘီးတောင်ပို့ငှက်၏ အဆိုမှ အထက်ပါဓမ္မသတ်အား အထောက်အထားအဖြစ် မရယူ နိုင်ခြင်းအကြောင်းမှာ ယင်းငှက်သည် ဤစကားရပ်ကို မိမိကိုယ်ကို မိမိပြစ်ဒဏ်မှ လွတ်ကင်းရန်နှင့် မိမိ၏ အကြောင်းပြချက် ခိုင်မာစေရန်အတွက် ပြောဆိုခဲ့ခြင်း ဖြစ်သည်။ သို့မှသာ ၎င်းကွယ်ပျောက်နေရ ခြင်း၏ အကြောင်းပြချက် စုလိုက်မာန် ﷺ ၏ ရှေ့မှောက်ဝယ် ပြည့်ဝစွာ အတည်ပြုရန် ဖြစ်သည်။ ဤသို့ လိုအပ်ချက်ရှိနေသော အချိန်၌ ရှိသေသမှုကို ထောက်ရှု၍ ဤကဲ့သို့သော စကားရပ်တစ်စုံတစ်ရာ ပြောဆိုခြင်းသည် အကြောင်းမဟုတ်ပေ။

إِنِّي وَجَدتُّ امْرَأَةً تَمْلِكُهُمْ

ကေန်အမှန် ကျွန်တော်မျိုးသည် ယင်းရှီဗားနိုင်ငံတွင် စိုးမိုးအုပ်ချုပ်လျက်ရှိသော မိန်းမတစ်ဦးအား တွေ့ခဲ့ရပါသည်။ [၂၇ ፡ ၂၃]

ဆိုလိုသည်မှာ ကျွန်ုပ်သည် အမျိုးသမီးတစ်ဦးကို တွေ့မြင်ခဲ့သည်။ အကြင်အမျိုးသမီးသည် ရှီဗား မျိုးနွယ်အုပ်စုအား အုပ်ချုပ်သောသူမ ဖြစ်သည်။ (သို့) ၎င်းတို့အား မွမ်းမံကွပ်ကဲထိန်းချုပ်လျက် ရှိသော သူမ ဖြစ်သည်။ ထိုရှီဗားဘုရင်မ၏ အမည်ကို ရာဇဝင်သမိုင်း၌ ရှုရဟ်ဟီးလ်၏ သမီး ဗိလ်ကီးစ်ဟူ၍

ပြဆိုထားပေသည်။ အချို့ဆင့်ပြန်ချက်များသည် ထိုဘုရင်မ၏ မိခင်မှာ 'ဂျင်နားသ်'ဖြစ်ပြီး ၄င်း၏ အမည်မှာ ဗလ်အမဟ်ဗင်န်သိရှေသွာန် ဖြစ်သည်ဟု တင်ပြထားသည်။

[ခလီးလ်ဗင်န်အဟ်မဒ်မှ တစ်ဆင့် ဇုဟ်ရိကမ်ဗင်န်ဂျရီးရ်၊ ကုရ်သုဗီး]

၄င်းဘုရင်မ၏ ဒါဒါဖြစ်သူ ဟုဒ်ဟုဒါးသည် ယမာန်နိုင်ငံတစ်နိုင်ငံလုံး၏ အလွန်ကြီးကျယ်သော ဘုရင်တစ်ပါး ဖြစ်သည်။ သားယောက်ျားပေါင်း (၄၀) ရှိကာ အားလုံး ဘုရင်ခံများ ဖြစ်သည်။ ၄င်း၏ ဖခင် ရှရ်ရားဟ်သည် 'ဂျင်န်'အမျိုးသမီးဖြင့် ထိမ်းမြားမှုကို ပြုခဲ့သည်။ ၄င်း 'ဂျင်န်'အမျိုးသမီး၏ ဝမ်းဗိုက်မှ ဗိလ်ကီးစ်သခင်မအား မွေးဖွားခဲ့သည်။ 'ဂျင်န်'အမျိုးသမီးနှင့် ထိမ်းမြားလိုက်ခြင်း၏ အကြောင်းအမျိုးမျိုး ရှိပေသည်။ အကြောင်းတစ်ရပ်မှာ ဤသို့ပင် ဖြစ်သည်။ ဤဘုရင်သည် မိမိစိုးမိုးအုပ်ချုပ်နေရခြင်း၏ ဂုဏ်မောက်မှု၌ လူတို့အား 'အသင်တို့အတွင်း၌ ကျွန်ုပ်နှင့် ထိမ်းမြားနိုင်ရန် အဆင့်တူသည့်သူ မရှိပေ။ ထို့ကြောင့် မထိမ်းမြားနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် အဆင့်အတန်းမတူသူနှင့် ကျွန်ုပ်ထိမ်းမြားရန်သည် မနှစ်မြို့ပေ'ဟူ၍ ပြောဆိုခဲ့သည်။ ထိုပြောကြားချက်၏ အကျိုးဆက်ကြောင့် လူတို့သည် ၄င်းအား 'ဂျင်န်' အမျိုးသမီးတစ်ဦးဖြင့် ထိမ်းမြားပေးလိုက်ပေသည်။ *[ကုရ်သုဗီး]*

ထိုဂုဏ်မောက်မှု၏ အကျိုးဆက်တရားကြောင့် ဖြစ်တန်ကောင်းရာသည်။ ၄င်းသည် စင်စစ်၌ မိမိနှင့် ဂုဏ်ရည်တူ၊ အဆင့်အတန်းတူသော လူသားအမျိုးသမီးတို့အား သေးသိမ်သည်ဟူ၍ မှတ်ယူကာ မိမိနှင့် ဂုဏ်ရည်တူသော သူမများဟူ၍ မမှတ်ယူသောကြောင့် တန်ခိုးတော်ရှင်သည် ၄င်းအား ထိမ်းမြားမှုကို '၄င်းနှင့် ဂုဏ်ရည်အဆင့်လည်းမတူ၊ မျိုးနွယ်၊ အမျိုးအစားမတူသော အမျိုးသမီးတစ်ဦး'အဖြစ် သတ်မှတ်ပြုလုပ်ပေးလိုက်ပေသည်။

လူသားတို့သည် 'ဂျင်န်' မများဖြင့် ထိမ်းမြားနိုင်ပါ၏လော၊

ယင်းအမှုကိစ္စနှင့် စပ်လျဉ်း၍ အချို့သူတို့သည်မှု 'ဂျင်နားသ်'များကို လူသားများကဲ့သို့ မျိုးပွားထိုက်သူများ မဟုတ်'ဟူသော အချက်ကြောင့် သံသယဖြစ်နေပေသည်။ အိဗ်နေအာရဗီးသခင်ကြီးသည် မိမိအကျယ်ချဲ့ဖွင့်ဆိုသော ကျမ်း၌ ယင်းတွေးခေါ်ချက်ကို မှားယွင်းကြောင်း ထုတ်ဖော်ထားပေသည်။ မှန်ကန်သော ဟဒီးစ်တော်များမှ 'ဂျင်နားသ်'များ၌လည်း မျိုးပွားနိုင်ခြင်းနှင့် လူသားများကဲ့သို့ အမျိုးသား၊ အမျိုးသမီးများတွင် ရှိသော ဝိသေသအချက်များအားလုံး 'ဂျင်န်'များ၌လည်း ရှိကြောင်း အတည်ပြုထားပေသည်။

ဒုတိယမေးခွန်းမှာ သာသနာ၏ ရှုထောင့်ဖြင့် ဂျင်န်အမျိုးသမီးတစ်ဦးသည် လူအမျိုးသားတစ်ဦးဖြင့် 'နေကာဟ်'ပြုပိုင်ခွင့် ရှိနိုင်ပါ၏လော။ ယင်းအချက်နှင့် စပ်လျဉ်း၍ ဓမ္မသတ်ပညာရှင်များကြား၌

အကွဲအလွဲရှိပေသည်။ များစွာသော ပညာရှင်များသည် ပိုင်သည်ဟူ၍ ကောက်ချက်ချထားကြပေသည်။ အချို့သော ပညာရှင်များသည် အမျိုးအစား မတူကာ တိရစ္ဆာန်များကဲ့သို့ ဖြစ်ခြင်းကို မူတည်၍ 'ဟရာမ်' ဟူ၍ သတ်မှတ်ထားကြပေသည်။ ယင်းမှုသတ်၏ အကျယ်ချဲ့ဖွင့်ဆိုချက်ကို 'အားကားမုလ်မရ်ဂျားန် ဖီးအဟ်ကားမိလ်ဂျားန်' ဟူသော စာအုပ်အတွင်း၌ တင်ပြထားပေသည်။ ထိုစာအုပ်အတွင်း၌ မွတ်စ္စလင်မ် အမျိုးသားနှင့် 'ဂျင်န်'အမျိုးသမီးတို့ 'နေကာဟ်'ပြုကာ သားသမီးများပင် ရရှိခဲ့သော ဖြစ်အင်များကို တင်ပြထားပေသည်။ 'နေကာဟ်'ပြုလုပ်သော 'ဗိလ်ကီးစ်'၏ ဖခင်သည် မွတ်စ္စလင်မ်မဟုတ်သည့်အတွက် ကြောင့် ၎င်း၏ ပြုမူဆောင်ရွက်ချက်မှ ပိုင်ခြင်း၊ မပိုင်ခြင်းနှင့် စပ်လျဉ်း၍ အထောက်အထား တစ်စုံတစ်ရာ မရယူနိုင်ခြင်းကြောင့် ဤနေရာ၌ ယင်းမှုသတ်ကို သာပို၍ အခြေအတင်ရေးရန်လည်း မထိုက်ပေ။ သို့ရာတွင် အစ္စလာမ်သာသနာတွင် သားသမီး၏ ဆက်နွယ်မှုသည် ဖခင်ဘက်သို့ ဖြစ်ရှိနေခြင်းကြောင့် ဗိလ်ကီးစ်၏ ဖခင်သည် လူဖြစ်သည့်အတွက်ကြောင့် ဗိလ်ကီးစ်ကိုလည်း လူဟူ၍သာ သတ်မှတ်ရပေမည်။ ထို့ကြောင့် အချို့သော ဆင့်ပြန်ချက်များ၌ ဟဇရသ်စုလိုက်မာန် ﵇ ၊ ဗိလ်ကီးစ်သခင်မနှင့် 'နေကာဟ်' ပြုကြောင်း ပါရှိထားပေသည်။ အကယ်၍ ယင်းဆင့်ပြန်ချက် မှန်ကန်လျှင်မူလည်း 'ဂျင်န်' အမျိုးသမီးနှင့် 'နေကာဟ်'ပြုနိုင်ခြင်း၏ အမိန့်ကို တစ်စုံတစ်ရာ အတည်ပြု၍ မရပေ။ အဘယ်ကြောင့်ဆိုသော် ဗိလ်ကီးစ် သခင်မ၏ မိခင်သည် 'ဂျင်န်'ဖြစ်၍ ကိုယ်တိုင်သည် 'ဂျင်န်'မဟုတ်သောကြောင့် ဖြစ်ပေသည်။ (အလ္လာဟ် အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူ၏။) ဟဇရသ်စုလိုက်မာန် ﵇ 'နေကာဟ်' ပြုလုပ်ခြင်း နှင့် စပ်လျဉ်း၍ နောက်ထပ် သာပိုသော အကြောင်း အရှေ့၌ တင်ပြပေအံ့။

အမျိုးသမီးတစ်ဦးသည် ဘုရင်ဖြစ်ခြင်း သို့မဟုတ် မျိုးနွယ်အုပ်စုတစ်အုပ်စု၏ အကြီးအကဲ ခေါင်းဆောင်ဖြစ်ခြင်း ပိုင်၏လော့၊

မှန်ကန်သော ဘိုခါရီကျမ်းကြီး၌ ဟဇရသ်အိဗ်နေ့အဗ္ဗားစ် ﵄ သခင်ကြီး၏ ဆင့်ပြန်ချက်၌ လာရှိ ထားပေသည်။ ပါရှားန်နိုင်ငံသားတို့သည် မိမိတို့နိုင်ငံရှိ 'ကစ်ရာ'ဘုရင်၏ သမီးကို ဘုရင်အဖြစ် တင်မြှောက် လိုက်သည့်သတင်းကို တမန်တော်မြတ် ﷺ သည် ကြားသိရသောအခါ

لَنْ يُّفْلِحَ قَوْمٌ وَ لَّوْا اَمْرَ هُمْ اَمْرَأَةٌ

(ထိုမျိုးနွယ်အုပ်စုသည် မည်သည့်အခါမျှ အောင်မြင်မှု ရရှိလိမ့်မည်မဟုတ်။ အကြင်သူတို့သည် မိမိတို့၏ အကြီးအကဲခေါင်းဆောင် အမျိုးသမီးအား ခန့်အပ်ထားပေသည်) ဟူ၍ မိန့်တော်မူသည်။ ထို့ကြောင့် အွမ္မသ် (နောက်လိုက်ထု) အတွင်းရှိ အာလင်မ်သာသနာ့ပညာရှင်များသည် 'အမျိုးသမီးတစ်ဦးအား အကြီးအကဲ

ခန့်အပ်ခြင်း၊ သို့မဟုတ် ကိုယ်စားလှယ်ခန့်အပ်ခြင်း၊ သို့မဟုတ် စိုးမိုးအုပ်ချုပ်မှုကို ခန့်အပ်ခြင်းကို မပြုပိုင်ကြောင်း၊ သို့သာမက နမာဇ်အား ဦးစီးခေါင်းဆောင်ကာ 'အိမာမသ်'ပြုသကဲ့သို့ 'အိမာမသ်သေ့ကွစ်ရား' ဖြစ်သော စိုးမိုးအုပ်ချုပ်ရန်သည်လည်း အမျိုးသားများအဖို့သာ ထိုက်တန်ကြောင်း' ဟူသော အချက်ကို တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ချက်ချထားကြပေသည်။ ဗိလ်ကီးစ်သခင်မသည် ရှီဗားမြို့၏ ဘုရင်မဖြစ်ခြင်းသည် 'ဟဇရသ်စုလိုက်မာန် ﷺ သခင်ကိုယ်တိုင်က ၎င်းအား ထိမ်းမြားမှုပြု၍ တစ်ဖန် ၎င်းသခင်မအား မိမိ၏ ရှိရင်းစွဲ အုပ်ချုပ်မှုအပေါ် ဆက်လက်ထားရှိခြင်း' အချက်ကို အတည်ပြု၍ မရသရွေ့ ကာလပတ်လုံး ၎င်းဘုရင်မဖြစ်ခြင်းမှ သာသနာ့ပညတ်ချက် တစ်စုံတစ်ရာကို အတည်ပြု၍ မရနိုင်ပေ။ သာသနာ့ပညတ်ချက်အဖြစ် အတည်ပြု၍ ရနိုင်လောက်အောင် ယင်းအချက်ကို မည်သည့်မှန်ကန်သော ဆင့်ပြန်ချက်တစ်ရပ်ဖြင့် မပြုထားပေ။

وَاُوْتِيَتْ مِنْ كُلِّ شَىْءٍ

ထိုမိန်းမမှာ အရာခပ်သိမ်းတို့ကို ချီးမြှင့်ပေးသနားခြင်းခံရသည့်အပြင်။ *[၂၇ : ၂၃]*

ဤအာယသ်တော်၏ အလိုသဘောမှာ ဤသို့ပင် ဖြစ်သည်။ ဘုရင်၊ သို့မဟုတ် အကြီးအကဲခေါင်းဆောင်တစ်ဦးအဖို့ အရေးကြီးလိုအပ်သော ကိရိယာများအားလုံး ပါဝင်ပေသည်။ မိမိတို့၏ ခေတ်ကာလနှင့် ကိုက်ညီကာ အသင့်ရှိနေသော အရာများလည်း ဖြစ်သည်။ ထိုခေတ်ကာလ၌ မတီထွင်ရသေးသည့်အတွက်ကြောင့် မရှိသော အရာများသည် ထိုအာယသ်တော်နှင့် ဆန့်ကျင်မနေပေ။

وَلَهَا عَرْشٌ

၎င်း၌ ကြီးကျယ်ခမ်းနားသော ရာဇပလ္လင်တစ်ခုလည်း ရှိသည်။ *[၂၇ : ၂၃]*

'အရ်ရှ်' ၏ လုံးချင်းကောက်အဓိပ္ပာယ်မှာ 'ရာဇပလ္လင်' ဖြစ်၏။ ဟဇရသ်အိဗ်နေ့အဗ္ဗားစ် ؓ သခင်ကြီး၏ ဆင့်ပြန်ချက်၌ ဤကဲ့သို့ လာရှိထားပေသည်။ ဗိလ်ကီးစ်သခင်မ၏ ပလ္လင်အလျားမှာ အတောင် (၈၀) ဖြစ်ပြီး အနံမှာ အတောင် (၄၀) ဖြစ်ကာ အမြင့်မှာ အတောင် (၃၀) ဖြစ်သည်။ အကြင်ပလ္လင်တော်အား ပုလဲများ၊ နီလာ၊ ပတ္တမြားများနှင့် ကျောက်စိမ်းတို့ဖြင့် ပြုလုပ်ထားပေသည်။ ပလ္လင်တော်၏ အခြေကို ပုလဲ၊ ကျောက်မျက်ရတနာတို့ဖြင့် စီခြယ်ပြုလုပ်ထားပေသည်။ ပလ္လင်တော်၏ အဖုံးမှာ ပိုးထည်ဖြစ်၍ ၎င်းအား အတွင်းမှ အပြင်ထိတိုင် တစ်ဆင့်ပြီးတစ်ဆင့် ပိတ်ထားသော အဆောက်အဦး ၇ ခုအတွင်း၌ လုံခြုံစွာဖြင့် ထားရှိထားပေသည်။

وَجَدْتُّهَا وَقَوْمَهَا يَسْجُدُوْنَ لِلشَّمْسِ

ကျွန်တော်မျိုးသည် ၎င်းမိန်းမနှင့် ၎င်း၏ အမျိုးသားတို့အား အလ္လာဟ်အသျှင်မြတ်အား စွန့်၍ နေကို ပျပ်ဝပ်ဦးချ ကိုးကွယ်ဆည်းကပ်နေကြသည်ကို တွေ့ခဲ့ရပါသည်။ *[၂၇ : ၂၄]*

ယင်းအာယသ်တော်မှ 'ၫင်း၏ မျိုးနွယ်အုပ်စုသည် ကြယ်နက္ခများကို ဆည်းကပ်ကာ နေမင်းအား ခဝပ်ကိုးကွယ်သောသူများ ဖြစ်ပေသည်'ဟူသော အချက်ကို သိရှိရပေသည်။ အချို့သော အာလင်မ်သာသနာ့ ပညာရှင်များက 'ၫင်းတို့သည် မီးနှင့် အလင်းရောင်တိုင်းကို ခဝပ်ကိုးကွယ်သော မဂျူစီတို့ထဲမှဖြစ်ကြောင်း' ဆိုကြပေသည်။

أَلَّا يَسْجُدُوا ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်အား 'စဂျဒဟ်'ပြုခြင်းမရှိပါ။ [၂၇ : ၂၅]

ဟူသော အာယသ်တော်သည်

زَيَّنَ لَهُمُ الشَّيْطَانُ စင်စစ် ရှိုက်သွာန်သည် ၫင်းတို့၏ ပြုမှုချက်များကို ၫင်းတို့၏အမြင်၌ လှပတင့်တယ်အောင် ပြုလုပ်၍ ထားပါသည်။ [၂၇ : ၂၄]

သို့မဟုတ်

صَدَّهُمْ عَنِ السَّبِيلِ တစ်ဖန် ၫင်းရှိုက်သွာန်သည် ၫင်းတို့အား မှန်ကန်သော တရားလမ်းမှ ပိတ်ပင်တားဆီး၍ ထားခဲ့ရာ။ [၂၇ : ၂၄]

ဟူသော အာယသ်တော်တို့ဖြင့် ဆက်နွယ်နေပေသည်။ ဆိုလိုသည်မှာ ရှိုက်သွာန်သည် ၫင်းတို့၏ ဦးနှောက်၊ အသိဉာဏ်များအတွင်းသို့ 'အလ္လာဟ်အသျှင်မြတ်အား 'စဂျဒဟ်'မပြုရန်၊ သို့မဟုတ် 'ၫင်းတို့သည် အလ္လာဟ်အသျှင်မြတ်အား 'စဂျဒဟ်'မပြုနိုင်ရန်ထိတိုင် ၫင်းတို့အား လမ်းမှန်တရားမှ တားမြစ်ထားခြင်း' ဟူသော အချက်ကို အနည်ထိုင်ထားစေလေသည်။

များစွာသော အမှုကိစ္စများအတွင်း စာလွှာ၊ သဝဏ်လွှာများသည်လည်း သာသနာ၏ အထောက်အထားဖြစ်ခြင်းအကြောင်း

اِذْهَبْ بِّكِتَابِيْ 'အသင်ၫက်သည် ငါ၏ ဤစာကို ယူဆောင်၍သွားလော့။' [၂၇ : ၂၈]

ဟဇရသ်စုလိုက်မာန် ﷺ သည် ရှီဗားဘုရင်မ၏ အမည်ဖြင့် သဝဏ်လွှာပို့သခြင်းအပေါ် အထောက်အထားအားလုံးအတွက် လုံလောက်သည်ဟူ၍ မှတ်ယူကာ ထိုအချက်ကို လက်တွေ့လည်း အကောင်အထည်ဖော်ခဲ့ပေသည်။ အထက်ပါပြုမှုဆောင်ရွက်ချက်မှ 'များစွာသော အမှုကိစ္စများ၌ သဝဏ်လွှာရေးသားခြင်းသည် အတည်ပြုခြင်း ခံရသော အထောက်အထားဖြစ်ကြောင်း' ကို သိရှိရပေသည်။ ဓမ္မသတ်ပညာရှင်များသည် သာသနာဆိုင်ရာ သက်သေ၊ လိုအပ်သောအချိန်အခါမျိုးတွင် စာလွှာ၊ သဝဏ်လွှာတို့ကို လုံလောက်သည်ဟူ၍ မမှတ်ယူထားပေ။ အဘယ်ကြောင့်ဆိုသော် စာ၊ တယ်လီဖုန်း အစရှိသော အရာများ၏ အကြောင်းခံဖြင့် သက်သေကို မရယူနိုင်ပေ။ သက်သေပေးခြင်း၏ အဓိကမူတည်ချက်ကို 'ယင်းသက်သေပေးသူသည်

တရားရုံးရှေ့မှောက်သို့ လာရောက်ကာ တင်ပြခြင်း အပေါ် ထားရှိထားပေသည်။ အကြင်ကဲ့သို့ လာရောက် တင်ပြခြင်းအတွင်း၌ ကြီးမားသော အမြော်အမြင်တော်များကို ကွယ်ဝှက်ထားပေးသည်။ ဤအတွက်ကြောင့် သာလျှင် မျက်မှောက်ခေတ် ကမ္ဘာလောက၌ရှိသော တရားရုံးများ၌လည်း စာလွှာနှင့် တယ်လီဖုန်းအပေါ် သက်သေရယူခြင်းအား လုံလောက်သည်ဟူ၍ မမှတ်ယူထားပေ။

မုန့်ရှစ်ရက်များထံ စာလွှာ ရေးသားကာ ပို့ပေးခြင်းပိုင်ကြောင်း

ဟဇရတ်စုလိုက်မာန် ﷺ ၏ သဝဏ်လွှာမှ အတည်ပြုရသော ဒုတိယမဇ္ဈိမသတ်မှာ 'သာသနာ ဖြန့်ဖြူးရေးနှင့် အစ္စလာမ်ဘက်သို့ ဖိတ်ခေါ်ရန်အတွက် မုရှ်ရစ်ကမ်များနှင့် ကာဖိရ်များထံ စာလွှာ၊ သဝဏ်လွှာ များ ရေးသားခြင်း ပိုင်ပေသည်။ တမန်တော်မြတ် ﷺ ထံမှလည်း အမျိုးမျိုးသော ကာဖိရ်များထံ စာလွှာ များပို့ပေးခြင်း၊ စစ်မှန်သော ဟဒီးစ်တော်များဖြင့် အတည်ပြုထားပေသည်။

ကာဖိရ်များ၏ ထိုင်ဝိုင်းဖြစ်နေလင့်ကစား ထိုင်ဝိုင်းတိုင်း၌ လူ့ကျင့်ဝတ် သိက္ခာအား ထောက်ရှု သင့်ကြောင်း

فَأَلْقِهْ إِلَيْهِمْ ثُمَّ تَوَلَّ عَنْهُمْ

ထို့နောက် အသင်သည် ဤစာကို ၎င်းတို့ထံ ချ၍ ပေးပြီးလျှင် ၎င်းတို့အပါးမှ အနည်းငယ် ဘေးဖယ်၍ နေလော့။ [၂၇ : ၂၈]

ဟဇရတ်စုလိုက်မာန် ﷺ သည် ဘီးတောင်ပို့ငှက်အား သဝဏ်လွှာပို့ဆောင်ခိုင်းခြင်း၏ အလုပ် ကို စေခိုင်းရာတွင် ဤထိုင်ဝိုင်း၏ ယဉ်းကျေးမှု စည်းကမ်းချက်ကိုလည်း သင်ကြားပေးလေသည်။ 'သဝဏ် လွှာကို ရှီဗားဘုရင်မထံ ပို့ဆောင်ပြီးနောက် ထိုနေရာ၌မှာပင် ဦးခေါင်းပေါ် ဝဲပျံ၍ မနေနှင့်။ သို့သာမက ထိုနေရာမှ အနည်းငယ် ဘေးဖယ်၍ နေပါလေ။' အကြင်အချက်သည် နန်းတွင်းများ၌ သုံးသော ယဉ်ကျေးမှု ဖြစ်သည်။ ထိုအချက်အတွင်း၌ ဆက်ဆံရေးယဉ်ကျေးမှု နည်းစနစ်နှင့် လူ့ကျင့်ဝတ်တို့သည် အဖန်ဆင်းခံ များအားလုံးနှင့်အတူ ဆက်ဆံသင့်သည့် အချက်ကို သိရှိရပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

قَالَتْ يَٰٓأَيُّهَا ٱلْمَلَؤُا۟ إِنِّىٓ أُلْقِىَ إِلَىَّ كِتَٰبٌ كَرِيمٌ ﴿٢٩﴾

[၂၇ : ၂၉]။ ။ ၎င်း (ရှီဗာဘုရင်မ ဗီလ်ကီစ်) က (ဤသို့) ပြောကြားခဲ့လေ၏။ 'အို၊ မှူးမတ်အပေါင်းတို့၊ ကေန်စင်စစ် မြင့်မြတ်၍ ဘုန်းကျက်သရေနှင့် ပြည့်စုံသော စာတစ်စောင်သည် ကျွန်ုပ်၏ထံသို့ ပစ်ချပေးခြင်းကို ခံခဲ့ရလေသည်။'

إِنَّهُۥ مِن سُلَيْمَٰنَ وَإِنَّهُۥ بِسْمِ ٱللَّهِ ٱلرَّحْمَٰنِ ٱلرَّحِيمِ ﴿٣٠﴾

၂၇ : ၃၀ ။ ။ ကေန်စင်စစ် ၎င်း (စာ) မှာ (တမန်တော်) စုလိုက်မာန်၏ထံမှ ဖြစ်၏။ ထို့ပြင် ကေန်အမှန် ၎င်း (စာ) သည် အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော၊ အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုထားခြင်း ဖြစ်၏။

أَلَّا تَعْلُوا۟ عَلَىَّ وَأْتُونِى مُسْلِمِينَ ﴿٣١﴾

၂၇ : ၃၁ ။ ။ (ထိုစာ၌ ရေးသားချက်မှာ) 'အသင်တို့သည် ငါနှင့် ယှဉ်ပြိုင်၍ ဘဝင်မကြွကြကုန်လင့်။ (မာနမကြီးကြကုန်လင့်။) ထို့ပြင် အသင်တို့သည် ငါ့ထံသို့ မွတ်စလင်မ် 'အမိန့်နာခံသူများ' အဖြစ် လာရောက်ကြလေကုန်။

قَالَتْ يَٰٓأَيُّهَا ٱلْمَلَؤُا۟ أَفْتُونِى فِىٓ أَمْرِى مَا كُنتُ قَاطِعَةً أَمْرًا حَتَّىٰ تَشْهَدُونِ ﴿٣٢﴾

၂၇ : ၃၂ ။ ။ ၎င်း (ရှီဗာဘုရင်မ) က 'အို၊ မှူးမတ်အပေါင်းတို့၊ အသင်တို့သည် ကျွန်ုပ်၏ အရေးနှင့် စပ်လျဉ်း၍ ကျွန်ုပ်အား အကြံဉာဏ်ပေးကြလေကုန်။ အသင်တို့သည် ကျွန်ုပ်၏အပါး၌ မရှိသမျှ ကာလပတ်လုံး ကျွန်ုပ်သည် မည်သည့်ကိစ္စကိုမျှပင် စီရင်ဆုံးဖြတ်လေ့ မရှိပေ'ဟု ပြောကြားခဲ့လေ၏။

قَالُوا۟ نَحْنُ أُو۟لُوا۟ قُوَّةٍ وَأُو۟لُوا۟ بَأْسٍ شَدِيدٍ وَٱلْأَمْرُ إِلَيْكِ فَٱنظُرِى مَاذَا تَأْمُرِينَ ﴿٣٣﴾

၂၇ : ၃၃ ။ ။ ၎င်း (မှူးမတ်) တို့က 'ကျွန်ုပ်တို့သည် ခွန်အားရှိသူများ၊ တိုက်ခိုက်မှုကို ပြင်းထန်စွာ ဝါသနာထုံသူများ ဖြစ်ကြပါသည်။ သို့ရာတွင် အမိန့်အာဏာသည် အသင် (ဘုရင်မ) ၏ လက်တွင်း၌သာ ရှိပေရာ၊ အသင် (ဘုရင်မ) သည် (မည်သို့) အမိန့်ပေး (မည်ကို ဆင်ခြင်) ပါလော'ဟု လျှောက်ထားခဲ့ကြကုန်၏။'

قَالَتْ إِنَّ ٱلْمُلُوكَ إِذَا دَخَلُوا۟ قَرْيَةً أَفْسَدُوهَا وَجَعَلُوٓا۟ أَعِزَّةَ أَهْلِهَآ أَذِلَّةً ۖ وَكَذَٰلِكَ يَفْعَلُونَ ﴿٣٤﴾

၂၇ : ၃၄ ။ ။ ၎င်း (ရှီဗာဘုရင်မ) က 'ကေန်မလွဲ ဘုရင်မင်းတို့သည် မည်သည့်တိုင်းပြည် မြို့ရွာတစ်ခုသို့ ဝင်ရောက်ခဲ့ကြလေသောအခါ၊ ၎င်း (မြို့ရွာ) ကို ဖျက်ဆီးလေ့ရှိကြကုန်၏။ ထို့ပြင် ၎င်းတို့သည် ယင်း (မြို့ရွာ) မှ ဂုဏ်သရေရှိသူတို့အား ဂုဏ်သရေသေးသိမ်သူများ (ဖြစ်အောင်) ပြုလုပ်လေ့ရှိကြကုန်၏။ ၎င်းတို့သည်လည်း ဤအတိုင်းပင် ပြုမူကြပေမည်။'

وَإِنِّى مُرْسِلَةٌ إِلَيْهِم بِهَدِيَّةٍ فَنَاظِرَةٌۢ بِمَ يَرْجِعُ ٱلْمُرْسَلُونَ ﴿٣٥﴾

၂၇ : ၃၅ ။ ။ 'သို့ရာတွင် ကျွန်ုပ် (ဘုရင်မ) မှာမူ၊ ၎င်းတို့ထံ လက်ဆောင်ပဏ္ဏာ တစ်စုံတစ်ခုကို ပေးပို့ပြီးသည့်နောက် (ကျွန်ုပ်၏) စေတမန်တို့သည် မည်သို့သော ပြန်ကြားချက် ယူဆောင်လာကြသည်ကို (စောင့်၍) ကြည့်ပါမည်' (ဟု ဆိုလေသည်။)

فَلَمَّا جَآءَ سُلَيْمٰنَ قَالَ اَتُمِدُّوْنَنِ بِمَالٍ فَمَآ
اٰتٰىنِۦَ اللّٰهُ خَيْرٌ مِّمَّآ اٰتٰىكُمْ بَلْ اَنْتُمْ بِهَدِيَّتِكُمْ تَفْرَحُوْنَ ﴿٣٦﴾

၂၇ : ၃၆ ॥ ॥ ထို့နောက် ၎င်း (ဘုရင်မ၏) သံတမန်သည် (တမန်တော်) စုလိုက်မာန်၏ထံသို့ ရောက်ရှိခဲ့လေသောအခါ၊ (တမန်တော်စုလိုက်မာန်) က (ဤသို့) ပြောကြားခဲ့၏။ 'အသင်တို့သည် ငါ့အား ပစ္စည်းဥစ္စာဖြင့် ကူညီလိုကြလေသလော။ စင်စစ် ငါ့အား အလ္လာဟ်အသျှင်မြတ် ချီးမြှင့်ပေးသနားတော်မူသည်များမှာ၊ ထိုအသျှင်မြတ်က အသင်တို့အား ချီးမြှင့်ပေးသနားထားတော်မူသည်တို့ထက်ပင် ပိုမို ကောင်းမြတ်လှပေသည်။ အမှန်စင်စစ် အသင်တို့သည်ပင်လျှင် မိမိတို့၏ လက်ဆောင်ပဏ္ဏာဖြင့် ပျော်ရွှင်မော်ကြွားလျက် ရှိကြပေမည်။'

اِرْجِعْ اِلَيْهِمْ فَلَنَاْتِيَنَّهُمْ بِجُنُوْدٍ لَّا قِبَلَ لَهُمْ بِهَا وَلَنُخْرِجَنَّهُمْ مِّنْهَآ
اَذِلَّةً وَّهُمْ صٰغِرُوْنَ ﴿٣٧﴾

၂၇ : ၃၇ ॥ ॥ (အို၊ သံတမန်) အသင်သည် [မိမိ၏ လက်ဆောင်ပဏ္ဏာများကို ယူဆောင်၍] ၎င်းတို့ထံ ပြန်သွားလော့။ ထို့နောက် ဧကန်အမှန် ငါတို့သည် ၎င်းတို့ ယှဉ်ပြိုင် (တိုက်ခိုက်) နိုင်စွမ်း မရှိသော စစ်တပ်များနှင့်တကွ ၎င်းတို့ထံ ချီတက်ရောက်ရှိ၍ လာကြမည်။ ထို့ပြင် ဧကန်မလွဲ ငါတို့သည် ၎င်းတို့အား ထိုမြို့ရွာမှ ဂုဏ်သရေသေးသိမ်သောသူများအဖြစ်နှင့် နှင်ထုတ်ကြမည်။ (ထိုအခါ) ၎င်းတို့သည် အရှက်တကွဲ အကျိုးနည်းသူများ ဖြစ်သွားကြပေမည်။'

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(စုလိုက်မာန်နဗီသည် ဘီးတောင်ပို့ငှက်ဖြင့် ဤသို့ စကားပြောဆိုကာ ဗိလ်ကီးစ်သခင်မ၏ အမည်ဖြင့် သဝဏ်လွှာတစ်စောင်ကို ရေးကာ ဘီးတောင်ပို့ငှက်အား အပ်နှင်းလိုက်ပေသည်။ သဝဏ်လွှာအတွင်းပါ စာစဉ်အကြောင်းအရာမှာ ရှေ့၌ လာပေမည်။ ထိုငှက်သည် ယင်းသဝဏ်လွှာကို နှုတ်သီးဖြင့် ကိုက်ချီကာ ပျံတက်သွားပေသည်။ နန်းရင်ပြင်၌ ဗိလ်ကီးစ်သခင်မကြီးတစ်ဦးတည်း ရှိနေချိန်၊ သို့မဟုတ် မင်းပရိသတ်များ ရှိနေချိန် ၎င်း၏ အနီး ဘေး၌ ချထားလိုက်ပေသည်။) ၎င်း (ရှီဗားဘုရင်မ ဗိလ်ကီးစ်) က (ဖတ်၍ မိမိ၏ ခေါင်းဆောင်အကြီးပိုင်းများအား ညှိနှိုင်းတိုင်ပင်ရန်အတွက် စုရုံးခေါ်စေကာ ဤသို့) ပြောကြားခဲ့လေ၏။ 'အို၊ မှူးမတ်အပေါင်းတို့၊ ဧကန်စင်စစ် (စာစဉ်အကြောင်းအရာပါသည် အလွန်) မြင့်မြတ်၍ (အလွန်မှပင်) ဘုန်းကျက်သရေနှင့် ပြည့်စုံသော စာတစ်စောင်သည် ကျွန်ုပ်ထံသို့ ပစ်ချပေးခြင်းကို ခံခဲ့ရလေသည်။ (မြင့်မြတ်၍ ဘုန်းကျက်သရေနှင့် ပြည့်စုံသောစာဟူ၍ ပြောဆိုရခြင်းအကြောင်းမှာ အမိန့်ပေးအသွင်ဖြင့် ရေးသားထားခြင်းကြောင့် ဖြစ်ပေသည်။ အကြင်စာသည် အလွန်တိုတောင်းစွာဖြင့် ရေးသားထားနေလင့်ကစား ကာရံနှံဘေ အလွန် ပြောင်မြောက်လှပေသည်။)

ကေန်စင်စစ် ၄င်း (စာ) မှာ (တမန်တော်) စုလိုက်မာန်၏ထံမှ ဖြစ်၏။ ထို့ပြင် ကေန်အမှန် ၄င်း (စာအတွင်း ပါရှိသော စာစဉ်အကြောင်းအရာမှာ ဦးစွာပထမ) အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော၊ အလွန်တရာ သနားကြင်နာတော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုထားခြင်း ဖြစ်၏။

(ထို့နောက် ယင်းစာ၌ ပါရှိသော ရေးသားချက်မှာ) အသင်တို့သည် (ဗိလ်ကီးစ်သခင်မ၊ ၄င်း၏ နန်းတွင်းဝန်ကြီးများနှင့် တိုင်းသူပြည်သားများ အပါအဝင်တို့ ဖြစ်သည်။) ငါနှင့် ယှဉ်ပြိုင်၍ ဘဝင်မကြွကြကုန်လင့်။ (မာနမကြီးကြကုန်လင့်။) ထို့ပြင် အသင်တို့သည် ငါ့ထံသို့ မွတ်စ္လင်မ် (အမိန့်နာခံသူများ) အဖြစ် လာရောက်ကြလေကုန်။ (အလိုသဘောမှာ အားလုံးကို ဖိတ်ခေါ်ခြင်းဖြစ်သည်။ဟာဇရသ် စုလိုက်မာန် ﷺ သည် ၄င်းတို့ကို မသိရှိနေလင့်ကစား ၄င်းတို့သည် ယင်းနဗီ၏ အခြေအနေကို အစကတည်းက သိရှိနှင့်ပြီး ဖြစ်တန်ကောင်းရာသည်။ ကြီးမြင့်သောသူတို့သည် ငယ်သူတို့ကို မသိရှိ၍ ငယ်သူတို့သည် ကြီးမြင့်သူတို့ကို သိရှိလေ့ရှိပေသည်။ သို့မဟုတ် စာရောက်ပြီးနောက် သုတေသနပြုခြင်းလည်း ဖြစ်တန်ကောင်းရာပေသည်။ စာပါအကြောင်းအရာကို ပြောဆိုပြီးနောက်) ၄င်း (ရှီဗားဘုရင်မ) က (ဤသို့) 'အို၊ မှူးမတ်အပေါင်းတို့၊ အသင်တို့သည် ကျွန်ုပ်၏ အရေးနှင့် စပ်လျဉ်း၍ ကျွန်ုပ်အား အကြံဉာဏ်ပေးကြလေကုန်။ (ကျွန်ုပ်သည် စုလိုက်မာန်၏ အရေးကိစ္စနှင့် စပ်လျဉ်း၍ မည်သို့ ပြုရပေမည်နည်း။) အသင်တို့သည် ကျွန်ုပ်၏အပါး၌ (အထူးအကြံပေးသူများ) မရှိသမျှ ကာလပတ်လုံး ကျွန်ုပ်သည် (မည်သည့်အခါမျှ) မည်သည့်ကိစ္စကိုမျှပင် စီရင်ဆုံးဖြတ်လေ့ မရှိပေ' ဟု ပြောကြားခဲ့လေ၏။

၄င်း (မှူးမတ်) တို့က 'ကျွန်ုပ်တို့သည် (မိမိတို့၏ ကိုယ်ခန္ဓာရေးရာဖြင့် အဘက်ဘက်မှ အသင့်ရှိပေသည်။ အကယ်၍ တိုက်ခိုက်မှုပြုရန် အကျိုးရှိမည်ဟု မှတ်ယူထားမည်ဆိုပါက) ကျွန်ုပ်တို့သည် ခွန်အားရှိသူများ၊ တိုက်ခိုက်မှုကို ပြင်းထန်စွာ ဝါသနာထုံသူများ ဖြစ်ကြပါသည်။ သို့ရာတွင် (လာမည့်) အမိန့်အာဏာသည် အသင် (ဘုရင်မ) ၏ လက်တွင်း၌သာ ရှိပေရာ အသင် (ဘုရင်မ) သည် (ကြောင်းကျိုး ကောင်းဆိုးကို ထောက်ရှု၍ (မည်သို့စီမံမှုပြုကာ) အမိန့်ပေးမည်ကို ဆင်ခြင်ပါလော'ဟု လျှောက်ထားခဲ့ကြကုန်၏။

၄င်းရှီဗားဘုရင်မက (ကျွန်တော်မျိုးမ၏ထံ၌ တိုက်ခိုက်ခြင်းသည် အကျိုးဖြစ်ထွန်းစေမည့် အရာမဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် စုလိုက်မာန်နဗီသည် ဘုရင်တစ်ပါးဖြစ်သည်။) ကေန်မလွဲ ဘုရင်မင်းတို့ (၏ နည်းဥပဒေသ) သည် မည်သည့်တိုင်းပြည် မြို့ရွာတစ်ခုသို့ (ဆန့်ကျင်ဘက်ပုံစံမျိုးဖြင့်) ဝင်ရောက်ခဲ့ကြလေသောအခါ ၄င်း (မြို့၊ ရွာ) ကို ဖျက်ဆီးလေ့ ရှိကြကုန်၏။ ထို့ပြင် ၄င်းတို့သည် ယင်း (မြို့၊ ရွာ) မှ ဂုဏ်သရေရှိသူတို့အား (၄င်းတို့၏ သိက္ခာလျှော့ကျစေရန်အတွက်) ဂုဏ်သရေ သေးသိမ်သူများ (ဖြစ်အောင်) ပြုလုပ်လေ့ ရှိကြကုန်၏။ (၄င်းတို့ဖြင့်လည်း စစ်မက်ပြိုင်ဆိုင်မှုကို ပြုလျှင်မူ ၄င်းတို့သည် သာလျှင် အောင်နိုင်မှု ရရှိမည် ဖြစ်တန်ကောင်းရာ တစ်ဖန်) ၄င်းတို့သည်လည်း ဤအတိုင်းပင် ပြုမူကြပေမည်။ (သို့ဆိုလျှင် မလိုအပ်ဘဲ ဝမ်းနည်းမှုအတွင်းသို့ သက်ရောက်ခြင်းသည် အကျိုးတရားနှင့် ဆန့်ကျင်ဘက်ဖြစ်နေသော အချက်ဖြစ်သည်။ ထို့ကြောင့် စစ်တိုက်ခိုက်ခြင်းကို ယခု နှောင့်ဆိုင်းပယ်ဖျက်ထားရပေမည်။ သို့ရာတွင် (ဦးစွာပထမ ပြုမူရန် သင့်တော်သောအချက်မှာ) ကျွန်ုပ် (ဘုရင်မ) မှာမူ (တဦးဦးဖြင့်)

၎င်းတို့ထံ လက်ဆောင်ပဏ္ဏာ တစ်စုံတစ်ခုကို ပေးပို့ပြီးနောက် (ကျွန်ုပ်၏) စေတမန်တို့သည် မည်သို့သော (အဖြေ) ပြန်ကြားချက် (ထိုနေရာမှ) ယူဆောင်လာကြသည်ကို (စောင့်၍) ကြည့်ပါမည်' ဟု ဆိုလေသည်။ (ထိုအချိန်၌ ဒုတိယကြိမ် ပြန်လည်၍ စဉ်းစားပေမည်။) သို့ရှိရာ လက်ဆောင်ပဏ္ဏာများကို အသင့်ပြင်ကာ သံတမန်သည် ယင်းအရာများကို ယူဆောင်၍ သွားပေသည်။)

ထို့နောက် ၎င်း (ဘုရင်မ) ၏ သံတမန်သည် (တမန်တော်) စုလိုက်မာန်၏ ထံသို့ ရောက်ရှိခဲ့လေသောအခါ (သံတမန်က လက်ဆောင်ပစ္စည်းများအားလုံးကို ဆက်သလိုက်သည်။) ၎င်း (တမန်တော်) စုလိုက်မာန်က (ဤသို့) ပြောကြားခဲ့၏။ အသင် (ဗိလ်ကီးစ်နှင့် ၎င်း၏ အပေါင်းအပါ) တို့သည် ငါ့အား ပစ္စည်းဥစ္စာဖြင့် ကူညီ (ချင်) လိုကြလေသလော။ (ထို့ကြောင့် လက်ဆောင်ပစ္စည်းများကို ယူဆောင်လာကြဟန်တူသည်။) စင်စစ် (အသင်တို့ မှတ်ယူထားကြလေကုန်။) ငါ့အား အလ္လာဟ်အသျှင်မြတ် ချီးမြှင့်ပေးသနားတော်မူသည်များမှာ ထိုအသျှင်မြတ်က အသင်တို့အား ချီးမြှင့်ပေးသနားထားတော်မူသည်တို့ထက် ပင် ပို၍ ကောင်းမြတ်လှပေသည်။ (အဘယ်ကြောင့်ဆိုသော် အသင်တို့ထံ၌ လောကီရေးရာ ပစ္စည်းဥစ္စာများသာ ရှိ၍ ကျွန်ုပ်တို့ထံ၌ 'ဒီးန်'သာသနာနှင့် လောကီရေးရာ ပစ္စည်းတို့သည် အသင်တို့ထက်ပင်သာပို၍ ရှိပေသည်။ ဤအတွက်ကြောင့် ကျွန်ုပ်သည် ယင်းအရာများအား တပ်မက်မှုမရှိပေ။) အမှန်စင်စစ် အသင်တို့သည်ပင်လျှင် မိမိတို့၏ လက်ဆောင်ပဏ္ဏာဖြင့် ပျော်ရွှင်မော်ကြွားလျက် ရှိကြပေမည်။ (ထို့ကြောင့် ကျွန်ုပ်သည် ဤလက်ဆောင်ပစ္စည်းများကို ရယူမည်လည်း မဟုတ်ပါ။)

(အို, သံတမန်) အသင်သည် (မိမိ၏ လက်ဆောင်ပဏ္ဏာများကို ယူဆောင်၍) ၎င်းတို့ထံ ပြန်သွားလော့။ (အကယ်၍ ၎င်းတို့သည် အီမာန်ကို ရယူလိုက်မည်ဆိုလျှင် ကောင်းမွန်ပေမည်။ သို့တည်းမဟုတ်က) ထို့နောက် ဧကန်အမှန် ၎င်းတို့ ယှဉ်ပြိုင် (တိုက်ခိုက်) နိုင်စွမ်းမရှိသော စစ်တပ်များနှင့်တကွ ၎င်းတို့ထံ ချီတက်ရောက်ရှိလာကြမည်။ ထို့ပြင် ဧကန်မလွဲ ငါတို့သည် ၎င်းတို့အား ထိုမြို့ရွာမှ ဂုဏ်သရေသေးသိမ်သောသူများအဖြစ်နှင့် နှင်ထုတ်ကြမည်။ (ထိုအခါ) ၎င်းတို့သည် (အစဉ်အမြဲ) အရှက်တကွဲ (သိက္ခာကျကာ) အကျိုးနည်းသူများ ဖြစ်သွားကြပေမည်။ (နှင်ထုတ်ပြီးနောက် 'သွားလိုသည့် အရပ်သို့ သွားခွင့်ရှိခြင်း' ဟူသော လွတ်လပ်မှုကို ပေးမည်မဟုတ်ပေ။ သို့သာမက ဂုဏ်သရေသေးသိမ်မှုသည် ၎င်းတို့အဖို့ အစဉ်အမြဲ ဖြစ်သွားပေမည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

قَالَتْ يٰۤاَيُّهَا الْمَلَؤُا اِنِّيْۤ اُلْقِيَ اِلَيَّ كِتٰبٌ كَرِيْمٌ

၎င်း ရှီဗားဘုရင်မ ဗိလ်ကီးစ်က (ဤသို့) ပြောကြားခဲ့လေ၏။ အို, မှူးမတ်အပေါင်းတို့၊ ဧကန်စင်စစ် မြင့်မြတ်၍ ဘုန်းကျက်သရေနှင့် ပြည့်စုံသော စာတစ်စောင်သည် ကျွန်ုပ်ထံသို့ ပစ်ချပေးခြင်းကို ခံခဲ့ရလေသည်။ [၂၇ : ၂၉]

'ကရီးမ်'၏ လုံးချင်းကောက်အဓိပ္ပာယ်သည် 'မွန်မြတ်၊ မြင့်မြတ်ခြင်း' ဖြစ်သည်။ အသုံးအနှုန်းဝေါဟာရ၌ 'တံဆိပ်နှင့် ချိတ်ပိတ်ခြင်း ခံထားရသော စာ' ကို မွန်မြတ်ပြီး ကျက်သရေနှင့် ပြည့်စုံသော စာဟူ၍ ခေါ်ဆိုပေသည်။ ထို့ကြောင့် ဤအာယသ်တော်အတွင်း ပါရှိသော كِتَابٌ كَرِيْمٌ (မြင့်မြတ်ကာ ဘုန်းကျက်သရေနှင့် ပြည့်စုံသောစာ) ဟူသည့် အချက်ကို အကျယ်ချဲ့ဖွင့်ဆိုရာ၌ အိဗ်နေအဗ္ဗားစ်၊ ကသာဒါးဟ်နှင့် ဇိုဟိုက်ရ် အစရှိသော သခင်ကြီးများသည် مَخْتُوْمٌ (ချိတ်ပိတ်၊ တံဆိပ်နှိပ်ပြီးဖြစ်သော စာ) ဟူ၍ ဖွင့်ဆိုထားကြပေသည်။ အကြင်အထက်တင်ပြပါအချက်မှ 'ဟဇရသ်စုလိုက်မာန် عليه السلام သည် စာလွှာအပေါ် မိမိ၏ လက်စွပ်တော်၏ တံဆိပ်ခတ်နှိပ်ထားကြောင်း အတည်ပြုရရှိနိုင်ကြောင်း'ကို သိရှိရပေသည်။ 'ကျွန်ုပ်၏ တမန်တော်မြတ် ﷺ သည် ချိတ်ပိတ်မှုနှင့် တံဆိပ်ခတ်နှိပ်မှု မပါရှိသော စာကို အာရဗ်မဟုတ်သော အခြားသော လူမျိုးဘုရင်တို့က အသိအမှတ်မပြုသည်'ကို သိရှိသွားသောအခါ အခြားသော ဘုရင်များထံ စာလွှာများပေးပို့ရန်အတွက် လက်စွပ်တော်ကို ပြုလုပ်ခိုင်းသည်။ ကိုက်ဆွာရ်နှင့် ကစ်ရာ အစရှိသော ဘုရင်တို့အား စာလွှာများပေးပို့မှု ၎င်းတို့အပေါ် လက်စွပ်တော်၏ တံဆိပ်ကို ရိုက်နှိပ်ပေးတော်မူပေသည်။

အထက်ပါအချက်မှ 'စာလွှာအပေါ် တံဆိပ်တော် ရိုက်နှိပ်ပေးခြင်းသည် ပေးပို့သူနှင့် ပေးပို့ခြင်းခံရသူ နှစ်ဦးနှစ်ဖက်စလုံးအဖို့ ဂုဏ်သိက္ခာရှိကြောင်း'ကို သိရှိရပေသည်။ ယနေ့ မျက်မှောက်ခေတ်၌ စာကို စာအိတ်အတွင်း ထည့်ပေးသော ဓလေ့ဖြစ်ပေါ်နေသည်။ ဤသို့ စာအိတ်အတွင်း ထည့်ပေးခြင်းသည်လည်း တံဆိပ်ခတ်နှိပ်ပေးခြင်း၏ အစားပင် ဖြစ်ပေသည်။ မိမိအဖို့ ပေးလိုသူအား ဂုဏ်ပေးရန်ရှိမူ စာချည်းသက်သက်ကိုသာ မပို့ဘဲ စာအိတ်အတွင်း ထည့်ပေးခြင်းသည် စွန္နသ်တော်နှင့် အနီးကပ်ဆုံးအချက်ဖြစ်သည်။

ဟဇရသ်စုလိုက်မာန် عليه السلام ၏ စာသည် မည်သည့်ဘာသာစကားနှင့် ဖြစ်ပေသနည်း။

ဟဇရသ်စုလိုက်မာန် عليه السلام သည် အာရဗ်လူမျိုး မဟုတ်နေလင့်ကစား အာရဗီစာပေ ဘာသာစကားသိနားလည်ရန်မှာ ၎င်းအဖို့ တစ်စုံတစ်ရာ ဝေးကွာလှစွာသော အချက်မဟုတ်ပေ။ ထိုနဗီသည် ၎က်တိရစ္ဆာန်၏ ဘာသာစကားထိတိုင် သိနားလည်ပေရာ အာရဗီစာပေဘာသာစကားသည် အမွန်မြတ်၊ အမြင့်မြတ်ဆုံးဘာသာစကားဖြစ်သည့်အတွက်ကြောင့် အာရဗီစကားဖြင့် ရေးသားခြင်းလည်း ဖြစ်နိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းစာ ပို့ပေးလိုက်သူ (ဗိလ်ကီးစ်) သခင်မသည် အာရဗ်အမျိုးသမီးတစ်ဦး ဖြစ်သည်။ အာရဗ်နွယ်ဖွား ဖြစ်သည်။ ၎င်းအမျိုးသမီးသည် စာကို ဖတ်ကာ သိနားလည် သဘောပေါက်သွားပေသည်။ သို့မဟုတ် 'ဟဇရသ်စုလိုက်မာန် عليه السلام သည် စာကို မိမိ၏ ဘာသာစကားဖြင့် ရေးကာ ဗိလ်ကီးစ် သခင်မထံသို့ ပို့ပေးပြီး ဗိလ်ကီးစ်သခင်မသည် မိမိဘက်မှ ဘာသာပြန်၊ စကားပြန်တစ်ဦးကို ဖတ်ခိုင်းကာ ရှင်းပြစေသည်' ဟူသော အချက်သည်လည်း ဖြစ်နိုင်ပေသည်။ / ရှုးဟ် /

စာရေးသားခြင်း၏ အချို့သော ယဉ်ကျေးမှုနည်းစနစ်များ

إِنَّهُ مِنْ سُلَيْمَانَ وَإِنَّهُ بِسْمِ اللهِ الرحمنِ الرحيم

ဧကန်စင်စစ် ၄င်းစာမှာ တမန်တော်စုလိုက်မာန်ထံမှ ဖြစ်၏။ ထို့ပြင် ဧကန်အမှန် ၄င်းစာသည် အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော၊ အလွန်တရာ သနားကြင်နာတော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုထား၏။ [၂၇ : ၃၀]

ကုရ်အာန်ကျမ်းတော်မြတ်သည် လူ့ဘဝ ရပ်တည်ရှင်သန်နိုင်ရန်အတွက် မညွှန်ပြထားသော ရှုထောင့်ဟူ၍ တစ်စုံတစ်ရာမျှ မရှိပေ။ စာလွှာ၊ သဝဏ်လွှာ ပေးပို့ဆောင်ခြင်း၏ အကြောင်းခံဖြင့် အချင်းချင်းကြား ပြောဆိုကြားနာနိုင်ခြင်းသည် လူသားတို့အဖို့ အလွန်အရေးကြီးသော အချက်များထဲမှ ဖြစ်ပေသည်။ ဤစူရာဟ်တော်အတွင်း၌ ဗိလ်ကီးစ်သခင်မ၏ အမည်ဖြင့် ဟဇရတ်စုလိုက်မာန်သခင်ထံမှ ပေးပို့သော စာကို ပြည့်စုံစွာ ဆင့်ပြန်တင်ပြထားပေသည်။ ဤစာသည် နဗီတမန်တော်တစ်ပါး၏ စာလွှာဖြစ်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် ထိုစာလွှာကို သာပိုကောင်းမြတ်သော အချက်အသွင်ဖြင့် တင်ပြထားပေသည်။ ထို့ကြောင့် ဤစာလွှာအတွင်း၌ စာရေးသားခြင်းဆိုင်ရာ ယဉ်ကျေးမှုနည်းစနစ်များကို ပြဋ္ဌာန်းထားပေသည်။ ထိုအချက်အကြောင်းအရာများသည် မွတ်စ္လင်မ်တို့အဖို့ နောက်လိုက်သမှုပြုရန် ထိုက်တန်သော အချက်များ ဖြစ်ပေသည်။

ရေးသားသူသည် ဦးစွာပထမ မိမိ၏ အမည်၊ ပို့ခံရသူ၏ အမည်ကို ရေးသားရမည့်အကြောင်း

ဦးစွာပထမ ဤစာလွှာအတွင်း၌ ပါရှိသော ညွှန်ကြားချက်မှာ စာလွှာကို ဟဇရတ်စုလိုက်မာန် عليه السلام သည် မိမိ၏ အမည်ဖြင့် အစပြုထားပေသည်။ ပေးပို့ခြင်းခံရသော သူမ၏ အမည်ကို မည်ကဲ့သို့ ရေးသားထားသည်ကို ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ မဖော်ပြထားပေ။ သို့ရာတွင် စာလွှာ ရေးသားခြင်းအတွက် နဗီတမန်တော်များ၏ 'စုန္နသ်'ဓလေ့သည် ဤအောက်ဖော်ပြပါ အချက်ခန့်မျှကို သိရှိရပေသည်။ ဦးစွာပထမ မိမိ၏ အမည်ကို ရေးသားခြင်းဖြင့် များစွာသော အကျိုးများ ရှိပေသည်။ ဥပမာ- စာမဖတ်မီ အလျင်ကပင် ပေးပို့ခြင်းခံရသူသည် 'မိမိ မည်သူ၏ စာကို ဖတ်နေရသည်'ကို သိရှိသွားပေသည်။ သို့မှသာ ၄င်းသည် ထိုအသိုင်းအဝိုင်းအတွင်း၌ စာလွှာပါအကြောင်းအရာကို ဖတ်ရှုကာ တွေးခေါ်ပေလိမ့်မည်။ 'မည်သူ၏ စာကို ဖတ်နေရပေသနည်း'ဟူ၍ စာလွှာအတွင်း၌ ပေးပို့သူ၏ အမည်၊ အရပ်ဒေသကို ရှာဖွေရခြင်း၏ ဒုက္ခကို မခံစားရပေ။ တမန်တော်မြတ် ﷺ မှဆင့်ပြန်ချက်လာရှိထားသော စာလွှာများနှင့် ကမ္ဘာလောကအတွင်း၌ ဖြန့်ချိထားပြီးဖြစ်သော စာလွှာများအတွင်း၌လည်း တမန်တော်မြတ် ﷺ သည် ဤနည်းလမ်းကို သာလျှင် ရွေးချယ်အသုံးပြုထားပေသည်။ من محمد عبد الله ورسوله ဟူသော စာပိုဒ်ဖြင့် အစပြုထားပေသည်။

ဤနေရာ၌ 'အဆင့်အတန်းကြီးမြင့်သူတစ်ဦးသည် အဆင့်အတန်း မိမိထက်နိမ့်သူ တစ်ဦးတစ်ယောက်အား စာလွှာရေးသားရာ၌ မိမိ၏ အမည်ကို ဦးစွာပထမ ရေးသားလိုက်ခြင်းသည် စောဒကတက်စရာ

အကြောင်း တစ်စုံတစ်ရာမျှ မရှိပေ။ သို့ရာတွင် အဆင့်အတန်းနိမ့်သူတစ်ဦးသည် မိမိ၏ ဖခင်၊ ဆရာနှင့် ရှိုက်ခ်၊ အခြားသောလူကြီးတစ်ဦးအား ရေးသားသော စာလွှာတွင် မိမိ၏ အမည်ကို ဦးစွာပထမ ရေးသားထားခြင်းသည် ယဉ်ကျေးမှုနှင့် ဆန့်ကျင်ဘက်ဖြစ်ရှိနေသော အချက်မဟုတ်ပါ၏လော။ ထိုသူ့အဖို့ ဤသို့ လုပ်သင့်ပါသလော'ဟူ၍ မေးစရာမေးခွန်း ပေါ်ပေါက်လာပေသည်။

ယင်းအချက်နှင့် စပ်လျဉ်း၍ ဆွဟာဗာကြီးများ၏ လုပ်ရိုးလုပ်စဉ်သည် အမျိုးမျိုး ရှိပေသည်။ များစွာသော ဆွဟာဗာကြီးများသည် စွန္နသ်တော်အား နောက်လိုက်သမှု ပြုခြင်းကို ယဉ်ကျေးမှုထက် ဦးစားပေးကာ တမန်တော်မြတ် ﷺ ထံ ဆက်သသော စာလွှာအတွင်း၌ 'ဗဟ်ရုလ်မုဟွီးသ်'ကျမ်း၏ သဟဲဖြင့် ဟဇရသ်အနတ်စ် ﷺ သခင်ကြီး၏ အဆိုကို ဆင့်ကဲဆင့်ကဲ ဆင့်ပြန်ပေးထားပေသည်။

ماكان احد اعظم حرمة من رسول الله ﷺ وكان اصحابه اذاكتبو اليه كتابابداؤا بانفسهم قلت وكتاب علاء الحضرمي انه يشهد له على ماروى

တမန်တော်မြတ် ﷺ ထက် သာပို၍ အရိုအသေပေးထိုက်သူသည် တစ်ဦးတစ်ယောက်မျှ မရှိပေ။ သို့ရာတွင် ဆွဟာဗာကြီးများသည် တမန်တော်မြတ် ﷺ ထံ စာလွှာရေးသားသောအခါ မိမိတို့၏ အမည်ဖြင့်သာ အစပြုထားပေသည်။ ဟဇရသ်အလာအီးဟသွ်ရမီးသခင်ကြီးသည် တမန်တော်မြတ် ﷺ ထံ ပေးပို့သော စာမှာ ထင်ရှားလှပေသည်။ ယင်းစာသည် အထက်ဖော်ပြပါအချက်အပေါ် သက်သေပေး မီးမောင်းထိုးပြလျက် ရှိပေသည်။

သို့သာမက ရုဟုလ်မအာနီကျမ်းအတွင်း၌ အထက်တင်ပြပါ ဆင့်ပြန်ချက်ကို ရေးသားဖော်ပြပြီး နောက် 'ဤတင်ပြမှုအလုံးစုံတို့သည် သာပို၍ ကောင်းခြင်း၊ မကောင်းခြင်းနှင့် စပ်လျဉ်းနေပေသည်။ ပိုင်ခြင်း၊ မပိုင်ခြင်းနှင့် စပ်လျဉ်းနေသည်မဟုတ်။ အကယ်၍ တစ်ဦးတစ်ယောက်သည် မိမိ၏ အမည်ကို အစတွင် ရေးရမည့်အစား နောက်ဆုံး၌မှာပင် ရေးလိုက်မည်ဆိုလျှင်လည်း ပိုင်ပေသည်'ဟူ၍ ရေးသားထားပေသည်။ ဖကီးဟ်အဗူလ်လိုက်စ်သခင်ကြီးသည် ဗုစ်သာန်ကျမ်း၌ 'အကယ်၍ တစ်ဦးတစ်ယောက်သည် ပေးပို့ခြင်းခံရသောသူ၊ သူမ၏ အမည်ဖြင့် အစပြုထားမည်ဆိုလျှင်လည်း ယင်းသို့ ရေးသားပိုင်ခြင်းနှင့် စပ်လျဉ်း၍ မည်သူတစ်ဦးတစ်ယောက်မျှ အခြေအတင် မပြောဆိုထားပေ။ အဘယ်ကြောင့်ဆိုသော် အုမ္မသ် (နောက်လိုက်ထု) အတွင်း၌ ဤနည်းလမ်းသည် အစဉ်အလာအဖြစ် တည်ရှိလာက မည်သူတစ်ဦး တစ်ယောက်မျှ ငြင်းဆိုထားခြင်း မရှိပေ' ဟူ၍ ပါရှိထားပေသည်။ *[ရုဟုလ်မအာနီ၊ ကုရ်သုဗီး]*

စာလွှာ၏ ပြန်ကြားချက်ပေးခြင်းသည်လည်း နဗီတမန်တော်များ၏ စွန္နသ်တော်ဖြစ်ကြောင်း

ကုရ်သုဗီးကျမ်း၌ ရေးသားပါရှိထားပေသည်။ အကြင်သူ၏ ထံသို့ စာလွှာတစ်စောင် ရောက်ရှိလာပါက ၎င်းသည် တုန့်ပြန်စာအဖြေကို ပေးသင့်ပေသည်။ အဘယ်ကြောင့်ဆိုသော် အသင့်မရှိသောသူ၏

စာလွှာသည် အသင့်ရှိသူ၏ စလာမ်၏ အရိုက်အရာနေရာ၌ ရှိပေသည်။ ထို့ကြောင့် ဟဇရတ်အိဗ်နေအဗ္ဗားစ် رضي الله عنه သခင်ကြီးထံမှ ဆင့်ပြန်ချက်တစ်ရပ်တွင် ဤသို့ လာရှိထားပေသည်။ ၎င်းသည် စာလွှာ၏ အဖြေကို စလာမ်၏ အဖြေကဲ့သို့ 'ဝါဂျိဗ်'ဟူ၍ သတ်မှတ်ပေးထားပေသည်။

စာလွှာများ၌ 'ဗိစ်မိလ္လာဟ်' ရေးသားခြင်းအကြောင်း

ဟဇရတ်စုလိုက်မာန် عليه السلام ၏ တင်ပြပါစာလွှာမှသော်လည်းကောင်း၊ ထို့ပြင် တမန်တော်မြတ် ﷺ ၏ သဝဏ်လွှာများအားလုံးမှသော်လည်းကောင်း 'စာလွှာ၊ သဝဏ်လွှာ၏ အစ၌ 'ဗိစ်မိလ်လားဟိရ်ရဟ်မား နိရ်ရဟီးမ်'ရေးသားခြင်းသည် နဗီတမန်တော်များ၏ စွန္နသ်ဖြစ်ကြောင်း' ၏ ဓမ္မသတ်ကို အတည်ပြု၍ ရရှိပေသည်။ 'ဗိစ်မိလ်လားဟ်ကို မိမိ၏ အမည်ထက်အလျှင် ရေးရမည်လော။ နောက်မှ ရေးရမည်လော' ဟူ၍ နောက်ထပ် ဓမ္မသတ်တစ်ရပ် ကျန်ရစ်နေပေသည်။ သို့ဆိုလျှင် တမန်တော်မြတ် ﷺ ၏ သဝဏ်လွှာ၊ စာလွှာများသည် 'ဗိစ်မိလ်လားဟ်'ကို ဦးစားပေး ရေးသားထားကာ တစ်ဖန် ရေးသူ၏ အမည်၊ တစ်ဖန် ပို့ပေးခြင်းခံရသူ၏ အမည်ကို ရေးသားထားကြောင်းအား မီးမောင်းထိုးပြလျက်ရှိပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌မူ ဟဇရတ်စုလိုက်မာန် عليه السلام ၏ အမည်သည် ဦးစွာပါရှိ၍ 'ဗိစ်မိလ်လားဟ်'သည် နောက်မှ ပါရှိကြောင်းကို တင်ပြထားပေသည်။ ယင်းအချက်၏ အပေါ်ယံ ရှုမြင်သုံးသပ်ချက်အရ 'ဗိစ်မိလ်လားဟ်'ကို မိမိ၏ အမည်၏နောက်မှ ရေးသားခြင်းပိုင်ကြောင်းကို သိရှိရပေသည်။

သို့ရာတွင် အိဗ်နေအဘီဟာသင်မ် رضي الله عنه သခင်ကြီးသည် ယဇီးဒ်ဗင်န်ရိုမာန်းသခင်ကြီးထံမှ ဆင့်ပြန်ထားသည်မှာ 'စင်စစ် ဟဇရတ်စုလိုက်မာန် عليه السلام သည် မိမိ၏ စာလွှာ၌ ဤသို့ ရေးသားထားပေသည်။

بسم الله الرحمن الرحيم من سليمان بن داوٗد الى بلقيس

انبة ذى شرح وقومها ان لا تعلوا

ဗိလ်ကီးစ်သခင်မသည် ဤစာလွှာကို မိမိ၏ မျိုးနွယ်အုပ်စုအား ဖတ်ပြသောအခါဝယ် ၎င်းသူမသည် မိမိ၏ မျိုးနွယ်အုပ်စုအား သတိပေးရန်အတွက် ဦးစွာပထမ စုလိုက်မာန် عليه السلام ၏ အမည်ကို ဦးစွာပထမ တင်ပြပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ လာရှိထားခြင်းသည် ဗိလ်ကီးစ်သခင်မ၏ အဆို ဖြစ်သည်။ ဟဇရတ်စုလိုက်မာန် عليه السلام ၏ မူရင်းစာ၌ 'ဗိစ်မိလ်လားဟ်'ကို ဦးစွာ ရေးသားထား၏လော။ သို့မဟုတ် ဟဇရတ်စုလိုက်မာန် عليه السلام ၏ အမည်ကို ဦးစွာ ရေးသားထား၏လော'ဟူသော အချက်နှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ တစ်စုံတစ်ရာ ရှင်းလင်းတင်ပြထားခြင်း မရှိပေ။ 'ဟဇရတ်စုလိုက်မာန် عليه السلام ၏ အမည်ကို စာအိတ် (သဝဏ်လွှာ) အပေါ်၌ ရေးသားထားကာ အတွင်းပိုင်းမှ 'ဗိစ်မိလ်လားဟ်'ဖြင့် အစပြုထားပေသည်'ဟူ၍လည်း ဖြစ်နိုင်ပေသည်။ ဗိလ်ကီးစ်သခင်မသည် မိမိ၏ မျိုးနွယ်အုပ်စုကို ဖတ်ပြသောအခါဝယ် ဟဇရတ်စုလိုက်မာန် عليه السلام ၏ အမည်ကို ဦးစွာပထမ တင်ပြပြောဆိုခြင်း ဖြစ်ပေသည်။

ဓမ္မသတ် ။ ။ စာလွှာရေးသားခြင်း၏ မူရင်းစွန္နသ်သည် 'စာလွှာတိုင်း၏ အစ၌ 'ဗိစ်မိလ်လားဟ်' ကို ရေးသားရန် ဖြစ်သည်။ သို့ရာတွင် ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္နသ်တော်၏ 'နုစူစ်' (အဓိက လိုရင်းသဘောကို တင်ပြရန် ယူဆောင်လာသော ဝါကျများ) နှင့် အရိပ်အမြွက်ပြခြင်းတို့မှ ဓမ္မသတ်ပညာ ရှင်တို့သည် ဤအောက်ဖော်ပြပါပုံသေနည်းကို တင်ပြထားပေသည်။ အကြင်နေရာသို့ 'ဗိစ်မိလ်လားဟ်' သို့မဟုတ် အလ္လာဟ်အသျှင်မြတ်၏ နာမတော်တစ်ပါးပါးကို ရေးသားပေမည်။ အကယ်၍ ထိုကဲ့သို့ ရေးသားလိုက်သော နေရာသည် ယင်းစာ၊ သဝဏ်လွှာအား အရိုအသေကင်းမဲ့အောင် ပြုခြင်းမှ ထိန်းသိမ်း စောင့်ရှောက်ရန် တစ်စုံတစ်ရာ အလေးမမူဘဲ ၄င်းတို့သည် ဖတ်ကာ လွှင့်ပစ်လိုက်မည်ဆိုလျှင် ဤကဲ့သို့သော စာလွှာများနှင့် အရာများ၌ 'ဗိစ်မိလ္လာဟ်'သို့မဟုတ် အလ္လာဟ်အသျှင်မြတ်၏ နာမတော် တစ်ပါးပါးအား ရေးသားခြင်းမပိုင်ပေ။ အကြောင်းမှာ ၄င်းတို့သည် ဤကဲ့သို့ ထိုအရိုအသေကင်းမဲ့အောင် ပြုခြင်း၏ ပြစ်မှုဒုစရိုက်အတွင်း၌ ပူးတွဲပါဝင်သွားပေမည်။ မျက်မှောက်ခေတ်၌ များသောအားဖြင့် တစ်ဦး သည် အခြားသောသူတို့အား စာရေးလေ့ရေးထ ရှိပေသည်။ ၄င်းစာများ၏ အခြေအနေကို အားလုံး သိနားလည် ကြပေသည်။ အဘယ်ကြောင့်ဆိုသော် ယင်းစာများသည် ရေမြောင်းများနှင့် ညစ်ညမ်းသော နေရာများ တွင် ကျရောက်နေသည်ကို မြင်တွေ့ရပေသည်။ ထို့ကြောင့် စွန္နသ်တော်အား တာဝန်ကျေပွန်ရန်အတွက် 'နှုတ်လျှာဖြင့် 'ဗိစ်မိလ်လားဟ်' ရွတ်ဆို၍ စာလွှာ၌ မရေးသားရန်' သည် သင့်တော်သော အချက်ဖြစ်ပေသည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်တစ်စုံတစ်ရာ ရေးသားထားသော စာလွှာအား ကာဖိရ်သို့မဟုတ် မုရှ်ရစ်က်တစ်ဦးဦးအား ပေးခြင်း ပိုင်၏လော။

ဤစာလွှာကို ဟဇရသ်စုလိုက်မာန် عليه السلام သည် 'ဗိလ်ကီးစ်သခင်မကြီးကို ၄င်းမွတ်စ္စလင်မ် မဖြစ်သေးချိန်၌ ပေးပို့လိုက်ခြင်းဖြစ်ပေသည်။ ဧကန်အမှန် ယင်းစာလွှာအတွင်း၌ 'ဗိစ်မိလ်လားဟ်ဟိရ် ရဟ်မား နိရ်ရဟီးမ်' ဟူ၍ ရေးသားထားပေသည်။ အကြင်အချက်မှ ရေးသားပိုင်ကြောင်းကို သိရှိရပေ သည်။ တမန်တော်မြတ် ﷺ သည် အာရဗ်လူမျိုးမဟုတ်သော ဘုရင်များထံ သဝဏ်လွှာများကို ပေးပို့ ခဲ့သည်။ ၄င်းတို့သည် မုရှ်ရစ်က်များ ဖြစ်ကြပေသည်။ ထိုသဝဏ်လွှာများအတွင်း၌ အချို့သော အာယသ် တော်များကို ရေးသားထားပေသည်။ စင်စစ် အကြောင်းအရင်းမှာ ဤသို့ပင် ဖြစ်သည်။ ကုရ်အာန်ကျမ်း တော်မြတ်အား ကာဖိရ်တစ်ဦး၏ လက်ဝယ်အတွင်းသို့ ပေးခြင်းသည် မပိုင်ပေ။ သို့ရာတွင် စာစဉ်အကြောင်း အရာတစ်ခု၏ ကွင်းဆက်တစ်ဆက်တည်း၌ အများသုံးဝေါဟာရတွင် ကုရ်အာန်ကျမ်းတော်မြတ်ဟူ၍ ခေါ်တွင် လောက်သော ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်တစ်အာယသ်သည် တစ်အုပ်အုပ်၊ သို့မဟုတ် စာလွှာတစ်ခုခုအတွင်း၌ ပါရှိနေပါက ယင်းအာယသ်တော်၏ အမိန့်သည်လည်း ကုရ်အာန်ကျမ်းတော်မြတ် ၏ အမိန့်မဟုတ်ပေ။ ထိုစာအုပ်၊ သို့မဟုတ် စာကို 'ဂူဇူ'မရှိသောသူ၏ လက်ဝယ်အတွင်းသို့ ပေးပိုင်နိုင် ပေသည်။

[အာလမ်ဂီရီး၊ ကေသာဖွလ်ခသွရ်ဝလ်အိဗာဟား]

စာလွှာကို လိုရင်းတိုရှင်း ရသပြောင်မြောက်၍ စွဲမှုသော အသွင်ဖြင့် ရေးသင့်ရန်အကြောင်း

ဟဇရတ်စုလိုက်မာန် ﷺ ၏ သဝဏ်လွှာကို ကြည့်ရှုလေ့လာမည်ဆိုလျှင် စာကြောင်း အချို့ အတွင်း၌ အလွန်အရေးကြီးသော စာစဉ်အကြောင်းအရာများကို စုစည်းထားပေသည်။ ကာရံနဘေနှင့် ရသပြောင်မြောက်ခြင်း၏ အမြင့်မားဆုံးသော စံချိန်ကို ချိုး၍ ရပ်တည်နေကာ ကာဖိရ်များနှင့် တုယှဉ် နိုင်းယှဉ်ရာ၌ မိမိ၏ နန်းရှိန်၊ ဂုဏ်ဝါတို့အားလည်း ထုတ်ဖော်မှု ပြုထားပေသည်။ ထိုအချက်တို့နှင့်အတူ အလ္လာဟ်အသျှင်မြတ်၏ ပြည့်ဝစုံလင်လှစွာသော ဂုဏ်တော်များအား တင်ပြခြင်း၊ အစ္စလာမ်သာသနာဘက် သို့ ဖိတ်ခေါ်ခြင်းနှင့် ဂုဏ်မောက်ကြွားဝါခြင်းတို့အားလည်း ကဲ့ရဲ့မှု ပြုထားပေသည်။ စင်စစ် ဤစာလွှာ သည် ကုရ်အာန်ကျမ်းတော်မြတ်၏ အံ့ချီးမဆုံးသော အချက်များထဲမှ စံနမူနာတစ်ရပ် ဖြစ်ပေသည်။ ဟဇရတ် ကသာဒဟ်သခင်ကြီးက အမိန့်ရှိသည်မှာ 'စာလွှာ၊ သဝဏ်လွှာများ ရေးသားခြင်းနှင့် စပ်လျဉ်း၍ နဗီ တမန်တော်များအားလုံး၏ စွန္နသ်မှာ 'ရေးသားရာ၌ ရှည်လျားမှုမရှိဘဲ သို့ရာတွင် အရေးကြီးသော မည်သည့် စာစဉ်အကြောင်းအရာတစ်ခုကိုမျှ လွတ်သွားခြင်း'ဟူ၍ မရှိခြင်း' တို့သာလျှင် ဖြစ်ပေသည်။

[ရှဟုလ်မအာနီး]

အရေးကြီးသော အမှုကိစ္စ၌ 'မရှ်ဝါရာ' ပြုလုပ်ခြင်း၊ စွန္နသ်ဖြစ်ခြင်းအကြောင်း ထိုသို့ ပြုရာ၌ အခြားသူများ၏ တင်ပြသော အကြံပြုချက်မှ အကျိုးအမြတ်လည်း ရရှိသည့်အကြောင်းနှင့် လူတို့ကြားဝယ် နှလုံးသားပေါင်းစည်းမှု ရရှိသည့်အကြောင်း

قَالَتْ يَاَيُّهَا الْمَلَؤُ اَفْتُوْنِيْ فِيْٓ اَمْرِيْ مَاكُنْتُ قَاطِعَةً اَمْرًا حَتّٰى تَشْهَدُوْنِ

၄င်းရှိဗားဘုရင်မက 'အို၊ မှူးမတ်အပေါင်းတို့၊ အသင်တို့သည် ကျွန်ုပ်၏ အရေးနှင့် စပ်လျဉ်း၍ ကျွန်ုပ်အား အကြံဉာဏ်ပေးကုန်။ အသင်တို့သည် ကျွန်ုပ်၏ အပါး၌ မရှိသမျှ ကာလပတ်လုံး ကျွန်ုပ်သည် မည်သည့်ကိစ္စကိုမျှပင် စီရင်ဆုံးဖြတ်လေ့ မရှိပေ'ဟု ပြောကြားခဲ့လေ၏။ *[၂၇ : ၃၂]*

'ကျွန်ုပ်အား အကြံဉာဏ်ပေးလေကုန်'ဟူသော စကားလုံးသည် (ဖတ်ဝါ) ဟူသော စကားလုံးမှ ဆင်းသက်လာခြင်းဖြစ်သည်။ အဓိပ္ပာယ်မှာ 'သီးသန့်မေးသတ်တစ်ရပ်၏ အဖြေကို ပေးခြင်း'ဟူ၍ ရ၏။ ဤနေရာ၌ 'ညှိနှိုင်းတိုင်ပင် ဆွေးနွေးတင်ပြခြင်း၊ အကြံပေးခြင်း'ဟူ၍ ရ၏။ ဗိလ်ကီးစ်သခင်မ၏ထံ ဟဇရတ်စုလိုက်မာန် ﷺ ထံမှ သဝဏ်လွှာ ရောက်ရှိလာသောအခါဝယ် ၄င်းသူမသည် မိမိ၏ နန်းတွင်း မှူးမတ်များကို ခေါ်ယူစုရုံးစေကာ ထိုဖြစ်အင်အား ထုတ်ဖော်တင်ပြပေသည်။ ၄င်းတို့ထံမှ မိမိမည်သို့ ပြုရမည်ဖြစ်ကြောင်းကို တိုင်ပင်ပေသည်။ ထိုသခင်မကြီးသည် ၄င်းတို့၏ အကြံဉာဏ်ကို မပေးမီအလျှင် ၄င်းတို့ စိတ်ဓါတ်ရေးရာ ကြံ့ခိုင်စေရန်နှင့် ဝီရိယအားဖြည့်ပေးရန်အတွက် 'ကျွန်တော်မျိုးမသည် မည်သည့်

အမှုကိစ္စတစ်ရပ်ရပ်အား အသင်တို့ မပါရှိဘဲ ဆုံးဖြတ်ချက်မချပေ'ဟူ၍ ပြောဆိုပေသည်။ ထိုပြောကြားချက်၏ အကျိုးဆက်တရားကြောင့် စစ်တပ်နှင့် နန်းတွင်းဝန်ကြီးတို့သည် ယင်းပြောကြားချက်အား တုန့်ပြန်လျှောက်ထားရာ၌ 'မိမိတို့အနေဖြင့် နာခံရန် အသင့်ဖြစ်ပြီး အမျိုးမျိုးသော သက်စွန့်ကြိုးပမ်းမှုကို စတေးပါသည်'ဟူ၍ လျှောက်ထားကြပေသည်။

نَحۡنُ اولواقوة واولوا باس شديه والامر اليك

'ကျွန်ုပ်တို့သည် ခွန်အားရှိသူများ တိုက်ခိုက်မှုကို ပြင်းထန်စွာ ဝါသနာထုံသူများ ဖြစ်ကြပါသည်။ သို့ရာတွင် အမိန့်အာဏာသည် အသင်ဘုရင်မ၏ လက်တွင်း၌သာ ရှိပေရာ။' *[၂၇ : ၃၃]*

ဟဇရသ်ကသာဒါသခင်ကြီးက အမိန့်ရှိသည်။ ကျွန်ုပ်တို့အား 'ဗိလ်ကီးစ်သခင်မကြီး၏ ညှိနှိုင်းတိုင်ပင်ရေး အတွင်းဝန်များသည် ၃၁၃ ဦး ရှိပေသည်။ ၎င်းတို့ထဲမှ တစ်ဦးချင်းစီသည် လူ (၁၀၀) ၏ ဦးစီးနာယကများ ဖြစ်ကြပေသည်'ဟူ၍ ပြောပြခဲ့ကြပေသည်။ *[ကုရ်သုဗီး]*

အထက်ပါရှင်းလင်းချက်မှ 'အရေးကြီးသော ကိစ္စရပ်များအား ညှိနှိုင်းတိုင်ပင်ခြင်းသည် အတိတ်ခေတ်လေ့ဖြစ်ကြောင်း' ကို သိရှိရပေသည်။ အစ္စလာမ်သာသနာသည် ညှိနှိုင်းတိုင်ပင်မှုကို သီးသန့်အလေးအနက်ထားစေကာ အုပ်ချုပ်မှုပြုသော သူတို့ကိုလည်း ယင်းအချက်အား တစ်စိုက်မတ်မတ် ပြုထားခိုင်းပေသည်။ မုဗာဒိတ်တော် 'ဝဟီ'ပို့ချခြင်းခံရသော၊ မိုးကောင်းကင်၏ လမ်းညွှန်ချက်များ ရရှိသောကြောင့် တမန်တော်မြတ် ﷺ ကိုယ်တော်တိုင်အဖို့ အခြားတစ်ဦးတစ်ယောက်ထံမှ ညှိနှိုင်းတိုင်ပင်မှု ရယူရန် စင်စစ် မလိုအပ်ပေ။ သို့ရာတွင် နောက်ဆုံးအဆင့်အနေဖြင့် အွမ္မသ် (နောက်လိုက်ထု) အတွက် ဆွန္နသ်တော်အား ထိန်းသိမ်းအခွန့်ရှည်စေရန်အတွက် တမန်တော်မြတ် ﷺ အား

وَشَاوِرۡ هُمۡ فِى الۡاَمۡرِ

ထို့ပြင် အသင်သည် အရေးကိစ္စအဝဝနှင့် စပ်လျဉ်း၍ ထိုသူတို့နှင့် တိုင်ပင်ဆွေးနွေးပါလေ။

[၃ : ၁၅၉]

ထိုအာယသ်တော်အတွင်း၌ ဆွဟာဗာကြီးများအား စိတ်ဓါတ်ကြွခိုင်စေရန်နှင့် သိက္ခာမြှင့်တင်ပေးထားခြင်းလည်း ဖြစ်သည်။ နောင်လာမည့် အုပ်ချုပ်မှုကို ပြုသော သူတို့အဖို့လည်း 'ညှိနှိုင်းတိုင်ပင်မှုဖြင့် စီမံဆောင်ရွက်ရန်' လေးနက်မှုလည်း ပါရှိထားပေသည်။

ဟဇရသ်စုလိုက်မာန် ﷺ ၏ ပေးစာအပေါ် ဗိလ်ကီးစ်သခင်မကြီး၏ တုန့်ပြန်စီမံမှု

နန်းတွင်းဝန်များကို ညှိနှိုင်းတိုင်ပင်မှု၌ ပါဝင်စေ၍ အကူအညီကို ရယူပြီးနောက် ဗိလ်ကီးစ် သခင်မကိုယ်တိုင်သည် စီမံကိန်းတစ်ရပ်ကို ရေးဆွဲပေသည်။ အကြင်စီမံကိန်း၏ ရလဒ်သဘောတရားမှာ ဤသို့ပင် ဖြစ်သည်။ ထိုအရာမှာ 'ဟဇရသ်စုလိုက်မာန် ﷺ အား 'အမှန်တကယ် အလ္လာဟ်အသျှင်မြတ်၏ နဗီ၊

ရစူလ်ဖြစ်၏လော။ အလ္လာဟ်အသျှင်မြတ် ပေးတော်မူသော အမိန့်တော်ကို နာခံသောသူ ဖြစ်ပါ၏လော။ သို့မဟုတ် တိုင်းပြည်တစ်ပြည်ပြည်အား သိမ်းပိုက်ရန် မက်ထားသောသူ ဖြစ်ပါ၏လော'ဟူသော အချက်ကို စီစစ်သုတေသနပြုရန် ဖြစ်သည်။ ယင်းသို့ စမ်းစစ်မှုပြုခြင်း၏ ရည်ရွယ်ချက်မှာ 'အကယ်၍ အမှန်တကယ် ၎င်းသည် နဗီ၊ ရစူလ်တမန်တော်ဖြစ်မှု ၎င်း၏ အမိန့်ကို နာခံသမှု ပြုရမည်ဖြစ်ပြီး ဆန့်ကျင်ဘက်ပြုခြင်း၏ မည်သည့်နည်းလမ်းကိုမျှ မရွေးချယ်ရန်ဖြစ်သည်။ ထို့ပြင် အကယ်၍ တိုင်းပြည်ကို တိုက်ခိုက်သိမ်းပိုက်လိုသော ရမ္မက်ရှိသူဖြစ်ကာ ကျွန်ုပ်တို့အား ကျေးကျွန်အဖြစ် ပြုချင်သူဖြစ်မည်ဆိုပါက '၎င်းအား မည်သို့ ရင်ဆိုင်ရမည်'ကို တစ်ဖန် စဉ်းစားရမည်'ဟူသော ရည်ရွယ်ချက်မျိုး ဖြစ်သည်။

ထိုစမ်းစစ်မှု၏ နည်းပရိယာယ်ကို ဗိလ်ကီးစ်သခင်မကြီးသည် ဤသို့ ပြုလိုက်ပေသည်။ ဟဇရသ်စုလိုက်မာန် ﷺ ၏ထံ လက်ဆောင်ပစ္စည်းများ ပို့ပေးလိုက်မည်။ အကယ်၍ ၎င်းသည် ယင်းပစ္စည်းများကို ယူဆောင်ကာ သဘောတူသွားသည်ဆိုလျှင် '၎င်းသည် ဘုရင်ဖြစ်ခြင်း'၏ နိမိတ်လက္ခဏာ ဖြစ်ပေသည်။ အကယ်၍ ၎င်းသည် အမှန်တကယ်၌ နဗီနှင့် ရစူလ်ဖြစ်မူ အစ္စလာမ်နှင့် အီမာန်အပြင် အခြားမည်သည့်အရာ တစ်စုံတစ်ရာကိုမျှ သဘောတူမည် မဟုတ်ပေ။ ဤအကြောင်းအရာကို အိဗ်နေဂျရီးရ်၏ သခင်ကြီးသည် များစွာသော ဆင့်ပြန်မှု ကွင်းဆက်များနှင့်အတူ ဟဇရသ်အိဗ်နေအဗ္ဗားစ်၊ မုဂျာဟီဒ်အိဗ်နေဂျုရိုက်ဂျ်နှင့် အိဗ်နေဝဟ်ဗ်တို့ထံမှ ဆင့်ပြန်ထားပေသည်။ ထိုအကြောင်းအရာအား ဤအာယသ်တော်အတွင်း၌ တင်ပြထားပေသည်။

وَاِنِّىْ مُرْسِلَةٌ اِلَيْهِمْ بِهَدِيَّةٍ فَنٰظِرَةٌ بِمَ يَرْجِعُ الْمُرْسَلُوْنَ

သို့ရာတွင် ကျွန်ုပ်ဘုရင်မမှာမူ ၎င်းတို့ထံ လက်ဆောင်ပဏ္ဏာ တစ်စုံတစ်ခုကို ပေးပို့ပြီးနောက် ကျွန်ုပ်၏ စေတမန်တို့သည် မည်သို့သော ပြန်ကြားချက် ယူဆောင်လာကြသည်ကို စောင့်၍ ကြည့်ပါမည်ဟု ဆိုလေသည်။ [၂၇ : ၃၅]

ဗိလ်ကီးစ်သခင်မ၏ စေတမန်များ ဟဇရသ်စုလိုက်မာန် ﷺ သခင်၏ နန်းတော်သို့ ရောက်ရှိခြင်း

အိစ်ရာအီးလ်ကျမ်းလာ ရာဇဝင်ဆင့်ပြန်ချက်များ၌ ဗိလ်ကီးစ်သခင်မဘက်မှ ရောက်ရှိလာသော စေတမန်များနှင့် လက်ဆောင်များအကြောင်း အလွန်အကျယ်ချဲ့အချက်များဖြင့် တင်ပြလာရှိထားပေသည်။ ဤအောက်ဖော်ပြပါ အချက်သည် ဆင့်ပြန်ချက်အားလုံးတို့တွင် တစ်ညီတစ်ညွတ်တည်း တည်ရှိသော အချက်ဖြစ်သည်။ လက်ဆောင်ပစ္စည်းများသည် ရွှေတုံးများနှင့် ကျောက်မျက်ရတနာများအချို့၊ ကျွန် (၁၀၀) ယောက်နှင့် ကျွန်မ (၁၀၀) တို့ ဖြစ်ပေသည်။ သို့ရာတွင် ကျွန်မများကို ကျွန်များ၏ အဝတ်ဖြင့်သော်လည်းကောင်း၊ ကျွန်များကို ကျွန်မများ၏ အဝတ်ဖြင့် ပေးပို့လိုက်သည်။ တစ်ဆက်တည်းမှာပင် ဟဇရသ်စုလိုက်မာန် ﷺ သခင်အား စမ်းစစ်ရန်အတွက် အချို့သော မေးခွန်းများပါဝင်သည့် သဝဏ်လွှာတစ်စောင်ကိုပါ ပါးလိုက်ပေသည်။ လက်ဆောင်များကို ရွေးချယ်ရာ၌လည်း ၎င်းအား စမ်းစစ်ရန် အဓိကရည်ရွယ်ချက်သဘော ဖြစ်သည်။

ဟာဇရသ်စုလိုက်မာန် عليه السلام အား အလ္လာဟ်အသျှင်မြတ်သည် ထိုသခင်မဘက်မှ ပို့ပေးလိုက်သော လက်ဆောင်များ၏ အကျယ်ချဲ့အကြောင်းအရာကို ၎င်းသံတမန် မရောက်လာမီကတည်းကပင် ပြသထားပြီးဖြစ်ပေသည်။ ဟာဇရသ်စုလိုက်မာန် عليه السلام သည် 'ဂျင်နားသ်'များအား ဤသို့ ပြုလုပ်ရန် အမိန့်ပေးလိုက်ပေသည်။ မိမိ၏ နန်းတော်ဖြင့် မိုင် (၃၀) ကွာဝေးသောနေရာ၌ ရွှေတုံး၊ ငွေတုံးများကို တုံးခုလမ်းအဖြစ် ပြုလုပ်၍ ယင်းရွှေလမ်း၊ ငွေလမ်း၏ နှစ်ဖက်နှစ်ချက်၌ အံ့ဖွယ်ကောင်းသော တိရစ္ဆာန်များကို မတ်တတ်ရပ်ထားစေပေသည်။ အကြင်တိရစ္ဆာန်များ၏ အခင်းကြီးအခင်းလေး သွားခြင်းတို့သည် ထိုရွှေလမ်း၊ ငွေလမ်းပေါ်၌ ကျရောက်နေစေရန် ဖြစ်သည်။

ဤသို့ဖြင့် မိမိ၏ နန်းရင်ပြင်ကိုလည်း သီးသန့်လေးနက်သော အသွင်ဖြင့် မွမ်းမံပြင်ဆင်ထားပေသည်။ ဝဲဘက်နှင့် ယာဘက်၌ ရွှေကုလားထိုင် (၄၀၀) စီကို ခင်းကျင်းထားကာ တစ်ဖက်၌ အာလင်မ်သာသနာ့ပညာရှင်များအတွက် ဖြစ်ပြီး အခြားတစ်ဖက်တွင် ဝန်ကြီးများနှင့် အုပ်ချုပ်မှုဆိုင်ရာ အတွင်းဝန်များအဖို့ ဖြစ်သည်။ ကျောက်မျက်ရတနာများဖြင့် နန်းရင်ပြင်ခန်းမတစ်ခုလုံးအား မွမ်းမံချယ်သထားပေသည်။ ဗိလ်ကီးစ်သခင်မ၏ စေတမန်တို့သည် ရွှေတုံးများအပေါ် တိရစ္ဆာန်များ ရပ်နေသည်ကို မြင်တွေ့ပါမူ မိမိတို့၏ လက်ဆောင်ကို ကြည့်ပြီး ပြန်လည်အရှက်ရမိနေပေသည်။ အချို့သော ဆင့်ပြန်ချက်များ၌ မိမိတို့၏ ရွှေတုံးများကို ထိုနေရာ၌မှာပင် ချထားလိုက်ပေသည်။ တစ်ဖန် ရှေ့သို့ တစ်ဖြည်းဖြည်း ထွက်ခွာလာကာ နှစ်ဖက်၊ နှစ်ချက်၌ တစ်ဖက်ချင်းစီတွင် သားရဲတိရစ္ဆာန်များနှင့် ပျံသန်းသောသတ္တဝါများကို မြင်တွေ့ရပေသည်။ ထို့နောက်တစ်ဖန် 'ဂျင်နားသ်'များ၏ အတန်းများကို မြင်တွေ့သောအခါ အတိုင်းအတာမဲ့ အံ့သြတုန်လှုပ်သွားကြပေသည်။ သို့ရာတွင် နန်းရင်ပြင်သို့ ရောက်ရှိ၍ ဟာဇရသ်စုလိုက်မာန် عليه السلام ၏ ရှေ့တော်မှောက်သို့ ခစားသောအခါ တမန်တော်ကြီးသည် နွေးထွေးစွာ ကြိုဆို၍ ပျူငှာလိုက်လှဲစွာ ဧည့်ခံပေသည်။ သို့ရာတွင် ၎င်းတို့၏ လက်ဆောင်များကို ပြန်လည်ပေးအပ်လိုက်ပေသည်။ ဗိလ်ကီးစ်သခင်မကြီး မေးသော မေးခွန်းများအားလုံး၏ အဖြေကိုလည်း ဖြေကြားလိုက်ပေသည်။

[သဖ်စီရေကုရ်သုဗီးကျမ်းမှ ကောက်နုတ်ချက်]

ဟာဇရသ်စုလိုက်မာန် عليه السلام ၏ ဘက်မှ ဗိလ်ကီးစ်သခင်မကြီး၏ လက်ဆောင်ကို ပြန်လည်ပေးအပ်လိုက်ခြင်း

قَالَ اَتُمِدُّوْنَنِ بِمَالٍ فَمَا اٰتٰنِىَ اللهُ خَيْرٌ مِّمَّا اٰتٰكُمْ بَلْ اَنْتُمْ بِهَدِيَّتِكُمْ تَفْرَحُوْنَ

ဆိုလိုသည်မှာ ဗိလ်ကီးစ်သခင်မကြီး၏ စေတမန်သည် ၎င်းတို့၏ လက်ဆောင်များကို ယူဆောင်၍ ဟာဇရသ်စုလိုက်မာန် عليه السلام ၏ အပါးသို့ ရောက်ရှိပါမူ ထိုနဗီတမန်တော်သည် စေတမန်တော်တို့အား 'အသင်တို့သည် ငါ့အား ပစ္စည်းဥစ္စာဖြင့် ကူညီလိုကြလေသလော။ စင်စစ် ငါ့အား အလ္လာဟ်အသျှင်မြတ် ချီးမြှင့်

ပေးသနားတော်မူသည်များမှာ ထိုအသျှင်မြတ်က အသင်တို့အား ချီးမြှင့်ပေးသနားထားတော်မူသည်တို့ထက် ပင် ပို၍ ကောင်းမြတ်လှပေသည်။ အမှန်စင်စစ် အသင်တို့သည်ပင်လျှင် မိမိတို့၏ လက်ဆောင်ပဏ္ဏာဖြင့် ပျော်ရွှင်မော်ကြွားလျက် ရှိကြပေမည်။ [၂၇ : ၃၆]

ကာဖိရ်တစ်ဦးတစ်ယောက်၏ လက်ဆောင်ကို လက်ခံပိုင်ခွင့် ရှိပါ၏လော၊ သို့မဟုတ် လက်ခံပိုင်ခွင့် မရှိပါ၏လော၊ ယင်းအချက်နှင့် စပ်လျဉ်း၍ အကျယ်ချဲ့ဖွင့်ဆိုချက်နှင့် သုတေသနပြုချက်

ဟဇရသ်စုလိုက်မာန် ﵁ သည် ဗိလ်ကီးစ်သခင်မကြီး၏ လက်ဆောင်ကို လက်မခံခဲ့ပေ။ ထိုအချက်မှ 'ကာဖိရ်တစ်ဦးတစ်ယောက်၏ လက်ဆောင်ကို လက်ခံခြင်း မပိုင်ကြောင်း၊ သို့မဟုတ် မကောင်းကြောင်း' ကို သိရှိရပေသည်။ ယင်းမေးသတ်နှင့် စပ်လျဉ်း၍ စီစစ်သုတေသနပြုချက်မှာ ဤသို့ပင် ဖြစ်သည်။ ကာဖိရ်၏ လက်ဆောင်ကို လက်ခံရာ၌ အကယ်၍ မိမိ သို့မဟုတ် အခြားမွတ်စ္စလင်မ်တို့၏ အကျိုးတစ်ရပ်ရပ်၌ အဟာန့်အတား၊ အနှောင့်အယှက်ဖြစ်လျှင်သော်လည်းကောင်း၊ သို့မဟုတ် မွတ်စ္စလင်မ်တို့၏ အခွင့်အရေး၌ အကြံ့အစည် အခွင့်အရေး လျော့နည်းပေါ်ပေါက်လာမည့် အချိန်အခါမျိုးတွင် ၎င်းတို့၏ လက်ဆောင်ကို လက်ခံခြင်း မပိုင်ပေ။ *[ရှုဟုလ်မအာနီကျမ်း]*

အကယ်၍ သာသနာ့အကျိုးတစ်စုံတစ်ရာသည် ယင်းလက်ဆောင်ကို လက်ခံလိုက်ခြင်းဖြင့် ပေါ်ပေါက်လာချိန်၊ ဥပမာ- ယင်းလက်ဆောင်ကို လက်ခံလိုက်ခြင်း၏ အကြောင်းခံကြောင့် ကာဖိရ်တို့သည် ယဉ်ပါးသွားကာ အစ္စလာမ်သာသနာနှင့် နီးကပ်လာပြီး မွတ်စ္စလင်မ်များဖြစ်လာရန် မျှော်လင့်ချက် ရှိချိန်၊ သို့မဟုတ် ၎င်းတို့၏ ပြဿနာဖန်တီးမှုတစ်စုံတစ်ရာကို ထိုလက်ဆောင်အား လက်ခံလိုက်ခြင်း၏ အကြောင်းခံဖြင့် တားဆီးမှုကို ပြုနိုင်ချိန်ဝယ် လက်ခံနိုင်ရန် အခွင့်အလမ်း ရှိပေသည်။

တမန်တော်မြတ် ﷺ ၏ စွန္နသ်ခလေ့တော်သည်လည်း ယင်းအမှုကိစ္စနှင့် စပ်လျဉ်း၍ ဤသို့သာလျှင် ဖြစ်သည်။ အချို့သော ကာဖိရ်များ၏ လက်ဆောင်ကို လက်ခံ၍ အချို့၏ လက်ဆောင်ကို လက်မခံပေ။ ဘိုခါရီကျမ်း၏ အကျယ်ချဲ့ကျမ်းဖြစ်သော အွမ်ဒသုလ်ကာရီကျမ်း လက်ဆောင်အခန်း၌သော်လည်းကောင်း၊ စီယရေကဗီးရ်ကျမ်း၏ အကျယ်ချဲ့ကျမ်း၌သော်လည်းကောင်း ဟဇရသ်ကအ်ဗ်ဗင်န်မာလစ်က်သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားသည်။ ဟဇရသ်ဗရာအ်သခင်ကြီး၏ အစ်ကိုဖြစ်သူ အာမိရ်ဗင်န်မိလ်က်သခင်ကြီးသည် မုရှ်ရစ်က်၊ ကာဖိရ်ဘဝဖြင့် လိုအပ်ချက်ကိစ္စတစ်ရပ်ကြောင့် မဒီနာရွှေမြို့တော်သို့ ရောက်ရှိလာပေသည်။ ထို့နောက် တမန်တော်မြတ် ﷺ ၏ အခစားတော်သို့ မြင်းနှစ်ကောင်နှင့် အဝတ်အစားနှစ်စုံကို လက်ဆောင်အဖြစ် ဆက်သပေသည်။ တမန်တော်မြတ် ﷺ သည် 'ကျွန်ုပ်တို့သည် မုရှ်ရစ်က်တို့၏ လက်ဆောင်ကို လက်ခံလေ့မရှိကြောင်း' ဟူ၍ ပြောဆိုကာ ပြန်ပေးလိုက်သည်။ အိုက်ယားဇ်ဗင်န်ဟေမားရ်မဂျားရှအီးသည် တမန်တော်မြတ် ﷺ ၏ အခစားတော်၌ လက်ဆောင်တစ်ခုကို ဆက်သလိုက်ပါမူ 'အသင်မွတ်စ္စလင်မ် ဖြစ်ပါ၏လော' ဟူ၍ မေးမြန်းရာ ၎င်းက 'မဟုတ်ကြောင်း' ပြန်လည်လျှောက်ထားလိုက်သည်။ ထို့နောက်

တမန်တော်မြတ် ﷺ သည် ၎င်း၏ လက်ဆောင်အား 'ကျွန်ုပ်အား အလ္လာဟ်အသျှင်မြတ်သည် မုရှိရစ်က်တို့၏ လက်ဆောင်ကို ရယူခြင်းမှ တားမြစ်ထားပေသည်'ဟူ၍ မိန့်ကာ ပြန်လည်ပေးအပ်လိုက်ပေသည်။

ယခု အထက်တင်ပြပါ ဆင့်ပြန်ချက်များနှင့် ဆန့်ကျင်၍ တမန်တော်မြတ် ﷺ သည် အချို့သော ကာဖိရ်၊ မုရှိရစ်က်များ၏ လက်ဆောင်များကို လက်ခံခြင်း၏ ဆင့်ပြန်ချက်များလည်း ရှိပေသည်။ ဆင့်ပြန်ချက်တစ်ရပ်၌ ဤသို့ လာရှိထားပေသည်။ အဗူစုဖ်ယာန်သည် ရှရစ်က်ဖြစ်နေသော အခြေအနေမှာပင် တမန်တော်မြတ် ﷺ အား သားရေတစ်ချပ်ကို လက်ဆောင်အဖြစ် ပို့ပေးရာ ကိုယ်တော်မြတ် ﷺ သည် လက်ခံတော်မူလိုက်သည်။ နဆွ်ရာနီတစ်ဦးသည် အလွန် ပြိုးပြိုးပျက်ပျက်ဖြင့် တောက်ပလျက်ရှိသော ပိုးထည်တစ်စကို လက်ဆောင်ပေးရာ လက်ခံတော်မူလိုက်ပေသည်။

ရှမ်စုလ်အအင်မ်မားဟ်သခင်ကြီးသည် ထိုဆင့်ပြန်ချက်ကို ဆင့်ပြန်ပြီးနောက် ဤသို့ မိန့်တော်မူပေသည်။ ကျွန်ုပ်ထံ၌ ယင်းသဘောတရား၏ အကြောင်းခံမှာ ဤသို့ပင်ဖြစ်သည်။ တမန်တော်မြတ် ﷺ သည် အချို့သော လက်ဆောင်များကို လက်မခံခြင်းအကြောင်းမှာ လက်ဆောင်ပေးသူသည် အစ္စလာမ်သာသနာဘက်သို့ ယိမ်းညွတ်လာရန် မျှော်လင့်ချက်မရှိခြင်းကြောင့် ဖြစ်ပေသည်။ အချို့သော သူတို့၏ လက်ဆောင်ကို လက်ခံရခြင်းအကြောင်းမှာ ထိုသူမွတ်စ္စလင်မ်ဖြစ်လာရန် မျှော်လင့်ချက်ရှိခြင်းကြောင့် ဖြစ်ပေသည်။

ဗိလ်ကီးစ်သခင်မကြီးသည် လက်ဆောင်လက်မခံခြင်းကို နဗီဖြစ်ခြင်း၏ လက္ခဏာအဖြစ် သတ်မှတ်ထားပေသည်။ နဗီအဖို့ မုရှိရစ်က်၏ လက်ဆောင်လက်ခံခြင်း ပိုင်ခြင်းကြောင့် မဟုတ်ပေ။ သို့သာမက 'ထိုသခင်မကြီးသည် မိမိ၏ လက်ဆောင်ကို စင်စစ် လာဘ်သဘောမျိုးဖြင့် ပို့လိုက်ခြင်း ဖြစ်သည်။ အကြောင်းမှာ ထိုလက်ဆောင်ကို အကြောင်းခံ၍ ထိုသခင်မကြီးသည် ဟဇရသ်စုလိုက်မာန်သခင်ကြီး၏ တိုက်ခိုက်မှုမှ ကင်းလွတ်မှုရရှိစေရန်' အကြောင်းခံကြောင့် ဖြစ်ပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

قَالَ يَٰٓأَيُّهَا ٱلْمَلَؤُا۟ أَيُّكُمْ يَأْتِينِى بِعَرْشِهَا قَبْلَ أَن يَأْتُونِى مُسْلِمِينَ ﴿٣٨﴾

၂၇ : ၃၈ ။ ။ ၎င်း (တမန်တော် စုလိုက်မာန်) က 'အို, မှူးမတ်အပေါင်းတို့၊ ၎င်းတို့သည် ငါ့ထံသို့ မွတ်စ္စလင်မ် အမိန့်နာခံသူများအဖြစ် မရောက်လာကြမီ၊ အသင်တို့အနက် မည်သူသည် ထိုဘုရင်မ၏ ရာဇပလ္လင်ကို ငါ့ထံသို့ ယူဆောင်လာနိုင်သနည်း' ဟု ပြောဆို (မေးမြန်း) ခဲ့၏။

قَالَ عِفْرِيتٌ مِّنَ ٱلْجِنِّ أَنَا۠ ءَاتِيكَ بِهِۦ قَبْلَ أَن تَقُومَ مِن مَّقَامِكَ ۖ وَإِنِّى عَلَيْهِ لَقَوِىٌّ أَمِينٌ ﴿٣٩﴾

၂၇ : ၃၉ ။ ။ 'ဂျင်န်'သတ္တဝါတို့အနက်မှ အလွန်ခွန်အားဗလကြီးသော 'ဂျင်န်'တစ်ဦးက 'ကိုယ်တော်သည် မိမိနေရာ (ညီလာခံသဘင်) မှ မထမီပင်၊ ကျွန်တော်မျိုးသည် ထိုရာဇပလ္လင်ကို ကိုယ်တော်ထံသို့ ဆောင်ကြဉ်းခဲ့ပါမည်။ အမှန်စင်စစ်

ကျွန်တော်မျိုးသည် စေကန်မလွဲ ဤကိစ္စနှင့် စပ်လျဉ်း၍ တာဝန်ထမ်းဆောင်ရန် ခွန်အားဗလနှင့် ပြည့်စုံသူ၊ ယုံကြည်စိတ်ချရသူ တစ်ဦးပင် ဖြစ်ပါသည်' ဟု လျှောက်ထားခဲ့လေ၏။

قَالَ الَّذِىْ عِنْدَهٗ عِلْمٌ مِّنَ الْكِتٰبِ اَنَا اٰتِيْكَ بِهٖ قَبْلَ
اَنْ يَّرْتَدَّ اِلَيْكَ طَرْفُكَ ۚ فَلَمَّا رَاٰهُ مُسْتَقِرًّا عِنْدَهٗ قَالَ
هٰذَا مِنْ فَضْلِ رَبِّىْ ۖ لِيَبْلُوَنِىْۤ ءَاَشْكُرُ اَمْ اَكْفُرُ ۚ وَمَنْ
شَكَرَ فَاِنَّمَا يَشْكُرُ لِنَفْسِهٖ ۚ وَمَنْ كَفَرَ فَاِنَّ رَبِّىْ غَنِىٌّ كَرِيْمٌ ﴿٤٠﴾

၂၇ : ၄၀ ။ ။ (ကောင်းကင်ကျ) ကျမ်းဂန်၏ အသိပညာ (တစ်ရပ်) ကို သိရှိသူ (ပညာရှင်) တစ်ဦးက 'ကျွန်တော်မျိုးသည် ထိုရာဇပလ္လင်ကို ကိုယ်တော်၏ မျက်စိတစ်မှိတ်အတွင်း၊ ကိုယ်တော်ထံသို့ ဆောင်ကြဉ်းခဲ့ပါမည်' ဟု လျှောက်ထားခဲ့လေ၏။ ထို့နောက် ၎င်း (တမန်တော် စုလိုက်မာန်) သည် ရာဇပလ္လင်ကို မိမိ၏ အနီးတွင် တည်ရှိနေသည်ကို တွေ့မြင်ခဲ့သောအခါ (ဤသို့) ပြောကြားခဲ့လေ၏။ 'ဤသည် ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ကျေးဇူးတော်တစ်ရပ်ပင် (ဖြစ်၏။ ယင်းသို့ ကျေးဇူးပြုတော်မူခြင်းမှာ) ငါသည် ကျေးဇူးတင်လေသလော။ သို့တည်းမဟုတ် ငါသည် ကျေးဇူးကန်းလေသလောဟု အသျှင်မြတ်သည် ငါ့အား စမ်းသပ်တော်မူရန်အလို့ငှာ ဖြစ်ပေသည်။ သို့ရာတွင် မည်သူမဆို ကျေးဇူးကန်းခဲ့လျှင် (ထိုသူသည် မိမိအပြစ် ရစေဖို့ရာ ကျေးဇူးကန်းသည်မည်၏။) စေကန်မလွဲ ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် လိုလားတောင့်တခြင်း ကင်းမဲ့တော်မူသော အသျှင်၊ အလွန်တရာ ရက်ရောတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။'

قَالَ نَكِّرُوْا لَهَا عَرْشَهَا نَنْظُرْ اَتَهْتَدِىْۤ اَمْ تَكُوْنُ مِنَ الَّذِيْنَ لَا يَهْتَدُوْنَ ﴿٤١﴾

၂၇ : ၄၁ ။ ။ ၎င်း (တမန်တော်စုလိုက်မာန်) က 'အသင်တို့သည် ထိုဘုရင်မ၏ ရာဇပလ္လင်ကို (တစ်နည်းတစ်ဖုံ) အသွင်ပြောင်းလွဲကြလေကုန်။ ထိုဘုရင်မသည် မှန်ကန်စွာ သိလေသလော။ သို့တည်းမဟုတ် မှန်ကန်စွာ မသိသူတို့အနက်မှ ဖြစ်လေသလောဟု ကျွန်ုပ်တို့သည် ကြည့်ရှုကြပေမည်' ဟူ၍ ပြောကြားခဲ့လေ၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အချုပ်မှာ ထိုသံတမန်တို့သည် မိမိတို့၏ လက်ဆောင်များကို ယူကာ ပြန်လာ၍ ဗိလ်ကီးစ်သခင်မကြီးအား ဖြစ်အင်အလုံးစုံကို တင်ပြလိုက်သည်။ သို့ဆိုလျှင် ဖြစ်ပေါ်ခဲ့သော အခြေအနေများကို ထောက်ရှု၍ ဟဇရတ်စုလိုက်မာန် عليه السلام ၏ အိလ်မ် (အသိပညာ) နှင့် နဗီဖြစ်ခြင်း၏ ပြည့်စုံမှုအရည်အချင်းများကို ယုံကြည်သွားပေသည်။ အခစားတော်သို့ ဝင်ရောက်ရန် ရည်ရွယ်ချက်ဖြင့် မိမိ၏ တိုင်းပြည်မှ ကြွမြန်းလာသည်။) ၎င်း (တမန်တော်စုလိုက်မာန်သည် 'ဝဟီ' ဗျာဒိတ်တော်၏ အကြောင်းခံဖြင့်သော်လည်းကောင်း၊

သို့မဟုတ် အခြားသော ပုံသန်းသည့် ငှက်သတ္တဝါတစ်ကောင်ကောင်၏ အကြောင်းခံဖြင့်သော်လည်းကောင်း ထိုသခင်မကြီး ကြွမြန်းလာသည်ကို သိရှိပါမူ နန်းတွင်းရှိသူတို့အား) 'အို၊ မှူးမတ်အပေါင်းတို့၊ ၎င်းတို့သည် ငါ့ထံသို့ မွတ်စ္စလင်မ်အမိန့် နာခံသောသူများအဖြစ် မရောက်လာကြမီ၊ အသင်တို့အနက် မည်သူသည် ထို (ဗိလ်ကီးစ်) ဘုရင်မ၏ ရာဇပလ္လင်ကို ငါ့ထံသို့ ယူဆောင်လာနိုင်သနည်း'ဟု ပြောဆို (မေးမြန်း) ခဲ့၏။ မွတ်စ္စလင်မ်များဟူ၍ ချွင်းချက်အဖြစ် ထည့်သွင်းမိန့်မြွက်ခြင်းသည် ဖြစ်အင်အား ဖော်ထုတ်ရန် အတွက် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ထိုရည်ရွယ်ချက်ဖြင့် လာရောက်နေခြင်း ဖြစ်ပေသည်။ ရာဇပလ္လင်အား တောင်းခံနိုင်းခြင်းတွင် 'ထိုသူတို့သည် မိမိ၏ 'မုအ်ဂျေဇာဟ်' တန်ခိုးတော်ကိုလည်း ကြည့်မြင်ရန်ဖြစ်သည်'ဟူသော သဘောမျိုးဖြင့် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အစောင့်အကြပ် အဆောက်အဦ အထပ်ထပ်အတွင်း၌ရှိသော ဤမျှခန့် ကြီးမားသည့် ရာဇပလ္လင်သည် ၎င်းတို့ သိပင် မသိဘဲ မိမိထံသို့ ရောက်ရှိလာခြင်းသည် လူ့စလေ့သဘောသဘာဝ၏ အပြင်သို့ ရောက်ရှိနေသော အချက် ဖြစ်သည်။ အကယ်၍ 'ဂျင်နားသ်'များအား အုပ်ချုပ်ကာ နောက်လိုက်အဖြစ် ပြုထားစေခြင်း ဖြစ်သည် ဆိုလျှင်လည်း၊ 'ဂျင်နားသ်'များ အလိုအလျောက် နာခံသမှုပြုနေခြင်းသည်လည်း 'မုအ်ဂျေဇာဟ်' တန်ခိုးတော်သာလျှင် ဖြစ်သည်။ အကယ်၍ ၎င်း၏ အွမ္မသ် (နောက်လိုက်ထု) အတွင်းရှိ သူတော်စင်တစ်ပါးပါး၏ 'ကရာမသ်' (တန်ခိုးတော်) ဖြစ်သည်ဆိုလျှင်လည်း 'ဝလီ'၏ 'ကရာမသ်'သည် နဗီ၏ 'မုအ်ဂျေဇာဟ်' သာလျှင် ဖြစ်သည်။ အကယ်၍ အခြားမည်သည့်အကြောင်းခံတစ်စုံတစ်ရာမျှ မရှိသည်ဆိုလျှင်လည်း 'မုအ်ဂျေဇာဟ်'ဖြစ်ကြောင်းမှာ ထင်ရှားလှပေသည်။ မည်သည့်အခြေအနေ၊ မည်သည့်ပုံစံမျိုး၌မဆို ဤသို့ ယူဆောင်လာခြင်းသည် 'မုအ်ဂျေဇာဟ်'နှင့် နဗီ၏ နဗီဖြစ်ခြင်းကြောင့် ဖြစ်ပေသည်။ ဤအတွက်ကြောင့် 'အတွင်းပိုင်း အရည်အချင်းများနှင့်အတူ 'မုအ်ဂျေဇာဟ်'၏ ပြည့်စုံမှုများကိုလည်း တွေ့မြင်စေရန်' ရည်ရွယ်ချက်မျိုးကြောင့် ဖြစ်ပေသည်။ သို့မှသာ အီမာန်နှင့် တည်ငြိမ်မှု ပိုမိုများပြားစေရန် ဖြစ်သည်။)

'ဂျင်န်'သတ္တဝါတို့အနက်မှ အလွန် ခွန်အားဗလကြီးမားသော 'ဂျင်န်'တစ်ဦးက 'ကိုယ်တော်သည် မိမိနေရာ (ညီလာခံသဘင်) မှ မထမီပင် ကျွန်တော်မျိုးသည် ထိုရာဇပလ္လင်ကို ကိုယ်တော့်ထံသို့ ဆောင်ကြဉ်း ခဲ့ပါမည်။ ဧကန်စင်စစ် ကျွန်တော်မျိုးသည် ဧကန်မလွဲ ဤကိစ္စနှင့် စပ်လျဉ်း၍ (ထိုရာဇပလ္လင်သည် အလွန် လေးလံနေလင့်ကစား သို့ရာတွင်) တာဝန်ထမ်းဆောင်ရန် ခွန်အားဗလနှင့် ပြည့်စုံသူ (အဖိုးတန်သော ကျောက်သံပတ္တမြားနှင့် စီခြယ်ထားနေလင့်ကစား သို့ရာတွင်) ယုံကြည်စိတ်ချရသူတစ်ဦးပင် ဖြစ်ပါသည်။ (ယင်းအရာ၌ အလွဲသုံးစား ပြုလုပ်မည့်သူမဟုတ်) ဟု လျှောက်ထားခဲ့လေ၏။

(ကောင်းကင်ကျ) ကျမ်းဂန်၏ အသိပညာ (တစ်ရပ်ဖြစ်သော 'သောင်ရားသ်'ကျမ်း၊ သို့မဟုတ် အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်နာမတော်များ ပါဝင်တည်ရှိနေသည့် ကျမ်းစာအုပ်တစ်အုပ်အုပ်) ကို သိရှိသူ (အနီးစပ်ဆုံးအဆိုမှာ ၎င်းသည် ဟဇရသ်စုလိုက်မာန်သခင်ကိုယ်တော်တိုင် ဖြစ်သည်။ အချုပ်ဆိုရသော် ပညာရှင်) တစ်ဦးက (ထို 'ဂျင်န်'အား (အသင့်ထံ၌မူ ဤမျှခန့်သာလျှင် အင်အားရှိပေသည်။) ကျွန်ုပ် သည် ထိုရာဇပလ္လင်ကို အသင်၏ မျက်စိတစ်မှိတ်အတွင်း အသင့်ထံသို့ ယူဆောင်ခဲ့ပါမည်'ဟု ပြောဆို

ခဲ့လေ၏။ (အဘယ်ကြောင့်ဆိုသော် 'မုအ်ဂျေဇာဟ်'၏ အစွမ်းဖြင့် ယူဆောင်လာပေမည်။ သို့ရှိရာ သခင်ကြီးသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ ထိုအတိုင်း ဒိုအာပြုခဲ့သည်။ သို့မဟုတ် အလ္လာဟ်အသျှင်မြတ်၏ နာမတော်တစ်ပါးပါး၏ အကြောင်းခံဖြင့် ဒိုအာပြုခဲ့ရာ ရာဇပလ္လင်သည် ရှေ့တော်မှောက်သို့ ချက်ချင်း ရောက်ရှိလာသည်။) ထို့နောက်၊ ၎င်း (တမန်တော်စုလိုက်မာန်) သည် ရာဇပလ္လင်ကို မိမိ၏ အနီးတွင် တည်ရှိနေသည်ကို တွေ့မြင်ခဲ့သောအခါ (ပျော်ရွှင်သွားကာ အသျှင်မြတ်၏ ကျေးဇူးတရားအား ထုတ်ဖော်ပြောဆိုသော အသွင်မျိုးဖြင့် ဤသို့) ပြောကြားခဲ့လေ၏။ 'ဤသည် ငါ့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ကျေးဇူးတော်ကို ထင်ရှားစေခဲ့သည်။ ယင်းသို့ ကျေးဇူးပြုတော်မူခြင်းမှာ) ငါသည် ကျေးဇူးတင်လေသလော။ သို့တည်းမဟုတ် (အလ္လာဟ်အသျှင်မြတ် ပြုလုပ်တော်မမူပါစေနှင့်။) ငါသည် ကျေးဇူးကန်းလေသလောဟု အသျှင်မြတ်သည် ငါ့အား စမ်းသပ်တော်မူရန်အလို့ငှာ ဖြစ်ပေသည်။ အကြင်မည်သူမဆို ကျေးဇူးတင်ရှိသည်ဆိုလျှင် မိမိ၏ အကျိုးအဖို့သာ ကျေးဇူးတင်ရှိခြင်းဖြစ်သည်။ (အလ္လာဟ်အသျှင်မြတ် အဖို့ အကျိုးတစ်စုံတစ်ရာမျှ ရှိမည်မဟုတ်။ ဤကဲ့သို့ပင်) သို့ရာတွင် မည်သူမဆို ကျေးဇူးကန်းခဲ့လျှင် (ထိုသူသည် မိမိအပြစ်ရစေဖို့ရာ ကျေးဇူးကန်းသည်မည်၏။ အလ္လာဟ်အသျှင်မြတ်အား တစ်စုံတစ်ရာ ဆိုးကျိုးသက်ရောက်စေမည်မဟုတ်။ အဘယ်ကြောင့်ဆိုသော်) ဧကန်မလွဲ ငါ့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် လိုလားတောင့်တခြင်း ကင်းမဲ့တော်မူသော အသျှင်၊ အလွန်တရာ ရက်ရောတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

(ထို့နောက်) ၎င်း (တမန်တော်စုလိုက်မာန်) က (ဗိလ်ကီးစ်သခင်မ၏ ဦးနှောက်အသိဉာဏ်ကို စမ်းစစ်ရန်အတွက်) 'အသင်တို့သည် ထိုဘုရင်မ၏ ရာဇပလ္လင်ကို (ပုလဲလုံးများ စီခြယ်ထားရာ နေရာများကို ပြောင်းလဲကုန်။ သို့တည်းမဟုတ် အခြားတစ်နည်းတစ်ဖုံ) အသွင်ပြောင်းလွဲကြလေကုန်။ ထိုဘုရင်မသည် မှန်ကန်စွာ သိလေသလော။ သို့တည်းမဟုတ် မှန်ကန်စွာ မသိသူတို့အနက်မှ ဖြစ်လေသလောဟု ကျွန်ုပ်တို့သည် ကြည့်ရှုကြပေမည်'ဟူ၍ မိန့်ကြားခဲ့လေ၏။ (ပထမပုံစံမှ ထိုသခင်မကြီးသည် အသိဉာဏ်ရှိသူဖြစ်ကြောင်းကို သိရှိရပေသည်။ အသိဉာဏ်ရှိသူသည် မှန်ကန်သော တရားကို သဘောပေါက်နားလည်ရန် သာပို၍ မျှော်လင့်ချက် ထားရှိနိုင်ပေသည်။ ၎င်း၏ အမှန်တရားကို သိနားလည်ခြင်း၏ ထိုးဖောက်ဝင်ရောက်မှုသည် အဝေးကြီးထိတိုင် ရောက်ရှိပေလိမ့်မည်။ ဒုတိယပုံစံမှ ၎င်းသခင်မကြီး၏ မှန်ကန်သော တရားကို သိနားလည်နိုင်ခြင်းမှ မျှော်လင့်ချက်သည် နည်းပါးပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဗိလ်ကီးစ်သခင်မကြီး၊ ဟဇရတ်စုလိုက်မာန် عليه السلام ၏ ထံတော်ပါးသို့ အခစားဝင်ရောက်ခြင်း

ကုရ်သုဗီးသခင်ကြီးသည် ရာဇဝင်လာ ဆင့်ပြန်ချက်များ၏ အမှီသဟဲဖြင့် ရေးသားထားပေသည်။ ဗိလ်ကီးစ်သခင်မကြီး၏ သံတမန်များသည် ကိုယ်တိုင်ကြောက်ရွံ့ထိတ်လန့်ကာ ပြန်သွားကြပေသည်။

ထို့နောက် ဟဇရတ်စုလိုက်မာန် عليه السلام ၏ စစ်ကြေညာချက်ကို ပြောပြပါမှ ဗိလ်ကီးစ်သခင်မကြီးသည် မိမိ၏ အမျိုးသားတို့အား မိန့်ခွန်းခြွေပေသည်။ အစကတည်းက ကျွန်တော်မျိုးမသည် 'ဟဇရတ်စုလိုက်မာန်သည် လောကီရေးရာ ဘုရင်များထဲမှ ဘုရင်တစ်ပါးမဟုတ်ကြောင်း၊ သို့သာမက အလ္လာဟ်အသျှင်မြတ်၏ဘက်တော်မှ သီးသန့်အဆင့် ဂုဏ်ရရှိထားသော ဘုရင်တစ်ပါးဖြစ်ကြောင်း၊ အလ္လာဟ်အသျှင်မြတ်၏ နဗီနှင့် ရစူလ်ကို တိုက်ခိုက်ခြင်းသည် အလ္လာဟ်အသျှင်မြတ်အား စိန်ခေါ်ခြင်းဖြစ်ကြောင်း၊ အကြင်အသျှင်မြတ်နှင့် ယှဉ်ပြိုင်ရန် ကျွန်တော်မျိုးတို့၌ စွမ်းအားမရှိကြောင်း' ဟူ၍ တွေးခေါ်ထားမိပေသည်။ ဤသို့ ပြောဆိုကာ ဟဇရတ်စုလိုက်မာန် عليه السلام ၏ အခစားတော်သို့ ဝင်ရောက်ရန် အသင့်ပြုလိုက်သည်။ ထို့နောက် ခေါင်းဆောင် (၁၂၀၀၀) ကို မိမိနှင့် အတူတကွ ခေါ်ဆောင်လာိုက်သည်။ အကြင်ခေါင်းဆောင်တစ်ဦးချင်း၏ လက်အောက်၌ စစ်သားပေါင်း (၁၀၀၀၀၀) စီ ပါဝင်ပေသည်။

ဟဇရတ်စုလိုက်မာန် عليه السلام အား အလ္လာဟ်အသျှင်မြတ်သည် ဤသို့ ဟိတ်ဟန်၊ ဂုဏ်ရှိန်၊ ဂုဏ်ဝါကြီးကျယ်မြင့်မားမှုကို ချီးမြှင့်ပေးသနားထားတော်မူပေသည်။ အကြောင်းမှာ ၎င်း၏ နန်းညီလာခံ၌ စတင်လျှောက်ထား ပြောဆိုနိုင်စွမ်း မရှိပေ။ တစ်နေ့ ဟဇရတ်စုလိုက်မာန် عليه السلام သခင်သည် အဝေးကြီးမှ မြူမှုန်များ ထကြွနေသည်ကို မြင်တွေ့သောအခါ 'မည်သို့သော အချင်းအရာ ဖြစ်ပေသနည်း' ဟူ၍ မေးမြန်းပေသည်။ လူတို့က 'အို၊ အလ္လာဟ်အသျှင်မြတ်၏ နဗီ၊ ဗိလ်ကီးစ်သခင်မသည် ၎င်း၏ မိတ်ဆွေများနှင့်အတူ လာရောက်လျက် ရှိနေသည်' ဟူ၍ လျှောက်ထားကြပေသည်။ အချို့သော ဆင့်ပြန်ချက်များ၌ ယင်းသို့ မေးမြန်းချိန်သည် မိမိ၏ နန်းရင်ပြင်နှင့် အနီးစပ်ဆုံးအားဖြင့် သုံးမိုင်ခန့်သာ ရှိသော အကွာအဝေး၌ ဖြစ်ပေသည်။ ထိုအချိန်၌ ဟဇရတ်စုလိုက်မာန် عليه السلام သည် မိမိစစ်တပ်အတွင်းရှိ ရဲမက်ဗိုလ်ပါတို့အား အောက်ပါအတိုင်း မေးမြန်းတော်မူပေသည်။

يَاَيُّهَا الْمَلَؤُا اَيُّكُمْ يَاْتِيْنِيْ بِعَرْشِهَا قَبْلَ اَنْ يَّاْتُوْنِيْ مُسْلِمِيْنَ

၎င်းတမန်တော်စုလိုက်မာန် عليه السلام က 'အို၊ မှူးမတ်အပေါင်းတို့၊ ၎င်းတို့သည် ငါ့ထံသို့ မွတ်စ္စလင်မ်အမိန့်နာခံသူများအဖြစ် မရောက်လာကြမီ အသင်တို့အနက် မည်သူသည် ထိုဘုရင်မ၏ ရာဇပလ္လင်ကို ငါ့ထံသို့ ယူဆောင်လာနိုင်သနည်း။' [၂၇ : ၃၈]

ဟဇရတ်စုလိုက်မာန် عليه السلام သည် ဗိလ်ကီးစ်သခင်မကြီးက မိမိဘက်မှ ဖိတ်ခေါ်သော ဖိတ်ခေါ်မှု၏ အကျိုးတရား စူးရှသက်ရောက်ကာ နာခံသူအဖြစ် လာရောက်လျက် ရှိနေသည်ကို သိရှိထားပေသည်။ သို့ရှိရာ နန်းရှိန်နန်းဝါ အစွမ်းတရားနှင့်အတူ နဗီတစ်ပါးဖြစ်ခြင်း၏ 'မုအ်ဂျေဇာဟ်' (တန်ခိုးတော်) ကိုလည်း ပြသစေချင်ပေသည်။ သို့ဆိုလျှင် ထိုသခင်မကြီး အီမာန်ရယူရန်အတွက် သာပို၍ အတည်ပြုပြီးသား ဖြစ်သွားပေမည်။ ဟဇရတ်စုလိုက်မာန် عليه السلام သခင်ကြီးကို အလ္လာဟ်အသျှင်မြတ်သည် 'ဂျင်နားသ်' များအား အုပ်ချုပ်မှု ရရှိခြင်း၏ ခြုံငုံလှစွာသော 'မုအ်ဂျေဇာဟ်' ကို ချီးမြှင့်ပေးထားပေသည်။ '၎င်းသည် မည်သည့်နည်း တစ်နည်းနည်းဖြင့်မဆို ဗိလ်ကီးစ်သခင်မကြီး၏ ရာဇပလ္လင်ကို မိမိထံသို့ ၎င်းမရောက်လာမီ

အလျှင် အသင့်ရောက်ရှိနေလိုစေရခြင်း' သည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ အရိပ်အမြွက် ရရှိခြင်းကြောင့် ဖြစ်တန်ကောင်းရာသည်။ ထို့ကြောင့် 'ဂျင်နားသ်' များပါ တည်ရှိနေသော မင်းပရိသတ်အတွင်းဝယ် ရာဇပလ္လင်ကို ယူဆောင်လာရန် အမိန့်ပေးလိုက်ခြင်းဖြစ်သည်။ ဗိလ်ကီးစ်သခင်မကြီး ပိုင်ဆိုင်သော ပစ္စည်းဥစ္စာများအားလုံးအတွင်း၌ ရာဇပလ္လင်ကို ရွေးချယ်ရခြင်းအကြောင်းမှာ ဤသို့ဖြစ်ခြင်းကြောင့် ဖြစ်တန်ကောင်းရာသည်။ ထိုရာဇပလ္လင်သည် ၎င်းသခင်မကြီး၏ အားလုံးသောအရာများထက် လုံခြုံစွာ ထားရှိထားသော အရာဖြစ်သည်။ အကြင်ရာဇပလ္လင်ကို အဆောင်နန်း (၇) ခု၏ ကြားဝယ် လုံခြုံသော နန်းတစ်ခုအတွင်း ပိတ်ကာ ထားရှိထားပေသည်။ အကြောင်းမှာ ထိုနေရာ၏ အနီးအပါးမှ မိမိ၏ အတွင်းလူများသည် ပင် မဖြတ်သန်းသွားစေရန်ဖြစ်သည်။ ထိုရာဇပလ္လင်၏ သော့၊ သို့မဟုတ် တံခါးကို မဖွင့်၊ မချိုးဖျက်စေဘဲ ရွှေ့ပြောင်းစေလိုက်ခြင်းနှင့် ဤမျှခန့် ကွာဝေးသော အရပ်ဒေသအထိတိုင် ရောက်ရှိခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ ပြည့်ဝစုံလင်လှစွာသော တန်ခိုးတော်ကြောင့်သာလျှင် ဖြစ်နိုင်ပေသည်။ ဤသည် ဟဇရသ်စုလိုက်မာန် ﷺ အဖို့ အလ္လာဟ်အသျှင်မြတ်၏ ကြီးကျယ်လှစွာသော တန်ခိုးတော်အား ယုံကြည်ခြင်း၏ အကြီးမားဆုံးသော အကြောင်းခံ ဖြစ်နိုင်ပေသည်။ ယင်းယုံကြည်ချက်နှင့်အတူ 'စုလိုက်မာန်သခင်အဖို့ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ သီးသန့်အဆင့်အတန်းတစ်ရပ်ကို ရရှိထားပေသည်။ အကြောင်းမှာ ၎င်း၏ လက်ပေါ်ဝယ် ဤကဲ့သို့သော သဘာဝလွန် အချက်အလက်များကို ဖြစ်ပေါ်စေထားခြင်း' ဟူသော အချက်ကိုလည်း မုချ ယုံကြည်ရပေမည်။

[အိဗ်နေကသီးရ်သခင်ကြီး၏ တင်ပြရွေးချယ်ထားသော ကောက်နုတ်ချက်]

قَبۡلَ اَنۡ يَّاۡ تُوۡنِىۡ مُسۡلِمِيۡنَ

၎င်းတို့သည် ငါ့ထံသို့ မွတ်စလင်မ်အမိန့်နာခံသူများအဖြစ် မရောက်လာကြမီ။ *[၂၇ : ၃၈]*

'မုစ်လိမီးန်' သည် 'မုစ်လိမူးန်' ဟူသော စကားလုံး၏ အများကိန်းဖြစ်သည်။ အဘိဓါန်အဓိပ္ပာယ်မှာ 'နာခံသောသူ' ဟူ၍ ရရှိ၏။ သာသနာတော်၏ အသုံးအနှုန်းဝေါဟာရ၌ မုအ်မင်န်ကို မွတ်စလင်မ်ဟူ၍ ခေါ်ဆိုပေသည်။ ဤနေရာ၌ ဟဇရသ်အိဗ်နေအဗ္ဗာစ် ﷺ သခင်ကြီး၏ အဆိုအရ အဘိဓါန်အဓိပ္ပာယ်ကိုသာ အလိုသဘော ကောက်ယူထားပေသည်။ အဘယ်ကြောင့်ဆိုသော် ဗိလ်ကီးစ်သခင်မကြီးသည် ထိုအချိန်ထိတိုင် အစ္စလာမ်သာသနာကို လက်ခံထားကြောင်း အတည်မပြုထားပေ။ သို့သာမက ၎င်းသည် ဟဇရသ်စုလိုက်မာန် ﷺ သခင်ကြီးထံ အခစားတော် ဝင်ရောက်ကာ စကားအချို့ ပြောဆိုပြီးသည့်နောက်မှ မွတ်စလင်မ် ဖြစ်ခဲ့ပေသည်။ ပမာဆိုရသော် ကုရ်အာန်ကျမ်းတော်မြတ် ကိုယ်တော်တိုင်၏ တင်ပြလျက်ရှိနေသော စကားလုံးများမှ သိရှိရပေသည်။

قَالَ الَّذِىۡ عِنۡدَهٗ عِلۡمٌ مِّنَ الۡكِتٰبِ

ကောင်းကင်ကျမ်းဂန်၏ အသိပညာတစ်ရပ်ကို သိရှိသူ ပညာရှင်တစ်ဦး။ *[၂၇ : ၄၀]*

ထိုပညာရှင်သည် မည်သူနည်း။ ဖြစ်နိုင်ချေအချက်ကို စကားပြေအကျဉ်း၌ ဟဇရသ်စုလိုက်မာန် ﷺ သခင်ကိုယ်တော်တိုင် ဖြစ်ကြောင်းကို အလိုသဘော ကောက်ယူထားကြောင်း ရေးသားခဲ့ပေသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ် ချပေးသနားတော်မူထားသော ကောင်းကင်ကျကျမ်းဂန်၏ အသိပညာများကို အားလုံးထက် ၄င်းသည် သာပို၍ ရရှိထားပေသည်။ ယင်းပုံစံ၌ ဤအဖြစ်အပျက် အလုံးစုံသည် 'မုအ်ဂျေဇာဟ်' ပုံစံမျိုးဖြင့် ဖြစ်ပေါ်ခဲ့ပေသည်။ အဓိကရည်ရွယ်ချက်သည် 'ဗိလ်ကီးစ်သခင်မကြီးအား နဗီတစ်ပါးဖြစ်ခြင်းအလျောက် အံ့ဖွယ်အချက်ကို ပြသခြင်း' သာ ဖြစ်ပေသည်။ ထိုအမှုကိစ္စနှင့် စပ်လျဉ်း၍ စောဒကတစ်စုံတစ်ရာမျှ မရှိပေ။

သို့ရာတွင် များစွာသော သဖ်စီးရ်အေမာမ်ကြီးများ၊ ကသာဒါ စသော သခင်ကြီးများထံမှ အိဗ်နေဂျရီးရ်သခင်ကြီးသည် ဆင့်ပြန်ထားသည်။ ကုရ်သုဗီးသခင်ကြီးသည် ယင်းအဆိုကို နှောင်းပိုင်းခေတ်ရှိ အာလင်မ်များ တစ်ညီတစ်ညွတ်တည်း ကောက်ချက်ချထားသော အဆိုဟူ၍ သတ်မှတ်ပေးထားပေသည်။ ဤတစ်ဦးတစ်ယောက်သည် ဟဇရသ်စုလိုက်မာန် ﷺ ၏ အခွေခင်ပွန်းများထဲမှ တစ်ဦး ဖြစ်ပေသည်။ အိဗ်နေအဗ်ဗာဟ်သခင်ကြီးသည် ၄င်း၏ အမည်ကို အာဆွစ်ဖ်ဗင်နိခယားဟူ၍ ပြဆိုထားပေသည်။ ၄င်းသည် ဟဇရသ်စုလိုက်မာန် ﷺ ၏ မိတ်ဆွေတစ်ဦးဖြစ်သည်။ အချို့သော ဆင့်ပြန်ချက်များကို ထောက်ရှု၍ ၄င်းသည် ယင်းနဗီကြီး၏ အဒေါ်၏ သားလည်း ဖြစ်ပေသည်။ ၄င်းသည် 'အစ်မေ့အအ်ဇွားမ်' ကို တတ်ကျွမ်းနားလည်သူဖြစ်ပေသည်။ ၄င်း၏ အထူးဝိသေသအချက်မှာ ၄င်းသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ မည်သည့်ဒိုအာကိုမဆို တောင်းခံပါက အလ္လာဟ်အသျှင်မြတ်သည် လက်ခံတော်မူပေသည်။ မည်သည့်အရာကိုမဆို တောင်းခံပါက အလ္လာဟ်အသျှင်မြတ်သည် ချီးမြှင့်တော်မူပေသည်။ ထိုအချက်ကြောင့် 'ဟဇရသ်စုလိုက်မာန် ﷺ သည် 'အစ်မေ့အအ်ဇွားမ်' ကို မသိရှိသည်' ဟူသော အချက်သည် မှချ မဖြစ်တန်ကောင်းရာသည်။ အဘယ်ကြောင့်ဆိုသော် ဟဇရသ်စုလိုက်မာန် ﷺ သည် 'ဤကြီးမားသော လုပ်ဆောင်ချက်ကို ၄င်း၏ အွမ္မသ် (နောက်လိုက်ထု) အတွင်းမှ လူတစ်ဦး၏ အကြောင်းခံဖြင့် ဖြစ်ပေါ်စေလိုက်မည်။ အကြင်ကဲ့သို့ ဖြစ်ပေါ်စေခြင်းကြောင့် ဗိလ်ကီးစ်သခင်မကြီးအပေါ် သာပို၍ အကျိုးတရား သက်ရောက်စေခြင်း' ၏ အကြောင်းအကျိုးကို ဆင်ခြင်တွေးတော ရှုမြင်ကာ ကိုယ်တိုင်ပြုရမည့်အစား မိမိ၏ မိတ်ဆွေတစ်ဦးကို أَيُّكُمْ يَاتِيْنِي ဟူ၍ မိန့်တော်မူလိုက်ခြင်းသည်လည်း တစ်စုံတစ်ရာ တွေးတောရန် ဝေးကွာလှစွာသော အချက်မဟုတ်ပေ။ ယင်းပုံစံ၌ ဤဖြစ်အင်သည် အာစွစ်ဖ်ဗင်နိဗရ်ခယား၏ 'ကရာမသ်' (တန်ခိုးတော်) ပင် ဖြစ်သည်။

'မုအ်ဂျေဇာဟ်'နှင့် 'ကရာမသ်'၏ ကွဲပြားခြားနားမှု

စင်စစ်မှာ ဤသို့တည်း။ 'မုအ်ဂျေဇာဟ်' ၌ သဘာဝအကြောင်းခံများ တစ်စုံတစ်ရာ မပါဝင်ကာ အလ္လာဟ်အသျှင်မြတ်၏ တိုက်ရိုက်ပြုမူဆောင်ရွက်ချက် ဖြစ်ပေသည်။ ပမာဆိုရသော် ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ အလ္လာဟ်အသျှင်မြတ်သည် မိန့်တော်မူထားပေသည်။

وَمَارَمَيْتَ إِذْ رَمَيْتَ وَلٰكِنَّ اللهَ رَمٰى

ထိုနည်းတူစွာ 'အို၊ နဗီတမန်တော်၊ အသင်သည် ၎င်းတို့အား သဲများဖြင့် ပက်ခဲ့စဉ်ကလည်း အသင် ပက်ခဲ့သည်မဟုတ်။ စင်စစ်မှာ အလ္လာဟ်အသျှင်မြတ်ပင် ပက်တော်မူခဲ့သည်။ [၈း၁၇]

ဟူ၍ ဖြစ်သကဲ့သို့ 'ကရာမသ်'၌လည်း သဘာဝအကြောင်းခံများ တစ်စုံတစ်ရာမျှ မပါရှိဘဲ အလ္လာဟ် အသျှင်မြတ်၏ ဘက်တော်မှ တိုက်ရိုက် ဆောင်ရွက်ပြုမူချက်တစ်ရပ် ဖြစ်ပေါ်ပေသည်။ 'မုအ်ဂျေဇာဟ်' ကို ပြသောသူနှင့် 'ကရာမသ်'ကို ပြသောသူကိုယ်တိုင်တို့၌ 'မုအ်ဂျေဇာဟ်'နှင့် 'ကရာမသ်'ကို ပြရန် ပင်ကိုယ် ရွေးချယ်ခွင့် မရှိပေ။ ထိုနှစ်ခုကြား ကွဲပြားခြားနားမှုမှာ ဤမျှခန့်သာလျှင် ဖြစ်ပေသည်။ အကယ်၍ သဘာဝလွန် ဖြစ်ရပ်တစ်ခုသည် 'ဝဟီ'ဗျာဒိတ်တော်ကို ရရှိသော နဗီတစ်ပါး၏ လက်ဝယ်အတွင်း ဖြစ်ပေါ်သွားမူ 'မုအ်ဂျေဇာဟ်'ဟု ခေါ်ဆို၍ နဗီမဟုတ်သောသူ၏ လက်ဝယ်၌ ဖြစ်ပေါ်သွားမူ ၎င်းကို 'ကရာမသ်' ဟု ခေါ်ဆိုပေသည်။ ဤအထက်ဖော်ပြပါ ဖြစ်အင်၌ 'ဤဆောင်ရွက်ချက်သည် ဟဇရသ်စုလိုက်မာန် ﷺ သခင်၏ မိတ်ဆွေများထဲမှ အာစွဖ်ဗင်နဗရ်ခယား၏ အကြောင်းခံဖြင့် ဖြစ်ပေါ်သွားသော' ဆင့်ပြန်ချက်သည် မှန်ကန်လျှင်မူ ဤသည် ၎င်း၏ 'ကရာမသ်'ဟူ၍ ခေါ်ဆိုပေသည်။ 'ဝလီ' သူတော်စင်တိုင်း၏ ပြီးပြည့်စုံသော အရည်အချင်းများသည် ၎င်းတို့၏ နဗီ၊ ရစူလ်များ၏ အရည်အချင်းများ၏ ရောင်ပြန်ဟပ်မှုနှင့် ၎င်းတို့ထံမှပင် ရယူထားသော အကျိုးအရည်အချင်းများ ဖြစ်ပေသည်။ ထို့ကြောင့် အုမ္မသ် (နောက်လိုက်ထု) အတွင်း၌ ရှိသော ဝလီသူတော်စင်များ၏ လက်ဝယ်၌ ဖြစ်ပေါ်သော 'ကရာမသ်' အားလုံးသည် ရစူလ်တမန်တော်များအားလုံး၏ 'မုအ်ဂျေဇာဟ်'များအတွင်း၌မှာပင် ရေတွက်ရပေမည်။

ဗိလ်ကီးစ်သခင်မကြီး၏ ရာဇပလ္လင်၏ ဖြစ်အင်သည် 'ကရာမသ်'ဖြစ်ပါ၏လော၊ သို့မဟုတ် ပင်ကိုယ် ပြုမူဆောင်ရွက်ချက် ဖြစ်ပါ၏လော၊

ရှိုက်ခေအဗ်ကဗရ် မုဟီယုဒ်ဒီးန် အိဗ်နေ အရဗီသခင်ကြီးသည် ယင်းဖြစ်အင်ကို အာစွဖ်ဗင်နဗရ်ခယား ၏ ပင်ကိုယ်ပြုမူချက်ဟူ၍ အတည်ပြုထားပေသည်။ 'သစွာရ်ရုဖ်' (ပင်ကိုယ်ဆောင်ရွက်ချက်) ဟူသည် သာသနာတော်၏ အသုံးအနှုန်းဝေါဟာရ၌ ရှုမြင်ကြည့်ရှုခြင်း၏ စွမ်းပကားကို အသုံးပြု၍ အံ့ဖွယ်ကောင်း သောအလုပ် ဖြစ်ပေါ်သွားစေရန်အတွက် အသုံးပြုခြင်း ဖြစ်သည်။ အကြင်အချက်ကို ပြုမူဆောင်ရွက်ရန် အတွက် နဗီဖြစ်ခြင်း၊ ဝလီဖြစ်ခြင်းကို မဆိုထားဘိဦး မွတ်စ္စလင်မ်ဖြစ်ရန်ပင် စည်းကမ်းချက်မဟုတ်ပေ။ ထိုအရာသည် မျက်လှည့်အသွင်ကိစ္စရပ်တစ်ခု ဖြစ်သည်။ သူတော်စင်များသည် မိမိတို့၏ လက်အောက်ငယ်သား 'မုရီးဒ်'များ ပြုပြင်ရန်အတွက် တစ်ခါတစ်ရံ ယင်းအချက်ကို အသုံးပြုကြပေသည်။ အိဗ်နေအာရဗီသခင်ကြီး က မိန့်တော်မူပေသည်။ နဗီတမန်တော်များသည် 'သစွာရ်ရုဖ်' (ပင်ကိုယ်ပြုမူဆောင်ရွက်ခြင်း) ကို ပြုမူ ခြင်းမှ ရှောင်ရှားကြပေသည်။ ထို့ကြောင့် ဟဇရသ်စုလိုက်မာန် ﷺ သခင်သည် ယင်းအလုပ်ကို အာစွဖ်ဗ်

ဗင်န် ဗရ်ခယားအား စေခိုင်းခြင်းဖြစ်ပေသည်။ သို့ရာတွင် ကုရ်အာန်ကျမ်းတော်မြတ်သည် ထို 'သစ္စာရ်ရှဖ်' ကို عِلۡمٌ مِّنَ الۡكِتٰبِ (ကောင်းကင်ကျကျမ်းဂန်၏ အသိပညာ) ၏ အချုပ်တရားဟူ၍ ပြဆိုထားပေသည်။ ယင်းပြသချက်မှ 'ဤသည် ဒိုအာတစ်ရပ်ရပ် သို့မဟုတ် ကြီးကျယ်လှစွာသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်တစ်ရပ်ရပ်၏ အကျိုးတရား သက်ရောက်မှုဖြစ်ခြင်း' အချက်ကိုသာ အသာပေးရပေမည်။ ယင်းအချက်သည် 'သစ္စာရ်ရှဖ်' (ပင်ကိုယ်ပြုမူဆောင်ရွက်ခြင်း) နှင့် တစ်စုံတစ်ရာ ပတ်သက်မှုမရှိပေ။ ယင်းအချက်သည် 'ကရာမသ်'၏ အလိုသဘောအတွင်း၌သာ ပါဝင်နေပေသည်။

اَنَّا اٰتِيۡكَ بِهٖ قَبۡلَ اَنۡ يَّرۡتَدَّ اِلَيۡكَ طَرۡفُكَ

ကျွန်တော်မျိုးသည် ထိုရာဇပလ္လင်ကို ကိုယ်တော်၏ မျက်စိတစ်မှိတ်အတွင်း ကိုယ်တော့်ထံသို့ ဆောင်ကြဉ်းခဲ့ပါမည်။ *[၂၇ : ၄၀]*

ဟူသော ပြောဆိုချက်၏ စာဒကသည် ကျန်ရှိနေပေသည်။ ဤသည် ယင်းအလုပ်ကို မိမိ၏ ပင်ကိုယ်ဆောင်ရွက်ခြင်း၏ သဘောဆန္ဒဖြင့် ပြုမူခြင်း၏ လက္ခဏာဖြစ်သည်။ အကြင်လက္ခဏာသည် 'သစ္စာရ်ရှဖ်'၏ လက္ခဏာပင် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် 'ကရာမသ်'သည် 'ဝလီ'၏ ရွေးချယ်ခွင့်အတွင်းဝယ် မရှိသည့်အတွက်ကြောင့် အဖြေမှာ ဤသို့ ဖြစ်နိုင်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းအား 'အသင်သည် သဘောဆန္ဒ ပိုက်လိုက်သည်ဆိုပါက ငါအသျှင်မြတ်သည် ဤအလုပ်ကို အလွန်လျင်မြန်စွာ ဆောင်ရွက်ပေးပေမည်'ဟူ၍လည်း ဖြစ်ကောင်းဖြစ်နိုင်ပေသည်။ ဤပြောကြားချက်သည် ဟဇရသ်ထာနဝီသခင်ကြီး၏ မိန့်ဆိုချက်ဖြစ်သည်။ အကြင်မိန့်ဆိုချက်ကို ဆရာသခင်ကြီးသည် အဟ်ကားမုလ်ကုရ်အာန်ကျမ်း၏ 'စူရာဟ်နမလ်'၏ အကျယ်ချဲ့ဖွင့်ဆိုချိန်၌ မိန့်တော်မူခြင်း ဖြစ်သည်။ 'သစ္စာရ်ရှဖ်'၏ အရင်းအမြစ်နှင့် ၎င်း၏ အမိန့်နှင့်စပ်လျဉ်း၍ ဆရာသခင်ကြီးသည် 'အသ်သစ္စာရ်ရှဖ်'အမည်ဖြင့် အာရဗီဘာသာဖြင့် သီးသန့် ကျမ်းငယ်တစ်စောင်အား ရေးသားထားပေသည်။ အူရ်ဒူဘာသာပြန်ကိုမူ ကျွန်ုပ် (မိုဟမ္မဒ်ရှဖီးအ်) သည် သီးသန့်ပြန်ဆိုကာ ထုတ်ဝေပြီးဖြစ်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

فَلَمَّا جَآءَتۡ قِيۡلَ اَهٰكَذَا عَرۡشُكِ‌ؕ قَالَتۡ كَاَنَّهٗ هُوَ‌ ۚ وَاُوۡتِيۡنَا الۡعِلۡمَ مِنۡ قَبۡلِهَا وَكُنَّا مُسۡلِمِيۡنَ ﴿۴۲﴾

၂၇ : ၄၂ ။ ။ ထို့နောက် ၎င်း (ဘုရင်မ) က ရောက်ရှိလာသောအခါ တစ်ဦးတစ်ယောက်က 'အသင်၏ ရာဇပလ္လင်သည် ဤအတိုင်းပင် ဖြစ်ပါသလော' ဟု မေးမြန်း၏။ ၎င်း (ဘုရင်မ) က 'ဤရာဇပလ္လင် ဖြစ်ဟန်တူပါသည်' ဟု ပြန်ပြော

၏။ ထိုအခါ ယင်း (နဗီတမန်တော်စုလိုက်မာန်) က 'စင်စစ် ကျွန်ုပ်တို့သည် ဤသည့်အလျင် (မူလ) ကပင် အသိပညာကို ချီးမြှင့်ပေးသနားတော်မူခြင်းကို ခံခဲ့ကြရပြီ။ ၎င်းပြင် ကျွန်ုပ်တို့သည် မွတ်စ္စလင်မ်အမိန့်နာခံသူများပင် ဖြစ်ခဲ့ပြီ' ဟု ပြောဆို ဖြေကြားခဲ့လေသည်။

وَصَدَّهَا مَا كَانَتْ تَّعْبُدُ مِنْ دُوْنِ اللّٰهِ ؕ اِنَّهَا كَانَتْ مِنْ قَوْمٍ كٰفِرِيْنَ ﴿۴۳﴾

၂၇ : ၄၃ ။ ။ စင်စစ် ၎င်း (ဘုရင်မ) အား၊ အလ္လာဟ်အသျှင်မြတ်ကို စွန့်၍ ၎င်းကိုးကွယ်လျက်ရှိခဲ့သော အရာများ က (အီမာန်သက်ဝင်ယုံကြည်ခြင်းမှ) တားဆီးထားခဲ့ခြင်း ဖြစ်ပေသည်။ ဧကန်စင်စစ် ၎င်း (ဘုရင်မ) သည် ကာဖိရ် သွေဖည်ငြင်းပယ်ကြသော အမျိုးသားတို့အနက်မှပင် ဖြစ်ခဲ့ပေသည်။

قِيْلَ لَهَا ادْخُلِى الصَّرْحَ ۚ
فَلَمَّا رَاَتْهُ حَسِبَتْهُ لُجَّةً وَّكَشَفَتْ عَنْ سَاقَيْهَا ؕ قَالَ اِنَّهٗ
صَرْحٌ مُّمَرَّدٌ مِّنْ قَوَارِيْرَ ؕ قَالَتْ رَبِّ اِنِّىْ ظَلَمْتُ نَفْسِىْ وَ
اَسْلَمْتُ مَعَ سُلَيْمٰنَ لِلّٰهِ رَبِّ الْعٰلَمِيْنَ ﴿۴۴﴾

၂၇ : ၄၄ ။ ။ (ထို့နောက်) ၎င်းဘုရင်မအား 'ညှော်ခန်းအတွင်းသို့ ဝင်ရောက်ပါ' ဟု တစ်ဦးတစ်ယောက်က ပြောကြား ခဲ့လေ၏။ သို့ဖြစ်ပေရာ ထိုဘုရင်မသည် ယင်းညှော်ခန်းကို မြင်လေသောအခါ ထိုညှော်ခန်းကို နက်စွာသော 'ရေ' ဟု ထင်မှတ်၍ မိမိ၏ (ဝတ်ရုံကို မ,လိုက်ရာ) ခြေသလုံးနှစ်ဖက် ပေါ်သွားခဲ့လေ၏။ (ထိုအခါ) ၎င်း (နဗီတမန်တော်) စုလိုက်မာန်က 'ဤသည် (ကြည်လင်သော) ဖန် (မှန်) ဖြင့် ချောမွတ်အောင် ပြုလုပ်ထားသော ညှော်ခန်းပင် ဖြစ်သည်' ဟု ပြောကြားခဲ့လေသည်။ (ထိုအခါ) ၎င်းဘုရင်မက 'အို၊ ကျွန်တော်မျိုးမအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ ဧကန်မလွဲ ကျွန်တော်မျိုးမ သည် မိမိကိုယ်မိမိ နှိပ်စက်မိခဲ့ပါပြီ။ သို့ရာတွင် (ယခု) ကျွန်တော်မျိုးမသည် (နဗီတမန်တော်) စုလိုက်မာန်နှင့်အတူ (အသျှင်မြတ်၏) အမိန့်တော်ကို လိုက်နာပါပြီ' ဟု လျှောက်ထားခဲ့လေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ဟဇရသ်စုလိုက်မာန်သခင်သည် ဤအစီအစဉ်များအားလုံးကို ပြုလုပ်စီမံထားပေသည်။ တစ်ဖန် ဗိလ်ကီးစ်သခင်မကြီး ရောက်ရှိလာပေသည်။) ထို့နောက် ၎င်း (ဘုရင်မ) ရောက်ရှိလာသောအခါ တစ်ဦးတစ်ယောက်က ၎င်းအား (ရာဇပလ္လင်ကို ပြကာ ဟဇရသ်စုလိုက်မာန်သခင်ကိုယ်တိုင် ပြောဆိုသည် ဖြစ်စေ၊ အခြားတစ်ဦးတစ်ယောက်အား ပြောဆိုခိုင်းသည်ဖြစ်စေ) 'အသင်မ၏ ရာဇပလ္လင်သည် ဤအတိုင်းပင် ဖြစ်ပါသလော' ဟု မေးမြန်း၏။ ၎င်း (ဘုရင်မ) က 'ဤရာဇပလ္လင်မှာ ကျွန်ုပ်၏ ရာဇပလ္လင်ဖြစ်ဟန်

တူပါသည်’ဟု ပြန်လည် ပြောဆို၏။ (ဗိလ်ကီးစ်သခင်မကြီးအား ဤပုံစံဖြင့် မေးမြန်းတော်မူရခြင်း အကြောင်းမှာ ပုံပန်းသဏ္ဍာန်ကို ပြောင်းလွဲထားကာ အခြေခံတည်ဆောက်မှု မူရင်းပုံသဏ္ဍာန်မှာ ဤအတိုင်း သာလျှင် ဖြစ်သည်။ ပုံပန်းသဏ္ဍာန်မှာ မူရင်းအတိုင်းမဟုတ်။ ထို့ကြောင့် ‘အသင်မ၏ ရာဇပလ္လင် ဖြစ်ပါ၏ လော’ဟူ၍ မမေးမြန်းဘဲ ‘အသင်မ၏ ရာဇပလ္လင်သည် ဤအတိုင်းပင် ဖြစ်ပါသလော’ဟူ၍ မေးမြန်း လိုက်ခြင်း ဖြစ်သည်။ ဗိလ်ကီးစ်သခင်မကြီးသည် ထိုပလ္လင်တော်ကို သိရှိသွားကာ အပြောင်းအလွဲ ပြုလုပ် ထားခြင်းကိုလည်း သိရှိသွားပေသည်။ ထို့ကြောင့် ဖြေကြားချက်ကိုလည်း မေးခွန်းနှင့်အညီ ဖြေဆိုလိုက် ခြင်းဖြစ်သည်။ ထိုအခါ ယင်း (ဘုရင်မက ထပ်ဆင့်၍) ‘စင်စစ် ကျွန်ုပ်တို့သည် ဤသည့်အလျှင် (မူလ) ကပင် (အသင်နဗီဖြစ်ခြင်း၏) အသိပညာကို ချီးမြှင့်ပေးသနားတော်မူခြင်းကို ခံခဲ့ကြရပြီ။ ၎င်းပြင် ကျွန်ုပ် တို့သည် (ထိုအချိန်မှစ၍ အူလိုက်၊ အသည်းလိုက်) မွတ်စ္စလင်မ်အမိန့်ကို နာခံသူများပင် ဖြစ်ခဲ့ပြီ။ (သံတမန် တို့သည် အသင်၏ အရည်အချင်းများကို သိရှိခဲ့ရာ ယခု ဤ ‘မုအ်ဂျဇာဟ်’သည် လုံးဝ လိုအပ်မည်ဟု မထင်ရပေ) ဟု ပြောဆို ဖြေကြားခဲ့လေသည်။

စင်စစ် (ထို ‘မုအ်ဂျဇာဟ်’၏ အလျှင် အတည်ပြု ထောက်ခံပေးခြင်းသည် ဦးနှောက်ရင့်ကျက် ခြင်း၏ အထောက်အထားဖြစ်သည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်သည် ထိုဘုရင်မ ဦးနှောက်အသိဉာဏ် ရှိကြောင်းကို မိန့်တော်မူလိုက်သည်။ အမှန်တကယ် ၎င်းဘုရင်မသည် ဦးနှောက်အသိဉာဏ်နှင့် ပြည့်စုံသော သူမ ဖြစ်သည်။ သို့ရာတွင် ရက်အချို့ထိတိုင် အီမာန်မရယူရခြင်းအကြောင်းမှာ) ၎င်း (ဘုရင်မ) အား အလ္လာဟ်အသျှင်မြတ်ကို စွန့်၍ ၎င်း (ဓလေ့အရ) ကိုးကွယ်လျက်ရှိခဲ့သော အရာများက (အီမာန်သက်ဝင် ယုံကြည်ခြင်းမှ) တားဆီးထားခဲ့ခြင်း ဖြစ်ပေသည်။ (ဓလေ့စွဲကပ်သွားရခြင်းအကြောင်းမှာ) ဧကန်စင်စစ် ၎င်း (ဘုရင်မ) သည် ကာဖိရ်သွေးဖည်ငြင်းပယ်ကြသော အမျိုးသားတို့အနက်မှပင် ဖြစ်ခဲ့ပေသည်။

အားလုံးသောသူများ ပြုလုပ်နေကြသည်ကို မြင်တွေ့၍ မိမိလည်း လိုက်လုပ်နေပေသည်။ မျိုးရိုးဆိုင်ရာ မိရိုးဖလာဓလေ့သည် များစွာသော အချိန်အခါမျိုး၌ လူသားတို့၏ စဉ်းစားဆင်ခြင် သုံးသပ်ခြင်းအား အဟန့်အတား ဖြစ်ရှိနေသော အရာဖြစ်သည်။ သို့ရာတွင် အသိဉာဏ်ရှိသော သူမဖြစ်သည့်အတွက်ကြောင့် သတိပေးလိုက်သည်ဆိုလျှင်ပဲ သတိရှိသွားပေသည်။ ထို့နောက် ဟဇရတ်စုလိုက်မာန် عليه السلام သည် မိမိနဗီ ဖြစ်ခြင်း၏ ‘မုအ်ဂျဇာဟ်’ တန်ခိုးတော်ကို ပြလိုသည့်အပြင် အပေါ်ယံစိုးမိုးအုပ်ချုပ်ခြင်း နန်းရှိန်၊ ဂုဏ်ဝါ ကိုလည်း ပြသရန် လိုလားနေပေသည်။ သို့မှသာ မိမိအား လောကီရေးရာကို ထောက်ရှု၍ ကြီးကျယ်သည် ဟူ၍ မထင်မှတ်စေရန် ဖြစ်သည်။ ထို့ကြောင့် မှန်ဧည့်ခန်းတစ်ခုကို ဆောက်လုပ်ခိုင်းကာ ထိုဧည့်ခန်း၏ စကြံန်၌ ရေကန်ငယ်တစ်လုံးကို ဆောက်လုပ်ခိုင်းပေသည်။ ထိုကန်အတွင်း၌ ရေနှင့် ငါးတို့ကို ဖြည့်ကာ ၎င်းကန်ကို အပေါ်မှ ဖန်သားပြင်နှင့် ပိတ်ထားလိုက်သည်။ မှန်သား၊ ဖန်သားပြင်သည် အပေါ်ယံအရှု ဖြင့် ကြည့်ရှုမည်ဆိုပါက မမြင်တွေ့ရလောက်အောင် ကြည်လင်နေပေသည်။ ထိုရေကန်ကို ၎င်း၏ နန်း ရင်ပြင်သို့ ရောက်ရှိအောင် မဖြစ်မနေ ကျော်ဖြတ်သွားရမည့်နေရာ၌ ဆောက်လုပ်ထားပေသည်။ သို့ရှိရာ ထိုစီမံမှုကိစ္စရပ်ကို စီမံပြုလုပ်ပြီးနောက် ၎င်း (ဘုရင်မ) အား ဧည့်ခန်းအတွင်းသို့ ဝင်ရောက်ပါ’ ဟု

တစ်ဦးတစ်ယောက်က ပြောကြားခဲ့လေ၏။ (ထိုအဆောင်ကိုပင် ရပ်နားတည်းခိုရန်အတွက် စီမံထားခြင်း ဖြစ်ကောင်းဖြစ်နိုင်ပေသည်။ အချုပ်မှာ ထိုသခင်မကြီးသည် လျှောက်လှမ်းလာရာ လမ်းခုလတ်၌ ကန်ကို မြင်တွေ့ပေသည်။)

သို့ဖြစ်ပေရာ ထိုဘုရင်မသည် ယင်းညှဉ့်ခန်းကို မြင်လေသေလာအခါ ထိုညှဉ့်ခန်းကို နက်စွာသော (ပြည့်နေသည့်) ရေဟု ထင်မှတ်၍ (သို့ရှိရာ အကြောင်းခံဖြင့် 'ရေလျှောက်လမ်း' ဟု ထင်မှတ်နေခြင်းကြောင့် အတွင်းသို့ ဆင်းသက်ရန်အတွက် ဝတ်ရုံကို မ,ယူလိုက်ရာ) ခြေသလုံးနှစ်ဖက် ပေါ်သွားခဲ့လေ၏။ (ထိုအခါ) ၎င်း (နဗီတမန်တော်) စုလိုက်မာန်က 'ဤသည် (ကြည်လင်သော) ဖန် (မှန်) ဖြင့် ချောမွတ်အောင် ပြုလုပ်ထားသော (စကြံန်အပါအဝင် အားလုံးသော နေရာများအား ပြုလုပ်ထားသည့်) ညှဉ့်ခန်းပင် ဖြစ်သည်' ဟု ပြောကြားခဲ့လေသည်။ (ဤကန်ကိုလည်း မှန်၊ ဖန်ပြင်တို့ဖြင့် ပိတ်ထားရာ ဝတ်ရုံကို မ,ရန် မလိုအပ်ပေ။ ထိုအချိန်၌) ၎င်းဘုရင်မက (ဤနေရာ၌ လောကီရေးရာ လက်မှုအတတ်ပညာသည် ယနေ့ အချိန်ထိတိုင် ကျွန်တော်မျိုးမ၏ မျက်စိဖြင့် မမြင်တွေ့ဘူးရလောက်သော အံ့ဖွယ် မြင်ကွင်းချည်းသာ ဖြစ်နေပေသည်။ သို့ရှိရာ ထိုသခင်မကြီး၏ နှလုံးသားအတွင်း၌ ဟဇရတ်စုလိုက်မာန် သခင်ကြီးအပေါ် နည်းအမျိုးမျိုးဖြင့် လေးစားစိတ်များ ပေါ်ပေါက်လာပေသည်။ ထို့နောက် အလိုအလျောက်) 'အို၊ ကျွန်တော်မျိုးမအား မွေးဖြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ ဧကန်မလွဲ ကျွန်တော်မျိုးမသည် (ယခုအချိန်ထိတိုင်) မိမိကိုယ်ကို မိမိ နှိပ်စက်မိခဲ့ပါပြီ။ (ရှရစ်ကိပြုခြင်းအတွင်း၌ နစ်မွန်းခဲ့သည်။) သို့ရာတွင် (ယခု) ကျွန်တော်မျိုးမသည် (နဗီတမန်တော်) စုလိုက်မာန်နှင့်အတူ (၎င်း၏ လမ်းစဉ်အပေါ် စကြဝဠာအပေါင်း၏) အသျှင်မြတ်၏ အမိန့်တော်ကို လိုက်နာပါပြီ' ဟု လျှောက်ထားခဲ့လေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဗိလ်ကီးစ်သခင်မသည် ဟဇရတ်စုလိုက်မာန်၏ 'နေကာဟ်' (ထိမ်းမြားမှု) အတွင်းသို့ ရောက်ရှိခဲ့ပါ၏လော

တင်ပြလျက်ရှိနေသော အာယသ်တော်များအတွင်း၌ ဗိလ်ကီးစ်သခင်မ၏ ဖြစ်အင်သည် '၎င်း ဟဇရတ်စုလိုက်မာန် ﷺ ၏ ထံပါးသို့ ရောက်ရှိကာ အစ္စလာမ်သာသနာ့ဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ ကြောင်း' ထိသာ ဖြစ်အင်ကို အဆုံးသတ်ထားပေသည်။ ထို့နောက် ဖြစ်အင်မည်ကဲ့သို့ ဆက်လက်ဖြစ်ရှိသည် ကို ကုရ်အာန်ကျမ်းတော်မြတ်၌ မိန့်တော်မမူထားပေ။ ဤသည့်အတွက်ကြောင့်သာ တစ်ဦးတစ်ယောက် သည် အဗ်ဒုလ္လားဟ်ဗင်န်အုယိုက်နားဟ်သခင်ကြီးအား 'ဟဇရတ်စုလိုက်မာန် ﷺ သည် ဗိလ်ကီးစ်သခင်မ ဖြင့် 'နေကာဟ်' ပြုခဲ့ပါ၏လော' ဟူ၍ မေးမြန်းရာ ၎င်းက 'ထိုကိစ္စရပ်သည်

اَسْلَمْتُ مَعَ سُلَيْمَانَ لِلّٰهِ رَبِّ الْعَالَمِيْنَ

သို့ရာတွင် ယခု ကျွန်တော်မျိုးမသည် နဗီတမန်တော်စုလိုက်မာန်နှင့်အတူ အသျှင်မြတ်၏ အမိန့်တော် ကို လိုက်နာပါပြီ။ [၂၇ : ၄၄]

ဟူသော နေရာ၌ အဆုံးသတ်ထားပေသည်။ အလိုသဘောမှာ 'ကုရ်အာန်ကျမ်းတော်မြတ်သည် ဤနေရာအထိသာ ၎င်းတို့၏ အခြေအနေကို တင်ပြထားပေသည်။ ထို့နောက်ပိုင်း ဖြစ်ပေါ်သော အခြေအနေကို ပြသရန်ကို ကုရ်အာန်ကျမ်းတော်မြတ်၌ 'စွန့်လွှတ်ထားရာ ကျွန်ုပ်တို့အဖို့လည်း ဆက်လက် သုတေသန ပြုရန် မလိုအပ်ပေ'ဟူ၍ပင် ဖြစ်သည်'ဟူ၍ မိန့်ဆိုဖြေကြားလိုက်သည်။

သို့ရာတွင် အိဗ်နေအစာကိရ်သခင်ကြီးသည် ဟဇရသ်အိကျ်ရိမားဟ်သခင်ကြီးထံမှ ဆင့်ပြန်ထားသည်မှာ 'ထို့နောက် ဗိလ်ကီးစ်သခင်မကြီးသည် ဟဇရသ်စုလိုက်မာန် عليه السلام ၏ 'နေကာဟ်'အတွင်းသို့ ရောက်ရှိလာကာ ၎င်းအား မိမိ၏ တိုင်းပြည်အပေါ် ဆက်လက်ပိုင်ဆိုင်မှုအဖြစ် ထားရှိစေကာ ယမန်နိုင်ငံသို့ ပြန်လည်ပို့ဆောင်လိုက်သည်။ လစဉ်လတိုင်း ဟဇရသ်စုလိုက်မာန် عليه السلام သည် ထိုအရပ်ဒေသသို့ ကြွမြန်းသွားကာ (၃) ရက်တိုင် တည်းခိုနေထိုင်ပေသည်။ ဟဇရသ်စုလိုက်မာန် عليه السلام သည် ယင်းသို့ ရပ်နားတည်ခိုးရန်အတွက် နှိုင်းယှဉ်ပမာပြ၍ မရနိုင်လောက်အောင်သော နန်းတော်ကြီး သုံးခုကို တည်ဆောက်ထားပေသည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူ၏။)

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَقَدْ أَرْسَلْنَآ إِلَىٰ
ثَمُودَ أَخَاهُمْ صَٰلِحًا أَنِ ٱعْبُدُوا۟ ٱللَّهَ فَإِذَا هُمْ فَرِيقَانِ يَخْتَصِمُونَ ﴿٤٥﴾

၂၇ : ၄၅ ။ ။ ထို့ပြင် စကန်မလွဲ ငါအသျှင်မြတ်သည် ဆမူဒ်အမျိုးသားတို့ထံ၊ ၎င်းတို့၏ နောင်တော်ဆွာလိဟ်အား အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား ဆည်းကပ်ကိုးကွယ်ကြရမည် (ဟူသော အမိန့်တော်နှင့်တကွ) စေလွှတ်တော်မူခဲ့၏။ ထိုအခါ ဆမူဒ်အမျိုးသားတို့သည် ရုတ်တရက် ၎င်းတို့မှာ အချင်းချင်း ပဋိပက္ခ ခိုက်ရန်ဖြစ်ပွားကြသော အုပ်စုနှစ်စု ဖြစ်သွားခဲ့ကြကုန်၏။

قَالَ يَٰقَوْمِ لِمَ تَسْتَعْجِلُونَ بِٱلسَّيِّئَةِ قَبْلَ
ٱلْحَسَنَةِ ۖ لَوْلَا تَسْتَغْفِرُونَ ٱللَّهَ لَعَلَّكُمْ تُرْحَمُونَ ﴿٤٦﴾

၂၇ : ၄၆ ။ ။ ထိုဆွာလိဟ်က 'အို, ငါ၏ အမျိုးသားတို့၊ အသင်တို့သည် အဘယ်ကြောင့် ကရုဏာတော်ထက် ပြစ်ဒဏ်ကို အလျင်လိုလားကြသနည်း။ အသင်တို့သည် ကရုဏာပြုတော်မူခြင်းကို ခံကြရရန် အလို့ငှာ၊ အဘယ်ကြောင့် အလ္လာဟ်အသျှင်မြတ်ထံတော်၌ လွတ်ငြိမ်းချမ်းသာခွင့်ကို တောင်းခံခြင်း မပြုကြသနည်း' ဟု ပြောကြားခဲ့လေ၏။

قَالُوا اطَّيَّرْنَا بِكَ وَبِمَن مَّعَكَ ۚ قَالَ طَائِرُكُمْ عِندَ اللَّهِ ۖ بَلْ أَنتُمْ قَوْمٌ تُفْتَنُونَ ﴿٤٧﴾

၂၇ : ၄၇ ။ ။ ၎င်းအမျိုးသားတို့က (အို၊ ဆွာလိဟ်) 'ကျွန်ုပ်တို့သည် အသင်နှင့်တကွ အသင်၏ အပေါင်းအဖော်တို့အား မင်္ဂလာကင်းမဲ့ကြသူများ' ဟူ၍ (ယူဆသည်ဟု) ပြောဆိုခဲ့ကြကုန်၏။ (ထိုအခါ) ၎င်းဆွာလိဟ်က (အချင်းတို့) 'အသင်တို့၏ အမင်္ဂလာအကြောင်းရင်းသည် အလ္လာဟ်အသျှင်မြတ်ထံတော်၌သာ ရှိပေသည်။ ထိုသို့ အလျှင်းမဟုတ်။ စင်စစ်မှာမူ အသင်တို့သည် စမ်းသပ်ခြင်းကို ခံကြရမည်ဖြစ်သော အမျိုးသားများပင် ဖြစ်ကြသည်' ဟု ပြောကြားခဲ့လေသည်။

وَكَانَ فِي الْمَدِينَةِ تِسْعَةُ رَهْطٍ يُفْسِدُونَ فِي الْأَرْضِ وَلَا يُصْلِحُونَ ﴿٤٨﴾

၂၇ : ၄၈ ။ ။ ထို့ပြင် မြို့တွင်း၌ ယောက်ျားကိုးယောက် ရှိခဲ့ရာ၊ ၎င်းတို့သည် တိုင်းပြည်ကို (စည်ကားသာယာအောင်) ပြုပြင်ကြခြင်းမရှိဘဲ ဖျက်ဆီးမှုကိုသာ ပြုလုပ်လျက်ရှိကြကုန်၏။

قَالُوا تَقَاسَمُوا بِاللَّهِ لَنُبَيِّتَنَّهُ وَأَهْلَهُ ثُمَّ لَنَقُولَنَّ لِوَلِيِّهِ مَا شَهِدْنَا مَهْلِكَ أَهْلِهِ وَإِنَّا لَصَادِقُونَ ﴿٤٩﴾

၂၇ : ၄၉ ။ ။ ၎င်းတို့က (အို၊ အချင်းတို့) 'ငါတို့သည် ဆွာလိဟ်အားလည်းကောင်း၊ ထိုဆွာလိဟ်နှင့် ပတ်သက်သော သူတို့အားလည်းကောင်း၊ ညဉ့်အချိန်၌ သွားရောက်သတ်ဖြတ်ရန် ကျိန်ဆိုခဲ့ကြလေသည်။ ပြီးနောက် ထိုဆွာလိဟ်၏ အမွေစား အမွေခံတို့အား ၎င်းနှင့် ပတ်သက်သော သူများ အသတ်ခံကြရသော အခြေအနေ (အချိန်တွင်) ကျွန်ုပ်တို့ တွေ့မြင်ခဲ့ကြသည်မဟုတ်ပေ။ ထို့ပြင် စေကန်မလွဲ ကျွန်ုပ်တို့သည် သစ္စာဝါဒီများပင် ဖြစ်ကြသည်ဟု ပြောဆိုကြမည့်အကြောင်း၊ အလ္လာဟ်အသျှင်မြတ်အား တိုင်တည်၍ အချင်းချင်း ပြောဆိုကတိပြုကြလော့' ဟု ပြောဆိုခဲ့ကြလေ၏။

وَمَكَرُوا مَكْرًا وَمَكَرْنَا مَكْرًا وَهُمْ لَا يَشْعُرُونَ ﴿٥٠﴾

၂၇ : ၅၀ ။ ။ စင်စစ် ၎င်းတို့သည် အကြံအစည်တစ်ခုကို လျှို့ဝှက်ကြံစည်ခဲ့ကြကုန်၏။ ထိုနည်းတူစွာ ငါအသျှင်မြတ်သည်လည်း အကြံအစည်တစ်ခုကို လျှို့ဝှက်ကြံစည်တော်မူခဲ့၏။ စင်စစ် ၎င်းတို့သည် (ငါအသျှင်မြတ်၏ အကြံအစည်ကို) မသိကြပေ။

فَانظُرْ كَيْفَ كَانَ عَاقِبَةُ مَكْرِهِمْ أَنَّا دَمَّرْنَاهُمْ وَقَوْمَهُمْ أَجْمَعِينَ ﴿٥١﴾

၂၇ : ၅၁ ။ ။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် ၎င်းတို့ (လျှို့ဝှက်) အကြံအစည်၏ နောက်ဆုံးအကျိုးသည် မည်သို့မည်ပုံ ဖြစ်ပျက်ခဲ့သည်ကို ရှုပါလေ။ စေကန်မုချ ငါအသျှင်မြတ်သည် ထိုသူတို့အားလည်းကောင်း၊ ထိုသူတို့၏ အမျိုးသားတို့အားလည်းကောင်း အားလုံးကိုပင် ဖျက်ဆီးတော်မူခဲ့ပေသည်။

فَتِلْكَ بُيُوتُهُمْ خَاوِيَةًۢ بِمَا ظَلَمُوٓا۟ ۗ إِنَّ فِى ذَٰلِكَ لَءَايَةً لِّقَوْمٍ يَعْلَمُونَ ﴿٥٢﴾

၂၇ : ၅၂ ။ ။ ဤသည် ၄င်းတို့၏ သွေဖည်မှုကြောင့် ပျက်စီးလျက်ရှိကြသော ၄င်းတို့၏ နေအိမ်များပင် (ဖြစ်၏။) ကေန်မလွဲ ဤသည့် (ဖြစ်ရပ်) ၌ သိနားလည်ကြကုန်သော သူတို့အဖို့ (ကြီးကျယ်စွာသော) သက်သေလက္ခဏာသည် ရှိပေသည်။

وَأَنجَيْنَا ٱلَّذِينَ ءَامَنُوا۟ وَكَانُوا۟ يَتَّقُونَ ﴿٥٣﴾

၂၇ : ၅၃ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် အီမာန်သက်ဝင် ယုံကြည်ပြီး (ဒုစရိုက်များမှ) ရှောင်ကြဉ်ကြကုန်သော သူတို့အား ကယ်ဆယ်တော်မူခဲ့ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် ကေန်မလွဲ ငါအသျှင်မြတ်သည် စမူးဒ်အမျိုးသားတို့ထံ ၄င်းတို့၏ နောင်တော် စွာလိဟ်အား အသင်တို့သည် (ရှရစ်က်တုဖက်နိုင်းယှဉ်ခြင်းကို စွန့်လွှတ်၍) အလ္လာဟ်အသျှင်မြတ်အား ဆည်းကပ်ကိုးကွယ်ကြရမည် (ဟူသော အမိန့်တော်နှင့်တကွ နဗီအဖြစ်) စေလွှတ်တော်မူခဲ့၏။ (အားလုံးသောသူများသည် အီမာန် ယူသင့်ပေသည်။ သို့ရာတွင် မျှော်လင့်ချက်နှင့် ဆန့်ကျင်စွာ) ထိုအခါ စမူးဒ်အမျိုးသားတို့သည် (သာသနာရေးရာနှင့် စပ်လျဉ်း၍) ရုတ်တရက် ၄င်းတို့မှာ အချင်းချင်း ပဋိပက္ခ ခိုက်ရန်ဖြစ်ပွားကြသော အုပ်စုနှစ်စု ဖြစ်သွားခဲ့ကြကုန်၏။ (ဆိုလိုသည်မှာ အဖွဲ့တစ်ဖွဲ့သည် အီမာန်ကို ရယူကြ၍ အခြားတစ်ဖွဲ့မှာ အီမာန်ကို မရယူကြပေ။ ၄င်းတို့အတွင်း အချင်းချင်း မသင့်မြတ်ဖြစ်၍ ပြောဆိုသော အချက်အလက် အချို့ကို 'စူရာဟ်အအ်ရားဖ်' အတွင်း၌ တင်ပြထားပေသည်။

قَالَ ٱلْمَلَأُ ٱلَّذِينَ ٱسْتَكْبَرُوا۟ مِن قَوْمِهِۦ لِلَّذِينَ ٱسْتُضْعِفُوا۟

ထိုအခါ ၄င်းနဗီတမန်တော်စွာလိဟ်၏ အမျိုးသားတို့အနက် မာန်မာန ထောင်လွှားကြကုန်သော အကြီးအကဲတို့သည်။ *[၇ : ၇၅]*

၄င်းတို့ထဲမှ အချို့သူတို့အကြောင်း ရှေ့၌ တင်ပြထားပေသည်။

قَالُوا ٱطَّيَّرْنَا بِكَ

(၄င်းအမျိုးသားတို့က 'အို၊ စွာလိဟ်၊ ကျွန်ုပ်တို့သည် အသင်နှင့်တကွ အသင်၏ အပေါင်းအဖော်တို့အား မင်္ဂလာကင်းမဲ့ကြသူများ' ဟူ၍ ယူဆသည်ဟု ပြောဆိုကြကုန်၏။ *[၂၇ : ၄၇]*

၄င်းတို့သည် မိမိတို့၏ ကုဖွရ် (သွေဖည်ငြင်းဆိုမှု) အပေါ် ဖွတ်အသွင်ဖြင့် တည်ရှိနေပါမှ စွာလိဟ် နဗီသည် နဗီတမန်တော်များ၏ ဓလေ့နှင့် လျော်ညီစွာ ၄င်းတို့အား အလ္လာဟ်အသျှင်မြတ်၏ 'အဇာဗ်' (ပြစ်ဒဏ်တော်) အား ခြိမ်းခြောက်တော်မူပေသည်။ ပမာဆိုရသော် 'စူရာဟ်အအ်ရားဖ်' ၌ မိန့်မြွက်ထား ပေသည်။

فَيَا خُذَ كُمْ عَذَابٌ اَلِيْمٌ

သို့မဟုတ်လျှင် ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည် အသင်တို့အား ဖမ်းဆီးကွပ်မျက်ပေပေလိမ့်မည်။ [၇:၇၃]

သို့ရှိရာ ၎င်းတို့က 'ယူလာကြကုန်။ ထိုပြစ်ဒဏ်သည် မည်သည့်နေရာ၌နည်း' ဟူ၍ ပြောဆိုကြကုန်၏။ ပမာဆိုရသော် စူရာဟ်အအ်ရားဖ်၌ လာရှိထားပေသည်။

قَالُوْيَا صَالِحُ ائْتِنَا بِمَا تَعِدُ نَا اِنْ كُنْتَ مِنَّ الْمُرْسَلِيْنَ

ထို့ပြင် ၎င်းတို့က 'အို၊ စွာလိဟ်၊ အသင်သည် အကယ်စင်စစ် ရစူလ်တမန်တော်တို့တွင် တစ်ပါးအပါအဝင်ဖြစ်ခဲ့လျှင် အသင်သည် ကျွန်ုပ်တို့အား ခြိမ်းခြောက်လေ့ရှိသော အရာ (ပြစ်ဒဏ်) ကို ကျွန်ုပ်တို့ထံ ယူခဲ့ပါလေ' ဟူ၍လည်း ပြောဆိုခဲ့ကြသည်။ [၇:၇၇]

ယင်းသို့ ပြောကြားသည့်အပေါ် ထိုစွာလိဟ်က 'အို၊ ငါ၏ အမျိုးသားအပေါင်းတို့အား အသင်တို့သည် အဘယ်ကြောင့် ကရုဏာတော် ('သောင်ဗာဟ်' အမှားဝန်ခံခြင်းနှင့် အီမာန်) ထက် ပြစ်ဒဏ်ကို အလျင် လိုလားကြသနည်း။ (ပြစ်ဒဏ်တော်၏ ခြိမ်းခြောက်ချက်ကို ကြားနာကာ အီမာန်ယူသင့်ပေသည်။ ယခုမူ အီမာန်မရယူရုံသာမက ပြောင်းပြန် အပြစ်ဒဏ်တော်ကို တောင်းခံနေပေသည်။ အလွန်အတင့်ရဲခြင်းပင် ဖြစ်သည်။ ပြစ်ဒဏ်ကို အလျင်စလို တောင်းခံရမည့်အစား) အဘယ်ကြောင့် အလ္လာဟ်အသျှင်မြတ်ထံတော်၌ (ကုဖွ်ရ်သွေဖည်ငြင်းဆိုမှုမှ) လွတ်ငြိမ်းချမ်းသာခွင့်ကို တောင်းခံခြင်း မပြုကြသနည်း' ဟု ပြောကြားခဲ့လေ၏။ (ဆိုလိုသည်မှာ 'အဇာဗ်' အပြစ်ဒဏ်မှ ကင်းလွတ်ရန်ဖြစ်သည်။)

၎င်းအမျိုးသားတို့က (အို၊ စွာလိဟ်) 'ကျွန်ုပ်တို့သည် အသင်နှင့်တကွ အသင်၏ အပေါင်းအဖော်တို့အား မင်္ဂလာကင်းမဲ့ကြသူများ' ဟူ၍ (ယူဆသည်ဟု) ပြောဆိုခဲ့ကြကုန်၏။ (အသင်သည် မိမိ၏ သာသနာကို တီထွင်ကာ အဖွဲ့ဂိုဏ်းဂဏတစ်ရပ် ဖွဲ့စည်းလိုက်သည်နှင့် မျိုးနွယ်အုပ်စုအတွင်း၌ မသင့်မြတ်မှုသည် ပေါ်ပေါက်လာပေသည်။ မသင့်မြတ်မှု၏ ပျက်စီးဆုံးရှုံးမှုများအားလုံးသည် အဆုံးထိတိုင် ရောက်ရှိနေပေသည်။ သို့ရှိရာ ထိုအချက်များအားလုံး၏ အရင်းခံသည် အသင်တို့သာလျှင် ဖြစ်သည်။ ထိုအခါ) ၎င်း (စွာလိဟ်) က (တုန့်ပြန်ဖြေကြားရာ၌ အချင်းတို့) 'အသင်တို့၏ (ထို) အမင်္ဂလာ (၏ အကြောင်းခံ) အကြောင်းရင်းသည် အလ္လာဟ်အသျှင်မြတ်ထံတော်၌သာ ရှိပေသည်။ (အသင်တို့ ကုဖွ်ရ်ပြု သွေဖည်ငြင်းဆိုသော လုပ်ရပ်ကို အလ္လာဟ်အသျှင်မြတ်သည် သိရှိတော်မူပေသည်။ ဤပျက်စီးမှုများသည် ယင်းအပြုအမူများ၏ အကျိုးဆက်တရားသာ ဖြစ်ပေသည်။ သို့ရှိရာ 'မသင့်မြတ်ခြင်း' သည် အမှန်တရားနှင့် ဆန့်ကျင်ဘက်ပြုခြင်းကြောင့် ပြစ်တင်ဖွယ်ဖြစ်ရာ ယင်းအချက်ကို အီမာန်ရှင်များအပေါ် စွဲချက်တင်၍ မရရှိပေ။ သို့သာမက ကုဖွ်ရ်ပြုသောသူတို့အပေါ်၌သာ စွဲချက်တင်ရပေမည်။ အချို့သော အကျယ်ချဲ့ဖွင့်ဆိုသော ကျမ်းများ၌ ၎င်းတို့အပေါ် မိုးခေါင်ရေရှား ကပ်ဆိုက်ခဲ့ပေသည်။ 'အသင်တို့ ကုဖွ်ရ်ပြု သွေဖည်ငြင်းဆိုခြင်း

၏ ဆိုးကျိုးသည် ယင်းသို့ ပျက်စီးဆုံးရှုံးနေရခြင်း၏ အဆင့်ထိတိုင် အဆုံးသတ်နေမည် မဟုတ်ပေ။) ထိုသို့ အလျဉ်းမဟုတ်။ စင်စစ်မှာမူ အသင်တို့သည် (ကုဖ္ဖရ်သွေဖည်ငြင်းဆိုခြင်း၏ အကြောင်းခံကြောင့်) စမ်းသပ်ခြင်းကို ခံကြရမည်ဖြစ်သော အမျိုးသားများပင် ဖြစ်ကြသည်'ဟု ပြောကြားခဲ့လေ၏။

ထို့ပြင် (ရှုထောင့်တစ်ဘက်မှ ကြည့်မူ ထိုမြို့၊ ရွာ၊ မျိုးနွယ်အတွင်း၌ ကာဖိရ်များစွာ ရှိပေသည်။ သို့ရာတွင် အကြီးအကဲခေါင်းဆောင်) မြို့တွင်း၌ (ဟစ်ဂျ်ရီဟူသော အရပ်ဒေသ၌ မြို့တွင်းမှ မြို့ပြင်ထိတိုင်) ကိုးယောက်ရှိခဲ့ရာ ၎င်းတို့သည် တိုင်းပြည်ကို (စည်ကားသာယာအောင်) အနည်းငယ်မျှပင် ပြုပြင်ကြခြင်းမရှိဘဲ ပျက်စီးမှုကိုသာ ပြုလုပ်လျက်ရှိကြကုန်၏။ (အချို့ဖျက်ဆီးသူတို့သည် ဖျက်ဆီးမှုတစ်စုံတစ်ရာကို ပြု၍ ပြုပြင်မှုကိုလည်း တစ်စုံတစ်ရာ ပြုကြပေသည်။ ထိုသူတို့သည် ဤသို့မဟုတ် ဖျက်ဆီးမှုကိုသာ ပြုလုပ်ကြသည်။ သို့ရှိရာ တစ်ကြိမ်တစ်ခါ၌ ဤသို့ ဖျက်ဆီးမှုကို ပြုကြပေသည်။)

၎င်းတို့က (တစ်ဦးကို တစ်ဦးက အို၊ အချင်းတို့) 'ငါတို့သည် ဇွာလိဟ်အားလည်းကောင်း၊ ထိုဇွာလိဟ်နှင့် ပတ်သက်သောသူတို့ (မုအ်မင်န်) အားလည်းကောင်း၊ ညဉ့်အချိန်၌ သွားရောက်သတ်ဖြတ်ရန် (ဟူသော အချက်အပေါ် အားလုံး) ကျိန်ဆိုခဲ့ကြလေသည်။ ထို့နောက် (စုံစမ်းဖော်ထုတ်ခြင်း၏ ကိန်းဆိုက်ရောက်လာပါမူ) ထိုဇွာလိဟ်၏ (သွေးကြွေးကို လိုလားနေသော) အမွေစား၊ အမွေခံတို့အား (၎င်းကိုယ်တိုင်နှင့်) ၎င်းနှင့် ပတ်သက်သောသူများ အသတ်ခံကြရသော အခြေအနေ၊ အချိန်တွင် သတ်သည်ကို မဆိုထားဘိဦး) ကျွန်ုပ်တို့ တွေ့မြင်ခဲ့ကြသည်မဟုတ်ပေ။ ထို့ပြင် (လေးနက်စေရန်အတွက် ဤသို့လည်း ပြောဆိုပေသည်။) ဧကန်မလွဲ ကျွန်ုပ်တို့သည် သစ္စာဝါဒီများပင် ဖြစ်ကြသည်ဟု ပြောဆိုကြမည့်အကြောင်း၊ အလ္လာဟ်အသျှင်မြတ်အား တိုင်တည်၍ အချင်းချင်း ပြောဆိုကတိပြုကြလော့' ဟု ပြောဆိုခဲ့ကြလေ၏။ (မျက်မြင်သက်သေသည် တစ်ဦးတစ်ယောက်မျှ မရှိပေ။ သို့ရှိရာ စွဲချက်သည် ပယ်ချခြင်းခံရမည်သာ ဖြစ်ပေသည်။)

စင်စစ် (ဤသို့ ညှိနှိုင်းကာ) ၎င်းတို့သည် အကြံအစည်တစ်ခုကို လျှို့ဝှက်ကြံစည်ခဲ့ကြကုန်၏။ (ညဉ့်အချိန်ပင် ယင်းကိစ္စရပ်အား အကောင်အထည်ဖော်ရန်အတွက် သွားရောက်မည် ဖြစ်ပေသည်။) ထိုနည်းတူစွာ ငါအသျှင်မြတ်သည်လည်း အကြံအစည်တစ်ခုကို လျှို့ဝှက်ကြံစည်တော်မူခဲ့၏။ စင်စစ် ၎င်းတို့သည် (ငါအသျှင်မြတ်၏ အကြံအစည်ကို) မသိကြပေ။ (တောင်ပေါ်မှ ကျောက်တုံးတစ်တုံးကို ၎င်းတို့အပေါ် လှိမ့်ချလိုက်မည် ဖြစ်သည်။ ထိုသူတို့အားလုံးသည် ယင်းနေရာ၌မှာပင် သေဆုံးသွားကြမည် ဖြစ်ပေသည်။

[ဒုရ်ရေမန်ဆူးရ်]

သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် ၎င်းတို့ (လျှို့ဝှက်) အကြံအစည်၏ နောက်ဆုံးအကျိုးသည် မည်သို့မည်ပုံ ဖြစ်ပျက်ခဲ့သည်ကို ရှုပါလေ။ ဧကန်မုချ ငါအသျှင်မြတ်သည် ထိုသူတို့အားလည်းကောင်း၊ (အထက်တင်ပြပါနည်းဖြင့်) ထိုသူတို့၏ (ကျန်ရှိသော) အမျိုးသားတို့အားလည်းကောင်း (မိုးကောင်းကင်ကျ ပြစ်ဒဏ်တော်ဖြင့်) အားလုံးကိုပင် ဖျက်ဆီးတော်မူခဲ့ပေသည်။ (အကြင်ပြစ်ဒဏ်၏ ဖြစ်အင်ကို အခြားသော အာယသ်တော်များအတွင်း၌ တင်ပြထားပေသည်။

فَاَخَذَتۡهُمُ الرَّجۡفَةُ

သို့ဖြစ်ပေရာ စိတ်နှလုံး တုန်လှုပ်ချောက်ချားသော မြေငလျင်သည် ၎င်းတို့အား ဖမ်းဆီးကွပ်မျက်ခဲ့လေသည်။ *[၇ ႏ ၇၈]*

وَاَخَذَ الَّذِيۡنَ ظَلَمُوا الصَّيۡحَةُ

သို့ရာတွင် မတရားပြုမူခဲ့ကြကုန်သော သူတို့ကိုမူ ပြင်းထန်ကျယ်လောင်သော အသံတစ်ခုသည် ဖမ်းဆီးခဲ့သည်။ *[၁၁ ႏ ၉၄]*

ဤသည် ၎င်းတို့၏ သွေဖည်မှုကြောင့် ပျက်စီးလျက်ရှိကြသော ၎င်းတို့၏ နေအိမ်များပင် (ဖြစ်၏။ အကြင်နေရာ၊ အိမ်များကို မက္ကာဟ်မြို့သားတို့သည် ဆီးရီးယားနိုင်ငံသို့ သွားသော ခရီးစဉ်၌ တွေ့မြင်ခဲ့ပေသည်။) ကေန်မလွဲ ဤသည်၌ (ဖြစ်ရပ်) ၌ သိနားလည်ကြကုန်သော သူတို့အဖို့ (ကြီးကျယ်စွာသော) သက်သေလက္ခဏာသည် ရှိပေသည်။

ထို့ပြင် ငါအသျှင်မြတ်သည် အီမာန်သက်ဝင် ယုံကြည်ပြီး (ဒုစရိုက်များမှ) ရှောင်ကြဉ်ကြကုန်သော သူတို့အား (ညှိနှိုင်းတိုင်ပင်ထားသော သတ်ဖြတ်မှုနှင့် အလ္လာဟ်အသျှင်မြတ်၏ အမျက်တော်မှလည်း) ကယ်ဆယ်တော်မူခဲ့ပေသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

تِسۡعَةُ رَهۡطٍ (ယောက်ျားကိုးယောက်) ဟူသော အာယသ်တော်တွင် 'ရဟ်သွှုန်'သည် အသင်းအဖွဲ့အစည်းကို ခေါ်ဆိုပေသည်။ ဤနေရာ၌ ကိုးယောက်ထဲမှ တစ်ဦးချင်းစီကို 'ရဟ်သွှုန်'ဟူသော စကားလုံးဖြင့် သုံးနှုန်းဖော်ဆောင်ထားခြင်းမှာ 'ဤသူတို့သည် မိမိတို့၏ ဥစ္စာအင်အား၊ နေအင်အားနှင့် ရာထူးအကြီးအကဲဖြစ်ခြင်း၏ အင်အားများကြောင့် မျိုးနွယ်အုပ်စု၏ အကြီးအကဲများအဖြစ် လက်ခံခြင်းခံထားရပေသည်။ တစ်ဦးချင်းစီနှင့်အတူ သီးသန့်အဖွဲ့အစည်း ဂိုဏ်းဃဏများ ရှိပေသည်။ ထို့ကြောင့် ကိုးယောက်ကို အသင်းကိုးဖွဲ့ဟူ၍ ရည်ညွှန်းမိန့်ဆိုထားဟန် တူပေသည်။ ဤသူတို့သည် ဟဇရသ်စွာလိဟ်၏ အမျိုးသားတို့၏ ဟိဂျ်ရ်ဟူသော အရပ်ဒေသ၌ အကြီးအကဲများဟူ၍ ယုံကြည် လက်ခံထားကြပေသည်။ 'ဟိဂျ်ရ်' ဟူသော အရပ်ဒေသသည် ဆီးရီးယားနိုင်ငံ၌ ထင်ရှားသော အရပ်ဒေသတစ်ခု ဖြစ်သည်။

لَنُبَيِّتَنَّهٗ وَاَهۡلَهٗ ثُمَّ لَنَقُوۡلَنَّ لِوَلِيِّهٖ مَا شَهِدۡنَا مَهۡلِكَ اَهۡلِهٖ وَاِنَّا لَصٰدِقُوۡنَ

ငါတို့သည် စွာလိဟ်အားလည်းကောင်း၊ ထိုစွာလိဟ်နှင့် ပတ်သက်သော သူတို့အားလည်းကောင်း ညဉ့်အချိန်၌ သွားရောက်သတ်ဖြတ်ရန် ကျိန်ဆိုခဲ့ကြလေသည်။ ထို့နောက် ထိုစွာလိဟ်၏ အမွေစား၊ အမွေခံတို့အား ၎င်းနှင့် ပတ်သက်သောသူများ အသတ်ခံကြရသော အခြေအနေအချိန်တွင် ကျွန်ုပ်တို့ တွေ့မြင်ခဲ့ကြသည်မဟုတ်ပေ။ ထို့ပြင် ကေန်မလွဲ ကျွန်ုပ်တို့သည် သစ္စာဝါဒီများပင် ဖြစ်ကြသည်ဟု ပြောဆိုမည်

အကြောင်း၊ အလ္လာဟ်အသျှင်မြတ်အား တိုင်တည်၍ အချင်းချင်းပြောဆို ကတိပြုကြလော့'ဟု ပြောဆိုခဲ့ကြလေ၏။ [၂၇ : ၄၉]

အလိုသဘောမှာ ကျွန်ုပ်တို့အားလုံး ပူးပေါင်း၍ ညဉ့်အမှောင်ထုအချိန်တွင် ၎င်းနှင့် ၎င်း၏ အပေါင်းအပါတို့ကို သတ်ဖြတ်ဖျက်ဆီးပစ်လိုက်ပေမည်။ တစ်ဖန် ၎င်းတို့ဘက်မှ သွေးကြွေးရယူလိုသော အမွေစားအမွေခံတို့သည် စုံစမ်းရှာဖွေမှုပြုရန် ရောက်ရှိလာချိန်ဝယ် 'ကျွန်ုပ်တို့သည် မည်သူ၊ မည်ဝါကို မသတ်ဖြတ်ခဲ့ပေ။ သတ်ဖြတ်ခြင်းကိုလည်း မတွေ့မြင်ခဲ့ပေ'ဟူ၍ ပြောဆိုလိုက်မည် ဖြစ်သည်။ မိမိတို့၏ ထိုပြောဆိုမှုသည် 'ညဉ့်အချိန်၌ မည်သူသည် မည်သူ့ကို သတ်ဖြတ်ခဲ့ခြင်းကို မသိရှိခြင်း သတ်မှတ်ခြင်းမရပေ'ဟူသော အချက်ကြောင့် မှန်ကန်သော ပြောဆိုမှုပင် ဖြစ်ပေသည်။

အထက်ပါတင်ပြချက်၌ စဉ်းစားတွေးခေါ်ထိုက်သော အချက်တစ်ချက်မှာ ဤသို့ပင် ဖြစ်သည်။ ဤကာဖိရ်များနှင့် ၎င်းတို့ထဲမှ အချို့ဆိုးသွမ်းကာ ပျက်စီးရာပျက်စီးကြောင်းကို ပြုခြင်း၌ ထင်ရှားသောသူများ ရှိပေသည်။ ဤသူတို့သည် ရှရစ်က် (တုဖက်နှိုင်းယှဉ်ခြင်း)၊ ကုဖ္ဖရ် (သွေဖည်ငြင်းဆိုခြင်း) နှင့် သတ်ဖြတ်လုယက်သော အလုပ်များအားလုံး ပြုလုပ်ကြပေသည်။ မည်သည့်သောက တစ်စုံတစ်ရာမျှ မရှိပေ။ သို့ရာတွင် ၎င်းတို့ သောကဖြစ်သော အချက်တစ်ရပ်မှာ 'မိမိတို့အနေဖြင့် မုသားမပြောဆိုရန်နှင့် လူလိမ်များအဖြစ် သတ်မှတ်ခြင်းမခံရစေရန်'ဟူသော အချက်ဖြစ်သည်။ ယင်းအချက်မှ 'မုသား'သည် အဘယ်မျှခန့် ကြီးမားသော ပြစ်မှုဒုစရိုက်ဖြစ်ကြောင်းကို သိရှိရပေသည်။ အကြောင်းမှာ အခြားကြီးမားသော ပြစ်မှုဒုစရိုက်များကို ကျူးလွန်၍လည်း မိမိတို့၏ သိက္ခာစောင့်စည်းရန်အတွက် မုသားပြောဆိုရန် အသင့်မရှိကြပေ။

ဒုတိယ စဉ်းစားတွေးခေါ်ထိုက်သော အချက်မှာ ၎င်းတို့ ဟဇရသ်စွာလိဟ်၏ အမွေစားဟူ၍ သတ်မှတ်ထားသော သူသည် ဟဇရသ်စွာလိဟ်၏ အသင်းအဖွဲ့၌ ပါဝင်သောသူ ဖြစ်ပေသည်။ ၎င်းအား သတ်ဖြတ်ရန် အဘယ်ကြောင့် ရည်ရွယ်ချက်မရှိပေသနည်း။ အဖြေမှာ 'ထိုအမွေစားသည် ဆွေစဉ်မျိုးဆက်ကို ထောက်ရှု၍ အုပ်ထိန်းသူဖြစ်ကာ သို့ရာတွင် ကာဖိရ်ဖြစ်သည့်အတွက်ကြောင့် ကာဖိရ်များနှင့် ရောနှော၍ နေခြင်း ဖြစ်သည်။ စွာလိဟ်သခင်နှင့် ၎င်း၏ အပေါင်းအဖော်များကို သတ်ဖြတ်ပြီးနောက် ၎င်းအုပ်ထိန်းသူ၊ အမွေစားအမွေခံသည် သွေးကြွေးရယူရန် မိမိဆွေမျိုးတော်စပ်ခြင်းအပေါ် မူတည်၍ တောင်းခံမည်' ဖြစ်ကောင်း ဖြစ်နိုင်ပေသည်။ ထို့ပြင် '၎င်းသည် မှတ်စွလင်မ် အကြီးအကဲတစ်ဦးဖြစ်ကာ ၎င်းအား သတ်ဖြတ်လိုက်ခြင်းဖြင့် မိမိတို့၏ မျိုးနွယ်အုပ်စုကြားဝယ် ကစဉ့်ကလျား ဖြစ်ထိုက်ဖွယ်ရှိခြင်းကြောင့် ချန်ထားခြင်းလည်း ဖြစ်ကောင်း ဖြစ်နိုင်ပေသည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူ၏။)

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلُوطًا إِذْ قَالَ لِقَوْمِهِ أَتَأْتُونَ الْفَاحِشَةَ وَأَنتُمْ تُبْصِرُونَ ﴿٥٤﴾

၂၇ : ၅၄ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် လူသ်အား (လည်း နဗီတမန်တော်အဖြစ် စေလွှတ်တော်မူခဲ့၏။) တစ်ရံရောအခါဝယ် ထို (တမန်တော်) လူသ်က မိမိ၏ အမျိုးသားတို့အား (အို, အချင်းတို့) 'အသင်တို့သည် သိမြင်ကြလျက် စက်ဆုပ်ဖွယ်ရာ အမှုကို ကျူးလွန်ကြလေသလော။'

أَئِنَّكُمْ لَتَأْتُونَ الرِّجَالَ شَهْوَةً مِّن دُونِ النِّسَاءِ ۚ بَلْ أَنتُمْ قَوْمٌ تَجْهَلُونَ ﴿٥٥﴾

၂၇ : ၅၅ ။ ။ 'အသင်တို့သည် မိန်းမတို့အား စွန့်၍ ယောကျ်ားများထံ ကာမဂုဏ်ခံစားရန် လာကြလေကုန်သလော။ စင်စစ်မှာ အသင်တို့သည် မိုက်မဲသော အမျိုးသားများပင် ဖြစ်ကြကုန်၏' ဟု ပြောကြားခဲ့လေသည်။

فَمَا كَانَ جَوَابَ قَوْمِهِ إِلَّا أَن قَالُوا أَخْرِجُوا آلَ لُوطٍ مِّن قَرْيَتِكُمْ ۖ إِنَّهُمْ أُنَاسٌ يَتَطَهَّرُونَ ﴿٥٦﴾

၂၇ : ၅၆ ။ ။ ထိုအခါ ၎င်း (နဗီတမန်တော်) လူသ်၏ အမျိုးသားတို့က (မိမိတို့အချင်းချင်း) ပြောဆိုကြသည်မှာ 'အသင်တို့သည် လူသ်နှင့်တကွ ၎င်းနှင့် ပတ်သက်သော သူတို့အား မိမိတို့၏ မြို့ရွာမှ နှင်ထုတ်ကြလေကုန်။ ဧကန်မလွဲ ၎င်းတို့သည် သန့်ရှင်းဟန်ဆောင်သူများပင် ဖြစ်ကြသည်' ဟု ပြောဆိုခဲ့ကြသည်မှအပ ၎င်းတို့၌ အခြားအဖြေပေးရန် မရှိခဲ့ပေ။

فَأَنجَيْنَاهُ وَأَهْلَهُ إِلَّا امْرَأَتَهُ قَدَّرْنَاهَا مِنَ الْغَابِرِينَ ﴿٥٧﴾

၂၇ : ၅၇ ။ ။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ထို (တမန်တော်) လူးသ်နှင့်တကွ ၎င်းနှင့် ပတ်သက်သော သူတို့အား ကယ်ဆယ်တော်မူခဲ့၏။ သို့ရာတွင် ထို (တမန်တော်) လူသ်၏ ဇနီးမှာမူ ငါအသျှင်မြတ်သည် ၎င်းအား ကျန်ရစ်သူတို့တွင် (ပါဝင်စေရန်) သတ်မှတ်တော်မူခဲ့၏။

وَأَمْطَرْنَا عَلَيْهِم مَّطَرًا ۖ فَسَاءَ مَطَرُ الْمُنذَرِينَ ﴿٥٨﴾

၂၇ : ၅၈ ။ ။ ၎င်းပြင် ငါအသျှင်မြတသ်သည် ၎င်းတို့အပေါ်၌ မိုးတစ်မျိုးကို ရွာသွန်းစေတော်မူခဲ့၏။ စင်စစ် သတိပေးနိုးဆော်ခြင်းခံခဲ့ကြရသော သူတို့အပေါ်၌ ရွာသွန်းခြင်း ခံခဲ့ရသည့် (ထို) မိုးသည် အလွန် ဆိုးရွားလှပေသည်။

قُلِ الْحَمْدُ لِلَّهِ وَسَلَامٌ عَلَىٰ عِبَادِهِ الَّذِينَ اصْطَفَىٰ ۗ آللَّهُ خَيْرٌ أَمَّا يُشْرِكُونَ ﴿٥٩﴾

၂၇ : ၅၉ ။ ။ (အို, နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ 'ချီးမွမ်းထောမနာအပေါင်းတို့ကို အလ္လာဟ်အသျှင်မြတ်သည်သာလျှင် ခံယူထိုက်တော်မူ၏။ ၎င်းပြင် ငြိမ်းချမ်းသာယာမှုသည် ထိုအသျှင်မြတ် ရွေးချယ်တော်မူသော ကျွန်များအပေါ်သို့ သက်ရောက်ပါစေ။ (၎င်းပြင်) အလ္လာဟ်အသျှင်မြတ်သည် မြင့်မြတ်တော်မူပါသလော။ သို့တည်းမဟုတ် ၎င်းတို့ (ထိုအသျှင်မြတ်နှင့်) တွဲဖက် နှိုင်းယှဉ် ကိုးကွယ်ကြသော အရာများပင် (သာ၍) မြင့်မြတ်ကြလေသလော' (ဟု မေးမြန်းပါလေ။)

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် ငါအသျှင်မြတ်သည် လူးသ်အား (လည်း နဗီတမန်တော်အဖြစ် စေလွှတ်တော်မူခဲ့၏။) တစ်ရံရောအခါ၀ယ် ထို (တမန်တော်) လူးသ်က မိမိ၏ အမျိုးသားတို့အား (အို၊ အချင်းတို့) အသင်တို့သည် သိမြင်ကြလျက် စက်ဆုပ်ဖွယ်ရာ အမှုကို ကျူးလွန်ကြလေသလော။ (ထိုအချက်၏ မကောင်းမှုကို မသိမြင်ကြလေသလော။ ရှေ့၌ ယင်းအချက်၏ မကောင်းမှုကို တင်ပြထားပေသည်။)

အသင်တို့သည် မိန်းမတို့အား စွန့်၍ ယောကျ်ားများထံ ကာမဂုဏ်ခံစားရန် လာကြလေသလော။ (ယင်းသို့ ပြုမှုရန် အကြောင်း တစ်စုံတစ်ရာမျှ မရှိနိုင်ပေ။) စင်စစ်မှာ (ထိုအမှုကိစ္စ၌) အသင်တို့သည် မိုက်မဲသော အမျိုးသားများ (ချည်း) ပင် ဖြစ်ကြကုန်၏ဟု ပြောကြားခဲ့လေသည်။

ထိုအခါ (ယင်းပြောကြားချက်နှင့် စပ်လျဉ်း၍) ၎င်း (နဗီ တမန်တော်) လူးသ်၏ အမျိုးသားတို့က (မိမိတို့အချင်းချင်း) ပြောဆိုကြသည်မှာ 'အသင်တို့သည် လူးသ် နှင့်တကွ ၎င်းနှင့်ပတ်သက်သော (မုအ်မင်န်) တို့အား မိမိတို့၏ မြို့ရွာမှ နှင်ထုတ်ကြလေကုန်။ (အဘယ်ကြောင့်ဆိုသော်) ကေန်မလွဲ ၎င်းတို့သည် သန့်ရှင်းဟန်ဆောင်သူများပင် ဖြစ်ကြသည်'ဟု ပြောဆိုခဲ့ကြသည်မှအပ ၎င်းတို့၌ အခြား (အဓိပ္ပာယ်ရှိသော) အဖြေပေးရန် မရှိခဲ့ပေ။

သို့ဖြစ်ပေရာ (၎င်းတို့၏ အခြေအနေသည် ဤအဆင့်ထိတိုင် ရောက်ရှိလာသောအခါ) ငါအသျှင်မြတ်သည် (၎င်းတို့အပေါ်၌ ပြစ်ဒဏ်ကို ချပေးတော်မူခဲ့၏။) ထို (တမန်တော်) လူးသ်နှင့်တကွ ၎င်းနှင့်ပတ်သက်သော သူတို့အား (ပြစ်ဒဏ်တော်မှ) ကယ်ဆယ်တော်မူခဲ့၏။ သို့ရာတွင် ထို (တမန်တော်) လူးသ်၏ ဇနီးမှာမူ (အီမာန်မရယူထားသည့်အတွက်ကြောင့်) ငါအသျှင်မြတ်သည် ၎င်းအား ကျန်ရစ်သူတို့တွင် (ပါ၀င်စေရန်) သတ်မှတ်တော်မူခဲ့၏။

(၎င်းတို့အပေါ် ချပေးတော်မူသော ပြစ်ဒဏ်မှာ) ၎င်းအပြင် ငါအသျှင်မြတ်သည် ၎င်းတို့အပေါ် (သစ်လွင်သော ကျောက်ခဲ) မိုးတစ်မျိုးကို ရွာသွန်းစေတော်မူခဲ့၏။ စင်စစ် (၎င်းတို့ ဂရုမမူခဲ့ကြသော) သတိပေးနှိုးဆော်ခြင်း ခံခဲ့ကြရသော သူတို့အပေါ်၌ ရွာသွန်းခြင်းခံခဲ့ရသည့် (ထို) မိုးသည် အလွန်ဆိုးရွားလှပေသည်။

(အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ 'ချီးမွမ်းထောပနာအပေါင်းကို အလ္လာဟ်အသျှင်မြတ်သည်သာလျှင် ခံယူထိုက်တော်မူ၏။ ၎င်းပြင် ငြိမ်းချမ်းသာယာမှုသည် ထိုအသျှင်မြတ် ရွေးချယ်တော်မူသော ကျွန်များအပေါ်သို့ သက်ရောက်ပါစေ။ (၎င်းပြင်) အလ္လာဟ်အသျှင်မြတ်သည် မြင့်မြတ်တော်မူပါသလော။ သို့တည်းမဟုတ် ၎င်းတို့ (ထိုအသျှင်မြတ်နှင့်) တွဲဖက်နှိုင်းယှဉ်ကိုးကွယ်ကြသော အရာများပင် (သာ၍) မြင့်မြတ်ကြလေသလော (ဟု မေးမြန်းပါလေ။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ယင်းဖြစ်အင်နှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်၏ နေရာများစွာ အထူးသဖြင့် 'စူရာဟ် အအ်ရားဖ်' ၌ အရေးကြီးသော အကြောင်းအရာများကို တင်ပြခဲ့ပြီးဖြစ်သည်။ ထိုနေရာ၌ ကြည့်ရှုကြကုန်။

قُلِ الْحَمْدُ لِلَّهِ

အို, နဗီတမန်တော်၊ အသင်သည် ပြောကြားပါလေ။ ချီးမွမ်းထောပနာအပေါင်းတို့ကို အလ္လာဟ် အသျှင်မြတ်သည်သာလျှင် ခံယူထိုက်တော်မူ၏။ *[၂၇ : ၅၉]*

အတိတ်ခေတ် နဗီတမန်တော်များနှင့် ၎င်းတို့၏ မျိုးနွယ်အုပ်စုများ၏ အခြေအနေများနှင့် ၎င်းတို့၏ အပေါ် ကျရောက်ခဲ့သော ပြစ်ဒဏ်များ၏ ဖြစ်အင်များကို တင်ပြပြီးနောက် ဤဝါကျတော်ကို တမန်တော်မြတ် ﷺ အား မိန့်မြွက်ထားပေသည်။ 'အသင်၏ အွမ္မသ် (နောက်လိုက်ထု) ကို ကမ္ဘာလောက၏ ခြုံငုံ ကျယ်ဝန်းစွာသော ပြစ်ဒဏ်တော်မှ လွတ်ကင်းမှု ပေးထားကြောင်း' ကို အသင်သည် ကျေးဇူးတင်ရပေမည်။ ထို့နောက် အတိတ်ခေတ် နဗီတမန်တော်များနှင့် အလ္လာဟ်အသျှင်မြတ် ရွေးချယ်ထားတော်မူသော ကျေးကျွန်များအပေါ် ငြိမ်းချမ်းသာယာမှု စလာမ်မေတ္တာကို ပို့သရန်ဖြစ်သည်။ နှောင်းပိုင်ခေတ်ရှိ အဖွင့်ပညာရှင် အများစုသည် ယင်းအဆိုကို ရွေးချယ်ထားပေသည်။

အချို့သော ပညာရှင်များသည် 'ယင်းမိန့်မြွက်ချက်ကို ဟဇရသ်လူးသ် عليه السلام အား ရည်ညွှန်း မိန့်ဆိုတော်မူခြင်း ဖြစ်သည်' ဟု ဆိုထားကြပေသည်။ ထိုအာယသ်တော်အတွင်း ပါရှိသည့် الَّذِينَ اصْطَفَى (ရွေးချယ်တော်မူသော) ဟူသော စကားလုံးတော်တို့မှ 'နဗီတမန်တော်များဖြစ်ကြောင်း ထင်ရှားလှပေသည်။ ပမာဆိုရသော် အခြားသော အာယသ်တော်တစ်ပုဒ်၌

وَسَلَامٌ عَلَى الْمُرْسَلِينَ

၎င်းပြင် ချမ်းမြေ့သာယာမှုသည် ရစူလ်တမန်တော်တို့အပေါ်ဝယ် ကျရောက်ပါစေ။ *[၃၇ : ၁၈၁]*

ဟူ၍ လာရှိထားပေသည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် رضي الله عنهما သခင်ကြီး၏ ဆင့်ပြန်ချက်တစ်ရပ်မှ 'တမန်တော်မြတ် ﷺ ၏ ဆွဟာဗာကြီးများ' ဖြစ်ကြောင်းဟူ၍ လာရှိထားပေသည်။ စုဖ်ယာန်စောင်ရီးသခင်ကြီးသည် ယင်းအဆိုကို ရွေးချယ်ထားပေသည်။

အကယ်၍ الَّذِينَ اصْطَفَى (ရွေးချယ်တော်မူသော) ဟူသည့် အာယသ်တော်၏ အလိုသဘောကို ဟဇရသ်အိဗ်နေအဗ္ဗားစ် رضي الله عنهما သခင်ကြီး၏ ဆင့်ပြန်ချက်၌ ပါရှိသည့်အတိုင်း ဆွဟာဗာများဟူ၍ အလိုသဘော ကောက်ယူမည်ဆိုပါက ထိုအာယသ်တော်မှ နဗီမဟုတ်သောသူများအပေါ် စလာမ်မေတ္တာ ပို့သရန်အတွက်

ၼင်းတို့အဖို့ (အလိုက်ဟစ်စလာမ်) ပြောပိုင်ကြောင်း အတည်ပြုရရှိပေသည်။ ထိုဓမ္မသတ်နှင့် စပ်လျဉ်းသော ပြည့်စုံသည့် အခြေအတင် ဆွေးနွေးချက်ကို 'စူရာဟ်အအ်ဇာဗ်'ရှိ صَلُّوا عَلَيْهِ وَسَلِّمُوا ၏ အကျယ်ချဲ့ဖွင့်ဆိုချက်၌ လာရှိပေမည်။ **(အင်နှ်ရှာအလ္လာဟ်)**

ဓမ္မသတ် ။ ။ ဤအာယသ်တော်မှ 'ခွသ်ဗာဟ်'မြွက်ကြားခြင်း၏ ယဉ်ကျေးမှုနည်းစနစ်တို့ကို အတည်ပြုထားပေသည်။ 'ခွသ်ဗာဟ်' (မိန့်ခွန်းမြွက်ကြားခြင်း) ကို အလ္လာဟ်အသျှင်မြတ်အား ချီးမွမ်းထောပနာပြုခြင်းနှင့် နဗီတမန်တော်များအပေါ် ငြိမ်းချမ်းမှု စလာမ်ပို့သခြင်းနှင့် အစပြုရပေမည်။ တမန်တော်မြတ် ﷺ နှင့် ဆွဟာဗာကြီးများ၏ 'ခွသ်ဗာဟ်' မိန့်ခွန်းခြွေခြင်း အားလုံး၌ ဤလုပ်ရိုးလုပ်စဉ်သည် တည်ရှိခဲ့သည်။ သို့သာမက အရေးကြီးသော အလုပ်တိုင်း၏ အစ၌ အလ္လာဟ်အသျှင်မြတ်အား ချီးမွမ်းထောပနာပြုခြင်းနှင့် တမန်တော်မြတ် ﷺ အပေါ် 'ဒရူးဒ်'မေတ္တာပို့သခြင်းသည် 'စွန္နသ်'၊ 'မွတ်စ်သဟဗ်'ဖြစ်ပေသည်။

[ရှုးဟ်]

အလ္လာဟ်အသျှင်မြတ်၏ 'သောင်ဖီးက်' စွမ်းအားဖြင့်

မအာရိဖွလ်ကုရ်အာန် မြန်မာဘာသာပြန် အတွဲ [၁၉]

ဤတွင် ပြီးဆုံးပါပြီ။

فَاسْأَلُوا أَهْلَ الذِّكْرِ إِنْ كُنْتُمْ لَا تَعْلَمُونَ ۝

معارف القرآن

''အသင်တို့ မသိကြပါမူ
တတ်သိသူများအား မေးမြန်း ကြလေကုန်။''